www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်




စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ
ဦးစံတင့်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်
ပါရမီ

နာယကကြီး
ဒေါက်တာ အောင်မိုင်
M.B.B.S (Ygn)
ဒု-ဘ-ဝ (တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A. A.T.C.M
(Wuhan). D.M.A
Senior Fellowship of Aryuvedic
Medicine (India)

သာသနာ့အကျိုးဆောင်
ဓာတုလာဘ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot), Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်


မဟာဂန္ဓာရီကျင့်စဉ်စခန်းမှ အစ
လောကီလောကုတ္တရာအဖြာဖြာအတွက်
သစ္စာအဓိဋ္ဌာန်ပြု အောင်မြင်သောနေရာဖြစ်ကြောင်း...
← ၈၁-၇၆


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၇၇၂) နက္ခတ္တရောင်ခြည်စာပေတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိသုံးနာစာပေ (တောင်ကြီး)
ဝင်္ဂီနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
တော့်တော့်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ
မင်္ဂလာ ဦးမျှားရေးကြော်ငြာလုပ်ငန်း




၂၀၁၃ ခုနှစ်၊ မတ်လ
အမှတ် ၃၂၀
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
☎-၀၁ ၂၄၂၂၈၄




www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များ ကျန်းမာရေးညှိုးမှိုင်း ချူချာသောအခါ ပိဋကတ်တိုက်စေတီသို့ သွားရောက်ကာ ဘုရားရှင်ထံ အပ်နှံလျှက်... ▲ စာ-၁၀၂

ဤလတွင် ဝေဘူဆရာတော်ကြီး ပထမ စ,ကျင့်စသာဝူပြိစ်၍ အစိဋ္ဌာန်ဝင် ပုဂ္ဂိုလ်အမျိုးလာရောက်၍... ◆ စာ-၄၄



## ✦ တွေ့ဆုံခြင်းရောင်ခြည် ✦


ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် အားမာန် တိုင်းရင်းဆေးခန်း ဆရာမဒေါ်မြတ်နန္ဒာလင်း (တဆ-၀၄၈၀၄)၏ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ သိကောင်းစရာများနှင့် ကုထုံး

(မြောင်းမြ မောင်ယဉ်တင့်) ၁၅၃


## ✽ ပညာပေးရောင်ခြည် ✽


တရုတ်ကြိုးထုံးပညာ (၇၆) (ဟွာကျင်းဇီ) ၁၉၁

လူတိုင်းအတွက် တရုတ်မိုးရာ အိမ်မက်ရှင်းတမ်း (၆၆) (ထက်မင်းကျော်စွာ) ၁၉၄

သင်္ကေတများ၏ ဘာသာစကား (၂၀) (ဟွာကျင်းဇီ) ၂၁၂

အလှဆင် ဘော်ကြယ်သီတုံး နည်းပညာ(၃) ၂၃၀


## ✋ လက်မှုအတတ်ရောင်ခြည် ✋


တစ်ချက်ကောင်း ပေါက်တွက် (ဦးသော်ခင်-ဟင်္သာတ) ၁၆၀

အိမ်ထောင်ရေး ကံကောင်းပါ့မလား (သန်းပညာ) ၁၇၅

နာမည်ကျော် ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်ရဲ့လက် (ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၁၈၂

လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၁၈၅

အလှုပြင်ဆိုင်လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်တဲ့ လက္ခဏာ ၂၁၄


## ☛ လမ်းညွှန်ရောင်ခြည် ☛


ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့် ရေတံခွန်တောင်ခြေ မြတ်သမဏ၏ အောင်ရပ်သွေ မြေမဟီနန်းဆီသို့ (၁) (ခရီးသည်သုတေသီတစ်ဦး) ၉

လပွတ္တာမြို့အနီးမှ ထူးခြားသော သာသနာ့မြေ (အရှင် ဆရာသိန်း-လပွတ္တာ) ၂၅

ဖိုးမြူတောင်တန်းမှ သတ္တဝတီ သာသနာမြေ နန်းဆီသို့(၅) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၁၀၅

အရှင်ကုန္ဒာစက္က (ဝါ) ဗု-ခ-သံဝါဒရသေ့ကြီး ဘိုးတော်စီ၏ ကပ်ကြီး(၃)ပါးကျော်နင်းနိုင်ရန် အဓိဋ္ဌာန်ပြု လွယ်မောက်တောင်စေတီတော် (၀) (မိုးနောင်-ကော့မြင်း) ၁၄၅




www.burmeseclassic.com

www.burmeseclassic.com

### ○ အထူးကဏ္ဍရောင်ခြည် ○


ရွှေအောင်အတိတ်ဆောင် သိဂ်ံနိုက်တောင်ရိုးဆီမှ
ပုထိုးစေတီ နေရာထူးများ (၇) (ထက်မင်းကျော်စွာ) ၄၉
ပုံကြာမိုင် အကွက်ဆန်းထွင်ပါတဲ့ ရုဂုံမဟာမြို့ ရက်ကန်းစင်
တောင်တော်ဦးဆီသို့ (၁၁) (ဘုန်းကျော်စွာ–မြို့တက္ကသိုလ်) ၇၃
ပြကွဲရွှေတောင် စွယ်တော်ရှင်စေတီတော်မြတ်နှင့်
သာသနာပြုဆရာတော်ကြီးများ(၂) (မောင်မောင်ကျောက်) ၈၁
စစ်ကိုင်းရွှေမင်းဝံရပ်ကွက်မှ ပေါ်တော်မူစေတီနှင့် ထူးဆန်း
အံ့ဖွယ်များ(၂) (အိမ့်မှူးဝိုင်–ပုသိမ်ကြီး၊ ကျောက်သံပတ်မြေ) ၈၉
ပေါင်လောင်ရှင်ကဿပမထေရ် ကောင်းမှုစေတီများ
ပူဇော်မှုခရီး [ဖိုလ်ဝင်တောင် မြင်းဝန်ရွာ၊ မင်းစုရွာ
မင်းဝန်ဘုရား-(၂)] (ဇင်ညိုငယ်) ၁၁၃
ပုပ္ပါးတောင် စံကားဝါမြေ ဘိုးတော်အောင်မင်းခေါင်
နှစ်(၆၀)ပြည့်ထွက်ပွဲ ဖြစ်ရပ်ဆန်းများ(ကိုသက်–ဇီးကုန်း) ၁၂၉


### ✌ ကိုယ်တွေ့ရောင်ခြည် ✌


သုဝတီဘုံ ရောက်ကုန်ကြပြီ(၂)(ရွှေတောင် ခင်မောင်ကြည်) ၁၇၄
မနော်နွယ်ရှိ ပိုင်ရှင် (ဦးစိန်–ခေတ္တ၊ မြိတ်) ၂၄၆
မြွေဘဝက လာခဲ့သူ (ဇင်ညိုငယ်) ၂၆၁
လင်မယားကွဲအောင် ခိုက်လေရှေ့သလား
(မောင်မြင့်ဒွေး–နတ်မောက်ဘူတာ) ၂၇၂
ကျွန်ုပ်နှင့် တစ္ဆေဘဝ နှစ်ပေါင်း(၂၀)
အတွေ့အကြုံများ (တင်အောင်မိုး–ချောင်းခေါင်း၊
မြစ်ကြီးနားသစ်ထုတ်လုပ်ရေး) ၂၈၉
အိမ်ခါးပတ်၏နောက်ဆက်တွဲများ (ခင်နန်းထွေး–ရွှမ်းမြောက်) ၂၉၂


### ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖


ပုဂ္ဂိုလ်ထူးများ ကယ်တင်စောင့်ရှောက်ခြင်းနှင့်
အလိုအလျောက် ကြွလာသောဘုရား (စန္ဒာမိုး–တောင်ဥ) ၃၃
ဂါထာအကျိုးကျေးဇူးကြောင့် အသက်ဘေးမှ
နှစ်ကြိမ်လွတ်လာရသူ၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း
(ကြက်ခြေနီ ကြည်ကြည်–ဇီးကုန်း) ၆၈
လှံ့ဝိဇ္ဇာဖွင့်တဲ့လမ်း (ပန်းမြို့လယ် စိန်ဝင်း) ၂၅၇
ကံအစွမ်းနှင့် ဖြစ်ရပ်ဆန်း(၁). (မောင်အေးကြူ–စီးပွားရေး) ၂၆၅


### ✱ ဆေးဖြိုးတိုးရောင်ခြည် ✱


နေထိုင်မကောင်း၍ ခေါင်းမလျှော်နိုင်သူများအတွက်
(ထူးနွယ်လှိုင်–ပေါင်) ၁၅၉
ဝဲနှင်းခူအစို့ စိတ်ညစ်ရန်မလို (ကျော်–ရမည်းသင်း) ၁၈၄
ဝက်ရူးပြန်(သို့မဟုတ်) အတက်ရောဂါပျောက်ကင်းတဲ့
ဤသစ်ခေါက် (ဘောဘီခင်နိုင်–ဥပဒေ) ၂၀၈
ဆီးအိမ်မှာ ကျောက်တည်သော်(ကိုကိုခန့်ချော–ကသာမြေ) ၂၁၆




ရွှေစက်တော်အထက်ခြေတော်ရာ
ခြေသန်းတော်ဌာပနာထားရာ
ရွှေစေတီတော်တွင်း သဗ္ဗာရှိတိုင်တည်ပါကာ ... ☛ တ–၂၁


အရဟံသိမ်တော်ကြီးအတွင်း
စနေထောင့်ရှိ
ရွှေထုပ်ပိုထားသော ဘီလူးခင်းပုံတို ... ☛ တ–၉၂






www.burmeseclassic.com

www.burmeseclassic.com




အောင်မင်းခေါင်ဘိုးတော်သည်
ထိုပထမံအောင်မြေဓာတ်၌
ဗောဓိမဏ္ဍိုင်ဟူသောဓာတ်ကို … စာ-၁၇

အိပ်မက်အရ ကျောက်ချောကြီးကို
တောက်တူးရသော ရေတွင်းဖြစ်၍
သုံးချင်သလောက်သုံး ရေမလျော့ဘူး … စာ-၄၂


◆ ဆေးဝေဒရောင်ခြည် ◆

အမျိုးသမီးများ မီးယပ်ချမ်းရောဂါအတွက်
ဆေးတစ်လက် (ဦးလှကြည်-အောင်လံမြို့) ၂၃

ဒူနာအတွက် ဆေးတစ်လက်
(စဉ့်ကူ စိုးဝင်းထက်မောင်-သျှင်စာမွန်) ၂၂၄

အသည်းခြောက်နှင့် ရေဖျဉ်းအတွက် ဆေးနည်း
တစ်လက် (မောင်အောင်ဝင်း-တိုင်းရင်းဆေး၊ မိတ္ထီလာ) ၂၂၇

● အင်းမန ရောင်ခြည် ●

ဓသာကြိုပ်စီး မတောင်းလျှင် (ထက်မင်းကျော်စွာ) ၇၈

✳ ကျင့်စဉ်ရောင်ခြည် ✳

ခတိုးများစုံလင် ဘုန်းတော်ကျင့်စဉ် (အောင်ပေါ်စံ-ဓမ္မဝီယ) ၆၀

ဘဝဘက်ရှင်ဂါထာကို ကျူးရင့်မည်ဆိုလျှင်
(အောင်ထက်-ရွာအနောက်မြို့တော်) ၁၂၆

မဟာဘုတ်ချိန်ခွင်နှင့် အထူးကျင့်စဉ်
[၄-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက်] (သန်းပညာ) ၁၅၈

အသားအရေလှပနုပျိုစေခြင်း၊ မျက်စိအားကောင်းခြင်း၊
လှပစေခြင်းအတွက် ဤသို့ကျင့်ပါ (ဆရာဦးရဲအောင်-
သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သချ်ာဗေဒ) ၁၉၂

ဘေးရန်ကင်းသော ကိုယ်တွေ့ဖြစ်ရပ်နှင့်
ဝုဏ်တော်ကွန်ချာ (မြတ်စိုးမိုး-ဒေးဒရဲ) ၂၀၉

စောဖြူတောင်တန်း အဓိဋ္ဌာန်စခန်းဝယ် (နေဝန်းနီ) ၂၇၃

⁂ ဇာတ်ရုပ်ဝတ္ထုရောင်ခြည် ⁂

သံသရာတစ်ကွေ့ဝယ် ပြန်လည်ဆုံတွေ့ရမည်ဆိုပါအော
(ခင်မောင်ဝင်း-စစ်တွေ) ၂၈၁

✂ နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၃ ခုနှစ်၊ မတ်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ (ထက်မင်းကျော်စွာ) ၁၃၅

၂၀၁၃ ခုနှစ်၊ မတ်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ (ဟူဂျင်းဇီ) ၁၈၆

၂၀၁၃ ခုနှစ်၊ မတ်လအတွက်
ခုနှစ်ရက်သားသမီး ဟောစာတမ်း (ဆရာ ရောင်ခြည်) ၂၀၆

✳ စိတ်ရွှင်းအင်ရောင်ခြည် ✳

အံ့ဖွယ်ကိုယ်ပွားများ (မောင်ရော-ရာမည) ၁၆၅

✛ ထူးခြားသစ်မင်ရောင်ခြည် ✛

ရွှေလက်တွဲဖို့ မြဲစေဖို့ (ထက်မင်းကျော်စွာ) ၁၄၁




www.burmeseclassic.com

www.burmeseclassic.com

## ❒ အမှိုရုတ်ရောင်ခြည် ❒

သွပ်ပြဒါးတွဲ (ဘုမ္မဝတီ ကိုကိုလေး) ၄၆
လက်တွေ့ ဘော်ကြောဖြတ်စားလမ်း
(ဦးတင်ဝင်း–ဂန္ဓီရသုတေသီ) ၂၀၁
ရှောင်ဖယ်နည်းတစ်နည်းနှင့် ဆေးအသုံးနှင့် အကျိုးအပြစ်
သိသူများမှ ဖော်ပြပေးကြပါရန်(ကြည်စိုး–မနောမယိဒ္ဓိ ရောမြေ) ၂၁၈
သိဒ္ဓိရှင် မဟိဒ္ဓိရှင်......ကို (ရွှေတောင် ခင်မောင်ကြည်) ၂၄၄

## ● အစီအရင်ရောင်ခြည် ●

ဂဲဟက်အောင် ခံတက် အစီအမံကိုဆောင်
(မျိုးတင့်–ညောင်လေးပင်) ၁၁၉
ကျန်းမာရေး ယတြာအစီအရင်
(ဂါမဏီဇော်–ဝေဒဝိဇ္ဇာဓရုစစ်ကိုင်း) ၁၇၃
ကြက်စာကောက်အဆောင်နှင့် ရမီးသွားသူ
(အောင်လှသန်း–မင်းဘူး) ၁၉၃
ဇနကကိန်းနှင့်ယတြာ(ဦးအုန်းမြင့်–ဟသာ်တ၊ ဝေဒသုတေသီ) ၁၉၅
ရာဟုဂြိုဟ်နှင့် လမင်းဂါထာ အစီအရင်ယတြာ
(မောင်ဗဟိန်း–အင်းတော်) ၂၂၃
သိမ်ဝင်ပန္နက်နှင့် သစ်ခြောက်တိုင်
(အောင်မိုးမြင့်–နေပြည်တော်) ၂၂၅
ဘီလူးပညတ် ဘီလူးနက္ခတ် ခွာနည်း
(ဒေါက်တာ ခိုင်စံဝေ–ဝေဒပညာ) ၂၅၆

## ✱ ဂါထာမန္တန်ရောင်ခြည် ✱

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိခိုး
ပူဇော်ဂါထာတော်များ(၁)(အောင်ရွှေမြတ်–စစ်ကိုင်းတောင်) ၁၂၀
သားစဉ်မြေးဆက်အထိ စီးပွားကိုဆောင်နိုင်သော
ဓမ္မစေတီမင်း၏ မေတ္တာယျဘုရားအလောင်းရှိခိုးဂါထာ
(ရဲရဲထွန်း–ဟသာ်တ) ၁၉၉
အကာအကွယ်အပွင့်အလန်း လာဘ ပီယ သိဒ္ဓိ
အမျိုးမျိုးကို ပြီးပြည့်စုံစေသည့် သမ္ဗုဒ္ဓေမန္တရားကြီး
(အေးရွှေ–စီးကုန်း) ၂၀၃

## ✱ ဓာတုသုတရောင်ခြည် ✱

ကွမ်းရွက်ကို တာရှည်အထားခံအောင် ထိန်းသိမ်းနည်း
(ဝင်ရော်) ၄၇

## ✝ ထူးခြားပဓ္ဓဉ်းရောင်ခြည် ✝


သစ်ခေါင်းတွင်းမှ ရုပ်ကလာရုပ်တုတော် (မောင်စေတနာ) ၁၅
မန်ဆူရှမ်းဆရာတော် ချိုမြင့်သည့် အန္တရာယ်တင်း
လာဘ်ရွှင်အဆောင်များ (ဇင်ညိုငယ်) ၆၅
အုံ့မဆုံးတျောက်တုံးတွင်းမှလိပ်
(အောင်မြင့်မြတ်–ကလေး) ၈၈
နွယ်ဝင်ကွင်းထိုး၏ ထူးခြားမှုနှင့် သိဒ္ဓိတင်ဂါထာ
(ဒေါ်နုမီ) ၁၆၁



BURMESE CLASSIC .com

ဒီ...ရုပ်ပွားကနေ့
(၉)ကြိမ် သံသရာ၌
[illegible]
[illegible]
စာ–၅၇

ဆွမ်းဦးပုညရှင်
ရှင်ပြင်တော်
ရာဟုထောင့်ရှိ
ခြသေ့်ကြီးမှ
ရောင်ခြည်တော်
ပေါ်ပေါက်ခဲ့ကြောင်း...
စာ–၁၂၄




www.burmeseclassic.com



အာတာထွက်ပွဲ၀ခုဦ နေလဘုရား ခွေ့နှကုန်းမြေတွင် ခေါတ်မှီရှိကဲရာ "၀"အတွေ့ရာများစွာ ဖပ်နေသည်ကို... ☛ စာ-၁၃၁

ရော့... အစ်မဆိုင်မှာ ဒါကို ရွှေကပ်ပြီးတော့သာ ဆောင်ထားလိုက်ပါ၊ ဒီနွယ်ဝင်ကွင်းထိုးက အစ်မနဲ့ ထိုက်တယ်ထင်တယ်... ☛ စာ-၁၆၁



### * တိရစ္ဆာန်ဆောင်းခြည် *

ကွဲ့နွား ရောဂါများနှင့် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ
(ငွေသိန်း-တိရစ္ဆာန်ကု) ၁၁၀

### ● ကိုယ်ခံပညာဆောင်းခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့အကြုံများ (၁၄) (ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်) ၁၆၅

### ✍ အချိုးသပ်းအလှဆောင်းခြည် ✍

ထူးတဲ့အရသာ နဂါးမောက်ပွင့်ဟင်းလျာ
(မျိုးမောင်မောင်) ၁၄၆

### * ကုသိုလ်ဆောင်းခြည် *

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု (အိပ်လို့မရ၊ ညောင်းညာကိုက်ခဲ ဒူလာညောင်းကိုက်ရောဂါ ဖြစ်သော်)
(ဦးလှညိမ်း-တံတားဦး အင်း၀၊ အကြောပညာရှင်) ၁၈၁

### ○ သုတေသနဆောင်းခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ (အိမ်မဲမြို့၊ မိုးကြီးဝိသုဒ္ဓါရုံရွှေကျောင်းတိုက် (မိုးကြီးဆရာတော်)ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခာစာရအား ဂါရဝပြုပူဇော်ခြင်း) (သန်းပညာ) ၁၄၄
မြောက်ဦး တူးဖော်ရေးကုန်းအမှတ် (၂)မှ တူးဖော်တွေ့ရှိသည့် ယဉ်ကျေးမှု ရှေးလက်ရာများ (၁၂)
(ပန်းချီထူးလှ-ရှေးဟောင်းသုတေသန) ၁၈၈
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များ အကြောင်း (ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၂၂၀
လင်မယားတွဲအောင် ခိုက်လေသရောလား
(မောင်မြင့်ငွေ-နတ်မောက်ဘူတာ) ၂၄၅

### ✎ မြန်မာ့ရိုးရာ ပညာဆောင်းခြည် ✎

အပူဓာတ်အအေးဓာတ် ပေဒင်တွက်နည်း
(ဗိုလ်မင်း-မင်းလှ) ၂၁၄

### ◆ ကျန်းမာရေး ဓာတ်စာဆောင်းခြည် ◆

၂၀၁၃ ခုနှစ်၊ မတ်လ ကျန်းမာရေးအတွက် အကြံပေးချက်များ (ဟူကျင်းဇီ) ၁၆၈

### ○ အမေးအဖြေဆောင်းခြည် ○

အလောင်းထမ်း မမွေးကောင်းဘူးလား၊ သိသူများမှ ဖော်ပြပေးကြပါရန် (နတ်မောက် လှမြင့်သစ်) ၂၆၄

### ✦ ထပ်ဆင့်အသံဆောင်းခြည် ✦

ကျေးဇူးတင်ပါသည် နက္ခတ္တဆောင်းခြည် [ဘောကျ အူကျအတွက် ဆေးနည်းတစ်လက်]
(ကိုမောင်-ကွင်းမောက်မြေ) ၁၄၃



www.burmeseclassic.com

www.burmeseclassic.com


## ✍ တွဲညီညီခြင်းရောင်ခြည် ✍

ရေပုတ် ဆုတောင်းပြည့်စေတီအနီးမှ တွေ့ရှိရသော
ရှေးဟောင်းရုပ်ပွားတော်များ(၁)
(မောင်မောင်ထွန်း–မုံရွာ) ၁၃၇

## ○ မြစ်ချင်းပြီးဆေးဝင်ဆေးမြစ်ရောင်ခြည် ○

မရှိဘူးထင်လျှင် မုရိုးပင်ကို အားကိုးပါ
(နန်းညွန့်ခင်–ကသာ) ၁၄၄

မီးကွင်းဂမုန်း ဆေးအသုံး
(မြင့်ဟိန်းကျော်–ကသာမြေ) ၁၅၁

တပင်ရွှေထီးတစ်နည်း ဆေးအသုံး (မောင်ဆန်းလင်း) ၂၀၀

## ✻ အောင်မြေရောင်ခြည် ✻

ဗောဓိမဏ္ဍိုင် ဓာတ်ကြီးကိုင်
(ကျော်ဝင်း–ညောင်ရမ်း၊ ရှံ့ပိုင်ကြီး) ၁၇

## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၃ ခုနှစ်၊ မတ်လ ထီအတွက်
ရွှေချယ်ပါ ဂဏန်း (ဆရာရဲထက်–သုဝဏ္ဏသီ) ၁၄၂
၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ (ထက်မင်းကျော်စွာ) ၂၈၀

## ✻ စိုက်ပျိုးရေးရောင်ခြည် ✻

ကွမ်းရွက်ပိုးကျ သတိရစေဖို့(မောင်ရေမွှေး–နတ်မောက်) ၁၇၂

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


လေးရွာရှင် ရဟန္တာ အရှင်ဇဝနမဟာထေရ်
(သထံဝင်း–ကြေး/မြေ ဝက်လက်) ၁၉

ဝေဘူဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများနှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ(၁၈) (ကျောက်ဆည်–မင်းမဟော်) ၄၁
ပုဂံမြို့ သက်တော်ရှည်ကျောင်းတိုက် မူလပထမ
ဆရာတော် ဘဒ္ဒန္တနန္ဒ (ဦးစံဝင်း–သောင်ကုန်းရွာ) ၅၇
မော်လမြိုင်မြို့မှ ကျော်လေးကျော် တောင်လေးလုံး
ဆရာတော်(၂) (ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်) ၉၇

## ● ကြုံရပ်မှန်ရောင်ခြည် ●


ပရလောကသားတို့ ပြောင်းရွှေ့ပွဲ (ချစ်ဆိုင်) ၂၃၇
ပဲခူးရိုးမမှ ထူးဆန်းသော ကျောက်ဆင်ကြီး
(ကိုသက်–စီးကုန်း) ၂၄၁
ပုဏ္ဏကလော ပရလော (ဖေမောင်–ညောင်လေးပင်) ၂၄၉
ပရလောကသားဘဝမှ ဘုရားဖူးလာသူ
(ကျော်ထိန်လင်း–အမာမြို့) ၂၈၇
ဂမ္ဘီရရထားကြီး (မျိုးတင့်–ညောင်လေးပင်) ၂၉၃
တစ်နေ့တာသိဒ္ဓိ (မောင်မြင့်အောင်–မင်းရွာ) ၂၉၇
ဂမ္ဘီရဆန်သော ကြောင်ကျောက်တလေး
(စလင်း ဦးကျော်) ၃၀၂

ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း





လေးရွာရှင် ရဟန္တာအရှင်ဇဝန မဟာထေရ်၏
ဓာတ်တော်များကို ကျောက်သလင်းခေါင်းတွင်း
ထည့်သွင်းကာ ပူဇော်ထားသည့် စေတီမြောက်ဘက်မုခ်ကို ...
☛ စာ–၂၀

လိပ်ပန်းကျားကမုန်းနဲ့ လိပ်ပဒိန်းကမုန်းကို
ယှဉ်တွဲပြီး စာစ်ကွက်စီ ကြားဆိုက်ရသတဲ့
ဂါထာ(၇)ပေါက်ဆို ရေးသောင်းပေးရန်...
☛ စာ–၁၄၁



ချောင်းအတွင်းမှ သူဌေးသား တွေ့ရှိပြီး
တွေ့ရှိစဉ် အလုံးပြစ်၍
သော့ကာစားရင်း ပေါက်ခွဲရာ ပုံပါအတိုင်း... ☛ စာ–၈၇



www.burmeseclassic.com

www.burmeseclassic.com

ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်

# ရေတံခွန်တောင်ခြေ မြတ်သမာ

၏ အောင်ရပ်ဘွေ မြေမဟီနှုန်းဆီသို့ (၁)

ခရီးသည်
သုတေသီတစ်ဦး



◆ အေးချမ်းကောင်းမြင့် နေယျခံကုန်းဘုရားတော်

နိဒါန်း

'အောင်ပြီ... အောင်ပြီ... အနိစ္စ... အနိစ္စ' ဟူ၍ ကိုယ်တော်တိုင် ရေးမှတ်ပြီး နောက် (၇)နာရီကြာ တရားရှုမှတ်ကာ ထိုင်လျက်ပင် ခန္ဓာဝန် ချတော်မူသော ရေတံခွန်တောင်တောရ ဆရာတော် အရှင်ဇောတိပါလထံမှ နည်းနိဿယ ခံယူဖူးသော ဆရာတော်တစ်ပါးက ဤသို့ မိန့်ကြားသည်။

ကျိုက်မရောမြို့ ခုနစ်ခွေတောင် လမ်းအနီး ဒူးရင်းစမ်းတောရတွင် သီတင်းသုံးနေတော်မူသော မဟာ ဗောဓိ မြစိမ်းတောင်ညိုဆရာတော် အရှင်ရာဟုလာက မိန့်တော်မူခြင်း ဖြစ်ပါသည်။

'မော်လမြိုင် တောင်ဝိုင်းမဟာစည် ရိပ်သာနေတုန်းက ဆွမ်းကွမ်းပစ္စည်း လေးပါး အဆင်ပြေပါတယ်။ ဒါပေမယ့် နေ့စဉ်ရက်ဆက် ဆိုသလို အလှူ အတန်းတွေက ရှိနေတော့ လူစည် ကားတယ်။ လူသူကင်းဝေးတဲ့ နေရာ ကို တောထွက်ကျင့်ကြံဖို့ ဆရာတော် က သဘော မတူတာကြောင့် နံနက် ဝေလီဝေလင်း အရုဏ်မတက်ခင် သီ တင်းသုံးဖော်တစ်ပါးနဲ့ ဝိတ်တဆိတ် ထွက်လာကြတယ်။

ဆွမ်းခံစားပြီး တစ်နေကုန် လျှောက် လိုက်ကြတာ ညမှောင်ရီပျိုးချိန် ဘင် ထိုင်ဘုရားအနားရောက်လို့ အိပ်စရာ နေရာ ရှာရတယ်။ အဲဒီအချိန်မှာ လျှောက်နေတဲ့ ကတ္တရာလမ်းရှေ့ ဘွားခနဲ လူတစ်ယောက် ပေါ်လာ တယ်။

ဘုန်းကြီးတို့က အမှတ်ကိုယ်စီနဲ့ လျှောက်လာကြလို့ အဲဒီဒကာကြီး ဘယ်အချိန်၊ ဘယ်နေရာကနေ ရောက်လာတာ မသိကြဘူး။ ရှိခိုးပြီးချ ပြီး သူက...





www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရားတို့ ဘယ်ကြွကြွမှာလဲ ဘုရား"

"အင်း ဒီအနီးအနားမှာ ဇရပ်ကလေးများ မရှိဘူးလား"

"ရှိပါတယ်၊ ရှေ့နားမှာ သုသာန်ဇရပ်ကလေးတစ်ဆောင်ရှိတယ်။ ဘာလုပ်ဖို့လဲ"

"ကျိန်းမလို့ပါ"

"သုသာန်ဇရပ်မှာ ဘာမှမရှိဘူး။ တပည့်တော်ရဲ့ ဘကြီးကျောင်းမှာ လိုက်ကျိန်းပါဘုရား"

"ကျုပ်တို့က လူများများနဲ့ မနေချင်လို့ပါ"

"လူမများဘူး၊ ဘကြီးဘုန်းကြီး တစ်ပါးတည်းနေတာပါ"

အဲဒီဒကာကပဲ ဘင်လှိုင်ရွာထဲက လူ သုံး,လေးယောက် ခေါ်ပြီး အိပ်ရာ၊ ခြင်ထောင်၊ ဖျာတွေ စီစဉ်ပေးပြီး ကျောင်းကို ခေါ်သွားတယ်။ ရွာနဲ့ နည်းနည်းတော့ လှမ်းတယ်။ ဆရာတော်ကြီးကတော့ တဲကျောင်းကလေးထဲမှာ တံခါးပိတ်ပြီး တရားမှတ်နေလို့ မနက်ဆွမ်းစားချိန်မှ ဖူးရတယ်။

ဒကာတွေ ပြောစကားအရ တောရဆောက်တည်ပြီး လူတွေနဲ့ မရောဘူး။ ဆွမ်းဘုဉ်းပေးချိန်ကလွဲပြီး အပြင်မထွက်ဘဲ အခန်းပိတ်၊ တရားမှတ်နေတယ်လို့ သိရတယ်။

နောက်တစ်နေ့ မနက်ဆွမ်းဘုဉ်းပေးပြီးတာနဲ့ အဲဒီ ဒကာက...

"အရှင်ဘုရားတို့ လာကြပါ။ ဒီအချိန်ကလေးပဲ ဖူးခွင့် လျှောက်ခွင့်ရတယ်"

လို့ ပြောပြီးခေါ်သွားတယ်။ ဆရာတော်ကြီး နေထိုင်ကျင့်ကြံမှုကို သဘောကျလို့ သီတင်းသုံးဖော်က...

"ဆရာတော်ကြီးထံ နည်းနာခံယူပြီး ကျင့်ကြံပါရစေ"



◆ လမ်းရှာတက်မှ အေးချမ်းအောင်မြင်ဘုရားကျောင်းတော်

လို့ လျှောက်တယ်။ လက်ကာပြီး ငြင်းတော်မူပါတယ်။ ဘုန်းကြီးကတော့ ကိုယ့်အခက်အခဲကိုပဲ လျှောက်တယ်။

"ဆရာတော်ဘုရား အာနာပါနရှုမှတ်ရာမှာ တစ်ခါတလေ မှတ်သိစိတ် ပျောက်သွားတယ်။ ဘယ်လိုလုပ်ရမှာလဲ"

ဆိုတော့ ဆရာတော်ကြီးက **ရင်ချိုင့်ကို လက်ညှိုးထိုးပြတယ်**။ ပြီးတာနဲ့ ကျောင်းခန်းထဲ ဝင်သွားတော့တာပဲ။ ဘုန်းကြီးတို့လဲ ဘင်လှိုင်ဆရာတော်ကြီးကျောင်းမှာ တစ်ရက်ပဲနေပြီး တောရနေရာ အရှာထွက်ခဲ့ရာက ဒူးရင်းစမ်းရောက်ပြီး အခုအထိ မြဲနေတာပါပဲ'

မြစိမ်းဆရာတော် တွေ့ခဲ့ရသူမှာ ကော့ခပုံရွာသား ဦးရောင်ဖြစ်၍ ရေတံခွန်တောင်တောရ ဆရာတော် ဦးဇောတိပါလ၏ တူတော်စပ်သူဖြစ်သည်။ ကော့ခပုံရွာဦးတွင် ဘင်လှိုင်ဆံတော်ရှင်စေတီကြီး ကိန်းဝပ်တော်မူသဖြင့် မြစိမ်းဆရာတော်က ဘင်လှိုင်ရွာ၊ ဘင်လှိုင်ဆရာတော်ဟု မှတ်ယူခြင်းဖြစ်သည်။ ဘင်လှိုင်ရွာဟူ၍မရှိ ဘင်လှိုင်ဆရာတော်ကြီး ဆိုသည်ကား ကော့ခပုံရွာအရှေ့ဘက် ရေတံခွန်တောင်တောရဆရာတော်ကြီး ဦးဇောတိပါလကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

ဤသို့လျှင် ဆရာတော် အရှင်ဇောတိပါလ၏ ကြည်ညိုဖွယ် သတင်းစကား ကြားသိခဲ့ရသဖြင့် ကော့ခပုံကျေးရွာ ရေတံခွန်တောင်ဆီသို့ အခွင့်သင့်သော ဝါကျွတ်ကာလ တစ်နေ့တွင် သွားရောက်ဖြစ်ခဲ့သည်။

## ရေတံခွန်တောင်

မော်လမြိုင်–မုဒုံ ကားလမ်း၏အရှေ့ဘက် ဝင်းစိန်တောရမြေ၏ တောင်ဘက်တွင် တောင်ထွတ်နှစ်လုံးကြား ရေတသွင်သွင် စီးကျနေသော ရေတံခွန်တစ်ခု တည်ရှိသဖြင့် ရေတံခွန်တောင်ဟု ခေါ်တွင်ခြင်းဖြစ်သည်။ မော်လမြိုင်မှ လမ်းပြမိုင်တိုင် (၁၄)မိုင် (၆)ဖာလုံအရောက်တွင် ရေတံခွန်တောင်သို့သွားသော မြေနီလမ်းကလေးမှတစ်ဆင့် သုံးမိုင်ခန့် သွားရသည်။

ရေတံခွန်ကျောင်းသို့ သွားရာတွင် ယခင်က လူသွားလမ်း ကွေ့ကွေ့





www.burmeseclassic.com

www.burmeseclassic.com

ကောက်ကောက်သာ ရှိခဲ့သည်။ ဆရာတော်၏ သီလ၊ သမာဓိ ဂုဏ်သတင်း ပျံ့နှံ့၍ လူများစွာ လာရောက် ဖူးမြော်ကြရာ ကားလမ်းဖောက်လုပ်ခွင့် တောင်းဖူးသော်လည်း ဆရာတော်က...

**'လမ်းကောင်းရင် လူပိုရှုပ်မယ်။ ဒကာတွေမှာလဲ ဝန်လေးမယ်'**

ဟူ၍ ငြင်းပယ်တော်မူခဲ့သည်။ ၁၃၄၀ ပြည့်နှစ်လွန်ကာလတွင်မှ ထိုစဉ်ကမွန်ပြည်နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ထွန်းက မြေနီကားလမ်း ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်လေသည်။

တောင်တက်တောင်ဆင်း သုံးမိုင်ခရီး မဆုံးမီ ကုန်းတက်တစ်ခု အလိုတွင် **'အေးချမ်းအောင်မြင်'** ဘွဲ့မည်ကမ္ပည်းနှင့် လက်ယာဘက် တောင်ကုန်းထက်၌ နေပူခံ မတ်ရပ်တော် တစ်ဆူကို ဖူးမြင်ရသည်။ ရှေးမွန်တိုင်းရင်းသား ဗိသုကာဓလေ့အရ ဤကဲ့သို့ တန်ဆောင်းအမိုးမပါသော နေပူခံရုပ်ပွားတော်များ ပူဇော်တည်လုပ်လေ့ ရှိကြသည်။


အဝေးမှ ထင်ရှားစွာ ဖူးမြော်နိုင်ရေးကို ရည်ရွယ်သကဲ့သို့ ဂန္ဓကုဋိတန်ဆောင်းအတွက် ကုန်ကျစရိတ်ကို ရုပ်ပွားတော်ကြီးတွင် တိုးမြှင့်ပူဇော်နိုင်ရေးကိုလည်း ရည်ရွယ်ခြင်း ဖြစ်သည်။

ယခု မွန်ပြည်နယ်တွင်သာမက ရှေးအခါက မွန်တိုင်းရင်းသားများ အခြေစိုက် နေထိုင်ခဲ့ကြသော မြစ်ဝကျွန်းပေါ်ဒေသများ၌လည်း နေပူခံရုပ်ပွားတော်များကို ဖူးမြင်နိုင်သည်။ ကြံခင်းမြို့ရှိ နေပူခံရုပ်ပွားတော်များမှာမူ တစ်ဆူချင်းသာမက နောက်ကျောကပ် နှစ်ဆူတွဲ၊ လေးမျက်နှာ လေးဆူတွဲ စသဖြင့် များပြားထူးခြားစွာ ဖူးမြော်ခဲ့ရသည်။

ဝင်းစိန်တောရရှိ အလျား အတောင်(၄၀၀)၊ အလျား အတောင်(၆၀၀) ရှိသော လျောင်းတော်မူ ရုပ်ပွားတော်ကြီးနှစ်ဆူမှာလည်း နေပူခံရုပ်ပွားတော် ဖြစ်၍ အဝေး(မော်လမြိုင်–မုဒုံ) ကားလမ်းပေါ်မှပင် ထင်ရှားစွာ ဖူးတွေ့နိုင်သည်။

မွန်တိုင်းရင်းသား ဗိသုကာပညာရှင်များ ပုဂံသို့ ရောက်ရှိပြီးနောက် နေပူခံရုပ်ပွားတော်များ ပွင့်ထွန်းတော်မူရာ မနော်ဟရီရာဇာ (ခေါ်) မနူဟာမင်း၏ လျောင်းတော်မူ ရုပ်ပွားတော်ကြီး၊ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတို့မှာ ထင်ရှားပါသည်။

ထို နေပူခံရုပ်ပွားတော်များအား မနူဟာမင်း၏ မြစ်တော် နာဂသမန်းက ဂန္ဓကုဋိတန်ဆောင်းတော် ဆောက်လုပ်ပူဇော်ခဲ့ရာ နေရာအနေအထားအရ ကျဉ်းကျဉ်းကျပ်ကျပ် ဖူးမြော်ရလေသည်*(မောင်ကြည်ပန်း(မြင်းကပါ)၏ ယဉ်ကျေးမှုအမွေ ပုဂံမြေမှ စေတီ ပုထိုးများစာအုပ် စာမျက်နှာ (၁၁၁)၌လည်း ရှုပါ။)*



◆ မြေးတော်သူ ဆရာတော် ဦးဥယိလိ

တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူပြီးသော ရေတံခွန်တောရ ဆရာတော် အရှင်ဇောတိပါလ၏ အောင်မြေနေရာအား လေ့လာပူဇော်မှု ခရီးအစတွင် လွတ်လပ်ထင်ရှားခြင်း နိမိတ်ဆောင် ဤနေပူခံရုပ်ပွားတော်အား ဖူးမြော်ရသဖြင့် အထူးဝမ်းမြောက်မိသည်။

တောရမြေသို့ ရောက်သောအခါ မုခ်ဦးကို ထည်ဝါစွာ ဆောက်လုပ်ထားခြင်းမရှိ ကမ္ပည်းစာတန်းများ စိုက်ထူထားခြင်း မရှိသည်ကို တွေ့ရသည်။ မြစိမ်းတောင် ဆရာတော် မိန့်ကြားချက်အရ ရေတံခွန်နံဘေးတွင် မထင်မရှားဘဲ တဲကျောင်းကလေးတစ်လုံးသာ ရှိကြောင်း သိခဲ့ရသည်။

ဆရာတော်၏ ဂုဏ်သတင်း ပျံ့နှံ့၍ ဖူးမြော်ကြည်ညိုသူ များပြားလာသော်လည်း ထည်ဝါကြီးကျယ်သော ကျောင်းဆောင်ကို လက်မခံဘဲ တဲကျောင်းမှ ပျဉ်ထောင်ကျောင်းကလေး အဖြစ် ကုသိုလ်ပြုကြသည်ကိုမူ ခွင့်ပြုတော်မူလေသည်။

ရိပ်သာအတွင်း၌ ဆွမ်းချက်ရုံ၊ ဆွမ်းစားဆောင်နှင့် ဆောက်လက်စ သုံးထပ်ကျောင်းကြီး တစ်ဆောင်တို့ကို မြင်တွေ့ရသည်။ ဆွမ်းစားကျောင်း တိုက်ကြီးမှာ ၁၃၆၃ ခုနှစ်တွင်မှ တည်ဆောက်ခြင်းဖြစ်ကြောင်း ခုနှစ်မှတ်တမ်း တွေ့ရသည်။

ဆရာတော်ဦးဇောတိပါလ ခန္ဓာဝန်ချ



www.burmeseclassic.com

www.burmeseclassic.com

တော်မူသော ကျောင်းနေရာတွင် သုံးထပ်ကျောင်းကြီးကို တည်ဆောက်နေခြင်းဖြစ်ကာ မူလ ပျဉ်ထောင်ကျောင်းကို ဆွမ်းချက်ရုံအဖြစ် အသုံးပြုထားကြောင်း သိရသည်။ ရေတံခွန်အနီးရှိ မူလကျောင်းကို ရွှေ့ပြောင်းထားခြင်းဖြစ်သည်။ ရေတသွင်သွင်စီးကျနေသော ရေတံခွန်ကိုမူ မူလအခြေအနေအတိုင်း တွေ့မြင်ရလေသည်။


လက်ရှိ ရေတံခွန်ကျောင်းထိုင်ဆရာတော်မှာ ဦးကဝိသာရဖြစ်ကာ ကထိန်ကိစ္စဖြင့် ခရီးထွက်ကြောင်း ကျောင်းစောင့် ကပ္ပိယမောင်နုံက ပြောပြသည်။

ဆရာတော် ဦးဇောတိပါလ ပျံလွန်တော်မူပြီးနောက် ရေတံခွန်တောင်ဆရာတော်၏ မွေးလဖြစ်သော တော်သလင်းလဆုတ် (၁)ရက်နေ့မှစတင်ကာ (၁၀)ရက် ဝိပဿနာတရားစခန်းကို နှစ်စဉ်မပျက် ကျင်းပဖွင့်လှစ်ခဲ့ရာ ၁၃၇၄ ခုနှစ်တွင် (၂၃)ကြိမ်မြောက်ပြီးမြောက်ခဲ့ပြီဟု သိရသည်။

ကမ္မဋ္ဌာနာစရိယအဖြစ် ကြီးမှူးဦးဆောင်သူကား **ကော့ခပုံကျေးရွာ သာသနာဝေပုလ္လာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥပါလိဖြစ်သည်။**

ထိုကျောင်းသည် ဆရာတော် ဦးဇောတိပါလ သီတင်းသုံးခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ကာ ဦးပါလိမှာ ဦးဇောတိပါလ၏မြေးတော် ဖြစ်လေသည်။

ရေတံခွန်တောရတွင် ခန်းနေဦးပဥ္စင်း၊ ကိုရင်များ မရှိဘဲ ဆရာတော်ဦးကဝိသာရ တစ်ပါးတည်းသာ သီတင်းသုံးတော်မူသည်။



◆ ဆွမ်းချက်ဆောင်အဖြစ် ရွှေ့ပြောင်းထားသော
ရေတံခွန်တောင် မူလပျဉ်ထောင်ကျောင်း

## ဆရာတော်ဗိမာန်

ကပ္ပိယမောင်နုံက ဆရာတော် ဦးဇောတိပါလ စံကျောင်းဗိမာန်သို့ ဦးဆောင် လမ်းညွှန်ပေးကြသည်။ ဗိမာန်မှာ တောရအဝင်၊ ဆွမ်းစားကျောင်း စင်္ကြံလမ်း၏ လက်ယာဘက်ကုန်းမြင့်ထက်၌ တည်ရှိသည်။ ဗိမာန်အတွင်း၌ မဟာရင်ဂိုဏ်းချုပ်ဆရာတော် အစဉ်အဆက်၌ ပန်းချီပုံတော်များနှင့် ဘွဲ့မည်များ တွဲလျက် ချိတ်ဆွဲထားသည်။

◆ ပထမဆရာတော် အရှင်ဗုဒ္ဓဝံသ
◆ ဒုတိယဆရာတော် အရှင်ဉာဏသီရိ၊
◆ တတိယဆရာတော် အရှင်မောဂ္ဂလိပုတ္တ၊
◆ စတုတ္ထဆရာတော် အရှင်နာလာဂီရိ
◆ ပဥ္စမဆရာတော် အရှင်မဟိန္ဒ၊
◆ ဆဋ္ဌမဆရာတော် အရှင်ဇောတိပါလ

***(ရေတံခွန်တောရဆရာတော်)***

တို့ဖြစ်ကြသည်။ ဆရာတော် အရှင်ဇောတိပါလ၏ ပုံတူပန်းချီကားချပ်ကိုလည်း ယှဉ်တွဲ ချိတ်ဆွဲထားသည်။

ဗိမာန်၏ ခေါင်းရင်းဘက်တွင် အုတ်ပလ္လင်ထက် တင်ပျဉ်ခွေရုပ်ပွားတော်များ ပူဇော်ထားသည်။ ထိုအုတ်ပလ္လင်သည်ပင် ဆရာတော် အရှင်ဇောတိပါလ၏ ရုပ်ကလာပ်တော် ဂူသွင်းပူဇော်ထားရာ အုတ်ဂူလည်းဖြစ်သည်။

ဆရာတော် အရှင်သူမြတ်သည် **သက်တော် (၁၀၀)ပြည့်ရန် သုံးလအလို ၁၃၄၉ ခုနှစ်၊ နယုန်လဆုတ် (၃)ရက် ည (၉)နာရီ (၂၀)မိနစ် အချိန်တွင်** ကုလားထိုင်ပေါ် တရားရှုမှတ်နေရင်းမှ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့သည်ဟု သိမှတ်ရသည်။

ကပ္ပိယက အုတ်ဂူခေါင်းရင်းအပေါ်ဘက်မှ အုတ်တစ်ချပ် လှပ်ထားသောအပေါက်ကို ညွှန်ပြပေးသဖြင့် လက်နှိပ်ဓာတ်မီးဖြင့် ကြည့်ရှုသောအခါ ဆရာတော်၏ ခြောက်သွေ့နေသော ရုပ်ကလာပ်တော်ကို ဖူးမြင်ရသည်။

ဆရာတော် ပျံလွန်တော်မူသောအခါ ယခင် သီတင်းသုံးခဲ့ဖူးသော သာသနာဝေပုလ္လာရာမ ကျောင်းတိုက်သို့ ပင့်ဆောင်သွားကာ (၃)ရက်ထားရှိ ပူဇော်သည်။ မဟာရင်ဂိုဏ်းထုံးစံရ



www.burmeseclassic.com

www.burmeseclassic.com

သံဃာတစ်ပါး ပျံလွန်တော်မူလျှင် ရုပ်ကလာပ်တော်ကို (၇)ရက်ထက် ပိုလွန်၍ မထားရ။ မီးသင်္ဂြိုဟ်ရရိုး ရှိသဖြင့် လောင်တိုက်များ ပြင်ဆင်နေစဉ် (၄၃)နှစ်တာ သီတင်းသုံးခဲ့ရာ ဝင်းရော်ဆိပ်ကြီးကျေးရွာမှ ဒါယကာများက ရောက်ရှိလာကာ ဆရာတော် အသက်ထင်ရှားရှိစဉ်က...

'သူ သေလွန်လျှင် မီးမရှို့၊ မြေမမြှုပ်၊ ရေမမျှောတဲ့ လိုဏ်ဂူထဲ ထည့်ထားလိုက်ပါ'

ဟု အမှာတော်ရှိကြောင်း ပြောပြကြသည်။

ရုပ်ကလာပ်တော်မှာ (၇)ရက်စေ့သည့်တိုင် ပျော့ပျောင်းကွေးဆန့်၍ ရနေသဖြင့် ဒါယကာများကလည်း မီးသင်္ဂြိုဟ်ခြင်း မပြုရန် ကန့်ကွက်ကြသည်။ ထို့ကြောင့် မဟာရင်ဂိုဏ်း နာယကဆရာတော်ကြီးများက အရှင်ဥပါလိအား လွှဲအပ်လျက် ဒါယကာများ ဆန္ဒအတိုင်း ဆောင်ရွက်ပေးစေလေသည်။

သို့ဖြင့် ရေတံခွန်တောရအဝင် တောင်ကုန်းထက်တွင် ချက်ချင်း စံကျောင်းဗိမာန် ဆောက်လုပ်စေကာ မှန်ခေါင်းတလားဖြင့် ပြောင်းရွှေ့ ပူဇော်ထားကြသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်အား ရေတံခွန်တောင်သို့ ပင့်ဆောင်သောအခါ ရုပ်ကလာပ်တော် စံကျောင်း ပလ္လင်ရောက်ရှိသည့်တိုင် (၃)မိုင်ခန့် ဝေးကွာသော ကော့ခပုံရွာဦး သာသနာ ဝေပုလ္လာရာမကျောင်းဝင်း၌ ပရိသတ် ထက်ဝက်ကျော် ကျန်ရှိသည်အထိ ဖူးမြော်သူ များပြားကြောင်း သိရှိရသည်။

ရုပ်ကလာပ်တော်မှာ (၄၅)ရက် အကြာအထိ ပျော့ပျောင်းနေသဖြင့် ဖူးမြော်သူများက ကွေး ဆန့်၊ ကိုင်တွယ်ကြည့်ရှုကြသဖြင့် အဂါရဝ ဖြစ်သည်တစ်ကြောင်း၊ ရုပ်ကလာပ်တော် အကြောင်းပြုကာ အလှူငွေ ကောက်ခံသည် ဖြစ်မည်စိုး၍ တစ်ကြောင်းတို့ကြောင့် ဂူသွင်းထားသင့်ကြောင်း တိုက်တွန်းပြောဆိုသူ များလာသဖြင့် တစ်နှစ်ခန့်အကြာတွင် ဂူသွင်း အလုံပိတ်ထားခဲ့ကြောင်း ဆရာတော် အရှင်ဥပါလိထံမှ နာကြားရသည်။

(၂၅)နှစ်ကြာပြီဖြစ်သော ရုပ်ကလာပ်တော်၏ လက်တော်များ ကျစ်လျစ်သွား၍ လက်သည်းများ ရှည်ထွက်နေသည်ကို ကြိုးစား၍ ကြည့်မှ မြင်ရသည်၊ ဖွင့်ထားသော အပေါက်မှာ ကျဉ်းလှသည့်အပြင် သံတန်းများ ခုံထားသောကြောင့် ဓာတ်ပုံမှတ်တမ်း မပြုနိုင်ခဲ့ပါ။ မျက်နှာတော်ကို ဖူးရသမျှအခြေအနေဖြင့် မှတ်တမ်းပြုဖော်ပြလိုက်ပါသည်။

---

ထေရုပ္ပတ္တိအကျဉ်း

---

ဆရာတော်၏ စံကျောင်းဗိမာန်မှ ပြန်လာပြီးနောက် ကပ္ပိယများအား နှုတ်ဆက်ကာ တောရအဝင် ရော်ဘာခြံများ၊ ကော့ခပုံရွာ သာသနာဝေပုလ္လာရာမကျောင်းတိုက်နှင့် မုဒုံမြို့တို့မှ သိမီလိုက်သူများနှင့် တွေ့ဆုံကာ ဆရာတော် အရှင်ဇောတိပါလ၏ ဖြစ်စဉ်တော်ကို လေ့လာပူဇော်ဖြစ်ခဲ့သည်။

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကောခပုံရွာနေ ဦးဆိုင် + ဒေါ်ဝိတို့မှ **၁၂၅၀ ပြည့်နှစ် တော်သလင်းလ(၇)ည၊ (၈)ရက် အရုဏ်မတက်မီ** ကြက်ဦးတွန်ချိန် စက်လေးနာရီခန့်တွင် မွေးဖွား၍ ငယ်မည် မောင်လှုပ်ဟု တွင်သည်။

ဝေါဟာရအားဖြင့် လဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်တွင် မွေးဖွားသဖြင့် မောင်လှုပ်ဟု အမည်ပေးခဲ့သော်လည်း မွန်တိုင်းရင်းသားရိုးရာ နက္ခတ်တွက်ကိန်းအရ အရုဏ်မတက်မီကာလကို ယမန်နေ့တွင် ထည့်သွင်းသဖြင့် ဇာတာခွင်တွင် လဆန်း(၇)ရက်၊ အင်္ဂါနေ့ဖွားဟု ဖေါ်ပြကာ သာသနာ့ဘောင်ဝင်ရောက်သောအခါ ရှင်ဇောတိပါလ ဘွဲ့မည်တွင်ကြောင်း သိရသည်။

မောင်လှုပ် အသက် ဆယ်နှစ်အရွယ်တွင် ''ကွေ့ရက်''ကျောင်းဆရာတော်ထံ ပညာ စတင်သင်ယူကာ (၂)နှစ်အကြာတွင် စမ်းကျောင်းဆရာတော်ထံ၌ ဆက်လက်၍ ပညာသင်ယူသည်။ အသက် (၁၇)နှစ်အရွယ်တွင် ဆရာတော် ဦးသုဝဏ္ဏ(စမ်းကျောင်းဆရာတော်)ထံ ရှင်သာမဏေဝတ်ရာ ရှင်ဇောတိပါလ ဘွဲ့မည်တွင်သည်။

စမ်းကျောင်းမှာ နောက်တွင် အခြေအနေတစ်ရပ်ကြောင့် ပျက်စီးကာ ဘင်လှိုင်ဆံတော်ရှင် စေတီကြီးအနီးတွင် သာသနာဝေပုလ္လရာမကျောင်းတိုက် ထူထောင်ရာ ရှင်ဇောတိပါလလည်း လိုက်ပါလာခဲ့သည်။

ထိုကျောင်းတွင် ဆရာတော် ဦးသုဝဏ္ဏသည် မွန်တိုင်းရင်းသားဘာသာ ဓမ္မစကြာကျမ်းအပါအဝင် ကျမ်းစာများစွာ ပြုစုခဲ့သည်။ ဦးသုဝဏ္ဏသည် မဟာရင်ဂိုဏ်း ပထမဂိုဏ်းချုပ်ဆရာတော် အရှင်ဗုဒ္ဓဝံသ မဟာထေရ် ထိုင်းနိုင်ငံသို့ ပြောင်းကြွ သီတင်းသုံးရာ ဂိုဏ်းချုပ်ဆရာတော်၏ ကတိုးရွာ မဟာရင်ကျောင်းသို့ ကြွရောက်ကာ ဂိုဏ်းချုပ်ဆရာတော် တာဝန်များ ဆောင်ရွက်ခဲ့သဖြင့် မဟာရင်ဂိုဏ်းချုပ်တာဝန်နှင့် သာသနာ ဝေပုလ္လာရာမကျောင်းတို့ ပထမဆုံး ဆက်စပ်မှုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဤကျောင်းတွင် ပညာသင်ယူခဲ့သော အရှင်ဇောတိပါလ ဆဌမမြောက် မဟာရင်ဂိုဏ်းချုပ်တာဝန် ယူရခြင်း၏ ရှေ့ပြေးဆက်စပ်မှု ဖြစ်ပေသည်။

ရှင်ဇောတိပါလသည် ၁၂၆၉ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်နေ့တွင် (ဒုတိယ မဟာရင်ဂိုဏ်းချုပ်) ကွမ်တာကျောင်းဟောင်း ဆရာတော် အရှင်ဉာဏသီရိကို ဥပဇ္ဈာယ်ပြု၍ ထိုကျောင်း ခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ရဟန်းဘဝဖြင့် ဝေပုလ္လာရာမ ကျောင်းတွင် တစ်ဝါဆိုပြီးနောက် ဘီလူးကျွန်း၊ ရွာလွတ်ကျေးရွာ "နိုကြောဓာရုံ"(ညောင်ပင်)ကျောင်း ဆရာတော် အရှင်မောဂ္ဂလိပုတ္တထံသို့ သွားရောက်ကာ ပညာသင်ယူသည်။ **(ထိုဆရာတော်သည်လည်း နောင်တွင် တတိယမြောက် မဟာရင်ဂိုဏ်းချုပ် ဆရာတော် ဖြစ်လာသည်။)**

(၄)နှစ်အကြာတွင် "**တော်ကနော**" နှင့် "**ကွမ်ရိုက်**" ရွာအကြားရှိ ပဗ္ဗတမင်္ဂလာရုံကျောင်းမှ ထိုင်းမဟာကြံ ဆရာတော်ထံ ခိုလှုံကာ နှစ်,နှစ်ခန့် စာဝါသင်ယူသည်။

နှစ်,နှစ်ကြာသော် မဟာကြံဆရာတော် ထိုင်းနိုင်ငံသို့ ပြန်ကြွသွားသဖြင့် ဦးဇောတိပါလသည် ပဗ္ဗတမင်္ဂလာရုံ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူကာ ဝန်းကျင်ရွာများမှ ဒါယကာတို့အား တရားဟောကြား၍ သီတင်းသုံးသည်။ (၅)နှစ်မျှ အကြာတွင် ကျောင်းထိုင်ကျောင်းစောင့် တာဝန်မှ ရုန်းထွက်လိုသဖြင့် မဟာကြံဆရာတော်ထံကြွကာ ပညာ ဆက်လက် သင်ယူလိုသည်ဟု အကြောင်းပြလျက် ကျောင်းနေသံဃာများ၊ ဒါယကာများ



◆ အောက်မြေမှ လှမ်းမြင်ရသော ဆရာတော်ဗိမာန်

ထံ ကျောင်းကို အပ်နှံပြီးနောက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ကြွတော်မူသည်။

"**ဝပ်ခွတ်**" ကျောင်း ဆရာတော် "**မဟာအိန်**" ထံတွင် ပါဠိ၊ မွန်၊ ထိုင်း စာပေများ သင်ယူလျက် ပဋိပတ်ဆိုင်ရာ နည်းနာများကိုလည်း လက်တွေ့ သင်ယူကျင့်ကြံခဲ့သည်။

ထိုင်းနိုင်ငံတွင် လောကီ၊ လောကုတ္တရာ၊ ပရိယတ်၊ ပဋိပတ် ဆိုင်ရာ ဗဟုသုတအဖြာဖြာကို နှစ်,နှစ်ကြာမျှ သင်ယူတတ်မြောက်ပြီးနောက် ရဟန်းဝါ (၁၃)ဝါအရတွင် မြန်မာနိုင်ငံသို့ ပြန်လည် ကြွရောက်လာသည်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဆိပ်ကြီးကျေးရွာအနီးရှိ မိပရုံတောင်၊ ဖားပြုတောင်၊ တောင်ဒီတောင်များ၏ လိုဏ်ဂူများအတွင်း တောရဆောက်တည် ကျင့်ကြံတော်မူသည်။

ဒေသခံ မွန်၊ ကရင်တိုင်းရင်းသားတို့ အလွန် ကြည်ညိုလေးစားကြသည် ဖြစ်၍ ဆွမ်းခံရွာဖြစ်သော ဝင်းရော်ဆိပ်ကြီးကျေးရွာ အနောက်ဘက် အလံငါးရာ ကွာဝေးသည့် တောအုပ်အတွင်း တောရကျောင်း ဆောက်လှူကြသည်။

ဆရာတော်သည် ထိုတောရကျောင်းတွင် မိမိ၏ ရဟန်းကိစ္စလည်း မပျက်စေရဘဲ ဝန်းကျင်ကျေးရွာများမှ ဒကာ၊ ဒကာမတို့အား တရားဓမ္မဖြင့် သွန်သင်ဆုံးမ ဟောပြောတော်မူခဲ့သည်။

သက်တော် အနည်းငယ်ကြီးရင့်လာသောအခါ ဝါတွင်းနှင့် ဆောင်းကာလများတွင်သာ ဝင်းရော်ဆိပ်ကြီးတောရကျောင်း၌ သီတင်းသုံး၍ နွေဦးအစ တပေါင်းလသို့ ရောက်သောအခါ မုဒုံမြို့နယ်၊ ကော့ခပုံ ရေတံခွန်တောင်ပေါ် တောရကျောင်းသို့ ကြွရောက်သီတင်းသုံးသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခရီးသည်သုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# သစ်ခေါင်းတွင်းမှ


## ရဟန္တာရုပ်တုတော်

မောင်မြဝတနာ



▲ သစ်ခေါင်းတွင်းမှ ဂုဂိုသော ရဟန္တာရုပ်တုတော်

▼ ရဟန္တာရုပ်တုနှင့် သစ်ခေါင်းတွဲလျက် တွေ့ရစဉ်



ကျွန်ုပ်သည် **အထက်ချင်းတွင်းဒေသ၊ ဟုမ္မလင်းမြို့နယ်၊ တုံဟဲကျေးရွာ**သို့ ရောက်ခဲ့ပါသည်။ ဝါသနာအတိုင်း ဒေသအတွင်း ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်များကို စုံစမ်းမေးမြန်းရာတွင် မိတ်ဆွေ ဦးအောင်ဦးထံမှ သစ်ဆိမ့်ပင်ကြီး၏ သစ်ခေါင်းတွင်းမှ တွေ့ရှိထားသော ရှင်ဥပဂုတ္တရဟန္တာရုပ်တုတော်ရှိကြောင်း သိရပါသည်။

ကျွန်ုပ်သည် ရဟန္တာရုပ်တုတော်ကိန်းဝပ်ရာ ဘုန်းတော်ကြီးကျောင်းသို့ သွားပါသည်။ ထိုနေ့သည် ဥပုသ်နေ့ဖြစ်၍ ကျောင်းထိုင်ဆရာတော် ဦးနန္ဒမာလာနှင့် ရုပ်တုတော်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိသူ တောင်သူ ဦးကျော်ဟန်တို့အား အဆင်သင့် တွေ့ရသဖြင့် မေးမြန်းခဲ့ပြီး ဦးကျော်ဟန်၏ ပြန်လည်ပြောပြခဲ့သည့်အတိုင်း တင်ပြလိုက်ပါသည်။


'ကျုပ်က တုံဟဲရွာဇာတိပါ။ တစ်နှစ်တစ်ကြိမ် တောင်ယာသစ်ခုတ်ပြီး စပါးနဲ့ ရာသီပင်တွေ စိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော် ကျုပ်အသက် (၄၀)လောက်ကပေါ့။ ပြာသိုလထဲ တစ်နေ့မှာ ခုတ်လက်စ တောင်ယာဆီ ထွက်ခဲ့တယ်။

တောင်ယာက ရွာရဲ့ စနေထောင့် နာရီဝက်ခရီးလောက် ဝေးတယ်။ အဲဒီညနေက တောင်ယာအစပ်မှာ ရှိတဲ့ သစ်ဆိမ့်ပင်ကြီးကို ခုတ်လှဲတယ်။ အပင်ကြီးက လုံးပတ် လူတစ်ဖက်ကျော် ရှိတယ်။ အရှေ့ဘက်ကို ကိုင်းနေတယ်။

ကျုပ်ကလဲ လဲကျလွယ်အောင်ဆိုပြီး အရှေ့ဘက် မြေကြီးနဲ့ နှစ်တောင်ကွာကျော်က ပုဆိန်နဲ့ ခုတ်တယ်။ နားလိုက်ခုတ်လိုက်နဲ့ နှစ်နာရီကျော် ခုတ်ပြီး လဲကျလောက်တဲ့ အခြေရောက်တော့ အနောက်ဘက်က သစ်ကြောကို ခုတ်ဖြတ်လိုက်တယ်။

အရှေ့ဘက်ကို ကိုင်းနေတော့ အရှေ့ဘက်ကိုပဲ လဲကျမယ်လို့ တွက်ထားတာ၊ မဟုတ်ဘူးဗျ။ ဖြောင်းခနဲ အသံကြီးမြည်ပြီး အနောက်ဘက်ကို ပြန်လန် လဲကျလာတယ်။ ကျုပ်လဲ အံ့သြထိတ်လန့်ပြီး လွတ်အောင် ထွက်ပြေးရတယ်။

သစ်ပင်လဲသံကြီးက ဝုန်းဝုန်းဝေါဝေါနဲ့ တစ်တောလုံး ဟည်းသွားတာပဲ။ လဲကျပြီး ခဏကြာတော့ ကျုပ် သစ်ပင်ဆီ ပြန်သွားကြည့်တယ်။ ခုတ်ရာအောက် အရင်းပိုင်းက သစ်ခေါင်း



▲ ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသ
(သက်တော် (၂၃)နှစ်အရွယ်)ပုံတော်



▼ သစ်ခေါင်းတွင်း တွေ့ရသော စာ
(သို့မဟုတ်) အင်းပုံများ


ဖြစ်နေပြီး သစ်ခေါင်းထဲမှာ သပိတ်ပိုက်ထားတဲ့ ရဟန္တာပုံကို တွေ့လိုက်ရတယ်။

ကျုပ်လဲ ကြောက်ပြီး အိမ်ပြန်ပြေးခဲ့တယ်။ အဲဒီအကြောင်း ဘယ်သူ့ကိုမှ မပြောဘူး။ တောင်ယာဆီလဲ မသွားဘူး။ သုံး,လေးရက်ကြာတော့ တောထဲသွားတဲ့ ရွာသားတွေက ကျုပ်တောင်ယာကို ဖြတ်သွားရင်း သစ်ခေါင်းထဲက ရဟန္တာရုပ်တုကို တွေ့သွားကြပြီး တစ်ဆင့်စကားနဲ့ ဆရာတော်ကြီး ဦးပညာဝံသနား ပေါက်သွားရော။ ဆရာတော်ကြီးက ကျုပ်ကိုခေါ်မေးတယ်။ ကျုပ်ကလဲ တွေ့ပုံတွေ့နည်း လျှောက်တင်လိုက်တယ်။

အဲဒီနောက် ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့ ရဟန္တာရုပ်တုတော်ကို တွေ့တဲ့နေရာမှာ ရာဇမတ်ကာ၊ အုန်းငှက်ပျောပွဲတွေနဲ့ (၇)ရက် ပူဇော်ရတယ်။ နောက် ရုပ်တုတော်နဲ့ ဆက်

(စာမျက်နှာ (၁၀၃) သို့)

www.burmeseclassic.com



# ဟောဗိမလ္လိုင် ဓာတ်ကြီးကိုင်

ကျော်ဝင်း
(ညောင်ရမ်း- ရုံပိုင်ကြီး)
မြန်မာ့မီးရထား

ရမည်းသင်းမြို့ ဟောဗိမလ္လိုင် ဓာတ်ကြီးကိုင် အောင်မင်းခေါင်စေတီတော်၊ ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်သည် ဂိုဏ်းပေါင်းစုံ ဝိဇ္ဇာဆရာကြီးတို့၏ တောင်းပန် လျှောက်ထားချက်အရ ပထမံဘိုးတော်အောင်နှင့် လုပ်ငန်းစဉ်ဝင်တော်မူပြီးလျှင် နိုင်ငံတော်ဓာတ်တို့ကို ဖွင့်နိုးတော်မူလာရာ ၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလတွင် မြန်မာနိုင်ငံအောက်ပိုင်း အောင်မင်းခေါင်ခွဲအတွက် ရန်ကုန်မြို့ ပထမံ သာသနာပြုအဖွဲ့ဝင် ဆရာကြီးတို့အား အမိန့်အာဏာပေး၍ ကိုယ်စားထားတော်မူပြီးလျှင် လုပ်ငန်းစဉ်အရပ်ရပ်တို့ကို ဆောင်ရွက်တော်မူလေသည်။

ဘိုးတော်ဘုရား၏ အမိန့်တော်ပေးချက်ကို ဦးထိပ်ရွက်ပန်ဆင်ကြပြီးလျှင် ပထမံ သာသနာပြုအဖွဲ့ကြီးမှ ပထမံဂိုဏ်းတော်ဝင် ပါရမီရှင်တို့အား အောင်မင်းခေါင် လှေကြီးကြီးတွင် ပါဝင်နိုင်ကြစေရန်၊ ဓာတ်ကြီးကိုင်စေတီတော်ကို တည်ဆောက်ရန် ဆင့်ဆိုတော်မူလေသည်။

ပထမံ သာသနာပြုအဖွဲ့ကြီး၏ ဆင့်ဆိုချက်ကို ဦးဖြင့်ခံယူပြီးလျှင် ရမည်းသင်းမြို့ ပထမံသာသနာပြု ဦးစိုးရသည် ပုပ္ပါးတောင် ဘိုးတော်ထံသို့ ကိုယ်တိုင်သွားရောက်၍ ကန်တော့ပြီးလျှင် ပထမံအဖွဲ့ဝင်များအတွက် ဓာတ်ကြီးကိုင်စေတီတစ်ဆူ တည်ရန် ချီးမြှောက်ရန် အသနားခံတောင်းလေသည်။

ဘိုးတော်သည် နိုင်ငံတော်ဓာတ်နှင့် တကွ သာသနာတော်ဓာတ်တို့ကို ဝိဇ္ဇာဉာဏ်ဖြင့် ဝေဖန်တော်မူပြီးလျှင် ဟောဗိမလ္လိုင် ဓာတ်ကြီးကိုင်စေတီတော် တည်ရန် ဓာတ်ပထမံတော်ကို ချီးမြှောက်တော်မူလေသည်။ ၁၃၁၀ ပြည့်နှစ်၊ တန်ခူးလဆန်း (၁၀)ရက်နေ့ နံနက်(၉း၀၀)အချိန်တွင် နဝင်းပန္နက် အစုံရိုက်တော်မူပြီးလျှင် ဟောဗိမလ္လိုင် ဓာတ် ပထမံကို ချစိုက်တော်မူလေသည်။

ဤသို့အားဖြင့် ရမည်းသင်းမြို့ အောင်မြေဓာတ်၌ ဟောဗိမလ္လိုင် ဓာတ်ပထမံကို တည်စိုက်ရခြင်း၏ သဘာဝကို ပါရမီရှင်များ သိကြစေရန်



www.burmeseclassic.com

www.burmeseclassic.com





ပထမံ သာသနာပြုဆရာကြီးများ၏ ခွင့်ပြုချက်အရ သိသာရုံ ဖော်ပြပေအပ်ပါသည်။

ရမည်းသင်း အောင်မြေဓာတ်သည် ပထမံအတတ်ဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသော ပထမံဆရာကြီး ဘိုးတော်အောင်၏ မဟိဒ္ဓိဓာတ်တည်စိုက်ရာအောင်မြေ ဗောဓိအနုဂ္ဂိရတနာ အမြုတေဓာတ်တို့ ကိန်းဝပ်ရာ နေရာဌာနကြီးတစ်ခု ဖြစ်ပေသည်။

ထိုအောင်မြေ၌ ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူကြကုန်သော ပထမံဓာတ်ဝိဇ္ဇာကြီးများကိုယ်တိုင် မဟိဒ္ဓိအောင်မြေဓာတ်ကို ဖွင့်နိုးတော်မူကြသဖြင့် ပထမံဂိုဏ်းဆိုင်ရာ ပညာစခန်း ဓာတ်စခန်းတို့၏ မဏ္ဍိုင်တစ်ခုဖြစ်ပေသည်။

အောင်မင်းခေါင်ဘိုးတော်သည် ထိုပထမံအောင်မြေဓာတ်၌ ဗောဓိမဏ္ဍိုင်ဟူသောဓာတ်ကို ချစိုက်တော်မူခြင်းမှာ ထွက်ရပ်လမ်းသို့ ပို့ဆောင်နိုင်သော ပထမံပညာ အရပ်ရပ်တို့တွင် ရမည်းသင်း အောင်မြေဓာတ်သည်လည်း ဓာတ်မကြီးအနေဖြင့် တစ်ခုအပါအဝင်ဖြစ်သောကြောင့် ပါရမီရှင်များ သိသာကြစေရန် ဖော်ပြခြင်းပင် ဖြစ်ပေသည်။

ယခုလာမည့် သာသနာပွဲတွင် ပါရမီရှင်အပေါင်းတို့သည် အောင်မင်းခေါင်ဘိုးတော်၏ ဓာတ်ရတနာကြီးကို အမှီပြု၍ မိမိတို့၏ ပါရမီစခန်း၊ ဓာတ်စခန်းတို့ဖြင့် လိုက်ပါနိုင်ရမည်ဖြစ်သောကြောင့် ပထမံ သာသနာပြုအဖွဲ့ကြီးသည် မိမိတို့၏ ပထမံပညာဖြင့် လိုက်ပါနိုင်စေရန် ဓာတ်ရတနာကို မြေစိုက်သောလုပ်ငန်းစဉ်တွင် ဤရမည်းသင်း အောင်မြေဓာတ်သည် ပွဲဦးထွက် သာသနာအရသာကို ဆွတ်ခူးမည့်အောင်မြေဓာတ်ကြီး ဖြစ်ပေသည်။

ထိုမှတစ်ပါး ဗောဓိမဏ္ဍိုင်ဓာတ်ကြိုးကိုင်စေတီတော်၏ မဟိဒ္ဓိဓာတ်ကို ဝေဖန်လျှင် အောက်ပါအတိုင်း ဝေဖန်နိုင်လေသည်။

၁။ မုခ်ပေါက် နှစ်ကျိပ်ရှစ်ဆူတို့၌ ထွက်ရပ်ပေါက် မဟိဒ္ဓိဓာတ်ကို ဖွင့်ထားတော်မူသည်။

၂။ စေတီတော်၏ စတုတ္ထအာလိန်မုခ်ပေါက်လေးဖက်တွင် သာသနာပြု ဗုဒ္ဓရာဇာဓာတ်ကို ဖွင့်ထားတော်မူလေသည်။

၃။ ဉာဏ်တော်အမြင့်နှင့် စေတီလုံးပတ်,စောက် ဓာတ်တို့သည် အောင်မင်းခေါင်၏ နိုင်ငံတော် မဟိဒ္ဓိဓာတ်ကို ဖွင့်ထားလေသည်။

ဤသို့အားဖြင့် သဘာဝ (၃)ချက်အားဖြင့် ပြည့်စုံသော ဗောဓိမဏ္ဍိုင်ဓာတ်ကြိုးကိုင်စေတီ ဖြစ်သောကြောင့် သာသနာပြုလိုသော ပုဂ္ဂိုလ်များနှင့် ထွက်ရပ်လမ်းသို့ ထွက်လှမ်းလိုသော ပုဂ္ဂိုလ်တို့သည် ဤမဟိဒ္ဓိဓာတ် သဘာဝ(၃)ချက်နှင့် ပြည့်စုံသော စေတီတော်၏ ဓာတ်တော်ကို မိမိတို့နှလုံးအိမ်၌ ကိန်းဝပ်အောင် သမထဝိပဿနာတရားတို့ဖြင့် ပွားများဖမ်းဆီးချုပ်နှောင်ရပေ၏။

ထွက်ရပ်ပေါက်ပညာ ဆိုသည်မှာ တောတောင်စခန်းသို့ ထွက်၍ အားထုတ်ရသော်လည်း ဝိဇ္ဇာဆရာကြီးများ ချီးမြှောက်မှသာလျှင် ရနိုင်ပေသည်။


စာမျက်နှာ (၂၀) သို့
www.burmeseclassic.com

www.burmeseclassic.com



▲ လေးရှုရှင် စေတီတော်

သကၠရာဇ်ဝင်း (ကြေး/မြေ) ဝက်လက်

လေးရှုရှင် ရဟန္တာ

# အရှင်ဇဝန မဟာထေရ်

ဆရာတော်အရှင်ဇဝနကို **စစ်ကိုင်း တိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သစ်ဆိမ့်ကြီးကျေးရွာအုပ်စု ကူကြီး ကျေးရွာ** ဖခမည်းတော် ဦးပြား၊ မယ်တော်ဒေါ်မယ်ကတူးတို့မှ မြန်မာ သက္ကရာဇ် ၁၁၉၃ ခုနှစ်ခန့်တွင် မီးရှူး သန့်စင် ဖွားမြင်တော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီး လက်ထက် ဗွေသောဂါယနာတင်ခေတ်တွင် ထင်ရှား တော်မူခဲ့သော ရှမ်းကလေးကျွန်း ဆရာတော် အရှင်နန္ဒ၏ တပည့်ရင်း ဖြစ်တော်မူသည်။

ဆရာတော်သည် သစ်ဆိမ့်ကြီး ကျေးရွာ ရွှေပိန်းကြီး(ခေါ်) ပွတ်စေတီ မြောက်ဘက် စောင်းတန်းအဆင်း ကမ္မဋ္ဌာန်းကျောင်းငယ်လေး၌သာ အမြဲ သီတင်းသုံးတော်မူသည်။

သစ်ဆိမ့်ကြီးကျေးရွာ၊ ကူကြီးကျေးရွာ၊ လေ့ပို့ဆိပ်ကျေးရွာ၊ ရွာသစ်ကျေးရွာ ထိုလေးရွာမှ ဒါယကာ၊ ဒါယိကာမတို့ ကိုးကွယ်ကြသောကြောင့် လေးရွာရှင် ဆရာတော်ဟု ထင်ရှား ကျော်စောခဲ့ သည်။


ဆရာတော်သည် **၁၂၅၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက်၊ သောကြာနေ့ နံနက်(၈)နာရီ** အချိန် သက်တော်(၆၃)နှစ်တွင် ကမ္မဋ္ဌာန်းကျောင်းငယ်လေးပေါ်၌ ရုတ် တရက် ဖြစ်ပေါ်လာသောရောဂါဖြင့် ခန္ဓာဝန် စွန့်တော်မူခဲ့သည်။

'ဆရာတော် ပျံလွန်တော်မူသောအခါ "ရဟန္တာအရှင်ဇဝနမထေရ် ပရိနိဗ္ဗာန်ပြုလေ ပြီ"ဟု တစ်ခဲနက် အုတ်အုတ်ကျက်ကျက် အသံတို့ တစ်တောတစ်တောင်လုံး ဆူညံ သွားသည် ဆို၏။ ကောင်းကင်ယံမှ နတ် ဒေဝါများ လာရောက် ပူဇော်ကြသည်ကို ရှင်လူအများ တွေ့ကြရသည်ဆို၏။

ဆရာတော်၏ အလောင်းတော်ကို (၁)နှစ်နှင့် (၂)လကြာမျှ မီးမသင်္ဂြိုဟ် သေးဘဲထားရှိရာ ညစဉ်ညတိုင်း အလောင်းတော်မှ ဖြူနီညိုပြာ အဝါ အစိမ်း ခပ်သိမ်းသော အလင်းရောင်တို့ ကွန့်မြူးသည်ကို ရှင်လူအများ ဖူးတွေ့ ကြရသည်။

အလောင်းတော်မှ မွှေးကြိုင်သော ရနံ့များထွက်ခြင်း၊ ရေငြိမ်းနှင့်တကွ

www.burmeseclassic.com





◆ ကျောက်သလင်းခေါင်း ထည့်သွင်း ပူဇော်သည့် စေတီမြောက်ဘက်မုခ်

လေးရွာရှင် ရဟန္တာ ရှင်ဓနကျောက်စာ ◆

အလောင်းတော်ကို မ,ချီရာ၌ ထူးထူးခြားခြား ပေါ့ပါးနေခြင်း၊ ဆရာတော်သုံးစွဲသော ပရိက္ခရာ စသည်တို့ကို ရေစိမ်သောက်လျှင် ဖြစ်စေ၊ လိမ်းလျှင် ဖြစ်စေ ရောဂါပျောက်ခြင်း စသော ထူးခြားမှုများကိုလည်း ဖူးတွေ့ကြရသည်။

အလောင်းတော်ကို ကျောက်သလင်းခေါင်း၌ သွင်းထား ပူဇော်၍ ၁၂၅၇ ခုနှစ်၊ ပြာသိုလဆန်း(၁၂)ရက်၊ အင်္ဂါနေ့ မွန်းတည့်ချိန်တွင် ကျောက်သလင်းခေါင်းမှ ထုတ်၍ မီးသင်္ဂြိုဟ်သည်။ ထိုအခါ ပဲနောက်စေ့ပမာဏ ရှိသော ဓာတ်တော်များ ကျတော်မူသည်။

ထိုဓာတ်တော်များကို ကျောက်သလင်းခေါင်း၌ ထည့်၍ ထိုမီးသင်္ဂြိုဟ်ရာအရပ်၌ပင် ၁၂၅၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၂)ရက်နေ့တွင် ဉာဏ်တော်(၃၅)ပေရှိ စေတီတော်ကို တည်ထားပြီး စေတီတော်မြောက်ဘက်လိုဏ်အတွင်း၌ ထိုကျောက်ခေါင်းတော်ကြီးကို ထည့်သွင်း ပူဇော်ထားကြသည်။

ထိုမှတစ်ပါး ပုလဲအဆင်းရှိသော ဘုရားရှင်၏ သရီရဓာတ်တော်အဆူရေ ငါးဆယ်နှင့် ရဟန္တာဓာတ်တော် တစ်ပြည်သားတို့ကို လည်းကောင်း၊ ရုပ်ပွားဆင်းတုတော်များကို လည်းကောင်း၊ ပစ္စယာအဆင့်ဆင့်၌ ဌာပနာသွင်း ပူဇော်ခဲ့လေသည်။ ထိုစေတီကို **လေးရွာရှင်စေတီ**ဟု အမည်တွင်ကာ အထင်အရှား တည်ရှိနေသေးသည်။

**[ရဟန္တာ အရှင်ဓနမထေရ်၏ ကျောက်စာကို လေးရွာရှင်စေတီ အနီး ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ကျောက်စာရေးသားခဲ့သည်။]**

**သဏ်းဝင်း(ကြေး/မြေ)**
**ဝက်လက်**

စာမျက်နှာ (၁၈) အဆက်

သို့မဟုတ်က လမိုင်းဓာတ် လမိုင်းပညာကို ရရှိရုံသာ အကျိုးခံစားရချေသည်။

ယခုအခါ အောင်မင်းခေါင်ဘိုးတော်သည် ပုပ္ပါးတောင်ကလပ်မှ သီတင်းသုံးတော်မူ၍ ပါရမီရှင်တို့အား မဟာဒိဗ္ဗထွက်ရပ်ပေါက်ပညာကို ချီးမြှောက်တော်မူလျက် ခေတ်ကြိုးကိုင် စေတီတော်ကို တည်စိုက်နေလေပြီ။

ထိုစေတီတော်တို့၌ရှိသော မဟာဒိဗ္ဗဓာတ်တို့ကို ပညာစခန်းဖြင့် ဝေဖန်နိုင်ကြ၍ မိမိတို့၏ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော ဒွါယ ဟူသော (၆) ပါးသော ဒွါရတို့ကို ကိန်းဝပ်တည်နေအောင် ဆောင်ရွက်နိုင်ကြပါလျှင် တောတောင်စခန်းသို့ မကြွလှမ်းဘဲနှင့် ဤစေတီဓာတ်ကို အမှီပြု၍ ထွက်မြောက်နိုင်ပါကြောင်း ဝိဇ္ဇာလမ်းသဘောကို သိသာရုံ အကျဉ်းမျှ ဖော်ပြရပေသည်။

မှတ်ချက်

ဖခင် မနောမဟာဒိဗ္ဗဆရာကြီး ဦးကျော်ခင် ရှမ်းပိုင်းရပ် ရမည်းသင်းမြို့သည် (၁၂-၃-၁၉၇၂)နေ့တွင် ပထမသာသနာပြု ဦးစိုးရ၏ သားဖြစ်သူ ဦးလုံထော်၊ ပျဉ်တပ်ရပ် ရမည်းသင်းထံမှ ရရှိသော ၁၃၁၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၅)ရက်နေ့စွဲဖြင့် ထုတ်ပေးသော ပထမံမဂ္ဂဖင်း ပထမတွဲမှ ကူးယူပြီး သူ၏သားဖြစ်သူ ဦးဝင်းဆွေ (ဒကကမ-သလ)ငြိမ်းသည် (၁၈-၅-၁၉၈၇)တွင် ကူးရေး၍ ကျွန်ုပ်သည် (၁၂-၈-၈၈)တွင် ကူးယူပါသည်။


ဤ ရမည်းသင်းအောင်မြေဓာတ်၌ တည်ထားတော်မူအပ်သော ဓာတ်မကျိုင် ခေတ်ကြိုးကိုင်စေတီတော် ဓာတ်ကို အမှီပြု၍ ဝိဇ္ဇာလမ်းသို့ ထွက်မြောက်နိုင်ပါကြောင်း နောင်းလူတို့ သိသာနိုင်စေရန် ရေးသားဖော်ပြ၍ အပဆရာ ဦးကျော်ခင်နှင့် ဦးပွင်း ဦးလုံထော်တို့အား ဤစာစုဖြင့် ကန်တော့အပ်ပါသည်။

**ကျော်ဝင်း** *(ညောင်ရမ်း-ရုံပိုင်ကြီး)*
**မြန်မာ့မီးရထား**



www.burmeseclassic.com

www.burmeseclassic.com



◆ ဆုတောင်းပြည့် ရှစ်မျက်နှာစေတီဘုရား

မင်းဘူး မြင့်အောင်
(အသေးစား ချေးငွေလုပ်ငန်း)

ရွှေစက်တော် အထက်ခြေတော်ရာ ခြေသန်းတော် ဌာပနာထားရာ

# ရွှေစေတီတော်

မင်းဘူးမြို့ မြို့လယ်ဆုတောင်းပြည့် ရှစ်မျက်နှာ ရွှေစေတီဘုရား၏ အကြောင်း ရေးသားရန် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်မှ တိုက်တွန်းမှုနှင့် မိမိဆန္ဒကလည်း ရေးသားရန် ပြင်းပြနေသောကြောင့် ယခုဆောင်းပါးအား ရေးသားရခြင်း ဖြစ်ပါသည်။

သို့ပါသောကြောင့် ဤဘုရား၏ အကြောင်းအား ဦးစိုးမြင့်မှ သူ မှတ်မိသမျှ သိရှိသမျှအား ပြောကြားချက်တို့ကို ရေးသားဖော်ပြလိုက်ရပါသည်။

မင်းဘူးမြို့ မြို့လယ်စည်ပင်သာယာဈေး(ယခုဈေး ဈေးသစ်ပြောင်းရွှေ့သွား)၏ အနောက်တောင်ထောင့်တွင် အမှတ်(၂)ရပ်ကွက် (၁)လမ်းနှင့် (၂)လမ်းကြားတွင် အုတ်တံတိုင်းကာရံထားလျက်ရှိသော အုတ်အာရုံခံကြီးအတွင်းတွင် စေတီတစ်ဆူရှိ၏။ ဤစေတီ၏ တောင်ဘက်တွင် အုတ်အာရုံခံနှင့် ဆင်းတုတော်ရှိသည်။

ထိုစေတီကို ဆုတောင်းပြည့်ဘုရားဟု ခေါ်ကြပါသည်။ ဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်အဆိုအရ လယ်ကိုင်းမြို့အနောက်ဘက် လှည်းကြီးရွာဇာတိ ဒေါ်ဝ၏ မောင်တော်သူ ရှင်သုမေဓာရီ လယ်ကိုင်းဆရာတော်သည် မန်းရွှေစက်တော်ရာရှိ အထက်စက်တော်ရာကို မူလနေရာမှာ တောင်အစွန်းဖျားကျသဖြင့် ရွှေ့ရာ စက်တော်ရာမှာ ကွဲလေသည်။ ဆရာတော်လည်း မျက်စိကွယ်လေသည်။


နောင်မှတစ်ဖန် စက်တော်ရာ မူလရှိသောနေရာတွင် နှမဖြစ်သူ မယ်ဝက ပြန်လည်စေတီတည်လျက် ခြေတော်ရာနှင့် အလားတူ ခြေတော်ရာ တည်ထားပါမှ စက္ခုအလင်း ပြန်၍ရလေသည်။

စက်တော်ရာ အက်ကွဲ၍ ကျန်သော အစအနများကို ရဟန်းသံဃာအချို့မှ ပူဇော်ရန်အတွက် ပင့်ဆောင်လာခဲ့ဦး ယခု အမှတ်(၂)ရပ်ကွက်အတွင်းသို့ ရောက်ရှိလာစဉ် မထင်မှတ်ဘဲ မိုးများ



www.burmeseclassic.com

www.burmeseclassic.com



ရှစ်မျက်နှာ ဆုတောင်းပြည့်ဘုရား ပြုပြင်ဆဲပုံတော်



◆ ဆုတောင်းပြည့်ဆင်းတုတော်


သည်းထန်စွာ ရွာသွန်းခြင်း၊ ဧရာဝတီမြစ်အတွင်း လှိုင်းများ ထန်လာခြင်း ဖြစ်လာသည်။

ထို့ကြောင့်…

'လှေပေါ်မှာ ဘယ်သူ ဘာ လုပ်ခဲ့ကြသလဲ၊ မှန်တာ လျှောက်တင်ကြစမ်း'

ဟု ဆရာတော်ကြီးတစ်ပါးမှ မေးမြန်းကာမှ ရဟန်းတစ်ပါးမှ အောက်ပြည်အောက်ရွာရောက်လျှင် ပူဇော်ရန်

◆ တဆုန့်ဘုရား စံမြန်းသောနေရာ



◆ ဆုတောင်းပြည့်ဘုရားအနီးရှိ ညောင်ပင်ကြီး






www.burmeseclassic.com

www.burmeseclassic.com




◆ မင်းကွန်းမြို့ရှိ ဒုတိယအကြီးဆုံး ဆုတောင်းပြည့် ဆင်းတုတော်နှင့် ပန်းပုလက်ရာမြောက်သော ပန်းဆက်များနှင့် ကျောက်တိုင်



◆ ဆုတောင်းပြည့် ဘုရားသုံးဆူရှေ့ စည်တော်ကြီး

◆ ဘုရားသုံးဆူ စံမြန်းရာနေရာ





◆ ရေသဖန်ပင်ကြီးနှင့် အပင်ကြီးအကြောင်း ပြောပြသော ဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်

[illegible]တွက် မြတ်စွာဘုရား၏ ခြေတော်ရာ [illegible]ခြေသန်းတော်) ပင့်ဆောင်လာ [illegible]ကြောင်း လျှောက်ထားဖြစ်ပါသည်။

ထိုအခါ...

"[illegible]ချစ်သား မြစ်အရှေ့ဘက်ကမ်းကို ဘုရား [illegible]အဆက်ဆက် ကိန်းဝပ်စံပယ်ခြင်း မပြု [illegible]ကြပါ။ ဒါကြောင့် ဤခြေတော်ရာသည် [illegible]တွင်သာ ကိန်းဝပ်စံပယ်သင့်ကြောင်း [illegible]ပြနေပါပြီ။ အကယ်၍ မလိုက်နာ [illegible] ဖောက်၍ အသက်ဆုံးရှုံးကုန်လိမ့် [illegible]

[illegible]ကြားသောကြောင့် ဤနေရာတွင် ပင့်ဆောင်လာသော ခြေသန်းတော်အား ဌာပနာ၍ ဤဆုတောင်းပြည့် ရွှေစေတီဘုရားကို တည်ထားသည်ဟု ဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်မှ ပြောပြပါသည်။

ရှေးအခါက တရားတဘောင် ဖြစ်ပါက ဆုတောင်းပြည့်ဘုရား ရှေ့တွင် သစ္စာဆို၍ တိုင်တည် ပါက အမှုအခင်းများ အောင်မြင်သည်ဟု ပြောဆိုပါသည်။ မိမိတို့ လိုလား တောင့်တအပ်သော

 (စာမျက်နှာ(၁၅၂) သို့)

www.burmeseclassic.com

www.burmeseclassic.com

aMumjimaqs4yg



# usm;revli tm;oe&atmi jynp; trsl;om;tm;aq;uaqmi

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးတုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်ဆဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုတ်ခဲတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

aq;xwvyyi&i;
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

aq;jzecsa&;- jynp; aq;uXme
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်ခြမ်း၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

# လပွတ္တာမြို့ဘာနီးမှ

ထူးခြားသော သာသနာ့မြေ

ဒေါက်တာ သာရာသိန်း
(လပွတ္တာ)

ရန်ကင်းတောင် သာသနာ့မြေသို့ ဘုရားဖူးရန် ဆိုင်ကယ်ဖြင့် လပွတ္တာမြို့မှ ထွက်ခဲ့ကြသည်။ နံနက်စောစော အချိန်ဖြစ်သည်။


လမ်းတွင် ဘုရားကြီးကုန်း ဘုရားဝင်ဖူး ဖြစ်သည်။ ဘုရားဖူးပြီး ဆက်လက် ထွက်ခွာခဲ့ကြရာ "**လပွတ္တလုပ်တောင်**" ရွာကို ရောက်သည်။ ယင်းရွာမှ ချောင်းကူးတံတားတစ်စင်းကို ဖြတ်ကူး၍ "**လပွတ္တလုပ်မြောက်**" ရွာကို ဆက်သွားကြရသည်။

လတောင်ရွာ၊ လမြောက်ရွာ (ဒေသအခေါ်) ရွာကြီးနှစ်ရွာသည် မြို့နှင့်နီးသဖြင့် စည်ကားသည်။ အေးချမ်းသည်။ ချောင်းခြားနေသော်လည်း တံတားကြီးထိုးထားသဖြင့် တစ်ရွာတည်းလို ဖြစ်နေသည်။

လမြောက်ရွာထိပ် (၅)ဖာလုံခန့်သာ သွားရသည်။ ရန်ကင်းတောင် သာသနာ့နယ်မြေသို့ ရောက်သည်။

သာသနာ့အလင်းရောင် ရန်ကင်းတောင် ဆံတော်ရှင် ကမ္ဘည်းမုခ်ဦးမှာ လွန်စွာ ခံ့ညားလှသည်။

မုခ်ဦးနှင့် တောင်ပေါ်တက်သည့် လှေကားတို့က ဘုရားဖူးများ ကြည်နူးသဒ္ဓါပွားစေနိုင်သည်။ ဆက်လက်၍ ရန်ကင်းတောင်ကျောင်း ဦးပဥ္စင်းနှင့်တွေ့၍ လေ့လာ မေးမြန်းခဲ့ကြသည်။ ကျောင်းဦးပဥ္စင်းမှာ ဖော်ရွေစွာ ရှင်းပြသည်။



◆ ရန်ကင်းတောင် ဆံတော်ရှင်ဘုရား

မြောင်းမြမြို့ မြစိမ်းတောင် ဆရာတော်၏ ဩဝါဒကို ခံယူ၍ ရန်ကင်းတောင် သာသနာ့နယ်မြေ တိုးတက်စည်ကားရေးကို ဆောင်ရွက်ကြသည်။

## သုံးမည်ရတောင်


ဤတောင်ရောက်လျှင် ရန်မှန်သမျှ ကင်းစင်သွားသဖြင့် ရန်ကင်းတောင်။

ရှေးအခါက တိုင်းပြည်မှ အကြောင်း အမျိုးမျိုးကြောင့် ရှောင်ပြေးသောမင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ရန်ကင်းတောင် ဖောင်တော်ဦးဘုရား



ရန်ကင်းတောင်မှ မဟာမုနိဘုရား ◆


များ ရောက်ရှိသဖြင့် မင်းပုန်းတောင်။

တောင်ထိပ်အမြင့် ကုန်းရိုးကြက်ခြေခတ်ပုံရှိသဖြင့် စကြာတောင်ဟု နာမည်သုံးမျိုးခေါ်ကြောင်း ပြောပြသည်။

ဤရန်ကင်းတောင်သို့ ရှေးမင်းအဆက်ဆက် ရောက်ရှိခဲ့ကြသည်။ နောက်ဆုံးရောက်ရှိသော မင်းမှာ ဘုရင်မကြီး ရှင်စောပုဖြစ်သည်။ သာသနိက အဆောက်အအုံဟောင်းများ၊ ဘုရားပြိုပျက်များ အထောက်အထားအရ သိရှိရသည်။

မြစ်ဆိပ်ကမ်းတွင် ဖောင်တော်ဆိုက်ကပ်၍ တက်ရောက်သောနေရာတွင် ဖောင်တော်ဦးစေတီ တည်ထားသည်ကို ဖူးတွေ့ရသည်။

◆ ရန်ကင်းတောင်တော် မုခ်ဦး



## ဆံတော်ရှင်စေတီတော်

ရန်ကင်းတောင်သို့ ရောက်လျှင်






www.burmeseclassic.com

www.burmeseclassic.com






◆ ဦးပဥ္စင်း ဦးဓမ္မာဝရနှင့် ရန်ကင်းတောင် ဘ.က ကျောင်း

ဗျာဒိတ်ပေးဘုရား ▶

▼ ရန်ကင်းတောင်တော်မှ တူးဖော်ရရှိသော

နှစ်ဖက် မျက်နှာပြည့် အင်းချပ်ကြီး



မုခ်ဦးလှေကားမှ လှမ်းမြင်နေရသည့် စေတီတော်မှာ ဆံတော်ရှင် စေတီတော်ဖြစ်သည်ဟု ကျောင်း ဦးပဥ္စင်းမှ ပြောပြသည်။

မြစိမ်းတောင်ဆရာတော်၏ တာဝန်ပေး စေခိုင်းချက်အရ လပွတ္တာမြို့မှ ဦးကြည်သိန်းမိသားစုမှ ပြုပြင်မွမ်းမံကြသည်။ စေတီလုံးတော် မွမ်းမံခြင်း၊ ထီးတော်အသစ် တင်လှူခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်းများ ဆောင်ရွက်ကြသည်။

စာရေးသူတို့အဖွဲ့ စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ အေးချမ်းသော ပတ်ဝန်းကျင်နှင့် ဆံတော်ရှင်စေတီတော်မှာ အလွန်လိုက်ဖက် ပနံရလှသည်။ အနောက်ဘက်တွင် ကိုးတောင်မြစ်ကမ်းကို မြင်ရသည်။ ဘုရင်မကြီးရှင်စောပု ဖောင်တော်ဆိုက်ကပ်နေရာဟု ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com




◆ ရွှေစဝီမင်း သိမ်တော်ကြီး



◆ ရွှေစကြာ ဘုရားဟန်ဆောင်း

◆ မယ်တော်ကြီးကန်



◆ ရှင်ဥပဂုတ္တကျောင်းတော်




◆ သမီးတော်ကန်





www.burmeseclassic.com

www.burmeseclassic.com





◆ ရန်ကျင်းတောင်မှ မြောက်ဘက်ကို ညွှန်ပြတော်မူသော ရပ်တော်မူဘုရား

◆ ရန်ကျင်းတောင် ပေါ်တော်မူဘုရား ဆရာတော်ဦးစန္ဒိမာ

◆ ရန်ကျင်းတောင် ပေါ်တော်မူဘုရားနှင့် နတ်ကွန်း



## ဓမ္မစေတီမင်း သိမ်တော်ကြီး

ဓမ္မစေတီမင်းသည် ရောက်ရာအရပ်တို့တွင် ဘုရားတည်ခြင်း၊ သိမ်ဆောက်လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ဤသိမ်တော်ကြီးအပါအဝင် သိမ်ပေါင်း (၃၉၇)သိမ် လှူဒါန်းခဲ့ကြောင်း သိရသည်။ သိမ်ဟောင်းကို ပြန်လည်တည်ဆောက်ထားသည်။

## မယ်တော်ကန်၊ သမီးတော်ကန်

ကန်ကြီးများမှာ မပြုပြင်သဖြင့် တိမ်ကောနေပြီ ဖြစ်သည်။ မယ်တော်ကန်၏ ပေါင်များတွင် သစ်ပင်များ၊ ဝါးပင်များ ပေါက်နေသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



◆ ရန်ရှင်းတောင်ထိပ် တောချုံရှင်းရာမှ တွေ့ရှိသော ဘုရားပျက်

◆ ရန်ရှင်းတောင်မှ သီလရှင်လေး ဝေဠုဝတီနှင့်
စောရန်နောင် စောရန်အောင် နုတ်ကွန်




◆ ရန်ရှင်းတောင်ထိပ် တောချုံများ ရှင်းရာမှ
တွေ့ရှိသော ဘုရားပျက်များ

◆ အရိမေတ္တေယျဘုရားလောင်း
နတ်သားရုပ်ထု



◆ ဘုရင်မကြီး ရှင်စောပု ဖော်ထုတ် ဆိုက်ကပ်သည့် ကိုးတောင်မြစ်









www.burmeseclassic.com

www.burmeseclassic.com





◆ အိပ်မက်ပေးသဖြင့် တူးဖော်ရာမှ ရအောင်သော သောက်ရေတွင်း

◆ တောရှင်းရာမှ ပေါ်လာသော ဘုရားပျက်များ ပြန်တည်ထားသော ကျောက်ပုံစေတီ

သည်။ သမီးတော်ကန်ပေါင်တွင် ငှက်ပျောပင်များ စိုက်ထားကြသည်။

ရန်ကင်းတောင် သာသနာ့နယ်မြေတွင် ဘုန်းတော်ကြီး ပညာသင်အခြေခံ မူလတန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနေသည်။ စာရေးသူတို့အဖွဲ့ ဓာတ်ပုံရိုက်ခဲ့ကြသည်။

## ရန်ရှင်းတောင်

ရန်ကင်းတောင်မှ (၁)မိုင်ခန့်သာဝေးသော "ရန်ရှင်းတောင်ပေါ်တော်မူ"ဘုရားသို့ ဆက်သွားဖြစ်သည်။ ပေါ်တော်မူစေတီတော်အား လက်ယာရစ်ဖူးမြော်ကြည်ညိုကြသည်။

စေတီတော်အနီးရှိ ရန်ရှင်းတောင်ကျောင်း ဦးပဥ္စင်းနှင့် အခန့်သင့်ပင် တွေ့ခဲ့ကြသည်။ ဦးပဥ္စင်းမှ ပေါ်တော်မူ စေတီတော်နှင့် ပတ်သက်သမျှ ပြောပြသည်။

ရန်ရှင်းတောင်မှာ ယခင်က တောထူထပ်စွာ ပေါက်ရောက်လျက် ရှိသည်။ မြွေပေါသဖြင့် လူအသွားအလာနည်းသည်။ တောခုတ်သမားများ တောခုတ်၊ ထင်းခွေရာမှ စေတီပျက်တစ်ဆူ တွေ့ရှိသည်။ တောချုံများရှင်းရာမှ ပေါ်လာသဖြင့် ပေါ်တော်မူစေတီအမည်တွင်သည်။

စေတီပျက်တစ်ဝိုက်တွင် တောချုံများ ရှင်းရာမှ နောက်ထပ် စေတီပျက်များ တစ်ဆူပြီး တစ်ဆူ ထပ်တွေ့၊ ထပ်ပေါ်လာသဖြင့် ပေါ်တော်မူဘုရားတောင်ဟုလည်း ခေါ်ကြသည်။

ကျောက်ပုံ စေတီပျက်ဟောင်းများမှာ တချို့ မြေကမူသဖွယ်၊ တောင်ပို့သဖွယ် တည်ရှိကြသည်။ ရန်ရှင်းတောင်တစ်ဝိုက်တွင် စေတီပျက်၊ စေတီဟောင်းများ ထပ်တွေ့၊ ထပ်ပေါ်လာနိုင်သေးသည်။

ရန်ရှင်းတောင်ပေါ်မှ ဗျာဒိတ်ပေးရပ်တော်မူ ရုပ်ပွားတော်ကြီးမှာ ကြည်ညိုဖွယ် သပ္ပာယ်လှသည်။ မြောက်ဘက်ကို လက်ညှိုးညွှန်ပြနေသည်။ ပေါ်တော်မူစေတီအနီးတွင် စောရန်နောင်၊ စောရန်အောင် နတ်ကွန်းကိုလည်း ခံ့ညားစွာ တွေ့ရသည်။

ရန်ရှင်းတောင် ဦးပဥ္စင်းမှ ပေါ်တော်မူ စေတီတော် ပြန်လည် ပြုပြင်မွမ်းမံခြင်း၊ အလှူရှင်၏ ထူးဆန်းသော အိပ်မက်အကြောင်း ပြောပြသည်။

**(မှတ်ချက်။ ။ စာရေးသူမှ အလှူရှင်ဖြစ်သော လပွတ္တာမြို့မှ ဦးကြီးမြင့်အား တွေ့ဆုံ၍ ပြည့်ပြည့်စုံစုံ မေးမြန်း ရေးသားလိုက်သည်။)**

## ထူးဆန်းသော အိပ်မက်

'ရန်ရှင်းတောင် ပေါ်တော်မူဘုရားကို ပြုပြင်ပါ
ရောင်တော်ဖွင့်ပါ၊ ဘိုးတော်ကြွလာမယ်'

လပွတ္တာမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးကြီးမြင့် အိပ်မက်ထဲတွင် ကြားရသောအသံ ဖြစ်သည်။ အိပ်ရာမှ နိုးသည်အထိ နားထဲ စွဲနေသည်။ ဦးကြီးမြင့်သည် နောက်တစ်နေ့တွင် မြစိမ်းတောင် ဆရာတော်ထံ သွားရောက်ပြီး အိပ်မက်အကြောင်း လျှောက်ထားသည်။


ဆရာတော်မှ...

'သိပ်ကောင်းတာပေါ့၊ သာသနာပြု



www.burmeseclassic.com

www.burmeseclassic.com



◆ အိပ်မက်အရ ကျောက်ဖျာကြီးကို တောက်တူးရသော ရေတွင်း

အိပ်မက်ကြောင့် ဘုရားအကာ၊ ရေတွင်းအကာ ဖြစ်လာသူ

ဦးကြီးမြင့်နှင့် ရန်ကင်းတောင်ကျောင်း ဦးပဥ္စင်း ◆



လုပ်ငန်းဆိုတာ လုပ်ချိန်တန်မှ လုပ်လို့ရတာ ဆက်လုပ်ပါ'

ဟု အမိန့်ရှိသည်။

ဦးကြီးမြင့်+ဒေါ်ရီရီမြင့်တို့ မိသားစုမှ တာဝန်ယူ ဦးဆောင်၍ ပေါ်တော်မူစေတီ ထီးတော်တင်လှူခြင်းနှင့် စေတီတော်အား ရောင်တော်ဖွင့် လုပ်ငန်းများ စတင် လုပ်ကိုင်ကြသည်။ မြစိမ်းတောင်ဆရာတော်၏ ဩဝါဒကို ခံယူ၍ ရန်ရှင်းတောင်ကျောင်း ဦးပဥ္စင်းမှလည်း လိုအပ်တာ ကူညီသည်။ လူအင်အား၊ ငွေအင်အားဖြင့် နေ့ညလုပ်ကိုင်ကြသည်။

## အိပ်မက်ထဲမှ ကြွလာသော ဘိုးတော်

ဦးကြီးမြင့်ကိုယ်တိုင် နေ့စဉ် ဝင်ရောက် လုပ်ကိုင် အားပေးခဲ့သည်။ ပေါ်တော်မူစေတီအနီးရှိ ဇရပ်ငယ်တစ်ဆောင်တွင် နေ့ခင်း အလုပ်နားကြသည်။ ဦးကြီးမြင့်လည်း အလုပ်နားနေရာမှ မေးခနဲ အိပ်ပျော်သွားသည်။

ပုဆိုးအဖြူ၊ အကျီအဖြူ၊ ခေါင်းပေါင်းအဖြူနှင့် အဘိုးအိုတစ်ယောက် တောင်ဝှေးတစ်ဖက်က ကိုင်ရင်း ဦးကြီးမြင့်ထံ တန်းတန်းမတ်မတ် လျှောက်လာသည်။

'ဒီမှာ သား...မင်းအလုပ် ဒီနေ့မပြီးသေးဘူး ပေါဟိုနားက အပင် သုံးပင်ကြားမှာ ရေတွင်း ဆက်တူး သုံးမကုန်အောင် ရေထွက်မယ်။ မင်းအိတ်ထဲမှာလဲ ငွေတစ်သောင်းတိတိ ရှိတယ် မဟုတ်လား'

စကားဆုံးသည်နှင့် အိပ်ရာမှ နိုးသွားသည်။ ချက်ချင်းပင် ဦးကြီးမြင့်တစ်ယောက် အိတ်ထဲမှ ပိုက်ဆံများ ထုတ်စစ်ကြည့်သည်။ တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်၊ ဈေးဝယ်ပြီးပြန်အမ်းလိုက်သော နှစ်ရာတန်၊ တစ်ရာတန် စုစုပေါင်း တစ်သောင်းကျပ်တိတိ ဖြစ်နေသည်။

## ရေတွင်းတူးခြင်း

အိပ်မက်အရ ဝတ်ဖြူစင်ကြယ်နှင့် အဘပြသောနေရာတွင် ရေတွင်းတူး ကျွမ်းကျင်သူများ ငှား၍ တူးကြသည်။ အောက်တွင် ကျောက်ဖျာကြီးခံနေ၍ ခဲရာခဲဆစ် လူအားသုံး၍ တူးရသည်။ ကျောက်ဖျာကြီး ပေါက်သွားသည့်အခါ ရေမှာ အလုံးလိုက် ကန်ထွက်လာသည်။ ရေတွင်းတူးသမားများ စူးများ၊ ဆောက်များ မယူနိုင်ဘဲ လှေကားမှ တက်ပြေးခဲ့ကြရသည်။

'ပွဲတော်ရက်များမှာ သုံးချင်သလောက်သုံး။ ခပ်ချင်သလောက်ခပ် ရေတွင်း ဒီတစ်တွင်းပဲ ရှိတယ်။ ရေမလျော့ဘူး'

ဟု ထပ်မံပြောပြသည်။

ရန်ကင်းတောင်သို့ ဘုရားဖူးသွားသူများ ရန်ရှင်းတောင် ပေါ်တော်မူဘုရားသို့ ဆက်လက် သွားရောက် ဖူးမြော်လေ့လာသင့်သည်။ ကြည်ညိုဖွယ်ရာ ဘုရားစေတီများရှိသလို ရှေးဟောင်းဘုရားပြို၊ ဘုရားပျက်များလည်း ရှိသည်။

ရေတွင်းဒကာ ဦးကြီးမြင့်၏ အိပ်မက်ပေး ရေတွင်းကိုလည်း ကြုံလျှင် လေ့လာသင့်ပါကြောင်း လမ်းညွှန်လိုက်ရပါသည်။

**အရပ်ဘ ဆရာသိန်း (လေးဗွာ)**

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူးများ ကာယ်တင်စောင့်ရှောက်ခြင်းနှင့်

# အလိုအလျောက် ကြွလာသော ဘုရား

စေန္ဒာမိုး (တောင်ငူ)

စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **"ဂမ္ဘီရ ကျောက်မြစ်ပွား"**အကြောင်း တင်ပြခဲ့ဖူးပါသည်။ အနှီ ကျောက်မြစ်ပွားလေးကို ပိုင်ရှင်ဖြစ်သူ ငယ်သူငယ်ချင်း **ဦးလှအောင် (ရဲတပ်ကြပ်ကြီး)**အား ပြန်လည်ပေးအပ်ရန် စောင့်မျှော်နေမိပါသည်။

ဤသို့နှင့် တစ်လခန့်အကြာ နေ့တစ်နေ့တွင် စာရေးသူက တောင်ငူမြို့ရှိ ဗဟိုဈေးကြီးကအပြန် ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ အနောက်ဘက်ဘေးရှိ ပြည်တော်သာ တိုက်ခန်းများအနီးမှာ သားအဖနှစ်ယောက် လမ်းလျှောက်လာနေသည်ကို တွေ့ရသည်နှင့် ဆိုင်ကယ်လေးကို သူတို့သားအဖအနီး ထိုးရပ်ကာ စာရေးသူမှ...

'ဟေ့ကောင်လှအောင် ပျောက်လှချည့်လား၊ မင်းပစ္စည်းလဲ လာမယူဘူး၊ အခုကော ဘယ်သွားကြမှာတုံး'

ဟု မေးရာ သူငယ်ချင်း ဦးလှအောင်မှ...

'ဟာကွာ မပြောချင်တော့ပါဘူး။ ငါ့မိန်းမက ကားတိုက်ခံရလို့ ဆေးရုံတင်ထားရတယ်။ အဲဒါ အခု ဆေးရုံသွားမလို့'

ဟု ပြောပါသည်။ နောက်နေ့မှ သူ့ပစ္စည်း လာယူမည်ဖြစ်ကြောင်းကိုလည်း ပြောသွားပါသည်။

ဤလိုနှင့် တစ်လလောက်ကြာမှ သူ့ပစ္စည်းကို လာယူပါသည်။ သူ့ဇနီးလည်း ဆေးရုံမှ ဆင်းလာပြီဖြစ်ကြောင်း၊ ထူးဆန်းမှုတွေ ဖြစ်ခဲ့သဖြင့် နောက်မှ အေးအေးဆေးဆေး ပြောပြတော့မည်ဖြစ်ကြောင်း ပြောသွားပါသည်။

ဒီနောက်ပိုင်းတွင် သူက ခပေါင်း



◆ ပထမတော်ထင် ပုံကြီးရဲ့တားခြင်း



www.burmeseclassic.com

www.burmeseclassic.com






▲ သွားဓာတ်တော်

◀ ဒုတိယတစ်ဆင့် ပုံကြီးချဲ့ထားခြင်း

ဆည်၌ တာဝန်ကျနေသဖြင့် စာရေးသူထံသို့ သူ မလာဖြစ်တော့ပါ။

စာရေးသူကလည်း သူ တစ်စွန်းတစ်စ ပြောသွားသည့် အကြောင်းအရာလေးတွေကို ညီမလတ် မမြမြဝင်းအား ပြောပြထားရာ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် (၃၁.၁၀.၁၂)နေ့မှာ စာရေးသူနှင့် ညီမလတ် မမြမြဝင်း၊ သူ၏ခင်ပွန်း ကိုဉာဏ်လွင်ဦး၊ သားငယ် မောင်အောင်ဆက်တို့ လေးဦးသည် အုတ်တွင်းမြို့ရှိ ဦးလှအောင်၊ ဇနီး မဝင်းဝင်းခိုင်တို့၏ နေအိမ်သို့ မေးမြန်းစုံစမ်းကာ ရောက်ရှိသွားခဲ့ပါသည်။

သူတို့၏ နေအိမ်တွင် မဝင်းဝင်းခိုင်ကိုသာ တွေ့ရှိရပြီး ဦးလှအောင်မှာ ခပေါင်းဆည်တွင် တာဝန်ကျနေကြောင်းပြောပါသည်။ ယခု နိုဝင်ဘာလကုန်တွင် ပင်စင်ယူတော့မည်ဖြစ်ကြောင်းကိုလည်း ပြောပြပါသည်။

စာရေးသူတို့ မောင်နှမနှစ်ယောက်က သိလိုသည်များကို မဝင်းဝင်းခိုင်သို့ မေးမြန်းပြီး စာရေးသူနှင့် ကိုဉာဏ်လွင်ဦးတို့မှ **အလိုအလျောက် ကြွလာသည်ဆိုသော ဘုရားဆင်းတုတော်လေးကို** ဂရုတစိုက် ဓာတ်ပုံရိုက်ယူကြပါသည်။

မေးမြန်းခဲ့သမျှ အကြောင်းအရာများကို အောက်ပါအတိုင်း စာစီပြုရေးဖွဲ့တင်ပြလိုက်ပါသည်။


## ၁။ မဝင်းဝင်းခိုင်၏ ဘာသာရေးကိုင်းရှိုင်းမှု

မဝင်းဝင်းခိုင်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုး ဖြစ်သည်နှင့်အညီ နေ့စဉ်နံနက်အိပ်ရာထ မျက်နှာသစ်ပြီးနောက် ဘုရားသောက်တော်ရေ ကပ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော်၏ ကျောဘက်တော်

အလင်းတိုင်, အမွှေးတိုင်များ ကပ်လှူပူဇော်ပြီး ဘုရားရှိခိုး ငါးပါးသီလခံယူကာ သရဏဂုံ ဆောက်တည်ခြင်း ၂၄ ပစ္စည်း ပဋ္ဌာန်းပါဠိတော်များ, ဂုဏ်တော်များ ရွတ်ပွားခြင်း၊ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုတို့ကို ဝေနေယျတို့အား မေတ္တာပို့ အမျှဝေခြင်း စသည်အားဖြင့် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် နေ့စဉ် နိစ္စဓူဝ ပြုလုပ်ပါသည်။

အုန်းသီး၊ ငှက်ပျောသီး အခြားလှူဖွယ်များနှင့် ဘုရားပွဲကိုလည်း အမြဲ ကပ်လှူပူဇော်ထားရှိပါသည်။

အခါအားလျော်စွာ မြတ်စွာဘုရားအား ဆွမ်းတော်များ ကပ်လှူရာတွင် ဘုရားစင်ရှေ့၌ ဖျာချောခင်းပြီး ဖျာပေါ်တွင် စားပွဲခုံလေးချကာ ခုံပေါ်တွင် စားပွဲခင်း ခင်းပါသည်။ ဘုရားစင်နှင့် စားပွဲခုံကြားတွင် နေရာထိုင် ခင်းပါသည်။

ထို့နောက် စားပွဲခင်းပေါ်တွင် ဆွမ်းပွဲ,ဟင်းပွဲများ၊ အချိုပွဲများကို ပန်းကန်အကြီးဖြင့် ထည့်၍ လည်းကောင်း၊ သောက်တော်ရေကိုလည်း ဖန်ခွက်အကြီးဖြင့် အောက်ခံပန်းကန်ပေါ်တွင်တင်၍ လည်းကောင်း၊ ဇွန်းများကိုလည်း ပန်းကန်တိုင်းတွင် တပ်ထားပြီး လက်ဆေးရေ၊ လက်သုတ်ပဝါကအစ လိုလေသေးမရှိ ပြင်ဆင်ပြီး ဘုရားရှင်အား ဆွမ်းတော်များ ဘုဉ်းပေးတော်မူပါရန် ရိုသေစွာ လက်အုပ်ချီ၍ လျှောက်ထားပါသည်။

တကယ့်ကိုယ်တော်တိုင် ဘုဉ်းပေးနေသည့် ပုံစံမျိုး ကပ်လှူပူဇော်ပါသည်။ ကပ်လှူနေစဉ်မှာလည်း ဆွမ်းစားပွဲရှေ့မှ အခင်းပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်ပြီး ပဝါကို ပခုံးပေါ်တင်၍ ညာလက်ဖြင့် ယပ်တောင်ကို ကိုင်ကာ ပိုးမွှားများ မလာရအောင် ယပ်ခတ်ပေးပါသည်။

ထိုသို့ ယပ်ခတ်နေစဉ် နှုတ်မှ ဘုရားဂုဏ်တော်၊ ၂၄ပစ္စည်းပဋ္ဌာန်းပါဠိတော် စသည်တို့ကို အသံထွက် ရွတ်ဖတ်၍ ကြည်ညိုပူဇော်ပါသည်။ လူတိုင်းပြုလုပ်ခဲ့သော ဘုရားရှင်အား ဆွမ်းတော်ကပ်လှူ ပူဇော်နေပုံကလေးကို အများသူငါ ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် နမူနာဓာတ်ပုံကလေး ရိုက်ယူ၍ တင်ပြပေးလိုက်ပါသည်။

မဝင်းဝင်းခိုင်သည် ဘုရားရှင်အား ဆွမ်းတော်ကပ်လှူသည့် ပစ္စည်းအားလုံးကို တခြား အိမ်အသုံးအဆောင်များနှင့် မရောဘဲ သီးသန့်ထားရှိပါသည်။

ထို့အပြင် မဝင်းဝင်းခိုင်သည် သွားရင်းလာရင်း တွေ့ရှိသည့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူ ဒုက္ခိတများကိုလည်း ကြင်နာသဒ္ဓါစိတ်နှင့် ငွေကြေးအားဖြင့် လည်းကောင်း၊ တွဲခေါ် ကူညီပေးမခြင်းဖြင့် လည်းကောင်း မိမိတတ်စွမ်းသလောက် ကူညီစောင့်ရှောက်တတ်သူတစ်ဦး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ မဝင်းဝင်းခိုင် နေအိမ်ရှိ ဘုရားစင်

◀ ဘုရားဆင်းတုတော် စတင် ဖူးတွေ့ရသည့်နေရာ

## ၂။ ထူးခြားသော ရွှေဝါးပင်၏ နိမိတ်ပုံ

မဝင်းဝင်းခိုင်တို့ ဇနီးမောင်နှံသည် ဤခြံသို့ ဝယ်ယူပြောင်းရွှေ့ နေထိုင်လာခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူ ဦးလှအောင်မှ ရှမ်းပြည်နယ်ဘက်တွင် တာဝန်ထမ်းဆောင်စဉ်က လက်ဆောင်ရရှိလာခဲ့သော **ရွှေဝါးပင်ကို(ဝါးနက်ပင်နှင့် ပုံစံတူပြီး ဝါးလုံးအရောင်မှာ ရွှေရောင်(အဝါရောင်)ဖြစ်ပြီး ဝါးနက်ပင်ထက် အလုံးသေးပါသည်။)**ကို ခြံရှေ့ရှိ စနေထောင့်နေရာတွင် စိုက်ပျိုးထားရှိခဲ့ရာ ယခုအချိန်တွင် ဝါးလုံး (၂၀)ပင်လောက်ရှိသော ဝါးရုံကြီးဖြစ်၍နေပါသည်။

ထိုရွှေဝါးရုံကြီးတွင် အဝါရောင်ရွှေဝါးများ၌ အစိမ်းရောင်ရှိသော ဝါးသုံးပင် ထွန်းပေါက်နေပြီး တစ်ပင်မှာ ဝါးလုံးတွင် အဝါတစ်ခြမ်း၊ အစိမ်းတစ်ခြမ်း ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

မဝင်းဝင်းခိုင် ကားတိုက်မခံရသေးမီကာလက ဤဝါးရုံမှ ဝါးအချို့သည် အရင်းပိုင်းမြေကြီးနှင့် တစ်မိုက်ခန့်ကွာသော အဆစ်မှ ဝါးအတက်နှစ်ချောင်းသည် ဘီလူးစွယ်သဖွယ် နေအိမ်ဘက်သို့ လှည့်ပြီး ထွက်ပါသည်။

ဤကဲ့သို ထွက်နေသည်ကို မဝင်းဝင်းခိုင်က ကြောက်လန့်နေသဖြင့် ဦးလှအောင်က မကြာခဏ ခုတ်ပစ်နေရပါသည်။

## ၃။ ကားတိုက်ခံရခြင်း

မဝင်းဝင်းခိုင်မှာ ဆိုင်ကယ်တိုက်ခံထားရ၍ ဒဏ်ရာများ ပျောက်သည်မှာ မကြာသေးပါ။ ဒါကြောင့် သွားလာရာမှာ မိမိကိုယ်ကို အမြဲ သတိထား ဂရုစိုက်နေရပါသည်။

သည်လို ဂရုစိုက်နေသည့်ကြားက နေ့တစ်နေ့မှာ မှတ်မှတ်ရရ (၁၂.၃.၁၂) နေ့ နံနက်(၁၀)နာရီအချိန်လောက်မှာ ဟင်းငုတ်ပင် လျှပ်စစ်ဓာတ်အားခွဲစက်ရုံမှာ တာဝန်ကျနေသည့် ခင်ပွန်းသည် ဦးလှအောင်ထံ သွားရောက်ဖို့ကိစ္စ ပေါ်လာပါသည်။

နေအိမ်မှအထွက် သရဏဂုံ ရွတ်ပွားခြင်း၊ ဂုဏ်တော်များ ရွတ်ပွားခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

သည်လိုနှင့် တစ်ဦးတည်း ထွက်လာရာ အုတ်တွင်းမြို့နယ်၏ ရန်ကုန်–မန္တလေး ကားလမ်းမကြီးရှိ အိုအေစစ်ဓာတ်ဆီဆိုင်အနီးတွင်ရှိသော အုတ်တွင်းကားဂိတ်သို့ အရောက်မှာ လူစီးကား ထွက်ခါနီးပြီမို့ အပြေးကလေးသွားပြီး ကားနောက်က တန်းပေါ်သို့ လှမ်းတက်ရာမှာ အပေါ်က စပယ်ယာက မဝင်းဝင်းခိုင်၏လက်ကို လှမ်းဆွဲတင်ပါသည်။

သို့သော် မဝင်းဝင်းခိုင်ခမျာ ကားကအထွက် ခြေထောက်က တန်းကို ချော်ကျသလို စပယ်ယာ၏ လက်ဖြင့်လည်း မိမိရရ မမိသဖြင့် လမ်းပေါ်သို့ ပြုတ်ကျသွားပါတော့သည်။

ထိုသို့ ပြုတ်ကျပြီး မမျှော်လင့်ဘဲ နောက်က ထိုးဝင်လာသော ကားအောက်ကို ရောက်ရှိသွားပါတော့သည်။ ကားအောက်ကို ရောက်ရှိသွားပြီး သွေးရူးသွေးတန်းဖြင့် ကုန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



◆ ဘုရားရှင်အား ဆွမ်းတော်ကပ်လှူနေပုံ

အပြင်ထွက်ရန် ကြိုးစားသော်လည်း ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာများ အပြင်းအထန်ရရှိပါသည်။

ထို့ပြင် မလှုပ်နိုင်ဘဲ "ကယ်ကြပါဦး၊ ကယ်ကြပါဦး" ဟုအော်ကာ နောက်ဆုံး **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"**ကို ရွတ်ကာ ဒုတိယမ္ပိသို့ ဆက်မရွတ်နိုင်တော့ဘဲ သတိလစ် မေ့မြောသွားပါတော့သည်။

## ၄။ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ကြုံခြင်း

မဝင်းဝင်းခိုင်မှာ ကားတိုက်ခံရပြီး မေ့မြောသွားစဉ် မှောင်မည်းနေသည့် တောအုပ်ကြီးထဲကို ရောက်ရှိသွားခဲ့ပါသည်။ ထိုတောအုပ်ကြီးထဲမှာ အလွန်ကြီးမားသည့် ခွေးနက်ကြီးနှစ်ကောင်ကို သွားတွေ့ပါသည်။

အနီ ခွေးနက်ကြီးနှစ်ကောင်သည် လျှာတွေထွက်နေပြီး သွားရည်တများများနှင့် မျက်လုံးကြီးတွေကလည်း နီရဲနေပါသည်။ ဆောင့်ကြောင့်ထိုင်ပြီးတော့ သူ့ကို ကြည့်နေကြပါသည်။

သို့နှင့် ရှေ့ဆက်သွားရာ အလွန်ကြီးမားသည့် ရွှေရောင်ခြင်္သေ့ကြီးနှစ်ကောင်ကို ထပ်တွေ့ပါသည်။ ခြင်္သေ့ကြီးတွေကလည်း သူ့ကို ဘာမှ မလုပ်ပါ။

သည်လိုနှင့် ရှေ့ဆက်သွားတော့ ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေသည့် နတ်ဝတ်တန်ဆာနှင့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရှိရပါသည်။

ထိုပုဂ္ဂိုလ်က မဝင်းဝင်းခိုင်၏လက်ကို ဆွဲခေါ်သွားပါသည်။ ထိုအချိန်မှာ မဝင်းဝင်းခိုင်က သားကြီး အောင်မြင့်မြတ်နှင့် သမီးငယ် အေးမြတ်မိုးတို့ကို အော်ခေါ်နေမိပါသည်။

ထို့နောက်မှာတော့ အသက် (၇၅)နှစ်ခန့်ရှိ ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် အဘိုးအိုတစ်ဦးကို တွေ့ပါသည်။ အဘိုးသည် ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ မျက်ခုံးမွေး စသည်တို့မှာ ဖြူဖွေးနေပြီး မုတ်ဆိတ်မွေးမှာ တစ်တောင်ကျော်ကျော်လောက် ရှည်ပြီး လေမှာလွင့်နေသည်ကို တွေ့ရှိရပါသည်။

မဝင်းဝင်းခိုင်ကို ခေါ်လာသည့် နတ်ဝတ်တန်ဆာနှင့် ပုဂ္ဂိုလ်က ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် အဘိုးလက်ထဲကို မဝင်းဝင်းခိုင်အား ထည့်ပေးလိုက်ပါသည်။

ထိုအချိန်မှာ မဝင်းဝင်းခိုင်သည် သတိပြန်ရလာခဲ့ပါသည်။ သတိရ၍ အနီးက လူတွေကို မေးလိုက်တော့ တောင်ငူဆေးရုံကို ရောက်နေကြောင်း သိရပါသည်။

မဝင်းဝင်းခိုင်သည် သတိပြန်ရလာတော့ မိမိကိုယ်ခန္ဓာမှာ ဘယ်ဘက်နားရွက်တစ်ဖက် ပြတ်သွားပြီး မျက်နှာတစ်ခြမ်း၊ လည်ပင်း၊ ကိုယ်လုံး၊ ပေါင် စသည်တို့မှာ အရေပြားများ စုတ်ပြဲ၍ လန်ကုန်ကြောင်း...

ညာဘက် လက်ပြင်ရိုးလည်း ကျိုးသွားပြီး ပခုံးဆစ်လည်း ပြုတ်သွားကြောင်း၊ ထို့အပြင် ညာဘက်နံရိုးမှာ ခုနစ်ချောင်းတိတိ ကျိုးသွားကြောင်းတို့ကို သိရှိလိုက်ရပါသည်။

ဤလောက် ပြင်းထန်သည့် ဒဏ်ရာများကြောင့် လူတိုင်းက သူ့ကို အသက်ရှင်နိုင်တော့မှာ မဟုတ်ဟု ထင်ထားကြပါသည်။

သို့သော်လည်း မဝင်းဝင်းခိုင်မှာ သုံးရက်မြောက်နေ့မှာ အခြေအနေကောင်းလာသည်ဖြစ်၍ ဆရာဝန်များကလည်း ဂရုတစိုက် ကုသပေးကြပါသည်။ ပေါင်မှ အသားများကို လှီးပြီး မျက်နှာနှင့် လည်ပင်းတို့မှာ အစားထိုးချုပ်၍ ကုသပေးပါသည်။

ဒဏ်ရာများက ကျောက်စလစ်ခဲများကို (၁၈)ရက်တိတိ ထုတ်ယူရရှိခဲ့ပါသည်။ သူ၏ကျန်းမာရေး တိုးတက်လာသည်ကို အံ့သြဘနန်း ဖြစ်ကြရသည့် ဆရာဝန်ကြီးများကိုယ်တိုင်ကကင် သူ့ကို စားဆေးတစ်ကတ်ကို (၁၆၀၀)ကျပ်တန် ကတ် (၂၀)ကို အခမဲ့ပေးလှူပါသည်။

မဝင်းဝင်းခိုင်၏ အမှုကို ကိုင်တွယ်သည့် ဗိုလ်လေး(မဝင်းဝင်းခိုင်အခေါ်)



www.burmeseclassic.com

www.burmeseclassic.com

က မေးပါသည်။

'မခိုင်ကို ကားတိုက်လို့ ကျွန်တော်တို့ အခင်းဖြစ်တဲ့နေရာကို လာကြည့်တော့ မခိုင်က ကားအောက်မှာ ရှိနေတာ၊ ကားဘီးကြီးက မခိုင်ကို မပိဘဲ မြောက်နေတာ တွေ့တယ်။ အဲဒါ မခိုင်က ဘယ်လိုပုဂ္ဂိုလ်မျိုး ကိုးကွယ်လို့ စောင့်ရှောက်ကြတာတုန်းဗျာ'

ဟု မေးပါသည်။ မဝင်းဝင်းခိုင်ကတော့...

'ရတနာသုံးပါးကိုပဲ ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်တာမို့ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်ကြတာထင်ပါတယ်'

ဟု ပြောပြပါသည်။

မဝင်းဝင်းခိုင်သည် ဆေးရုံမှာ နှစ်လခန့် ကုသခဲ့ရပြီး ယခုအချိန်မှာတော့ မိမွေးတိုင်း၊ ဖမွေးတိုင်း မဟုတ်တောင်မှ ယခင်ကထက် ကျန်းမာရေး ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိခဲ့ရပါသည်။

## အလိုအလျောက် ကြွလာသောဘုရား

မဝင်းဝင်းခိုင်သည် တောင်ငူမြို့ ဆေးရုံကြီးမှာ (၁)လနှင့် (၁၈)ရက်တိတိ ဆေးကုသမှုခံယူပြီးနောက် အုတ်တွင်းမြို့ရှိ မိမိနေအိမ်သို့ ပြန်ရောက်ခဲ့ပါသည်။ နေအိမ်ကို ရောက်သည်ဆိုလျှင်ပဲ ဘုရားဝတ်ပြုစဉ် ဘုရားစင်၏ မှန်ကျောင်းဆောင်ရှေ့မှာ ကြာပလ္လင်ပေါ်တွင် တင်ပျဉ်ခွေ စံပယ်တော်မူနေသည့် ဘုရားရုပ်ပွားတော်တစ်ဆူကို ထူးထူးခြားခြား ဖူးတွေ့လိုက်ရပါသည်။

အိမ်သားများရော နီးစပ်သူများကပါ သူတို့ ပင့်ဆောင်ထားသည်မှာ မဟုတ်ပါကြောင်း ပြောပြကြပါသည်။ နောက်ဆုံး ပြည်မြို့နှင့် ရွှေတောင်မြို့အကြား ရှိ ခ.လ.ရ(၁၄)မှ ညီမဖြစ်သူ မသင်းသင်းမိုးကို ဖုန်းဆက်လှမ်းမေးရာတွင် သူတို့လည်း မပင့်ဆောင်ပေးခဲ့ပါကြောင်း ယခု သူတို့ (မသင်းသင်းမိုး)တို့ နေအိမ်မှာလည်း အစ်မတို့အိမ်က ဘုရားနည်းတူ ဘုရားစင်မှာ ကြွရောက် စံပယ်လျက်ရှိပါကြောင်း ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်ကို ပြောပြ၍ သိရှိရပါသည်။

အုတ်တွင်းမြို့ရှိ ဦးလှအောင်၊ မဝင်းဝင်းခိုင်တို့၏ နေအိမ်တွင် အလိုအလျောက် ကြွရောက်စံပယ်လျက်ရှိသည့် ကြာပလ္လင်ရုပ်ပွားတော်လေးမှာ (မတိုင်းကောင်းတိုင်းကောင်း) ပလ္လင်နှင့် ရုပ်ပွားတော် တစ်ဆက်တည်းရှိ ဉာဏ်တော်အမြင့်မှာ တစ်လက်မခန့် (လက်သန်းတစ်ဆစ်ခန့်) ရှိပါသည်။



လည်ဆွဲဖန်ကြူတ်ကလေးနှင့် ဖြစ်ပါသည်။

ရုပ်ပွားတော်မှာ ဉာဏ်တော်သေးငယ်လှသော်လည်း ထုဆစ်ထားသည့် လက်ရာမှာ သင်္ကန်းတော် တွန့်တာလေးကအစ လက်ရာမြောက်လှပါသည်။

အရောင်တော်မှာ ရွှေရောင်လည်းမကျ၊ ကြေးရောင်လည်းမက မိုးကြိုးရောင်ရှိပြီး ခတ်သားဘုရားဆင်းတုတော်ဟု ယူဆရပါသည်။ ရုပ်ပွားတော်၏ မုဒြာဟန်မှာ **"ဘူမိဖဿ"**မုဒြာဟန် ရုပ်ပွားတော် ဖြစ်ပါသည်။ အများသူငါ ဖူးမြော်ကြည်ညို ပူဇော်သဒ္ဓါပွားများနိုင်ရန်အလို့ငှာ နှစ်ဆင့်ပုံကြီးချဲ့ ရိုက်ကူးပြီး တင်ပြပေးလိုက်ရပါသည်။

ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညို သဒ္ဓါပွားများလိုသူများ **အုတ်တွင်းမြို့နယ်၊ အုတ်တွင်းဈေး၏မြောက်ဘက် အ.ထ.ကအနီး၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ ဦးလှအောင်၊ မဝင်းဝင်းခိုင်၏ နေအိမ်ရှိ ဘုရားကျောင်းဆောင်တွင်** ကိန်းဝပ်စံပယ်လျက်ရှိပါကြောင်း ရေးသားတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**[ဤစာစုနှင့် ပတ်သက်သည့် သက်ဆိုင်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

*အန္တရာယ်ကပ်ဘေး*
*ကင်းစင်ဝေး*
*ငြိမ်းအေးကြပါစေ။*

**စေန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ဦးအိုက်ဘဲ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက် ချင်စိတ် မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို အိပ်သကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်




www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်၊ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

0;tup (vI;½k;)

þaq;on obm0aq;zu0 iypn;rm;jzi prazmpy xm;jc i;alum i
ton;yup;jc i;wu umu ,ay;E iaom aq;jzpy;on/

yi&i;-re;&nZmwi;&i;aq;0;xwvya&;
trw(q^360)! oeEn(8)vr;! r^0uvnylrle ,! &euelrl/
ze;-01691091! 09 732 43094

&r;jyne ,jzecna&;-
trw(n^9)! bwnvr;! &yuu-10! vI;½k;lrl/
ze;-082 26291! 09 473 22213 /



www.burmeseclassic.com

www.burmeseclassic.com

# ထေ့ဘုဆရာတော်ကြီး ၏

## ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ (၁၈)

ကျောက်ဆည် မင်းမဟော်

(ယခင်လမှအဆက်)



◆ ထေ့ဘုဆရာတော်ကြီး

ဟု ဦးဉာဏမှ ပြောတော့ ဦးပဏ္ဍိတကလည်း...

'တပည့်တော်လဲ အခုမှ အမောပြေသွားတော့တယ်ဘုရား'

ဟု ပြန်လည်၍ ဖြေကြားလိုက်စဉ် ဆရာတော်ကြီးသည် ဦးဉာဏနှင့် ဦးပဏ္ဍိတတို့ ရှိသည့်အနား ကြွလာပြီး...

'အရှင်ဘုရားတို့ ဒီနေရာတစ်ဝိုက်မှာ သန့်ရှင်းရေး ပြုလုပ်ကြဖျား ဒီကျောက်တုံးပေါ်မှာ ဖုံးနေတဲ့ ဘောင်မှုံ့ပင်ကိုလဲ ကပ်ပိ လိုက်ဟဲ့။ ကျောင်းမှာရှိတဲ့ သံဃာများနဲ့ ယောဂီအားလုံးကိုလဲ သန့်ရှင်းရေးလုပ်ဖို့ ခေါ်ခဲ့ကြ'

ဟု မိန့်တော်မူလိုက်သည်။

ဦးဉာဏနှင့် ဦးပဏ္ဍိတတို့က ဆရာတော် မိန့်မှာသည့်အတိုင်း တောင်အောက်သို့ ဆင်းသွားပါသည်။ ဆရာတော်ကြီးက တောင်ပေါ်မှာ တရားရှုနေခဲ့သည်။ ဦးဉာဏ၊ ဦးပဏ္ဍိတတို့ သံဃာတော်များ၊ သီလရှင်၊ ယောဂီများတို့သည် တောင်ပေါ်သို့ ရောက်လာကြသည်။ ဦးဉာဏက ဆရာတော် ညွှန်ပြထားသော နေရာများကို သန့်ရှင်းရေး ပြုလုပ်ရန် သံဃာတော်များနှင့် ယောဂီများကို ညွှန်ပြသည်။

ဦးဉာဏ ညွှန်ပြသော နေရာများကို အားလုံးက သန့်ရှင်းရေး ပြုလုပ်နေကြသည်။ ရှင်လာဘက ကျောက်တုံးပေါ်မှာ ပိတ်ဖုံးနေသော ဘောင်မှုံ့ပင်ကို ခုတ်ထွင်ရှင်းလင်းနေသည်။ ရှင်လာဘ ခုတ်ထွင်ရှင်းလင်းသော ဘောင်မှုံ့ကိုင်းများကို သီလရှင်နှင့် ယောဂီများက သယ်၍ စွန့်ပစ်ကြသည်။

ရှင်လာဘ ခုတ်ထားသော ဘောင်မှုံ့ကိုင်းကို ရှင်သံဝရက ဆွဲလိုက်ရာ ကျောက်တုံးပေါ်မှာ ကျောက်စိမ်း ဆင်းတုတော်တစ်ဆူ တွေ့ရပါသည်။ သို့နှင့် လျှော်ဖြူပင်အောက်မှာ တရားရှုမှတ်နေသော ဆရာတော်ကြီးထံသွား၍...

'ကျောက်တုံးပေါ်မှာ ကျောက်စိမ်းနဲ့ ထုလုပ်ထားတဲ့ ဆင်းတုတော်တစ်ဆူ တွေ့ရှိရပါတယ် ဘုရား'

ဟု ရှင်သံဝရက လျှောက်ထားသည်။ ဆရာတော်ကြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



▲ အထက်စံကျောင်းတိုက်

'ဟဲ့… ဟဲ့… အဲဒါ ပေါ်တော်မူဘုရားဟဲ့' ဟု မိန့်တော်မူပြီး ဆရာတော်ကြီး ကြွလာပြီး လက်အုပ်ချီမိုး၍ ပူဇော်ကန်တော့နေသည်။ သံဃာတော်များနှင့် ယောဂီများပါ ပူဇော်ကန်တော့၍ ကြည်ညိုနေကြသည်။

ထိုကျောက်တုံးက အမြင့် (၅)ပေရှိသည်။ လုံးပတ်က (၄)ပေ ပတ်လည်ရှိပြီး ကျောက်တုံး၏ ထိပ်တည့်တည့်မှာ ကျောက်စိမ်းဖြင့် ထုလုပ်ထားသော ရုပ်ပွားတော် ဖြစ်ပေသည်။ ထိုရုပ်ပွားတော်၏ အမြင့် ဉာဏ်တော်မှာ (၃)ပေကျော်ခန့် ရှိသည်။ ပလ္လင်တော်က ရွှေသားစင်စစ်ဖြစ်သည်။ ပလ္လင်မှာက နဝရတ်ကိုးသွယ် စီခြယ်ထား၍ ပူဇော်ထားသော ကျောက်စိမ်းရုပ်ပွားတော် ဖြစ်ပေသည်။

ထို ကျောက်စိမ်းရုပ်ပွားတော်ကို ဝေဘူဆရာတော်ကြီးနှင့် နောက်ပါ သံဃာတော်များက နေကဇာတင်ပြီး ပရိတ်တရားများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ နေဝင်ရီးနီအချိန်လောက်မှာ ဦးဉာဏနှင့် ဦးပဏ္ဍိတတို့ ဦးဆောင်ပြီး သံဃာတော်ငါးပါးအား ရုပ်ပွားတော်ကို စောင့်ရှောက်ရန် ထားခဲ့ပြီး ဆရာတော်နှင့် သံဃာများ၊ ယောဂီများက တောင်ပေါ်မှ ဆင်းလာခဲ့ကြပါသည်။

သံဃာငါးပါးက ညချမ်းအချိန်မှာ ဖယောင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ဘုရားပူဇော်ပြီး ကျွန်းကောင်းနွယ်ပင်အောက်မှာ သံဃာငါးပါးတို့ထိုင်ပြီး တရားနှလုံးသွင်းနေကြသည်။

ညဉ့်ဦးယံအချိန်တွင် ဆရာတော်သည် ကောင်းကင်ယံကနေပြီး တောင်ပေါ်သို့ကြွလာသည်။ ဦးဉာဏနှင့် သံဃာငါးပါးက တွေ့မြင်ရပြီး လက်အုပ်ချီကန်တော့၍ အသံမပေးဘဲ ဆရာတော်ကြီးကို အကဲခတ်ကြည့်၍ ကြည်ညိုနေသည်။ ဝေဘူဆရာတော်ကြီးက ရုပ်ပွားတော်ကို ဖယောင်းတိုင်နှင့် နံ့သာတိုင်များ ပူဇော်ပြီး တရားရှုနေသည်။

## ဥစ္စာစောင့်များ ဆွမ်းလာကပ်ခြင်း

အရုဏ်တက်ချိန်မှာ အသက် (၃၅)နှစ်ခန့်ရှိသော ဒါယကာကြီးနှစ်ဦးနှင့် ဒါယိကာမသုံးဦးတို့သည် ဒေါင်းလန်းကိုယ်စီနှင့် ဆွမ်းပွဲရွက်လာပြီး ဝေဘူဆရာတော်ကြီးကို ကပ်လှူကြသည်။ ဆရာတော်ကို အရုဏ်ဆွမ်းကပ်လှူပြီး ဦးဉာဏနှင့် သံဃာ (၅)ပါးကိုလည်း ဆွမ်းကပ်လှူ၏။ ဦးပဏ္ဍိတက ''ဆွမ်းစားပြီးရင် ရေနွေးကြမ်းနဲ့ လက်ဖက်ကလေး စားရရင် ကောင်းမှာ''ဟု စိတ်တွင်းက ဆွမ်းစားရင်း တွေးတောစဉ် ဒါယိကာမတစ်ဦးသည် ရေနွေးနှင့် လက်ဖက်သုပ်တို့ကို လာရောက် ဆက်ကပ်လှူဒါန်းသွားသည်။





www.burmeseclassic.com

www.burmeseclassic.com

ဝေဘူဆရာတော်ကြီးက တောင်အောက်သို့ ကြွသွားသည်။ ဦးဥာဏတို့ငါးပါးက ဘုရားမပြီးမချင်း တောင်ပေါ်မှာ နေရသည်။ တောင်ပေါ်မှာ ဘုရားပေါ်သည်ဟူသော သတင်းနှင့်အတူ ပေါ်တော်မူဘုရားဟူသော သတင်းက ပတ်ဝန်းကျင်တွင် ပြန့်သွားသည်။ ဝေဘူဆရာတော် တောင်ပေါ်မှာ ပေါ်တော်မူစေတီ တည်နေသည်ဟု သတင်းစကားက ကျောက်ဆည်မြို့နှင့် ကျေးရွာများပါမကျန် ထပ်မံ သတင်းပျံ့နှံ့သွားလေသည်။

ဝေဘူတောင်မှာ ဆရာတော် စေတီတည်နေစဉ် မြို့ရောကျေးရွာမကျန် လုပ်အားဒါနပြုကြသည့် ကုသိုလ်ရှင်တွေက များပြားလှသည်။ ဝါခေါင်လမှာ နေအပူရှိန်က ပြင်းသော်လည်း မောပန်းသည်မရှိ။ လုပ်အားဒါနပြုနေသူတို့က သူ့ထက်ငါ အားကျမခံပါ အပြိုင်အဆိုင် လုပ်အားဒါနပြုနေသည့်သူတွေကို ကြည့်ရသည်မှာ ဝမ်းသာပီတိဖြစ်စရာ ကောင်းလှပါသည်။

ဝါခေါင်လဆန်း(၁၀)ရက်နေ့က စ၍ စေတီတည်သည့်နေရာတွင် နေ့စဉ်လုပ်အားဒါနပြုကြသည့် သူများမှာ သုံးရာကျော်လောက် ရှိသည်။ နေ့ခင်းမှာ လုပ်အားဒါနပြုသည့်သူများ ရေဆာနေကြစဉ် ဒါယိကာမသုံးဦးက ရေခွက်များကို လင်ပန်းနှင့် ရွက်လာပြီး ဒါယကာကြီးနှစ်ဦးက ရေထမ်းပုံးကိုယ်စီနှင့် တောင်ပေါ်ရောက်လာပြီး ဦးစွာ ဆရာတော်ကို ကြဲရည် ကပ်လှူဒါန်းပြီး လုပ်အားဒါနပြုသည့်သူများကိုပါ ထိုဒါယိကာမသုံးဦးက ကြဲရည်ကို လိုက်၍ တိုက်ကျွေးပြီး ဒါနပြုသည်။ ဒါယိကာမတစ်ဦးကလည်း ရေလိုက်တိုက်၍ ဒါနပြုသည်။

ဘုရားတည်နေသည့် နေ့ကစ၍ တောင်ပေါ်မှာ အရုဏ်ဆွမ်း နေ့စဉ်ကပ်လှူသော ဒါယိကာမသုံးဦးနှင့် ဒါယကာကြီးနှစ်ဦးတို့မှာ တောင်မှာလာသမျှ ပရိသတ်ကိုလည်း ဆွမ်းလှူဒါန်းသည်။

ဝါခေါင်လဆန်း(၁၀)ရက်နေ့က စ၍ စေတီတည်ခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေထီးတော်တင်လှူမည် ဖြစ်ပါသည်။ တော်သလင်းလပြည့်နေ့မှာ ဘုရားဌာပနာပူဇော်ရာတွင် နတ်မင်းကြီးတို့လှူခဲ့သော ရတနာရွှေငွေနှင့် ကျတ်သရဲဘဝက နတ်ဘဝသို့ ပြောင်းလာသောနတ်က လှူဒါန်းထားသည့် စိန်ရွှေတို့အားလုံး ဌာပနာပူဇော်ပါသည်။ ထို့ပြင် ပေါ်တော်မူ ကျောက်စိမ်းဘုရားနှင့် ဓာတ်တော်များတို့ကိုလည်း ဌာပနာပူဇော်ပါသည်။

သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတော်များနှင့် ယောဂီသီလရှင်များ ရပ်ဝေးရပ်နီးမှ ဘုရားထီးတင် လာရောက်ကြသော ပရိသတ်များကို ဆွမ်းဒါနပြုရန် ထိုဒါယကာ၊ ဒါယိကာမတို့က တာဝန်ယူသွားသည်။

## ထီးတော် ပင့်ဆောင်ခြင်း

သီတင်းကျွတ်လပြည့်နေ့တွင် ဝေဘူတောင်တန်းရှိ ခေမထွဋ်ခေါင်စေတီ ထီးတော်တင်လှူပွဲမှာ လာရောက်ကြသည့် ဘုရားဖူးပရိသတ်များမှာ ကြက်ပျံမကျ စည်ကားလှသည်။

ဝေဘူဆရာတော်ကြီး ရှေ့ဆုံးမှ ကြွလာပြီး စိန်ဖူးတော်ကို ပင့်ဆောင်လာသည်။ သံဃာတော်များ ထီးတော်ပင့်ဆောင်၍ ယောဂီသီလရှင်များက ဆရာတော်ကြီး၏ ဩဝါဒကို သံပြိုင်ရွတ်ဆိုပြီး ထီးတော်ကို ပင့်ဆောင်လာသည်က ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

## ဝေဘူဆရာတော်ကြီး၏ ဩဝါဒ

၁။ သာသနာအတွင်း သက်ဆင်းကြုံလာ၊ ရခဲကြုံခဲ ထူးကဲဒုလ္လဘာ၊ တရားပျော်မွေ့ မမေ့ကျင့်ခါ၊ ဝိဇ္ဇာမျိုး စိုက်ပျိုးများသူငါ။

၂။ အဝိဇ္ဇာကြီးဖိစီးနေတာ၊ ငါပဲသူပဲ ထင်လွဲကြရှာ၊ ဒိဋ္ဌိအစွဲ ခိုင်မြဲလို့သာ၊ တဏှာညစ်အမြစ်ဖြတ်ကြပါ။

၃။ သီလတရား စောင့်ပြားဦးစွာ၊ သမာဓိအားကြီးထွားစေရာ၊ အာနာပါနရှုကြသောချာ၊ ဝါယောဓာတ်တိုးလတ်နှာဖျားမှာ။

၄။ နှာဖျားတိုးထိသတိချပ်ပါ၊ အာရုံတစ်ပါး မသွားစေရာ၊ ထိ.သိကိုမှတ် မပြတ်သိပါ၊ ရုပ်နာမ်ခွဲ မလွဲသိတော့မှာ။

၅။ နှာဖျားတိုးလတ် ရုပ်ဓာတ်ကိုမှီ၊ တေဇောဝါယောအာပေါပထဝီ ပေါင်းစုဖွဲ့စီး ဓာတ်ကြီးလေးလီ၊ ရုပ်တရား မှတ်သားမြတ်ယောဂီ။

၆။ တွေ့ထိသိမှတ် နာမ်ဓာတ်အမည်၊ ရုပ်နှင့်နာမ်ပဲ မလွဲရှိသည်၊ ဆောက်တည်မရ ဖြစ်ကပျက်မည်၊ အနိစ္စဒုက္ခ ထင်ရှားသည်။

၇။ ရုပ်ဓာတ်ပေါင်းလတ် နာမ်ဓာတ်သိရှာ၊ ရုပ်နှင့်နာမ်ပေါင်း ကျိုးကြောင်းဆက်၍၊ ဖြစ်ပေါ်ပျက်မြဲ မလွဲသောချာ၊ ပရမတ် အတပ်တွေ့ကြမှာ။

၈။ အနှစ်သာရ ရှာကဗလာ၊ အနတ္တပဲမလွဲသိတာ၊ ယုံမှားရှစ်ပါး ကင်းပြားသောချာ၊ မြဂ်ဖိုလ်ကင်း အပါယ်ရွာ။


ဆရာတော်၏ ဩဝါဒကို ရွတ်ဆို၍ ထီးတော် ပင့်ဆောင်လာသည်ကို ဖူးတွေ့ ကြည်ညိုရသည်မှာ သဒ္ဓါပီတိ ဝမ်းဆီထိသလို စေတနာပီတိ လွှမ်းဖြာမိကြသည်။

ခေမထွဋ်ခေါင်စေတီ ထီးတော်တင်လှူပြီးသည့်အချိန် ခေမထွဋ်ခေါင်စေတီတော်ကို နေကဇာတင်ပြီးသည့်နောက် ဘုရားထီးတင် လာရောက်ကြသော ပရိသတ်အား ဆရာတော်ကြီးမှ သီလတရား ချီးမြှင့်ပြီး ဝေနေယျ



www.burmeseclassic.com

www.burmeseclassic.com



◆ ဝေဘူဆရာတော် ပထမကျင့်သောဂူ

သတ္တဝါတွေအားလုံး အမျှဝေပြီးလျှင် ပရိသတ်အားလုံးက ''သာဓု...သာဓု... သာဓု''ဟု သုံးကြိမ်ခေါ် လိုက်ကြသည်။

ထီးတော်တင်ပြီးသည့် ညချမ်းမှာ ဆရာတော်သည် ခေမထွဋ်ခေါင် စေတီရှေ့မှာ ဖယောင်းတိုင်နှင့် နံ့သာတိုင်များ ပူဇော်ပြီး တရားရှုနေစဉ် ဒါယကာကြီးနှစ်ဦးနှင့် ဒါယိကာမကြီးတို့ ရောက်လာပြီး ရှိခိုးဦးချပြီး...

'တပည့်တော်မတို့ ဝေဘာလတောင်တန်းက သိုက်နန်းရှင် ဖြစ်ပါတယ် ဘုရား။ ဤစေတီ စ,တည်စဉ်ကစ၍ ထီးတင်ပြီးသည့်နေ့အထိ စေတနာထက်သန်စွာဖြင့် လှူဒါန်းခြင်းသည် အရှင်ဘုရား၏ သီလ,သမာဓိ, ပညာဂုဏ်တို့ကို ကြည်ညို၍ သဒ္ဓါတိဖြစ်ပြီး လှူဒါန်းပါသည်ဘုရား။ တပည့်တော်တို့ အလှူဒါနကိုရေစက်သွန်းချပေးတော်မူပါဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှ သီလချိုးမြှင့်ပေး၍ ရေစက်သွန်းချပေးလိုက်သည်။

ထို ဒါယကာ၊ ဒါယိကာမတို့က ရေစက်သွန်းချ အမျှဝေပြီး...

'တပည့်တော်က သိုက်နန်းရှင်မယ်ညို ဖြစ်ပါတယ်ဘုရား။ သူတို့က တပည့်တော်ရဲ့ အဖွဲ့သားများ ဖြစ်ပါတယ် ဘုရား'

ဟု လျှောက်ထားပြီး ပြန်သွားလေသည်။

## ခေမထွဋ်ခေါင်စေတီသို့ တရားရှုရန် စေလွှတ်ခြင်း

ဦးဉာဏ၊ ဦးပဏ္ဍိတနှင့်ဦးကောသလ္လတို့သုံးပါး တရားရှုရန် ဝေဘူဆရာတော် စေလွှတ်ရာ ဦးဉာဏဦးဆောင်၍ သုံးပါးစလုံး ခေမထွဋ်ခေါင်စေတီသို့ ကြွလာခဲ့သည်။

ဦးပဏ္ဍိတ၏ အကျင့်က ရေနွေးကြမ်းနှင့် ဆေးလိပ်သောက်တတ်သည်။ ထိုအကျင့်ကို မဖျောက်နိုင် ဖြစ်နေပေသည်။

သံဃာသုံးပါး စေတီထံပါး ရောက်သောအခါ တရားရှုနေကြသည့် ဦးပဏ္ဍိတသည် တရားရှုနေစဉ်မှ ခေတ္တနားပြီး တရားနှလုံးသွင်း၍ လမ်းလျှောက်ပြီး နေရာမှ ပြန်လာပြီး တရားရှုရာ အရုဏ်တက်၍ အလင်းရောက်မှ သံဃာသုံးပါး ပြန်ဆင်းလာခဲ့သည်။

ညတိုင်း ခေမထွဋ်ခေါင်စေတီမှာ တရားရှုနေကြသည့် သံဃာသုံးပါးက တောင်ပေါ်ကြွရင်း...

'တပည့်တော်က အရုဏ်တက်ရင် ဆွမ်းစားပြီးချိန်မှာ ရေနွေးကြမ်းနဲ့ လက်ဖက်ဘုဉ်းပေးပြီး ဆေးလိပ်သောက်ချင်တဲ့အာသာ ဖြတ်မရအောင် ဖြစ်နေတယ်'

ဟု ဦးပဏ္ဍိတက ပြောဆိုကြသော်...



www.burmeseclassic.com

www.burmeseclassic.com

'ဆေးလိပ်သောက်တာ၊ ကွမ်းယာဝါးတာကို ဆရာတော်က မကြိုက်ဘူးကိုယ်တော်။ ကွမ်းစား၊ ဆေးသောက်ခြင်းကို ဆင်ခြင်သတိထားပေါ့'

ဟု ဦးဉာဏက ပြန်လည်ပြောလိုက်သည်။

ဘုရားရှေ့ရောက်တော့ သံဃာသုံးပါးသည် နေရာအသီးသီး ထိုင်လိုက်ပြီး တရားမှတ်နေသည်မှာ အရုဏ်တက်၍ တောကြက်တွေလည်း အသံသာသာဖြင့် တွန်နေကြသည်။ ကျောင်းတိုက်မှ တုံးမောင်းခေါက်သံ၊ ထိုးမောင်းသံ၊ ကြေးစည်သံနှင့် စည်တီးသံတို့ဖြင့် သာယာကြည်နူးလှသည်။

သံဃာသုံးပါး တရားရှုနေရာမှ နားလိုက်ပြီး ဘုရားကန်တော့စဉ် ဒါယကာကြီးနှင့် ဒါယိကာမတို့က အရုဏ်ဆွမ်းကပ်လှူသည်။ သံဃာသုံးပါးက လာရောက်ကပ်လှူသော ဆွမ်းများကို ဘုရားမှာ ဆွမ်းတော် ကပ်လှူဒါန်းပြီးမှ ဆွမ်းစားကြသည်။

နောက်တစ်နေ့မှာ တရားရှုရင်း သံဃာသုံးပါး ချောင်းဆိုးနေပြီး တရားရှုရသည်မှာ စိတ်တိုင်းမကျ ဖြစ်နေသည်။

'ဪ…အခုနေများ အရုဏ်ဆွမ်းလာကပ်တဲ့ ဒါယကာကြီးများ ချောင်းဆိုးပျောက်ဆေး လာကပ်ရင် ကောင်းမှာပဲ'

ဟု စိတ်တွင်း အောက်မေ့လိုက်စဉ် နာရီဝက်ခန့်အကြာမှာ ချောင်းဆိုးပျောက်ဆေးနှင့် ရေနွေးကြမ်းကို ဒါယကာကြီးက လာကပ်သည်။ ဒါယကာကြီး လာရောက်ကပ်သော ဆေးကို သောက်လိုက်မှ ချောင်းဆိုးသက်သာပြီး တရားကို ကောင်းစွာ ရှုနိုင်သည်။

အရုဏ်တက်တိုင်း နေ့စဉ် ဆွမ်းကပ်သည်။ သံဃာတော်များက အမည်နေရပ် မေးသော်လည်း "တပည့်တော်က ဒီနားက ရွာကပါ ဘုရား" ဟု လျှောက်ထား၍ ရှိခိုးပြန်သွားလေသည်။ သည်လိုနှင့် တစ်လလောက်အကြာမှာ ဦးပဏ္ဍိတ၏ စိတ်တွင်းက ဖြစ်ပေါ်နေသည်မှာ…

'ဆွမ်းလာကပ်သော ဒါယကာကြီးမိသားစု မနက် အရုဏ်ဆွမ်းလာပို့တဲ့အခါ ဆွမ်း၊ ရေနွေးကြမ်းနဲ့ လက်ဖက်ဆီရွှဲရွှဲဆမ်းပြီး မိသားစုလိုက် လာပို့ရင်ကောင်းမှာပဲ'

ဟု စိတ်တွင်း တမ်းတပြီး တရားကို ရှုမှတ်နေလိုက်သည်။ အရုဏ်တက်သော် ဒါယကာကြီးနှစ်ဦးနှင့် ဒါယိကာမသုံးဦးတို့ အရုဏ်ဆွမ်းနှင့် ရေနွေး၊ လက်ဖက်တို့ကို လာရောက် လှူဒါန်းလာသည်ကို တွေ့ရရာ ဦးပဏ္ဍိတသည် အံ့ဩနေမိသည်။

ညနေ(၅)နာရီခန့်အချိန် ချောင်အတွင်းရှိ သံဃာတော်များသည် ဆရာတော်ကြီးထံမှာ ဩဝါဒခံယူ၍ ဆရာတော်ကြီးကို ဝတ်ဖြည့်နေကြသည်။ ဆရာတော်ကြီးမှ…

ရှေ့လ ဆက်ဖတ်ပါရန်

**ကျောက်ဆည် မင်းမဟော်**

စာရှုသူ သူတေသီနှင့် ဝါသနာရှင်များသို့. . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

*လေးစားစွာဖြင့်. . .*


**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

# သွပ်ပြဒါးတွဲ



စာရေးသူတို့အား သင်ကြား ပြသပေးခဲ့သည့် သွပ်တွဲပြဒါး အကြောင်း တင်ပြလိုပါသည်။ ဆရာတော့်အနေနှင့် ယင်း သွပ်ပြဒါးလုံးကို ဆောင်ထားခဲ့စဉ်က လှူချင်တန်းချင်သူတွေ ပေါများလှပါသည်။

ထူးဆန်းသည့် အချက် တစ်ခုမှာ သွပ်ပြဒါးလုံး ထိုးသည့် နေ့ဆိုပါလျှင် လူပုဂ္ဂိုလ်များ၊ ရဟန်းပုဂ္ဂိုလ်များ ရောက်လာ တတ်ခြင်းပင် ဖြစ်ပါသည်။

တစ်နေ့တွင်တော့ ဆရာ တော်က စာရေးသူအား သွပ် ပြဒါးလုံးကို ချက်ပေးရန် အမိန့် ရှိလာပါသည်။ ဆရာတော်က ပြည်မြို့တွင်းသို့ နံနက် ဆွမ်း စားကြွရန် ရှိသောကြောင့် ဖြစ်ပါသည်။

စာရေးသူကလည်း သွပ် ပြဒါးလုံးကို ဓာတ်ချက်လုံထဲ ထည့်ကာ နာဖြင့် ဖားဖိုဖြင့် ချက်ကြည့်ခဲ့ပါသည်။ သွပ်ပြဒါးလုံးက နာကိုမစားပါ။ နာကလည်း သွပ်ပြဒါးလုံးကို မစားပါ။

ဓာတ်ချက်လုံဖြင့် ချက်မရတော့သဖြင့် စာရေးသူက ဓာတ်လုံးကို အရည်လင်အောင်ထိုးလိုက်၊ ဝက်ဆီ ခံရည်ထဲ လောင်းလိုက်နှင့် နံနက်(၇)နာရီထိုးမှ နံနက် (၁၁)နာရီထိုး အထိ ခံရည်လောင်းလာခဲ့ရာ နီရဲနေသော သွပ်ပြဒါးလုံးသည် ပန်းသီးရောင် အနီဖျော့ဖျော့အရောင်သို့ ပြောင်းလာခဲ့ပါသည်။

အလေးချိန် (၁)ကျပ် (၈)ပဲသားရှိသော ဓာတ်လုံးသည် (၁၂)ပဲသားမျှသာ အလေးချိန်ရှိပါတော့သည်။ ဆရာတော်လည်း ကျောင်းသခ်မ်းသို့ ပြန်ကြွလာခဲ့ပြီ ဖြစ်ပါသည်။

စာရေးသူက ဆရာတော့်အား ဓာတ်လုံးမှာ ခံရည်လောင်းရင်း လျော့လာကြောင်း လျှောက်ထားပြီး ဆရာတော်အား ပြသလိုက်ပါသည်။ ဆရာတော်က လျော့တာကို မကြောက် ကြောင်းနှင့် ခဲဖြင့် ချက်တော့ရန် အမိန့်ရှိပါသည်။

စာရေးသူကလည်း ဓာတ်လုံးကို ဓာတ်ချက်လုံထည့်ကာ နာနှင့် ချက်ခဲ့ပါသည်။ ထိုအချိန်တွင်တော့ ဓာတ်ကစား နေပါပြီ။ မကြာမီ ရောင်လေးတွေ ပြလာပြီးနောက် ဓာတ်မှာ သောတာပန်အဆင့် ရောက်ခါ ချော်မှာလည်း ပယင်းရောင် ချော် ဖြစ်လာခဲ့ပါသည်။

ဘော်သားဆိုက် ပုလဲကဲ့သို့ ဖြူဖွေးသောဓာတ်လုံးကို ရရှိခဲ့ ပါပြီ။ မှတ်တိုက်၍ ငရဲမီး စား ကြည့်ရာ အိုးမဲတန်း ခံနေခဲ့ ပါသည်။ အလေးချိန်ကတော့ သုံးမူးသားတိတိ ရရှိခဲ့ပါသည်။

ယင်း သွပ်တွဲပြဒါးလုံး ပြုလုပ်ပုံကို စာရေးသူ ဖော်ပြ ရေးသားပါမည်။

သွပ် နှစ်ကျပ်သားနှင့် ပြဒါး နှစ်ကျပ်သား တွဲရပါသည်။ ယင်း နောက် ဒုတ္တာတစ်ဆယ်ကျပ်သား အမှုန့်ထောင်း၊ ကျောက်ချဉ် ငါးကျပ်သား အမှုန့်ထောင်း၊ ဓာတ်လေးမျိုးကို ပေါင်းစပ် အမှုန့်ပြုကာ သင့်တော်သော အိုးဖြင့် ပြုတ်ရပါသည်။

ဟင်းရိုင်းနီ တစ်ကျပ်သားကိုလည်း ထည့်ပြုတ်ရပါသည်။ ရေပြာရေနောက်များကို သွန်ပစ်ပြီး ရရှိလာသော ကွမ်းဖတ်များကို နံပါတ်(၅) လုံစောက်ထဲထည့်လျက် လက်ချားမီးပေါက်သိပ်၍ သုံး၊ လေးအုပ်ထိုးလိုက်သောအခါ တစ်ကျပ်ခွဲသားကျော်ရှိသော နီရဲနေသည့် သွပ်ပြဒါးဓာတ်လုံးကို ရရှိမည် ဖြစ်ပါသည်။

ဓာတ်လုံးကို မီးတေဇောသွင်းပြီး စာရေးသူ ဆောင်ရွက်သကဲ့သို့ ပြုလုပ်ပါက ဘော်သားဆိုက် သောတာပန်ဓာတ်လုံးကို ရရှိမည် ဖြစ်ပါသည်။

အခေါက်ရွှေထုတ်ယူလျှင်လည်း ရရှိပါပြီ။ ဆောင်ထားလျှင်လည်း ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ သိဒ္ဓိ(၃)ပါး ပေါက်မြောက်မည် ဖြစ်ပါတော့သည်။


ဘုမ္မဝတီ ကိုကိုလေး
(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းရွက်ကို ကြာရှည်အထားခံအောင်



## ထိန်းသိမ်းနည်း


ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာပင် **'ကွမ်းရွက်ကို ကြာရှည်အထားခံအောင် ပြုလုပ်နည်း'**များကို လေ့လာမှတ်သားခဲ့ရဖူးသည်။ ထိုနည်းစနစ်များသည်လည်း အကျိုးကျေးဇူးရှိမှာ အမှန်ကေန်ပင် ဖြစ်ပေလိမ့်မည်။

ထိုနည်းတူစွာပင် ယခု ကျွန်တော် ရေးသားဖော်ပြမည့် ကွမ်းရွက်ကို ကြာရှည်အထားခံအောင် ထိန်းသိမ်းခြင်းနည်းစနစ်သည်လည်း စာရေးသူကိုယ်တိုင် လက်တွေ့ လုပ်ဆောင်နေသည့် လနှင့်ချီအောင် ကြာရှည်အထားခံသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။

ကွမ်းရွက်များကို အလွယ်တကူဝယ်ယူရရှိနိုင်သည့် နေရာမျိုးနှင့် ကွမ်းပင် စိုက်ပျိုးဖြစ်ထွန်းသော မြေအနေအထားရှိသည့် နေရာတို့တွင် ကွမ်းရွက်ကို ကြာရှည်အထားခံအောင် ပြုလုပ်၍ အသုံးပြုစရာ လိုအပ်မည်ဟု မထင်ပေ။

သို့သော် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော ဒီပါလဲကျွန်းလိုမျိုး နေရာမျိုးတွင် လေးလတစ်ကြိမ်ခန့်သာ ရေယာဉ်ကြို လာရောက်၍ စားနပ်ရိက္ခာနှင့် ပစ္စည်းများ ပို့ဆောင်သည့်နေရာ၊ ကွမ်းပင်စိုက်ရန် မြေမှာလည်း သဲ,ကျောက်ဆန်သော မြေနေရာမျိုး ဖြစ်သည့်အတွက် ကွမ်းပင် မဖြစ်နိုင်သည့် နေရာမျိုးတွင် ကွမ်းစားတတ်သူ ဆေးဝါးအတွက် အသုံးပြုလိုသူတို့အတွက် အတော်ပင် ဒုက္ခရောက်ကြနေလသည်။

ကျွန်းမှာရှိသည့် တောထဲတွင် အလေ့ကျ ပေါက်လေ့ရှိသည့် တောကွမ်းပင်များ ရှိသော်လည်း ထိုကွမ်းရွက်ကို ကွမ်းသီး၊ ထုံး၊ ဆေး အစုံညှိစားသော်လည်း အရသာမှာ ခါးတွတ်တွတ်သာဖြစ်ပြီး ကွမ်းထွေးရည်မှာလည်း အစိမ်းရောင်သာ ဖြစ်လေသည်။ ထို့ကြောင့် ကွမ်းရွက်ပြတ်လပ်သည့်အခါမှသာ ရသေ့စိတ်ဖြေ သဘောဖြင့် တောကွမ်းများမှ အရွက်ခူး၍ ဝါးကြရသည်။



ကွမ်းရွက်ထိန်းသိမ်းနည်းပုံကြမ်း

ထို့ကြောင့် ကျွန်တော် ရေးသားဖော်ပြမည့် ကွမ်းရွက်ထိန်းသိမ်းနည်းအတိုင်း ကွမ်းရွက်များကို များစွာမှာယူ၍ ထိန်းသိမ်းပြီး ကွမ်းရွက်ကို ကြာရှည်အထားခံအောင်ထား၍ အချိန်ဆွဲ၍ အသုံးပြုကြရသည်။

ထိုသို့ ထိန်းသိမ်းသည့်အခါ ကွမ်းရွက်များကို သုံး၍ ကုန်သည့်အခါသာရှိပြီး အထားမခံ၍ ကွမ်းရွက်များ ခြောက်သွေ့ခြင်း ရိရွဲပျက်စီးသည့်အခါဟူ၍ မရှိခဲ့သေးပေ။

**ကျွန်တော် အသုံးပြုသည့် နည်းစနစ်မှာ...**

နှစ်ပေပတ်လည်၊ နှစ်ပေအနက် မြေကျင်း (သို့မဟုတ်) သံ,ကော်တိုင်ကီ အပိုင်းဖြတ်အတွင်းသို့ ရေချိုသဲ**(ရေချိုသဲဟူသည် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသရှိ ရေချို မြစ်,ချောင်းအတွင်းမှရသော သဲမျိုးဖြစ်၍ ပင်လယ်၊ ပင်လယ်ကမ်းစပ်မှ ရေငန်ထိထားသည့် သဲမျိုးဖြစ်ပါက ရေချိုဖြင့် ဆေးကြောပေးရသည်။)** ကို ခြောက်လက်မခန့်ဒု ရှိအောင် ထည့်ပါ။

ထို့နောက် ကွမ်းရွက်များကို ရေစင်အောင်သုတ်၍ တစ်ရွက်ချင်း ဆန့်သလောက်ဖြန့်ခင်း၍ သဲတစ်လက်မခန့် ဒုရှိအောင် ပြန်ဖြူးပေးပါ။

ပြီးနောက် ကွမ်းရွက်များကို ရေစင်အောင် သုတ်ပြီး တစ်ရွက်ချင်း ဆန့်သလောက် ပြန်ဖြန့်ခင်းပါ။ သဲတစ်လက်မခန့် ဒုရှိအောင် ပြန်ဖြူးပါ။ ထိုနည်းအတိုင်း အထပ်လိုက် ပြုလုပ်၍ ထိုနည်းစနစ်အတိုင်း ကွမ်းရွက်ရှိသလောက် ပြုလုပ်ပေးရန်ပင် ဖြစ်ပါသည်။

သဲအပေါ်ယံ ခြောက်သွေ့လာပါက ရေချိုဖြင့် အနည်းငယ် ဖျန်းပက်ပေးပါ။ ကွမ်းရွက်ကို အသုံးပြုချင်ပါက အပေါ်ဆုံးအလွှာမှ စတင် ဖော်ယူအသုံးပြုနိုင်ပါသည်။

**မှတ်ချက်။ ။ ကွမ်းရွက်ထိန်းသိမ်းထားရှိသော နေရာအား နေရောင်ခြည် တိုက်ရိုက်မကျစေရန်နှင့် မိုးရေ တိုက်ရိုက်မကျစေရန် ဂရုပြုရပါမည်။**

*သစ္စာ သိမြင်နိုင်ကြပါစေ။*

**စင်ရော်**



www.burmeseclassic.com

www.burmeseclassic.com

al um j i na cq i;yj;

# Oll,ri, နှလုံးသည်းခြေဆေး

trwwcqy

၀၂၁၁Y၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ(၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



tarlajy veqe uerz
Oll,ri, (trwwcqy)
Ev;on;ajcaq;u o;plup

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ဂ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

''တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ဂ–လွှာမှာမနေဘဲ တာ၀တိံသာတက်နေ'' ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

''နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်''

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

''ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်''

''ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ''

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ ''ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ဂ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ဂ–လွှာအတွက် အမောပြေဆေးပါပဲကွယ်''

''ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား''

''ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဖဒ္ဒသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ''

''နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ''

''ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့''

''ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ''

''ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ မလေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ''

''အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ပေးပါရဲ့ ဘရဏီရယ်...''

yi&i;-Oll,ri;aq;wu အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၃၆၄၊ ၀၉ ၅၀ ၉၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com



▲ မြသပိတ်စေတီ အနောက်ဘက်စောင်းတန်းအဝ

ထက်မြင့်ကျော်စွာ

အောင်အတိတ်ဆောင်

# သိဂ်နှိုက်တောင်ရိုးဆီမှ

ပုထိုးစေတီ နေရာထူးများ (၇)

ယခင်လမှအဆက်

'ဟောဒီ လက်ယာဘက် မြေလမ်းအတိုင်း မောင်းသွားပါ။ လာဝတောင်ခြေအထိ ရောက်ပါတယ်'

ဟူ၍ ညွှန်ပြကာ ရွှေစေတီကုန်းတော်သို့ ပြန်သွားသော ကပ္ပိယကို ကျေးဇူးစကားဆိုကာ မြေလမ်းအတိုင်း လာခဲ့ကြသည်။

လမ်း၏လက်ယာဘက်တွင် တည်ဆောက်လက်စ စေတီရုပ်ပွား၊ ဓမ္မာရုံများ အစီအရီ မြင်တွေ့ရသည်။ လမ်းမှာ ကျောက်ခင်း မြေသားလမ်းဖြစ်ရာ



▲ ကြေးသွန်းတန်ဆောင်းမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



▲ ကြေးသွန်ဘုရားကြီး

အနည်းငယ် ကြမ်းပါသည်။ တောင်ပတ်ကားလမ်းကဲ့သို့ အင်္ဂတေခင်းကုသိုလ်ပြုသူ ပေါ်ပေါက်လျှင် ကောင်းလေစွဟု တောင့်တမိသည်။ တောင်ခြေတွင် ဆိုင်ကယ်ထားကာ မညီညာလှသော ကျောက်လှေကားများအတိုင်း လာဝတောင်ပေါ်သို့ တက်ရသည်။

အချို့နေရာများတွင် ကျောက်တုံးများပင်မရှိ။ ရေတိုက်စားထားသော မြေလမ်းသာ ရှိသည်။ လှေကားထစ်များမှ မနီးမဝေးတွင် တောင်တက်ကားလမ်း အုကြောင်းဖော်ထားသည်ကို တွေ့ရသည်။ မကြာလှသော ကာလအတွင်း တောင်တက်ကားလမ်း ပေါ်ထွန်းပေတော့မည်ဟု ကြိုတင်ဝမ်းမြောက်မိသည်။

မပြတ်သော မိုးကြောင့် ရှင်သန်နေ

▼ ကြေးသွန်တန်ဆောင်း



သည့် ရေညှိများအား သတိထားနင်းကာ တောင်တက်ခရီး (၁၅)မိနစ်ခန့်အကြာတွင် လာဝတောင်ပေါ်ကျောင်းကလေးကို တွေ့ရသည်။ သီတင်းသုံးတော်မူသော သံဃာတော်မှာ သထုံမြို့တွင်းသို့ ဆွမ်းခံကြွနေသဖြင့် မဖူးတွေ့လိုက်ရချေ။

ထိုမှ တောင်ပေါ်သို့ ဆက်တက်




www.burmeseclassic.com

www.burmeseclassic.com




▲ ရှင်သာရိပုတ္တရာ



▲ ရှင်မောဂ္ဂလာန်

ခဲ့ရာ ဗောဓိညောင်ပင်အောက်မှ အုတ်ကျောင်းငယ်နှင့် တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ဖူးမြင်ရသည်။ လာဝတောင်ပေါ်တွင် တောင်ပိုင်နတ်မှအစ နတ်ရုပ်၊ နတ်ကွန်း ပူဇော်ပသထားခြင်း မတွေ့ရသည်က ထူးခြားမှုတစ်ခု ဖြစ်သည်။

လာဝစေတီရင်ပြင်သို့ ရောက်သောအခါ ဖင်းကျိုက်ဆံတော်ရှင်ကဲ့သို့ ရင်ပြင်ကျဉ်းကျဉ်း၌ စေတီတော်ကြီးတည်ဆောက် ပူဇော်ထားသော ပုံဟန်ကို သတိပြုမိသည်။

ပစ္စယံသုံးဆင့်အထက် ခုံထည်ဖွံ့ဖြိုးသော ခေါင်းလောင်းမှောက်ခံကာ အထက်မှ 'ဟာမိက' ဓာတ်တော်ကြုတ်၊ ထိုအထက်မှ သွယ်လျလျ အောင်းရစ်တော်စေတီ ပေါက်ထားသည်။ ထူးခြားသော ပူဇော်မှု ဖြစ်သည်။ အထက်ပစ္စယံ ထောင့်လေးထောင့်၌ အရံစေတီလေးဆူ ပူဇော်ထားရှိသည်။

လာဝစေတီမှာ ဘွဲ့မည်အရ **'ဝေရီ'** ရန်ငြိုးဟ်တွဲ ဖြစ်လေရာ ဥစ္စာဓနတိုးတက်ရေး၊ ရရှိပြီးသော ဓမ္မိယလဒ္ဓပစ္စည်းများ တည်တံ့ရေးတို့အတွက် ရည်မှန်း၍ ကုသိုလ်ပြု ဆုပန်နိုင်သော စေတီတော် ဖြစ်သည်။

ထို့ကြောင့် စေတီရင်ပြင်ကို တစ်ပတ် ပတ်ကာ ပဋ္ဌာန်းဂုဏ်တော် ပူဇော်ခြင်းဖြင့် ဘာဝနာကုသိုလ်ပြုလျက် ဝန်းကျင်ကို လေ့လာကြည့်သည်။ စေတီလေးဖက်လေးတန် မုခ်လှေကားလေးစင်း ရှိသော်လည်း မြောက်ဘက်မုခ် စောင်းတန်းလှေကားကိုသာ အသုံးပြု တက်ဆင်းနိုင်သည်။

ကျန်လှေကားများမှာ တောင်ထွတ်တွင် သုံး, လေးထစ်မျှ ရှိရုံမျှ အခြေအနေ ဖြစ်သည်။ အောက်တွင် ကမ်းပါးပြတ်ကြီး ဆီးခံနေလေသည်။ အရှေ့နှင့် အနောက်ဘက် လှေကားများမှ တောင်ခြေသို့ အုတ်လှေကားထစ်များ တည်ဆောက်နိုင်သော်လည်း အတန်ပင် မတ်စောက်သဖြင့် ဖင်းကျိုက်တောင် စိုင်တမော့အတက်ကဲ့သို့၊ ပုပ္ပားတောင်ကလပ် အတက်လှေကားကဲ့သို့ လက်ရန်းပိုက်တန်းများ တပ်ဆင်ပေးရလိမ့်မည်ဟု တွေးမိသည်။

စေတီတော်မှ ပြန်လည် ဆင်းသက်လာပြီးနောက် တောင်ခြေသို့ ရောက်သောအခါ ဆွမ်းခံပြန်လာသော လာဝ



www.burmeseclassic.com

www.burmeseclassic.com



▲ လက်ယာဘက်မှ ဆင်တော်

▼ ပြောင်ချောနေသော လက်ဝဲဘက် ဆင်တော်





www.burmeseclassic.com

www.burmeseclassic.com



◆ တန်ဆောင်အမြင့်မှ ခေါင်းလောင်း



အဆင်းလမ်းမှ သစ်တာခါး ◆

တောင် ဦးပဥ္စင်းကြီးကို ဖူးတွေ့ရသည်။ သက်တော် (၆၀)ကျော်ပြီ ဖြစ်ကြောင်း မှန်းဆရသည်။

'သထုံမြို့တွင်းကို ဆွမ်းခံကြွလာတာလား အရှင်ဘုရား'

'ဟုတ်တယ်၊ အခုလို ချွေးထွက်နေမှ ကျန်းမာရေး ကောင်းတယ်။ တစ်လောကတောင်ပေါ်မှာပဲ အိပ်၊ စား နေလိုက်တာ နှစ်လလောက်ဖျားပြီး မနည်းကြီး ကုယူရတယ်။ ဒီနေရာဒေသတွေက လှုပ်ရှားနိုင်မှ ကျန်းမာတာကွယ့်'

လာဝတောင်စေတီမှာ လမ်းအခြေအနေအရ ဖူးမြော်သူ နည်းပါးသော်ည်း လမ်းဘေးတစ်လျှောက် တည်ဆောက်လက်စ ရုပ်တု၊ ရုပ်ပွား၊ အဆောက်အအုံများအရ မကြာသော ကာလအတွင်း အင်္ဂတေခင်း တောင်ကားလမ်းနှင့် အင်္ဂတေစောင်းတန်းများ ပေါ်ထွက်ကာ ပရိသတ်များ အလွယ်တကူ စည်စည်ကားကား ဖူးမြော် ကုသိုလ်ပြုနိုင်ကြလိမ့်မည်ဟု မှန်းဆပီတိ ဖြစ်ရပေသည်။

## ပျောက်ဆုံးနေသော ရှေးမြို့တော်

လာဝတောင်စေတီနှင့် အတူ ဒဏ္ဍာရီဆန်လှသော ရှေးဟောင်း လာဝမြို့တော်အကြောင်းကို ဒေသခံ ရဟန်းရှင်လူများ၏ ပြောပြချက်များနှင့် သမိုင်းအထောက်အထားတို့အား စုစည်းကာ တင်ပြပေးပါမည်။

လာဝတောင်ခြေရင်းရှိ ဦးသီလလိုဏ်ဂူတွင် သီတင်းသုံးတော်မူသော ဦးပဥ္စင်း ဦးတိသက...

'ဒီနေရာဝန်းကျင်မှာ လာဝလူမျိုးတွေ နေထိုင်တဲ့ လာဝမြို့တော်ဟောင်း ဆိုတာရှိတယ်။ လာဝတောင်ရဲ့ မြောက်ဘက် တောင်သုံးလုံး ဖိုခုံလောက်ဆိုင် အလယ်ချိုင့်ဝှမ်းမှာ ရှိသတဲ့။

အဲဒီနေရာကို ထင်းခွေ၊ မှော်ချိုးသူ



www.burmeseclassic.com

www.burmeseclassic.com

တွေတောင် မသွားကြဘူး။ မထင်မှတ်ဘဲ ရောက်သွားရင် မျက်စိလည်လမ်းမှားပြီး ရက်အတော်ကြာအောင် တဝဲလည်လည် ဖြစ်နေတတ်တယ်။

အဲဒီတောင်ကြားမှာ လာဝလူမျိုးတွေ ယနေ့အထိ နေထိုင်ကြတုန်းပဲဆိုတာ ရောက်ဖူးသူတွေ ပြောပြကြတယ်။ ဒါပေမယ့် နောက်တစ်ကြိမ်သွားရှာရင် မတွေ့ကြရတော့ဘူးတဲ့'


ဟူ၍ ပြောပြသည်။

သထုံမြို့တွင်းမှ (မော်လမြိုင်တက္ကသိုလ်) ကျောင်းနေဖက်တစ်ဦးဖြစ်ခဲ့သူ ကုန်သည်တစ်ဦးကလည်း ဤသို့ ပြောပြဖူးသည်။

'ကျွန်တော်တို့ မိဘတွေက ငရုတ်၊ ကြက်သွန် စားဖွယ်ကုန်စုံ ရောင်းချအသက်မွေးကြလို့ ကျွန်တော်လဲ ကုန်စုံဆိုင်ထဲမှာ ကြီးပြင်းလာရတယ်။ ဈေးဝယ်လာသူတွေက မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်း စတဲ့ ဒေသခံ တိုင်းရင်းသားတွေပါ။ ဝတ်စားဆင်ယင်မှုနဲ့ ပြောတဲ့စကားတွေကလဲ အမျိုးစုံတယ်။ ကုန်ဆိုင် ကူရောင်းပေးရင်း ထူးထူးခြားခြား တွေ့ရတာက လပြည့်လကွယ်နေ့တွေမှာ ထူးဆန်းတဲ့လူ တစ်ယောက်စ၊ နှစ်ယောက်စ တွေ့ရတတ်တယ်'

'ဘယ်လို ထူးဆန်းတာလဲ'

'အဝတ်အစားဆိုပါတော့ ပအိုဝ်းတိုင်းရင်းသားတွေက အမည်းရောင်ဝတ်စုံ၊ ကရင်တိုင်းရင်းသားဆိုရင်လဲ ရောင်စုံသင်တိုင်း၊ မွန်တိုင်းရင်းသားဆိုရင် ထဘီ၊ လုံချည် စသဖြင့် ဘာလူမျိုးနဲ့မှမတူတဲ့ အဝတ်အစားဗျာ။ ယိုးဒယား(ထိုင်း) ရာဇဝင်ဇာတ်လမ်းတွေမှာ တွေ့ရတဲ့ ဝတ်ဆင်ပုံမျိုးနဲ့ ဆင်တူတယ်။ စကားကတော့ နည်းတယ်။



◆ နေမိန္ဒရတောင်

◆ နေမိန္ဒရတောင် အနောက်ဘက်စောင်းတန်းမုခ်ဦး



သူတို့ချင်း တစ်ခွန်းတလေ ပြောဆိုတာ နားထောင်ကြည့်တော့ မွန်မဟုတ်၊ ကရင်မဟုတ်၊ ပအိုဝ်းတိုင်းရင်းသားစကား မဟုတ်နဲ့ တခြားဘာသာစကားတစ်ခုလို့ ထင်ရတယ်။ တွေ့စမှာတော့ စိတ်ပေါ့သွပ်နေတာပဲလို့ သာမန်တွေးမိတယ်။ မကြာခဏ တွေ့လာရမှ အဘိုးကို မေးကြည့်တယ်။ ရှေးမွန်တိုင်းရင်းသား စကားတစ်မျိုးတဲ့'

'ကုန်ပစ္စည်းဝယ်တော့ ဈေးစကားမပြောဘူးလား'

'မပြောဘူး သူတို့လိုချင်တာတွေ စုပေါင်းပြီး တောင်းထဲထည့်ပြီး အိတ်ထဲက ငွေဒင်္ဂါးတချို့ လက်ဝါးပေါ်တင်ပြတယ်။ ကျသင့်သလောက် တွက်ချက်ပြီး ကုန်ဖိုးနဲ့ညီတဲ့ ငွေဒင်္ဂါးကိုယူရတယ်'

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့… ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'




'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုရှိသလဲ ဆရာ'

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com






**ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–ဝ၆၁၂YR ဝဝ၆ရ၀၈**

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ၊

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်–စ/၆၆၆ သုဓမ္မာလမ်းမကြီး
သင်္ဘောမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။

**ဦးဉာဏ်ထွန်းရှိန် (စက်မှု–၁)**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ သားနှင့် ချွေးမဖြစ်သူတို့မှ...

'အဖေနဲ့ အမေလဲ အသက်ရလာပြီ၊ ပုဂံဘုရားဖူး တစ်ခေါက်လောက် လိုက်ပို့ပေးမယ်'

ဟု ပြောဆိုပြီး ဘုရားဖူးသွားရန် ပြင်ဆင်ကြပါတော့သည်။ အစီအစဉ်ရေးဆွဲကြပြီးနောက် ၂၀၁၂ ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် တောင်ငူမြို့မှ ကိုယ်ပိုင်ကားဖြင့် နံနက်(၄း၃၀)အချိန်တွင် စတင် ထွက်ခွာခဲ့ကြပါသည်။

မတ်လရောက်သော်လည်း ဆောင်းအကြွင်းအကျန် အအေးဓာတ်က မကုန်သေး၍ အနွေးအင်္ကျီများ ဝတ်ကြရသေးသည်။ စာရေးသူတို့မိသားစု ဘုရားဖူးအဖွဲ့သည် မိတ္ထီလာမြို့သို့ နံနက်(၈း၃၀)နာရီအချိန် ဆိုက်ရောက်ပါသည်။

မိတ္ထီလာ ယာဉ်ရပ်နားစခန်းတွင် နံနက်စာ မုန့်ဟင်းခါး၊ ထမင်းကြော်တို့ကို စားသောက်ကြပြီးနောက် ပုဂံမြို့သို့ ဆက်လက် ထွက်ခွာကြရာ မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သို့ နံနက်(၁၁း၃၀)နာရီအချိန် ဘေးမသီ ရန်မခဘဲ အဆင်ပြေ ချောမောစွာ ရောက်ရှိခဲ့ကြပါသည်။

ဤကဲ့သို့ အချိန်တိုအတွင်း မိုင်(၂၀၀)ကျော် ခရီးကို သွားလာနိုင်ခြင်းမှာ ရန်ကုန်–မန္တလေး အမြန်လမ်းကြီး၏ ကျေးဇူးပင် ဖြစ်ပါသည်။ ဤလမ်းမကြီးဖြစ်မြောက်အောင် စီစဉ် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များနှင့် လမ်းဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည့် သက်ဆိုင်ရာပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးတင်ရသည်။

စာရေးသူတို့မိသားစု အဖွဲ့ဝင်များ



ပုဂံမြို့ သက်တော်ရှည်ကျောင်းတိုက် မူလပထမ ဆရာတော်

# ဘဒ္ဒန္တ နန္ဒ

ဦးစံဝင်း
(သောင်ကုန်းရွာ)



◆ သက်တော်ရှည်ကျောင်းတိုက် မူလပထမ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒ
သက်တော်(၉၂)နှစ် ဝါတော်(၇၂)ဝါ

ပုဂံရောက်ပြီးနောက် ငှက်ပစ်တောင်ဘုရားကို စတင်ဖူးမြော်ပါသည်။ ငှက်ပစ်တောင်ဘုရားတွင်ပင် နံနက်စာ စားသုံးကြပါသည်။

နံနက်စာ စားပြီးနောက် နယ်မြေကျွမ်းကျင်သည့် လမ်းညွှန်လူငယ်တစ်ဦးကို ငှားရမ်းပြီး ပုဂံမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများသို့ တစ်နေကုန် သွားရောက် ဖူးမြော်ကြပါသည်။ ည(၆း၃၀)နာရီအချိန်တွင် **ရွှေစည်းခုံစေတီတော်အနီးရှိ ညအိပ် ရပ်နားတည်းခိုမည့် သက်တော်ရှည်ကျောင်းတိုက်**သို့ ရောက်ရှိကြပါသည်။

သက်တော်ရှည် ကျောင်းတိုက်၏ လက်ရှိကျောင်းထိုင် ဆရာတော်မှာ ဘဒ္ဒန္တဝိစိတ္တ သက်တော်(၅၁)နှစ်၊ ဝါတော်(၃၁)ဝါ ဖြစ်ပါသည်။ ဆရာတော်မှ စာရေးသူတို့အဖွဲ့အား ကြိုတင်ဖုန်းဆက်ထား၍ နေ့ခင်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com

မျှော်နေကြောင်း၊ ကျောင်းတိုက်အတွင်း၌ လွတ်လပ်စွာ တည်းခိုနိုင်ကြောင်း မိန့်ကြား၍ ညအိပ်ရပ်နား တည်းခိုရန် ဓမ္မာရုံကြီးအတွင်းရှိ အခန်းတွင် နေရာချထားပေးပါသည်။

စာရေးသူ၏သားဖြစ်သူ သူငယ်ချင်းမှာ ညောင်ဦးမြို့တွင်ရှိ၍ ယင်း၏ ကူညီစီစဉ်မှုဖြင့် ယခု သက်တော်ရှည်ကျောင်းတိုက်တွင် တည်းခွင့်ရခြင်း ဖြစ်ပါသည်။ စာရေးသူလည်း ရေမိုးချိုးပြီးနောက် ဆရာတော်အား ဦးတိုက်၍ သက်တော်ရှည်ကျောင်းတိုက်၏ သမိုင်းကြောင်းကို သိလို၍ လျှောက်ထားရာတွင် ဆရာတော်မှ ကျောင်းတိုက်၏ သမိုင်းအကျဉ်းကို ယခုကဲ့သို့ မိန့်ကြားခဲ့ပါသည်။

လက်ရှိ ဆရာတော် ဦးဝိစိတ္တမှာ ကိုရင်ဘဝကစပြီး ဤကျောင်းတိုက်တွင် သာသနာ့ဘောင် ဝင်ရောက်ခဲ့ကြောင်း၊ ကျောင်းတိုက်၏ မူလပထမ ဆရာတော်ကြီးမှာ ဘဒ္ဒန္တနန္ဒ ဆရာတော်ကြီးဖြစ်ပြီး သက်တော်(၉၂)နှစ်၊ ဝါတော်(၇၂)ဝါအရ ၁၃၄၂ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း။

ဒုတိယ ကျောင်းထိုင်ဆရာတော်မှာ ဘဒ္ဒန္တကုဏ္ဍလ ဆရာတော်ကြီးဖြစ်ပြီး သက်တော်(၆၁)နှစ်၊ ဝါတော်(၄၁)ဝါအရ ၁၃၇၀ပြည့်နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း၊ ယင်းနောက်မှ မိမိအနေနှင့် ကျောင်းထိုင်ဆရာတော်တာဝန်ကို ယူခဲ့ကြောင်း စိတ်ရှည်စွာ ရှင်းလင်းမိန့်ကြားပါသည်။

စာရေးသူမှ လက်ရှိဆရာတော် ဦးဝိစိတ္တအား မူလဆရာတော်ကြီး ဘဒ္ဒန္တနန္ဒ၏ ထူးခြားမှုများရှိပါက မိန့်ကြားပေးရန် လျှောက်ထားသောအခါ ဆရာတော်မှ ကြည်ဖြူစွာပင် သူသိသမျှ မှတ်မိသလောက်ကို စိတ်ရှည်စွာ မိန့်ကြားပါသည်။

ဆရာတော်၏ မိန့်ကြားချက်များ ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များ ကြည်ညိုသဒ္ဓါပွား ပူဇော် နိုင်ရန် ရေးသားတင်ပြပါမည်။

## မြွေဆိပ်နိုင်ပုံ

လက်ရှိကျောင်းထိုင် ဆရာတော် ဦးဝိစိတ္တမှာ (၁၇)နှစ်အရွယ် သာမဏေဘဝက ဖြစ်ပါသည်။ ဘဒ္ဒန္တနန္ဒ ဆရာတော်ကြီးမှာ မြွေပွေးကိုက်သည့် မည်သည့်လူနာ(ပိုးထိ)သူများ ရောက်ရှိလာပါက ကိုက်သည့်မြွေကို အမိန့်အာဏာဖြင့် ခေါ်ယူပြီး လူနာအား ကိုက်သည့်နေရာမှာပင် ယင်းအဆိပ်ကို ပြန်စုပ်ယူစေပါသည်။

စုပ်ယူပြီး မြွေဆိပ်များကို အနီးရှိ ရေဖလားထဲသို့ ပြန်အန်စေပါသည်။ ဖလားထဲရှိ ရေများ မည်းနက်၍ လူနာမှာ အဆိပ်ကုန်သောက်မှ မြွေကို ကျောပြင်ပေါ် လက်နှင့် သပ်ပြီး ...

'နောင် သူတစ်ပါးကို ဒုက္ခမပေးရကြောင်း ကိုယ့်နေရာကို ပြန်သွား'

ဟု မိန့်ကြားပြီး မြွေကို တောတွင်း ပြန်လွှတ်လိုက်ပါသည်။

ကိုရင်နှင့် ကျောင်းသားများကိုလည်း မြွေကို လုံးဝမရိုက်ရန် မိန့်ကြားပါသည်။ ဆရာတော်ကြီးအနေနှင့် အဆိပ်ရှိသော မြွေများကို ဤကဲ့သို့ နိုင်နင်းကြောင်း၊ မြွေကိုက်၍ ကျောင်းသို့ ရောက်လာသူအားလုံး အသက်ချမ်းသာကြကြောင်း မယုံနိုင်စရာ မြွေဆိပ်ကုနည်းကို အံ့သြဖွယ် တွေ့ရှိခဲ့ရပါသည်။

## တမ်းတရုံနှင့် ရောက်လာသလော

တစ်ခါက ရေဝတီမြစ်တစ်ဖက်ကမ်းမှ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများ ဝါဆိုလတွင် ဆရာတော်ကြီးအား ကန်တော့ရန် လှေဖြင့် လာရောက်ကြစဉ် ရေဝတီမြစ်လယ်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး မိုးသက်လေပြင်းများ တိုက်ခတ်သည့်အတွက် လှေမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေချိန် ခေါင်းဆောင်လုပ်သူမှာ ဆရာတော်ကျောင်းဘက်သို့ စိတ်မှ ရည်မှန်း၍ လက်အုပ်ချီပြီး နှုတ်မှ ...

'ဆရာတော်ဘုရား ... တပည့်တော်တို့ အသက်ဘေးနှင့် ရင်ဆိုင်နေရပါတယ် ဘုရား။ တပည့်တော်တို့ကို ကယ်ပါဦးဘုရား'

ဟု နှုတ်မှ တ,လိုက်ပါသည်။

စကားဆုံးသည်နှင့် တစ်ပြိုင်နက် လှေဦးတွင် ဆရာတော်ကြီး ကြွရောက်လာပြီး နှုတ်မှလည်း ...

'မင်းတို့ ဘာမှမကြောက်ကြနဲ့၊ ငါရောက်လာပြီ။ လှော်သာ လှော်ကွာ'

ဟု ပြုံးပြုံးကြီးလုပ်ပြီ မိန့်ကြားပါသည်။

ယင်းအချိန်တွင် လှေထဲတွင် ရေများ ဝင်နေသော်လည်း လေပြင်းများ တိုက်နေသဖြင့် ရေပက်ချိန်မရ၊ ရေဝင်နေသည့် လှေကြီးနှင့်ပင် ရေဝတီမြစ်ကြီးကို ဘေးမသီရန်မခဘဲ ကူးဖြတ်နိုင်ခဲ့ကြောင်း မိန့်ကြားသည်ကို မှတ်သားခဲ့ရပါသည်။

## သူဌေးဖြစ်သွားသည့် အပျိုကြီးနှစ်ဦး

ဆရာတော်ကြီးအား အမြဲကိုးကွယ်ဆည်းကပ်နေသည့် ညောင်ဦးမြို့မှ အပျိုကြီးညီအစ်မ နှစ်ယောက်ရှိကြောင်း။ အမည်တော့ မမှတ်မိတော့ကြောင်း။ ထိုအပျိုကြီးနှစ်ဦးမှာ အရောင်းအဝယ်လုပ်ငန်းရှိ၍ အိမ်ထော ခိုင်းစေသည့် လူယုံတစ်ယောက် ရှိပါသည်။

ထိုလူယုံက အပျိုကြီးများကို



www.burmeseclassic.com

www.burmeseclassic.com

ထိကပါးရိကပါး ပြောဆိုခြင်း၊ လုပ်ငန်းခွင်အတွင်း ကသိကအောက်ဖြစ်အောင် ဆောင်ရွက်ခြင်းတို့ကြောင့် စိတ်ညစ်ပြီး ဆရာတော်ကြီးထံ အကျိုးအကြောင်း လျှောက်ထားသောအခါ ဆရာတော်ကြီးမှ "နင်တို့ မစွန့်နိုင်ဘူးလား"ဟု မိန့်ကြားပါသည်။

အပျိုကြီးညီအစ်မမှ "ဘာစွန့်ရမှာလဲ ဘုရား"ဟု လျှောက်ထားရာ "နင်တို့လုပ်ငန်းနဲ့ အိုးအိမ်ကို ပြောတာဟဲ့"ဟု ပြန်လည် မိန့်ကြားပါသည်။

အပျိုကြီးညီအစ်မမှ "တပည့်တော်တို့ စွန့်နိုင်ပါတယ်ဘုရား"ဟု ပြန်လည်လျှောက်ထားသောအခါ ဆရာတော်ကြီးမှ "ဒါဆိုရော့...ဒါနဲ့ ရင်းနှီးလုပ်စားကြ"ဟု ငွေ ၉၀ိ/(ကိုးဆယ်ကျပ်) အပျိုကြီးညီအစ်မအား စွန့်လိုက်ပါသည်။

အပျိုကြီးညီအစ်မမှာ ညောင်ဦးက လုပ်ငန်းနှင့် အိမ်ခြံမြေများကို ရသမျှဈေးနှင့် ရောင်းပြီး ကျောက်ပန်းတောင်းမြို့သို့ ပြောင်းရွှေ့၍ အရောင်းအဝယ်လုပ်ရာ တိုက်နှင့်ကားနှင့် ကြီးပွားသွားကြောင်း၊ ဆရာတော်ကြီး၏ ချီးမြှင့်လိုက်သော ငွေအဆောင်ကြောင့် ဖြစ်နိုင်ကြောင်း မိန့်ကြားသည်ကို မှတ်သားခဲ့ရပါသည်။

## အာလွှန်ထူးဆန်းသည့်

## ကူ္ကဆာသယလွယ်အိတ်တစ်လုံး

ဆရာတော်ကြီးတွင် အလျား(၁၀)လက်မ၊ အနံ(၈)လက်မခန့်ရှိ ကူ္ကဆာသယ လွယ်အိတ်တစ်လုံးရှိကြောင်း၊ လွယ်အိတ်မှာ အညိုရောင်ဖြစ်ကြောင်း ယင်းလွယ်အိတ်အတွင်းမှ ငွေကို လက်နှင့် လိုသလောက် နှိုက်၍ ရပါသည်။ လွယ်အိတ်ကို ဗုဒ္ဓဘာသာကိုးကွယ်သည့် အိန္ဒိယလူမျိုး လင်မယားသို့ ဆက်ကပ်ခဲ့ပါသည်။



ထိုလင်မယားမှာ အလွန် ရိုးသားဆင်းရဲပါသည်။ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြပါသည်၊ ဆရာတော်ကြီးမှ လွယ်အိတ်မပေးမီ ထိုလင်မယားအား...

'မင်းတို့ လွယ်အိတ်ထဲက နှိုက်လို့ရတဲ့ငွေကို ဘာသာရေးနဲ့ သာသနာရေးကလွဲပြီး တခြားနေရာမှာ မသုံးပါဘူးဆိုတဲ့ သစ္စာကတိ ပေးနိုင်ရဲ့လား'

ဟု မိန့်ကြားပါသည်၊ ထိုလင်မယားမှလည်း ကတိပေးနိုင်ကြောင်း ပြန်လည် လျှောက်ထားပါသည်။

ထို့နောက် ဆရာတော်ကြီးမှ ထိုလင်မယားအား လွယ်အိတ်ပေးလိုက်ပါသည်။ ထိုလင်မယားမှာ ကူ္ကဆာသယလွယ်အိတ်ကို လွယ်၍ လိုသမျှငွေကို နှိုက်သုံးပြီး ဘုရားတည်၊ ကျောင်းဆောက် စသည့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်၍ အဆင်ပြေစဉ် တစ်နေ့ ကျောင်းတိုက် တစ်တိုက်၌ လိုအပ်သည့် ဗီရို၊ ရှိုးကေ့(၅)လုံး လှူဒါန်းရန် ဝယ်ယူစဉ် ဗီရိုတစ်လုံးမှာ သစ်သား၌ အနာအနည်းငယ် ပါနေ၍ အိမ်တွင်သုံးရန် ယူဆောင်သွားပါသည်။ နောက်မှ အသစ်တစ်လုံး အစားထိုး လှူဒါန်းရန် စီစဉ်ခြင်း ဖြစ်ပါသည်။

ယင်းကိစ္စကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ပြောဆိုခြင်းမရှိဘဲ ဆရာတော်ကြီးမှ အလိုလိုသိရှိပြီး ထိုလင်မယားကို ကျောင်းသို့လာရန် ခေါ်ခိုင်းပါသည်။ ကျောင်းသို့ ရောက်သောအခါ ...

'ဟော့... ဒါယကာ မင်း ငါ့ကို ပေးထားတဲ့ ကတိဖျက်တယ်၊ သစ္စာမရှိဘူး။ ငါ့လွယ်အိတ် ပြန်ပေး၊ မင်းနဲ့ မတန်ဘူးကွ'

ဟု မိန့်ကြား၍ ကူ္ကဆာသယ လွယ်အိတ်ကို ပြန်တောင်းပါသည်။

အိန္ဒိယဒါယကာမှ ငိုယိုပြီး ဆရာတော်အား ...

'ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါဘုရား။ နောင်ကို ဘယ်တော့မှ ဒီလိုမဖြစ်ရစေတော့ပါဘုရား'

ဟု လျှောက်ထားပါသည်။ ဆရာတော်ကြီးမှ လုံးဝ လက်မခံဘဲ လွယ်အိတ်ကို ပြန်သိမ်းလိုက်ပါသည်။ ယင်းလွယ်အိတ်ကို နောင်မည်သူကိုမျှ မပေးတော့ကြောင်း လက်ရှိ ဆရာတော်မှ မိန့်ကြားသည်ကို မှတ်သားခဲ့ရပါသည်။

## ပျံလွန်တော်မမူမီ

## ခေါင်းနှစ်ခေါင်း ပြင်ခိုင်းခြင်း

ဆရာတော်ကြီးသည် ပျံလွန်တော်မမူမီ ရှယ်တူ ခေါင်းနှစ်လုံးပြုလုပ်ရန် မိန့်ကြားပါသည်။ တပည့်များမှ နားမလည်နိုင်သော်လည်း အရွယ်တူ ခေါင်းနှစ်လုံးကို အမိန့်အတိုင်း ပြုလုပ်ပေးကြပါသည်။

၁၃၄၂ ခုနှစ်တွင် ဆရာတော်ကြီးသည် ခန္ဓာဝန်ချမည့်နေ့တွင် ခေါင်းအတွင်းဝင်၍ တရားရှုမှတ်ရင်း ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသည်။ ဆရာတော် ပျံလွန်တော်မူပြီး (၁)ရက်အကြာတွင် ဆရာတော်ကြီး၏ ညီအရင်းဖြစ်သူ ဆရာတော်ကြီးတစ်ပါး ဘွဲ့အမည် မမှတ်မိတော့ပါ။ ရောက်ရှိလာပြီး ကျန်ခေါင်းတစ်လုံးအတွင်းသို့ ဝင်ရောက်ပြီး တရားရှုမှတ်ရင်း ပျံလွန်တော်မူသွားသည်ကို ထူးဆန်းစွာ


စာမျက်နှာ (၆၂) သို့

www.burmeseclassic.com

www.burmeseclassic.com



အကျိုးများစုံလင်

# ဘုန်းတော်ကျင့်စဉ်

အောင်ပေါ်စံ
(ဓမ္မပီယ)

စာရေးသူ၏ ဖခင်ကြီးသည် ငယ်စဉ်ကပင် လောကီစာပေ၊ လောကုတ္တရာ စာပေများအား လေးလေးနက်နက် လေ့လာလိုက်စားခဲ့သူ ဖြစ်ပါသည်။

ဆရာတူတပည့်များရှိရာ ဗေဒင်၊ ဆေး၊ အင်း၊ လက်ဖွဲ့၊ အဂ္ဂိရတ်ပညာများအပြင် ဂါထာ၊ မန္တန်များကိုလည်း ပိုမိုနှံ့စပ်သော တပည့်တစ်ယောက် ဖြစ်ပါသည်။

ထို့ကြောင့်ပင် မန္တလေးနယ်တွင်မက ရန်ကုန်နှင့် အခြားမြို့ရွာများစွာသို့ ဆရာသခင်ဖြစ်သော အဘဘိုးတော် ဘိုးပီယနှင့်အတူ သာသနာပြုစခန်းများအား သွားရောက်၍ ဂန္ဓာရီကျင့်စဉ်များဖြင့် နှစ်ပေါင်းများစွာ သာသနာပြုခဲ့ပါသည်။

ကျွန်တော်သည်လည်း ဖခင်ကြီး၏ မှတ်စုများနှင့် သွန်သွင်ညွှန်ပြမှုများကို ပြုစုရင်း လေ့လာခွင့်ရခဲ့ပါသည်။ ထိုများစွာထဲမှ (၇)ရက်သားသမီးတို့၏ အကျိုးများစွာ ဖြစ်စေသော ဘုန်းတော်ကျင့်စဉ်များကို နက္ခတ္တရောင်ခြည် စွယ်စုံမဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသားဖော်ပြအပ်ပါသည်။

ကျင့်စဉ်တို့တွင် စတင် ရည်မှန်းပြီး ဆောင်ရွက်မည်ဆိုပါလျှင်...

(က) **[နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ]** *(၃-ကြိမ်)*

(ခ) ငါးပါးသီလခံယူပါ။

(ဂ) ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ကန်တော့ပါ။

ပြီးလျှင်...

၁။ အဏိမာဘုန်းတော်၊
၂။ လဃိမာဘုန်းတော်၊
၃။ မဟိမာဘုန်းတော်၊
၄။ ပတ္တိဘုန်းတော်၊
၅။ ပါကမ္မဘုန်းတော်၊
၆။ ဤသိတာဘုန်းတော်၊
၇။ ဝသိတာဘုန်းတော်၊
၈။ ယတ္ထကာမာဝသာယိတာဘုန်းတော်၊
၉။ ဣဿရိယဘုန်းတော်၊
၁၀။ ဓမ္မဘုန်းတော်၊
၁၁။ ယသဘုန်းတော်၊
၁၂။ သိရီဘုန်းတော်၊
၁၃။ ကာမဘုန်းတော်၊
၁၄။ ပယတ္တဘုန်းတော်

တို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့ဖြင့် အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏ အရှင်ဘုရား။ ကြွရောက်၍ အလှူခံတော်မူကြပါ အရှင်ဘုရား။ ကြွရောက်၍ ချီးမြှင့်တော်မူကြပါ အရှင်ဘုရား'

**အနက်**

၁။ **အဏိမာ၊** အဏုမြူသဖွယ် သေးငယ်ပုံဟန် ဖန်နိုင်စွမ်းဘိ **အဏိမာ**ခေါ်ဘုန်းတော်။

၂။ **လဃိမာ၊** လေဝယ်လွင့်ပါး ဝါဂွမ်းလားသို့ ငှက်များပုံသွင် ထက်ကောင်းကင်၌ ခြေလျင်လျှားလျှား ကြွသွားနိုင်ဘိ အစွမ်းရှိသည့် **လဃိမာ**ဘုန်းတော်။

၃။ **မဟိမာ၊** ကိုယ်တော်မြတ်ကို ကြီးလိုသမျှ ရူပပုံဟန် ဖန်နိုင်စွမ်းဘိ **မဟိမာ**ဘုန်းတော်၊

၄။ **ပတ္တိ၊** အဓိဋ္ဌာန်ဖြင့် စိတ်ကြံတိုင်းသာ လိုရာဒေသ မှန်သမျှသို့



www.burmeseclassic.com

www.burmeseclassic.com

မကြာရလျှင်း ခဏချင်းပေါက်ရောက် နိုင်စွမ်းသော **ပတ္တိ**ဘုန်းတော်၊

၅။ **ပါကမ္မ၊** ရှင်မြတ်စိတ်တွင် ဖြစ်စေချင်သည့် ပုံသွင် စသည် အလီလီကို လိုသလိုဖန် စီမံသမျှ ပြီးစီးရသည့် **ပါကမ္မ**ဘုန်းတော်၊

၆။ **ဤသိတာ၊** နတ်,လူ,ဗြဟ္မာ, သတ္တဝါကို လိုရာလိုရာ အပါ ဆောင်ကြည်း စိုးပိုင်ရခြင်းဟု နိုင်နင်းသတ္တိ **ဤသိတာ**ဘုန်းတော်၊

၇။ **ဝသိတာ၊** ကဒ္ဓိဝိဇ်ဝေ ဝသီဘော်၌ ပြိုင်ဖော်မရှိ စွမ်းနိုင်ဘိသည့် **ဝသိတာ**ဘုန်းတော်၊

၈။ **ယတ္ထကာမာ ဝသာယိတာ၊** ကောင်းကင်ပျံရိုး မြေလျှိုး စသည် အလီလီရှု မှုအဝဝ ပြုသမျှတွင် ပြီးစေချင်သော် မတင်မကျ မရှိရဘဲ လုံးဝမသွေ ပြီးစေနိုင်ဘိ အစွမ်းရှိထ **ယတ္ထကာမာဝသာယိတာ**ဘုန်းတော်။

၉။ **ဣဿရိယ၊** အစိုးရခြင်းတည်းဟူသော **ဣဿရိယ**ဘုန်းတော်၊

၁၀။ **ဓမ္မ၊** လောကုတ္တရာတရား ကိုးပါးတည်းဟူသော **ဓမ္မ**ဘုန်းတော်၊

၁၁။ **ယသ၊** အခြံအရံ ကျော်စောခြင်းတည်းဟူသော **ယသ**ဘုန်းတော်၊

၁၂။ **သိရီ၊** ကိုယ်တော်၏ ကျက်သရေတည်းဟူသော **သိရီ**ဘုန်းတော်၊

၁၃။ **ကာမ၊** အလိုတော်ရှိသော မိမိသူတစ်ပါး အကျိုးနှစ်ပါးကို ပြီးမြောက်စေနိုင်ခြင်းတည်း ဟူသော **ကာမ**ဘုန်းတော်၊

၁၄။ **ပယတ္တ၊** အထွတ်အထိပ်သို့ ရောက်ခဲ့သော ဝီရိယတည်းဟူသော **ပယတ္တ**ဘုန်းတော်။

*(ဤဘုန်းတော်(၁၄)ပါး ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ စာစောင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး*



*ဦးစံတင့်(မှော်စရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

အလုံးစုံ ပြည့်စုံလိုလျှင်တော့ ဘုန်းတော်(၁၄)ပါးစလုံးကို တစ်ရက်လျှင် ဘုန်းတော်တစ်ပါးကို ပုတီး(၉)ပတ်ဖြင့် အစီအစဉ်အတိုင်း စိပ်သွားရပါမည်။ (၁၄)ရက်ပြည့်သည်နှင့် (၁၂၆)ပတ်ဖြစ်၍ စုစုပေါင်း နဝင်း ရပါသည်။

ဒါမှမဟုတ် မိမိတို့နှင့် အလိုရှိရာ ဘုန်းတော်တစ်ပါးပါးအား ထုတ်နုတ်ပြီး ဆောင်ရွက်လိုလျှင်လည်း ဆောင်ရွက်နိုင်ပေသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် အောက်တွင် ဘုန်းတော်တစ်ပါးစီ၏ အကျိုးပေးနှင့် ဆောင်ရွက်မှုများကို ဖော်ပြပေးလိုက်ပါသည်။

၁။ အဏိမာဘုန်းတော်

မိမိတွင် ဒုက္ခမီးကျရောက်၍ ပျောက်စေလိုသော် ပုတီး(၉)ပတ် စိပ်ပြီးလျှင် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၂။ လဃိမာဘုန်းတော်

စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်း စိတ်သောက ခံစားနေရလျှင် ပုတီး(၉)ပတ်နှင့် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၃။ မဟိမာဘုန်းတော်

ဘဝတွင် တိုးတက်မှုမရှိခြင်း၊ အနိမ့်ဘဝ ကျရောက်နေလျှင် ပုတီး(၉)ပတ်နှင့် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၄။ ပတ္တိဘုန်းတော်

စိတ်သွားတိုင်း ကိုယ်မပါ ရောဂါဆိုး၏ နှိပ်စက်ခံနေရလျှင် ပုတီး(၉)ပတ်နှင့် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၅။ ပါကမ္မဘုန်းတော်

ရာထူးတက်လိုခြင်း၊ နေရာဌာနပြောင်းရွှေ့လိုခြင်း၊ အိမ်, ကား, မြေ ရောင်းဝယ်လိုခြင်းအတွက်ကို ထိုဘုန်းတော်အား ပုတီး(၉)ပတ်နှင့် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၆။ ဤသိတာဘုန်းတော်

လုပ်ငန်းမကောင်းခြင်း၊ အရောင်းအဝယ်မကောင်းခြင်း၊ ပယောဂကြောင့်ဖြစ်သော အစွဲအလမ်းကြောင့် စိတ်မရှင်လန်းလျှင် ပုတီး(၉)ပတ်နှင့် ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

၇။ ဝသိတာဘုန်းတော်

တရားအားထုတ်သည့် ပုဂ္ဂိုလ်များ သမာဓိမရခြင်း၊ အရနှေးခြင်းများ ဖြစ်နေပါက ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။ အကြိမ်ကြိမ်ဆုတောင်းပါ။ အလီလီ ဆုတောင်းပါ။

၈။ ယတ္ထကာမာဝသာယိတာဘုန်းတော်

လုပ်ငန်းပေါ်တွင် စိတ်မဝင်စားခြင်း၊ အလုပ်ကိစ္စ၊ အရောင်းအဝယ်ကိစ္စတို့တွင် အလွဲလွဲအချော်ချော် ဖြစ်နေ၍ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဖြစ်နေလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၉။ ဣဿရိယဘုန်းတော်

အစိုးတရ ဩဇာအာဏာ လွှမ်းမိုး၍ မရဖြစ်နေလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၁၀။ ဓမ္မဘုန်းတော်

ကိုယ်က မှန်ပါလျက် မတရား စွပ်စွဲ



www.burmeseclassic.com

www.burmeseclassic.com

ခံနေရခြင်း၊ တရားတပေါင် ရင်ဆိုင်နေရခြင်း၊ မျှော်လင့်ချက်မဲ့ ဘဝမျိုးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်နေလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၁၁။ ယသဘုန်းတော်

သားသမီးရတနာ မထွန်းကားသူများ၊ ကိုယ့်သားသမီး လိမ္မာယဉ်ကျေးပြီး ပညာတတ်သော ကလေးများ ဖြစ်စေရန်နှင့် မိတ်ကောင်း ဆွေကောင်း တွေ့ဆုံရစေလိုလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၁၂။ သိရီဘုန်းတော်

အနာရောဂါ ထူပြောခြင်း၊ ရုပ်ရည် (မျက်နှာမြင် ချစ်ခင်ပါစေ) အသင့်တင့်ဖြစ်စေလိုလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၁၃။ ကာမဘုန်းတော်

မိမိတွင် ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းခြင်း၊ ညှို့ခြင်းတို့၏ အဆိုးများမှ လွတ်ကင်းပပျောက်စေရန် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးဖြင့် ပူဇော်ဆုတောင်းပါ။

၁၄။ ပယတ္တဘုန်းတော်

စီးပွားဖြစ်ချင်သော်လည်း မိမိကိုယ်တိုင်မှ လုပ်ကိုင်ဆောင်ရွက်ရမှာ ပျင်းရိခြင်း၊ တွေဝေနေခြင်း ဖြစ်နေလျှင် ပုတီး(၉)ပတ်စိပ်၊ ကံသုံးပါးအား ပူဇော်ဆုတောင်းပါ။

ဘုန်းတော်တစ်ပါးစီ ရွေးချယ်ဆောင်ရွက်သူတို့သည် ပထမ (၉)ရက်၊ ဒုတိယ (၁၈)ရက်နှင့် တတိယ (၂၇)ရက် စသည်ဖြင့် ဆောင်ရွက်သွားရပါမည်။

ဆုတောင်းသည် ဆိုရာတွင်လည်း ရနိုင်သည့်၊ ဖြစ်နိုင်သည့် ဆုကိုသာ ဆုတောင်းရပါမည်။ လူ့လောကကြီးတွင်ပင် မိဘ၊ ဆရာသမားတို့ထံ၌ ကိုယ်လိုချင်ရာကို တောင်းမိလျှင် တစ်ခါ၊ နှစ်ခါနှင့်ပင် အဆင်မပြေနိုင်ပေ။

သို့သော်လည်း လက်ထဲမှာလည်း အဆင်ပြေနေလျှင် (ဝါ) ပေးနိုင်သည့် အရာဖြစ်လျှင် ချက်ချင်းရနိုင်ပါသည်။

ထို့အတူပင် သက်ဆိုင်ရာ ပုဂ္ဂိုလ် အပေါင်းနှင့် နတ်ကောင်းနတ်မြတ် နတ်ဒေဝါ အပေါင်းတို့သည်လည်း အခါအခွင့်သင့်၍ လည်းကောင်း၊ ရှေးဘဝကုသိုလ်ကံ အကျိုးပေးနှင့် လည်းကြုံ ပဋ္ဌာန်းဆက်ရှိလျှင် လည်းကောင်း၊ ယခု ပစ္စုပ္ပန်ဘဝတွင် မိမိပြုလုပ်လိုက်သော ဒါန၊ သီလ၊ ဘာဝနာတို့၏ ကုသိုလ်ကံအကျိုး တရားကြောင့်ပင် ချက်ချင်းပြီးမြောက်အောင်မြင်ပြီးပြည့်စုံပါသည်။

ထို့ကြောင့် ဆောင်ရွက်သူတို့ သတိချပ်သင့်သည်မှာ အချိန်အခါကို သည်းခံစောင့်ရင်းဆိုင်းရင်း ဆောင်ရွက်သွားနိုင်ပါမှ အခါအခွင့် ကြုံပါမည်ဟု စာရေးသူမှ အကြံပြုပါသည်။

ဤ ကျင့်စဉ်ဆောင်းပါးအား **ကျွန်တော်၏ ဖခင်ကြီး ဓမ္မဝီယ ဆရာသောင်း(ဓမ္မသူရိယ)၏** မှတ်စုမှ တကယ့်အကျိုးပေးသော ဘုန်းတော်ကျင့်စဉ်ကို ခုနစ်ရက်သားသမီးတို့၏ ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့် အေးမြ ကြည်လင်တော်မူသော သာသနာတော်ကြီး၏ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့အတွက် ရည်သန်ပြီး ရေးသားဖော်ပြလိုက်ပါသည်။

**ဖခင်ကြီး အဘသောင်း(ဓမ္မသူရိယ) အား ဦးထိပ်ပန်ဆင်လျက်...**

**အောင်ပေါ်စံ (ဓမ္မဝီယ)**

စာမျက်နှာ (၅၉)မှ အဆက်

တွေ့ရှိခဲ့ရပါသည်။

ဆရာတော် ညီအစ်ကိုနှစ်ပါးမှာ တစ်နေ့တည်း အင်္ဂါရှာပနကို ကျင်းပနိုင်ခဲ့သဖြင့် အလွန်ထူးခြားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

**ပျံလွန်တော်မူပြီးနောက်**

**ဒါယကာ၊ ဒါယိကာမများကို**

**အသိပေးခြင်း**

ဆရာတော်ကြီးသည် ပျံလွန်တော်မူပြီးနောက် အမြို့မြို့ အနယ်နယ်ရှိ ဒါယကာ, ဒါယိကာမများ အိမ်သို့ ကိုယ်တိုင် ကြွရောက်ပြီး...

'ငါ ပျံလွန်တော်မူပြီ။ ငါ့အလောင်းကို နင်တို့ လာသဂြိုဟ်ကြဦး'

ဟု ပြောသွားပါသည်။

ကျောင်းတိုက်မှ ဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ဖုန်းဆက်သောအခါ အကာများမှ ဆရာတော်ကြီး အခုပဲ ကြွလာပြီး မိန့်ကြားကြောင်း ဖုန်းဖြင့် ပြန်ကြားသည့်အတွက် အားလုံး အံ့သြမဆုံး ဖြစ်ကြရပါသည်။

**ဒါ ငါ့နောက်ဆုံးဘဝ**

ဘဒ္ဒန္တနန္ဒ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် ကျောင်းတိုက်ရှိ သံဃာတော်များအား...

'ဒီ ရဟန်းဘဝနဲ့ (၉) ကြိမ် သံသရာ၌ ကျင်လည်ခဲ့ကြောင်း ယခုအကြိမ် ငါ့ဘဝ နောက်ဆုံးဘဝ ဖြစ်တော့မယ်'

ဟု မိန့်ကြားသည်ကို မှတ်သားခဲ့ရကြောင်း လက်ရှိဆရာတော်မှ မိန့်ကြားသည်ကို တင်ပြအပ်ပါသည်။

**ထူးဆန်းသော**

**ရုပ်ပွားတော်မြတ်နှစ်ဆူ**

လက်ရှိဆရာတော်ဦးဝိစိတ္တမှ စာရေးသူအား လောက၌ အလွန်ထူးဆန်းသည့် လုံးဝ မဖြစ်နိုင်သော၊ အလွန်ရှားပါးသော ရုပ်ပွားတော်နှစ်ဆူအား စာရေးသူကိုကြည့်နိုင်ရန် ကိုင်တွယ်ပူဇော်ခွင့်ပေးပါသည်။

ဆရာတော်ကို ပေးခဲ့သော ကတိအရ စေတီအမျိုးအစားကို မဖော်ပြနိုင်သည်ကို ခွင့်ပြုပါရန် စာရှုသူအားလုံးအား တောင်းပန်အပ်ပါသည်။

**နာရီပိုင်းအတွင်း တွေ့ဆုံမေးမြန်းရသည် အတွက် မပြည့်စုံမှု၊ ချို့ယွင်းမှုရှိခဲ့ပါက ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပါသည်။**

***သီလမြဲ၊ တရားရှုကြပါစို့။***

***ဦးစံဝင်း (သောင်ကုန်းရွာ)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

သီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ဝ၁၁၂ YR ဝဝ၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/ဝ၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဖက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညှိသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းကခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဖက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–မြန်မာ့ရိုးရာ

**စကြာမင်း**


**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊
သုဝဏ္ဏမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၁



www.burmeseclassic.com

www.burmeseclassic.com



◆ ၂၄ပစ္စည်းစက်ဝိုင်း

မန်ဆူ ရှမ်းဆရာတော် ချီးမြှင့်သည့်
အန္တရာယ်ကင်း

စင်သိုလ်

# လာဘ်ရှင် အဆောင်များ

လားရှိုးမြို့ အဓိကရ မန်ဆူစေတီ အနီးရှိ မန်ဆူရှမ်းဆရာတော် ဦးညနန္ဒအား ဖူးမြော်ရာ လောကီ လောကုတ္တရာအကျိုးစီးပွား တိုးတက်စေသည့် အဆောင်များ ချီးမြှင့်ပေးတော်မူသည်။

## နှစ်ဆယ့်လေးလုံးပုတီး

ပိတောက်သား ပုတီးကုံးကလေး ဖြစ်သည်။ လက်ကောက်ဝတ်တွင် စွပ်၍ ဆောင်ထားနိုင်သည်။ ပဌာန်း ၂၄ ပစ္စည်း၊ ဂုဏ်တော်ကိုးပါး မွမ်းထုံထားသဖြင့် ဘေးအန္တရာယ်နှင့် ရောဂါဘယများ ကင်းဝေးစေပါသည်။


## ဂမုန်းပေါင်းဆေး

ပြောင်းဖူးစေ့ခန့် လုံးထားသည်။ တောတောင်များအတွင်း ရှာဖွေရရှိသော ရှားပါးဂမုန်းပင်များ စုပေါင်း၍



www.burmeseclassic.com

www.burmeseclassic.com



▲ ဆေးပဝါ

ကြိတ်ထားသည်။

ကျန်းမာရေးအဆောင် ဖြစ်သည်။ အထူးသဖြင့် ကလေးသူငယ်များ လန့်ဖျပ်ခြင်း၊ အကြောတက်ခြင်း၊ ရုတ်တရက် လန့်ငိုခြင်း၊ မကြာဆိုင်ရာ ကိစ္စများအတွက် အထူးကောင်းမွန်သည်။ ဝိဇ္ဇာဓရဝေဒနာများ ပပျောက်စေသည်။

## ပရိတ်ချည်လက်ဖွဲ့

ပရိတ်ချည်ကို လက်ဖွဲ့ထိုးထားခြင်း ဖြစ်သည်။ မကောင်းသောဘေးရန် အဟန့်အတား ဖြစ်စေသည်။

## ပဋ္ဌာန်းစက်ဝိုင်း

၂၄ပစ္စည်းစက်ဝိုင်းကို သမ္ဗုဒ္ဓေဂါထာ ပတ်ခြုံထားသည်။ မော်တော်ယာဉ်ရှေ့တွင် ကပ်ထားနိုင်သည်။ နေအိမ် အဝင်ဝ မြင့်ရာတွင် ချိတ်ဆွဲနိုင်ကြသည်။ ဝိဇ္ဇာဓရဝေဒနာများ၊ ဘေးဘယာများ ကင်းဝေးစေသည်။

ကုန်အရောင်း သွက်လိုလျှင် ထိုစက်ဝိုင်းကတ်ပြားဖြင့် ယပ်ခတ်ပေးနိုင်သည်။ ရောဂါဘယ ဖြစ်ပေါ်ခံစားရလျှင် ၂၄ပစ္စည်းစက်ဝိုင်းကို ပလတ်စတစ်လောင်းကာ ရေစိမ်သောက်နိုင်သည်။

## ဆေးပဝါ

ပဝါပိုင်းတွင် စမလေးလုံး၊ ၂၄ပစ္စည်း၊ သမ္ဗုဒ္ဓေဂါထာနှင့် ရှင်သီဝလိပုံတော် ဂါထာများ ရိုက်နှိပ်ထားသည်။ ကျန်းမာရေးအတွက်၊ လာဘ်လာဘအတွက် စသည် မိမိတို့ အလိုရှိရာ ရည်မှန်းအဆောင်ပြုနိုင်သဖြင့် ဆေးပဝါဟု ခေါ်ခြင်းဖြစ်သည်။

## နေ့နံရုပ်ခံ ရှင်သီဝလိ

ခုနစ်ရက် သားသမီးများအတွက် သက်ဆိုင်ရာ နေ့နံရုပ်ခံ၍ ဆိုင်ရာအသားဖြင့် ထုထားသော ရှင်သီဝလိ ရုပ်တုတော် ဖြစ်သည်။

**ဥပမာ** ။ ။ အင်္ဂါသားအတွက် ခြင်္သေ့ခံ ဆီး(ဖီး)သားရုပ်တု၊ တနင်္ဂနွေသားအတွက် ဂဠုန်ခံ အုန်းသားရုပ်တု၊ သောကြာသားအတွက် ပူးခံ သီးသားရုပ်တု စသည်တို့ဖြစ်ကြသည်။ ဘဝအခြေခံ နိုင်မာ၍ နေထိုင်မှု အဆင့်အတန်း စည်းစိမ်တိုးမြင့်ခြင်း၊ လာဘ်လာဘရွှင်လန်းခြင်းတို့ကို ရည်မျှော်ကိုးကွယ်နိုင်ကြလေသည်။






www.burmeseclassic.com

www.burmeseclassic.com



▲ နံသင့်အရုပ်ခံ ရှင်သီဝလိရုပ်တုများ

▼ မန်ဆူရှမ်းကျောင်းမုခ်ဦး



မန်ဆူ ရှမ်းကျောင်း၌ မြစ်ကြီးနား၊ မန္တလေး၊ မုံရွာ၊ ရန်ကုန်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်စသည့် နေရာစုံမှ ဒါယကာများ၊ ဘုရားဖူးများ လာရောက် တည်းခို ဖူးမြော်လေ့ ရှိကြသည်။

ထို ဒါယကာများက ဘေးအန္တရာယ် ကင်းရှင်း၍ လုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် တောင်းပန်တတ်ကြသဖြင့်ရတနာသုံးပါး ဘုန်းရိပ်ကို ခိုလှုံသော ဤ အစီအရင်များ စွန့်ကြခြင်း ဖြစ်သည်ဟု သိရသည်။

ဤ ရုပ်တုအဆောင်များအတွက် ငွေကြေး သတ်မှတ်ထားခြင်း မရှိပါ။ လာရောက် ပူဇော်သည့် ဒါယကာ [illegible]သတ်နှင့် သင့်လျော်ရာ အဆောင်တို့ စွန့်ကြပေးသည်။ သာမန်ကိစ္စအတွက် သစ်သားရုပ်တု၊ ကြာရှည် ကိုးကွယ်လိုသော အရေးကြီးကိစ္စအတွက် ဆင်စွယ်ရုပ်တု စသည်ဖြင့် စွန့်လှူသည်။ မိမိတို့သဒ္ဓါ တတ်အား သရွေ့ ပြန်လည် လှူဒါန်းနိုင်ကြသည်။

ဖင်ညိုငယ်

[illegible]ရောင်ခြည်မဂ္ဂဇင်း၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကမြနီ ဂျည်ကြည် (ဗိုးကုန်း)

# ဂါယာအကျိုး ကျေးဇူးကြောင့်

အသက်သေးမှ နှစ်ကြိမ်လွတ်လာရသူ၏
ကိုယ်တွေ့ဖြစ်ရပ်ဆန်း

စာရေးသူ၏ မွေးရပ်ဇာတိ ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့သို့ ပြန်မရောက်ဖြစ်သည်မှာ အတော်ကြာခဲ့ပြီ။ ယခု တစ်ခေါက်မှာဖြင့် ရေလမ်းခရီးနှင့် မဟုတ်ဘဲ ကားလမ်းခရီး လာခဲ့ပါသည်။

ယခုအခါမှာဖြင့် စာရေးသူတို့ မြို့သူမြို့သား များသည် ရန်ကုန်မြို့သို့ ကားလမ်းခရီး ပေါက်သွား၍ သွားလာမှုတွင် အလွန်မြန်ဆန်နေပါသည်။

ကျန်းမာရေးအတွက် လည်းကောင်း၊ ကုန်ရောင်းကုန်ဝယ်မှုများ ပြုလုပ် ဆောင်ရွက်ရာတွင်လည်းကောင်း အချိန်(၄)နာရီ အတွင်း ရန်ကုန်မြို့သို့ သွားလာနိုင်၏။ ရေလမ်းခရီးအားဖြင့် အချိန်(၁၀)နာရီကျော်မျှ သွားလာကြရပါသည်။

မြို့ပေါ်တွင် အရေးပေါ်လူနာများ၊ အရေးကြီးကိစ္စရပ်များကို အချိန်တို အတွင်းမှာပင် ကားလမ်းခရီးဖြင့် သွားလာနိုင်ကြပါသည်။

စာရေးသူ မြို့ပေါ်သို့ ရောက်ရှိစဉ် သူငယ်ချင်းတစ်စုနှင့် စ,တွေ့၏။ စာရေးသူရေးသော ကိုယ်တွေ့ဖြစ်ရပ် ဆောင်းပါးများကို ဖတ်ဖူးကြသူများ က...

'သူငယ်ချင်း... မင်းရောက်လာတာနဲ့ အတော်ပဲ၊ အချိန်ရရင် ရှောက်ချောင်းကျေးရွာ အုပ်စုက ထွေဇင်ချော်ကျေးရွာမှာ မိုးကြိုးပစ်လို့ (၃)ဦးသေပြီး (၅)ဦးလွတ်ခဲ့တဲ့ ဖြစ်ရပ်လေး တစ်ခု သူငယ်ချင်းစာရေးဖို့ ကိုယ်တွေ့ဖြစ်ရပ် လေးကို လိုက်ပြဦးမယ်'

ဟု ပြောပါသည်။

စာရေးသူလည်း ကိုယ်တွေ့ဖြစ်ရပ် အတွက် စိတ်ဝင်စားသွားပြီး နောက်နေ့



www.burmeseclassic.com

www.burmeseclassic.com

ခရီးထွက်ဖို့အကြောင်း ပြောလိုက်သည်။

ယခု မိုးကြိုးပစ် ထိမှန်သော ရွာသည် မော်လမြိုင်ကျွန်းမြို့နယ်အပိုင်၊ ရှောက်ချောင်းကျေးရွာအုပ်စု ၊ ငွေဇင်ရော်ကျေးရွာ ဖြစ်သည်။ ထိုကျေးရွာများကို စာရေးသူ မစိမ်းပါ။

၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်အချိန်က စာရေးသူ ဇီးကုန်းမြို့ ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး တာဝန်ထမ်းဆောင်စဉ်က မော်လမြိုင်ကျွန်းမြို့နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဇီးကုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စား မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် (၅၅)ရက်ကြာ လုပ်ကိုင်ဆောင်ရွက်ခဲ့စဉ်က ရောက်ရှိခဲ့ဖူးသော ကျေးရွာများ ဖြစ်သည်။

ထိုစဉ်က နာဂစ်မုန်တိုင်းဒဏ်ကို ရွာလုံးပျောက် ခံစားခဲ့ရသော ကျေးရွာများဖြစ်ပြီး၊ ယခုအခါမှာ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ ကူညီမှုဖြင့် အိမ်ရာမြေများ တည်ဆောက်ထားတာ ခေတ်မီဖွံ့ဖြိုးနေပါသည်။

စာရေးသူလည်း မြို့ရောက်ပြီး နှစ်ရက်အကြာ ၁၀-၈-၂၀၁၂နေ့တွင် သူငယ်ချင်း(၃)ယောက်နှင့်အတူ စက်လှေ(ပဲ့ထောင်)ငှား၍ နံနက်ပိုင်းတွင် ထွက်လာကြပါသည်။

စက်လှေ(ပဲ့ထောင်) တစ်နာရီကျော်ကျော် ခုတ်မောင်းလာပြီး နံနက်(၉)နာရီတွင် ငွေဇင်ရော်ကျေးရွာမှ အသိမိတ်ဆွေ ကိုမြင့်ဦးအိမ်တွင် ခဏနားကြပါသည်။

ထို့နောက် စာရေးသူတို့သည် မိုးကြိုးထိမှန်မှုမှ လွတ်လာကြသော



(၅)ဦးအနက်မှ တစ်ဦးဖြစ်သော ကိုမြင့်အောင်အိမ်သို့ ကိုမြင့်ဦး၏ အကူအညီဖြင့် သွားရောက်ကြပါသည်။

စာရေးသူ ယခင်ရောက်ရှိစဉ်က ပုံစံမဟုတ်ဘဲ ရွာလမ်းများက စနစ်တကျ သပ်ရပ်စွာ ခင်းထား၍ သွားလာမှုအတွက် ကောင်းနေပြီး နေအိမ်တို့မှာလည်း ကိုယ်ဝန်းကိုယ်ခြံဖြင့် စနစ်တကျ တည်ဆောက်ထားသည်ကို တွေ့ရပါသည်။

ကိုမြင့်အောင်နေအိမ်သို့ ရောက်သည့်အခါ သူ၏ဇနီးသည်နှင့် မိသားစု (၅)ဦးတို့အား တွေ့ဆုံခဲ့ရ၏။ သူတို့နှင့် စာရေးသူအား လာရောက် တွေ့ဆုံပေးရသည့်အကြောင်းများကို ကိုမြင့်ဦးမှ ပြောပြလေသည်။

'ဒီလို ကိုမြင့်အောင်ရေ... အခု ဒီစာရေးဆရာကလဲ တခြားသူ မဟုတ်ဘူးကွ။ မော်လမြိုင်ကျွန်းသားပဲ၊ အခုနေတာ ဇီးကုန်းမြို့မှာ၊ တို့ကျေးရွာတွေမှာ နာဂစ်မုန်တိုင်းတုန်းက ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး ပြန်လည်ထူထောင်ရေးကိစ္စတွေမှာ အကူအညီအများကြီး ပေးခဲ့တဲ့ ကြက်ခြေနီတပ်ဖွဲ့ကလေ။

မင်းတို့အုပ်စု မိုးကြိုးပစ်ခံရတုန်းက သေသူသေပြီး လွတ်လာကြတဲ့ မင်းရဲ့ ကိုယ်တွေ့ဖြစ်ရပ်နဲ့ ဘာအကြောင်း အရာထူးများရှိလို့ အခုလို လွတ်လာကြတာကို သိချင်တာနဲ့ မင်းနဲ့ လာတွေ့ပြီး မင်းရဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးကို ဒီစာရေးဆရာကို ပြောပြစေချင်တယ်ကွာ။ ဒါကြောင့် မင်းဆီရောက်လာတာ'

ကိုမြင့်အောင်ကတော့ သူ၏ ကိုယ်တွေ့ အသက်ဘေးက လွတ်လာပုံကို ပြောပြပါသည်။

'ဒီလိုပါ ဆရာရယ်... ကျွန်တော်က အတော့်ကိုပဲ ကံကောင်းသလားလို့ပဲ ပြောရမလား မသိဘူး။ ဒီလို ကံကောင်းရတာကလဲ ကျွန်တော့်မှာ အလွန်အစွမ်းထက်တဲ့ ဂါထာတစ်ပုဒ်ကြောင့် ဆိုလဲ မမှားဘူးပေါ့ ဆရာ။

ကျွန်တော် အသက်ဘေးက လွတ်လာတာ ဒါပါနဲ့ဆို နှစ်ကြိမ်ရှိပြီဗျာ။ ပထမ တစ်ကြိမ်ကြုံတုန်းကတော့ အတော့်ကို တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်ပဲဆရာ။

ကနေ့ထက်တိုင် မျက်လုံးထဲက မထွက်ဘူး။ ဒီအကြောင်းပြောရင် အရမ်းဝမ်းနည်းတာပဲ ဆရာ၊ ဒီလို လွတ်လာရတာလဲ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရဲ့ ဂုဏ်ကျေးဇူးပဲပေါ့။

၂-၅-၂၀၀၈ ခုနေ့ ည(၆)နာရီကျော်လောက်မှာ မုန်တိုင်း စတိုက်တာပဲ။ ကျွန်တော်တို့အရပ်က ဒီလို မုန်တိုင်းမျိုး မိုးဦးကျရင် ခဏခဏ ဖြစ်တတ်တာဆိုတော့ မိုးရွာ မုန်တိုင်းလေးတိုက်ပြီးသွားရင် လေငြိမ်တော့ ပြီးသွားခဲ့တာပဲလေ။ အခုလို မိသားစုက မများသေးဘူး။ သားငယ်လေးတစ်ယောက်နဲ့မှ မိသားစု(၃)ဦးပဲရှိတာ။

မုန်တိုင်းက တဖြည်းဖြည်းကြီးလာတဲ့အသံ ကြားနေရပြီး မိုးကလဲ ပိုများလာတယ်။ မုန်တိုင်းလေက ခါတိုင်းတိုက်သလို မဟုတ်ဘဲ အော်သံနည်းသံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးနဲ့ ကြောက်စရာကောင်းတဲ့အသံ မျိုးနဲ့ ဒေါသူပြီး လိမ်တိုက်နေတာ၊ အိမ်အမြင့်မှာ သစ်ကိုင်းကျိုးသံတွေ၊ လေဒေါ့တိုက်တဲ့ အသံတွေပဲ ကြားနေရ တယ်။

ဒီအသံမျိုးတွေ ကျွန်တော့် တစ်သက်တစ်ခါမှ မကြားဘူးတော့ ကြောက်စိတ်ဝင်လာတယ်။ ဒီအချိန်မှာ သတိတစ်ခုဝင်လာတယ်၊ မိသားစုတွေ စုထိုင်ပြီး ကျွန်တော်ငယ်စဉ်က မိဘ တွေ သင်ပေးထားတဲ့ဂါထာ၊ အမြဲမပြတ် ရွတ်ဆိုလေ့ရှိတဲ့ ဂါထာတစ်ပုဒ်ကို မိသားစုတွေ ဝိုင်းထိုင်ပြီး အဆက် မပြတ် ရွတ်နေတယ်။

ယုံကြည်မှုနဲ့ ယုံကြည်ချက်ကို အဓိကထား အားကိုးချက်နဲ့အတူ မြတ်စွာဘုရားကို အာရုံပြုပြီး အဆက် မပြတ် ရွတ်နေတာပေါ့ ဆရာရယ်။

မိုးလေတို့ကလဲ အတော်ကို ပြင်းပြင်း ထန်ထန်နဲ့ တိုက်လာပြီ။ ကောင်းကင် ကြီးကလဲ မည်းမှောင်လို့ လာတယ်။ နေအိမ်လဲ တသိမ့်သိမ့် လှုပ်ယမ်းလာ တော့ ကျွန်တော်တို့မိသားစု အိမ်ထဲ မနေရဲအောင် ဖြစ်လာတယ်။

အိမ်အပြင်ကို ထွက်ကြည့်လိုက် တော့ ရေကလဲ တော်တော်တက်လာ ပြီ။ ရွာထဲက တခြားအိမ်တွေကို ဘာမှ မမြင်ရဘဲ ကြောက်ဖွယ်ရာ လေတိုက် သံများနဲ့ ရွာသူရွာသား၊ ကလေးလူကြီး တွေရဲ့ အော်သံဟစ်သံ၊ ငိုသံများ ကယ်ပါ... ယူပါ ဆိုတဲ့ အသံတွေကလဲ လေမိုးရေတို့နဲ့အတူ ၊ စိတ်ဓာတ် တုန်လှုပ် ချောက်ချားဖွယ်ရာ အသံများ သာ ကြားနေရတယ်။

ကျွန်တော်လဲ အိမ်ထဲပြန်ဝင် အခြေ အနေက မကောင်းတော့ဘူးလို့ ထင်မိ တာနဲ့ ဒီ အသက်ကယ်ဂါထာလေးကို အဆက်မပြတ် ရွတ်နေရင်းက ကလေး



ကို ကျောပေါ်မှာတင် ပုဆိုးနဲ့ မြဲမြဲအောင် ချည်ပြီး မိန်းမကို လက်ကဆွဲ၊ အိမ်ထဲ ကအထွက်မှာပဲ ပြင်းထန်တဲ့ လေအဝှေ့ ကြီးမားလှတဲ့ အိမ်အမြင့်လောက်ရှိတဲ့ ရေလှိုင်းကြီးရဲ့ တိုက်ခိုက်မှုကြောင့် အိမ် ရောလွင့်ပါ ကျွန်တော်တို့မိသားစုလဲ ရေလှိုင်းကြီးနဲ့အတူ မျောပါသွားတာ ပေါ့ ဆရာရယ်။

ဒီလိုနဲ့ တစ်ညလုံး မည်းမည်းမှောင် နေတဲ့အထဲမှာ လေတိုက်၊ မိုးရွာ၊ ရေ ကြီး ဒုက္ခပင်လယ်ကြီးပေါ့။ ကလေး ကတော့ ကျွန်တော်နဲ့အတူ ရှိတယ်။ မိန်းမကတော့ ဘယ်ရောက်မှန်းမသိ ဘူး။ အရုဏ်တက် အလင်းရောင်လေး မြင်ရတဲ့အချိန်မှာ မိုးလေရေတို့ ငြိမ် သက်စ ပြုလာတယ်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အားလုံး ရေပြင်ကျယ်ကြီးမြင်ရပြီး ရွာ ကလဲပျောက်၊ သေတဲ့လူတွေ ကလေး လူကြီး။ တိရစ္ဆာန်တွေက မြင်မကောင်း အောင်များပြီး အလွန်ဝမ်းနည်း ကြေကွဲ စရာပါပဲ ဆရာ။

ကယ်ဆယ်ရေးစခန်းကို ရောက်မှ မိန်းမနဲ့ ပြန်တွေ့ရတာ။ ဒီလို အသက် မသေဘဲ အခုလို မိသားစု ပြန်ဆုံစည်း ခဲ့ရတာလဲ ကျွန်တော် ယုံယုံကြည်ကြည် နဲ့ ရွတ်လာခဲ့ရတဲ့ ဂါထာတန်ခိုးကြောင့် ဆိုတာ ကျွန်တော် ယုံကြည်တယ်။ ဒီ

ဂါထာလေးကို အသက်ကယ်ဂါထာ အဖြစ် ရွတ်လာခဲ့တာပဲ ဆရာ။

အခုလဲ ဒုတိယအကြိမ် ဒီဂါထာ အစွမ်းကြောင့် ကျွန်တော် အသက်ဘေး က လွတ်လာရပြန်တယ်။

၁၀–၅–၂၀၁၂ ခုနှစ်နေ့က ကျွန်တော် နဲ့အတူ တစ်ရွာတည်းသား ကိုကံမြင့်၊ ကိုကျော်ဦး၊ ကိုပေါက်၊ ကိုကုလား၊ မသန်းစိန်၊ မမြင့်မြင့်နဲ့ မတင်ဝင်းတို့ ရှစ်ဦးဟာ လယ်ယာလုပ်ငန်းများကို ဆောင်ရွက်နေတဲ့အချိန်မှာ ရွာတဲ့မိုး ဟာ အရမ်းကြီးလာတယ်။

လယ်ပိုင်ရှင် ကိုကံမြင့်ရဲ့ လယ်ထဲ အတွင်းက လယ်စောင့်တဲအတွင်းမှာ တစုတဝေးတည်း မိုးခိုနေကြပါတယ်။

အဲဒီအချိန်မှာ မိုးက သဲကြီးမဲကြီးရွာ၊ လျှပ်စီးကလက်၊ မိုးခြိမ်းသံများကလဲ တခြိမ်းခြိမ်း တလက်လက်နဲ့ အတော့် ကို ကြောက်စရာအသံကြီးတွေ ကြား နေရတယ်။

ကျွန်တော်လဲ မိုးခိုနေရင်းက အသက်ထက်မက ယုံကြည်အားကိုး ရတဲ့ အသက်ကယ်ဂါထာလေးကိုပဲ ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် ထားကာ အဆက်မပြတ် ရွတ်နေခဲ့ပါ တယ်။

ဒီလိုနဲ့ မိုးကလဲ သဲသဲမဲမဲရွာ၊ မိုးခြိမ်း သံတွေကလဲများ၊ မိုးကြိုးပစ်သံလို အသံကြီး ကြားနေရတယ်။ ကျွန်တော် ကတော့ မျက်စိစုံမှိတ် မြတ်စွာဘုရားကို အာရုံပြုဂါထာလေးကို အဆက်မပြတ် ရွတ်နေရင်းက မိုးခြိမ်းသံကြီးလို့ မျက်လုံးဖွင့်အကြည့် လျှပ်စီးရောင်က ဝင်းခနဲဆို လင်းလက်သွားတယ်။

အဲဒီအချိန်မှာပဲ မိုးခြိမ်းသံကြီးက ဝုန်းဝုန်း...ဂျိမ်းဆိုတဲ့ အသံကြီးနဲ့အတူ ကျွန်တော်တို့ ထိုင်နေကြတဲ့တဲထဲက လူအုပ်ထဲကို မိုးကြိုးပစ်လိုက်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ။ ကျွန်တော်တို့လဲ ကြောက်လန့်အော်ဟစ်ကာ ထွက်ပြေးကြပြီး နောက်ကို လှည့်ကြည့်လိုက်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ရယ်၊ ကိုကုလား၊ ကိုကျော်ဦးနဲ့ အမျိုးသမီးနှစ်ဦးကတော့ မသန်းစိန်၊ မမြင့်မြင့်တို့ လွတ်သွားကြပြီး ငွေဇင်ရော်ကျေးရွာသား,သူများဖြစ်သော လယ်ပိုင်ရှင် ကိုကံမြင့် အသက်(၂၇)နှစ်၊ မတင်ဝင်း အသက်(၄၂)၊ ကိုပေါက်(ခ)ကိုဝင်း အသက်(၃၀)နှစ်တို့(၃)ဦး မိုးကြိုးထိမှန်ပြီး နေရာတွင်ပင် သေဆုံးသွားကြပါတယ်။

ကျန်(၅)ဦးကတော့ မိုးကြိုးထိမှန်ခြင်း၊ ဒဏ်ရာရရှိခြင်း လုံးဝ မဖြစ်ခဲ့ပါဘူး ဆရာ။ ဒီဂါထာတော်ရဲ့ တန်ခိုး ဘယ်လောက်ကြီးတယ်ဆိုတာ ကျွန်တော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်က နှစ်ခါတောင် အသက်ဘေးက လွတ်လာရတာ၊ ပြောမပြတတ်အောင် ယုံကြည်တယ်။

ကျွန်တော်ရဲ့ အသက်ခန္ဓာ တည်မြဲနေသရွေ့ ယုံယုံကြည်ကြည် လေးစားမြတ်နိုးစွာနဲ့ ဒီဂါထာလေးကို ရွတ်နေမှာပါဆရာ။

ကျွန်တော် အသက်ဘေးနဲ့ နှစ်ခါကြုံပြီး လွတ်လာရပုံလေးနဲ့ ဒီဂါထာလေးရဲ့ အကျိုးအာနိသင် ထူးခြားကြီးမားပုံကို ဆရာ့အနေနဲ့ စာဖတ်ပရိသတ်များကို ဖော်ပြပေးစေချင်ပါတယ် ဆရာ'

စာရေးသူသည် ကိုမြင့်အောင်၏ ကိုယ်တွေ့ဖြစ်ရပ်မှ အသက်ဘေးမှ နှစ်ကြိမ်မြောက် လွတ်လာခဲ့ရသော ဤဂါထာတော် အကျိုးအာနိသင် ထူးခြားမှုကို ခုနစ်ရက်သားသမီး စာဖတ်သူများအား ကာယကံရှင်၏ ပြောပြချက်ဖြင့် ပြန်လည် ရေးသားတင်ပြလိုက်ပါသည်။



ဤကိုယ်တွေ့ဖြစ်ရပ်မှန်တွင် အချိန်၊ နေရာ၊ ဒေသ၊ ရက်စွဲ၊ ခုနစ်များနှင့် ဖြစ်ပျက်ပုံများကို တိကျမှန်ကန်စွာ ရေးသားတင်ပြခဲ့ပြီး ပါဝင်သော လူပုဂ္ဂိုလ်များ၏ တောင်းပန်ချက်ဖြင့် အမည်များ ကွဲလွဲစွာ သုံးနှုန်းထားပါကြောင်း...

ကိုယ်တွေ့ဖြစ်ရပ်မှန် စာမူအား ရေးသားနိုင်အောင် ကူညီပေးခဲ့ကြသော မော်လမြိုင်ကျွန်းမြို့မှ သူငယ်ချင်းများနှင့် ငွေဇင်ရော်ကျေးရွာမှ ကိုမြင့်ဦးတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

**(စာကြွင်း)**

**[၁၂-၅-၂၀၁၂ ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)၊ ကော်လံ(၅)မှ မိုးကြိုးပစ်သုံးဦးသေ၊ ငါးဦးမိုးကြိုးဘေးမှ လွတ်ကင်း]**

**ကိုမြင့်အောင် ရွတ်ဆိုသော အသက်ကယ်ဂါထာ...**

---

ကုဿန္တော ဂါထာတော်

---

ကုဿန္တော သာသပဂ္ဃော
စက်မတိ ကုတောစိတော။
ကုဿန္တော လောကဓာတုမှိ
အတ္တ ဘာဝေန ဆာဒယိ။

ခက်ခဲသော ပါဠိအသံထွက်

ကုဿန္တော = အိတ်ဆန်တော
ဂဇ္ဈော = ဂပ်ဘော
လောကဓာတုမှိ = လောကဓာတုန်မိ
အတ္တဘာဝေန = အတ်တဘာဝေန

အနက်

(**ဘဂဝါ**၊ မြတ်စွာဘုရားသည်။) **ကုဿန္တော**၊ အလိုရှိတော်မူသည်ရှိသော်။ **သာသပဂ္ဃော**၊ မုန်ညင်းစေ့တိုက်ခန်း (မုန်ညင်းစေ့အတွင်း)၌။ **ကုတောစိတော**၊ ထိုမှဤမှ။ **စက်မတိ**၊ စကြံကြွသွားတော်မူနိုင်၏။ **ကုဿန္တော**၊ အလိုရှိတော်မူသည်ရှိသော်။ **လောကဓာတုမှိ**၊ လောကဓာတ်ကို။

**အတ္တဘာဝေန**၊ အတ္တတော်ဝော် (ကိုယ်တော်)ဖြင့်။ **ဆာဒယိ**၊ ဖုံးလွှမ်းတော်မူနိုင်၏။

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)*

**ဂါထာတော်အကျိုး...**

ဤဂါထာတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ပါက မိမိအား မကောင်းကြံသူတို့ဘေးမှ ကင်းဝေးခြင်း၊ မီးဘေး, ရေဘေး,လေဘေးတို့မှ ကင်းဝေးခြင်း၊ ရန်သူများ ရှာမတွေ့အောင် လုံခြုံသော အကာအကွယ်ကို ရရှိစေခြင်း ရှိသည်ကို ရှေးဆရာတော်ကြီးများက ပြောဆိုမှတ်တမ်းတင်ခဲ့သော ဂါထာတော် ဖြစ်သည်။

ကြက်ခြေနီ ကြည်ကြည်
*(ဇီးကုန်း)*



www.burmeseclassic.com

www.burmeseclassic.com

alumj iaa cqa i;yj;




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း၊**

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၀၆၅၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

ငုံကြာခိုင် အကွက်ဆန်းထွင်ပါတဲ့ ရှဉ့်မဟာမြိုင်

# ရက်ကန်းဝင် တောင်တော်ဦးဆီသို့ (၁၁)

ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

ယခင်လမှ အဆက်

နောင်သံသရာအတွက် ရတက်မပွားရအောင် ကြောင်တစ်ရာဘုရားမှာ ကုသိုလ်ပြုဖို့ တိုက်တွန်းတယ်လို့ ထင်ရတာပဲ။ ဒိုးခလွန်းတောင်ရဲ့ အနောက်ဘက်တစ်ကြောမှာ အဓိကရဘုရားစေတီရယ်လို့ ဒီတစ်ဆူပဲ ရှိခဲ့တာမဟုတ်လား' **(ဝါတော်ကြီးရင့်သော ရှေးဟောင်းစေတီဖြစ်ကြောင်း ဆိုလိုဟန်ရှိ၏။)**

ဝင်းကရွာ၊ ရက္ကန်းသမရွာတို့နှင့် အလှမ်းမဝေးလှသဖြင့် ရှေးအခါက ကုသိုလ်ရှင် ပရိသတ်တို့ မပြတ် ပူဇော်ကိုးကွယ်ခဲ့ကြပေမည်ဟု မှန်းဆမိသည်။


ထို့နောက်တွင် သာမဏေကလေးများနှင့်အတူ ကျောင်းဝင်းအနောက်ဘက်စွန်းရှိ စေတီတော်အား သွားရောက် ဖူးမြော်သည်။ ကုန်းတော်မြေပြင်တွင် အုတ်ဖိနပ်ခံကာ အထက်၌ လေးထောင့်ပစ္စယံသုံးဆင့်၊ ထိုအထက်တွင်မှ ရှစ်မြှောင့်ပစ္စယံသုံးဆင့်တင် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

မူလလက်ရာအတိုင်း ပြန်လည်ထိန်းသိမ်းထားခြင်းဖြစ်ကာ အုတ်ဖိနပ်နှင့်ကပ်လျက် ပတ်လည်တွင် မူလကြောင်ရုပ်များ စီတန်းလျက် တွေ့ရသည်။ ဂဝံကျောက်ရုပ်လုံးများ ဖြစ်ကာ ကာလကြာရှည်သဖြင့် ကြောင်ရုပ်သဏ္ဍာန် ပီပြင်မှုအားနည်း၍



▲ ဘုရားရှင်အား မြသပိတ်ကပ်လှူဟန်

▼ ရဟန္တာတို့ နရသီဟာပုံ ဝန်ဆောင်၍ ဘီလူးရန် နှိမ်နင်းပုံ



လေးထောင့်ဂဝံအုတ်ပမာ မြင်တွေ့ရသည်။ အချို့ရုပ်လုံးများမှာ ကြောင်သဏ္ဍာန် မှန်းဆ၍ ရနိုင်သေးသဖြင့် မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

ကုန်းတော်မြေ ထောင့်စွန်းတွင် လက်ညှိုးညွှန်နတ်ရုပ်ကို ထီးနှင့်တကွ တွေ့ရသည်။ ကုန်းတော်ထိပ်မှ မျှော်ကြည့်ပါက လယ်ကွင်းပြင်ကျယ်နှင့် ချောင်းရိုးကလေး စီးဝင်သွားသော ပင်လယ်ပြင်ကို မှိုင်းတွေတစ်ဝိုင်း

www.burmeseclassic.com



◆ ရှင်ဥပဂုတ္တနှင့် တန်ဆောင်းအောက်မှ ထိုးစည်



◆ ရှင်သီဝလိတန်ဆောင်း


အခြေတွင် ရေးရေးမြင်ရလေသည်။

ဤကုန်းတော်သည်ကား သုဓမ္မဝတီ ရှေးဟောင်းမြို့တော်ကြီး၏ မြို့ဦး နန်းဦးစေတီတော် ဖြစ်ခဲ့သည်ဟု မှတ်သားရသည်။

## ကြောင်ရုပ်ကိုဆောင်

စေတီတော်၏ လေးထောင့်ပစ္စယံ လေးဖက်

◆ ကုန်းတော်တစ်ဖက်မှ ဝင်တော်နှင့် မယ်တော်တန်ဆောင်း



◆ မယ်တော်တန်ဆောင်းတွင်း ရုပ်တု





www.burmeseclassic.com


www.burmeseclassic.com



◆ ကုန်းတော်အဝင်ဝမှ
စင်မြင့်တန်ဆောင်း



◆ စင်မြင့်ထက်မှ ဝိဇ္ဇာနှင့် မင်းရုပ်ပုံ



◆ စင်မြင့်အောက်မှ
ကျောက်သမ္ဘန်

လေးတန်တွင် မုခ်ငယ်များ ထွင်းကာ တင်ပျဉ်ခွေရုပ်ပွားတော် တစ်ဆူစီ ပူဇော်ထား၍ အရှေ့ဘက် အာရုံခံ တန်ဆောင်း ဆောက်လုပ်ထားသည်။ လေးထောင့်ပစ္စယံ ထောင့်စွန်းများတွင် ကြောင်ရုပ်သုံးရုပ်စီကို ဟန်အသွယ်သွယ်ဖြင့် သွန်းလုပ်ထားသည်။


ရှေးသူတော်စင် အဆက်ဆက်တို့ မဟာဂန္ဓာရီကျင့်စဉ်စခန်းမှ အစ လောကီလောကုတ္တရာရေးရာ အဖြာဖြာအတွက် သစ္စာအဓိဋ္ဌာန်ပြု အောင်မြင်သောနေရာထူးဖြစ်ကြောင်း သိရသည်။ စေတီအနီးတွင် ရှေးဟောင်းသိမ်တစ်ဆောင်ရှိ၍ စခန်းဝင်ကမ္မဋ္ဌာန်းဆောက်တည်ကြသူများသည် သီလ၊ စရဏ ခိုင်လုံပါက အကူအညီများ ရရှိကြသည်ဆို၏။

လောကီရေး အပွားအစီးကိစ္စတွင် မျိုးနွယ်ဆက် ထိန်းသိမ်းမှု၊ အိမ်ရာတည်ထောင်မှုပြုရာ၌ မယားဇနီးအပေါ် ချစ်သဝန်ကြောင်၍ ချုပ်ချယ်လွန်းပါက မလိုလားအပ်သော အကျိုးဆက်များ ထွက်ပေါ်လာနိုင်သည်။

ထို့ကြောင့် လွန်ကဲသော သဝန်ကြောင်မှု၊ ဝန်တိုမှုကို ဆင်ခြင်သင့်ကြောင်း သတိပေးကာ ကြောင်ရုပ် (ပြန်လည် သိမ်းဆည်းခြင်းအနက်ကို ညွှန်းသည်) ဆောင်စေသည်။ အများသူငါ ပြောဆိုကြ အစဉ်အလာစကားမှာ (မယားနေစ ကြောင်သေမှ) ဟူ၍ ဖြစ်သည်။


အမျိုးသမီးတစ်ဦးအတွက် အိမ်ထောင်ပြုလိုက်သည်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်များအားဖိုး

www.burmeseclassic.com



◆ ကြောင်တစ်ရာစေတီ

◆ ပစ္စယံစွန်းမှ ကြောင်ရုပ်များ



လက်လွှတ်ဆုံးရှုံးခံရသည့် အဖြစ်ကို စာနာချင့်တွက်ပေးရန် ဖြစ်သည်။ (မိန်းမကောင်းပန်းပန် တစ်ပွင့်တည်းပန်)ဟူသော စကားအရ အမျိုးသမီးတို့သည် ကာမပိုင် လင်သားတစ်ဦးသာ ထားရလေ့ရှိသော အရှေ့တိုင်းမြန်မာမှုဓလေ့အရ ခင်ပွန်းသည်ကို သာစာနာမှုပေးရန် ညွှန်းခြင်းဖြစ်၏။

ဗေဒင်အယူအဆ အနေဖြင့်ကား **ကြောင်ရုပ်**= တနင်္လာ၊ ဗုဒ္ဓဟူး= ကောလီဖြစ်သည်။ လောကီအကျိုးထူးများကို ပေးစွမ်းသည်။ ကြီးပွားစေလို ဘုန်းရှိပ်ခိုကာ ဘုန်းတော်အနန္တရှိတော်မူသော မြတ်စွာဘုရားရှင်အရိပ်ခိုလျက် ၂၄ ပစ္စည်း ပဋ္ဌာန်းပူဇော်၍ အဓိဋ္ဌာန်ပြု ဆုပန်နိုင်သည်။ လောကီလောကုတ္တရာ ကောင်းကျိုးအဖြာဖြာကို မျှော်ကိုးနိုင်လေသည်။

## ကျားတစ်ရာသို့

ကြောင်တစ်ရာစေတီ ကုန်းတော်တွင် ကြည်ညို ဖူးမြော်ပြီးနောက် ဆရာတော်နှင့် ဝင်းကရွာသူ မိတ်ဆွေအဒေါ်ကြီးတို့အား နှုတ်ဆက်ကာ လာလမ်းအတိုင်း ကျားတစ်ရာစေတီ




www.burmeseclassic.com

www.burmeseclassic.com



▲ ကြောင်တစ်ရာအာရုံခံတွင်းမှ ရုပ်ပွားတော်

▼ ကုန်းတော်စွန်းမှ လမ်းညွှန်နတ်ရုပ်



သို့ ပြန်တက်ခဲ့သည်။

ကုန်းမော့တစ်ခုသာ ခြားသော ကျားတစ်ရာစေတီမှာ ကြောင်တစ်ရာ စေတီနှင့် ဆင်တူသော်လည်း လေးထောင့်ပစ္စယံသုံးဆင့် အထက်တွင် ရှစ်မြှောင့် ပစ္စယံ(၅)ဆင့်ခံကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားခြင်း ဖြစ်သည်။ လေးထောင့်ပစ္စယံပတ်လည်နှင့် ထောင့်စွန်းသုံးဆင့်တို့တွင် ကျားရုပ်များ သရုပ်ဖော်ထားသည်။

ရင်ပြင်စွန်းတွင် ရှင်သီဝလိနှင့် ရှင်ဉပဂုတ္တရဟန္တာတို့ကို တန်ဆောင်းအတွင်း ပူဇော်ထားသည်။ ရင်ပြင်တော်အဝင်ဝတွင် ကျားခေါင်းဆောင်း လုံ့ရှည်ကိုင်ရုပ်တုနှင့် ကျားရုပ်တုတို့ ရှိသည်။

ကျားတစ်ရာစေတီနှင့် ပတ်သက်၍ ရှေးစကား မကြားသိရသော်လည်း

ဝင်းကရှာသူ အဒေါ်ကြီးတစ်ဦးက ဤသို့ဆို၏။

'အမှားမလုပ်မိအောင် ကျားရုပ်ကို ရှောင်။ ကျားဆိုတာ သားကောင်ကို တင်ပါးကစပြီး ခဲတာ။ လူလိုဆိုတော့ ဖင်ထိုင်ခုံကို လေမှုတ်ပေးတာပေါ့။ အဲဒါကို သတိထားဖို့ ပြောတာအေ့'

သူတစ်ပါး ပိုင်ဆိုင်ရရှိသော ရာထူးဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်၊ ရူပဂုဏ်တို့ကို ချီးမွမ်း မြှောက်ပင့်ပြောဆိုကာ မိမိအကျိုးအတွက် ရည်ရွယ် ဆွယ်မြှူမြှောင်းပေးခြင်း မပြုပါက အမှား ကျူးလွန်ဖွယ် မရှိ။ အကျိုး မယုတ် လျော့နိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

ဗန်းစကားအနေဖြင့် ဖော်လံဖား သည်ဟု ပြောဆိုကြသည်။ ဗျူပွတ်မှာ ကသိကအောက်နိုင်လှသဖြင့် ဤဝေါဟာရကို မသုံးဖြစ်ပါ။ အကြောင်းသော်ကား...

ဖုကျန့် တရုတ်ဘာသာစကား ဖြစ်၍ လံ=လူ၊ လံဖား=လိင်ဉ ဖြစ်ကာ ဖော်=မ,သည်ဟု အဓိပ္ပာယ်ရသောကြောင့် ဖြစ်လေသည်။

ဤတွင် တိုက္ကလားတောင်တန်းပေါ်ရှိ ဂူဘုရားစေတီများ လေ့လာမှု ပြီးဆုံးပြီဖြစ်၍ လမ်းခွဲမှတစ်ဆင့် တောင်ကြီးရွာသို့ ပြန်ဆင်းခဲ့သည်။ တောင်ကြီးရွာထိပ်၊ ဒိုးခလွန်းတောင်ခြေ မုခ်ဦးမှနေ၍ ကောလာသဆံတော်ရှင်စေတီအား နှုတ်ဆက်ဂါရဝပြု ကြည်ညိုပြီးနောက် ဘီးလင်းမြို့ဆီသို့ ဦးတည် ထွက်ခွာခဲ့လေသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၇၇

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ကြံစည်သမျှ ဟန်မကျ လွဲချော်နေရပါက ဒသာဆိုး၊ ဂြိုဟ်ဆိုး စီးဝင်နေသည်ဟု ယူဆတတ်ကြသည်။ ထိုသို့ဖြစ်နေပါက ဂုံစက္ကူ (၂၅) ကွက်အင်းတွင် သရဏဂုံ အင်းဆန်သွင်းကာ အလယ်တွင် ကာယကံရှင် မွေးနံ့ထည့်ပါ။ ထိုအင်းကို ဆီမီးခွက်ထည့် ဆီဖြည့်ထားပါ။

ကာယကံရှင်၏ အရပ်နှင့်အညီ တိုင်းဖြတ်ထားသော ချည်ကိုခေါက်ကာ **'ကျီးခြေ'**မီးစာကျစ်၊ ညနေ(၆) နာရီအချိန်တွင် နေအိမ်ရှိ ဘုရားအား ဆီမီးပူဇော်ပါ။

ဂုံစက္ကူပေါ်တွင် ရေးရန်
သရဏဂုံအင်း

| | | | | |
|---|---|---|---|---|
| ဗုံ | ရ | ဓ | ဂ | သ |
| မ္မံ | ဏ္ဍာ | ဒ္ဓံ | သ | မိ |
| ဏံ | မိ | (နံ) | ရ | ဏံ |
| မိ | သ | ဂ | ဏ္ဍာ | ဃံ |
| ဏ္ဍာ | ဂ | သံ | ရ | ဏံ |

ထိုသို့ ပူဇော်ပါက ကြုံတွေ့နေရသော အခက်အခဲ ပြဿနာ ဖိစီးနှိပ်စက်နေသည့် ဝေဒနာများ၊ အဖျက်အဆီးများ ကင်းရှင်းပယ်ခွာသွားလိမ့်မည်ဖြစ်ကြောင်း **အင်းပညာနှင့် လုပ်ရပ်ပညာတွင် နှံ့စပ်တတ်ပွန်သော မန္တလေးမြို့ (၂၂)လမ်းနှင့် (၈၆)လမ်းထောင့် အလ္လကပ္ပတိုက်၊ သီရိမာလာကျောင်း ဆရာတော် အရှင်ဓမ္မပီယ သက်တော် (၈၄)နှစ် အရွယ် ပျံလွန်တော်မမူမီ (၂)လ အလိုခန့်ကာလက မိန့်ကြားချီးမြှင့်တော်မူခဲ့လေသည်။**



# ဒသာဂြိုဟ်စီး မကောင်းလျှင်

သုံးရက်အတွင်း သိသာထင်ရှားပါသည်။ အခက်အခဲကြီးမားပါက ရက်ဆက်၍ ထွန်းညှိကပ်လှူပါဟု သိမှတ်ရသည်။

'သရဏဂုံ မီးခွက်ပုံတွင် ဆီလျှပ်ဖြည့်စွက်၊ မီးခွက်မီး၏ ဗိုင်းချည်ဝါကို ထိုသူနာမ် အမှန်တစ်ရပ်၊ ပိုင်းကာဖြတ်၍ ထပ်ထပ်ခေါက်လေ၊ ချည်ကျီးခြေကျစ် သင့်ရာတင်ဘိ မီးထွန်းညှိလော့။ ကြီးမားဖျားနာ ဒသာဂြိုဟ်စီး ဆီးတားနှိပ်စက် အဖျက်မျိုးမှန် မကောင်းကြံသမျှ တစ်ဖန်မယွင်း အရပ်ရပ်ကွင်းသည် ကင်းစွပြိမ်းအေး ဓမ္မဆေးတည်း'

ဟုလည်း ရွတ်ဆိုပြတော်မူခဲ့သည်။

ရောဂါဝေဒနာ ပြင်းထန်ခြင်းအတွက် ဆီမီးသုံးခွက် တစ်ပြိုင်နက် ထွန်းညှိပါက ပိုမိုထိရောက် သက်သာပျောက်ကင်းစေနိုင်ပါသည်။

သရဏဂုံ အင်းဆန်သွင်းရန်...

မြင်းသွားပုံ အစီအစဉ်

| | | | | |
|---|---|---|---|---|
| (စ) ၁ | ၂၀ | ၉ | ၁၄ | ၃ |
| ၁၀ | ၁၅ | ၂ | ၁၉ | ၂၄ (ဆုံး) |
| ၂၁ | ၈ | ကာယကံရှင်၏ မွေးနံ | ၄ | ၁၃ |
| ၁၆ | ၁၁ | ၆ | ၂၃ | ၁၈ |
| ၇ | ၂၂ | ၁၇ | ၁၂ | ၅ |

*ဆရာအရှင် ဓမ္မပီယ၏ ကျေးဇူးတော်ကို ဦးတင်လျက်...*

**ထက်မင်းကျော်စွာ**

ရ ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

''မမမျိုးရေ မမမျိုး''

''ဟဲ့ ဘယ်သူတုံး''

''ညီမလေး ခင်ခင်ပါ''

''ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်''

''မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ''

''အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်''

''ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား''

''ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်''

''မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ''

''ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးထဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ''

''ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့''

''ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား''

''စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ''

''အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး''

''စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင် အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း။ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်''

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

''မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်''

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊**
**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၀YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်၊ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက် သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက် ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည် နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံ သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြ ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ် ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြ ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ် ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆ အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူမျ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမ် သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမ အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါ အကြံပြုပါရစေ'

ဆရာမြင့်

**စကြာမင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သင်္ဃနာမှတ်တိုင်အနီး မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၃

**ဦးဇော်ထွန်း**

www.burmeseclassic.com

# ပြက္ခရွှေတောင် ရွှယ်တော်ရှင် စေတီတော်မြတ်

## နှင့် သာသနာပြု ဆရာတော်ကြီးများ (၂)

မောင်မောင်ကျော်




◆ ပြက္ခရွှေအနောက်တောင်ရှိ ရွှယ်တော်ရှင်စေတီတော်

### ယခင်လမှ အဆက်

ဤကဲ့သို့ ဆောင်ရွက်တော်မူရာတွင် ဆရာတော်ကြီးသည် တပည့်ရင်းဖြစ်သူ **ကိုရင်လာဘ (ယခုဆရာတော်ကြီး ဦးလာဘာဝတ)**နှင့်အတူ နောက်ပါ တပည့်တပန်း ဒါယကာ(၅)ယောက် တစ်ခါတစ်ရံ နောက်ပါ ဒါယကာ(၇) ယောက် စသည်ဖြင့် အားကြိုးမာန်တက် ဆောင်ရွက်တော်မူခဲ့ပေသည်။

ဆရာတော်ကြီးသည် ပြက္ခရွှေတောင်သို့ တစ်ခါကြွလျှင် အနည်းဆုံး တစ်လခန့် ကြာပြီး သာသနာပြုခဲ့ပေသည်။

ဆရာတော်ကြီး ဤကဲ့သို့ သာသနာပြုနိုင်ရန်အတွက် မန္တလေးမြို့ ရွှေပြည်ရပ် မီးရထားလမ်းဝန်ထောက်ကြီး ဦးမောင်မောင်သန်း၊ ဒေါ်မြနှစ်မိသားစုတို့က ပစ္စည်းလေးပါးတို့ဖြင့် ရာသက်ပန်လှူဒါန်းခဲ့ခြင်း ဖြစ်ပေသည်။

* * *

ပြက္ခရွှေတောင်တန်းအား ဒုတိယမြောက် သာသနာပြုခဲ့သည့် ဆရာတော်ကြီးမှာ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက် ပဓာန နာယက ပြည်တွင်းပြည်ပ သာသနာပြု "နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ" ဖြစ်ပေသည်။


ဆရာတော် ဘဒ္ဒန္တလာဘာဝတသည်ကား "ဦးလာဘာဝတ"ဟု ဘွဲ့တော်မည်နာမ ထင်ရှားရှိသော်လည်း မိတ္ထီလာမြို့တွင် "ဘုန်းဘုန်းလေး"ဟု လူသိများကြပေသည်။

ထိုကဲ့သို့ လူသိများခြင်း အကြောင်းမှာ ဆရာတော်သည် ကျောင်းတိုက်အပ်နှံသည့် ၁၃၂၄ ခုနှစ်၊ ဝါဆိုလမှ



www.burmeseclassic.com

www.burmeseclassic.com



◆ ပြကၠဍဿအရှေ့တောင်နှင့် ပြကၠဍဿအနောက်တောင်တို့အား အဝေးမှ မြင်တွေ့ရစဉ်

အစပြု၍ ပရိယတ္တိတာဝန် ကြိုးစား အားထုတ်တော်မူရင်း ရဟန်းတော်(၁၀)ပါး၊ သာမဏေ(၁၅)ပါးတို့ဖြင့် နံနက်(၆)နာရီအချိန်တွင် သိမ်တောင် နိကာယ ဆရာတော်ကြီးများ ကျင့်သုံးသည့် ပိဏ္ဍပါတ်ဆွမ်းခံဝတ်ကို မြို့မ(၄)ရပ်ကွက်၊ အရှေ့ပြင်ရပ်ကွက် စသည့် (၇)ရပ်ကွက်များသို့ အလှည့်ကျ ကိုယ်တိုင် ဦးစီးပြီး ဆွမ်းခံကြွတော်မူသည်။

ဤသို့ ဆွမ်းခံကြွရာတွင် ဒါယကာ၊ ဒါယိကာမများကို ချီးမြှောက်သည့် အနေဖြင့် ကြည်ညိုဖွယ်ရာဖြစ်အောင် သင်္ကန်းတစ်ရောင်တည်း ဝတ်ဆင်၍ နေ့စဉ်ဝတ်မပျက် ကြွရောက်လျက် ရှိခဲ့သည်မှာ ယနေ့ထက်တိုင် တည်မြဲလျက် ရှိခဲ့ပေသည်။

ဒါယကာ၊ ဒါယိကာမများကလည်း စေတနာကြည်ဖြူစွာဖြင့် ဆွမ်းစသည့် ပစ္စည်းလေးပါး လောင်းလှူကြသူများ အလွန်ပေါများကြပြီး လေးစား ကြည်ညိုမှုရှိသည့် အားလျော်စွာ မိမိတို့၏ ကလေးများကိုပင်...

'ဘုန်းဘုန်းလေးကြွလာပြီ ရှိခိုးကြ' ဟု သွန်သင်ကြရာမှ အစပြုကာ ''ဘုန်းဘုန်းလေး''ဟု လူသိများလာခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော် ကိုယ်တိုင်ကလည်း စကားပြောရာ၌ ''ဘုန်းဘုန်းလေး''ဟု ထည့်ပြောလေ့ ရှိသဖြင့်လည်း ဆရာတော်၏ ဘွဲ့အမည်ကို မသိကြတော့ဘဲ ''ဘုန်းဘုန်းလေး''ဟုသာ သိမှတ်နေကြပေတော့သည်။

ဘုန်းဘုန်းလေးသည် ဒါယကာ၊ ဒါယိကာမများအပေါ် ချီးမြှောက်လိုသည့်အတွက် အရုဏ်ဆွမ်းစား ပင့်ထားသူများရှိခဲ့သော်လည်း ဆွမ်းခံကြွပြီးမှသာ ဆွမ်းစားပင့်သည့်အိမ်သို့ ကြွရောက်လေ့ ရှိပေသည်။

ဘုန်းဘုန်းလေးသည် တရားဓမ္မကို မှတ်သားလောက်အောင် ဟောနိုင်စွမ်းရှိသည့် ဆရာတော်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားခဲ့ပေသည်။

ဘုန်းဘုန်းလေးသည် ကျောင်းတိုက်ရှိ စာသင်သား(၁၀၀)ခန့်ကိုလည်း နေ့စာဝါ၊ ညစာဝါများကိုလည်း မပြတ်ပို့ချလျက် ရှိပေသည်။ ထိုကဲ့သို့ မအားလပ်သည့်ကြားမှပင် ကျောင်းတိုက်သို့ ရောက်လာကြသော ဒါယကာ၊ ဒါယိကာမများကိုလည်း လောကီ၊ လောကုတ္တရာ နှစ်ဖြာချမ်းသာကို ရရှိနိုင်သော တရားဓမ္မ ဗဟုသုတ အထွေထွေတို့ဖြင့် ဆုံးမလေ့ ရှိပေသည်။

ဘုန်းဘုန်းလေး ဆုံးမတော်မူလေ့ရှိသည့် ဩဝါဒမှာ...

'ဘဝပါရမီ ကံကောင်းလို့ လူလာဖြစ်ကြရတာ၊ လူဖြစ်ပြန်တော့လဲ မြင့်မြတ်တဲ့ ရှင်ရဟန်းဘဝဖြင့် ဘုရားရှင်သာသနာနဲ့ ကြုံခွင့်





www.burmeseclassic.com

www.burmeseclassic.com

ဆုံခွင့်သာသနာပြုခွင့် ရနေခိုက်မှာ ဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ နေထိုင်ကြ'

ဟု ဆုံးမလေ့ ရှိပေသည်။

ထိုလာအရှင်ဉာဏိဿရ မဟာစည်နည်းလုပ္ပည့်ဓမ္မကထိက (ညောင်ကန်အေး သာသနာ့ရိပ်သာ၊ ရန်ကုန်)က ဘုန်းဘုန်းလေးအား...

'ဘုန်းဘုန်းလေးနဲ့ ပြက္ခရွှေတောင် ဘယ်လိုဆက်နွယ်ခဲ့သည်ကို သိပါရစေ'

ဟု လျှောက်ထားသည့်အခါ ဘုန်းဘုန်းလေးက...

'ဦးဉာဏိဿရရေ... တပည့်တော်(၁၁)နှစ်သား ကိုရင်အရွယ်လောက်ကပေါ့ တပည့်တော်ရဲ့ ဆရာရင်း ဆရာတော် ဦးကလျာဏဟာ တစ်နှစ် တစ်ခေါက်၊ နှစ်ခေါက်ဆိုသလိုပဲ အမြဲတမ်း ဒီ ပြက္ခရွှေတောင်ပေါ် ကြွရောက်ပြီး သာသနာပြုလေ့ရှိတယ်။

အဲဒီမှာ တပည့်တော်က အမြဲတမ်း လမ်းရှင်းဖို့ ပါမြဲ ဖြစ်တယ်။ ဆရာတော် ဦးကလျာဏကလဲ သိဿာနု သိဿဆိုတဲ့အတိုင်း အရင်သာသနာပြုတော်မူသွားကြသော ဆရာတော်ကြီး(၅)ပါးတို့ရဲ့ အစဉ်အဆက်အရ ဆက်လက်ပြီး ပခုံးပြောင်း တာဝန်ယူကာ သာသနာပြုခဲ့သည် ဆိုပါတော့။

ဆရာတော် ဦးကလျာဏအား ဂျပန်ခေတ်အတွင်း မန္တလေးမြို့ ရွှေပြည်ရပ်မီးရထားလမ်းဝန်ထောက်ကြီး ဦးမောင်မောင်သန်း၊ ဒေါ်မြနှစ်မိသားစုတို့က ပစ္စည်းလေးပါးတို့ဖြင့် အမြဲတမ်း လှူဒါန်းလေ့ ရှိတယ်။

တပည့်တော် အသက်(၂၀)ပြည့်တဲ့ အခါမှာလဲ ဦးမောင်မောင်သန်း၊ ဒေါ်မြနှစ် မိသားစုတို့ကပင် တပည့်တော်ကို ... ပစ္စည်းလေးပါး ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမအဖြစ် ခံယူခဲ့ကြတယ်။



◆ ပြက္ခရွှေဝှယ်တော်ရှင် စေတီတော်ရင်ပြင်ရှိ အရုပ်သင်

ဆရာတော်ဦးကလျာဏ ပျံလွန်တော်မူပြီးနောက် ပြက္ခရွှေတောင် သာသနာပြုလုပ်ငန်းများလဲ ရပ်ဆိုင်းနေသလို ဖြစ်နေခဲ့တယ်။ အဲဒါ ဘယ်လောက် ကြာခဲ့သလဲဆိုရင် နှစ်ပေါင်း (၃၀)လောက် ကြာသွားခဲ့တယ်။

တစ်နေ့သောညမှာ တပည့်တော်အား ဆရာတော်ဦးကလျာဏက...

'လာ... မင်း ပြက္ခရွှေတောင်ကို သာသနာပြုဖို့ အချိန်တန်ပြီ'

လို့ အိပ်မက်ပေးသလိုလို တကယ်ပင် နားထဲမှာ ကြားယောင်နေမိသလို ခံစားခဲ့ရတယ်။

အဲဒီအချိန်မှာ တပည့်တော်ရဲ့ သက်တော်က (၅၀)နှစ်လောက် ရှိနေပြီ။ ဒါကြောင့် ပြက္ခရွှေတောင် သာသနာပြုလုပ်ငန်းကို ပခုံးပြောင်း တာဝန်ယူခဲ့ရတာပါပဲ'

ဟု အမိန့်ရှိခဲ့ပေသည်။

ဘုန်းဘုန်းလေး၏ သာသနာပြုလုပ်ငန်းများအနက် ပြက္ခရွှေတောင်တန်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခြင်းအကြောင်းကို တင်ပြလိုပေးသည်။ ဤကဲ့သို့ မတင်ပြမီ ဘုန်းဘုန်းလေး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖော်ပြပါမည်။

ဘဒ္ဒန္တလာဘာဝတ(ဘုန်းဘုန်းလေး)

မထေရ်မြတ်ကြီး၏

ထေရုပ္ပတ္တိအကျဉ်း

မိတ္ထီလာမြို့ အသောကာရုံရေလည်ကျောင်းတိုက် ပဓာနနာယက ပြက္ခရွှေတောင် သာသနာပြု နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ အလောင်းအလျာကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့အနောက်ဘက် (၂)မိုင်အကွာ ဂဠုံကျေးရွာတွင် ကောဇာသက္ကရာဇ် ၁၂၉၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂)ရက်၊ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီ(၁၅)ရက်၊ ဗုဒ္ဓဟူးနေ့၌ အဘလယ်သမားကြီး ဦးအောင်ဒင်၊ အမိလယ်သူကြီးကတော် ဒေါ်လှတို့မှ ဖွားမြင်တော်မူခဲ့ပေသည်။

ဘုန်းဘုန်းလေး၏ ငယ်နာမည်မှာ မောင်လေးမောင်ဖြစ်ပြီး ဒုတိယမြောက်သားရတနာ ဖြစ်ပေသည်။

အသက် (၅)နှစ်သားအရွယ်တွင် မိဘတို့က ကျောက်ဖြူကုန်းရွာ ဈေးကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တအာစရ ထံတော်တွင် ပညာသင်ကြားရန် အပ်နှံခဲ့ပေသည်။ ယင်းရွာ မူလတန်းကျောင်း

www.burmeseclassic.com



◆ တောင်တက်ကားလမ်းမုခ်ဦး

ဆရာကြီး ဦးစံလုံးထံတွင်လည်း မူလတန်းပညာကိုပါ သင်ယူခဲ့ပေသည်။

၁၃၀၃ ခုနှစ်၊ အသက်(၁၃)နှစ်အရွယ်တွင် ဂဠုံကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓထံတော်၌ ရှင်သာမဏေဝတ်ခဲ့လေသည်။ ဘွဲ့အမည်မှာ (ရှင်လာဘ) ဖြစ်ပေသည်။

ရှင်လာဘသည် ရေလည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒနှင့်အတူ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် ဆရာတော် ဦးကလျာဏထံတော်၌ ပိဋကတ်စာပေ သင်ကြားခဲ့ပေသည်။

ရှင်လာဘသည် သက်တော်(၂၀) ပြည့်သည့်အချိန်တွင် မန္တလေးမြို့ ရွှေပြည်ရပ်၊ မီးရထားလမ်းဝန်ထောက်ကြီး ဦးမောင်မောင်သန်း၊ ဒေါ်မြနှစ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကိုးတောင်ပြည့်ကျောင်းတိုက် ဒုတိယမြောက် ဆရာတော်ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ၁၃၁၁ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် မြင့်မြတ်သော သာကီနွယ်စစ် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပေသည်။

၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ ဆရာတော်ကြီးနှင့် မာဂဓနေယျပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ(သ.စ.အ)ဓမ္မာစရိယ အဂ္ဂမဟာအကျော် ဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော်ကြီးများ၏ ခြေတော်ရင်းသို့ ပြောင်းရွှေ့ခဲ့ပေသည်။

ရဟန်းတော် အရှင်လာဘသည် မစိုးရိမ်ကျောင်းတိုက် မာဂဓနေယျပဒေသကျောင်း ဆရာတော်ထံ စာပေ သင်ကြား၍ ပထမပြန်စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ ၁၃၁၂ ခုနှစ်တွင် ပထမငယ်တန်း၊ ၁၃၁၃ ခုနှစ်တွင် ပထမလတ်တန်း၊ ၁၃၁၄ ခုနှစ်တွင် ပထမကြီးတန်းများကို တစ်နှစ် တစ်တန်း အောင်မြင်တော်မူခဲ့သည်။

သို့နှင့် ဆရာတော်ကြီးသည် အားရကျေနပ်တော်မူလှ၍ သံဃာ့ပရိသတ်အလယ်တွင် အရှင်လာဘဟူသော ဘွဲ့အမည်တွင် (အာသရနှင့်ဝတ)တို့၍ အရှင်လာဘာဝတ **(အရတော်တဲ့ အရှင်မြတ်)**ဟု ဘွဲ့သစ်ပေးပြီး သိုးမြှောက်တော်မူခဲ့ပေသည်။

ဘွဲ့အသစ်ရ ရဟန်းတော် အရှင်လာဘာဝတသည် ဆက်လက် ကြိုးပမ်းခဲ့ပြန်ရာ ၁၃၁၅ ခုနှစ်တွင် ပါရာဇိကကဏ်ကျမ်းနှင့် အဌသာလိနီကျမ်းရင်း နှစ်ကျမ်းကို အောင်မြင်ခဲ့ပြန်ပေသည်။

ထို့နောက် မန္တလေးမှ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ပြန်လည် ကြွရောက်တော်မူခဲ့ပြီး ဂဏဝါစကစာချအဖြစ် ဆောင်ရွက်တော်မူရင်း ကြိုးစားခဲ့ပြန်ရာ သီလက္ခန်ကျမ်းကို အောင်မြင်တော်မူပြီး ၁၃၁၈ ခုနှစ်တွင် သာသနာ့ဇောတိကဓမ္မာစရိယဘွဲ့ကို ဆွတ်လှမ်းတော်မူခဲ့ပေသည်။

၁၃၂၃ ခုနှစ်တွင် ဘဒ္ဒန္တကေသရိန္ဒ ပျံလွန်တော်မူသဖြင့် ဘဒ္ဒန္တလာဘာဝတအား ရေလည်ကျောင်းတိုက်ကြီး၏ လေးပါးပိုင် စတုသန္တကအဖြစ် ပါဝင်စေလျက် အသောကာရုံ ရေလည်စာသင်တိုက်၏တာဝန်ကို ထမ်းဆောင်ရန် ၁၃၂၄ ခုနှစ်၊ ဝါဆိုလတွင် အပ်နှံခြင်းကို ခံယူတော်မူခဲ့လေသည်။

၁၃၃၂ ခုနှစ်တွင် ဘဒ္ဒန္တသုမန (အစိုးရ ပထမကျော်) ပျံလွန်တော်မူခဲ့ပေသည်။ ၁၃၃၄ ခုနှစ်တွင် ဘဒ္ဒန္တဉာဏာဒိစ္စာဘိဝံသ(ဓမ္မာစရိယ–ဘီအေ) ပျံလွန်တော်မူခဲ့ပေသည်။

၁၃၃၅ ခုနှစ်တွင် ဘဒ္ဒန္တသံဝရာဘိဝံသ (ဘီအေ–ဗာရာဏသီ)ပျံလွန်တော်မူခဲ့ပြန်ရာ ဘဒ္ဒန္တလာဘာဝတသည် ရေလည်စာသင်တိုက်ကြီးကို တစ်ပါးတည်းသာ ယခုတိုင် တာဝန်ယူခဲ့ရပေသည်။ သံသရာဘေးကိုလည်း ထိတ်လန့်ခြင်း သံဝေဂဉာဏ် ရတော်မူခဲ့ပေသည်။

ခရစ်နှစ် ၁၉၇၉ ခုနှစ်တွင် ပထမအကြိမ် သံဃာ့ဝန်ဆောင်ရွေးချယ်ပွဲ၌ ဘဒ္ဒန္တလာဘာဝတသည် မိတ္ထီလာမြို့နယ် သံဃနာယက တွဲဖက်အကျိုးတော်ဆောင်အဖြစ် ရွေးချယ် တင်

www.burmeseclassic.com

www.burmeseclassic.com



◆ ပြက္ခရွေတောင် မောနားကျောင်းဝင်းရှိ တောင်ပိုင်မင်းနှစ်ပါး(တောင်ပြုံးအရှင်နှစ်ပါး) ပုံတော်နန်းနှင့် စာရေးသူ၏သမီးငယ် မဝတ်ဝတ်အောင်

မြှောက်ခြင်း ခံရပေသည်။

ဒုတိယအကြိမ် သံဃာ့ဝန်ဆောင် ရွေးချယ်ပွဲတွင်လည်း မြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ်သံဃဝိနိစ္ဆယအဖြစ် တင်မြှောက်ခံရပေသည်။

သက္ကရာဇ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း(၁၃)ရက် (၆-၃-၂၀၀၂)ရက်နေ့တွင် ဘဒ္ဒန္တလာဘာဝတအား နိုင်ငံတော် ဩဝါဒါစရိယအဖြစ် တင်မြှောက်ခဲ့ပေသည်။

သက္ကရာဇ် ၁၃၆၄ ခုနှစ်၊ ပြာသိုလဆန်း(၂)ရက်၊ ခရစ်နှစ် ၂၀၀၃ခုနှစ်၊ ဇန်နဝါရီ(၄)ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၃ဖြင့်"အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ် လှူဒါန်းခဲ့ပေသည်။

* * *

ဆရာတော်ကြီး ဦးလာဘာဝတ (ဘုန်းဘုန်းလေး)သည် ၁၃၄၀ ပြည့်နှစ်က၌ ပြက္ခရွေတောင်ခြေလှည်းခံ (ရွှေညောင်ပင်စခန်း)မှ ပြက္ခရွေ အနောက်တောင် စွယ်တော်ရှင်စေတီတော်ကြီးအထိ လှည်းကောင်း...

မောနားမှ ပြက္ခရွေအရှေ့တောင် စေတီတော်ကြီးအထိ လှည်းကောင်း အတက်အဆင်းလမ်းများကို ပြုပြင်ခဲ့ပေသည်။

နှစ်ပေါင်း(၄၀)ကျော်ကြာမျှ စောင့်ရှောက်မှုကင်းမဲ့၍ ပျက်စီးယိုယွင်းနေသော အတက်အဆင်းလမ်းများကို ကိုရင်ကျောင်းသား (၁၅)ယောက်ခန့်နှင့် တစ်နှစ်တာမျှ ကြာအောင် ခဲယဉ်းပင်ပန်းစွာ ပြုပြင်ခဲ့ရပေသည်။

၁၃၄၁ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော ပြက္ခရွေ အနောက်တောင် စွယ်တော်ရှင် ရင်ပြင်တော်ပေါ်၌ ပေါက်ရောက်နေကြသည့် ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်း၍ အနှစ်နှစ်အလလက ဖုံးအုပ်နေသော ထုထည်တစ်ပေခန့်ရှိသည့် မီးလောင်ပြာများကိုလည်း ဖယ်ရှား သန့်ရှင်းခဲ့ပေသည်။

၁၃၄၁ ခုနှစ်တွင် မန္တလေးမြို့ နဂါးဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဦးမိသားစုက စွယ်တော်ရှင် စေတီတော်ကြီးအား ထီးတော်အသစ် တင်လှူခဲ့ပေသည်။

၁၃၄၂ ခုနှစ်တွင် ပြက္ခရွေအနောက်တောင်ပေါ်၌ ဘုရားဖူး လာကြသူတို့ လွယ်ကူချမ်းသာစွာ သောက်သုံးနိုင်ရန် မဟာနန္ဒာ သောက်ရေကန်ကြီးကိုလည်း တည်ဆောက်ပေးခဲ့ပေသည်။

ဆရာတော်ကြီး (ဘုန်းဘုန်းလေး)သည် လွန်ခဲ့သော နှစ်ပေါင်း(၉၀၀)ကျော်ခန့်က အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ပြက္ခရွေတောင်တန်းပေါ်ရှိ စွယ်တော်ရှင်စေတီတော်မြတ်ကြီး အပါအဝင် စေတီတော်များနှင့် ပြက္ခရွေတောင်အား သာသနာပြုခဲ့သည်မှာ သက်တော်(၅၀)အရွယ်မှ ယခု သက်တော် (၈၄)နှစ်အရွယ်သို့တိုင်အောင် နှစ်ပေါင်း(၃၄)နှစ်တိတိ ရှိခဲ့ပေပြီ ဖြစ်ပေသည်။

ဆရာတော်ကြီး (ဘုန်းဘုန်းလေး)သည် သက်တော် (၈၄)နှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း အသက်ခန္ဓာကို ငဲ့ကွက်တော်မမူဘဲ ပေပေါင်း (၃၄၃၃)ပေ မြင့်၍ တောင်ခြေလှည်းခံ(ရွှေညောင်ပင်စခန်း)မှ (၃)မိုင်(၄)ဖာလုံခန့် ကွာဝေးသော ပြက္ခရွေ အနောက်တောင်ထိပ်နှင့် ပေပေါင်း (၃၅၅၉)ပေမြင့်၍ တောင်ခြေလှည်းခံ (ရွှေညောင်ပင်စခန်း)မှ (၄)မိုင်(၂)ဖာလုံခန့် ကွာဝေးသော ပြက္ခရွေ အရှေ့တောင်ထိပ်သို့...

မြေပြင်မှ ခြေကျင်ခရီးဖြင့် တစ်တောဝင်၊ တစ်တောထွက်၊ တစ်တောင်တက်၊ တစ်တောင်ကျော်ပြီး သာသနာပြုခရီး ကြွရောက်တော်မူနေခြင်းမှာ အထူး ကြည်ညိုဖွယ်၊ အတုယူဖွယ်၊ ချီးမွမ်းဖွယ် ကောင်းလှပေသည်။

ဆရာတော် ဘဒ္ဒန္တ မဥ္ဇုလသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

မထေရ်ကလည်း ပြက္ခရွေတောင်အား သာသနာပြုလုပ်ငန်းတွင် ဆရာတော်ကြီး ဘဒ္ဒန္တ လာဘာဝတ(ဘုန်းဘုန်းလေး) မထေရ်မြတ်ကြီးနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပါရမီ ဖြည့်ဆည်းပေးလျက် ရှိပေသည်။

သို့ဖြစ်ပါ၍ ဆရာတော်ကြီး ဘဒ္ဒန္တ လာဘာဝတ (ဘုန်းဘုန်းလေး)သည် သာသနာ့အကျိုး၊ ဘာသာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်တော်မူပြီး **'အနာရောဂါ ကင်းစင်ကွာ၍ ရာကျော်အသက် ရှည်ပါစေ'** ဟု ဆုတောင်းပတ္ထနာ ပြုအပ်ပါသည် အရှင်ဘုရား။

* * *

ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက် ဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ၊ B.A)သည် တရားပြ ကောင်းသည့်အပြင် တရားဟောလည်း ကောင်းသည့် သာသနာပြုဆရာတော်တစ်ပါး ဖြစ်ပေသည်။

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းရှိ မြို့ရွာပေါင်းများစွာတို့တွင် ၁၉၉၆ ခုနှစ်မှ စတင်၍ တရားပွဲပေါင်းများစွာ ဟောကြားတော်မူခဲ့ပေသည်။ ဆရာတော်သည် လောကုတ္တရာ အလှူများသာမက အများအကျိုးအတွက် လောကီအလှူများလည်း ဆောင်ရွက်တော်မူခဲ့ပေသည်။

ထို့ကြောင့် ဆရာတော်၏ သာသနာရေး၊ ဘာသာရေး ဆောင်ရွက်ချက်များနှင့် လူမှုရေး ဆောင်ရွက်ချက်များအကြောင်း မတင်ပြမီ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ဖော်ပြပါမည်။

ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက် ဆရာတော်



◆ ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက်ဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ၊B.A)အား ဖူးတွေ့ရစဉ်

ဦးပညာဝံသ(ဓမ္မာစရိယ၊ B.A) အလောင်းအလျာကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကြီးခြေထောက်ရွာတွင် ကောဇာသက္ကရာဇ် ၁၃၂၃ ခုနှစ်၊ ပထမဝါဆိုလဆန်း (၃)ရက် ကြာသပတေးနေ့ ညနေ (၄)နာရီတိတိအချိန်၌ အဘ ဦးပွင့်၊ အမိ ဒေါ်ငွေသင်တို့မှ ဖွားမြင်တော်မူခဲ့ပေသည်။

ဆရာတော်၏ ငယ်နာမည်မှာ မောင်မြင့်သိန်းဖြစ်ပြီး မွေးချင်း(၃)ဦးအနက် အကြီးဆုံး သားကြီးဩရသ ဖြစ်ပေသည်။

၁၉၈၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(B.A)ကို စိတ်ပညာအဓိကဖြင့် အောင်မြင်ခဲ့ပေသည်။

၁၉၈၇ ခုနှစ်၊ အသက် (၂၅)နှစ်အရွယ်တွင် မကွေးမြို့နယ်၊ မကြီးခြေထောက်ရွာ ရွာဦးကျောင်းဆရာတော် ဦးကုဏ္ဍိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာသနာ့ဘောင်သို့ တက်လှမ်းတော်မူခဲ့ပေသည်။

ဆရာတော်သည် မကွေးမြို့ အောင်မြေရတနာကျောင်းတိုက်တွင် ပရိယတ္တိစာပေများကို စတင် သင်ကြားခဲ့ရာ မူလတန်း၊ ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့ကို အောင်မြင်တော်မူခဲ့ပေသည်။

ထို့နောက် ရန်ကုန်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ပညာ ဆက်လက် ဆည်းပူးသင်ကြားတော်မူခဲ့ရာ ပထမကြီးတန်းနှင့် ဓမ္မာစရိယတို့ကို အောင်မြင်တော်မူခဲ့ပေသည်။

ဆရာတော်သည် ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတွင် ၁၉၈၉ ခုနှစ်မှ စတင်၍ ပဋိပတ္တိကို မဟာစည်ရိပ်သာနည်းအတိုင်း ကျင့်ကြံအားထုတ်တော်မူခဲ့ပေသည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက်၏ ကျောင်းထိုင် ပဓာန နာယက ဆရာတော် ဖြစ်လာခဲ့ပေသည်။

* * *

ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက်သည် ပြက္ခရွေအရှေ့တောင်နှင့် အနောက်တောင်နှစ်လုံး၏ အလယ်ကြား တောင်ခုလတ်လွင်ပြင်ငယ်၌ တည်ရှိပေသည်။

မြောက်လတ္တီတွဒ် (၂၁)ဒီဂရီ (၁၄)ဒသမ (၂၄၅)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၆)ဒီဂရီ (၁၃)ဒသမ (၉၅၇)မိနစ်တွင် တည်ရှိပြီး ပင်လယ်ရေ မျက်နှာပြင်အထက်ပေပေါင်း (၁၁၅၀)ပေ မြင့်ပေသည်။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်ကျော်**




www.burmeseclassic.com

www.burmeseclassic.com

အံ့မဆုံး

# ကျောက်တုံးတွင်းမှ လိပ်



◆ ကျောက်တုံးအပြင်ပုံ နှစ်ခြမ်း

◆ အတွင်းပုံ နှစ်ခြမ်း(ပူးတွဲ)



ဓာတ်ပုံပါ ကျောက်လိပ်ကို ၅-၆-၂၀၁၂နေ့တွင် **ကလေးဝမြို့နယ်၊ ရွာသာကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာတာဝန်ခံ ဦးစိန်သန်း**နေအိမ်၌ တွေ့ရှိရပြီး ယင်းရွာအနီးရှိ ချောင်းအတွင်းမှ သူ၏သား တွေ့ရှိကြောင်း...


တွေ့ရှိစဉ်က အလုံးဖြစ်၍ ဆော့ကစားရင်း ပေါက်ခွဲရာ ပုံပါအတိုင်း တွေ့ရှိရသဖြင့် ရွာအတွင်းမှ အထူးအဆန်းဖြစ်ကာ လာရောက် ကြည့်ရှုလျက် ရှိကြပါသည်။


***ကျန်းမာ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက်...***

အောင်မြင့်မြတ် *(ကလေး)*

◆ တစ်ခြမ်းစီပုံ

◆ တစ်ခြမ်းစီပုံ







www.burmeseclassic.com

www.burmeseclassic.com

► ကြော် ငြာ ဆောင်း ပါး ◄

● မှတ်ပုံတင် - ၀၁၁၄၇၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆယလ၊တိုး (၁၃၁၂) ●

# နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်




'' ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ''

'' ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ''

'' နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ''

'' နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်တော့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ''

'' ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ''

'' ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ''

'' ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ''

'' ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ''

'' သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ''

'' သမားတော်ကြီး မုံရွာဆရာမိုးကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

'' ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ''

'' ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရှူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ''

'' ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်၊ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ''

'' အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)မဲဇာဗိုလ်လမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၈၆၃၂

**ပြောင်းမြဲ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်း

ဘိုမှူး မျိုးပိုင် (ပုသိမ်ကြီး၊ ကျောက်သံပတ်မြေ)

# ရွှေပင်းစံရုပ်ကျောက်ကြီးမှ ပေါ်တော်မူစေတီ

နှင့် ထူးဆန်းအံ့ဖွယ်များ (၂)

### ယခင်လမှ အဆက်

အင်းဝင်ဘက်တွင်ရှိသော ထီးလှိုင်ရှင်ဘုရား၊ စစ်ကိုင်းတွင် ကျန်စစ်သားမင်းနှင့် စစ်သည်ဗိုလ်ပါတို့ သွေးသောက်သစ္စာပြုခဲ့ရာတွင် တည်သည့် သစ္စာစေတီခေါ် စစ်သားစေတီတို့ကား ယင်းအမည်ခေါ်ခြင်း၏ သက်သေပင် ဖြစ်သည်။

ဤတောင်သည် စစ်ကိုင်းရှိ ငလျင်ပြတ်ရွေ့ကြောကြောင့် တစ်နှစ်လျှင် (၁၈)မီလီမီတာ ရွေ့နေကြောင်း ဘူမိဗေဒပညာရှင်များက ဆိုကြသည်။ မင်းဝံတောင်သည် မင်း(၅)၊ ဝင်(၄) (၅+၄=၉)ဖြစ်၍ နဝင်းမိ နဝင်းကျသော တောင်ထူးတောင်မြတ်တစ်လုံး ဖြစ်သည်။

ထိုတောင်၏ အရှေ့ဖျားတွင် စစ်ကိုင်းဒေသကြီးတွင် အမြင့်ဆုံးဖြစ်သော ပတ္တမြားတောင်၊ ပတ္တမြားစေတီနှင့် တောင်မြောက် အလျားလိုက် သွယ်တန်းနေသော စစ်ကိုင်းတောင်၊ မင်းဝံတောင်နှင့် ထိုတောင်နှစ်လုံးတို့၏ အလယ်ကြားတွင် ရှေ့နောက်ဖီလာ ကန့်လန့်သဖွယ် ပေါ်ထွက်နေသော တောင်ဖီလာတောင်တို့ တည်ရှိပေသည်။

ယင်း တောင်တော်အောက်၌ ညောင်ရမ်းခေတ်တွင် ရှင်တစ်ဆူ လူတစ်ယောက်ဟု ထင်ရှား ကျော်ကြားသော **တောင်ဖီလာ ဆရာတော်ရှင်မုနိန္ဒဃောသ၏ကျောင်းတော်ရာ** တည်ရှိပါသည်။ ပေါ်တော်မူ အလိုတော်ပြည့်စေတီတော်မှ အရှေ့သို့ လှမ်းမျှော်ကြည့်ပါက ယင်းတောင်သုံးလုံးမှာ လှမ်းမောကြည့်နူးဖွယ်ရာ မြင်တွေ့ရသည် ဖြစ်ပါသည်။

ထိုဏ်သံထွက်ပေါ်သည့် ဓမ္မာရုံ




◆ လှူဖွယ်ဝတ္ထုကို အပူဇော်ခံနေတော်မူသော ရဟန္တာမထေရ်မြတ်ပုံတော်






www.burmeseclassic.com

www.burmeseclassic.com



◆ လှူဒွယ်ဝတ္တုကို အပူဇော်ခံ နေတော်မူသော ရဟန္တာမထေရ်မြတ်ပုံတော်




◆ ပါဒနက်သန် စက်တော်ရာစေတီတော်

၏ တောင်ဘက်တွင် ရှေးဟောင်းသမိုင်းဝင် ခြေတော်ရာတစ်ဆူ တည်ရှိပါသည်။ အပေါ်တွင် စေတီတည်ထားပြီး အောက်ခြေမုခ်လိုဏ်ထဲတွင် *ခြေတော်ထားရှိသည့် ခြေတော်ရာမှာ ဘယ်ခြေရာတော် ဖြစ်သည်။

ခြေတော်ရာ ပုံများတွင် **အစဆုံး ပုံစံဖြစ်သည့် လှံပုံသဏ္ဌာန်သည် ဘယ်ဘက်တွင် တည်ရှိလျှင် ဘယ်ခြေရာတော်၊ ညာဘက်တွင် တည်ရှိပါက ညာခြေရာတော်ဟု မှတ်ရမည်ဖြစ်ကြောင်း သိရပါသည်။**

လှူပြည်တွင် ဗုဒ္ဓခြေတော်ရာ သုံးဆူရှိကြောင်း၊ နှစ်ဆူမှာ နမ္မဒါနဂါးမင်း၊ မဏိအက္ခိတ နဂါးမင်းတို့က လျှောက်ထားတောင်းပန်ကြသောကြောင့် ချထားတော်မူခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ခြေတော်ရာမှန်သမျှ နဂါးများ အမြဲစောင့်ရှောက်ကြောင်း နဂါးစက်ဟုပင် ခေါ်ကြောင်းလည်း မှတ်သားရပါသည်။

ထို့ကြောင့်လည်း ခြေတော်ရာပုံ ထုသောအခါ ဘေးပတ်ပတ်လည်တွင် နဂါးနှစ်ကောင်၊ သုံးကောင်စသည်ဖြင့် ရစ်ခွေလျက် တွေ့ရတတ်ပေသည်။ သို့သော် ဤခြေတော်ရာကို နဂါးပတ်ခွေမထားဘဲ ထူးထူးဆန်းဆန်း မကန်း (၆)ကောင် ရစ်ပတ်သည့်အနေအထားဖြင့် တွေ့ရသည်။

အောက်ခြေရှေ့ဘက်တွင် ပန်းဘီးလူး၊ အနောက်,တောင်,မြောက်တို့တွင် ဘီလူးမသုံးကောင်က ပင့်မထားသည့် အင်္ဂတေလက်ရာကို တွေ့ရသည်။ ဤကဲ့သို့ ကျောက်ရှက်ထားသော ဘီလူးများမှာ စစ်ကိုင်းငါးထပ်ကြီး ဘုရားအနီးရှိ အဘယစေတီတော် အတွင်းနှင့် G.T.C နည်းပညာတက္ကသိုလ်တို့၏ အလယ်တွင်ရှိသော ဘုရားတစ်ဆူအနီးတို့တွင် တွေ့ရှိရပါသည်။

ဗုဒ္ဓစာပေများတွင် ဘီလူး၊ ပြိတ္တာတို့သည် အမှိုက်ပုံတို့တွင် အမှိုက်များ၊ အမှိုက်တောင်းများ၊ ကျောက်တုံးကျောက်ဖျာများကို သယ်ပိုး မ,ချီထားတတ်ကြောင်း၊ တစ်ခါတစ်ရံ ပြိတ္တာမဟုတ်ဘဲ နတ်ဘီလူးဘဝအဖြစ်ဖြင့် ရှိတတ်နေကြောင်း တွေ့ရှိရသဖြင့် ယခုဘီလူးမများမှာ ကျောက်ရှက်ဘီလူးပင်ဖြစ်သော်လည်း ဗုဒ္ဓ၏ ခြေတော်ရာကျောက်ကို ရှက်ထားရသဖြင့် နတ်ဘီလူးများ ဖြစ်ရမည်။

ဤ နဂါး,မကန်း၊ နတ်ဘီလူးမတို့ စောင့်ရှောက်နေသဖြင့် ခြေတော်ရာသည် တန်ခိုးကြီးကြောင်း၊ ရောင်ခြည်များ မကြာခဏ ကွန့်မြူးကြောင်း အနီးဝန်းကျင်ရှိ တောင်ညိုရွာတွင် နေထိုင်သူတို့က ပြောပြကြပါသည်။ ပန်းနံ့သာများဖြင့် မပူဇော်ထားပါဘဲနှင့် ညအခါ ခြေတော်ရာကို ဝင်ဖူးသူတိုင်း အမွှေးနံ့သာတစ်မျိုး ရတတ်ကြောင်းလည်း ပြောကြသည်။

အဓိဋ္ဌာန်ဝင်ဖူးသော ဆရာတော်တစ်ပါးက ဤအမွှေးနံ့သာမှာ မြေတစ်မျိုးမှထွက်သော၊ အငွေ့ပါသော မြေသင်းနံ့တစ်မျိုးဖြစ်သဖြင့် နဂါးပြည်၌ရှိသော အရဏဝတီခေါ် မြေတစ်မျိုးမှ ထွက်သော အနံ့ဖြစ်ကြောင်း ထူးခြားစွာ မိန့်ကြားခဲ့ဖူးပါသည်။

ခြေတော်ရာရှိ (၁၀၈)ကွက်စက်လက္ခဏာတော်များအကြောင်း ရေးပြချင်သော်လည်း မဂ္ဂဇင်းစာမျက်နှာငဲ့နေရ၍ အကျယ်တဝင့် ရေးမပြတော့ပါ။

F.12B. March, 2013.



www.burmeseclassic.com

www.burmeseclassic.com



◆ လေးမျက်နှာစေတီလိုဏ်အတွင်းမှ
မဟာကဂုဏာမုဖြာပုံပါ
ရုပ်ပွားတော်(မြောက်ဘက်)



◆ လေးမျက်နှာစေတီလိုဏ်အတွင်းမှ
မဟာကဂုဏာမုဖြာပုံ
ရုပ်ပွားတော်(တောင်ဘက်)

လောကီရေးရာတွင် နက္ခတ်အရေအတွက် (၂၇)လုံး ရှိသည်။ နက္ခတ်တစ်လုံးလျှင် (၄)ပါဒ်စီရှိသည့်အတွက် နက္ခတ်(၂၇)လုံးတွင် (၁၀၈)ပါဒ်ရှိပါသည်။ ယင်းကိုပင် (၁၀၈)နဝင်းဟုခေါ်သည်။ အဌလဂ်(၈)ခွင် (အရပ်ရှစ်မျက်နှာ)တွင် ပါပဂြိုဟ် (ထောင့်ဂြိုဟ်)(၄)ခုတို့၏ ဂြိုဟ်သက်များက အစဉ်အတိုင်း လက်ယာရစ်သွားလျှင်...

တနင်္ဂနွေဂြိုဟ်သက် ၆

အင်္ဂါဂြိုဟ်သက် ၈

စနေဂြိုဟ်သက် ၁၀

ရာဟုဂြိုဟ်သက် ၁၂

ပေါင်းလျှင် **ပါပဂြိုဟ်သက်(၃၆)** နှစ်ရှိသည်။ ရှေ့တောင်၊ နောက်မြောက် ဟူသော တူရူအရပ်မျက်နှာဂြိုဟ်သက်မှာ လက်ယာရစ်အစဉ်အတိုင်း...

တနင်္လာဂြိုဟ်သက် ၁၅

ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇

ကြာသပတေးဂြိုဟ်သက် ၁၉

သောကြာဂြိုဟ်သက် ၂၁

ပေါင်းလျှင် သောမဂြိုဟ်သက် (၇၂)နှစ်ရသည်။

ဤသို့လျှင်...

ပါပဂြိုဟ်သက် ၃၆

သောမဂြိုဟ်သက် ၇၂

ပေါင်းလျှင် (၁၀၈)နှစ် ရသည်။

ဤသည်ကိုပင် (၁၀၈)နဝင်းဟု ခေါ်ကြသည်။ နဝင်းဟူသည်မှာ နဝံ ဟူသော ပါဠိဘာသာမှ ဆင်းသက်လာပြီး အင်္ဂါအစိတ်အပိုင်း(၉)ဟု အဓိပ္ပာယ်ရသည်။ ထူးဆန်းသည်မှာ (၉)အလီရေတွက်ရာ၌ အပေါင်းရလဒ်များကို ပေါင်းကြည့်လျှင်(၉)ပင် ပြန်ရသည်။

ဥပမာ...၁၈(၁ + ၈ = ၉)၊ ၂၇ (၂+ ၇ = ၉)၊ ၃၆(၃ + ၆ = ၉) ထိုကဲ့သို့ပင် (၁၀၈)ဂဏန်းကို တစ်ခုစီပေါင်းလျှင် (၁+ ၀+ ၈+ ၉)ရသည်။ ဤသို့ရခြင်းကိုပင် နဝင်းကျေသည်ဟု သတ်မှတ်ကြသည်။

ပြောချင်သည်မှာ (၁၀၈)ကွက် စက်လက္ခဏာခြေတော်ရာသည် နက္ခတ်နဝင်း၊ နဝင်းဂြိုဟ်နဝင်းရသည်။ ဗုဒ္ဓ၏ ဂုဏ်တော်မှာ (၉)ပါး၊ ဝါတော် ၄၅ (၄ + ၅ =၉)ရှိသည်ဖြစ်၍ နဝင်းသည် လောကီလောကုတ္တရာ သိဒ္ဓိအားလုံးတို့၏ အချုပ်ဖြစ်၍ ခြေတော်ရာအား ကိုးကွယ် ပူဇော်သူမှန်သမျှသည် တန်ခိုးအာဏာစက် ထက်မြက်ခြင်း၊ ရာထူးဂုဏ်သိန် မြင့်တက်ခြင်း၊ စီးပွားလာဘ်လာဘတိုးတက်ခြင်း စသော အကျိုးတရားများကို ရစေနိုင်သဖြင့် ရှေးက ခြေတော်ရာအား ရွှေချည်ထိုးပန်းချီ၊ ယွန်းပန်းချီများ ပြုလုပ်ကာ ဘုရားစင် အဝင်ဝအပေါ်တွင် ဘယ်၊ ညာ နှစ်စုံတွဲကာ ဆွဲချိတ် ပူဇော်ထားလေ့ ရှိကြသည်။

တစ်ဖက်တွင် စက်လက္ခဏာနှင့် အခြားတစ်ဖက်တွင် ကာယသိဒ္ဓိ အင်းနှံကာ ကျည်လွှဲကျည်ကာ အဆောင်အဖြစ် အသုံးပြုသည်ကိုလည်း တွေ့ရဖူးသည်။ ပါဠိဂါထာခြေတော်ရာ ဘုရားရှိခိုးကို ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီးက လည်းကောင်း၊ မြန်မာကဗျာဖြင့် ရှိခိုးခြင်းကို ရှင်မဟာရဋ္ဌသာရက လည်းကောင်း စီရင်ထားခဲ့သည်ကို တွေ့ရှိရသည်။

ခြေတော်ရာမှာ အပေါ်သို့ မော့ကြည့်လိုက်ပါက အလယ်တည့်တည့်တွင် **ကြာဝန်းကြီး (ဆင်စွယ်ဝန်းကျက်ဟုလည်း ခေါ်ကြသေးသည်)**ကိုလည်းကောင်း၊ ယင်း ထောင့်လေး

www.burmeseclassic.com

ထောင့်တွင် ကုမုဒြာကြာပန်းခက်များနှင့် ပန်းကိုက်ဘီလူးလေးကောင်၊ ယင်းအောက် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ အသီးသီးသော ဗောဓိပင်များအောက်တွင် ပွင့်တော်မူကြပုံကို လည်းကောင်း။ ယင်းအောက်တွင် မင်းညီမင်းသားများ သက်ဆိုင်ရာ ထီးဖြူအောက်၌ စံမြန်းကာ ဦးခိုက်နေကြပုံကို လည်းကောင်း အထက်အောက် နှစ်ကွက် ရေးသားထားသည်။

ထိုအောက်တွင် မိဖုရားမောင်းမမိသံများ ဦးခိုက်နေကြပုံကို ရေးသားထားသည်။ ထေရာထေရီအပါဒါန်များတွင် ခြေတော်ရာကို ဦးတိုက်ပူဇော်ခြင်းကြောင့် လူနတ်စည်းစိမ်များကို ခံစားရရှိကာ နိဗ္ဗာန်ဝင်စံမြန်းတော်မူကြကြောင်း အများအပြားတွေ့ရသည်။

**လွယ်ကူသော ချည်မန်းကွင်းပြုလုပ်နည်း**ကို လက်ဆင့်ကမ်းလိုပါသေးသည်။ အလှူမင်္ဂလာပွဲများမှ မင်းကိုယ်ချည်ဟု ခေါ်သော မောင်ရှင်လောင်းလည်လက်တို့တွင် ဘွဲ့ချည်သော ချည်ကို အရယူပါ။ ယင်းချည်ဖြင့် ခြေတော်ရာစက်ဝန်းပေါ်တွင် စက်ဝန်းရှိသလောက် ဝိုင်းပတ်ချထားပါ။ ဆွမ်း၊ ပန်း၊ ရေချမ်းဖြင့် ပူဇော်ပြီး ရှိခိုး ဦးခိုက်ပါ။ ပရိတ်တရားတော် တစ်မျိုးမျိုးဖြင့် ရွတ်ဆိုပူဇော်ပါ။

ပြီးလျှင် ယင်းချည်မန်းကွင်းကို လည်ပင်း(သို့မဟုတ်) လက်ကောက်ဝတ်တို့တွင် ဖွဲ့ချည်ပါ။ အထူးသဖြင့် သားသမီးရတနာကို ဖွဲ့ချည်ပေးပါက သူငယ်နာရောဂါကင်းပြီး ပယောဂအစီအမံများ ပြုလုပ်ခံရခြင်းမှ ကင်းဝေးစေနိုင်ပါသည်။

သာလွန်မင်းတရားကြီးက စေလွှတ်ခဲ့၍ စက်တော်ရာ ရှာဖွေခဲ့သော တောင်ဖီလာဆရာတော်ကြီးက စက်



◆ အရပ်သိမ်တော်ကြီးအတွင်း စနေထောင့်ရှိ ရွှေထုပ်ပိုက်ထားသော ဘီလူးမင်းပုံ

တော်ရာကို ချည်ဖြင့် တိုင်းတာကာ ယူဆောင်ပြီး ပရိတ်နာဆောင်တွင် မင်းတရားကြီးအား ပေးစွန့်တော်မူသဖြင့် မင်းတရားကြီးက ယင်းချည်ဖြင့် သားတော်၊ သမီးတော်၊ နန်းတွင်းသူ၊ နန်းတွင်းသားများကိုဝေငှတော်မူခဲ့ကြောင်း စာတမ်းဟောင်းများတွင် လာရှိသဖြင့် ယင်းနည်းကို ယုံကြည် စိတ်ချစွာ အသုံးပြုသင့်လှပသည်။

ဗဟုသုတအဖြစ် မှတ်သားရန်မှာ စက်လက္ခဏာတော်များမှာ စကြာမင်နှင့် ရှင်ရာဟုလာတို့တွင်လည်း ပါကြောင်း။ သာမန်လူသားများတွင်လည်း သန်လျက်၊ ငါးကြင်းနှစ်ကောင်ကြာဖူးကြာပွင့်စသည့်ဖြင့် ပါရှိနိုင်ကြောင်း "**အနေကာနိ မင်္ဂလာနိ**"ဟုဒွဝင် အဋ္ဌကထာ၌ လာရှိသောကြောင်း တစ်ခုမျှပင် ရှိသော်လည်း ရှုက်သမင်္ဂလာ စီးပွားဥစ္စာတို့ တိုးပွားလျှင် အသက်ရှည်စေနိုင်ကြောင်း သိထား



www.burmeseclassic.com

www.burmeseclassic.com




◆ အရဟံသိမ်တော်ကြီးအတွင်းရှိ ဘီလူးရုပ်တု(ညာဒူးထောင် ဘယ်ဒူးနွေ)

သင့်ပေသည်။

ခြေတော်ရာဘုရားမှ အရှေ့တောင်ယွန်း မနီးမဝေးတွင် ဒေသအခေါ် **"အရဟံ"** ဟူသော **"သိမ်တော်ကြီး"** တစ်လုံးရှိသည်။ ကျောက်စာနှင့် ပေ ပုရပိုက်အမှတ်အသားများ မတွေ့ရသေး၍ မည်သည့်ခေတ် မည်သည့်မင်း လက်ထက်တွင် တည်ခဲ့သည်ကိုကား မတွေ့ရသေးပါ။ သိမ်ကြီး(၉)သိမ်တွင် ပါဝင်သော သိမ်(၁)လုံးဟုသာ သိရပါသည်။

**သိမ်ကြီး၏ ထူးခြားချက်မှာ** အုတ်သား ထုထည်ကြီးမားလှသော သိမ်တံတိုင်းကြီးနှင့် သိမ်တော်ကြီးတို့၏ အတွင်းကြားတွင် ကျောက်နိမိတ်တိုင် (၈)မျက်နှာအလိုက် (၈)ခုရှိရာ ယင်းကျောက်တိုင်(၈)တိုင်တို့၏ အနီးတွင် ညာလက်ဖြင့် တင်းပုတ်ကို ညာပခုံးပေါ်တင်ကာ ထမ်းလျက်၊ ဆောင့်ကြောင့်ထိုင်လျက် စောင့်နေကြဟန်ပုံနှင့် ကျောက်ရုပ်ထုဘီလူး(၈)ကောင် ရှိသည်။ မြောက်အရပ်၊ အရှေ့မြောက်အရပ်၊ အရှေ့အရပ်၊ အရှေ့တောင်အရပ်တို့တွင်ရှိသော ဘီလူးများမှာ ဘယ်ဒူးထောက် ညာဒူးထောင်နေပုံ အနေအားဖြင့် လည်းကောင်း၊ ကျန်အရပ်လေးမျက်နှာရှိ ဘီလူးပုံများမှာ ညာဒူးထောက်လျက် ဘယ်ခြေကို ရှေ့တွင် တင်ပျဉ်ခွေအနေအားဖြင့် လည်းကောင်း တွေ့ရှိသည်မှာ ထူးခြားနေပါသည်။

ဘီလူးများမှာ ရှေးယခင်ကတည်းက ရှိသည်ဟု ဒေသခံများက ပြောကြပါသည်။ အထူးခြားဆုံးမှာ စနေထောင့်ရှိ ဘီလူးပုံဖြစ်သည်။ ဘယ်ဘက် ရင်အုပ်အနီးတွင် ရွှေထုပ်နှင့်တူသော အထုပ်(၁)ထုပ် ပွေ့ပိုက်ထားသောကြောင့်ပင် ယင်းရုပ်ထုအား အသက်ရှိသည်ဟု သတ်မှတ်ကြပြီး တင်လှူ ပသသူများဖြင့် မပြတ် စည်ကားလျက် ရှိသည်။

ဘီလူးရုပ်တုများအား အုတ်ခုံမြင့်ကာ ပြုလုပ်ပေးမည့် အလှူရှင် ပေါ်ပေါက်၍ ပြင်ဆင်မည်ပြုစဉ် ယင်းရုပ်တုမှပင် အလှူရှင်နှင့် ပန်းရန်ဆရာကြီးကြပ်ပေးမည့်ပုဂ္ဂိုလ်တို့ကို အုတ်ခုံမပြုလုပ်ဖို့ အိပ်မက်ပေးသည်ဟု သိရသည်။

ယုံကြည်ဖွယ်ရာတစ်ခုမှာ ပန်းရန်ဆရာ၏ဇနီးဖြစ်သူကိုပါ အိပ်မက်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် အခြားမှတ်သားသင့်သည်မှာ ယင်းစောင့်ရှောက်ထားခံရသော သိမ်နိမိတ်တိုင်ကို ကလေးသူငယ်ပင် ဖြစ်စေ၊ ကျော်လွှားနင်းခွခွင့် မပြုခြင်း ဖြစ်သည်။ ယင်းဘီလူးရုပ်တုများအား စီးပွားချမ်းသာ လိုလားသော လောကီလူသားမှန်သမျှတို့သည် နဝင်းပွဲယတြာများ အခြားတင်လှူပသဖွယ်အစုံတို့ဖြင့် ပူဇော်သင့်ပါသည်။

ဘီလူးဟူသည်မှာလည်း ဘီ-၅



www.burmeseclassic.com

www.burmeseclassic.com


လူး–၄ (၅ + ၄ = ၉)ဟု နဝင်းမိသည်။ နဝင်းရနေသည်။ အဘိဓာန်ကျမ်းတွင် အရပ်ရှစ်မျက်နှာကိုစောင့်သော ဆင် (၈)မျိုးလာရှိသလို မြန်မာ့ဗေဒပညာ အယူအဆတွင်လည်း ဂဠုန်၊ ကျား ခြင်္သေ့ စသည်ဖြင့် ဆိုင်ရာအရပ် မျက်နှာတို့အလိုက် အသီးသီး ကိုယ်စား ပြုသောသတ္တဝါများ ရှိသည်။

ရှေးယခင် ဗုဒ္ဓမပွင့်မီက စစ်ကိုင်း အရပ်တွင် လူသူမနေဘဲ တောအတိ ဖုံးလွှမ်းလျက် ဘီလူးများသာ နေကြ ကြောင်း စာဟောင်းစာတမ်းများတွင် လာရှိသည်။ ဗုဒ္ဓစာပေများတွင် ရာဇ ဂြိုဟ်ပြည်ကြီးသည် ဗုဒ္ဓနှင့် စကြဝတေး မင်းတို့ ပေါ်တော်မမူမီက တောကြီး ဖြစ်နေပြီး ဘီလူးများနေထိုင်ကြ ကြောင်း၊ ဗုဒ္ဓနှင့်စကြာမင်းတို့ ပွင့်ထွန်း ပေါ်ပေါက်သောအခါတွင်မှ ကြီးကျယ် ခမ်းနားလှသော တိုင်းပြည်ကြီးတစ်ခု ဖြစ်သွားတတ်ကြောင်း လာရှိသည်။

ဗုဒ္ဓမြတ်စွာ စစ်ကိုင်းသို့ ကြွတော်မူ လာစဉ်က ဇေတဘီလူး အမှူးရှိသော (၉၉)ယောက်သော ဘီလူးများအား တရားဓမ္မများ ဟောကြားတော်မူသည့် အတွက် သောတာပန်အရိယာအဖြစ် သို့ တက်လှမ်း ရောက်ရှိသွားကြလေ တော့သည်။

ထိုအရပ်ကို ယခုထက်တိုင် သောတာပန်ဟူ၍ လည်းကောင်း၊ သောတာပန်တည်ရာအရပ်၌ တည် သော စေတီတော်အား သောတာပန် စေတီတော်၊ လေးကျွန်းမာရ်အောင် စေတီတော်ဟူ၍ လည်းကောင်း ခေါ် ဝေါ်သမုတ်ကြသည်။ စစ်ကိုင်းတွင် ဘီလူးများ နေထိုင်ခဲ့ကြ၍ **တောတောင် ဘီလူးချောင်ဟူသော ချောင်(၁) ချောင်းပင်**ယခုထက်တိုင်ရှိနေပေသည်။

လေးကျွန်းမာရ်အောင် စေတီတော်



▲ အရဟံသိမ်တော်ကြီးအတွင်းရှိ ဘီလူးရုပ်တု (ညာနောင်ထောင် ဘယ်နောင်ထောက်)

မုခ်လိုဏ်အတွင်းတွင် (၉၉)ယောက် သော ဘီလူးရုပ်တုများရှိပြီး ဗုဒ္ဓရုပ်ပွား တော်ရှေ့တွင် အပေါ်တွင်(၄၇) ယောက်၊ အောက်တွင် (၄၉)ယောက် စုစုပေါင်း (၁၉၆)ယောက်ရှိသည်။

ခေါင်းဆောင် ဇေတဘီလူးအား ဘုရားရှင်က ရေသနုပ်တော်ကို စွန့် တော်မူသဖြင့် ရေသနုပ်တော် ဌာပနာ ကာ တည်ထားသော ဇေတဝန်ဘုရား လည်း မင်းကွန်းသို့ သွားရာလမ်းဘေး တွင် တည်ရှိပါသည်။

စေတီတော် အရှေ့တောင်ထောင့် တွင် ဇေတဘီလူးမင်းရုပ်တုကို အုတ် တိုက်အတွင်း၌ တွေ့ရပါသည်။ ယင်း ဇေတဝန်ဘုရား၊ ဇေတဝန်ကျောင်း တိုက်အတွင်း ရှင်အရဟံမထေရ် သမုတ်ခဲ့သော သိမ်တော်ကြီးတစ်လုံး လည်း ရှိပါသည်။ ယင်းသိမ်ကြီးကို အစွဲပြု၍ သိမ်ကြီးချောင်ဟု ခေါ်ဝေါ် သမုတ်ကြသည်။

ဇေတဝန် ကျောင်းတိုက်ကြီးအတွင်း ရှင်တိသာသနဓဇဆရာတော် ဦးစွာ



www.burmeseclassic.com

www.burmeseclassic.com

ပထမ သီတင်းသုံးတော်မူပြီး ဒုတိယ ကျောင်းထိုင်အဖြစ်ဖြင့် ယင်းမထေရ် မြတ်ကြီး၏တပည့် တိုင်းကြီးရွာသား ညီနောင်(၃)ပါးထဲတွင် အကြီးဆုံး ဖြစ်တော်မူသော အရှင်အနန္တဓဇမထေရ်တို့ သီတင်းသုံးတော်မူခဲ့ကြသည်။ ထိုရှင်အနန္တဓဇ ဆရာတော်အား ဒုတိယ ဇေတဝန်ဆရာတော်ဟု ခေါ်ဝေါ်ကြပါသည်။

ထို ဒုတိယဇေတဝန်ဆရာတော်အား အနောက်ဘက်လွန်မင်းက သက္ကရာဇ် ၉၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉)ရက်၊ အင်္ဂါနေ့တွင် ယခု မင်းဝံတောင်အောက်တွင် ကျောင်းဆောက် ကိုးကွယ်ခဲ့ကြောင်း မှန်နန်းရာဇဝင်တွင် လာရှိသဖြင့် ကျောင်းတော်နှင့်တကွ သိမ်တော်ကိုပါ တွဲဖက်လှူဒါန်းခဲ့ပြီး ဇေတဝန်သိမ်တော်ကြီးနည်းတူ သိမ်တော်ကြီးအတွင်းတွင် ဘီလူး(၈)ကောင်အား ထားခဲ့လေသလား ဟူ၍ပင် တွေးထင်ရပါသည်။

အဘယ်ကြောင့်ဆိုသော် ဇေတဝန်ဘုရား၊ လေးကျွန်းမာရ်အောင်ဘုရားနှင့် ယခုသိမ်တော်ကြီးတို့တွင် ရှိကြသော ဘီလူးရုပ်တုများမှာ အရွယ်အစားအချိုးအစားများ တူညီနေကြသောကြောင့် ဖြစ်ပါသည်။ နတ်ဘီလူးစစ်သူကြီးဖြစ်သော ဝေဿဝဏ်နတ်မင်းကြီးသည် မြင်းမိုရ်တောင်မြောက်အရပ်မျက်နှာရှိ ဘီလူးများအား အစိုးရကြောင်း၊ ဗုဒ္ဓနှင့် လွန်စွာ ရင်းနှီးကျွမ်းဝင်ကြောင်း၊ ဗုဒ္ဓ၏ တပည့်သာဝကများအား စောင့်ရှောက်ရန်အတွက် အာဋာနာဋိယမည်သော ပရိတ်အရံအတားအား လျှောက်ထား၍ ပေးအပ်ခဲ့ကြောင်း...

ထို့အတူ သာတာဂိရ ဟေမဝတမည်သော နတ်ဘီလူးကြီးများလည်း



◆ စက်တော်ရာကျောက်ကို ထမ်းထားသော ဘီလူးမဟုံ

သာသနာတော်နှင့် လွန်စွာရင်းနှီးကြောင်း၊ ပိဋကတ်တော်များတွင် လာရှိသဖြင့် ယခုဘီလူး(၈)ကောင်စလုံးမှာလည်း သာသနာတော်ကို ကြည်ညိုစောင့်ရှောက်ကြမည်မှာ အသေအချာပင်၊ သာသနာတော်ကို ကြည်ညိုလေးစားမှုရှိသော ဘီလူးများကိုသာ သိမ်တော်ကြီးအား အစောင့်အရှောက်သဘောမျိုး ပေးအပ်ထားမည်မှာလည်း အမှန်ပင် ဖြစ်ပါ၍ အာမိသလေးဖြာဖြင့် သာသနာတော်ကြီးအား ချီးမြှောက်ကာ လောကီလောကုတ္တရာ အကျိုးစီးပွား တိုးတက်စေဖို့ တိုးတက်ရာ တိုးတက်ကြောင်း အစောင့်အရှောက် အထောက်အပံ့ ရလိုသူတိုင်း ဘီလူးမင်း(၈)ယောက်တို့အား တင်လှူ ပသသင့်ပါသည်။

ထိုသိမ်တော်ကြီး၏ မြောက်ဘက်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကိုးကွယ်တော်မူပြီး အလောင်းမင်းတရားကြီး၏ သားတော် မြေဒူးမင်း (ခေါ်) ဆင်ဖြူရှင်မင်းတရား ဆောက်လုပ်လှူဒါန်းပြီး ကြက်သွန်ခင်း ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော **ကြက်သွန်ခင်း ရွှေကျောင်းတော်ရာ** ရှိပါသည်။

ထိုမှ အနောက်တောင်ယွန်းတွင် ဓမ္မနီတိချိုးကဲ့သို့သော ဆုံးမစာများ ရေးသားတော်မူခဲ့သော **စဉ့်ပါဆရာတော်ကြီး** သီတင်းသုံးတော်မူခဲ့သည့် စဉ့်ပါတောရကျောင်းတော်ရာ ရှိသည် စသည် စသည်ဖြင့် ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် တည်ထား ကိုးကွယ်တော်မူခဲ့ကြသော စေတီတော်၊ တောရ မှီခိုတော်မူခဲ့ကြသော ဆရာတော်ကြီးများ၏ ကျောင်းတော်ရာတို့ဖြင့် ပန်ရလျက်ရှိသော စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက် ပေါ်တော်မူဘုရားသို့ တစ်ခေါက်တစ်ခါ အရောက်လာပြီး လှူဒါန်းကုသိုလ် ပြုလုပ်ပါဟု အကျိုးရှုမျှော်ကာ ဖိတ်ခေါ်လိုက်ရပါသတည်း။

**ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အစစအရာရာ အကူအညီပေးကြသော ပေါ်တော်မူ ဂေါပကဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဂေါပကအဖွဲ့အား အထူး ကျေးဇူးတင်ရှိပါသည်။**

**အိမ့်မှူးပိုင်**
*(ပုသိမ်ကြီး၊ ကျောက်သံပတ်မြို့)*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာ၀င်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး၊ မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း။ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း။ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

**မြောင်းမြ မောင်ယဉ်တင့်**


www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့မှ ကျော်လေးကျော်

# တောင်လေးလုံးဆရာတော် (၂)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



▲ စကြီကျောင်း

**ယခင်လမှ အဆက်**

ပစ္စည်းအသစ်အဆန်းများ ဖြစ်သောကြောင့် အလုအယက် ဝယ်ကြသည်။ ဒေါ်မဲမက သာမန်ပစ္စည်းများကို အရင်ထုတ်ရောင်း၍ အကောင်းစားများကို ချန်ထားသည်။

သာမန်အရပ်သူများက တစ်ဆင့် ဝန်ကြီးကတော်၊ မှူးမတ်ကတော် နောက်ဆုံး မိဖုရားများထံသို့ သတင်းရောက်သွားသောအခါ အကောင်းစားပစ္စည်းများ ရောင်းချ၍ နန်းတွင်းဝင်ထွက် ခစားခွင့် ရသွားသည်။

မိဖုရားများမှတစ်ဆင့် ဘုရင်နားပေါက်ကာ ဘုရင်ထံ ဝင်ရောက် ဖူးမြော်ခွင့်ရသောအခါ အဖိုးတန် နိုင်ငံခြားဖြစ်ပိုးထည်များ၊ ကြွေထည်များ၊ ရေမွှေးပေါင်ဒါများကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သသည်။

မင်းတုန်းမင်းသည် ရေချိုးပျင်းသောမင်းဖြစ်သည်။ မလွှဲမကင်းသာမှ ရေချိုးတော်မူသည်။ ချိုးရေတော် မသုံးသဖြင့် ကိုယ်တော် မန်စော်လေရအောင် မိဖုရားများကိုယ်တိုင် ပွတ်ရသော ဆီမွှေးများ၊ အမှုန့်ပြုထားသော ပန်းပေါင်းနံ့များ လိမ်းကျံပွတ်သပ်ပေးရခြင်းအတွက် နာရီဝက်ခန့်ကြာသည်။ ***(နန်းဆောင် မှတ်တမ်းများ၊ စာမျက်နှာ ၂၀၅)***

မင်းတုန်းမင်းသည် ဒေါ်မဲမထံမှ ပဏ္ဏာတော်များအတွက် အားရကာ အညာကုန်၊ အောက်ကုန် အပြန်အလှန်ရောင်းဝယ်ခွင့်၊ မင်းခွင့်ပြုမိန့် ချီးမြှင့်ပေးတော်မူသည်။

ဒေါ်မဲမသည် နန်းတော်သို့ ဝင်ထွက်ခွင့်ရပြီးနောက် ၁၈၆၃ ခုနှစ်တွင် ဘုရင်အား **"အကျင့်သီလနှင့် ပြည့်စုံသော စာပေတတ် ဆရာတော်တစ်ပါးကို မော်လမြိုင်တွင် ကျောင်းလှူလိုကြောင်း"** လျှောက်တင်ရာ ဘုရင်က အမရပူရခေါ် တောင်မြို့သို့ သွားရောက် ရှာဖွေ ပင့်ဆောင်ရန် ညွှန်ကြားတော်မူသည်။

ထိုအချိန်သည် မြန်မာသက္ကရာဇ် ၁၂၂၅ ခုနှစ်ဖြစ်ရာ မင်းတုန်းမင်းသည် ရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့စံမြန်းတော်မူပြီး ဖြစ်သည်။

ဒေါ်မဲမက တောင်မြို့ရှိ စေတီပုထိုးများ လှည့်လည်ဖူးမြော်ကာ ထိုစဉ်က ကျော်ကြားလျက်ရှိသည့် **စတုဂီရိ တောင်လေးလုံး ကျောင်းတိုက်သို့** ရောက်သွားသည်။

ဆရာတော်ဦးသာသနက ရပ်ဝေးဒါယိကာမဖြစ်၍ ပဋိသန္ဓာရစကားပြောကြားပြီး အရွယ်သုံးပါးနှင့်စပ်သော တရားဟောရာ ဒေါ်မဲမ အလွန် နှစ်ခြိုက်ဝမ်းမြောက်သွားသည်။

မော်လမြိုင်သို့ ကြွ၍ ဝါကပ်သီတင်းသုံးတော်မူရန် လျှောက်ထားသောအခါ ကြွပါမည်ဟု ခံဝန်ချက်ရသည်။

သို့ဖြစ် မော်လမြိုင်ပြန်ရောက်ပြီးနောက် ကျောင်းဆောက်ရန် သစ်များစုဆောင်းခြင်း၊ ကျောင်းဂရန်မြေလျှောက်ထားခြင်းတို့ဖြင့် နှစ်နှစ်အကြာ ၁၈၆၅ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့တွင် ဂရန်ကျသည်နှင့် မြေရှင်းပရိတ် ရွတ်ဖတ်လျက် အခါကောင်းတွက်ချက်ကာ ကျောင်းဆောက်သည်။

၁၈၆၇ ခုနှစ်၊ အောက်တိုဘာလတွင်

www.burmeseclassic.com

ဆရာတော်ဦးသာသနကြွ၍ ကျောင်းတိုက် အလှူခံတော်မူသည်။ မော်လမြိုင်တွင် စာတတ်ပေတတ် အကျော်အမော် ဆရာတော်တစ်ပါး အဖြစ် ထင်ရှားသည်။

သီပေါမင်း ပါတော်မူပြီးနောက် ဝဇီရာရာမ ဆရာတော်အရှင်ပညာသီရိသည် မော်လမြိုင်ရှိ ကျောင်းအမ ဒေါ်ရွှေပွင့်၏ **"ရတနာဘုံမြင့်"** ကျောင်းသို့ ကြွရောက် သီတင်းသုံးသောအခါ မိမိထက်(၇)ဝါကြီးသော တောင်လေးလုံး ဆရာတော်ဦးသာသနထံ ကြွရောက် ကန်တော့၍ ဝါဝင်ဝါထွက်များတွင်လည်း ဝင်ရောက်ကန်တော့လျက် အဆုံးအမ အကြံဉာဏ်များ ခံယူလေ့ရှိသည်။

၁၉၀၀ ပြည့်နှစ်တွင် ဦးသာသန ပျံလွန်တော်မူရာ စလင်းမြို့ဇာတိ ဦးဝိမလအား ဒုတိယကျောင်းထိုင် ဆရာတော်အဖြစ် ပင့်ဆောင်ကြသည်။

ဦးဝိမလမှာ တစ်ဝါသာ သီတင်းသုံးကာ ပြန်ကြွသွားသဖြင့် ၁၉၀၂ ခုနှစ်တွင် ဦးစက္ကိန္ဒကို တတိယ ဆရာတော် အဖြစ် ပင့်ဆောင် ကိုးကွယ်ကြသည်။ ဦးစက္ကိန္ဒသည် ကျော်ကြားသော ယပ်လှဲ့ဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်သည်။ သံနေသံထား အဆွဲအငင် အသုံးပြုရသော ယပ်လှဲ့တရားကို အမျိုးသမီး ပရိသတ်က အလွန်ကြိုက်ကြသည်။

တတိယတောင်လေးလုံး ဆရာတော် ဦးစက္ကိန္ဒသည် ယပ်လှဲ့တရားဟောရာတွင် မော်လမြိုင်တစ်ခွင် အထူး ကျော်ကြားသည်။ သူဟောခဲ့သော ယပ်လှဲ့တရားများ စုပေါင်း၍ **"ဒုရနုဗောဓဒီပနီ"** အမည်ရှိ တောင်လေးလုံး ယပ်လှဲ့ကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဦးစက္ကိန္ဒသည် (၂၉-၆-၁၉၃၃)နေ့ရက်တွင် လူဆိုးများ သတ်ဖြတ်သဖြင့် ပျံလွန်တော်မူသည်။ ထိုအမှုအတွက် တရားခံ စုံစမ်း၍ မရပေ။

နောက်သုံးနှစ်ခန့်ကြာမှ မြိတ်မြို့နယ် ရွာကလေးတစ်ရွာမှ လူဝင်စားကလေး တစ်ဦးက မော်လမြိုင်တွင် သူပိုင်သော နေရာရှိကြောင်း အတန်တန်ပူဆာသဖြင့် နောက်ဆုံး၌ မိဘများက လိုက်ပို့ပေးသည်။

ထိုကလေးသည် ဦးစက္ကိန္ဒဘဝက အဖြစ်အပျက်များကို မှန်ကန်စွာ ပြောပြနိုင်သည့်အပြင် အရင်ဘဝက သူ့အား သတ်ဖြတ်သူများအကြောင်း ပြောပြသဖြင့် ကပ္ပိယကြီးနှင့်အပေါင်းအပါ လူဆိုးများကို ရှာဖွေ အရေးယူနိုင်ခဲ့သည်။

ဆရာတော် ဦးစက္ကိန္ဒဘဝက သိမ်းဆည်းထားသော ငွေဒင်္ဂါး(၆၀၀၀)ကိုလည်း ကျောင်းရေတံလျှောက်တွင်းမှ ပြန်လည် ရရှိခဲ့သည်။

၁၉၃၃ ခုနှစ်တွင် မော်လမြိုင်နှင့် ရန်ကုန်မှ ဆရာတော်ကြီးများ၊ မန္တလေး မစိုးရိမ်ဆရာတော်ဦးသူရိယ စသည့် ဆရာတော်များ၏ ဩဝါဒခံယူ၍ မစိုးရိမ်ဆရာတော်၏တပည့် အရှင်နာဂသေနကို စတုတ္ထတောင်လေးလုံး ဆရာတော်အဖြစ် ဦးရွှေဂန်၊ ဒေါ်မဲမတို့၏မြေး (ကျောင်းဒါယကာ၊ ဒါယိကာမ) များက တင်မြှောက် လှူဒါန်းခဲ့ကြသည်။

စတုတ္ထဆရာတော် ဦးနာဂသေနသည် စာပေသင်ကြားမှုဟူသော ဂန္ထဓုရနှင့် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်၍ သူတစ်ပါးတို့အားလည်း ဟောကြားပြသဆုံးမမှု ဝိပဿနာဓုရနှစ်ပါးကိုသာ အလေးထား၍ ကြိုးစားအားထုတ်တော်မူသည်။

ဝတ်တက်ချိန်၊ ဆွမ်းစားချိန်၊ တရားအားထုတ်ချိန်၊ ကျိန်းစက်ချိန်၊ စာဝါပို့ချချိန်များအတွက် တိကျသော အချိန်ဇယားဖြင့် သတ်မှတ်အားထုတ်ရာ တောင်လေးလုံး ကျောင်းတိုက်သည် ရဟန်း၊ သာမဏေ၊ ပရိသတ်တို့ဖြင့် စည်ကားလာသည်။

၁၉၃၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် ၁၉၄၂ ခုနှစ်အထိ လက်ထောက်စာချ မထားဘဲ တစ်နေ့လျှင် စာဝါဆယ်ဝါအထိ တစ်ပါးတည်း ပို့ချပေးခဲ့သည်။

ဆရာတော်သည် မော်လမြိုင် တောင်လေးလုံးကျောင်း၌ သီတင်းသုံးလျက် အစိုးရပထမကျော်နှင့် အဂ္ဂမဟာအကျော်ဘွဲ့များ ရရှိကာ ကျော်လေးကျော် အရှင်နာဂသေနာဘိဝံသ ဖြစ်တော်မူခဲ့သည်။

အရှင်နာဂသေနာဘိဝံသ လက်ထက်တော်တွင် မော်လမြိုင်တောင်လေးလုံးကျောင်းတိုက်သည် **"အောင်ပွဲမဆုံး တောင်လေးလုံး"** ဟူ၍ စာပွဲသဘင် အောင်ပွဲရပုဂ္ဂိုလ်များဖြင့် စည်ကားလာခဲ့သည်။

## ဦးနာဂသေနာဘိဝံသ၏ ထေရုပ္ပတ္တိ

ဆရာတော်လောင်းလျာ မောင်ထွန်းအေးကို မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ် တန်ဆောင်မုန်းလဆန်း (၉)ရက် စနေနေ့ ည(၈)နာရီအချိန်တွင် ဒီပဲယင်းမြို့နယ်၊ ပေါင်းတောင်ကူရွာနေ ဦးဘိုးအုံ၊ ဒေါ်သာမိတို့မှ မွေးဖွားသည်။ မောင်နှမ ခုနစ်ယောက်အနက် ဒုတိယ ဖြစ်သည်။

အသက်(၁၀)နှစ်အရွယ်တွင် ရှင်နာဂသေနအဖြစ် အဘိုးတော်သူ ပေါင်းတောင်ကူဆရာတော်ဦးပညာသာမိနှင့်





www.burmeseclassic.com

www.burmeseclassic.com

အတူ မန္တလေးသို့ လိုက်ပါ၍ စာဝါသင်ယူသည်။ ပေါင်းတောင်ကူဆရာတော် ဦးပညာသာမိသည် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တို့ကို သိမီခဲ့၍ **'ပညာလင်္ကာရသီရိဓဇ မဟာဓမ္မရာဇဂုရု''၊ ''ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု''**နှင့် နယ်ချဲ့အင်္ဂလိပ် အစိုးရလက်ထက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်သုံးခု ဆက်ကပ်ခံရသူ ဖြစ်သည်။


ရှင်နာဂသေန (၁၄)နှစ်အရွယ်တွင် အဘိုးဖြစ်သူ ဦးပညာသာမိက အိုမင်းလာပြီဖြစ်၍ ခေမာသီဝံကျောင်းဆရာတော် အရှင်အဂ္ဂဝံသထံ အပ်နှံ၍ ပညာဆက်လက်သင်ယူစေသည်။

အသက် (၂၀)ပြည့်သောအခါ မန္တလေး အနောက်ပြင် တောင်တော်သာသနာပိုင်ကျောင်းတိုက် ခဏ္ဍသိမ်၌ အဘိုးဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းတော် အရှင်နာဂသေနအဖြစ်သို့ ရောက်ရှိသည်။

ရဟန်း(၆)ဝါအရတွင် ပြင်းထန်သော ဝေဒနာ နှိပ်စက်သဖြင့် ပရိသုဒ္ဓိပြုကာ ဆေးဝါးကုသမှု ခံယူရသည်။ ကျန်းမာလာသောအခါ (၁၅.၄.၁၉၂၉) ရက်နေ့တွင် ဆရာတော် ဦးပခန်းခေါ် အရှင်ဝိစာရကို ဥပဇ္ဈာယ်ပြု၍ ဒက္ခိဏာရာမတိုက် သိမ်တော်တွင် ရဟန်းဘောင်သို့ ပြန်လည်ဝင်ရောက်သည်။

ထို့နောက် မစိုးရိမ်စာသင်တိုက် နယူပဒေသာကျောင်း၌ သုံးနှစ်မျှ သီတင်းသုံးကာ စာဝါပို့ချပေးပြီးနောက် ၁၉၃၃ ခုနှစ်တွင် မော်လမြိုင်သို့ တောင်လေးလုံးစတုတ္ထဆရာတော်အဖြစ် ကြွရောက်ခဲ့လေသည်။

(၁၀.၁.၁၉၄၂)နေ့ရက် နံနက်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့်



◆ တောင်လေးလုံးကျောင်း ပင်မအဆောင်

ဖက်ဆစ်ဂျပန်တပ်များသည် မော်လမြိုင်အရှေ့ဘက်ကမ်း ညောင်ပင်ဆိပ်ရွာမှလည်းကောင်း၊ ကျိုက်မရောလမ်း ငန်းတေးရွာမှ လည်းကောင်း၊ မုဒုံလမ်း ဈေးကြိုရပ်မှလည်းကောင်း အဝေးပစ်အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

နံနက်ခင်းမှစ၍ မွန်းတည့်(၁၂)နာရီတွင် ရပ်သွားပြီး ညနေ (၄)နာရီတွင် ဆက်လက်တိုက်ခိုက်သည်။ တစ်ညလုံး တိုက်ပွဲဖြစ်ပွားပြီးနောက် နောက်နေ့ နံနက်(၃)နာရီတွင် နယ်ချဲ့အင်္ဂလိပ်တပ်အားလုံး မုတ္တမဘက်သို့ လှေ၊ ဖောင်၊ သင်္ဘောများဖြင့် ဆုတ်ပြေးသည်။

နောက်ရက်တွင် ခေါင်းဆောင်ကြီး သခင်မြ (အာဇာနည်ခေါင်းဆောင် အဖြစ်ကျဆုံး)က မော်လမြိုင် မြူနီစပါယ်ဝင်း(ယခု ပြည်နယ်ဝန်ကြီးချုပ်ရုံး)တွင် ဗမာ့တပ်မတော်သားများ၏ အလေးပြုမှု ခံယူသည်။

နယ်ချဲ့အင်္ဂလိပ်တပ် ဆုတ်၍ ဖက်ဆစ်ဂျပန်တပ် မရောက်မီ အုပ်ချုပ်မှု ကင်းမဲ့ချိန်၌ လူဆိုးများ ဖောက်ထွင်းလုယက်ခိုးယူကာ ထကြွသောင်းကျန်းလျက် မြို့ပျက်ကြီး ဖြစ်နေ၏။ လူအများစုမှာ မုဒုံနှင့် ဘီလူးကျွန်းတို့ဘက်သို့ ထွက်ပြေးကြသည်။

တောင်လေးလုံး ကျောင်းတိုက်လည်း စာပေသင်ကြားမှု ရပ်ဆိုင်းသွားလေရာ ဆရာတော်အတွက် တောရဆောက်တည်ရန် ခွင့်သာခဲ့သည်။ တပည့်သံဃာ သုံး,လေးပါးတို့အား ကျောင်းကိုအပ်နှံကာ ဘီလူးကျွန်း ရွာလွတ်အနီးရှိ ဘုန်းတော်ကြီး ဦးသီလ သီတင်းသုံးခဲ့ရာ တောကျောင်း၌ တောရဆောက်တည်သည်။

ကွမ်သဲရွာ၊ မရမ်းရွာ၊ သရဖီခြံတန်းရွာ စသည်တို့၌ ခုနစ်ရက်စီ လှည့်လည်၍ ဆွမ်းခံခဲ့သည်။ အလွန် ကြမ်းလှသည်ဟု နာမည်ကျော်ကြားသော မရမ်းရွာသုသာန်တွင် (၄၉)ရက် ပြည့်အောင် သုသာန်ဓုတင် ဆောင်တော်မူခဲ့သည်။

ပရလောက အခြောက်အလှန့် မကြုံရသော်လည်း လူဆိုးတစ်ဦးက တစ္ဆေဟန်ခြောက်လှန့်လေရာ ဆရာတော်က တရားဟောကြား ချေချွတ်



www.burmeseclassic.com

www.burmeseclassic.com

တော်မူရသည်။

**သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ**တို့၌ ပါရှိသည့် ဒွတ္တိံသာကာရကမ္မဋ္ဌာန်း စီးဖြန်းနည်း အတိုင်း တစ်နှစ်ပြည့်အောင် ပွားများ တော်မူဖြစ်ခဲ့သည်။ ထိုကမ္မဋ္ဌာန်း စီးဖြန်း နည်းကို ဒကာများ တောင်းပန်သဖြင့် ဤသို့ ပြုစုပေးတော်မူသည်။

## ဒွတ္တိံသာကာရကမ္မဋ္ဌာန်း စီးဖြန်းနည်း

(မော်လမြိုင် တောင်လေးလုံး ကျောင်းတိုက်ဆရာတော် အရှင်နာဂ သေနာဘိဝံသ ရေးသားချီးမြှင့်တော်မူ သည်။)

### ၁။ တစပဉ္စက ကမ္မဋ္ဌာန်း ပွားများနည်း

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ။ *[ဤကောဋ္ဌာသ ငါးပါးကို အနုလုံနည်းဖြင့် ဖြည်းဖြည်း ငါးရက် ပွားများပါ။]*

အရေ၊ သွား၊ ခြေသည်းလက်သည်း၊ အမွေး၊ ဆံပင်။ *[ပဋိလုံ နည်းဖြင့် ငါးရက် ပွားများပါ။]*

ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အရေ၊ သွား၊ ခြေသည်းလက်သည်း၊ အမွေး၊ ဆံပင်။ *[အနုလုံ,ပဋိလုံ ငါးရက် ဖြည်းဖြည်းပွား များပါ။]*

### ၂။ ဝက္ကပဉ္စက ကမ္မဋ္ဌာန်း ပွားများနည်း

အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့။ *[ အနုလုံ ငါးရက် ဖြည်းဖြည်း ပွားများပါ။]*

အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ *[ ပဋိလုံ ငါးရက် ဖြည်းဖြည်း ပွားများပါ။]*

အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ *[အနုလုံ,ပဋိလုံ ငါးရက် ဖြည်း ဖြည်း ပွားများပါ။]*

### ၃။ တစဝက္ကဒသက ကမ္မဋ္ဌာန်း ပွားများ နည်း

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့။ *[အနုလုံ ငါးရက် ပွားများပါ။]*

အညှို့၊ ခြင်ဆီ၊ အကြော၊ အရိုး၊ အသား၊ အရေ၊ သွား၊ ခြေသည်း လက်သည်း၊ အမွေး၊ ဆံပင်။ *[ပဋိလုံ ငါးရက် ပွားများပါ။]*

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ အညှို့၊ ခြင်ဆီ၊ အကြော၊ အရိုး၊ အသား၊ အရေ၊ သွား၊ ခြေသည်း၊ လက်သည်း၊ အမွေး၊ ဆံပင်။ *[အနုလုံ, ပဋိလုံ ငါးရက် ပွားများပါ။]*

### ၄။ ပပ္ဖါသပဉ္စက ကမ္မဋ္ဌာန်း ပွားများနည်း

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ *[အနုလုံ ငါးရက် ပွားများပါ။]*

အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။ *[ပဋိလုံ ငါးရက် ပွားများပါ။]*

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။*[အနုလုံ,ပဋိလုံ ငါးရက် ပွားများပါ။]*

### ၅။ တစဝက္ကပပ္ဖါသပဉ္စဒသက ကမ္မဋ္ဌာန်း ပွားများနည်း

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ *[အနုလုံ ငါးရက် ပွားများပါ။]*

အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း လက်သည်း၊ အမွေး၊ ဆံပင်။ *[ပဋိလုံ ငါးရက် ပွားများပါ။]*

ဆံပင်၊ အမွေး၊ လက်သည် ခြေသည်း၊ သွား၊ အရေ၊ အသာ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှိ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း အဆုတ်၊ အဆုတ်၊ အဖျဉ်း၊ အမြှေ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆ အရိုး၊ အကြော၊ အသား၊ အရေ သွား၊ ခြေသည်းလက်သည်း၊ အမွေ ဆံပင်။ *[အနုလုံ,ပဋိလုံ ငါးရက် ပွားမျ ပါ။]*

### ၆။ မတ္ထလုင် ပဉ္စက ကမ္မဋ္ဌာန်း ပွားမျ နည်း

အူမ၊ အူသိမ်၊ အစာသစ်၊ အစ ဟောင်း၊ ဦးနှောက်။ *[အနုလုံ ငါးရ ပွားများပါ။]*

ဦးနှောက်၊ အစာဟောင်း၊ အစ သစ်၊ အူသိမ်၊ အူမ။ *[ပဋိလုံ ငါးရ ပွားများပါ။]*

အူမ၊ အူသိမ်၊ အစာသစ်၊ အစ ဟောင်း၊ ဦးနှောက်၊ ဦးနှောက်၊ အစ ဟောင်း၊ အစာသစ်၊ အူသိမ်၊ အူ *[အနုလုံ,ပဋိလုံ ငါးရက် ပွားများပါ။]*

### ၇။ တစဝက္ကပပ္ဖါသမတ္ထလုင်ကမ္မဋ္ဌာ ပွားများနည်း

ဆံပင်၊ အမွေး၊ လက်သည ခြေသည်း၊ သွား၊ အရေ၊ အသာ အကြော၊ အရိုး၊ ခြင်ဆီ၊ အည နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ် အဆုတ်၊ အူမ၊ အူသိမ်၊ အစာသ အစာဟောင်း၊ ဦးနှောက်။ *[အနု ငါးရက် ပွားများပါ။]*

ဦးနှောက်မှစ၍ ဆံပင်သို့ အပြ *[ပဋိလုံ ငါးရက် ပွားများပါ။]*

ဆံပင်မှ ဦးနှောက်၊ ဦးနှောက် ဆံပင်သို့ *[အနုလုံ,ပဋိလုံ ငါးရက် ပွားမျ ပါ။]*



www.burmeseclassic.com

www.burmeseclassic.com

၈။ မေဒဆတ္တာ မတ္တာလုဂ် မေဒဆာဗ္ဗီသ ကမ္ဗဌာန်း ပွားများနည်း

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ *[အနုလုံ ငါးရက် ပွားများ ပါ။]*

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။ အပြန်*[ပဋိလုံ ငါးရက် ပွားများပါ။]*

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ *[အသွားအပြန် အနုလုံ,ပဋိလုံ ငါးရက် ပွားများပါ။]*

၉။ တစ ပဉ္စက ပဉ္စသ မတ္တာလုဂ်မေဒဆာဗ္ဗီသ ကမ္ဗဌာန်း ပွားများနည်း

ဆံပင်၊ အမွေး၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ *[အနုလုံ ငါးရက် ပွားများပါ။]*

အဆီခဲမှ ဆံပင်သို့ ပြန်၍*[ပဋိလုံ ငါးရက် ပွားများပါ။]*

ဆံပင်မှ အဆီခဲ၊ အဆီခဲမှ ဆံပင်သို့ *[အနုလုံ,ပဋိလုံ ငါးရက် ပွားများပါ။]*

၁၀။ မုတ္တာ ဆက္ကာ ကမ္ဗဌာန်း ပွားများနည်း

မျက်ရည်၊ ဆီကြည်၊ နှပ်၊ တံတွေး၊ အစေး၊ ကျင်ငယ်။ *[အနုလုံ ငါးရက် ပွားများပါ။]*

ကျင်ငယ်၊ အစေး၊ တံတွေး၊ နှပ်၊ ဆီကြည်၊ မျက်ရည်။ *[ပဋိလုံ ငါးရက် ပွားများပါ။]*

မျက်ရည်၊ ဆီကြည်၊ နှပ်၊ တံတွေး၊ အစေး၊ ကျင်ငယ်၊ ကျင်ငယ်၊ အစေး၊ တံတွေး၊ နှပ်၊ ဆီကြည်၊ မျက်ရည်။ *[အနုလုံ,ပဋိလုံ ငါးရက် ပွားများ ပါ။]*

၁၁။ ဒွတ္တိံသာကာရကမ္ဗဌာန်း ပွားများ နည်း

ဆံပင်၊ အမွေး၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ နှပ်၊ တံတွေး၊ အစေး၊ ကျင်ငယ်။ *[အနုလုံ ငါးရက် ပွားများပါ။]*

ကျင်ငယ်မှ ဆံပင်အထိ*[ပဋိလုံ ငါးရက် ပွားများပါ။]*

ဆံပင်မှကျင်ငယ်၊ ကျင်ငယ်မှဆံပင် *[အသွားအပြန် အနုလုံ,ပဋိလုံ ငါးရက် ပွားများပါ။]*


ဤသို့ ပွားများရာတွင် ရှုအပ်သော ကောဋ္ဌာသတို့ တည်ရာအရပ်ကိုလည်း ဆရာတော်က ဤသို့ ညွှန်ပြသည်။

ဆံပင်သည် နှစ်ကုဋေငါးသန်းရှိ၏။ အမွေးသည် ကိုးသောင်းကိုးထောင်၊ လက်သည်း,ခြေသည်းသည် နှစ်ဆယ်၊ အရေသည် အရေထူ,အရေပြား နှစ်ခု၊ အသားသည် ကိုးရာ၊ အကြောသည် ကိုးရာ၊ အရိုးသည် သုံးရာရှိသည်။

ခြင်ဆီသည် အရိုးတွင်း၌တည်၏။ အညို့သည် နှလုံးကို ဝန်းလျက်နှစ်ခုရှိသည်။ နှလုံးသည် ရင်ဘတ်အလယ်၊ အသည်းသည် နှလုံး၏ညာဘက်၊ အမြှေးသည် နှလုံးအညို့ကို ဖုံးလွှမ်းလျက် တည်၏။ မဖုံးလွှမ်းသော အမြှေးသည် အရေနှင့် အသားကြား တည်၏။

အဖျဉ်းသည် နှလုံး၏ ဝဲဘက်၊ အဆုတ်သည် အစိတ် သုံးဆယ့်နှစ်ခု ရှိလျက် နှလုံး၊ အသည်းကို ဖုံးအုပ်လျက် တည်၏။

အူမသည် လည်မျိုမှစ၍ ဝစ္စမဂ် တိုင်အောင် နှစ်ဆယ့်တစ်ခွေ ခွေ၍ တည်၏။ အူသိမ်သည် အူခွေအကြား၌ တည်၏။ အစာသစ်သည် အူမ အထက် အစာဟောင်းသည်အူမအဆုံး၌ တည်၏။



◆ မော်လမြိုင် တောင်ရိုးလမ်းမှ ကျောင်းမုခ်ဦး

ရွှေလ ဆက်ဖတ်ပါရန်


ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်များနှင့်

# ပိဋကတ်တိုက် စေတီ





▲ ရွှေစာရံစေတီ မြောက်ဘက်မုခ်အနီးမှ ပိဋကတ်တိုက်စေတီ

◀ ပိဋကတ်တိုက်စေတီ အလယ်ပစ္စယံအထောင့်မှ မနုသီဟရုပ်တု

သထုံ ရွှေစာရံစေတီကြီး၏ မြောက်ဘက်မုခ်အနီး တည်ရှိသော ပုထိုးပုံစေတီသည် ပိဋကတ်တိုက်စေတီ ဖြစ်သည်။

သာသနာ ၉၉၇ ခုနှစ်တွင် ဓမ္မပါလမင်း လျှောက်ထားချက်အရ ရှင်မဟာဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ရှိ ပိဋကတ်သုံးပုံကို သီဟိုဠ် (သီရိလင်္ကာ)ဘာသာမှ မာဂဓဘာသာသို့ ပြန်ဆို ကူးယူပြီးလျှင် သထုံသို့ ပင့်ဆောင်လာရာ ဓမ္မပါလမင်းသည် ''လိုဏ်''ပါသော ပုထိုးတစ်ဆူတည်၍ ပိဋကတ်တော်များအား ကိန်းအောင်းစေလေသည်။ ထို့ကြောင့် ပိဋကတ်တိုက်စေတီဟု တွင်ခဲ့သည်။

ဥမင်လိုဏ်သည် လူအချို့ အသွားအလာ အနေအထိုင် ရှုပ်ထွေး၍ ဌာပနာတော် ပိဋကတ်များအား အနှောင့်အယှက်ပြုမည် စိုးရွံ့ကာ ဥမင်အဝလေးဖက် လေးတန်အား အခိုင်အမာ ပိတ်ထားခဲ့သည်ဟုဆိုသည်။

ပုံတော်မှာ အောက်ခြေ၌ လေးထောင့်ပုံဖြစ်၍ ပစ္စယံသုံးဆင့်တင်ကာ အထက်တွင် ခေါင်းလောင်းပုံစေတီ တည်ထားလေသည်။ အလယ်ပစ္စယံ၏ ထောင့်လေးထောင့်တွင် မနုသီဟရုပ်တုများ တင်ထားသည်။

ထို မနုသီဟရုပ်တုများသည် သာသနာ ၂၃၅ ခုနှစ်၌ ဒုတိယ သုဝဏ္ဏဘူမိမြို့တည် ရာဇာစောဝေမင်းလက်ထက်၊ ဘီလူးများက မြို့တွင်းရှိ ကလေးသူငယ်များအား ဖမ်းစားသဖြင့် သာသနာပြု ရောက်ရှိလာသော သောဏနှင့် ဥတ္တရမထေရ်တို့က ဒိဋ္ဌိ(၆၂)ပါးကို ဖော်ပြသော ဗြဟ္မဇာလသုတ်ကို ရွတ်ဆိုကာ ဘီလူးတို့အား မြို့တွင်းမှ ဖယ်ရှားပေးခဲ့သည်ကို အကြောင်းပြု၍ ပေါ်ထွန်းလာသော ရုပ်တုများ ဖြစ်ကြသည်။

ဤသည်ကို ရည်၍ ဓမ္မပါလမင်းက ပိဋကတ်တိုက်စေတီ ပစ္စယံထက်၌ မနုသီဟရုပ်တုများ တင်ထားခဲ့ခြင်း ဖြစ်လေသည်။

သို့ကြောင့်ပင်လျှင် ကလေးသူငယ်များ ကျန်းမာရေး ညှိုးဖျင်း ချူချာသောအခါ ပိဋကတ်တိုက်စေတီသို့ သွားရောက်ကာ ဘုရားရှင်ထံ အပ်နှံလျက် ကောင်းမှုပြု အလှူဒါနပေးကော တောင်းဆုယူ အဓိဋ္ဌာန် ပြုတတ်ကြလေသည်။

နယ်လှည့်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၆)မှ အဆက်



▲ လက်ရှိဆရာတော် ဦးနန္ဒမာလာ

▼ ရဟန္တာ ရုပ်ကလာပ်ကို တွေ့ရှိသူ ဦးကျော်ဟန်



...စ်နေတဲ့ သစ်ပင်အရင်းပိုင်းက ဖြတ်ပြီး ကျောင်းဓမ္မာရုံမှာ (၇)ရက် ပူဇော်ခဲ့လုပ်တယ်။

ဓမ္မာရုံမှာ အပူဇော်ခံပြီးတော့ ဆရာတော်ကြီးကိုယ်တိုင် ကျောင်းပေါ်တင်ပြီး ဘုရားခန်းမှာ ကိုးကွယ်ထားတာ ...အထိပဲ'

ဟု ဦးကျော်ဟန် ဇာတ်လမ်း အဆုံးသတ်ပြီး မောသွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက် မော့ချလိုက်ပါသည်။

**ကျွန်ုပ်**။ ။ ရဟန္တာရုပ်တုတော် မတွေ့မီ အိပ်မက်ပေးသေးလား၊ ဘာများ ထူးခြားသေးလဲ။

**ဦးကျော်ဟန်**။ ။ အိပ်မက် မပေးပါဘူး။ ကျုပ်တို့မိသားစုရဲ့ စီးပွားရေးလဲ ပုံမှန်ပါပဲ။

**ကျုပ်**။ ။ ရှင်ဥပဂုတ္တရဟန္တာလို့ ဆရာတော်ကြီးက သတ်မှတ်ခဲ့တာလား။

**ဦးကျော်ဟန်**။ ။ ဟုတ်ပါတယ်။

**ကျွန်ုပ်**။ ။ ရဟန္တာရုပ်တုတော် တွေ့ရှိပူဇော်ပြီးနောက် ရွာနဲ့ ကျောင်းမှာ ထူးခြားတာများ ရှိလား။

**ဆရာတော်**။ ။ ထူးခြားတာပေါ့ ဒကာကြီး၊ ရဟန္တာရုပ်တုတော် ပူဇော်ပြီး နောက်မှ တစုံရေကာတာစီမံကိန်း ပေါ်လာပြီး ရွှေမှော်တွေ၊ ရွှေမျှော တိုက်လုပ်ငန်းတွေ ပေါ်လာတာလေ။

ရွှေမှော်တွေ ပေါ်လာလို့ ဒေသခံတွေ အလုပ်အကိုင်၊ အရောင်းအဝယ်တွေ ကောင်းလာပြီး စီးပွားရေး ချောင်လည်လာခဲ့တာပေါ့။

ကျောင်းအတွက်တော့ ခဏ္ဍာသိမ်၊ ဂန္ဓကုဋိတိုက်၊ ဓမ္မာရုံနဲ့ ကျောင်းအုတ်စည်းရိုးတွေ အသစ်ဆောက်ဖို့ အလှူရှင်တွေ ပေါ်လာပြီး ဒကာကြီး မြင်တဲ့ အတိုင်း တိုးတက်လာတာပါပဲ'

လက်ရှိ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာက မိန့်ကြားခဲ့ပါသည်။

ကျွန်ုပ်ကိုယ်တိုင် ရှင်ဥပဂုတ္တ ရုပ်တုတော်ကို ကြည်ညို၍ ကြည့်ရှုရာတွင် ရဟန္တာ သပိတ်ပိုက်ထားပုံမှာ ပီပီပြင်ပြင် ဖူးမြင်ရပါသည်။

ရဟန္တာ ကိန်းဝပ်သော သစ်ခေါင်းတွင် ရှေးဟောင်း ကျောက်စာဟု လည်းကောင်း၊ အင်းကွက်များဟု လည်းကောင်း မခွဲခြားနိုင်သော အမှတ်အသားများ တွေ့ရပါသည်။ ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

ကျေးဇူးတင်လွှာ။ ။ **ဤဆောင်းပါးအတွက် ကူညီ ပြန်လည်ပြောပြပေးသော ဦးကျော်ဟန်နှင့် ဦးအောင်ဦး တို့ကို ကျေးဇူးတင်ပါသည်။**

*ကာယစိတ္တ သုခနှစ်ဖြာ ပြည့်စုံကြပါစေ။*

**မောင်စေတနာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္တိယ မိန်းမတို့၏ ဥစ္စာမနေကား အဆင်းတည်း'' ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။


အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ် တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အသားအရေ ညစ်ထေးမွဲခြောက်ပြ
နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေသူ
များ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြာ
ရေနွေးနဲ့သောက်ရင် အသားအရေ
စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနုံ့ပြင်းခြင်း
ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သာ
သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်
မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့
(၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်
ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာ
တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက်
ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီ
(၃)ရက်ဆက်သောက်လျှင် သားသမီးဝေ
ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်
မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင်
(၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်
ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနိုးပုပ်များ ကင်
စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ
သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချမ်
လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်ခြင်း
သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက
သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာ
ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီ
ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ
ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

ဆရာမ ဒေါ်တင်တင်အောင်

[P;xuat¤i aq;wu

အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)




www.burmeseclassic.com

www.burmeseclassic.com

ဂျိုးဖြူတောင်တန်းမှ

# သဏ္ဍုဝတီ သာသနာပြန့်နှံ့ပုံ (၅)




◆ ကျောက်ဖြစ် ရုပ်ကလာပ်တော်ရှိရာနေရာ

### ယခင်လမှ အဆက်

သာသနာတော် ရှင်းသန့်၍ အဓွန့်ရှည်ကြာစေရန် ဥပသမ္ပဒကံဆောင်ရာ သိမ်တော်နှင့် ဥပဇ္ဈာယ်ဆရာ အရေးကြီးကြောင်း တွေးဆကာ ရဟန်းတော်များကို သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ကြွရောက်၍ ကံဆောင် သိမ်ထပ်စေသည်။

ထိုမှ ပြန်လာသော သံဃာတော်များဦးဆောင်ကာ သိမ်များစွာ သမုတ်စေခဲ့သည်။ ရေပတ်လည် ဝန်းရံနေသော သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ ကံဆောင် သိမ်ထပ်သည်ကို ရည်၍ ရေသိမ်များ ဆောက်လုပ် အသုံးပြုကြခြင်း ဖြစ်လေသည်။

သိမ်မှ ပြန်လာ၍ လမ်းမကြီး တောင်ဘက်သို့ရောက်သော် အဘိုးဆရာတော်ရှိစဉ်က ကျောင်းဆောင်ကြီးကို တွေ့ရသည်။ အဆောင်ရှေ့ ဆင်ဝင်အဝ၌ နာဂဒေဝီနှင့် ဇော်ဂျီ ရုပ်လုံးများ သရုပ်ဖော်ထားသည်။

ယင်း၏အရှေ့ဘက်တွင် အဘိုးဆရာတော် ဦးအာဒိစ္စဝံသ၏ ဂူနန်းဗိမာန် ရှိသည်။ အဘိုးဆရာတော်သည် ၁၃၄၁ ခုနှစ်၊ တော်သလင်းလဆန်း (၂)ရက်၊ ကြာသပတေး ည(၁၀)နာရီခန့်တွင် သီတင်းသုံးရာ သုမင်္ဂလ ကျောင်းဆောင်တွင် ထိုင်လျက် ဣရိယာပုတ်ဖြင့် ခန္ဓာဝန်ချတော်မူခဲ့သည်။

ထိုအခါ အချို့သော တပည့်ဒါယကာများက ရုပ်ကလာပ်တော် မပုပ်မသိုးစေရန်၊ ခွဲစိတ်ဆေးစိမ်ရန် စီစဉ်ကြသည်။ သို့သော် ခွဲစိတ်ရိုက်သည်နှင့် ရုပ်ကလာပ်တော်မှ သွေးစိမ်း






www.burmeseclassic.com

www.burmeseclassic.com





▲ သုဓမ္မာရေသေ့ ဗျာဒိတ်ခံယူခန်း

◄ အဘိုးဆရာတော် ဗိမာန်

ရှင်ရှင် ယိုစီးကျလာသဖြင့် ကြောက်ရွံ့လက်လျှော့ကြရသည်။

ယခုအခါ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာ ကျောက်သားပကတိ ဖြစ်နေကြောင်း ကြားသိရသည်။ ဗိမာန်သော့ကိုင် ဦးပဉ္စင်းမှာ ခရီးထွက်ကြွနေသဖြင့် ရုပ်ကလာပ်တော်ကို ဖူးမြော်ခွင့် မရခဲ့ပေ။ ခန်းမတွင်း မြင်ကွင်းကိုသာ မှတ်တမ်းပြု ပူဇော်ခဲ့ရလေသည်။

## တောင်ဘက်တစ်ခွင်

ထို့နောက် ဓမ္မာရုံရှေ့ လမ်းမကြီးအတိုင်း တောင်ဘက်သို့ လျှောက်လာကြရာ သားတော်များစေတီရှေ့ လမ်း၏ လက်ဝဲဘက်တွင် ဂေါတမဘုရားရှင် သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံယူတော်မူ ခန်းရုပ်လုံးကို ဖူးတွေ့ရသည်။

တည်လုပ်ဆဲ ရဟန္တာရုပ်တုများကိုလည်း တွေ့ရသည်။ ရဟန္တာရုပ်တု (၅၀၀)ပြည့်သည်အထိ သွန်းလုပ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှ လွန်သော် ဥက္ကလာပြည့်ရှင်မင်းကြီး၏ သက္ကဝတီမြို့တော်တွင်း မြနန်းဘုံစံ နန်းတော်မုခ်ဦး ပြာသာဒ်ကို မြင်ရသည်။ ထိုမုခ်ဦး၏ နောက်ဘက် ရေပြင်ကျယ်ကြီးကား မြကန်သာ ဖြစ်သည်။ ကန်လယ်တွင် ရှင်ဥပဂုတ္တရဟန္တာ သီတင်းသုံးသော ကျောင်းဆောင် ရှိ၏။

ကန်ဖြတ်တံတားဖြင့် ဆက်သွယ်ထားသည်။ တံတားထိပ်တွင် "**မြကန်သာ**"ဟူသော ပုဂံခေတ်ကဗျာကို မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်သုံးဘာသာဖြင့် ကျောက်စာကမ္ပည်းတင် စိုက်ထူထား၏။

ကန်လယ် ကျောင်းဆောင်တွင်း၌ကား အလယ်တွင် ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူ ရုပ်ပွားတော်နှင့် ပလ္လင်ခြေပတ်လည်၌ ဂေါတမဘုရားရှင် သတ္တသတ္တာဟ စံပယ်တော်မူဟန် ရုပ်ကြွ ပန်းတော့လက်ရာများ ဖူးတွေ့ရသည်။

ထိုရုပ်ကြွပုံတော်များမှာ မှုံဒြာစုံလင်စွာ ပူဇော်ထားကာ ပလ္လင်ခြေ အနီးပတ်လည်တွင် ရှင်ဥပဂုတ္တရဟန္တာပုံတော်များ ဝန်းရံပူဇော်ထားသည်။ ဤ ကန်တော်ကြီးသည် ၃၀-၆-၁၉၇၇ နေ့တွင် အဘိုးဆရာတော်က...

'ဤနေရာ၌ မင်္ဂလာကန်တော်ကြီး ပေါ်ပေါက်မည်'

ဟု ကြိုတင် မိန့်ကြားခဲ့သည့်အတိုင်း ၁၇-၄-၁၉၉၄ မြန်မာနှစ်ဆန်းတစ်ရက်နေ့လယ် (၁၃း၀၈)နာရီတွင် စတင်ပန္နက်ချကာ ၃-၁၁-၁၉၉၈နေ့တွင် ကန်လယ် ဂန္ဓကုဋီတိုက်တော် ဘုံထွတ်တင်လှူ ပြီးစီးကြောင်း ကမ္ပည်းထိုးထားလေသည်။

ရေကန်၏ မျက်နှာချင်းဆိုင် ခန်းမဆောင်သည်ကား နေ့စဉ် အရုဏ်တက်ချိန်တိုင်း ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူရာဌာန ဖြစ်သည်။ အခန်းတွင်း၌ အဘိုးဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ခန်းစင်တောင် ဆရာတော်၊ ဘိုးတော်ပွား စသည့် သိဒ္ဓိရှင်တို့၏ ပုံတော်များ ပူဇော်ထားသည်။ နံရံအလယ်တွင် ဘုရားရှင် စင်္ကြရ စရိယာ ကျင့်တော်မူပုံ ရုပ်ပုံတော်ကို




www.burmeseclassic.com

www.burmeseclassic.com



◆ မြကန်အလယ်မှ မြတ်စွာဘုရား(၄)ဆူ



◆ မြကန်အလယ်မှ ကျောင်းတော်

ဖူးတွေ့ရသည်။

လက်ဝဲဘက် ခန်းမတွင်ကား မှော်ဘီဘိုးဘိုး၊ သဃ်န်းကျွန်းဘိုးဘိုး၊ ဆူးလေဘိုးဘိုး၊ ဗိုလ်တထောင်ဘိုးဘိုး စသည်တို့အား ပူဇော်ထားသည်ကို တွေ့မြင်ရသည်။ ဥက္ကလာပမင်းကြီးကောင်းမှု ရွှေတိဂုံစေတီတော်ဘုရားသမိုင်းပါ နတ်ကြီးများ ဖြစ်ကြလေသည်။

ဥက္ကလာပမင်းကြီး၏ မြနန်းဘုံစံနန်းတော်နေရာဖြစ်ရာ မင်းကြီးကောင်းမှုအတွက် တိုင်ပင်ရသော နတ်ကြီးလေးပါးကို အမှတ်တရ ပူဇော်ထားခြင်း ဖြစ်လေသည်။


## အရှေ့တောင်ထောင့် အရပ်ဝယ်

မြနန်းဘုံစံ နန်းတော်မုခ်ဦးမှ ပြန်ထွက်လာရာ မုခ်ဝ,လက်ဝဲဘက်တွင် ရောမ ရေချမ်းအိုးကြီးတစ်လုံးနှင့် နှာမောင်းထောင်ထားသည့် ဆင်ဖြူတစ်စီးကို တွေ့ရသည်။ ဆင်ဖြူ၏ ကျောထက်၌ ကျောက်မျက်ရတနာ အပြည့်အမောက်ပါရှိသော သေတ္တာတစ်လုံး တင်ထားသည်။

ကုန်းတော်မြေသို့ လာရောက်ကြည်ညို အားထုတ်ကြသူအပေါင်း ရေနယ်အေး၍ စည်းစိမ်ဥစ္စာရတနာများ တိုးပွားပါစေဟု ဆုတောင်း နိမိတ်ယူ တည်ဆောက်ထားခြင်း ဖြစ်သည်။

ထိုမှ လမ်းမတစ်ဖက် နဂါးနီရေကန်သို့ ရောက်ရှိသည်။ ရေကန်အတွင်း လိပ်၊ ငါး၊ ဖား စသည့် ရေသတ္တဝါ ရုပ်လုံးများနှင့်အတူ ကြာငုံကြာပွင့်များ ရံလျက် အလယ်ဗဟို၌ နဂါးနီရုပ်လုံးကြီး သွန်းလုပ်ထားသည်။

ကန်၏တောင်ဘက် ကုန်းတော်ရှိ



◆ မြကန်သာ



www.burmeseclassic.com

www.burmeseclassic.com

သမီးတော်များစေတီအား ရှိခိုးနေဟန် ဖြစ်သည်။ နဂါးနီတန်ခိုးဖြင့် ပြည်သူ တစ်ရပ်လုံး ကျန်းမာချမ်းသာစွာ သာသနာ့အကျိုး သယ်ပိုးနိုင်ရန် ဓာတ်ပန္နက်ဆင် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။


ကန်၏ အရှေ့တောင်ထောင့် ကုန်းမြေ၌ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်း လိုဏ်ဂူ ရှိသည်။ လိုဏ်ဂူအမိုး၌ ကလပ်ဖြင့် တင်ထားသည့် ပတ္တမြား မျက်ရှင်အား နဂါးနှစ်ကောင် ဝန်းရံစောင့်ရှောက်နေဟန် သွန်းလုပ်ထားသည်။

ကန်၏ အရှေ့မြောက်ထောင့်အရပ်တွင်ကား ပေါ်တော်မူ ပါဒစေတီကို မှန်ချပ်ကြီးဖုံးလျက် ပူဇော်ထားသည်ကို ဖူးမြော်ရသည်။

ရေကန်ပေါင်မှ လမ်းမသို့ ပြန်တက်ကာ အရှေ့မြောက်ဆီသို့ ကွေ့ဝိုက်သွားရာ နေ့ချင်းပြီး စေတီတော်ကို နန်းတော်ဘုရားဆောင် ခေါင်မိုးအထက်၌ တွေ့မြင်ရသည်။ ကွမ်းတောင်အထက်တွင် စေတီငယ်တင်၍ ပူဇော်ထားသည်။


ထိုမှ ရှေ့ဆက်ခဲ့ရာ လမ်းကွေ့ထောင့်ချိုးတွင် အောင်ခြင်းရှစ်ပါး တန်ဆောင်းကို တွေ့ရသည်။ မာရ်နတ်မင်း၊ စိဉ္စမာန၊ နာဠာဂီရိ၊ ဗကဗြဟ္မာ၊ နန္ဒောပနန္ဒနဂါးမင်း၊ အင်္ဂုလိမာလ၊ အာဠာဝကဘီလူး စသည့် အောင်ခြင်းရှစ်ပါး ရုပ်တုများကို စုံလင်စွာ တွေ့မြင်ရသည်။

ရှင်တော်မြတ်ဘုရား၏ မေတ္တာတော်အဟုန်ဖြင့် အောင်တော်မူသော အောင်ခြင်းရှစ်ပါး သရုပ်ဖော်ပုံများ ဖြစ်ကြရာ ဤတွင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုလျက် စီးပွားဥစ္စာ တိုးတက်ရေးမှအစ လောကမျက်နှာစာ အသီးသီး၌ အောင်မြင် ဘေးကင်းရေးအတွက် ဆုတောင်းပြည့်ဝစေသည့် ရုပ်တု၊



◆ ပလ္လင်ပတ်လည်မှ ထူးခြားမှုခြားအချို့

◆ သဏ္ဌာဝတီ နန်းတော်ဟောင်းမုခ်ဦး



ရုပ်ပွားတော်များ ဖြစ်ကြလေသည်။ လက်ရာပြောင်မြောက်၍ အသက်ပါလှသည်။

'ဖေဖေ... ဒီမှာ ကြွက်ကလေး တစ်ကောင်'

'စိဉ္စမာနက ပျဉ်ချပ်တွေ ကြိုးနဲ့ချည်ပြီး ကိုယ်ဝန်ရှိယောင် ဖန်တီးထားတာ၊ နတ်သားက ကြွက်ယောင်ဆောင်ပြီး ကြိုးတွေကို ကိုက်ဖြတ်လို့ အလိမ်ပေါ်သွားတယ်။ ဒါကို ရည်ရွယ်ပြီး သူ့ခြေရင်းမှာ ကြွက်ရုပ်ကလေး လုပ်ထားပေးတယ်လေ'

ထိုမှ အရှေ့ဘက်အစွန်တွင်ကား ဆယ်တောင်ပြည့်စေတီတော် ကိ အောင်းတော်မူသည်။ ဂန္ဓကုဋိတိုက် ခံ၍ ပေါင်းခုံးခံကာ စေတီပေါက်ထ ခြင်း ဖြစ်သည်။ တိုက်မပတ်လည်တွ အာရုံခံတန်ဆောင်း ဝန်းပ တည်ဆောက်ထားသည်။ ဆရာတော် ပြန်လည်ခြ်းမံစဉ် ဥက္ကလာပမင်းကြီး၏ ဝိက္ကဝတီနန်း ဦး အောင်မြေစော်ဖြစ်ကြောင်း ေ



www.burmeseclassic.com

www.burmeseclassic.com




◆ နဂါးနိုင်ကန်တော်ကြီး

ပါဋ္ဌိစာသားထွင်း အုတ်ချပ်ကြီးများ တွေ့ရှိရကာ ပြန်လည် ဌာပနာပြု ပူဇော်ခဲ့သည်ဟု သိရသည်။


ဤစေတီတော် ဌာပနာတိုက် ဟောင်းမှ ရှေးအထောက်အထားများ အရ ဥက္ကလာပပြည့်ရှင်မင်း၏ သက္ကဝတီနန်းမြို့တော်နှင့် အခြားနေရာ ဌာနတို့ကို ရှာဖွေတွေ့ရှိခြင်းဖြင့် မြတ်ဘုရားရှင်၏ ကိုယ်စားတော်စေတီ မြတ် ဖြစ်ရုံမျှမက နှောင်းခေတ်လူသား တို့အတွက် အဖိုးတန် နေရာထူးလည်း ဖြစ်လေသည်။

◆ ကန်လယ်မှ နဂါးနိုင်ရုပ်တု



ဆယ်တောင်ပြည့်စေတီမှ ပြန်လာ ရာလမ်း၏ မြောက်ဘက်ကပ်လျက် တွင် ဒုက္ကရစရိယာတန်ဆောင်းကို တွေ့ရသည်။ အလောင်းတော် သိဒ္ဓတ္ထ မင်းသား တောထွက် ရဟန်းပြု၍ ပဥ္စဝဂ္ဂီငါးဦး အလုပ်အကျွေးပြု၍ တစ်နေ့ လုံးတွင် ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံး မှသည် နှမ်းတစ်စေ့၊ ဆန်တစ်စေ့မျှ သာ ဘုဉ်းပေးရာမှ အာဟာရမှီဝဲခြင်း ကို လုံးဝ ဖြတ်တောက်ကာ ဒုက္ကရ စရိယာ ကျင့်တော်မူရာ ကိုယ်တော် ကြုံလှီ၍ လက္ခဏာတော်ကြီးငယ်တို့ ကွယ်ပျောက်ကုန်သည်။ အာဟာရ နည်းပါးသဖြင့် အာနာပါနစျာန်ကို မဝင် စားနိုင်ဘဲ စင်္ကြံဦးတွင် လဲတော်မူသည်။ (၆)နှစ်တိုင် ကျင့်ကြံပြီးသော် ငြိုငြင် သော ဤအကျင့်ဖြင့် ဘုရားမဖြစ်နိုင် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိတို့လွန် လျှင် ပျက်စီးစေတတ်၏။ သတိသာ လျှင် လွန်သည်မရှိ လိုသည်သာဖြစ်၏။

◆ နဂါးနိုင် ကန်တွင်းမှ ရေသတ္တဝါအချို့



ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# ကျွဲနွားဆေးရောဂါများနှင့်

## မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာ



ငွေသိန်း
(တီ/မွေး/က)

ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ဆေးကုသိပ္ပံတွင် ကျောင်းတက်ခဲ့စဉ်က အနောက်တိုင်း ဆေးပညာတွေကိုပဲ အထင်ကြီး အားကိုးမိပါတယ်။ အထူးသဖြင့် ထိုးဆေးတွေအကြောင်းကိုပဲ ပိုပြီး စိတ်ဝင်စားမိပါတယ်။

တိရစ္ဆာန်ဆေးကုသိပ္ပံရဲ့ သင်ရိုးညွှန်းတမ်းမှာ ပရဆေးပညာဆိုတဲ့ ဘာသာရပ် ပါ,ပါတယ်။ သင်တဲ့ဆရာကြီးကတော့ ဦးဘရှင်ပါ။ ဥပမိရုပ်ကောင်းကောင်း အမြဲတမ်း လည်ကတုံး ရှပ်အင်္ကျီနဲ့ တိုက်ပုံဝတ်ပါတယ်။ ရှေးရှေးတုန်းက မင်းသားကြီး ခင်မောင်ရင်အတိုင်းပါပဲ။ အမြဲတမ်း သပ်သပ်ရပ်ရပ်ပါပဲ။ စကားပြောလဲ ကောင်းတယ်။

ကျွန်တော့်အနေနဲ့တော့ ဆရာကြီးရဲ့ ပရဆေးပညာကို စိတ်ဝင်စားမှုနည်းပါတယ်။ ကျွန်တော်တို့က ဆရာ့ကွယ်ရာမှာ ဗိန္ဒောဆရာကြီးလို့ ခေါ်ကြပါတယ်။ စာမေးပွဲအောင်ဖို့အတွက်တော့ ဆရာ့ရဲ့ ပရဆေးပညာတွေကို ကျက်ရ,မှတ်ရပါတယ်။ ဆရာကြီး အမြဲတမ်း ပြောလေ့ပြောထရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။

'မင်းတို့နယ်ရောက်မှ ငါ့ရဲ့ပရဆေးပညာကို တန်ဖိုးရှိမှန်း သိလိမ့်မယ်'

တဲ့။ ''နေရာတကာ ထိုးဆေးတွေ အားကိုးလို့ မရဘူးတဲ့''။

ဆရာကြီး ပြောခဲ့တဲ့စကားတွေ သိပ်မှန်ပါတယ်။

ကျွန်တော်တို့ ကျောင်းဆင်းတော့ နယ်မြို့တွေက ကျေးရွာတွေမှာ တာဝန် ထမ်းဆောင်ရပါတယ်။ ထိုးဆေးတွေနဲ့ ပတ်သက်လို့ တိရစ္ဆာန်သုံးဆေးဝါးတွေ ဝယ်ယူ ရရှိနိုင်မှုနည်းပါတယ်။ လူတွေသုံးတဲ့ ဆေးတွေကိုပဲ အစားထိုး သုံးစွဲရတာ များပါတယ်။

တိရစ္ဆာန်တွေအတွက် သီးသန့်ဖော်စပ်ထားတဲ့ ထိုးဆေး၊ စားဆေးတွေကလဲ ဈေးကြီးပါတယ်။ အထူးသဖြင့် မြွေဆိပ်ဖြေဆေးတွေဆိုရင် ဈေးပိုကြီးပါတယ်။ တောင်သူတွေ မတတ်နိုင်ကြပါဘူး။ နွားတန်ကြေးထက် မြင့်မားနေတာ တွေ့ရပါတယ်။

အဲဒီအခါတွေမှာ ဆရာဦးဘရှင်ရဲ့ ပရဆေးတွေကို သတိရပါတယ်၊ ဆရာ့ကိုလဲ မြင်ယောင်မိပါတယ်။ တကယ်လက်တွေ့ ဆေးကုတဲ့နေရာမှာ ပရဆေးပညာဟာ တော်တော် အသုံးဝင်ပါတယ်။

ဆရာပြောပြခဲ့တဲ့ ဆေးနည်းတိုတွေကလဲ အသုံးတည့်ပါတယ်။ ကျွဲ,နွားတွေ မြွေအကိုက်ခံရပြီဆိုရင် အထူးသဖြင့် မြွေပွေးအကိုက်ခံရတာ များပါတယ်။ ကျွဲ,နွားကြီးတွေ မြွေအကိုက်ခံရပြီဆိုရင် နေရာဒေသတိုင်းမှာရှိတဲ့ **ပင့်ကူထိပ်ပိတ်ပင်(သို့မဟုတ်) ပန်းသုံးဆင့်ပင်(သို့မဟုတ်)ဖော်ဂျီဦးထုပ်လို့ အရပ်ဒေသလိုက်ပြီးခေါ်တဲ့ အပင်ရဲ့ ပန္နင်းပါးကို ထောင်းပြီး တစ်ခါတိုက်ရင် လက်သီးဆုပ်လောက် ခွံ့ပေးရပါတယ်။**

မနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် သုံးကြိမ် တိုက်ပေးရပါတယ်။ အသီးအပွင့်တွေ များများပါလေ ကောင်းလေပါပဲ။

ဒီဆေးကတော့ ဒီနေ့အထိ ကျွန်တော်ကိုယ်တိုင် ကုသပေးနေတဲ့ ပွဲတွေ့ဆေးနည်းတစ်ခုပါပဲ။

ကျွဲ,နွားတွေမှာ နေရာဒေသမရွေး နှစ်စဉ်ဖြစ်တတ်တဲ့ ရောဂါကတော့ ခွာနာလျှာနာရောဂါပါပဲ။ လျှာပေါ်မှာ ဖြစ်တဲ့ အနာတွေ၊ ပါးစပ်ထဲမှာ ဖြစ်တဲ့ အနာတွေကို ကျောက်ချဉ်ကို ရေနဲ့ဖျော်ပြီး ဆေးပေးတာ အကောင်းဆုံးပါပဲ။ ကျောက်ချဉ် ကွမ်းသီးလုံးခန့်ကို ရေသန့်တစ်ပုလင်းနဲ့ ဖျော်ပြီး ဆေးပေးပါ။ ခွာကအနာတွေကိုတော့ မန်ကျည်းရွက်ပြုတ်ရည်(သို့မဟုတ်) တမာရွက်ပြုတ်ရည်တွေနဲ့ ဆေးပေးတာ အကောင်းဆုံးပါပဲ။ ဆရာဦးဘရှင်ရဲ့ ကျေးဇူးတွေပေါ့။

ကျွဲ,နွားတွေမှာ **အစာအိမ်လေဖောင်းတဲ့ရောဂါ**ကလဲ အဖြစ်များတဲ့ ရောဂါတစ်ခုပါပဲ။ ဆီးဝမ်းတွေ ချုပ်ပြီး ဗိုက်ကြီး ဖောင်းနေတတ်ပါတယ်။ အချိန်မီ မကုသပေးနိုင်ရင် သေသွားနိုင်ပါတယ်။

အကောင်းဆုံး တိုင်းရင်းဆေးကတော့ **တာပင်တိုင်နော်လို့ ခေါ်တဲ့**



www.burmeseclassic.com

www.burmeseclassic.com

ထင်းရှူးဆီ ဟင်းစားဖွန်းကြီး(၃)ဖွန်းကို နှမ်းဆီ သို့မဟုတ် ပဲဆီ(၅၀)ကျပ်သားနဲ့ ရောပြီး တိုက်ပေးရပါတယ်။ ဆေးတိုက်တဲ့အခါ ဖြည်းဖြည်းတိုက်ပေးရပါတယ်။ အဆင်မသင့်ရင် သီးပြီး ချောင်းဆိုးတတ်ပါတယ်။

နောက်တစ်နည်းကတော့ **ဆင်တုံးမနွယ်(၂)ကျပ်သား၊ ဆေးပုလဲ (၂)** ကျပ်သား၊ ဂျင်း(ချင်း)(၅)ကျပ်သား **ကို ရေပုလင်းကြီး (၃)ပုလင်းနဲ့ ရော** ပြီး (၃)ခွက် (၁)ခွက်တင် ကျိုပြီး **တိုက်ပေးရပါတယ်။**

နောက်တစ်နည်းကတော့ **စားဆော်ဒါ(၃)ကျပ်သားကို ဂျင်း(ချင်း)** ပြုတ်ရည် **တစ်ပုလင်းနဲ့ ဖျော်ပြီး တိုက်ပေးရပါတယ်။** ဂျင်း(ချင်း) (၅) ကျပ်သားကို ရေပုလင်းကြီး (၃)ပုလင်း နဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီး စားဆော်ဒါနဲ့ ဖျော်ရမှာဖြစ်ပါတယ်။

ကျွဲ၊ နွားတွေမှာ အခိုင်းပြင်းထန်ရင် ပခုံးပေါက်ဒဏ်ရာ အမြဲဖြစ်တတ်သလို မြင်းလှည်း မြင်းတွေမှာလဲ လည်ခွေနာဆိုတာ ဖြစ်တတ်ပါတယ်။ ဘယ်လို အနာဒဏ်ရာတွေပဲဖြစ်ဖြစ် အကောင်းဆုံးဆေးကတော့ တာပင်တိုင် သို့မဟုတ် ထင်းရှူးဆီဆေးပါပဲ။ ဆေးတစ်ဆကို ဆီဆယ်ဆနဲ့ ရောစပ်ပြီး အနာမှန်သမျှ လိမ်းပေးရင် ပျောက်ကင်းပါတယ်။

ကျွဲ၊ နွားတွေမှာ အကြောင်းအမျိုးမျိုးကြောင့် ချောင်းဆိုးတတ်ပါတယ်။ ကျွဲ၊ နွားတွေ ချောင်းဆိုးရင် **ဖဝက်သာဆေး** ဟာ အကောင်းဆုံးပါပဲ။

ကျွဲ၊ နွားကြီးတွေဆိုရင် **ဖဝက်သာ တစ်ကျပ်သားကို ရေသန့် တစ်ပုလင်း နဲ့ ဖျော်ပြီး တိုက်ပေးရပါတယ်။** မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ်ပေါ့။

ကျွဲ၊ နွားတွေမှာ အကြောင်းအမျိုးမျိုးကြောင့် **ဝမ်းပျက်ဝမ်းလျှော** တတ်ပါတယ်။ အရည်ဝမ်းတွေ မကြာခဏ သွားတတ်ကြပါတယ်။ အကောင်းဆုံး တိုင်းရင်းဆေးကတော့ ကျောင်းသားတွေကို စာသင်တဲ့အခါ အသုံးပြုတဲ့ **မြေဖြူခဲ**ပါပဲ။ ကျွဲ၊ နွားအကြီးတွေဆိုရင် တစ်ကြိမ်ကို မြေဖြူခဲ(၂၅)တောင့်ကို ထမင်းရည် တစ်ပုလင်းနဲ့ဖျော်ပြီး တိုက်ပေးရပါတယ်။ မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် တိုက်ပေးရင် သက်သာ ပျောက်ကင်းပါတယ်။

တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများ လိုအပ်သလို အသုံးပြုနိုင်အောင် တိရစ္ဆာန်မြန်မာ့ဆေးပညာကို ရေးသား ဖော်ပြလိုက်ပါတယ်။

*ကျွဲ၊ နွားကျန်းမာ ပြည်ချမ်းသာ*

**ငွေသိန်း(တီ/မွေး/ကု)**

# သံပရာပင်

## အသီးများအောင်

သံပရာပင်ဟာ စိုက်ပျိုးရေးသမားတွေအတွက် စီးပွားဖြစ်မယ့် အပင်တစ်ပင်ဖြစ်ပါတယ်။

သို့သော်လဲ နည်းစနစ်ကိုမသိက သံပရာပင်သည် သီးသင့်သလောက်မသီးဘဲ ဖြစ်နေတတ်ပါတယ်။ နည်းစနစ်ကိုသိတော့လဲ အသီးတွေ ခူးမကုန်နိုင်အောင် သီးလာပါတယ်။

ဤနည်းစနစ်နဲ့ ပတ်သက်ပြီး တစ်နေ့မှာ ပန်းတောင်းမြို့နယ်၊ မြို့ကြီး ကျေးရွာက မြို့ကြီးကျောင်းဆရာတော် စာရေးသူကျောင်းကို အလည်ရောက်ရှိလာခိုက် ကျောင်းဝိုင်းအတွင်း လှည့်လည်ကြည့်ရှုပါတယ်။

ထိုစဉ် သံပရာပင်နားအရောက် သံပရာပင်ကို မော်ကြည့်ပြီး အသီးလေးတွေ သေးငယ်ပြီး အသီးနည်းတာကို တွေ့ရှိသောအခါ...

'ကိုယ်တော့်သံပရာပင်တွေ အသီးသေးပြီး အသီးနည်းလှချည်လား'

လို့ ပြောပါတယ်။ ထိုအခါ စာရေးသူက...

'ဒီနေရာက ပုံမှန်လောင်းတာပဲ။ ဒါပေမယ့် အသီးက ကြီးလဲ ကြီးမလာဘူး။ အသီးလဲ နည်းနေတာပဲ'

လို့ ပြောသောအခါမြို့ကြီးဆရာတော်က...

'အသီးကြီးပြီး အသီးများများ သီးအောင် လုပ်ပေးမယ်'

လို့ ညွှန်ပြပါတယ်။



**ညွှန်ပြပုံမှာ...**

'သံပရာပင်ရင်းမှာ တတ်ခဲဟောင်းတွေ များများပုံပြီး ရေပုံမှန်လောင်းပေးရင် ကိုယ်တော်ရေ သံပရာသီးတွေ အလုံးကြီးပြီး အသီးတွေ ခူးမကုန်နိုင်အောင် သီးလာပါလိမ့်မယ်။ လက်တွေ့လုပ်ကြည့်ပါ။ တပည့်တော်ကိုယ်တိုင် လက်တွေ့ ဖြစ်ပါတယ်။ ဒါကြောင့် ယုံကြည်စိတ်ချစွာ လုပ်ကြည့်ပါ'

လို့ တိုက်တွန်းပါတယ်ဟု မိန့်ပါတယ်။

ဆရာတော် တိုက်တွန်းတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ကြည့်ရာ အမှန်တကယ် အပင်မှာ စိမ်းစိုလန်းဆန်း သန်မာထွားကျိုင်း အသီးတွေလဲကြီး များများလဲသီးလာပြီး ခူးလို့မကုန်အောင်ပါဘဲ။

စီးပွားဖြစ် စိုက်ပျိုးသူများ ဤနည်းစနစ်ကို လက်တွေ့စမ်းသပ်ပြီး အောင်မြင်ဖြစ်ထွန်းကာ စီးပွားဥစ္စာတွေ တိုးတက်ကြပါစေလို့ စေတနာမေတ္တာအရင်းခံလျက် ရေးသားတင်ပြလိုက်ပါတယ်။

ဤဆောင်းပါးဖြင့် နည်းစနစ်ကို ပြောပြပေးသော **ပန်းတောင်းမြို့နယ်၊ မြို့ကြီးကျေးရွာမှ မြို့ကြီးဆရာတော်အား** မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါတယ်။

**ဦးပညာလင်္ကာရ**
**(ပန်းတောင်း)**
**ကျွဲရဲကျောင်းဆရာတော်**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နာ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အပြေကျော်လေဆေးလျက်ဆား



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး** ၀၅၁၁ ၄၀၀၉၀၅၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ခွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀၅၁၁ ၄၀၀၉၀၅၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊ အစပ်၊ အချဉ်၊ အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြွေကျက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်ဖေးဖေးမွှေ၏

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၅၁၂ ၄၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၅၁၁ ၄၀၀၉၀၅၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာစားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဦးဆန်းဇော်၏

**သမားအို** အမှတ်တံဆိပ် **အပြေကျော်လေဆေးလျက်ဆား** ၀၅၁၁ ၄၀၀၉၀၅၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

### သမားအိုဆေးတိုက်

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



▲ မင်းကျောင်းစေတီများ

စင်သိုက်

# ပေါင်လောင်ရှင်ကဿပမှစေတီ

ကောင်းမှုစေတီများ ပူဇော်မှုခရီး

ယခင်လမှအဆက်

**ဒိုလ်ဝင်စောင် မြင်းဝန်ရွာ၊ မင်းစုရွာ မင်းဝန်ဘုရား (၂)**

မင်းဝန်စေတီအား ဆုတောင်းပြည့်
စေတီဟုလည်း ခေါ်တွင်၍ ၁၃၅၂
ခုနှစ်တွင် ပြန်လည်ပြုပြင်စဉ်က မျက်စိ
အေးအေးဖြစ်စေရန် ငှက်ပျောပင်များ
စိုက်ပျိုးခဲ့ရာ နှစ်ချင်းပင် သီးပွင့်ရင့်မှည့်
သည့်ကို စားသုံးကြရသည် ဆို၏။ ဖီးကြမ်း
ငှက်ပျောမျိုး ဖြစ်သည်။

ငှက်ပျောပင်တို့မှာ ပင်ပွား၊ ပင်တက်အား မြေချစိုက်ပျိုးသောအခါ တစ်နှစ်ခန့်အကြာတွင် အနည်းအကျဉ်း သီးပွင့်၍ (အပွင့်ကစားသည်ဟု ဆိုကြ၏။) နောက်ပိုင်းမှသာ ကောင်းစွာ သီးပွင့်ရင့်မှည့်လေ့ ရှိကြသည်။

မင်းဝန်စေတီအနီး စိုက်ပျိုးသော ငှက်ပျောပင်များမှာမူ နှစ်ချင်းပင် သီးပွင့်ရင့်မှည့်ကြခြင်းမှာ တောကျောင်း အဆောက်အအုံများ ပြိုပျက်၍ ထိန်းသိမ်းမှု ကင်းမဲ့ယိုယွင်းနေသည့် စေတီတော်အသစ် ပွင့်ထွန်းမှုအတွက် သမ္မာဒေဝနှင့် ဘုမ္မစိုးနတ်တို့ ကူညီမိုင်းမခြင်း ပေလောဟု တွေးတော ဝမ်းမြောက်ကြရသည်ဟု ဆိုကြလေသည်။

## ရွှေမုဋ္ဌောစေတီ

ထို့နောက်တွင် ရေဝန်းကျောင်း၊ ကုန်းကျောင်းနေရာဟောင်းနှင့် လေးဆူတန်းစေတီများအား လိုက်လံကြည့်ရှုလေ့လာပြီးနောက် စေတီမွမ်းမံထိန်းသိမ်းရေးဂေါပက ဥက္ကဋ္ဌနှင့်အတူ မင်းစုရွာ ရွှေမုဋ္ဌောစေတီသို့ သွားရောက်ဖူးမြော်ကြသည်။






www.burmeseclassic.com

www.burmeseclassic.com



◆ အသစ်မွမ်းမံထားသော မင်းဝန်စေတီ

◆ စေတီတံတိုင်းအနီးမှ နှစ်ချင်းသီး ငှက်ပျောပင်များ



ရွာသို့သွားရာ မြေလမ်းတစ်လျှောက် နှစ်ရှည် မန်ကျည်းပင်ကြီးများကို စီတန်း ဖူးတွေ့ရသည်။ မန်ကျည်းပင်တန်း၏ မြောက်ဘက်တွင် လှည်းလမ်းထိုမှ မြောက်ဘက်မှ မင်းတက်လမ်းဟု ခေါ်ကြသော ရှေးအုတ်ပြားကြီးများဖြင့် ပြုလုပ်ထားသည့် အုတ်လမ်းရှိခဲ့သည်။

ယခုအခါ ယာလုပ်သူများ တူးဖျက်ထွန်ယက်ကြသဖြင့် ထိုအုတ်လမ်းမှာ ပျက်စီးသွားကာ အုတ်ချပ် အကြွင်းအကျန်တချို့သာ မြင်နိုင်တော့သည်ဆို၏။ ပျောက်ပျက်သွားပြီဖြစ်သော မင်းတက်လမ်းသည် လွန်ခဲ့သော နှစ်လေးဆယ်ခန့်က အကောင်းပကတိရှိ၍ ဗိုလ်ဝင်တောင်သို့ ပေါက်ရောက်သည်ဟု သိရသည်။

တစ်ချိန်က တည်ရှိခဲ့သည့် မြင်းဝန်ရွာနှင့် မင်းတက်လမ်းတို့သည် ဆက်စပ်ပတ်သက်ကာ ရှေးဘုရင်များခေတ်သမိုင်းဖြစ်စဉ်တစ်ရပ်ကို ဖော်ပြနိုင်ကောင်းပေသည်။

မင်းစုရွာဦးသို့ ရောက်သောအခါ သီရိဓမ္မာသောကမင်း၏ ရွှေမုဋ္ဌော

www.burmeseclassic.com



ဈေးလက်ရာပွတ်စေတီနှင့် လိုဏ်ပါစေတီ



ပြိုပျက်နေသော ဈေးလက်ရာစေတီတစ်ဆူ

စေတီကို ဖူးတွေ့ရသည်။ နရပတိစည်သူမင်းက ဆုတောင်း အဓိဋ္ဌာန်ပြည့်ဝသဖြင့် မူလစေတီအား ငုံ၍ ဉာဏ်တော် တိုးမြှင့်မွမ်းမံခဲ့သည်။

ယင်းနောက် ကာလကြာ ပြိုပျက်လေရာ ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်းကြီးက ထပ်မံ မွမ်းမံကာ ကိုးကွယ်တော်မူသည်။ ထိုမှ ၁၂၇၂ ခုနှစ်တွင် ထပ်၍ ပြုပြင်ကြောင်း အရှေ့ဘက်ပစ္စယံတွင် ကမ္ပည်းစာတမ်း ရေးထွင်းထား၏။


အဆိုပါ စေတီသည် နှစ်တစ်ရာခန့် အကြာတွင် ကွဲအက်ယိုယွင်းပြန်ရာ ၁၃၇၂ ခုနှစ်၌ မင်းဝန်စေတီ မွမ်းမံမှုနှင့် တစ်ပြိုင်တည်း ထပ်မံ ပြင်ဆင်ပူဇော်ခဲ့ကြလေသည်။

ထို့ကြောင့် ရင်ပြင်တော်တွင် တောင်မြောက်စီတန်း ပူဇော်ထားသော အခြားစေတီငယ်များမှာ ပုဂံခေတ်လက်ရာ ပွတ်စေတီ(ခေါ်) ပစ္စယံအဝိုင်းပုံစံစေတီ၊ ကုန်းဘောင်ခေတ်လက်ရာ ဖရုံမြှောင့်စေတီ စသည်တို့ ဟန်တော်စုံလင်စွာ ဖူးတွေ့ရသည်။ ခေတ်သုံးခေတ် မွမ်းမံပူဇော်မှု ပြယုဂ်လက်ရာ ဟန်ပန်များ ဖြစ်ကြသည်။

## ဆုတောင်းပြည့် ရုပ်ပွားတော်

နရပတိစည်သူမင်းသည် မုဋ္ဌောစေတီကို ငုံ၍ ဉာဏ်တော်အမြင့် တိုးမြှင့်ပူဇော်ရာ၌ အရှေ့လှည့်မုခ်လိုဏ်နှင့် တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားခဲ့သည်။

မင်းသားကိုယ်တိုင် ဘုရင်အဖြစ်ကို ရည်စူးအဓိဋ္ဌာန်ပြုရာ၌ အဓိဋ္ဌာန်



အသစ်ပေါက်လာသော ပေပင်တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင် ဆုတောင်းပြည့်ဝခဲ့သည် ဖြစ်၍ တည်ထားကိုးကွယ်သော ရုပ်ပွားတော်ဖြစ်ခြင်းကြောင့် မိမိတို့ လိုအင်ဆန္ဒများအတွက် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပါက ပြည့်စေ,အောင်စေသည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် စေတီလိုဏ်အတွင်း ဝင်ရောက် ကြည်ညိုရာ ရှေးလက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်။

မူလလက်ရာမှာ ပုဂံခေတ်လက်ရာဖြစ်သော်လည်း နှောင်းခေတ်ဟန်များ ရောယှက်နေသည်ကို မြင်ရသဖြင့် လေ့လာကြည့်ရာ စမ္မခဏ်၌ ၁၃၆၆ ခုနှစ်တွင် ဂေါပကအဖွဲ့မှ အများကောင်းမှုဖြင့် . ပြုပြင်မွမ်းမံကြောင်း စာတမ်းကို တွေ့ရလေသည်။

လိုဏ်မုခ်အဝင်နံရံတွင် သုံးကြိမ်တိုင် ချဲ့ထွင်မွမ်းမံမှု အထောက်အထားအဖြစ် မုခ်တံတိုင်းသုံးထပ်ကို အကန့်လိုက် တွေ့ရသည်။

ရုပ်ပွားတော်အား ရှိခိုးဖူးမြော်ပြီးနောက် ဆုတောင်းပြည့်ဝခြင်း အကြောင်းကို စေ့ငုကြည့်သည်။ တည်ရာဌာန အမည် "မင်းစု" မှာ "စိန်ပန်း" မိတ်ဖြစ်၍ ဂြိုဟ်သက်(၂)ရပ်ပေါင်း ၃၈+၅တေး=၈+၁၉=၂၇ နဝင်းကိန်းဆောင်၏။

ပုဂံပြည့်ရှင်မင်းအဖြစ် ရရှိခြင်း ဖျူပွတ်နိမိတ်ကောင်းကို ဂဏ်တဗလ အင်အား ပေါင်းစည်းထားခြင်း ဖြစ်သည်။ မူလဘွဲ့မည် မုဒ္ဒောပညတ်အရလည်း လွတ်မြောက်ခြင်း အနက်ရသဖြင့် အခက်အခဲ၊ အကျပ်အတည်းဘေးရန်များမှ ကင်းလွတ် ထွက်မြောက်ခြင်း နိမိတ်ဆောင်၏။

ပြည့်စုံ ကောင်းမွန်လှသော်လည်း "မင်းစု" အမည်ပညတ်မှာ ကြာသပတေးဂြိုဟ်အား ဆပွတ်အင်္ဂါဂြိုဟ်က အဆုံးသတ်ထား၏။ **"သူ့ကိုနိုင်လို ဆကိုနိ"** ဆိုရိုးရှိရာ အနိုင်ခံ ကြာသပတေးကို အားဖြည့်ပေးခြင်း သို့မဟုတ် မင်းစု၊ ကြာသပတေးအင်္ဂါ ဂြိုဟ်တွဲကို ကက်ကင်းလှန်ခြင်းဖြင့် ထောက်ပံ့သင့်သည်။

ကြာသပတေးဂြိုဟ် အားဖြည့်ရန် ပြောင်း၊ သဲ၊ ပေ စသည် ကပ်လှူ အဆောင်ပြုနိုင်၍ ကက်ကင်းလှန်ရာ၌ **စံပယ်၊ စိန်ပန်း၊ ဖွန်းပန်းကာဝ်** လှူနိုင်သည်။ **"ဆန်ပြုတ်"** ဆွမ်းတင် လှူနိုင်သည်။ **"ဆီမီး"** ပူဇော်နိုင်သည်။

ထိုသို့ တွေးတောမိသောအခါ မင်းဝန်ဘုရားမှ တာဝန်ခံ ဦးပဉ္စင်းကြီး မိန့်တော်မူသည်များကို သတိရမိသည်။ မင်းအဆက်ဆက် တောကျောင်းများစွာ တည်ရှိခဲ့သော ဤနေရာတွင် ပရိယတ္တိသာသနာအထောက်အပံ့ဖြစ်စေခြင်းငှာ ပေပင်များလည်း ကောင်းစွာ ရှင်သန်ပေါက်ရောက်ခဲ့ကြသည်။

သီပေါမင်း ပါတော်မူပြီးနောက်



▲ ရေဝန်းကျောင်းစေတီများ

▼ ကုန်းကျောင်းစေတီများ






www.burmeseclassic.com

www.burmeseclassic.com



▲ ထည်ဝါလှသော အရိုက္ခစေတီတစ်ဆူ

▼ လမ်းလယ် မန်ကျည်းပင်ဓာန်း



တောကျောင်းများလည်း ဆုတ်ယုတ်ပျောက်ပျက်သွားရာ ပေပင်တို့လည်း သီးပွင့် သေဆုံးကုန်ကြလေသည်။

'မင်းဝန်စေတီတော် ပွင့်ထွန်းမည့် နိမိတ်ဖြစ်ပုံရတယ်။ ဒီနှစ်ပိုင်းတွေမှာမှ ပေပင်ကလေးတွေ ပြန်ပေါက် ရှင်သန်လာကြတယ်။ ပေပင်ဆိုတာ စိုက်တိုင်း ပေါက်တာ မဟုတ်ဘူး။

ပုဂံဘုရင် အနော်ရထာက ပြက္ခရွှေတောင်ခြေမှာ "ဤပြည်၌ ငါ မင်းတစ်ကြိမ် ဖြစ်လေမှ ပေါက်စေသောဝ်"လို့ အဓိဋ္ဌာန်ပြု စိုက်ခဲ့တဲ့ ပေပင်ဟာ ကျွန်ုပ်မင်းလက်ထက်မှ ပေါက်လာတယ်လို့ ရာဇဝင်အဆိုရှိပါတယ်'

ထို့ကြောင့် စေတီပြန်လည် ပွင့်ထွန်းမှုနိမိတ်လည်းဖြစ်၍ စာပေပညာ၏ ပြယုဂ်လည်းဖြစ်သော ပေပင်မှ အညွန့်အရွက် အနည်းငယ်ကို ဤ ပူဇော်မှု ခရီးအထိမ်းအမှတ် အဆောင်ပြု ယူသွားရန် တေးမှတ်ထားခဲ့လေသည်။

## သတိပြုဖွယ်

မင်းစုရွာ မုဋ္ဌောစေတီမှ ဆုတောင်းပြည့်ရုပ်ပွားတော်ထံတွင် သစ္စာပြုအဓိဋ္ဌာန်ကာ လိုရာဆုပန်ရာ၌ "ဥစ္စာကံပေး မရသေးလျှင် နှောင့်နှေးဖျာပါ မရှိရာ" ဟု သတိပေးသော တန်ဆာဆင်မှုတစ်ခုကို တွေ့ရှိရသည်။

တင်ပျဉ်ခွေအတွင်း လက်ဝဲလက်တော်အောက်၌ မြွေတစ်ကောင် အစာဟပ်နေပုံ ဖြစ်တည်နေခြင်းဖြစ်သည်။

မြွေအစာအန်သည်ဟုလည်း ယူဆနိုင်သည့် ဤဖြစ်တည်မှုကို သွန်းလုပ်သူ ဗိသုကာက မည်သို့ ရည်ရွယ်ပြုလုပ်ကြောင်း မသိရသော်လည်း စေတီမူလဒါယကာ သီရိဓမ္မသောကမင်း၏ ဖြစ်စဉ်နှင့် တိုက်ဆိုင်စွာ ဆက်စပ်နေပေသည်။

စေတီပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းပူဇော်ခြင်း၊ တတိယ သံဂါယနာတင်ခြင်း စသည် ဗုဒ္ဓသာသနာတော်တွင်း အတုမရှိသော ဒါနရှင်ဖြစ်သည့် သီရိဓမ္မာသောကမင်းသည် သေခါနီး အောက်မေ့ပြုစု အားထုတ်မိသော အာသန္နကံအကျိုးပေးကြောင့် သေလွန်သောအခါ စပါးကြီးမြွေ ဖြစ်လာလေသည်။

မင်းကြီးသေခါနီးတွင် မည်သည့် လှူဒါန်းစရာမှ မရှိတော့သဖြင့် နောက်ဆုံးတတ်စာ သျှိသျှားသီးကို ယူလျက်...

'ကုက္ကုဋာရုံကျောင်း သံဃာတော်များကို ကပ်လှူပါ။ ဤမျှသာ ဖြစ်ခဲ့ဖူးသော သီရိဓမ္မာသောကမင်းတရားကြီးသည် ယခုအခါ တန်ခိုးအာဏာနှင့် ဘုရင်ဘဝတွင် လျှော့ကျ၍ ခိုကိုးရာမဲ့ဘဝသို့ ရောက်နေပြီဖြစ်ကြောင်း လျှောက်ကြားလိုက်ပါ'

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်

www.burmeseclassic.com

# အကြော နှင့် ဆရေ

ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု

ဦးလှသိမ်း (တံတားဦး၊ အင်းဝ)
အကြောပညာရှင်

## အိပ်လို့မရ၊ ညောင်းညာကိုက်ခဲ၊ ဒူလာညောင်းကိုက် ရောဂါဖြစ်သော်

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း (၈၂)လမ်း×(၈၃)လမ်းကြား၊ ဆေးခန်းဖွင့်လျက်ရှိရာ အသက်(၆၀)ခန့် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး...

'ဆရာ ကျွန်တော် ခြေလက် မသယ်ချင်၊ တစ်ကိုယ်လုံး ကိုက်ခဲနေလို့ ဆရာ့ထံ လာရောက်ပြသရပါတယ် ဆရာ'

လို့ပြောသဖြင့် ကျွန်တော်မှ အဲဒီဝေဒနာရှင်အား (၁)နာရီခန့် အကြောများ ပြုပြင်ပေးပါတယ်။ ထို့နောက် ယင်းဝေဒနာရှင်နဲ့ စကားပြောဖြစ်ကြပါတယ်။

ထိုဝေဒနာရှင်မှ...

'ဆရာ ကျွန်တော် ညမှာ အိပ်လို့မရဘူး၊ လမ်းသွားရင်လဲ ညောင်းတယ်၊ ထိုင်နေရင်လဲ ညောင်းတယ်။ ကျွန်တော့်ဘဝ ဆုံးပြီထင်ပါတယ်'

လို့ ပြောသဖြင့် ကျွန်တော်မှ...

'ခင်ဗျားဘဝ မဆုံးပါဘူး။ အခုလို အကြောပြင်ပေးရင် အလွန်ဆုံး (၁၅) ရက်ပါပဲ'


လို့ ပြောပြီး သူ့ကို ပြန်လွှတ်လိုက်ပါတယ်။

ဝေဒနာရှင်ကလဲ နောက်ထပ်(၃) ရက်ခြားတစ်ကြိမ် (၅)ခါပြုပြင်ပြီး ကျွန်တော်မှ...

'ခင်ဗျားရောဂါ ဘယ်လိုနေသေးသလဲ၊ ခင်ဗျားဘဝဆုံးပြီလား'

လို့ မေးတော့ ဝေဒနာရှင်မှ...

'ကျွန်တော့်ဘဝ မဆုံးပါဘူး၊ ညလဲ အိပ်လို့ရတယ်။ လမ်းသွားရင် လဲ တစ်ကိုယ်လုံး ကိုက်ခဲခြင်း ဝေဒနာ မဖြစ်တော့ဘူး၊ ညောင်းလဲ သိပ်မညောင်းတော့ပါ။ ဆရာကို အထူးကျေးဇူးတင်တာပဲ'




၁။ ပါဒရက်ဗဟိုကြောကြီး
၂။ ပထဝီကြောသွယ်လေး
၃။ ပထဝီအစကြော

လို့ ပြောပြီး ထိုင်၍ကန်တော့ပါတယ်။

ဝေဒနာရှင် ကန်တော့တဲ့ အချိန်တွင် မြင်းခြံမြို့မှ ကျွန်တော့်ရဲ့ မိတ်ဆွေ "ကိုမြေ့မြင့်"ရောက်ရှိလာပြီး ဝေဒနာရှင်အား 'ဘာဖြစ်တာလဲ'မေးတော့ 'ကျွန်တော် တစ်ကိုယ်လုံး ကိုက်ခဲပြီး လမ်းသွားရင်လဲ မသွားချင်၊ မလာချင်ဖြစ်နေလို့ ဆရာ့ထံလာပြီး ဆေးကုရကြောင်း' ပြောသဖြင့် ကိုမြေ့မြင့်မှ ကျွန်တော်အား...

'ဆရာ ဘာရောဂါလဲ'

လို့ မေးသဖြင့်...

'အခုဖြစ်တဲ့ ဝေဒနာရှင်က **ဒူလာညောင်းကိုက်**ရောဂါပဲ'

'ဒူလာရောဂါ ဖြစ်ရတဲ့အကြောင်းများကိုလဲ ကျွန်တော်တို့ ဗဟုသုတရအောင် ဆရာမှ ရှင်းပြပေးပါဦး'

လို့ပြောသဖြင့် ကျွန်တော်မှ ဒူလာဖြစ်ခြင်းအကြောင်းတရားများကို ရှင်းပြပေးပါတယ်။

အချိန်ကြာမြင့်စွာ ထိုင်၍နေခြင်း၊ အချိန်ကြာမြင့်စွာ အိပ်၍နေခြင်း၊ ပင်ပန်းခံခြင်း၊ မေထုံလွန်ကဲခြင်း၊ နေပူခံခြင်း၊ အရက်သောက်ခြင်း၊ ရေအေးအေးသောက်ခြင်း၊ နို့ဝမ်း၊ သိုးသားခိုသော အစာအဟာရတို့ကို လွန်ကဲစွာ စားသောက်ခြင်း၊ သလိပ်ကိုဖြစ်စေတတ်သော၊ ဆန့်ကျင်ဘက်ဖြစ်သော ပူသော၊ ချဉ်သော၊ ခါးသော အစာအဟာရတို့ကို အလွန်အကျွံ စားသောက် သုံးဆောင်ခြင်းကြောင့် ဒူလာရောဂါဖြစ်တယ်။

'ကိုမြေ့မြင့် အခုတော့ အချိန်သိပ်မရှိဘူးဗျာ။ ဒူလာရောဂါဖြစ်ခြင်း အကြောင်းတရားတွေကို အတိုချုပ်ပဲ မှတ်ထားပါ။ နောက်တစ်ခေါက် အချိန်ရ

စာမျက်နှာ (၁၂၀) သို့



www.burmeseclassic.com

www.burmeseclassic.com

# ကံတက်အောင်

''ခံတက်'' အစီအမံကို ဆောင်

မျိုးတင့်
(ညောင်လေးပင်)



လွန်ခဲ့သော နှစ် (၂၀)ခန့်က စာရေးသူသည် ပညာရေးဝန်ထမ်းဘဝမှ လုပ်သက်(၃၀)နှစ် ရှိသောအခါ၌ အငြိမ်းစားယူခဲ့သည်။ ဇနီးသည်မှာမူ အငြိမ်းစား မယူသေးဘဲ အလယ်တန်းကျောင်းအုပ်ဆရာမကြီးအဖြစ် အခြားသော မြို့တစ်မြို့တွင် တာဝန်ထမ်းဆောင်နေခဲ့လေသည်။

စာရေးသူမှာ အငြိမ်းစားယူပြီးစ ပင်စင်ကလည်းမကျ ဝင်ငွေကလည်း မရှိသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ဝန်ထမ်းဘဝကတည်းက တစ်ဖက်တစ်လမ်းက လုပ်ခဲ့ဖူးသော ရှောက်သီးဆေးပြား ထုတ်လုပ်သော လုပ်ငန်းကလေးကို ပြန်၍ အကောင်အထည် ဖော်ရလေတော့သည်။

ဆင်းရဲပင်ပန်း ကျပ်တည်းစွာ အသက်မွေးဝမ်းကျောင်း ပြုနေရချိန်တွင် ညောင်လေးပင်မြို့၊ မြို့မ (၄) ရပ်ကွက်၊ ပြည်သာယာလမ်းရှိ စာရေးသူ၏အိမ်သို့ ပိတ်ဖြူစင်ကြယ်ဝတ်ထားသော ခေါင်းတုံးပြောင်ပြောင်၊ အသားရောင်မည်းမည်းနှင့် လည်တွင် ပုတီးကြီးကို ဆွဲထားသော အဘိုးသိန်းသည် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာလေသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွှေပေါက်ကျွန်းရွာ စေတော်ဝင် ကျောင်းတော်ကြီးမှ ရောက်လာသော အဘိုးကို စာရေးသူတို့မိသားစုက သိဟောင်းကျွမ်းဟောင်း ဆရာအရှင်တစ်ပါးဖြစ်၍ ရိုသေဝမ်းသာ ကြိုဆိုခဲ့ပါသည်။

(၂)ရက်၊ (၃)ရက်ကြာမျှ စာရေးသူတို့ မိသားစုနှင့် အတူနေလေသည်။ အဘိုးသိန်းကို စာရေးသူတို့ တတ်စွမ်းသမျှ ပြုစုညှော်ခံ ကျွေးမွေးပါသည်။ မိသားစုဆို၍ စာရေးသူနှင့် သားတစ်ယောက်သာအိမ်တွင် ရှိပါသည်။ အဘိုးသိန်းသည် မပြေလည်သော စာရေးသူတို့၏ စီးပွားရေးကို ကောင်းစွာ အကဲခတ်မိပုံရပါသည်။



'လူလေး မင်းမလဲ ကံကောင်းချင်လျက်နဲ့ မပွင့်မလင်း ဖြစ်နေရတာကိုး။ ရတနာသုံးပါးယုံကြည်၊ သီလလဲ မြဲလျက်နဲ့ စီးပွားရေး မကောင်းဘူးဆိုတာ ကံပိတ်နေလို့ကွ'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ အဘိုး'

'အေး ငါ့လူက နှစ်ထပ်တိုက်အိမ်နဲ့ ဘာနဲ့ နေရမှာပေါ့ကွာ၊ အဲဒီတော့မှ အဘိုးကို မမေ့နဲ့ဗျ'

'ဟာ အဘိုးကလဲ၊ ဘယ်မေ့ပါ့မလဲ၊ အိမ်ပေါ်ထပ်မှာ အဘိုးကို တင်ထားမှာပေါ့ဗျာ'

'ဟား... ဟား... ဟတ်... ဟုတ်ပ့ါကွာ၊ ဟုတ်ပ့ါ'

အဘိုးသိန်းသည် သူ၏ ထုံးစံအတိုင်း ဦးခေါင်းကို မိုးပေါ်သို့မော့၍ သူ၏ မည်းနက်သော အသားရောင်ထဲမှ ဖြူဖွေးသော သွားကလေးများ ပေါ်အောင် ရယ်မောပါတော့သည်။ အဘိုးသိန်းသည် ရယ်လိုက်တိုင်း ဘာကြောင့်ရယ်မသိ ''ဟား... ဟား... ဟား...'' ဟု ရယ်မောလေ့မရှိဘဲ ''ဟား... ဟား... ဟတ်...''ဟုသာ ရယ်မောလေ့ ရှိပေသည်။

'အေး...အေး... မင်း ဟိုခံတက်ပင် သိလား'

'သိတာပေ့ါ အဘိုးရဲ့'

'ဒါဆိုရင် ခံတက်သားကို ခဲတံလုံးလောက်အရှည် မင်းလက်နဲ့ တစ်ထွာလောက်တိုင်းပြီး ဖြတ်ခဲ့ပေတော့'

'ဟုတ်ကဲ့ ရှာလိုက်ပါဦးမယ် အဘိုး'

ခံတက်ပင်ကို မိတ်ဆွေ စာရှုသူများ သိကြမည်ဟု ထင်ပါသည်။ ခံတက်ပင်မှ ထွက်သော အရွက်နုများသည် ဆောင်းကာလ နတ်တော်၊ ပြာသိုလများမှစ၍ ထွေးထွေးနုတတ်လေသည်။ ထိုခံတက်ရွက်ကို ချဉ်ဖတ်ထည့်၍ ခံတက်ချဉ်အဖြစ် ငါးပိရည်နှင့် တို့စားကြသည်မှာ မြန်မာ့ထမင်းဝိုင်းဓလေ့ ဖြစ်ပါသည်။

ခံတက်ရွက်သည် ဝမ်းမီးကို တောက်စေ၍ ပူသောသတ္တိရှိသည်။ ခံတက်ရွက် လက်တွင်းတစ်ဆုပ်ကို (၃)ခွက် (၁)ခွက်တင်ကျို၍ သောက်လျှင် ဆီးသွား၊ ဆီးများခြင်း ပျောက်ကင်းကြောင်း ဆေးကျမ်းများအရ သိရပါသည်။

ခံတက်သားကို ရှာ၍ရသောအခါ စာရေးသူက အဘိုးသိန်းလက်သို့အပ်သည်။ မိမိလက်နှင့် တစ်ထွာခန့်တိုင်း ဖြတ်ထားသည့် ခံတက်သားကို ရေမိုး



www.burmeseclassic.com

www.burmeseclassic.com

စင်ကြယ်စွာ ဆေးကြောစေသည်။ ပြီးသော် အဘိုးသိန်းသည် စာရေးသူ၏ သုံးပင်အိမ် နောက်ဖေးမီးဖို အဖီချ ထရံကာ သက်ငယ်မိုး အိမ်ကလေး အတွင်း လှုပ်ရှားပါတော့သည်။

သူ၏ ဆောင်ရွက်ပုံမှာ နောက်ဖေးမီးဖိုဆောင်မှ အိမ်ပေါ်သို့တက်သည့် ဝင်ပေါက်ကြီးအောက်ရှိ အောက်ဆင့်တွင် ခံတက်သားကို (၁)လက်မ သံကလေး (၂)နှစ်ချောင်းနှင့် ရှေ့နောက်ကန့်လန့်ဖြတ်၍ ရိုက်ချလိုက်ခြင်းပင် ဖြစ်သည်။

အဘိုးက...

'လူလေး အိမ်မကြီးပေါ်ကို မီးဖိုဆောင်ကနေ တက်ကြရတယ်။ စားဖိုဆောင်ဆိုတာ အရေးကြီးတယ်ကွ။ ''ဥစ္စာဖြိုးစားဖိုက'' ဆိုတဲ့ ရှေးစကားရှိတယ် မဟုတ်လား။

အခု အစီအမံက ဥစ္စာတွေ စားဖိုက မဖြိုးဘဲ ဥစ္စာပိုလာစေတဲ့ နည်းပေါ့ကွာ။ စားဖိုကနေပြီးတော့ **ခံတက်သားကို ကံတက်အောင်**လို့ ခေါ်ဆင်လိုက်တာပဲ။ ဒီအချိန်ကစပြီး လူလေးတို့မိသားစု ကံတက်လာပြီလို့ ယုံကြည်ထားလိုက်ပေတော့'

'ဟုတ်ကဲ့အဘိုး'

* * *

ဤသို့ဖြင့် (၂)နှစ်ခန့် ကြာလေသော် စာရေးသူတို့မိသားစုသည် ပြည်သာယာလမ်းအိမ်၌ နေစဉ်ပင် မမျှော်လင့်ဘဲ လုပ်ငန်းကိုင်ငန်းများ အဆင်ပြေ တိုးတက်လာခဲ့ပါသည်။ ညောင်လေးပင်မြို့ပေါ်၌ (၂)ထပ်တိုက်အိမ်တစ်လုံးကို ဝယ်ယူနိုင်ခဲ့ပါသည်။

ထိုဖြစ်ရပ်မှာ မိမိကိုယ်တိုင် ကြုံတွေ့ခဲ့ရသော တကယ့်ကိုယ်တွေ့ဖြစ်ရပ်ဖြစ်ပါသည်။ (ဤနေရာတွင် အဘိုးသိန်း၏ ခံတက်သား အစီအမံကြောင့်ဟူ၍ တထစ်ချ ယူဆမည်ဆိုလျှင် တစ်ဖက်စောင်းနင်း ဆုပ်ကိုင်လက်ခံသူ ဖြစ်သွားနိုင်ပါသည်။)

စာရေးသူ၏ အယူအဆမှာ အလုပ်ကိုလည်း ကြိုးစား လုံ့လနှင့် မှန်မှန်ကန်ကန်လုပ်ရသည်။ ရတနာသုံးပါးကိုလည်း မမေ့မလျော့ သက်ဝင်ယုံကြည်ရသည်။ လိုအပ်သော ပညာရှိသူတော်ကောင်းကြီးတို့၏ မှန်ကန်သော အစီအမံများကိုလည်း လက်ခံယုံကြည်လိုက်နာကျင့်သုံးရသည်ဟူ၍ ဖြစ်ပါသည်။

အဘိုးသိန်းသည် စာရေးသူတို့ အိမ်မဝယ်မီပင် သက်တော်(၇၅)နှစ်အရွယ်၌ ကျင့်စဉ်စခန်း ပြီးမြောက်ခဲ့သည်ဟု ဆိုပါသည်။ အဘိုးသိန်း၏ အစီအမံကို ယုံကြည်သူများ အသုံးချနိုင်ပါသည်။ ယုံလျှင် ကြည်သည်။

'ကြည်သည်' ဆိုသည်မှာ ကြည်လင်သော သဒ္ဓါတရားဖြစ်သည်။ သဒ္ဓါတရားဆိုသည်မှာ အခြားမဟုတ်ပါ။ ရတနာသုံးပါး၌ အလေးအနက်ယုံကြည်ခြင်း၊ မြတ်ဗုဒ္ဓဟောကြားသည့် ကမ္မဿကတာဉာဏ်တည်း ဟူသော တူသော စေတနာကြောင့် တူသော အကျိုး ပေးသည်ဆိုသော ကံကို ယုံကြည်ခြင်း၊ တမလွန်နှင့် သံသရာသဘောကို ယုံကြည်ခြင်းတို့ပင် ဖြစ်သည်။

ကံကောင်း၊ စေတနာကောင်းဖြင့် **'ခံတက်သား'**အစီအမံကို ယုံကြည်လက်ခံနိုင်သူများ ပြုလုပ်ကြပြီး ကြီးပွားတိုးတက်ကြပါစေကြောင်း စေတနာကောင်းနှင့် တင်ပြပါသည်။

*မေတ္တာရည်လျက်...*

*မျိုးတင့် (ညောင်လေးပင်)*

စာမျက်နှာ (၁၁၈)မှ အဆက်

ရင် လေ၊ သည်းခြေ၊ သလိပ်တို့ရဲ့ အကြောင်း ဒူလာရောဂါများကို ကျွန်တော် ရှင်းပြပါမယ်။ အခုတော့ ခင်ဗျားသိချင်တဲ့ ဒူလာညောင်းကိုက် နှိပ်ကွက်များကို ကျွန်တော်ပြောပြပါမယ်'

၁။ **ပါဒရက်ဗဟိုကြောကြီး**။ ။ဒူးဆစ်အောက်တွင်ရှိသော ပါဒရက်ဗဟိုကြောကြီးကို ပျော့ပြောင်းလာတဲ့အထိ ပြုပြင်ပေးပါ။ (၁၅)မိနစ်ခန့်။

၂။ **ပထဝီကြောသွယ်လေး**။ ။ယင်းအကြောကိုလဲ ပြုပြင်ပေးရမယ်။ ပထဝီကြောကြီးကိုလဲ ပြုပြင်ပေးရမယ်။ (၁၀)မိနစ်ခန့်စီ။

၃။ **ပထဝီအစကြော**။ ။သလုံးမိုခိုကြော၊ ယင်းအကြောများကို (၁၅) မိနစ်ခန့် ပြုပြင်ပေးရမယ်။

(**မှတ်ချက်**။ ။ ပါဒရက်ဗဟိုကြောကြီးကို နှိပ်သောအခါ ဝေဒနာရှင်အား ပက်လက်နေစေ၍ ခြေထောက်ကို အတွင်းသို့ အနည်းငယ်စောင်းပြီး တစ်ထောင်ဖြင့် ငြိမ်သက်စွာ ထောက်ထားရမယ်။)

**ဝေဒနာရှင်များ**။ ။ ယခု အကြောပြင် နှိပ်ကွက်အတိုင်း နှိပ်ရင် ညောင်းခြင်း၊ ကိုက်ခြင်း၊ ထုံခြင်း၊ ကျဉ်ခြင်း၊ လေးခြင်း ဖြစ်စေတတ်သော ဒူလာရောဂါ ပျောက်ကင်းသက်သာမယ်။

ဝါသနာရှင်များ၊ ဝေဒနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတဆင့် အကြောပညာ နှိပ်ကွက်များကို ရုပ်ပုံကားချပ်နဲ့တကွ တင်ပြလိုက်ပါတယ်။

ဦးလှညီမ်း *(တံတားဦး၊ အင်ဂဲ)*

အကြောပညာရှင်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (အပိုင်းတစ်) (၁)




◆ ထွမ်ဦးပုညရှင် စေတီတော်ကြီးအား အောင်မြေနေရာမှ ဖူးမြင်ရ

ကျွန်ုပ်၏ အထက်ပါ ခေါင်းစီးပါ စာမူမှာ ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိမှ ကျွန်ုပ်အား လွန်ခဲ့သော ၂၀၀၉ ခုနှစ်၊ ဇွန်လအတွင်းက ရေးသားဖို့ ခွင့်ပြုခဲ့သောစာမူ ဖြစ်ပါသည်။

ဤဆောင်းပါး ရေးသားနိုင်ရန် ဆရာတော်ကြီးအား အခါခါ တောင်းပန်လျှောက်ထားခဲ့လေရာ ဆရာတော်ကြီးက...

'ဒကာကြီး...အထောက်အထား အမှန်ရှိဖို့က စာအုပ်တွေ ကျမ်းတွေနဲ့ မလုံလောက်သေးဘူး။ ကျုံ့ကြံအားထုတ်မှု ကောင်းထားတဲ့ ပုဂ္ဂိုလ်တွေ၊ သူတော်စင်တွေရဲ့ အဆိုအမိန့်တွေကလဲ အထူးအရေးပါသဗျ။ တချို့ အဆိုအမိန့်တွေက စာပေကျမ်းဂန်မှာမရှိတဲ့အတွက် ထောက်ပြလာခဲ့ရင် ဖြေကြားဖို့ ဒကာကြီးမှာ အခက်အခဲ ဖြစ်လာနိုင်တယ်' ဟု သတိပေးခံခဲ့ရလေ၏။

ဆရာတော်ကြီးသည် ကျွန်ုပ်၏ စာမူကြမ်းပါ စေတီတော်များ၏ မှတ်တမ်းများကို (၃)ကြိမ်တိုင်တိုင် ဖတ်ရှုပြီး၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း များများ ပြုလုပ်ပြီးမှ ခွင့်ပြုလေတော့၏။

ဆရာတော်ကြီး၏ မှာကြား လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာမှတ်သား၍ စေတီတော်များအားလုံးသို့ သွားရောက် လေ့လာခြင်း၊ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးခြင်း၊ စေတီတော်များ၏ သမိုင်းအမှတ်အသားများကို ဖတ်ရှုခြင်း၊ ဂေါပကများ၏ အဆိုအမိန့်များကို ခံယူခြင်း၊ ကျမ်းဂန်များနှင့် တိုက်ဆိုင်ကြည့်ရှု၍ ရေးသားလိုက်ရပါ၏။

ဆရာတော်ကြီး၏ မူလရည်ရွယ်ချက်မှာ...

၁။ စစ်ကိုင်းမြို့တစ်ခွင်သို့ ဘုရားဖူး ရောက်ရှိလာပါက ဘုရားသမိုင်း





www.burmeseclassic.com

www.burmeseclassic.com





▲ လက်ပွားရှင် ရုပ်ပွားတော်မြတ်
[ဆွမ်းဦးပုညရှင် အရှေ့ဘက်အာရုံခံတွင်
တည်ရှိပါသည်]

◀ အရိယာဝံသ ဆရာတော်ကြီး
အစီအရင်ပြုခဲ့သော ပဋ္ဌလောပာ
ရုပ်ပွားတော် ဆွမ်းဦးပုညရှင်
[အနောက်ဘက် အာရုံခံတွင် ရှိပါသည်]

နှင့်တကွထူးခြားအောင်မြေများ၊ ဘုရားရှိခိုးဂါထာများကို သိရှိနိုင်ရန်လည်း ဖြစ်ပါ၏။

၂။ စစ်ကိုင်းတစ်ခွင်သို့ အဓိဋ္ဌာန်ခရီး လာရောက်ကြသော ဂန္ထာရီပုဂ္ဂိုလ်များ၊ သူတော်စင်များအတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါ၏။

၃။ ဝိဇ္ဇာထူး ပုဂ္ဂိုလ်ထူးများ၊ ထွက်ရပ်ပညာ ရရှိရာ နေရာထူးများကို လမ်းညွှန်ခြင်း ဖြစ်ပါ၏။

၄။ ဝိဇ္ဇာဓရ ပညာခွင်အရ ရောက်ရှိလာကြသော သူတော်ကောင်းများအတွက် နေရာမှန်များ၊ အောင်မြေများ သိရှိနိုင်ရန်အတွက်လည်း ဖြစ်ပါ၏။

၅။ အင်းပညာ၊ ဆေးပညာနှင့် အဂ္ဂိရတ်ပညာ လေ့လာလိုက်စားကြကုန်သော သုတေသီများအတွက် ကနဦး အားထုတ်မှု အောင်မြင်ရန် ရသေ့ရိက္ခာထောက် ဖြစ်စေဖို့လည်း ဖြစ်ပါ၏။

၆။ စေတီတော်များ၏ အစောင့်အရှောက်ပုဂ္ဂိုလ်များကို သိလိုသူများအတွက်သော် လည်းကောင်း၊ အစောင့်ပုဂ္ဂိုလ်များ၏ မေတ္တာခံယူလိုသူများအတွက်လည်း ဖြစ်ပါ၏။

၇။ အဓိကအကြောင်းရင်းမှာ စေတီတော်များ၏ အထူး အောင်မြေ နေရာမှန်များကို သိရှိနိုင်စေဖို့ ဖြစ်ပါ၏။

ကျွန်ုပ်၏စာမူကို ဖတ်ရှုသော စာချစ်သူများ၊ သုတေသီများ၊ ဂန္ထာရီပုဂ္ဂိုလ်များနှင့် ဂမ္ဘီရပညာလိုက်စားသဲ သူတော်ကောင်းများအတွက် တစ်ထောင့်တနေရာ အထောက်အကူရကြလိမ့်မည်ဟု မျှော်လင့်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



◆ ဆွမ်းဦးပုညရှင် လက်ဝဲရှင် ရုပ်ပွားတော်၏ လက်ပွားပုံတော်

[အရှေ့ဘက် အာရုံခံတွင် ရှိပါသည်]



◆ ဆွမ်းဦးပုညရှင် ကိုးထပ်ကြီးရုပ်ပွားတော်

[မြောက်ဘက်အဝင် အာရုံခံတွင် တည်ရှိပါသည်]

ဆွမ်းဦးပုညရှင် စေတီတော်

**နမောတဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
***[၃–ကြိမ်ရွတ်ပါ။]***

မြန်မာရှေး သုပါကာဝှံ၊
ပုညသာမိက စေတီယံ၊
ဝန္ဒေ တ မဂ္ဂ ပိဋ္ဌိတံ။

မြန်မာပြန်

ပုညာမစွေ့န ကာရိတံ၊ **ပုညာမစွေန၊** ပုညအမတ်ကြီး

◆ ဆွမ်းဦးပုညရှင်မှ ရောင်ခြည်တော် ပေါ်ပေါက်ခဲ့သော ခြင်္သေ့ကြီး (ရင်ပြင်တော် ရာဟုထောင့်)






www.burmeseclassic.com

www.burmeseclassic.com




◆ ဆွမ်းဦးပုညရှင်စေတီရှိ ဆံရှည်
ဆရာတော်ကြီး၏ ကောင်းမှု
သက်တော်ရှည်ရုပ်ပွားတော်
[တောင်ဘက် အာရုံခံအတွင်း ရှိပါသည်]



◆ ရှင်မြရှင်လှ ရင်ပြင်တော်တွင် အမှုတော်ခံ
ထားသော ဆံရှည်ကိုယ်တော်ကြီး ဦးကောဏ္ဍညရုပ်တော်

◆ ဆွမ်းဦးပုညရှင်ရှိ အောင်မြေနေရာ [ရင်ပြင်တော် အင်္ဂါထောင့်]



သည်။

**မြန်မာရွှေ၊** ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌။

**သုပါကဋ္ဌံ၊** အလွန်လျှင် ကျော်ကြားတော်မူပါသော။

**အဂ္ဂပိဋ္ဌိကာံ၊** ဝါဆိုလပြည့် ဓမ္မစကြာ မင်္ဂလာအခါတော်နေ့တွင် ဆွမ်းဦး အလှူတော်ကို အများပြည်သူ ကြည်ဖြူစွာ ဆက်ကပ် လှူဒါန်းနိုင်ကြရန်။

**ယံ ပုညသာမိက စေတီယံ၊** အကြင် ဆွမ်းဦးပုညရှင် ဘွဲ့အမည် ရရှိတော်မူပါသော စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** တည်ထားကိုးကွယ်အပ်လေပြီ။

**တံ၊** ထိုစေတီတော်မြတ်ကြီးကို။

**အဟံ၊** ''အောင်ရွှေမြတ်''ဟု နာမသမုတ် အကျွန်ုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ဝန္ဒေ ဝန္ဒာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်သောနှစ်

ကောဇာသက္ကရာဇ် ၆၄၇ ခုနှစ်။ ယခုဆိုလျှင် နှစ်ပေါင်း (၇၀၀) ရှိလေပြီ။

ဘုရားဒါယကာ

အသခ်ယာစောယွမ်းမင်း၏ သေနာပတိအမတ်ကြီး ဦးပုည။

တည်နေရာ

စစ်ကိုင်းတောင်၏ တောင်ဘက်စွန်း၊ ဖားတောင်(ခေါ်)ဂန္ဓမာဒနတောင်ထိပ်၌ တည်ရှိသော အဦးဆုံး ဖူးမြော်ရသော စေတီတော်ကြီး ဖြစ်လေ၏။

ပွဲတော်ရက်

နှစ်စဉ်နှစ်တိုင်း ဝါဆိုလပြည့်နေ့။

အောင်မြေနေရာ

စေတီတော်ကြီး၏ အဂ္ဂါထောင့် ဆံခွန်တိုင်နေရာ။

အစောင့်အရှောက်

စေတီတော်၏ စနေထောင့်ရှိ သောတာပန်နတ်ကြီး နတ်ကွန်းနှင့် အကွ ရှိပါသည်။

ထူးခြားချက်များ

စစ်ကိုင်းမြို့ ဝါတွင်းဘုရားစဉ်များတွင် ပထမဦးဆုံး ဆွမ်းဦးကပ်လှူရခြင်း…

ဆွမ်းဦးပုညရှင်စေတီသို့ ရောက်လျှင် ရောက်ချင်း ပထမဆုံး ဖူးမြော်ရသော ရုပ်ပွားတော်မြတ်ကြီးမှာ ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ဟု ဘွဲ့အမည်ရရှိခြင်း။

ဆွမ်းဦးပုညရှင်စေတီ၏ အရှေ့ဘက် အာရုံခံအတွင်း စံပယ်တော်မူသော ရုပ်ပွားတော်ကြီးမှာ လက်ချောင်းတော်(၆)ချောင်းပါရှိ၍ "**လက်ပွားရှင် ရုပ်ပွားတော်**"ဟု ဘွဲ့မည်ရရှိပါ၏။



▲ ဆွမ်းဦးပုညရှင်ဘိုးဘိုးကြီး (သောတာပန်ဘိုးဘိုး) [ရင်ပြင်တော် စနေထောင့်]

ဆွမ်းဦးပုညရှင် စေတီတော်၏ တောင်ဘက် အာရုံခံအတွင်း စံပယ်တော်မူသော ရုပ်ပွားတော်(၃)ဆူအနက် အလယ်ဗဟိုမှ ရုပ်ပွားတော်မှာ ကျေးဇူးတော်ရှင် ဆံရှည်ကိုယ်တော်ကြီး အထူးပူဇော်ခဲ့သောကြောင့် "**သက်တော်ရှည် ရုပ်ပွားတော်**"ဟု ဘွဲ့မည်ရှိပါသည်။

ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ အနောက်ဘက်အာရုံခံအတွင်း စံပယ်တော်မူသော ဆင်းတုတော်ကြီးမှာ ရွှေ၊ငွေ၊ကြေး၊သံနှင့် ပြဒါးတို့ဖြင့် စီရင်ထားသော ပဉ္စလောဟာဆင်းတုတော်ကြီး ဖြစ်လေ၏။

စေတီတော်သို့ အဝင်မုခ်ဦးနှင့် ရင်ပြင်တော်၏ အနောက်ဘက်တွင် ဆွမ်းဦးပုညရှင် ရုက္ခစိုးကြီးအား မေတ္တာပို့ ဆုတောင်းနိုင်ကြလေသည်။

ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ အံ့ဖွယ်တော်များကို စေတီတော်၏ ဂေါပကအဖွဲ့မှ လက်ကမ်းစာစောင်များဖြင့် ဖတ်ရှုနိုင်ကြပါသည်။

*ရွှေလ ဆက်ဖတ်ပါရန်*

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင်လာဘ်ရွှင်ဂါထာကို

ကျူးရင့်မည်ဆိုလျှင်



ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်ကို ရောက်လာကတည်းကပင် နှစ်ကူးနှစ်ဦးလည်း မရှာသေး၊ မိုးနှောင်းက မရှာ၊ မိုးဦးဆိုပြီး မျှော်နေရတာက ယနေ့တိုင်အောင် ဖြစ်ပါသည်။

ပထဝီအနေအထားအရ မြန်မာနိုင်ငံ၏ အလယ်ပိုင်း မိုးခေါင်ရေရှားဟု ဆိုသော ရပ်ဝန်း။ ကျွန်ုပ် အသက်(၇၀)က စွန်းလာခဲ့ချိန်အထိ ယခုနှစ်ကဲ့သို့ မိုးခေါင်တာ(၂)ခါလောက်တော့ ကြုံခဲ့ဖူးပါသည်။ ငယ်စဉ်တုန်းက မသိသာသော်လည်း ဇရာက ဆုံးမ,လာတော့ သိနေရပါပြီ။

ပြောချင်က ဥတုနိုပ်စက်ခံရ၍ စာမရေးဖြစ်တာ (၂)လလောက် ကြာခဲ့ပြီ ဖြစ်ပါသည်။ ဒီနေ့မှာတော့ နေမရတော့ပါ။ ကျွန်ုပ် မာရေးရပါတော့မည်။ အကြောင်းက ဖန်လာနေပြီ ဖြစ်ပါသည်။

တပည့် တစ်ယောက်ဖြစ်သူ မောင်စောမြင့်သန်းနှင့် အတူပါလာသူ ဧည့်သည်တစ်ယောက် ထို(၂)ယောက် ကျွန်ုပ်ထံ ရောက်သည်နှင့် ဧည့်သည်နှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးလိုက်ပါသည်။

ဧည့်သည်လူငယ်က ကျွန်ုပ်ကို ပြောပြသည်မှာ...

'ဆရာ့အကြောင်းကို ကိုစောမြင့်သန်းက စုံစုံစေ့စေ့ ပြောပြခဲ့ပါတယ်။ ကျွန်တော့်ဖြစ်စဉ်ကို ကိုစောမြင့်သန်းက ပြောပြပြီးလို့ ကျွန်တော် ထပ်ပြီး မပြောတော့ပါဘူး ဆရာရယ်၊ ဒီနေ့ကာလ အရောင်းအဝယ်ကပါး၊ ရစရာငွေက မဝင်နဲ့မို့၊ အကျပ်အတည်းဖြစ်နေတာမို့ ကျွန်တော့်ဇာတာ စစ်ဆေးပြီး ကူညီပေးပါဦး'

ဟု သူပြောချင်တာနှင့် ဖြစ်ချင်တာတွေကို ပုံအောပြီး ပြောပြပါတော့သည်။

'ကိုသိန်းမြင့်ရေ...ခင်ဗျား ပြောသမျှကြားသိရပါပြီ။ ခင်ဗျားဇာတာကို စစ်ဆေးပြီး ဘဝရှေ့ရေးကို ဟောပေးပါမယ်။ လိုအပ်တာ၊ လုပ်သင့်တာတွေကိုလဲ ပြောပြပေးမှာပါ'

ဟု ပြောလိုက်ပါသည်။

နောက် ပြောစရာများ၊ ရှောင်ရန် ဆောင်ရန်များနှင့် ကျင့်စဉ်တို့ကို ပေ[...] လိုက်ရပါတော့သည်။ ကျွန်ုပ်၏တပည့် မောင်စောမြင့်သန်းနှင့် ရောက်လာသူ ကိုသိန်းမြင့်သည်လည်း ယုန်[...] မုန်လာဥကိုဒေါင် သို့မဟုတ် စိုက်ခင်[...] ကြီးကို အပ်လိုက်သလို လွန်စွာ[...] ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ပြန်သွား[...] ကြပါတော့သည်။

အထက်တွင် အစဖော်ထားခဲ့သည့် စကားစအတိုင်း တပည့်နှင့် ဧည့်သည် လူငယ်တို့ ပြန်သွားကြသော်[...] ကျွန်ုပ်မှာမူ ငုပ်လျှိုးနေသေး[...] ရောဂါများ ညှော်မိခံရ[...]လို တစ်[...] ထိုး စာပိုးထလာ[...]တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းဆိုသလို ကျွန်ုပ်၏ စာဖတ်ပရိသတ်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အကြိုက် စာချစ်သူများအတွက် ကျွန်ုပ် စာရေးရန် တာဝန်ဖြစ်လာခဲ့ပါတော့သည်။

အခွင့်ကြုံတုန်းမှာ ယခုရေးသားမည့် ဂါထာသည် အထက်တွင် ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်နေရသော ညီသည်ကို ပေးလိုက်ပြီး ဖြစ်ပါသည်။ ထိုဂါထာသည် ကျွန်ုပ်လက်ဝယ် ရောက်လာခဲ့ပုံမှာ လွန်ခဲ့သော **၂၀၀၃ ခုနှစ်လောက်**က ဖြစ်မည် ထင်ပါသည်။

ကျွန်ုပ်၏ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နှင့် တပည့်တစ်ယောက်တို့က ကျွန်ုပ် မေတ္တာ+သစ္စာကျင့်စဉ်တွင် ခုနစ်နေ့သား၊ ခုနစ်နေ့သမီးများအတွက် ကူညီပေးနိုင်ရန် ကျိုက်ထီးရိုးထိ အောက်ပြည်အောက်ရွာအနှံ့ တန်ခိုးကြီးဘုရားများ ဘုရားဖူးခရီး(၁၀)ရက်ခရီးအကြာ ထွက်ခဲ့ရာမှ ကျိုက်ထီးရိုးဘုရားအတက်တွင် ကြုံတွေ့ခဲ့ရသော **"ရသေ့"တစ်ပါး**မှ ချီးမြှင့်လိုက်သော ဂါထာဖြစ်ကြောင်း ပြောပြပြီး ကျွန်ုပ်ထံ ပေးခဲ့၍ ရရှိခဲ့သော ငွေရလာဘ်ရွှင် ဂါထာပင် ဖြစ်ပါသည်။

ကျွန်ုပ်မှာ အဆိုပါဂါထာကို ကိုယ်တိုင်ကိုယ်ကျ မလုပ်နိုင်ခဲ့ပါ။ သို့သော် ကျွန်ုပ်၏ မိတ်ဆွေရင်းချာများနှင့် အသည့်တို့ကို ကျင့်ကြစေရန် တိတိကျကျ သမ်းညွှန်ပေးခဲ့ပြီး ဆောင်ရွက်စေခဲ့ပါသည်။

အဓိဋ္ဌာန်ကာလအတွင်းမှာပင် မိမိတို့၏ သီလ၊ သမာဓိအားလျော်စွာ ကျော်လင့်သော၊ မှန်းဆထားခြင်းမရှိသော လာဘ်လာဘနှင့် ငွေကြေးတို့ ရရှိခဲ့သည်ကို ကျင့်ကြံကြသူများမှ အံ့သြဖွယ်ဝမ်းသာဖြင့် သူတို့၏



အတွေ့အကြုံကို ပြောပြခဲ့ကြသဖြင့် လက်တွေ့ပွဲတွေ့ ဂါထာတော်တစ်ပုဒ် ဖြစ်သည်ဟု ဆိုရပါမည်။

ဝိဇ္ဇာဓရ ဂမ္ဘီရသဘောတရားတစ်ခုကို ထပ်ပြီး ရေးသား တင်ပြပါဦးမည်။ ပြီးခဲ့သော(၂)ရက်လောက်ကပင် ကျွန်ုပ်၏တပည့်ဖြစ်သူ ရေဆန်စိုးဝင်း အမည်ရသူ၊ မဟာဂန္ဓာရီလမ်းကို လျှောက်လှမ်းနေသူက ဓမ္မဒါနအဖြစ် ဖြန့်ဝေသည့် စာရွက်စာတမ်းများကို ကျွန်ုပ်ထံ လာရောက် ကန်တော့သွားခဲ့ပြန်ပါသည်။

ထိုဓမ္မဒါနစာရွက်များထဲတွင် ပါဝင်လာသော ဂါထာတစ်ပုဒ်မှာမူ "ငွေဝင်ဂါထာတော်"ဟု ပါရှိခဲ့ပါသည်။ ကျွန်ုပ်သည်လည်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် လောကနယ်ပယ် စီးပွားရေးအတွက် အထောက်အကူဖြစ်စေနိုင်သော အကြောင်းကောင်း ဖြစ်နေ၍ ထိုဂါထာကို ဖတ်ရှုလိုက်ရာတွင် ကျွန်ုပ်သိပြီးထားသော ဂါထာဖြစ်နေပြန်၍ ဝမ်းသာရပါတော့သည်။

အဘယ်ကြောင့်ဆိုလျှင် မဟာဂန္ဓာရီလမ်းပေါ်တွင် လျှောက်လှမ်းနေသော ရေဆန်စိုးဝင်းအမည်ရသူ ကျွန်ုပ်၏ တပည့်သည် တရားသဖြင့် ဝင်သော ငွေကြေးကိုပင် မက်မောခြင်း အလျှင်းမရှိ။ မိမိအိတ်ထဲမှ ငွေကြေးတို့ဖြင့် ခုနစ်ရက်သားသမီးတို့အတွက် မေတ္တာသက်သက်ဖြင့် ကူညီနေသူ ပရဟိတသမားတစ်ယောက် ဖြစ်ပါသည်။

---

ငွေဝင်လာဘ်ရွှင်ဂါထာ

---

တုမှေ စိတ္တံ စ ကာယော စ၊
သဗ္ဗဒေဝ မနုဿာစ သဗ္ဗသတ္တာစ။
သီတံ ဥဒကေ ကုဏ္ဍိတံ၊
ပတ္တံ ဟောတု မေ မေတ္တံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **တုမှေ** | =တုမ်မှေ |
| **စိတ္တံစ** | =စိတ်တံစ |
| **သဗ္ဗဒေဝ** | =သပ်ဗေဒေဝ |
| **မနုဿာစ** | =မနုတ်သာစ |
| **သဗ္ဗသတ္တာစ** | =သပ်ဗသတ်တာစ |
| **ဥဒကေ** | =အုဒကေ |
| **ကုဏ္ဍိတံ** | =အိတ်ဆိတံ |
| **ပတ္တံ** | =ပတ်တံ |
| **မေတ္တံ** | =မစ်တံ |

အနက်

**တုမှေ** –တုမှံ၊ သင်တို့၏။ **စိတ္တံစ**၊ စိတ်သည် လည်းကောင်း။ **ကာယော စ**၊ ကိုယ်သည် လည်းကောင်း။ **သီတံ**၊ ကြည်လင်အေးမြသည်၊ **ဟောတု**၊ ဖြစ်ပါစေသတည်း။ **သဗ္ဗဒေဝ မနုဿာစ** –**သဗ္ဗဒေဝမနုဿာနံစ**၊ အားလုံးသော နတ်လူတို့၏ လည်းကောင်း။ **သဗ္ဗသတ္တာစ–သဗ္ဗသတ္တာနံစ**၊ အားလုံးသော သတ္တဝါတို့၏ လည်းကောင်း။ (ဥပရိ၊ အထက်အပေါ်၌၊) မေ၊ အကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

၏။ **ဥဒကေ၊** ရေ၌ကဲ့သို့။ **သီတံ၊** အေးမြသော။

**ဣစ္ဆိတံ၊** အလိုရှိအပ်သော။ **မေတ္တံ၊** မေတ္တာသည်။ **ပတ္တံ၊** ရောက်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

မူလက ကျွန်ုပ် ထိုဂါထာရခဲ့စဉ်က ပင် မည်သို့မည်ပုံ ဆောင်ရွက်မည်ဟု လမ်းညွှန် မပါရှိခဲ့ပါ။

ကျွန်ုပ်မှ မိတ်ဆွေများနှင့် တပည့်များ၊ ကျွန်ုပ်ထံသို့ ဘဝရှေ့ရေး သိလိုရေးအတွက် လာရောက်မေးကြသူများကိုသာ အကြောင်းတိုက်ဆိုင်မှ ချီးမြှင့်ပေးသော လမ်းညွှန်အပြည့်အစုံတို့ကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

### ငွေဝင်လာဘ်ရွှင်စေကြောင်း ကျင့်စဉ်ကောင်း လမ်းညွှန်

၁။ အနီးကပ်ဆုံး ရက်ရာဇာတွင် ဆောင်ရွက်ပါ (သို့မဟုတ်) မိမိ၏ မွေးနေ့မှ စတင်ပါ။

၂။ **ကျင့်ကြံသော ကာလတွင် ဆောင်ရွက်ရန် နည်းလမ်းများ...**

(က) **ဦးစွာပဏာမ** စတုလောကပါလ နတ်မင်းကြီးများနှင့် ဂြိုဟ်နတ်မင်းကြီးတို့ကို ပင့်ဖိတ်ပါ။

(ခ) မြတ်စွာဘုရားရှင်နှင့် လာဘသိဒ္ဓိတန်ခိုးရှိသော အရှင်သီဝလိရဟန္တာ ကိုယ်တော်မြတ်တို့အား...

❖ **မိမိ၏ မွေးနံပန်း (သို့မဟုတ်) အညွှန့်ပန်း၊**

❖ **နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါ။**

(ဂ) မြတ်စွာဘုရားရှင်အား လည်း



ကောင်း၊ အရှင်သီဝလိရဟန္တာ ကိုယ်တော်မြတ်ကြီးအား လည်းကောင်း မိမိ လိုအင်ဆန္ဒကို ဖွင့်ဟလျှောက်ထားပါရန်။

(ဃ) ဘုရားဖူးခြင်း၊ သီလခံယူခြင်း၊ မေတ္တာသုတ်ရွတ်ဖတ်ခြင်း ပြုလုပ်ပါ။

(င) ဆုတောင်းမေတ္တာ ပို့သပါရန်။

(စ) အောက်ပါအတိုင်း ငွေရလာဘ်ရွှင်ဂါထာတော်ကို (၁၀၈)လုံး ဂုဏ်တော် ပုတီးကုံးဖြင့် ပုတီးစိပ်ရန်။

ပုတီးစိပ်ရာတွင်...

ဂါထာတစ်ပုဒ်ဆုံးအောင် ရွတ်ဖတ်ပြီးမှ ပုတီးစေ့ တစ်လုံးချပြီး ပုတီးတစ်ပတ်စိပ်ပါရန်။

(ဆ) သစ္စာပြု၍ တိုင်တည်ပါ။

'ကျွန်ုပ်သည် ယနေ့ ယခုအချိန်တွင် (......) အမှန်တကယ် ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် (...... ***နေရာတွင် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို ထည့်ပါ။)***

အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့မှ လာဘ်လာဘတို့သည် လည်းကောင်း၊ သန့်စင်သော ငွေကြေးတို့သည် လည်းကောင်း ကျွန်ုပ်ထံသို့ နေ့စဉ်မပြတ် အမြဲတစေ ဝင်ရောက်ပါစေကုန်သတည်း'

ဟု ရဲရဲပြတ်သားစွာ ဆိုရပါမည်။

(ဇ) ဝေနေယျများစွာ သတ္တဝါတို့အားလုံး (၃၁)ဘုံသားတို့ကို ကုသိုလ်အမျှ ပေးဝေပါ။

(ဈ) မူလကနဦးမှ ပင့်ဖိတ်ထားသူများကို နေရပ်ဌာနသို့ ပြန်ပို့ပေးပါရန်။

၃။ **အဓိဋ္ဌာန်ကျင့်စဉ်ကာလ သတ်မှတ်ရခြင်း...**

❋ အဓိဋ္ဌာန်ကာလကို (၈)ရက် သတ်မှတ်ရပါသည်။

❋ မှတ်ချက်။ ။ ကြီးမားသော လာဘ်ဝင်လိုသူများအနေဖြင့် ဝါရငယ် တစ်ဝါရကို (၈)ရက် သတ်မှတ်ရပါသည်။

(၈)ကြိမ်မြောက်ဝင်မှ အဓိဋ္ဌာန် မဟာကာလ ပြီးမြောက်ပါသည်။

**ကျွန်ုပ်၏ ဆရာများ အလိုအရ ကောင်း(၆၄)ရပ်ကျင့်စဉ်ဟု ဆိုပါသည်။**

ယခု ကျွန်ုပ် ရေးသား တင်ပြထားသော ကျင့်စဉ်ကို အောင်မြင်ပြီးမြောက် ခရီးရောက်ကြ၍ စီးပွားရေးကျဉ်းမြောင်းသည့်ဘဝမှ လွတ်မြောက်ကြပြီး ရတနာ (၇)ပါးနှင့် သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာကြပြီး ဘာသာသာသနာ အကျိုး သယ်ပိုးနိုင်ကြစေဟု ဆန္ဒပြု လိုက်ရပါသည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိ ပြည့်စုံကြပါစေ။***

**အောင်ထက်**
**(ရောအနောက်မြို့တော်)**



www.burmeseclassic.com

www.burmeseclassic.com


တဆထလ-၁၁/၂၀၀၅၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



ဦးအောင်မြင့်

လုပ်ငန်းတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

လျက်ဆား

သည်းခြေဆေး

ဖုန်း ၀၁-၅၄၃၁၃၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပါးတောင် စံကားဝါမြေ

# ဘိုးတော်အောင်မင်းခေါင် နှစ်(၆၀)ပြည့်ထွက်ပွဲ

ဖြစ်ရပ်ဆန်းများ


ကိုသက် (ဖိုးကျွန်း)

မြန်မာနိုင်ငံ၏ ထွက်ရပ်ပေါက် ဝိဇ္ဇာသူတော်စင်များစာရင်းတွင် ဘိုးတော်အောင်မင်းခေါင်သည် ထိပ်ဆုံးစာရင်းဝင် ဖြစ်သည်။

ဘိုးတော် အောင်မင်းခေါင်သည် ကျင့်စဉ်စခန်းအမျိုးမျိုးကို အောင်မြင်ခဲ့ပြီးနောက် ခုနစ်ရက်သားသမီးတို့၏ အခက်အခဲအမျိုးမျိုး၊ ဒုက္ခအဖုံဖုံတို့ကို အခြေအနေ၊ အချိန်အခါအလိုက် သူ့နေရာနှင့်သူ ပုဂ္ဂိုလ်အသွင်အမျိုးမျိုး ဆောင်လျက် စောင့်ရှောက် ချီးမြှင့်ပေးခြင်း၊ သာသနာတော်အတွက် ဘုရားစေတီငယ်များ တည်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက် ညနေ(၄)နာရီအချိန် (၅-၉-၁၉၅၂) သောကြာနေ့တွင် မူလခန္ဓာရုပ်ဟောင်းကို စွန့်ခွာ၍ ထွက်ရပ်စခန်းသို့ ကြွမြန်းတော်မူခဲ့ပါသည်။

ထိုနေ့ရက်ကို "ထွက်ပွဲ"အထိမ်းအမှတ်အဖြစ် အဘ၏သားတပည့်များက တရိုတသေ တလေးတစား ဂါရဝပြုင့် ပူဇော်လာခဲ့ကြသည်မှာ (၂-၁၀-၂၀၁၂)နေ့တွင် နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်လေသည်။

အဘ၏ ထွက်ပွဲအကြို ပူဇော်ပွဲအခမ်းအနားများကို(၂၈-၉-၂၀၁၂ မှ ၂-၁၀-၂၀၁၂)နေ့အထိ ပုပ္ပါးတောင်ကလပ်၊ တောင်အောက်ပါမကျန် ခြိမ့်ခြိမ့်သဲ ပူဇော်ခဲ့ကြလေသည်။



◆ စံကားဝါမြေရှိ ပုပ္ပါးတောင်ကလပ်

အဘကိုယ်တိုင် တည်ထားခဲ့သော ပုပ္ပါးတောင်ကလပ်ရှိ ကမ္ဘာလုံးစေတီတော်တွင် (၁၀၈)ဖီးပွဲများနှင့်အတူ နံနက် (၄)နာရီအချိန်မှစ၍ အစပြင်းတိုင်

F.17A. March, 2013.



www.burmeseclassic.com

www.burmeseclassic.com





◀ တောင်ကလပ်သို့
အဝင်လမ်းခရီးတစ်လျှောက်၌
ပရိသတ်များဖြင့် စည်ကားနေစဉ်

(၁၀၀၀)၊ အမွှေးတိုင်(၁၀၀၀)၊ သစ်သီး (၁၀၀၀)၊ ပန်း(၁၀၀၀)ပွဲများ တင်လှူ ပူဇော်ထားကြသည်မှာ စိတ်ချမ်းမြေ့ ဖွယ်ရာဖြစ်၏။

အဘာနှင့်ပတ်သက်၍ အတ္ထုပ္ပတ္တိ အကျဉ်းကို ကောက်နုတ်တင်ပြလိုပါ သည်။ ဘိုးတော်အောင်မင်းခေါင်၏ အမည်ရင်းမှာ မောင်ဘိုးအောင်ဖြစ်ပြီး ပုပ္ပါးတောင်မကြီး၏အရှေ့မြောက်ဘက် စင်မြင့်ရွာတွင် အဖဦးအောင်ပု+အမိ ဒေါ်မင်းသစ်တို့မှ ၂-၅-၁၈၈၀ ပြည့် နှစ်တွင် ဖွားမြင်ခဲ့သည်။

ရုပ်ဟောင်းကို စွန့်၍ ထွက်ရပ်စခန်း သို့ ကြွမြန်းခဲ့သည်မှာ **"နာမ်ဓာတ်က ရုပ်ခြယ်လျှင် အဟုတ်တကယ် ဂုဏ် ပြလို့၊ မနုဿတူနှစ်ဖော် ကွဲရတော့ နော်"** တဘောင်စကားအတိုင်းပင် သိဒ္ဓိစခန်းများ ပြီးစီး၍ ထွက်ရပ်မြန်း တော်မူခဲ့သည်ဟု ဆိုပါသည်။

ပုပ္ပါးတောင်ကလပ်၏ အလယ်တွင် အဘာခန္ဓာဝန်ချရာနေရာတွင် ဂူစေတီ အဖြစ် ပြုပြင်မွမ်းမံထားပြီး အနီးတွင် အဘာ တရားကျင့်ကြံပွားများ အားထုတ် ခဲ့သော ဉာဏ်တော်(၄)ပေသာ မြင့် သည့် အောင်စေတီအား ဖူးတွေ့ရ သည်။

အောင်စေတီအနီးတွင် ပြည်တော် အေးစေတီတစ်ဆူနှင့် အလျား(၉)ပေ ရှိသော စည်တော်ကြီးတစ်လုံးအား တွေ့ရသည်။

အဘာနှင့်ပတ်သက်လျှင် ပုပ္ပါး

◀ ဆုတောင်းပြည့် အောင်မြေနန်းဆောင်မှ
အဘာ၏ အောင်မြင်ခဲ့ညားသော
ကြေးရုပ်တုပုံတော်နှင့် နန်းကို
စောင့်ရှောက်ရန် တာဝန်ကျသူ
ဦးဘိုကြည်





www.burmeseclassic.com

www.burmeseclassic.com



◆ အဘထွက်ပွဲနေ့၌ နေလဘုရား မန္တန်ကုန်းမြေတွင် ဓာတ်ပုံရိုက်ရာ ဂ,အက္ခရာများစွာ ပေါ်နေသည်ကို တွေ့ရစဉ် ဓာတ်ပုံမှတ်တမ်းတင်ထားနိုင်ခဲ့သည်

◆ အဘထွက်ပွဲနှစ်(၆၀)ပြည့်ပွဲတွင် ရင်ခွင့်တော်လှူရန် ပင့်ဆောင်လာကြသော အဘရုပ်ပွားတော်နှင့် နောက်ပါ ပရိသတ်များ



တောင်ကလပ်ရှိ အထက်ပါ နေရာသုံးခုသို့ မလွဲမသွေ ရောက်အောင်သွားကြပြီး အဓိဋ္ဌာန်ကြပါသည်။

ထွက်ပွဲနေ့တွင် အဓိဋ္ဌာန်သူများများပြားလွန်းသဖြင့် စောစောနေရာယူရသော ဌာနတစ်ခုလည်း ဖြစ်လေသည်။

၁၃၇၄ ခုနှစ် အဘ၏ နှစ်(၆၀)ပြည့်ထွက်ပွဲသည် ထူးခြားတိုက်ဆိုင်မှု များစွာကို တွေ့ဆုံရသောနှစ်လည်း ဖြစ်ပါသည်။ ပုပ္ပါးတောင်ကလပ်တွင် ရှေးယခင်ကပင် တည်ထားခဲ့သော စေတီပုထိုးများစွာရှိရာ ယခုနှစ်မှပင် ပထမဆုံးအကြိမ်ကျင်းပသော ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ကျင်းပခွင့်ရသော နှစ်တစ်နှစ်ဖြစ်ကြောင်းကိုလည်း သိရှိမှတ်သားခဲ့ရပါသည်။

အဘအား ပူဇော်သောပွဲများတွင် ထူးခြားသော ပူဇော်ပွဲတစ်ခုအဖြစ် "ဘုံတောင်စကြာပွဲ"မှာလည်း တစ်မူထူးခြားလှသည်။


အဘ ခန္ဓာဝန်ချရာ ဂူစေတီအနီးရှိ ပြည်တော်အေးစေတီတော်တွင် ဘုံတောင်စကြာပူဇော်ပွဲကို ကျင်းပရာတွင် အဘသည် စကြာမင်းအဖြစ် ပြန်လာမည့်အတိတ်နိမိတ်ကို ဆောင်ယူ၍ ကျင်းပကြခြင်း ဖြစ်ပါသည်။

ထိုပွဲတွင် အဘ၏သားတော်ညီများ



www.burmeseclassic.com

www.burmeseclassic.com



▲ အဘထွက်ပွဲတွင် နန်းဆောင်အသီးသီးနှင့် ပူဇော်ထားကြသော (၁၀၈)ဗီးပွဲများအား အနီးအပြားတွေ့ရစဉ်

▼ အဘ၏ ရုပ်ထုတော်နှင့် ပူဇော်ထားသော (၁၀၈)ဗီးပွဲများ



သည့် တော်သလင်းလဆန်း(၁၃)ရက်နေ့တွင် နံနက်(၉)နာရီတွင်...

(၁) သစ်သီး (၉)မျိုး၊
(၂) ယို (၉)မျိုး၊
(၃) ပန်း (၉)မျိုး၊
(၄) နံ့သာ (၉)မျိုး၊
(၅) ခေါက်ဆွဲကျော် (၉)ပွဲ
(၆) ကောက်ညှင်းပေါင်း (၉)ဆုပ်၊
(၇) မုန့်ဟင်းခါး (၉)ပွဲ
(၈) အလင်း (၉)တိုင်၊
(၉) သန့်စင်ထားသော ရေသန့် (၉)ခွက် တို့

အား ကပ်လှူပူဇော်ကြသည်။

ငှက်ပျော(၁၀၈)ဖီးနှင့် ရွှေအုန်းသီးတစ်လုံး ပွဲကြီးတစ်ပွဲ၊ တံခွန်ကုက္ကားစုံလင်စွာဖြင့် ပူဇော် လှူဒါန်းထားကြသည်။

**မှတ်ချက်။ ။ (ဤပူဇော်ပွဲမျိုးကို မိမိတို့နေအိမ်၊ မိမိတို့ဒေသများတွင်လည်း ငွေကြေးအခြေအနေပေါ် မူတည်၍ ပြုလုပ်နိုင်ကြပါသည်။)**

ပုပ္ပါးတောင်ကလပ်တွင် အဘအောင်မင်းခေါင်အား ပူဇော်နိုင်သော ဓာတ်နန်းကြီး(၆)ခုတို့ရှိရာ...

(၁) ဆုထူးပန် ဆုတောင်းပြည့် ကမ္ဘာ့မဏ္ဍိုင် စကြာမင်း အောင်မြေဓာတ်နန်း။
(၂) အဘအောင်မင်းခေါင် ခန္ဓာဝန်ချရာ အောင်စေတီ
(၃) ဆုတောင်းပြည့် အောင်မြေဓာတ်နန်း။
(၄) တောင်ထိပ်(၁) ကံထူးအောင် အောင်မြေဓာတ်နန်း။



www.burmeseclassic.com

www.burmeseclassic.com

(၅) အေးချမ်းအောင်မြေဓာတ်နန်း

(၆) တောင်ထိပ်(၂) ထီးသုံးဆင့်အောင်မြေဓာတ်နန်း

တို့ဖြစ်ကြပြီး ပုပ္ပါးတောင်ကလပ်ထိပ်သို့ တက်ရာလမ်းတွင် မည်သူမဆို အဘ၏ ပထမဆုံးနန်းဖြစ်သော ဆုထူးပန်အောင်မြေဓာတ်နန်းသို့ ဦးစွာ ဝင်ရောက်ကြရပါသည်။

အဘထွက်ပွဲ ကျင်းပသော နေ့ရက်ဖြစ်သည့် တော်သလင်းလပြည့်ကျော် (၂)ရက်နေ့ (၂-၁၀-၂၀၁၂)သို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့တွင် အဘ၏ ဓာတ်နန်းဆောင် (၆)ဆောင်တို့တွင် (၁၀၈)ဖီးပွဲများ၊ အလင်းတိုင်၊ နံ့သာတိုင်များ ပန်းပေါင်းဝေဆာလျက် ကျက်သရေအပေါင်း ခညောင်းနေပါသည်။

ယင်းအချိန်တွင် စံကားဝါမြေတစ်ခုလုံး ရှမ်းအိုးစည်သံတို့က လွှမ်းခြုံလာပါတော့သည်။


မြို့ရွာအသီးသီးမှ ရောက်လာကြသော ရပ်ဝေးရပ်နီး အဘ၏ ပဋ္ဌာန်းဆက်သားသမီးများသည် ရှမ်းအိုးစည်သံကို တီးမှုတ်၍ အဘထွက်ပွဲကို ဆင်နွှဲရန် ရှေးလာကြသည်။

နှစ်(၆၀)ပြည့် အဘထွက်ချိန် ညနေ (၄)နာရီအချိန်တွင် အောင်စည်အောင်မောင်း(၂၇)ချက်တိတိကို တီးခတ်ကြသည်။

အဘ၏ အောင်မြေနင်း အပတ်ီကား ဆောတော်ကြီးကို နန်းကြီး(၆)ဆောင်လုံးမှ သံပြိုင်ညီညာစွာ ရွတ်ဆိုသံမှာ စံကားဝါမြေကိုပင် လွှမ်းခြုံသွားပါသည်။

အားလုံး ရွတ်ဆိုပြီးစီးသောအချိန်တွင် တောင်ကလပ်တစ်ခုလုံး၌ရှိသော နန်းဆောင်များအားလုံး ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားခဲ့သည်။ အပ်ကျသံမျှပင် မကြားရအောင် အဘအား သမာဓိတရားဖြင့် ခေတ္တ ပူဇော်မှု ပြုခဲ့ကြပြန်သည်။

အားလုံးသော တပည့်သားသမီးများ၏ မေတ္တာစေတနာများကို တုံ့ပြန်သောစေတနာဖြင့် အဘ၏ သိဒ္ဓိများကိုလည်း နှစ်(၆၀)ပြည့်ပွဲသို့ လာရောက်ကြသူအပေါင်းတို့အား ချီးမြှင့်ပြသသွားခဲ့ပါကြောင်းကို စာရေးသူအနေဖြင့် ဖြန့်ဝေတင်ပြလိုက်ပါသည်။



◆ အဘခေတ်ကိန်းရာ ခေတ်နန်း(၅)ခုမှ ခေတ်နန်းဆောင်တစ်ခု

၂-၁၀-၂၀၁၂ နေ့ နံနက်ပိုင်းတွင် စာရေးသူတို့အဖွဲ့မှာ တောင်အောက်တွင် ရောက်နေကြသည်။ အဘ၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဘုရားရုပ်ပွားတော်အဆူ(၆၀) မဟာဒုက်ကံစမ်းမဲဖွင့်ပွဲသို့ ရောက်ရှိနေသဖြင့် ဦးပဥ္ဇင်းစန္ဒြောဘာသ (စိတ္တသုခကျောင်း မဂ်လာဒုံ)နှင့် လူကွဲသွားခဲ့ပါသည်။ ညပိုင်းအထိ ဦးပဥ္ဇင်းနှင့် မဆုံဖြစ်တော့ပါ။

ဦးပဥ္ဇင်းစန္ဒြောဘာသမှာ နှစ်စဉ် အဘထွက်ပွဲရောက်တိုင်း ရန်ကုန်မှ ပုဂ်ရထားဖြင့် မပျက်မကွက် လာနေကျဖြစ်သည်။ မည်မျှပင် အလုပ်မအားနေသည်ဖြစ်စေ ပုပ္ပါးမြေကို ရောက်စမြဲပင်။

ဤသို့ဖြင့် ၂-၁၀-၂၀၁၂နေ့ညတောင်ကလပ်ထိပ်တွင် ညနေ(၄)နာရီ (၁၅)မိနစ်အချိန်၌ မိုးသားကောင်းကင်ပေါ်တွင် ကြည်လင်ထင်ရှားသော အဘ၏ ရုပ်ပုံလွှာကို (၂)မိနစ်ကြာလည်းကောင်း၊ အချို့သူများကလည်း အဘ မြင်းစီးလာသောပုံတော်ကိုလည်းကောင်း အသီးသီး တွေ့မြင်ကြရကြောင်းပြောပါသည်။

ဦးပဥ္ဇင်းစန္ဒြောဘာသသည် အဘအား မျက်မြင်တွေ့လိုက်ရသဖြင့် အလွန် ကြည်နူးဝမ်းသာဖြစ်ရကြောင်း၊ ထို့နောက် တိမ်ကြားထဲတွင် တစ်စတစ်စ ပျောက်ကွယ်သွားကြောင်း ရှင်းပြသွားခဲ့ပါသည်။

စာရေးသူတို့မှာ မဖူးလိုက်ရသော်လည်း စာဖတ်သူများအားလုံးအတွက် ကိုယ်တွေ့ကြုံသူထံမှ တိုက်ရိုက်ပြောပြသည်ကို ပြန်လည် ရေးသားထုတ်ဖော်ခွင့်ရခဲ့ပါသဖြင့် ပီတိပွားများမိပါသည်။

အခြား ဖြစ်ရပ်ဆန်းတစ်ခုလည်း ကျန်ပါသေးသည်။ ပုပ္ပါးတောင်ကလပ်၏ တနင်္ဂနွေထောင့်အရပ်ဖြစ်သော မဟာဗောဓိနှင့် သာသနာမန္တန်ကျွန်းမြေရှိ ဗောဓိညောင်ပင်နှင့် ကြိုးတံ(၈)ခွင်



www.burmeseclassic.com

www.burmeseclassic.com



◆ အဘခေတ်နန်းမှ သူတော်စင်ပုဂ္ဂိုလ်ရုပ်ပွားများ

စေတီတွင် ထူးခြားဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ရပ်မှာ ရန်ကုန်မြို့မှ ဘုရားဖူးရောက်လာသူ ဦးအောင်ခိုင်နှင်းဆိုသူ ရိုက်သော ဓာတ်ပုံထဲတွင်"ဝ"အက္ခရာများ ပုံအပြည့်ပေါ်နေသည်မှာ ထူးဆန်းလျက်ရှိကြောင်း၊ ဓာတ်ပုံရိုက်ချိန်မှာလည်း တောင်ထိပ်ကောင်းကင်ယံတွင် ပုံပေါ်သည့် (၄)နာရီ(၁၅)မိနစ်အချိန်နှင့် အတူတူဖြစ်နေကြောင်း ဓာတ်ပုံအား မိမိတို့ထံ တစ်ဆင့်လာပေးသော ရန်ကုန်မြို့မှ ဦးအောင်နိုင်၊ ဒေါ်ကြူကြူမေတို့က ရှင်းလင်းပြောပြခဲ့ပါသည်။

"ဝ"လုံးအက္ခရာ ပထမံ ဘိုးဘိုးအောင်၏ အင်းစမထဲမှ ပါဝင်သည့် ဝ,လုံးဖြစ်ခြင်း၊ အဘထွက်ပွဲ ရက်အချိန် အတိအကျတွင် ထူးဆန်းသော ပြကွက်ဖြစ်ခြင်းကြောင့် စံကားဝါမြေ သည်လည်းကောင်း၊ အဘခေတ်ပန္နက်ချရာ ဒေသတို့သည်လည်းကောင်း အဘထံပါးသို့ လာရောက်ပူဇော်ခဲ့ကြသော တပည့်သားသမီးအပေါင်းတို့မှာလည်း အနာဂတ်ကာလတွင် ဝပြောသာယာမှုရရှိပြီး အေးချမ်းသာယာမည့် အတိတ်ကောင်း နိမိတ်ကောင်းများဖြစ်ကြောင်း သက်ရှည်ကြီးပြီး ဝါရင့်သော အဘ၏ တပည့်ကြီးများက မိန့်ကြားခဲ့ပါသည်။

ထွက်ပွဲနေ့ ညနေ(၄)နာရီ (၁၅)မိနစ်အချိန်တွင် မန္တန်ကုန်းမြေရှိ ဂြိုဟ်ခွင်ဘုရားပရိဝုဏ်အတွင်း လူအများ တိုးမပေါက်အောင် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါသည်။

**ဝ,အက္ခရာပေါ်သော အခြားဓာတ်ပုံဆရာတစ်ဦးမှာ** ရန်ကုန်မှ ဒေါ်မြင့်မြင့်သန်းဆိုသူ ဖြစ်ကြောင်းလည်း သိရပါသည်။

ဓာတ်ပုံဆရာများစွာ ရိုက်ကူးသော်လည်း နှစ်ဦးသာ "ဝ" အက္ခရာပေါ်ခြင်း ဖြစ်၍ အခြားသူများ၏ ကင်မရာများတွင် "ဝ"အက္ခရာပေါ်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါ ဖြစ်ရပ်ဆန်း(၂)ခုသည် အဘထွက်ပွဲ နှစ်(၆၀)ပြည့်၏ ထူးခြားဆန်းကြယ် ဖြစ်ရပ်များပင် ဖြစ်ပါတော့သည်။

ဘိုးတော်အောင်မင်းခေါင်အား မိမိတို့ဒေသအသီးသီးတွင် ပူဇော်ကိုးကွယ်ကြသူများသည် ထွက်ပွဲနေ့ဖြစ်သော တော်သလင်းလဆုတ် (၂)ရက်နေ့တွင် အဘရုပ်တုတော်များအား ပင့်ဆောင်ကာ ပုပ္ပါးတောင်ကလပ်ရှိ နန်းဆောင်များတွင် ရင်ငွေ့တော်လှူ၍ အောင်ဓာတ်၊ အောင်ဟိတ်ကို ရယူကြခြင်း ဖြစ်ပါသည်။

ထိုနေ့တွင် အဘရုပ်တုတော်အား ပင့်ဆောင်လာကြသော ဒေသအသီးသီး



www.burmeseclassic.com

www.burmeseclassic.com

တို့သည် တူညီဝတ်စုံများ ဝတ်ဆင်ကာ သာသနာ့အလံများကို ကိုင်ဆောင်လျက် ရှမ်းအိုးစည်များကို တီးခတ်ကာ ဝင်ရောက်လာခဲ့ကြပါသည်။

ပုပ္ပါးစံကားဝါမြေတွင် အဘအား ကိုးကွယ် ပင့်ဆောင်ကြသူများသည် အဘထွက်ပွဲကျင်းပသော နေ့တစ်နေ့တည်းကိုသာ အစိဋ္ဌာန်ဖြင့် ဆောင်ရွက်ခွင့်ရကြောင်း သိရပါသည်။


စာရေးသူတို့အဖွဲ့သည် ထွက်ပွဲနေ့ နံနက်(၁၀)နာရီ အချိန်လောက်တွင် မြန်မာကျည်းတောရှိ အဘအောင်မင်းခေါင်အထိမ်းအမှတ် ဓမ္မာရုံနှင့် ပြခန်းဆောင်များကို ဝင်ရောက် လေ့လာခဲ့ကြပါသည်။

အဘနှင့်ပတ်သက်သော အသုံးအဆောင်များဖြစ်သည့် ခမောက်၊ ထမ်းပိုး၊ အင်္ကျီ၊ မောင်း၊ တိုက်ပန်းကန်၊ ဆံပင် စသည်များနှင့် ဦးမေဓာဝီ၏ ပြခန်းတို့ကိုပါ ဝင်ရောက်ခဲ့ကြပါသည်။

နယ်လေးရပ်မှ အဘ၏ပဋ္ဌာန်းဆက်သားသမီး တပည့်များသည် (၆၁)ကြိမ်မြောက် ထွက်ပွဲကို ဆက်လက်၍ ဆင်နွှဲနိုင်ကြစေရန်အတွက်လည်း ယခုရောက်ရှိသည့်အချိန်တွင် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းကြသည်ကို ထင်ပြရင်း နှစ်(၆၀)ပြည့်ထွက်ပွဲကို ထင်ပြုပူဇော်အပ်ပါသည်။

**မှတ်ချက်။** စာရေးသူအား သိလိုသမျှ ရှင်းပြပေးပါသော **ဆုထူးပန်ဆုတောင်းပြည့် အောင်မြေဓာတ်နန်း၏ တာဝန်ခံ ဦးဘိုကြည်**အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ *(စာရေးသူ)*

***ကိုသက် (ဖိုးကုန်း)***

၂၀၁၃ ခုနှစ်၊ မတ်လအတွင်း

# လာဘ်လာဘ

ရှင်လန်းစေဖို့

မတ်လတွင် ငွေကြေးကိစ္စ အဆင်ပြေ၍ လာဘ်လာဘ ရှင်လန်းစေရန် လုံးဝန်းသော ပစ္စည်းတစ်မျိုးမျိုးကို ရွေးချယ်ကာ အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်းဖြစ်သည်။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| နွား ကျား | ၈ | အရှေ့မြောက် | စနေသားသမီး | စနေ |
| ယုန် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| နဂါး မြွေ | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| မြင်း | ၉ | တောင် | ကြာသပတေးသားသမီး | အင်္ဂါ |
| ဆိတ်၊ မျောက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| ကြက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| ခွေး ဝက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |

**ဥပမာ။ ။** ခွေးနှစ်တွင် မွေးဖွားသူသည် မတ်လအတွက် ငွေကြေးဆိုင်ရာ အခက်အခဲ ပြဿနာများ လျော့ပါးကင်းရှင်း၍ လာဘ်လာဘ ရှင်လန်းစေရန် ဘီစကစ်မုန့်ဝိုင်း (၆)ခုကို အနောက်မြောက်ထောင့်အရပ်ရှိ ကြာသပတေးသားသမီးတစ်ယောက်အား တနင်္ဂနွေနေ့၌ လှူဒါန်း လက်ဆောင်ပေးကာ မိမိလိုရာ ဆုတောင်းရန် ဖြစ်ပါသည်။

***လာဘ်လာဘ ရှင်လန်းကြပါစေ။***

ထက်မင်းကျော်စွာ




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား



"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ""ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်တော်၊ ဝမ်းသာလိုက်တာ၊ အိမ်က ကိုရဲအတွက်လဲ အုန်း ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

ကိုရဲ

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**


အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅၄၁

---



www.burmeseclassic.com

www.burmeseclassic.com



▲ ရေပုတ် ဆုတောင်းပြည့်စေတီတော်

ရေပုတ် ဆုတောင်းပြည့်စေတီအနီးမှ တွေ့ရှိရသော

# ရှေးဟောင်းရုပ်ပွားတော် များ (၁)

မောင်မောင်လွန်း (မုံရွာ)

စာရေးသူသည် မျက်စိရောဂါ ဝေဒနာ ကုသနေရသည့်အတွက် စာမရေးနိုင်သည်မှာ အတော်ကြာသွားပြီဖြစ်သည်။ မျက်စိရောဂါ ဝေဒနာ သက်သာ ပျောက်ကင်းသွားသော အချိန်တွင် မုံရွာမြို့ မြင့်မြတ် ပညာရေး ဝန်ဆောင်မှုမှ အဆောင်စောင့်တာဝန်ခံ ကိုမြတ်နိုးဝင်းက စာရေးသူထံသို့ ရောက်လာသည်။ အကြောင်းမှာ ရေပုတ် ဆုတောင်းပြည့်စေတီတော်တွင် ရှေးဟောင်းရုပ်ပွားတော်များ တူးဖော်ရရှိကြောင်းကို ထိုနယ်ဘက်မှ လာရောက်၍ သင်ကြားပြသပေးနေသော ဆရာမများထံမှ ကြားသိခဲ့ရကြောင်း စာရေးသူအား ပြောပြပါသည်။

သို့နှင့် ကိုမြတ်နိုးဝင်းအား ရေပုတ် ဆုတောင်းပြည့်ဘုရားအား "ဘယ်ကနေ ဘယ်လိုသွားရပါသလဲ"ဟု မေးမြန်းကြည့်ရာ မုံရွာမြို့၏ အနောက်ဘက်ကမ်းတွင် ရှိသော ထန်းတောကြီးကျေးရွာမှတစ်ဆင့် သွားရကြောင်း။

အနောက်ဘက်ကမ်းတွင် ထန်းတောကြီးကျေးရွာနှစ်ရွာ ရှိလေရာ ထန်းတောကြီးကျေးရွာ တစ်ရွာမှာ မုံရွာမြို့၏ အနောက်ဘက်တည့်တည့် ညောင်ပင်ကြီး ဆိပ်ကမ်းအနီးတွင် ရှိသော ထန်းတောကြီးကျေးရွာနှင့် မြောက်ယမားချောင်းအနီးတွင် ရှိသော ထန်းတောကြီးကျေးရွာတို့ ဖြစ်လေသည်။

ယခု ရေပုတ်ဆုတောင်းပြည့် စေတီတော်မှာ မြောက်ယမားချောင်းအနီး၌ ရှိသော ထန်းတောကြီးကျေးရွာ ဖြစ်သည်။ ထိုထန်းတောကြီးကျေးရွာသို့ သွားလျှင် ချင်းတွင်းတံတား (မုံရွာ)ကို ဖြတ်၍ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းသို့ ကူးပြီး မုံရွာ–ယားကြီး ကားလမ်းအတိုင်း ဆက်သွားကာ ရွှေတောင်ဦးအလွန် ဘယ်ဘက်သို့ ခွဲထွက်သွားသော မုံရွာ–ပုသိမ် ကား



www.burmeseclassic.com

www.burmeseclassic.com



◆ ရေပုတ် ဆုတောင်းပြည့်စေတီအတွင်းမှ ရုပ်ပွားတော်များ

လမ်းအတိုင်း သွားရသည်။

(၂)မိုင်ကျော်ကျော်ခန့် သွားလျှင် ထန်းတောကြီးရွာကို ရောက်ရှိသည်။ ထန်းတောကြီးကျေးရွာ ဆိုသည့်အတိုင်း ထန်းပင်၊ ထန်းတောတို့မှာ လက်ညှိုးထိုး၍ မလွဲအောင် ပေါ်များလှပေသည်။ ထန်းရည်ဆိုင်တစ်ဆိုင်သို့ ဝင်၍ "ရေပုတ် ဆုတောင်းပြည့်ဘုရားကို ဘယ်လမ်းက သွားရပါသလဲ"ဟု မေးမြန်းသည့်အခါ ဒီထန်းတောကြီးကျေးရွာအတွင်းမှ ဖြတ်သွားရပြီး ထန်းတောကြီးကျေးရွာမှ ထွက်လျှင် အနောက်သို့ (၁)မိုင်ခန့်သာ ဝေးတော့ကြောင်း ပြောပါသည်။

စာရေးသူလည်း ထန်းတောကြီးကျေးရွာအတွင်းမှ ဖြတ်သွားသောအခါ ရွာ၏ အဝင်လမ်းဘေး ဝဲယာတွင်ရှိသော ထန်းပင်များမှ ကြွေကျနေသည့် ထန်းသီးအမှည့်တို့၏ မွှေးရနံ့ကို ရှူရှိုက်လိုက်ရသောကြောင့် ပေါ့ပါးလန်းဆန်းသွားသည်ဟု စိတ်ထဲတွင် ခံစားလိုက်ရပေသည်။

◆ ရှေးဟောင်းရုပ်ပွားတော်များ တွေ့ရှိသည့်နေရာအား ရာဇမတ်ကွက်ခြံ ကာထားစဉ်




ထန်းတောကြီးကျေးရွာထဲမှ ထွက်လာခဲ့ပြီး (၁)မိုင်ခန့် မရောက်မီကပင် ရွှေရောင်ဆေးသက်နှန်းများ ကပ်လှူပူဇော်ထားသော စေတီများကို လှမ်း၍ ဖူးမြော်ရပါသည်။

စေတီများအနီးသို့ ရောက်သွားသောအခါ သစ်ပင်ရိပ်ကောင်းကောင်း




www.burmeseclassic.com

www.burmeseclassic.com



◆ တူးဖော်ရရှိသော ရှေးဟောင်းရုပ်ပွားတော်များ

◆ တူးဖော်ရရှိသော ရုပ်ပွားတော်များနှင့် ဆရာတော် ဘဒ္ဒန္တ သီလနန္ဒ



အောက်တွင် ထိုင်နေကြသော ဦးပဥ္စင်းလေးတစ်ပါးနှင့် လူတချို့ကို တွေ့ရှိရသည့်အတွက် ဦးပဥ္စင်းလေးအား ရှိခိုးပြီးနောက် ဒီရေပုတ်ဆုတောင်းပြည့်ဘုရားမှာ ရှေးဟောင်းရုပ်ပွားတော်များ တူးဖော်ရရှိကြောင်း ကြားသိရသဖြင့် လာရောက် ကြည့်ရှု ဖူးမြော်ခြင်းဖြစ်ကြောင်းနှင့် တပည့်တော်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် ဆောင်းပါးများ ရေးသားနေသူဖြစ်ကြောင်း ပြောပြပါသည်။

ထိုအခါ ဦးပဥ္စင်းလေးက ရှေးဟောင်းရုပ်ပွားတော်များ တွေ့ရှိရသော နေရာသို့ လိုက်၍ ပြပါသည်။ ရှေးဟောင်းရုပ်ပွားတော်များ တွေ့ရှိသည့်နေရာမှာ **ရေပုတ် ဆုတောင်းပြည့်ဘုရား၏ အရှေ့တောင်ထောင့်အရပ်၌** တွေ့ရှိရခြင်း ဖြစ်ပေသည်။ ထိုတွေ့ရှိရသော နေရာအား ရာဇမတ်ကွက်များဖြင့် ကာရံထားကာ ထောင့်လေးထောင့်တွင် သာသနာ့အလံကို စိုက်ထူထားလေသည်။


ရှေးဟောင်း ရုပ်ပွားတော်များ စတင်တွေ့ရှိရသော နေရာအား ပြသပြီးသည့်နောက် ကျောင်းအတွင်းသို့ ခေါ်သွားပါသည်။ ကျောင်းမှာ သစ်သားကျောင်းနှင့် ဆောက်လုပ်ဆဲဖြစ်သော အုတ်တိုက်ကျောင်းတို့ ဖြစ်လေသည်။

တူးဖော်ရရှိသော ရုပ်ပွားတော်များကို ဆောက်လုပ်နေဆဲ အုတ်တိုက်ကျောင်း၏ ဘုရားခန်းအတွင်း၌ မှန်ဆောင်အသေးလေးထဲ၌ ပူဇော်ထားရှိသည်ကို ဖူးတွေ့ရပါသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ တူးဖော်ရရှိသော ရုပ်တော်များနှင့် အခြားရုပ်ထုများ

◆ နဂါးရုံဘုရားနှင့် အခြားရုပ်ထုများ



◆ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများ



ရှေးဟောင်း ရုပ်ပွားတော်များအား ကြည်ညိုဖူးမြော်ပြီးလျှင် ရုပ်ပွားတော် တချို့ကို အပြင်သို့ ထုတ်ယူ၍ ဓာတ်ပုံ ရိုက်လိုကြောင်း ပြောသည့်အခါ မှန်ဆောင်ကို ခတ်ထားသော သော့မှာ ဆရာတော့်ထံတွင် ပါသွားပြီး ဆရာတော်သည် အပြင်သို့ ကြွသွားသောကြောင့် ရုပ်ပွားတော်များကို မှန်ဆောင်လေး၏ အပြင်မှပင် ရှုထောင့်အမျိုးမျိုးကနေ၍ ဓာတ်ပုံများ ရိုက်ယူရပါတော့သည်။

လိုအပ်သော ဓာတ်ပုံများ ရိုက်ပြီးသောအခါ ထိုရှေးဟောင်း ရုပ်ပွားတော်များကို မည်သည့်နေ့က မည်ကဲ့သို့ ရရှိခဲ့ကြောင်း မေးမြန်းကြည့်ရာ ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်၊ (၆-၉-၂၀၁၁)ရက်နေ့ ညနေ (၅)နာရီအချိန်ခန့်တွင် ဆရာတော် ဘဒ္ဒန္တ သီလနန္ဒနှင့် ဝေယျာဝစ္စ ဆောင်ရွက်ကြသော သူများ့သည် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့၌ ပြုလုပ်နေကျဖြစ်သော ရေပုတ် ဆုတောင်းပြည့်ဘုရား ပွဲတော်အတွက် ကြိုတင်ကာ ချုံပုတ်နှင့် မြက်ပင်များကို ရှင်းလင်းကြသည်။

ထိုသို့ ရှင်းရာမှ မြေဖြင့်ပြုလုပ်ထားသော တစ်မိုက်ခန့်ရှိသည့် ပစ္စည်းတစ်ခုကို စတင် တွေ့ရှိခဲ့ရကြောင်း၊ ရွှံ့နှင့် မြေကြီးများ ပေကျံနေသောကြောင့် ရေဖြင့် ဆေးကြောကြည့်သည့်အခါမှ ရွှေချထားသော မြေစေတီလေးဖြစ်သည်ကို သိရှိကြပေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**မောင်မောင်ထွန်း(မုံရွာ)**



www.burmeseclassic.com

www.burmeseclassic.com



◆ လိပ်ပိန်းကျား

ထက်မြက်ကျော်စွာ

# ရွှေလက်တွဲလို့ မြဝေဝို့

မော်လမြိုင်မြို့ ဦးဇိနုစေတီသို့ ဖူးမြော်ရန် ကုန်းတက်လမ်းကလေးအတိုင်း လျှောက်လာရာမှ နေရှိန်ပြင်းလှသဖြင့် ကွမ်းယာတဲတစ်ခုအတွင်းဝင်ကာ အရိပ်ခို၍ ကွမ်းယာမှာလိုက်သည်။

'ဘကြီး ဘုရားဖူးလာသလား'

'အင်း... မောင်အေးသမီး မဟုတ်လား။ ညည်းတို့မောင်နှံ အဆင်ပြေသွားပြီလား'

လူငယ်ချင်း ပြဿနာ မရှိသော်လည်း နှစ်ဖက်မိဘ သဘောမညီကြသဖြင့် ကွဲကွာနေရသော မလွမ်းပိုတို့မောင်နှံမှာ သနားစဖွယ် ဖြစ်သည်။

'ဟုတ်ကဲ့ နှစ်ဖက်အိမ်တွေရှောင်ပြီး တစ်လုံး ထိုးနေကြတယ်။ ကိုတင်မြင့်က ဆိုက်ကားနင်းပြီး အိမ်စရိတ် ရှာတာနဲ့ လုံလောက်တာမို့ ကွမ်းယာရောင်းရသမျှ အမြတ်ငွေတွေ စုထားနိုင်တယ်လေ'

'ကောင်းပါလေ့ကွယ်။ ဘယ်သူက ညှိနှိုင်းပေးတာလဲ'

'အဘွား ဒန်းမယ်လေ၊ ပိန်းရွက်နှစ်မျိုး ယူလာပြီး စိုက်ခိုင်းတယ်။ မိဘတွေကိုလဲ အိမ်ခွဲပေးဖို့ ပြောပေးတယ်။ ဘကြီး အချိန်ရရင် အိမ်လိုက်လည်ပါလား။ ဒီအချိန်ဆိုရင် အစ်ကိုလဲ ထမင်းပြန်စားလောက်ပြီ'

သို့ဖြင့် မနီးမဝေး တောင်စောင်းရှိ မလွမ်းပို၏ အိမ်ကလေးဆီသို့ အလည်ရောက်ဖြစ်ခဲ့သည်။ တဲအိမ်ကလေးမှာ သစ်ပင်၊ ပန်းပင် ဝေဝေဆာဆာဖြင့် နေချင့်စဖွယ်ပင်။

ဒါက "**လိပ်ပိန်းဂမုန်း**" လိပ်ကျောလို ခရမ်းပြာရောင် အကွက်တွေပါတယ်။ ဒီဘက်က အပြောက်ကလေးတွေနဲ့ အလယ်ကျောနီတာက "**လိပ်ပိန်းကျား**" တဲ့။ နှစ်မျိုးလုံး အရိုးစိမ်းပြီး အမြစ်ဥခေါင်းမရှိဘူး။ ရေသောက်မြစ်ပဲရှိတယ်။

ဒီနှစ်မျိုးကို ယှဉ်တွဲပြီး တစ်ကွက်စီကြား စိုက်ရသတဲ့။ ပြီး ဂါထာလဲ ရွတ်ရတယ်။

**လိပ်ပိန်းကျားအတွက်...**

"ဗိယေ ဝိယေ မယေ သွားဟ"

**လိပ်ပိန်းဂမုန်းအတွက်...**


"နယေ ပရံ ယုတ္တေ သွားဟ"

ဆိုပြီး (၇)ခေါက်စီဆို ရရှုလောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ လိပ်ပိန်းကမုန်း

ပေးရတယ်။ နံနက်၊ ည နှစ်ခါ လောင်း ရတယ်။

ဒီလိုလုပ်ပေးရင် ကွာရှင်းထားပြီး သား လင်မယားတောင် ပြန်ပေါင်းရ တယ်လို့ အဘွားက ပြောတာပဲ။

'ညည်းတို့ချင်းက ချစ်ချစ်ခင်ခင်ပဲ မဟုတ်လား'

'ကျွန်မတို့ချင်းကတော့ တစ်ခါမှ ရန်မဖြစ်ဖူးပါဘူး။ အခုလို ကိုယ့်အိမ် ကိုယ့်ယာကလေးနဲ့ဆိုတော့ ပိုပြီး စိတ် ချမ်းသာတယ်။ ငွေချမ်းသာဖို့ကတော့ ရိုးရိုးသားသား ကြိုးစားနေတာပဲ။ ကံရှိ ရင် ရမှာပေါ့နော်'

'ဒါပေါ့ကွယ် အနန္တငါးပါး မမေ့ မလျော့တဲ့ ညည်းတို့ ဇနီးမောင်နှံ ရာ သက်ပန် ကိုယ်စိတ် ချမ်းသာနိုင်ကြပါ စေ'

သူငယ်ချင်း သမီးတို့ ဇနီးမောင်နှံ အား နှုတ်ဆက်ကာ ပြန်လာစဉ် ဦးဇိန် ဘုရားကုန်းတော်ဆီမှ ဆည်းလည်းသံ များက လွင်လွင်သာလျက်။

## ထက်မင်းကျော်စွာ

၂၀၁၃ ခုနှစ်၊ မတ်လ



### အတွက် ရွေးချယ်ဝါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါ သည်။

| | |
|---|---|
| **အကြိမ်** | ၂၉၀ |
| **မတ်လ** | ၃ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၀၆ = ၁၁ = ၂ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၂) ဂဏန်း ရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၆၊ ၈၊** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို **၁၊ ၂၊ ၆၊ ၈** ဂဏန်းများအား ရှေ့ဆုံးမှထား၍ ကံစမ်း နိုင်ကြပါသည်။

ဥပမာ

| | | | |
|---|---|---|---|
| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| ၁...၁ | ၂...၁ | ၆...၁ | ၈...၁ |
| ၁...၂ | ၂...၂ | ၆...၂ | ၈...၂ |
| ၁...၆ | ၂...၆ | ၆...၆ | ၈...၆ |
| ၁...၈ | ၂...၈ | ၆...၈ | ၈...၈ |

မှတ်ချက်။ ။(...)ကွင်းအတွင်း ပြထား သော အလယ်ဂဏန်းများကို **၁၊ ၂၊ ၆** ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အကြိမ်**ဂဏန်း မပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၃ + ၂ + ၀ + ၁ + ၃) = ၉ ဂဏန်းရသည်။ သို့ဖြစ်၍ '၉'ဂဏန်းလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...



| | | | | | |
|---|---|---|---|---|---|
| စ... | ဆုံး | | | | |
| ၁... | ၁၊ | ၂၊ | ၆၊ | ၈၊ | ၉ |
| ၂... | ၂၊ | ၆၊ | ၈၊ | ၉၊ | ၁ |
| ၆... | ၆၊ | ၈၊ | ၉၊ | ၁၊ | ၂ |
| ၈... | ၈၊ | ၉၊ | ၁၊ | ၂၊ | ၆ |

ဤလတွင် **တနင်္လာသားသမီးနှင့် စနေသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိနေအိမ်တွင် ဘုရား... ရည်မှန်း၍ သစ်သီး(၃)မျိုး ဆွမ်းနှင့် လှူဒါန်း... ကာ ရှင်အရဟံဂါထာတော်ကို (၁၀၈)... ပုတီးကုံးနှင့် တစ်ပတ်လျှင် တစ်နှစ်ကျ... မိမိသက်စေ့ ရွတ်ပွားပူဇော်ပေးပါ။ အဓိဋ္ဌာ... (၉)ရက်တိတိ ကျင့်ဆောင်ပါ။

အဓိဋ္ဌာန် ပြီးစီးပါက မိမိအရပ်ရှိ စေ... တိုက် (သို့မဟုတ်) ဘုန်းကြီးကျောင်းတ... ကျောင်းတွင် ဆန်၊ ဆီ၊ ဆေး၊ ဆား တတ်... သမျှ လှူဒါန်းပေးပါ။ ထို့နောက် မိမိ... ကြိုက်ဆိုင်တွင် ထီကံစမ်းနိုင်ကြပါပြီ။

အထူးဂဏန်း

◆ ၁၂၂၆၈၁ ◆ ၂၂၆၈၉၁ ◆ ၁၁၂၆...

*ထီကံ ပွင့်ပါစေ။*

**ဆရာရဲထက် (ဘုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်
(ကွင်းကောက်မြေ)

# ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်



ဘောကျ(အူကျ)အတွက်
ဆေးနည်းတစ်လက်

ကျွန်တော်ဟာ အစိုးရဝန်ထမ်း တစ်ဦးပါ။ အားလပ်တဲ့ အချိန်တွေမှာ စာဖတ်လေ့ရှိပြီး အထူးသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးကို လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာကတည်းက ဖတ်ဖြစ်ပါတယ်။ အသစ်/အဟောင်း အားလုံး ဖတ်ပါတယ်။ ငှားဖတ်တာများပြီး အဟောင်းတွေကို အပြီးအပိုင်ဝယ်ထားပါတယ်။

စာအုပ်တွေဖတ်ပြီးရင် ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ ဂါထာတွေ၊ ကျင့်စဉ်တွေ၊ ဆေးနည်းတိုတွေ ရေးမှတ်တာ များပါတယ်၊ အကြောင်းကိစ္စကြီးငယ်ရှိရင် အသုံးပြုနိုင်အောင်လို့ပါ။ တစ်နေ့တော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးထဲက ဆေးနည်းတိုလေးတစ်ခုကို စမ်းသပ် အသုံးပြုဖို့ အကြောင်းပေါ်လာပါတယ်။ ဖြစ်စဉ်က ဒီလိုပါ...

ကျွန်တော်က ကျိုင်းတုံမြို့မှာရှိတဲ့ ဌာနတစ်ခုမှာ တာဝန်ထမ်းဆောင်ရပါတယ်။ ရုံးအုပ်ဆိုပါတော့... ကျွန်တော့်အောက်မှာ တပည့်(၃)ယောက် ရှိပါတယ်။ ကျွန်တော်နဲ့ တပည့်(၃)ယောက်ဟာ ရုံးမှာ အလုပ်တွေကို ဒေါင်ချာစိုင်းအောင် လုပ်ရပါတယ်၊ နားရတဲ့အခါလဲ ရှိပါတယ်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလလောက်က ဖြစ်မယ် ထင်ပါတယ်။ တစ်နေ့မှာ ကျွန်တော့်တပည့်တွေထဲက မောင်သိန်းထိုက်ဟာ ရုံးကို မလာခဲ့ဘူး။ ကျန်တဲ့သူတွေကို မေးကြည့်တော့ နေမကောင်းလို့ မလာတာ ဖြစ်ကြောင်း သိရပါတယ်။

တပည့် နေမကောင်းဘူးဆိုတော့ ဆရာတစ်ယောက်အနေနဲ့ ကြည့်ရှုစောင့်ရှောက်ရမယ့်ဝတ္တရား ရှိတာမို့ အခြေအနေကို သိရအောင် မောင်သိန်းထိုက်နေတဲ့ အခန်းကို လိုက်သွားခဲ့ပါတယ်။

အဲဒီကျမှပဲ အခြေအနေကို အသေးစိတ် သိရပါတယ်။ သူဖြစ်တာက ဘောကျ(အူကျ)ပြီး ကောင်းကောင်းလမ်းမလျှောက်နိုင်တာပါ။ ယမန်နေ့က ဆေးထိုးတာ (၁၀၀၀၀ိ/)ကျပ် ကုန်ကြောင်း၊ ယနေ့(၇၀၀၀ိ/)ကျပ် ထပ်ကုန်ကြောင်း၊ သက်သာမှု မရှိကြောင်း ပြောပါတယ်။

ကျွန်တော်လဲ တပည့်ဖြစ်သူ ခံစားနေရတဲ့ ဒုက္ခ၊ သူရုံးမတက်လို့ အလုပ်လစ်ဟင်းတဲ့ ဒုက္ခတွေကြောင့် မှတ်စုစာအုပ်ကိုလှန်ပြီး ဆေးနည်းတိုကို ရှာပါတော့တယ်။ တွေ့တော့ ဝမ်းသာရပါတယ်။

တစ်ခု ကြုံတင် တောင်းပန်လိုတာက အဲဒီဆေးနည်းတိုကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးထဲက ကူးတာမှန်ပေမယ့် စာရေးဆရာရဲ့ အမည်နာမကို မှတ်မထားလိုက်မိပါဘူး။ ဆေးနည်းကလည်း လွယ်ပါ။ အန္တရာယ်မရှိနိုင်တာမို့ စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

**ဆေးနည်းကတော့...**

နကျယ်အုံ (၁)ကျပ်သား ၊ လေညှင်း (၁)ကျပ်သား ] ရောကြိတ်ပြီး ဆန်ပုံရည်နှင့် ဖျော်လိမ်းပါ။

တစ်နေ့ (၂,၃)ကြိမ် လိမ်းရန် ဖြစ်ပါတယ်။

နောက်နေ့မနက်မှာ ကျိုင်းတုံမြို့မဈေးထဲမှာ လေညှင်း(၂၀ိ/)ကျပ်ဖိုး ဝယ်ပါတယ်။ (၁)ကျပ်သားတော့ ရှိမယ် မထင်ပါဘူး။ ဝယ်ပြီး သူ့အခန်းသွား သူ့ဇနီးလေးကို လေညှင်းကို ငရုတ်ဆုံနဲ့ ထောင်းခိုင်းပါတယ်။ ကျွန်တော်နဲ့ သူကတော့ အခန်းထဲမှာ နကျယ်အုံ လိုက်ရှာပါတယ်။

နကျယ်အုံဆိုတာ နကျယ်(နဂျီ)ကောင်က မြေအစိုလေးတွေ သယ်လာပြီး သူ့ဥချဖို့ လုပ်တဲ့အိမ်ပါ။ အိမ်တိုင်းမှာ ရှိနိုင်ပါတယ်။ ဒါပေမယ့် အထဲမှာ အကောင်လေးတွေရှိတဲ့အိမ် ဖြစ်မှာစိုး

 စာမျက်နှာ (၁၄၄) သို့

www.burmeseclassic.com

www.burmeseclassic.com

# မရှိုးဘူးထင်လျှင်

မုရိုးပင်ကို အားကိုးပါ

(၈-၄-၂၀၁၂)ရက်နေ့တွင် ကျွန်မနေထိုင်သော ဥယျာဉ်ခြံမြေပေါ်တွင် ချုံနွယ်များကို ဓားတစ်ချောင်းဖြင့် ရှင်းလင်းခုတ်ထွင်ပါသည်။



တန်ခိုးရှိသော မုရိုးပင်၏
အသီးအပွင့်အရွက်ပုံ ဖြစ်ပါသည်

ဂျာမနီပင် (သို့မဟုတ်) ပိစပ်ပင် အငုတ်သေးသေးလေးတစ်ခုကို ခလုတ်တိုက်၍ ခြေသလုံးတွင် လုံးပတ်နီးတစ်ပြားခန့်၊ အရှည် (၂)လက်မခန့် စိုက်ဝင်သွားပါသည်။

နှစ်ရက်ခန့် ရောင်ရမ်း၍ ပြည်တည်ပါသည်။ ပြည်များ ထွက်သွားသော်လည်း မသက်သာပါ။ ဆေးခန်းပြသောအခါ ဆေးရုံတက်၍ ခွဲထုတ်ရမည် ဖြစ်ကြောင်း သိရသဖြင့် ကြောက်ရွံ့မိပါသည်။

ထိုစဉ် မိတ်ဆွေ ဦးပေါလွင်(နဘားရွာ)မှ ချောင်းနံဘေးတွင် ပေါက်ရောက်လေ့ရှိသော မုရိုးပင်မှ အစေးဖြူဖြူများကို အုံခိုင်းပါသည်။

(၁၀)မိနစ်ခန့် ကြာသော် ဂျာမနီငုတ်မှာ ကန်ထွက်လာပါသည်။ မခွဲရ မစိတ်ရတော့ဘဲ လက်တွေ့ သက်သာပျောက်ကင်းသွားပါသည်။ ခြံစည်းရိုးတွင်လည်း စိုက်ထားလိုက်ပါတော့သည်။

ဒေသခံများက မုရိုးပင်သည် မကောင်းဆိုးဝါးကိုပင် ကာကွယ်နိုင်သည်ဟု ယုံကြည်ကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် ကျေးလက်ပြည်သူများ ဝါးစူး တုတ်စူးပါက နည်းကောင်းတစ်လက်ကို ကုသိုလ်ဖြစ် ဝေငှလိုက်ရပါသည်။

**နန်းညွန့်ခင် (ကသာ)**

စာမျက်နှာ (၁၄၃)မှ အဆက်

လို့ ရွေးချယ် ရှာဖွေရတာပါ။ တစ်အုံဆို (၁)ကျပ်သားတောင် မကပါဘူး။

အကောင်ပေါက်ပြီးတဲ့ နကျယ်အုံကို ကျွန်တော်က တုတ်နဲ့ ထိုးချပြီး တပည့်ကျော်ကလဲ ကွတာကွတနဲ့ ကောက်ရှာပါတယ်။ သူလဲ ဝေဒနာခံစားနေရတာကိုး။ ရလာတဲ့ နကျယ်အုံအစအနတွေကို ကြွပ်ကြွပ်အိတ်ထဲ ထည့်ပြီး ကြေမွသွားအောင် ထုပါတယ်။ နှစ်မျိုးစလုံး ကြေညက်သွားတော့ ဆန်ဆေးရည်နဲ့ ဖျော်ပြီး လိမ်းလို့ပြောပြီး ကျွန်တော်နေတဲ့လိုင်းခန်းကို ပြန်ခဲ့ပါတယ်။

နောက်တစ်နေ့ ရုံးချိန်ရောက်လို့ ရုံးတက်တော့ တပည့်ကျော်ဟာ ကျွန်တော့်ထက်အရင် ရုံးကို ရောက်နေပါတယ်။ ကျန်းမာရေးအခြေအနေ မေးကြည့်တော့ လုံးဝကောင်းသွားပြီ ဖြစ်ကြောင်း၊ လိမ်းခါစမှာ အတော်လေး ပူကြောင်း၊ သိပ်မကြာခင်မှာပဲ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြောင်း ပြောပါတယ်။

ငွေကြေးလဲမကုန်၊ ဝေဒနာလဲ အမြန်ပျောက်တာမို့ ဝမ်းသာပီတိ အတော်ကလေး ဖြစ်မိပါတယ်။ လက်တွေ့သုံးစွဲတဲ့ ဆေးနည်းဖြစ်တာ ခံစားနေရတဲ့ ဝေဒနာရှင်အပေါင်းလ ယုံကြည်စွာနဲ့ သုံးစွဲဖို့ တိုက်တွန်းလို တယ်။


ကျွန်တော့်အတွက်တော့ တပည့် အတွက် ကျန်းမာရေးလဲ ကောင်း ငွေကြေးလဲ မကုန်၊ ရုံးလုပ်ငန်းအတွ လဲ အဆင်ပြေတာမို့ "ကျေးဇူးတင် သည့် နက္ခတ္တရောင်ခြည်"လို့ ပြော တာထက် "ကျေးဇူးအထူးတင်ပါသ နက္ခတ္တရောင်ခြည်"လို့ပဲ ပြောလို့ ပါတော့တယ်။

**ကိုမောင်(ကွင်းကျောက်မြေ)**



www.burmeseclassic.com

www.burmeseclassic.com



◆ လွယ်မောက်တောင်

အရှင်ကုန္ဒာစက္က (ဝါ) ''ဗု–ဓ–သံ ဝါဒ''ရသေ့ကြီး ဘိုးတော်စီ၏
ကပ်ကြီး(၃)ပါး ကျော်နင်းနိုင်ရန် အဓိဋ္ဌာန်ပြု ကောလင်း

# လွယ်မောက်တောင် စေတီတော် (၁)

ဗိုလ်နောင်
(ကောလင်း)

### ဘုရားဗျာဒိတ်တော်နှင့် သာသနာအညာဆန်

ဂေါတမ ဘုရားအလောင်းတော်သည် သတ္တဝါအပေါင်း၏ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းကို ကယ်တင်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်တော်မူခဲ့ရပေသည်။

သက်တော်ထင်ရှား ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ဗျာဒိတ်တော်ပေးခဲ့စဉ်အခါက ဧရာဝတီမြစ်အနောက်ဘက်ကို **''ငါ၏ သာသနာ(၅၀၀၀) ထွန်းကားသော သုနာပရန္တတိုင်းဖြစ်လာလိမ့်မည်''**ဟူသော အချက်တစ်ခု ရှိခဲ့ဖူးသည်။

အရှင်ကုန္ဒာစက္က (ခေါ်) ''ဗု–ဓ–သံ(ဗုဒ္ဓံ–ဓမ္မံ–သံဃံ)ဝါဒ'' သစ္စာဝါဒီရသေ့ကြီး ဘိုးတော်စီသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာရေး ဦးတည်ချက် မွန်မြတ်မှန်ကန်စွာဖြင့် ဒဂုံ၊ ဥက္ကလာပ၊ ပဲခူးသာသနာ အညာဆန်လာစေခဲ့ခြင်းဖြင့် မြတ်စွာဘုရားရှင်၏ ဗျာဒိတ်ပေး လက်ညှိုးတော်ညွှန်ဟန်မတ်ရပ် ဆင်းတုတော်ကြီးကိုလည်း ခမောက်တောင်၏ ခါးလယ်ဆင့်၌ တည်ထားကိုးကွယ်ခဲ့လေသည်။

ကောလင်းမြို့နယ်သည် မြန်မာနိုင်ငံ မြောက်ပိုင်း၏ အလယ်ဗဟိုချက်ကျရာတွင် ပါဝင်သည်။ ထိုခမောက်တောင်မှ အောင်ဆုပန် ဗျာဒိတ်ပေး ဘုရားသည် ကျယ်ဝန်းလှသော ကောလင်းမြို့နယ်နှင့် **ဘုရားလေးဆူလက်ထက် (ကကုသန်ဘုရား လက်ထက် သံသယပူရပြည်၊ ကောဏာဂုံဘုရား လက်ထက် ရဋ္ဌပူရပြည်၊ ကဿပ ဘုရားလက်ထက် သင်းတွဲပြည်၊ ဂေါတမဘုရားရှင် ပွင့်တော်မမူမီ သဃ်သာရဋ္ဌပြည်ဟူ၍ အမည်အမျိုးမျိုးတို့ဖြင့် တည်ထောင်ခဲ့သော)** မြန်မာနိုင်ငံတွင် ရှေးဟောင်းအကျဆုံးဖြစ်သော တကောင်းမြို့ဘက်ဆီသို့ ညွှန်ပြနေပေသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com




နောက်နှစ်ပေါင်း (၁၀၀)ကျော်က ပေါ်ပေါက်ခဲ့သော တဘောင်တေး ပြည်တော်ဝင်**(လေးဆစ်ကဗျာ) (ပြည်တော်ဝင်ဘုရား၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု)**

- ✪ မောဝ်ရှင်နေရွှေကျောင်း ညောင်စောင်းက တောက်တဲ့အသံ၊
- ✪ ပြည်တော်စံ နိုင်ငံရေးကို ဖဝေဖို့အမှန်၊
- ✪ တရားကိုတဲ့ကျင့်ကြံ မွေကွန်စကား။
- ✪ သုံးလူရှင် မြတ်ဘုရားက ဟောတဲ့တရား။

## ဓာတ်ပေါင်းစုဘုရား၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု

သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော် ဓာတ်တော်မွေတော်များနှင့် ရဟန္တာဓာတ်တော်များကို ဘုရားစေတီ၌ ဌာပနာ၍ ဓာတ်ပေါင်းစုလျှင် အရိယာသူတော်စင်များ၊ ဝိဇ္ဇာ,ဇော်ဂျီ,တပသီများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ကြည်ညိုစွာ ကိုးကွယ်ရန် လာရောက်စုကြမည်။

ထိုကဲ့သို့ လာရောက်စုကြလျှင် ရဟန်းရှင်လူ အများပြည်သူတို့ ဘုရားစေတီကို အထူးကြည်ညို ကိုးကွယ်ဖို့ လာရောက်စုကြမည်။

ထိုကဲ့သို့ ဘုရားစေတီကို အထူးကြည်ညိုကိုးကွယ်ရန် လာရောက်စုကြလျှင် ကပ်ကြီး(၃)ပါးမှ ကျော်လွှားနိုင်ပြီဖြစ်၍ ဘုရားရှင် ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်းသာ သာသနာငါးထောင် တည်တံ့ခိုင်မြဲလိမ့်မည်မှာ ကေန် ဖြစ်သည်။

## ငါးမည်ရတောင်တော်

ကောလင်းမြို့၏ အနောက်ဘက် လေးမိုင်အကွာ၌ တည်ရှိသော တောင်တော်ကို ခမောက်ပုံသဏ္ဍာန် ရှိသောကြောင့် **ခမောက်တောင်၊ လွဲမောက် (လွှယ်မောက်)**ရွာအနီးတွင် တည်ရှိ၍ ရွာကို အစွဲပြုကာ လွှယ်မောက်တောင်၊ တောင်အထက်ပိုင်းကို နဂါးရုပ်တုကြီး (၄)ခု ထုလုပ်ရစ်ပတ်ထားသောကြောင့် နဂါးရစ်တောင်...

မြစိမ်းတောင်၏ တောင်ဘက်တွင် ရှိပြီး အဝေးက ကြည့်လျှင် စိမ်းညို့ညို့ မှိုင်းပျပျ နေသောကြောင့် မြစိမ်းတောင်...

သာသနာပြု သူတော်စင် ရသေ့ကြီး ဘိုးတော် ဦးစီသည် ထိုတောင်ထိပ်၌ ဘုရားတည်ခြင်း၊ ကျောင်း,ကန်,ဇရပ် စသော သာသနာအဆောက်အအုံများ ပြုပြင် တည်ဆောက်ခဲ့ခြင်းများကြောင့် ဦးစီတောင်ဟု လည်းကောင်း အမည်ငါးမျိုးခေါ်ဝေါ်ခြင်း ပြုကြ၏။

မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်၌ တောင်ပေါ် ရသေ့ကြီး ဘိုးတော်စီ ကြီးမှူး၍ ကျောင်း,ကန်,ဇရပ်,ဘုရားစေတီများ တည်ထားကိုးကွယ်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် လွှယ်မောက်တောင်တော်၏ ပထမအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။

## လွှယ်မောက်တောင်နှင့် ကမ္ဘာ့ရန်ပြေ မာန်ပြေ (ခေါ်) ပြည်လုံးကျောက်ထီး ဘုရားစေတီတော်


**"လွှယ်မောက်"**ဟူသော စကားလုံးမှာ ရှမ်းတိုင်းရင်းသား ဘာသာစကားဖြစ်ပြီး မြန်မာဘာသာစကားဖြင့် ပန်းစုံပေါ်သည့် တောင်တော်ဟု အဓိပ္ပာယ်ရရှိပါသည်။

မြေပြင်မှ တောင်ထိပ်ထိ (၆၀၃)ပေ မြင့်ပါသည်။ လွှယ်မောက်တောင်ထိပ်




www.burmeseclassic.com

www.burmeseclassic.com



◆ ရသေ့ကြီး ဘိုးတော်စီ၏
ရှားပါးစာအုပ်တစ်အုပ်



◆ လက်ရှိ လွယ်မောက်တောင်
သာသနာပြုဆရာတော် ဘဒ္ဒန္တ ကောဝိဒ

တွင် ဉာဏ်တော်(၉)တောင်ရှိ စေတီ ပောင်းကိုငုံပြီး ၁၃၀၇ ခုနှစ်ကစ၍ ကျောက်ထီးစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့ပါသည်။

ထူးခြားဆန်းကြယ်သည်မှာ တောင် ထိပ်တွင် စေတီတည်ချခြင်းမျှသာ မဟုတ်ဘဲ တောင်အထက်ပိုင်းတစ်ခု လုံးကို စေတီတော်ပစ္စယံပြုပြီး စေတီ တည်ခြင်း ဖြစ်ပါသည်။

တောင်ထိပ်တွင် ဉာဏ်တော်အမြင့် (၃၆)တောင်ရှိသည့် ကျောက်ထီးတော် ကြီးနှင့် တောင်ထိပ်မှ အောက်ဘက် သို့ (၇၂)တောင်ကို စေတီတော်ပစ္စယံ (၄)ဆင့်အဖြစ် နဂါး(၄)ကောင်က တောင်တော်ကို ရစ်ပတ်ခွေ၍ စောင့် ရှောက်နေသည့်သဏ္ဌာန် တည်ထား ပါသည်။ (၃၆ + ၇၂ =၁၀၈)ဖြစ်ပြီး စုစုပေါင်း ဉာဏ်တော်အမြင့်မှာ (၁၀၈) တောင် ဖြစ်ပါသည်။

**ဥပမာ ။ ။ နဂါးရုံဘုရားဆိုလျှင် ဘုရားကို ပလ္လင်အဖြစ် ရစ်ခွေအုပ်မိုး ထားသော နဂါးကြီး၏ အောက်ခြေ မှ ထိပ်ဆုံးနဂါးမောက်အထိ ဉာဏ် တော်ကို တွက်ယူသည့် သဘောမျိုး ဖြစ်ပေသည်။**

ဘုရားတည်ရန် တောင်ပေါ်၌ စတင်နေရာ ရှင်းလင်းစဉ်က အင်ပင်၊ ကညင်ပင်ကြီးများမှာ အချို့ လူနှစ် ယောက်ဖက်စာမျှ ကြီးမားခြင်း ရှိသည် ဆို၏။ ရသေ့ကြီး ဘုရားတည်ရာ၌ ရှမ်းတိုင်းရင်းသားထု၏ အကူအညီများ များစွာရရှိခဲ့သည်ဟု သိရ၏။

ရသေ့ကြီး ဦးဆောင်ပြီး ပင်လည် ဘူးနှင့် အခြားမြို့နယ်များမှ ရှမ်းတိုင်း ရင်းသားများ ဗမာများက ကျောင်း၊ ကန့်၊ ဇရပ် စသည်တို့ကို တည်ဆောက် ရာ၌ စုပေါင်းစနစ်ဖြင့် တည်ဆောက်ခဲ့ ခြင်းဖြစ်၏။


စတင် တည်ဆောက်ခဲ့စဉ်က လက်ရာကောင်းမွန်သော ပန်းရန်ဆရာ တစ်ဦးကိုသာလျှင် ငြင်ပမှ ငွေရမ်း သုံးစွဲရသည်ဆို၏။

အရှင်ကုန္ဒာစက္က (ခေါ်) ထီးတော် အောင်ရသေ့ကြီး ဘိုးတော်စီက ဤ ကမ္ဘာရှိန်ပြေမာန်ပြေ (ခေါ်) ကျောက် လုံးကျောက်ထီးစေတီတော်ကို တည်ရ ခြင်း အကြောင်းရင်းမှာ ဝေနေယျ သတ္တဝါအပေါင်းတို့ ဘေးရန်ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းချမ်းသာကြရန်၊ ကပ်ကြီးသုံးပါးကို ကျော်နင်းနိုင်ကြစေ ရန် ရည်စူး၍ အဓိဋ္ဌာန်ပြု တည်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ထိပ် ကမ္ဘာ့ဘုန်းပြေမာန်ပြေဘုရား (ဝါ) ပြည်လုံးကျော်ထီးစေတီတော်

ခြင်းဟု သိရ၏။

စိန်ဖူးတော်ကို ကောလင်းမြို့ မြောက်အင်းရပ်ရှိ စိန်ဖူးကျောင်း၌ ထီးတော်မတင်မီကပင် ဘုရား အနေကဇာကို တင်ထားခဲ့သည် ဟုဆို၏။

မူလသာသနာပြု

ရသေ့ကြီးဘိုးတော်စီနှင့်

သာသနာရေးဆောင်ရွက်ချက်အချို့

ရသေ့ကြီး ဘိုးတော်စီ၏ ဇာတိမှာ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကောက်ရိုးပုံရွာဖြစ်၏။ ကောလင်းသူ ဒေါ်မမကြီးနှင့် အကြောင်းပါခဲ့၏။ စာပို့လုလင် လုပ်ကိုင်ခဲ့ဖူး၏။ ရဟန်းဘောင်တက်ပြီး ရန်ကုန်ရွှေတိဂုံအရှေ့ဝေဠုဝန်ကျောင်းတိုက်တွင် ဝါတွင်းသုံးလ ပိဋကတ်စာပေများ အထူးတလည် သင်ယူသွားခဲ့ဖူးကြောင်း၊ ကျမ်းဂန်စာပေဘက်တွင် အလွန်ထူးချွန်တော်မူကြောင်း သိရှိရသည်။

လောကဓာတ် ဆေးဆရာကြီးအဖြစ် တောင်အင်းရပ်၊ ကောလင်းတွင် လုပ်ကိုင်ခဲ့ဖူးသည်။ ၁၃၂၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည်။ ရသေ့ကြီးကို အများပြည်သူတို့က ထွက်ရပ်ပေါက်သည်ဟု ယုံကြည်နေကြသည်။

ရသေ့ကြီး ဘိုးတော်စီ သက်ရှိထင်ရှားရှိစဉ်က သာသနာရေးဦးတည်ချက်နှင့် အဓိဋ္ဌာန်ချက်များ ရှိနေခဲ့သည်။ တောင်ဝှေးချိုနှင့် မြောက်ဝှေးချိုကြားတွင် ဘုရားတည်ရမည်ဟု သူ့ဆရာ ဘိုးမင်းခေါင်က အဆိုရှိခဲ့၏။

ဘိုးတော်စီက ထိုဝှေးချိုရွာ နှစ်ရွာကြားက လွယ်မောက်တောင်တွင် ရောင်ခြည်လွှတ်သည့် ဉာဏ်တော် (၁)တောင်ခန့် ကျောက်ဆင်းတုငုတ်တိုကို တွေ့ရှိခဲ့သည်။ ကိုးတောင်ပြည့်စေတီနှင့် ကျောက်ဆင်းတုတော်ကို ဆရာ ဦးရွှေလူနှင့် ပန်းတင်ရွာသား ဦးချိုတို့နှစ်ဦး တည်ထားခဲ့သည်။ သူတို့ကား မရှိကြတော့ပြီ။

ထို့ကြောင့် ဘိုးတော်စီက ထိုဘုရားငုတ်တိုနေရာတွင် ဘုရားထပ်မံတည်ရန် ဦးချို၏ သားသမီးများထံ တောင်းခံခဲ့၏။ ဘုရားကို ငုံ၍ တည်ရမည်ဟုဆိုကြ၏။

နတ်ရှင်တောင်ဆရာကြီး ဗန်းမော်အောင်နှင့်လည်း တိုင်ပင်ခဲ့၏။ ဘိုးတော်စီက လွယ်မောက်တောင်၌ ဘုရားတည်ရန် ကောလင်းရုံးတွင် တရားဝင် လျှောက်ထားခဲ့သည်။

ဘိုးတော်စီ၏ ဆရာများတွင် မင်းကြမ်းဆရာတော်၊ မန်လည်ဆရာတော်တို့လည်း ပါဝင်ကြ၏။ လွယ်မောက်တောင်သည် ဘိုးတော်စစ်ကဲ၏ တောင်ဖြစ်၏။

နတ်ရှင်တောင်တော်တိုးတော်၊ အခြားတော်တို့နှင့်လည်း ဆက်နွှယ်နေခဲ့၏။ ဘိုးတော်စစ်ကဲဂူလည်းရှိ၏။ ဘိုးတော်စစ်ကဲသည် ၁၉၉၁ ခုနှစ်က ပြန်ရောက်လာကြောင်း ယုံကြည်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်စီသည် ဒဂုံ၊ ဥက္ကလာ သာသနာကို အညာသို့ ဆန်လာစေခဲ့သည်၊ တစ်ရာ့ရှစ်တောင် စက်လက္ခဏာ အတိတ်တဘောင်နှင့် နိမိတ်ဆောင်ကာ တစ်ရာ့ရှစ်တောင်ဘုရား တည်ထားရန် ခေတ်ကာလ အချိန်မရသဖြင့်…

မူလ ခမောက်တောင်၏ ပုံသဏ္ဌာန်မှာ စေတီဘုရားနှင့်အလား ဆင်သဖြင့် ခမောက်တောင်ကို တစ်ရာ့ရှစ်တောင်ဘုရား အမှတ်အသားပြု၍ ထီးတော်တင်ရန် ဓာတ်နဝင်းအခြေခံကာ ထီးတော်အား ဘုရားတည်မှသာ နဝင်းဓာတ် အတိတ်တဘောင်အရ သတ္တဝါအများ ကပ်သုံးပါးမှ လွတ်မြောက်မည် အမှန်ဖြစ်သည်။


စေတီတော်နှင့် တောင်တော်ကို ဂဠုန်ကြီးလေးကောင်၊ နဂါးကြီးလေးကောင် စောင့်သည့်ဟန် ရုပ်တုကြီးများ ထုလုပ်ထား၏။

''**ပု–ဒိ–အာ**'' ဗု–ဓ–သံ–ဝါဒ အရဟန္တအရိယာ ဝိဇ္ဇာမဟိဒ္ဓိဂိုဏ်းတော်ကြီး၏ ထုံးမိန့်၊ ဘုရားရှင်၏ ဓာဒိတ်၊ ဘုရားရှင်၏ဓာတ်တော်၊ ရဟန္တာဓာတ်တော် အစစ်များစွာ ပါဝင်သည်။

(၁)ငွေသားအစစ်ထီးတော်၊ (၂)ငွေသားအစစ် ငှက်မြတ်နားတော်၊ (၃)ဘိုးတော်ဆရာကြီး (ခေါ်) ဝရဇိန် ရောင်လျှံတော်။ ပလ္လင်တော်က ရွှေသား ငွေသား နဝရတ်ကိုးပါး ပတ္တမြားအစစ်များစွာ ပါသည်ဟု စာအဆိုရှိ၏။

## စည်ကားသိုက်မြိုက်သော ...ည်မောက်တောင်ဘုရားပွဲတော်ကြီး

စတင် တည်ဆောက်ခဲ့စဉ်က ဘုရား ...သာသူတို့ တည်းခိုနားနေ အပန်းဖြေ



◆ မင်းတက်ကျောက်မျှားနှင့် မင်းတက်ကျောက်မျှားဘုရား

◆ မင်းချမ်းဆရာတော်ကြီးပုံတော်





www.burmeseclassic.com

www.burmeseclassic.com



◆ အကျော်ကျ ဆရာတော် (ဓါ)
ရသေ့ကြီးဘိုးတော်ဦး

နိုင်ရန် အစုစု ဇရပ်(၆)ဆောင် တည်ဆောက်ထား၏။ တောင်တော်အတက် လှေကားတွင် စောင်းတန်းများ တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ပွဲတော်ရက်မှာ ဘုရားပွဲတော်ရာသီ၌ (၅)ရက် ကျင်းပမြဲဖြစ်၏။ ပွဲလမ်းသဘင် ဈေးဆိုင်ကနား စုံလင်စွာဖြင့် အကြီးအကျယ် ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်၏။

၁၃၅၄ ခုနှစ်တွင် စုပေါင်းမဟာဘုံကထိန် ပွဲတော်ကို (၂၅)ကြိမ်မြောက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်တိုင်း အာဟာရဒါနပြုသည့် နိဗ္ဗာန်ဈေးပွဲတော်ကို (၉)ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။

လွယ်မောက် တောင်ခြေရှိ ရွာကို ခမောက်တောင်ကျေးရွာဟု အမည်ပေးထားပြီး စတည်စဉ်က အိမ်ခြေတစ်ရာမျှသာရှိခဲ့ရာ ယခုအခါ အိမ်ခြေ (၁၈၀)ကျော်ခန့် ရှိနေပြီဖြစ်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**မိုးနောင် (ကောလင်း)**




◆ လွယ်မောက်တောင်နှင့် နတ်ရှင်တောင် သွားလမ်းမြောက်ဘက်ရှိ ခုတိယ ကောလင်းမြို့ (ဓါ) ရွာမရွာနှင့် ရတနာပုံမြို့နေ ဆွေလှိုင်ကောလင်း မြို့စားမင်းကြီး မဟာမင်းခေါင်နော်ရထာ ဆောက်လုပ်ခဲ့သည့် ကန်တော်ကြီးလှနှင့် ထန်းတော သာယာပုံ



www.burmeseclassic.com

www.burmeseclassic.com



◆ မီးကွင်းဂမုန်းမျိုးဆင်းတစ်ကွက်



အရွယ်ရောက်လာပြီဖြစ်သော မီးကွင်းဂမုန်းပင် ◆

# မီးကွင်းဂမုန်း

## ဆေးအသုံး

မီးကွင်းဂမုန်းပင်ဟု ဆိုသော်လည်း ထိုအပင်တွင် ဥ မရှိပါ။ အပင်ငယ်မျိုး ဖြစ်ပြီး နာနတ်ပင်နှင့် ဆင်တူသည်။ အရွက်သည် ပျော့ပျောင်း၍ အပေါ်ပိုင်းသည် အစိမ်းရောင်ရှိပြီး အောက်ဘက် ၌ မရန်းရောင်၊ ခရမ်းရောင် ရှိသောကြောင့် အရွက်တွင် အရောင်နှစ်မျိုး ရှိသောအပင် ဖြစ်လေသည်။

အိမ်၌ စိုက်ထားလျှင် နှစ်ရှည်ခံပြီး နှစ်နှစ်၊ သုံးနှစ်အရွယ်တွင် အပင်ခြေ၌ အပင်ပွားလေး ထွက်လာတတ်သည်။ ထိုအပင်ပွားများကို ခွဲ၍စိုက်ပျိုးနိုင်သည်။

မီးကွင်းဆိုသည့်အတိုင်း အပူကြောင်းခံ၍ ဖြစ်သော အပူလောင် မီးလောင်နာများတွင် အုံဆေးအဖြစ် အရွက်ကို သကြားနှင့် ရောထောင်းကာ အနာကို အုံပေးနိုင်သည်။

ငွေငါးပါးကို သကြားနှင့် ဆတူ ရော၍ ပြုတ်သောက်လျှင် ဝမ်းလျှော၊ ဝမ်းပျက်၊ ဝမ်းကိုက်ရောဂါတွေကို သက်သာပျောက်ကင်းစေ၍ အရွက်ကို ရေနွေးဖြော သုပ်စားခြင်း၊ အတို့အမြှုပ် လုပ်စားခြင်းဖြင့်လည်း မီးယပ်သွေးလွန် ရောဂါ၊ ဆီးတွင်းသွေးပါရောဂါ၊ ချောင်းဆိုးသွေးပါစသော သွေးဖောက်ပြန်သော ရောဂါများကို သက်သာ ပျောက်ကင်းနိုင်သည်ဟု လေ့လာသိရှိရပါသည်။

သွေးဖောက်ပြန်၍ ဖြစ်သော ရောဂါနှင့်ပတ်သက်၍ သွေးဝမ်းသွားသော ရောဂါအတွက် အရွက်သတ္တုရည် ဟင်းစားဇွန်းတစ်ဇွန်းကို နံနက်၊ ည ပုံမှန် သောက်ပေးလျှင် သုံးရက်လောက်နှင့် သက်သာပျောက်ကင်းနိုင်သည်။

ထိုသွေးဝမ်းသွားသော ရောဂါသည် အလွန်စိုးရိမ်စရာ ရှိပါသည်။ ဝမ်းတွင်းမှ သွေးတို့ကို စအိုမှ ရေပွတ်နှင့် ပန်းသကဲ့သို့၊ ဆေးထိုးပြွန်နှင့် ပန်းသကဲ့သို့ ထွက်ပြီး အင်မတန် အားအင်ကုန်ခန်းသော ရောဂါဖြစ်သည်။ အတွင်းလိပ်ခေါင်းဟူ၍လည်း ခေါ်၏။

အနောက်တိုင်းနည်းဖြင့် ကုသလျှင် ခွဲစိတ်ကုသမှုပြုခြင်း ခံရနိုင်သည်။ မြန်မာ့နည်းဟန်ဖြင့် သက်သာပျောက်ကင်းလိုလျှင် ဇီဝိတဒါနအနေဖြင့် ကျွဲ၊ နွားတို့၏ အသားကို အသက်ထက်ဆုံး စားသုံးခြင်း မပြုတော့ဘဲ ဘုရားတွင် အဓိဋ္ဌာန်ပြု စွန့်လွှတ်ကာ **မီးကွင်းဂမုန်း အရွက်သတ္တုရည်ကို နံနက်၊ ည ပုံမှန် ရက်တစ်ပတ်မျှ နေ့စဉ် စတီးဇွန်းတစ်ဇွန်းမျှ သောက်သုံးလိုက်လျှင်** သိသာစွာ သက်သာပျောက်ကင်းသွားနိုင်ကြောင်း ရောဂါအရှင်းပျောက်ကင်းခဲ့သော မန္တလေးမြို့ မြောက်ပြင်မှ ဦးသောင်းရွှေထံမှ သိရှိခဲ့ဖူးပါသည်။


မြင့်ဟိန်းကျော် (ကသာမြို့)



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၃)မှ အဆက်




◆ မြတ်စွာဘုရားရှင်၏ ခြေသန်းတော်အား ဌာပနာတည်ထားသောစေတီ

အရာခပ်သိမ်းတို့အတွက် သစ္စာ ဆို၍ ဆုတောင်းပါက အောင်မြင်မှုများ ရရှိကြောင်း သိရှိရပါသည်။

ယခု ဖော်ပြပါ ညောင်ပင်ကြီးသည် ဖက်ဆစ်ဂျပန်ခေတ်တွင် အများပြည်သူများ ဤညောင်ပင်ကြီးအောက်တွင် ပုံးခိုရာ အားလုံး ပုံးမှန်၍ ညောင်ပင်အောက်တွင် သေဆုံးကုန်ကြလေရာမှ အစပြု၍ ဘိုးဘွားများအား ရည်မှန်း၍ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပလာခဲ့သည်မှာ ဤနှစ်ဆိုပါက (၅၂) ကြိမ် ပြည့်ခဲ့ပါသည်။

နှစ်စဉ်နှစ်တိုင်း သံဃာအပါး (၅၀၀) ကျော်တို့ကို လောင်းလှူခဲ့ပါသည်။ ဆုတောင်းပြည့် ဘုရားအတွင်းတွင် ဆုတောင်းပြည့် ဆင်းတုတော်ဘုရားကြီးမှာ ဒုတိယအကြီးဆုံးဘုရား ဖြစ်ပါသည်။ ချမ်းသာကြီးဘုရားဝိုင်းထဲမှ ဆင်းတုတော်မှာ ပထမကြီးဆုံးဘုရား ဖြစ်ပါသည်။

ဤဆုတောင်းပြည့် ဘုရားဝိုင်းထဲတွင် ကဆုန်ဘုရားသည်လည်း အင်မတန် တန်ခိုးကြီးပါသည်။ ကျွန်တော် ဓာတ်ပုံရိုက်ကူးချိန်တွင် ဘုရား ဘက်စုံပြုပြင်နေသောကြောင့် ကဆုန်ဘုရားအား ရပ်ကွက်ထဲ ယာယီ ဒေသစာရီ လှည့်လည် ကိန်းဝပ်စံပယ်နေ၍ ဓာတ်ပုံရိုက်ကူးခွင့် မရခဲ့ပါ။

ဤဘုရားကြီး ပြုပြင်ရန်အတွက် တစ်နှစ်တစ်နှစ်တွင် ကဆုန် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာတွင် ကဆုန်ဘုရားသည် လှည့်လည် အပူဇော်ခံရာမှ အလှူခံဝတ္ထုငွေဖြင့် ဆုတောင်းပြည့် ရွှေစေတီဘုရား ဘက်စုံ ပြုပြင်ရခြင်းဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်မှ ပြောပြပါသည်။

ဤဘုရားစေတီ၏ အနောက်တောင် ထောင့်တွင် ရေသဖန်းပင်မှာ ဘယ် လောက်ခုတ်ခုတ် မသေဘဲ ပြန်ပြန် ပေါက်ပြီး ရေသဖန်းသီးများဖြင့် ပူဇော် ကန်တော့လျက် ရှိပါသည်။

သို့ပါသောကြောင့် မိမိတို့ လိုအင် ဆန္ဒများ ပြည့်ဝစေရန်အတွက် မယ် သေးသော အများပြည်သူများ ဖူးမြော် နိုင်ရန်အတွက် မြတ်စွာဘုရားရှင်၏ ခြေတော်ရာ အစအန အစစ်ဖြစ်သော ခြေသန်းတော်အား ပူဇော်ကန်တော့ နိုင်ကြပါစေရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ရေးသား ဖော်ပြလိုက်ရ သည်။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် ပြည့်စုံနိုင်ကြပါစေ

**မင်းဘူး မြင့်မောင်**
***(အသေးစား ချေးငွေလုပ်ငန်း)***



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အားမာန်တိုင်းရင်းဆေးခန်း

# ဆရာမ ဒေါ်မြတ်နန္ဒာလင်း

(တဆ-၀၄၈၀၄)နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော

# အဝလွန်ရောဂါ

သွေးတိုးရောဂါ သိကောင်းစရာများနှင့် ကုထုံး

မြောင်းမြ
မောင်ယဉ်တင့်



◆ ဆရာမ ဒေါ်မြတ်နန္ဒာလင်း (တဆ-၀၄၈၀၄) အားမာန် တိုင်းရင်းဆေးခန်း တိုက်(A-3)၊ အခန်း(005)၊ ရွှင်သာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဝလွန်ခြင်းဟာ ရောဂါတစ်ခု မဟုတ်ပေမယ့် အဝလွန်သူများ ဖြစ်တတ်တဲ့ နောက်ဆက်တွဲရောဂါတွေက သွေးတိုးရောဂါနဲ့ လေငန်းရောဂါ၊ ဆီးရောဂါအမျိုးမျိုးနဲ့ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆစ်ရောင်အဆစ်ကိုက် လေးဖက်နာရောဂါ၊ အရိုးအဆစ်ဆိုင်ရာ ရောဂါတွေကို အများဆုံး ဖြစ်တတ်ကြပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ကို ရောက်တဲ့အခါ အဝလွန်ရောဂါနဲ့ သွေးတိုးရောဂါ သိကောင်းစရာများရဲ့ ကုထုံးကို ဆွေးနွေးဖို့ ဆရာမ ဒေါ်မြတ်နန္ဒာလင်းကို သွားရောက် တွေ့ဆုံခဲ့ပါတယ်။

ဆရာမ ဒေါ်မြတ်နန္ဒာလင်းက အတိုး ပရမတ္ထမဟာဘိသင်္ကဘွဲ့ရ ဆရာကြီး ဦးထွန်းမြတ်နဲ့ ဖခင် သမားတော်ကြီး ဦးမောင်မောင်သန်း (အားမာန်)တို့ရဲ့ မျိုးဆက်သစ် ဖြစ်ပါတယ်။ ဆေးကုသက် (၁၁)နှစ်ခန့် ရှိပြီဖြစ်တဲ့ ဆရာမ ဒေါ်မြတ်နန္ဒာလင်းနဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှကိုလည်း တင်ပြလိုက်ပါတယ်။

▲ 'ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးချင်တာကတော့ အဝလွန်ရောဂါနဲ့ သွေးတိုးရောဂါ အကြောင်းတွေကို ဆွေးနွေးမှာပါတယ်။ ခု ပထမ အဝလွန်ရောဂါအကြောင်းကို ဆွေးနွေးပါမယ်။ အဝလွန်တာကို ရောဂါလို့ ဆိုနိုင်ပါသလား ဆရာမ'

❍ 'အဝလွန်တာကို တကယ်တော့ ရောဂါလို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် သာမန်ဝတာထက် အဝလွန်ခဲ့ရင် ဆေးပညာမျက်စိနဲ့ ကျန်းမာရေးရှုထောင့်က ကြည့်ရင် ရောဂါတစ်ခုလို့ ပြောရင်လဲ ရပါတယ်။

ဘာကြောင့်လဲဆိုရင် ခန္ဓာကိုယ် တည်ဆောက်မှု ရှိသင့်ရှိထိုက်တာထက် ပိုပြီး ဝလွန်းတဲ့သူတွေဟာ ပုံမှန် ခန္ဓာကိုယ်ရှိသူတွေထက် ရောဂါ ထူပြောတတ်လို့ပါပဲ'

▲ 'အဝလွန်ခြင်းဟာ မျိုးရိုးလိုက်ပြီး ဖြစ်တတ်ပါသလား ဆရာမ။ ဒါမှမဟုတ် ဘာကြောင့်ဖြစ်တာလဲ သိပါရစေ'

❍ 'အဝလွန်ခြင်းဟာ မျိုးရိုးလိုက်ပြီး ဖြစ်တဲ့ရောဂါမျိုး မဟုတ်ပါဘူး။ ဒါပေမယ့် မိဘက ဝလွန်းတဲ့သူတွေဖြစ်မယ် မိဘကစပြီး အစားအသောက်၊ အနေအထိုင် မဆင်ခြင်ဘဲ သားသမီးကို အစားအသောက် အနေအထိုင် အလိုလိုက်မယ်ဆိုရင်တော့ မိဘနဲ့အတူ ဝတဲ့သူတွေ ရှိနေကြပါတယ်။

မိဘနှစ်ပါးက ဘယ်လောက်ဝတဲ့သူ





www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်ပါစေ၊ မျိုးဆက်သစ် သားသမီးတွေကိုယ်တိုင် အစားအသောက် အနေအထိုင် ဆင်ခြင်ရင် အဝလွန်ရောဂါ မဖြစ်ကြပါဘူး။ မိဘနှစ်ပါး အဝလွန်ပေမယ့် သားသမီးတွေဟာ အဝမလွန်တဲ့သူတွေ ရှိနေကြပါတယ်'

▲ 'အဝလွန် အဆီတိုးခြင်းဟာ ဘာကြောင့် ဖြစ်တာပါလဲ ဆရာမ'

❍ 'အဆီတိုး အဝလွန်ခြင်းဟာ ဘာကြောင့်ဖြစ်သလဲဆိုရင် (၁) အေး, ချို, ဆိမ့် အရသာရှိတဲ့ အစာအာဟာရတွေကို လွန်ကျူးစွာ စားသုံးခြင်း၊ အဆီဓာတ်ပေါများတဲ့ အသားများ, ဝမ်းတွင်းကလီစာများ, နို့ထွက်အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း။ (၂) ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း။ (၃) နေ့အခါ အအိပ်များခြင်း။ (၄) ကိုယ်တွင်းဟော်မုန်းဓာတ်များ အပြောင်းအလဲ ရှိခြင်းတို့ကြောင့် အဝလွန်ခြင်း၊ အဆီတိုးခြင်း ရောဂါ ဖြစ်လာရခြင်း ဖြစ်ပါတယ်။

ရှေး တိုင်းရင်းသမားတော်ကြီးများက စာပေလက်ာနဲ့ မှတ်တမ်းတင်ထားရှိပါတယ်။ အဲဒီ လင်္ကာကဗျာကတော့...

"အေးချိုဆိမ့်ခွဲ၊ ကြေကျက်ခဲကို၊ အမြဲစားလျက်၊ နေ့အိပ်စက်၍၊ ကိုယ်လက်လှုပ်ရှားလွန်နည်းပါးသူ၊ လူကားဝ၏၊ အားမရှိဘဲ ဗျဝိထူပြော၊ ရောဂါပေါ်သည်၊ ဝသောသူ၏ အပြစ်တည်း"

လို့ စာပေလက်ာနဲ့ မှတ်တမ်းတင်ထားခဲ့ကြပါတယ်'

▲ 'အဆီတိုး အဝလွန်သူများရဲ့ ဖြစ်ဆဲလက္ခဏာများကို သိပါရစေ ဆရာမ'

❍ 'အဆီတိုး အဝလွန်သူများရဲ့ ဖြစ်ဆဲလက္ခဏာတွေကတော့...

(၁) အာခြောက်ပြီး ရေ မကြာခဏ ငတ်ခြင်း၊
(၂) ဆီး အသွားများခြင်း၊
(၃) ချွေးထွက်လွန်ခြင်း၊
(၄) ကိုယ်သားကိုယ်ရေ အေးစက်နေခြင်း၊
(၅) အသားပွခြင်း၊
(၆) ကိုယ်ငွေ့မရှာဘဲ ဉာဏ်ဓာတ်တေဇောအားနည်းခြင်း၊
(၇) မောပန်းလွယ်ခြင်း၊
(၈) နေအိမ်အမြင့်, ကုန်းအမြင့် မတက်နိုင်ခြင်း၊
(၉) အေး,ချို,ဆိမ့် အစားအစာ နှစ်သက်ခြင်း၊
(၁၀) ငိုက်မျဉ်းခြင်း၊
(၁၁) တွေဝေခြင်း, မူးနောက်ခြင်း, ခေါင်းကိုက်ခြင်း၊
(၁၂) ကိုယ်သားကိုယ်ရေ ယားယံခြင်း၊
(၁၃) အရေပြားတွင် အနာပေါက်ခြင်း၊
(၁၄) အသံပြာခြင်း, အသံတိမ်ခြင်း၊
(၁၅) ဗိုက်ခေါက်ထူခြင်း

စတဲ့ လက္ခဏာတွေဟာ အဝလွန်သူများ ဖြစ်ဆဲလက္ခဏာတွေပဲ ဖြစ်ပါတယ်'

▲ 'အဆီတိုး၊ အဝလွန်သူများ ဖြစ်လေ့ဖြစ်ထရှိတဲ့ နောက်ဆက်တွဲ ရောဂါများကို ပြောပြပေးပါဦး'

❍ 'အဆီတိုး၊ အဝလွန်သူများ ဖြစ်တတ်တဲ့ နောက်ဆက်တွဲ ရောဂါများကတော့...

(၁) ယားနာအမျိုးမျိုး ပေါက်တတ်ခြင်း၊
(၂) အစာမကြေရောဂါဖြစ်ခြင်း၊
(၃) နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ခြင်း၊
(၄) သွေးတိုးရောဂါနှင့် လေငန်းရောဂါဖြစ်ခြင်း၊
(၅) ဆီးရောဂါအမျိုးမျိုးနှင့် ဆီးချိုရောဂါဖြစ်ခြင်း၊
(၆) လိပ်ခေါင်းရောဂါဖြစ်ခြင်း၊
(၇) အနာနှင့် အဖုအကျိတ် ပေါက်ခြင်း၊
(၈) ချောင်းဆိုးရင်ကျပ်ရောဂါ ဖြစ်ခြင်း၊
(၉) သွေးယားကွက်ထခြင်း၊
(၁၀) အဆစ်ရောင်, အဆစ်ကိုက်လေးဖက်နာရောဂါဖြစ်ခြင်း၊
(၁၁) သည်းခြေ ကျောက်တည်ရောဂါ ဖြစ်ခြင်း၊
(၁၂) အရိုးအဆစ်ရောဂါနဲ့ ကင်ဆာရောဂါ ဖြစ်တတ်ခြင်း

စတဲ့ နောက်ဆက်တွဲ ရောဂါတွေ ဖြစ်တတ်ပါတယ်'

▲ 'အဝလွန်ရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'

❍ 'အဝလွန် အဆီတိုး ရောဂါရှင်များရဲ့ ကုထုံးနဲ့ ဆေးချက်ကတော့ ပထမ အစားအသောက် အနေအထိုင်ကို ပြုပြင်ပြီး ဓာတ်စာ ဆေးများနဲ့ ကုသရပါတယ်။

အဝလွန် အဆီတိုး ရောဂါရှင်များကို အေး, ချို, ဆိမ့်, ခွဲ အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်စေပါတယ်။ ချို, ချဉ်, ငန်, ခါး, စပ်, ဖန်(ဆိမ့်) စတဲ့ ရသာခြောက်ပါးကို မျှတအောင် စားစေပါတယ်။

နေ့ဘက်မှာ အိပ်ခြင်းမှ လုံးဝ ရှောင်ကြဉ်စေပါတယ်။ လမ်းလျှောက်ခြင်း သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုမျိုးကို ပြုလုပ်စေပါတယ်။

နံနက်စောစော အိပ်ရာထမှာ ပျားရည်ကောင်းနဲ့ ရေကျက်အေးကို ရောက်ရည်နဲ့ ရောစပ်ပြီး ရောက်ဖျော်ရည်ကို နေ့စဉ် သောက်စေပါတယ်။ အစားလဲဆေး၊ ဆေးလဲအစာ ဆိုသလို အစားအစာ အနေအထိုင် ပြုပြင်ပြီး အဆီကျ အသားကျစ်ဆေး တိုက်ကျွေး





www.burmeseclassic.com

www.burmeseclassic.com

ကုသပါတယ်။

အဝလွန်သူများကို သီတနာ၊ သီတလက္ခဏာလို့ တစ်ဖက်သတ် ဆုံးဖြတ်ပြီး အပူဆေးများနဲ့သာ မကုသသင့်ပါဘူး။ အပူ၊ အအေးမျှတဲ့ ဆေးများနဲ့ တိုက်ကျွေး ကုသရပါတယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၇) သွေးဆေးနီကြီး (၁)ကျပ်သား၊ ဆေးအမှတ်(၂၈) သက်ရင်းကလာပ်ဆေးကြီး (၁) ကျပ်သား၊ ဆေးအမှတ်(၂၉) သံဗ္ဗဇေယျဆေးစပ်ကြီး (၁) ကျပ်သား၊ ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေးကြီး (၂) ကျပ်သား၊ ဆေးအမှတ်(၄၃)အကင်းဆယ်ပါးဆေး (၂) ကျပ်သား အထက်ပါ ဆေး(၅) မျိုး ဆေးချိန် (၇) ကျပ်သားတို့ကို သမအောင် ရောစပ်ပြီး **နံနက်၊ နေ့လယ်** ဆေး လက်ဖက်ရည်ဇွန်း (၁)ဇွန်းခန့် ရေနွေးနဲ့ သောက်ရပါတယ်။

**ညအိပ်ရာဝင်ချိန်မှာ** တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) ဆီးဒုလာဆေး၊ ဆေးအမှတ်(၁၀) ဆီးရွှင်ဝမ်းနုတ်ဆေး၊ ဆေးအမှတ်(၁၂) စက္ကူပါလ ဝမ်းပုပ်ချဆေး တစ်မျိုးမျိုးကို ဝမ်းအခြေအနေကြည့်ပြီး လက်ဖက်ရည်ဇွန်း (၁)ဇွန်းမှ (၂)ဇွန်းထိ ရေအေးနဲ့ တိုက်ရပါမယ်။

အထက်ပါအတိုင်း အစားအသောက် အနေအထိုင် ဆင်ခြင်ပြီး အစာနဲ့ဆေး သင့်ရာ တိုက်ကျွေး ကုသသွားရင် အဝလွန်ရောဂါဟာ သက်သာပျောက်ကင်းမှာ ဖြစ်ပါတယ်။ အထူးပြောချင်တာကတော့ အဝလွန်သူများကို သီတနာ၊ သီတလက္ခဏာလို့ တစ်ဖက်သတ် ဆုံးဖြတ်ပြီး အပူဆေးသက်သက်နဲ့ မကုသင့်ပါဘူး။ အပူ၊



အအေး မျှတတဲ့ ဆေးအစာများနဲ့သာ ကုသရမှာ ဖြစ်ပါတယ်။

အဆီကျစေဖို့ အချဉ်စူးစူး အစားအစာများကို လွန်ကျူးစွာမစားသောက်ဖို့ လိုပါတယ်။ ရသခြောက်ပါး မျှတအောင်စားပြီး ကုသသွားမှသာ အဝလွန်ရောဂါဟာ သက်သာ ပျောက်ကင်းမှာ ဖြစ်ပါတယ်'

▲'အသီတိုး အဝလွန်ရောဂါအကြောင်းကို ဆွေးနွေးပြီးတဲ့နောက် သွေးတိုးရောဂါအကြောင်းကို ဆက်လက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ သွေးတိုးရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းကို ပြောပြပေးပါ ဆရာ'

◯'သွေးတိုးရောဂါဖြစ်ရတဲ့ အကြောင်းရင်းကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါးကို ညီညွတ်မျှတအောင် နေထိုင်စားသောက်မှု မရှိတဲ့အတွက် သွေးတိုးရောဂါ ဖြစ်ရတာပါ။

ကံသမုဋ္ဌာန်ကြောင့် ပါစက ဝမ်းမီးဟာ သမဝမ်းမီးမဖြစ်ဘဲ နုံ့ခြင်း၊ တက်ခြင်းကြောင့်လည်းကောင်း၊ စိတ်သမုဋ္ဌာန်ကြောင့် လောဘ၊ ဒေါသ၊ မောဟ လွန်ကဲခြင်းကြောင့် လည်းကောင်း၊ ဥတုသမုဋ္ဌာန်ကြောင့် အပူ၊ အအေး မျှတမှုမရှိဘဲ အပူ၊ အအေး လွန်ကဲခြင်းကြောင့် လည်းကောင်း၊ အာဟာရသမုဋ္ဌာန်ကြောင့် အစားအစာတွေကို မျှတအောင်မစားဘဲ၊ မဆင်မခြင် တစ်ဖက်သတ် လွန်ကဲတဲ့ အစားအစာတွေကို လွန်ကျူးစွာ စားခြင်းကြောင့်လည်းကောင်း သွေးတိုးရောဂါ ဖြစ်ရခြင်းပဲ ဖြစ်ပါတယ်။

သွေးတိုးရောဂါဆိုတာဟာ သွေးအားများ၊ သွေးလုံးကြီး၊ သွေးတိုးသန်တဲ့ အချက်ကိုကြည့်ပြီး သွေးတိုးရောဂါလို့ အမည်တပ်ကြခြင်း ဖြစ်ပါတယ်။ ယောကျ်ားများမှာ သာမန်အားဖြင့် အပေါ်သွေး၊ အောက်သွေး (၁၂၅-၁၀၀) ရှိတတ်ပြီး၊ မိန်းမများမှာ အပေါ်သွေး၊ အောက်သွေး (၁၀၀-၇၀) ရှိတတ်ကြပါတယ်။

အသက်အရွယ် ကြီးရင့်လာတာနဲ့ အမျှ အပေါ်သွေး၊ အောက်သွေး (၁၅၀-၁၀၀) ရှိလာတာကို သွေးတိုးရောဂါ စ,နေပြီလို့ ကောက်ချက်ချကြပါတယ်။ သိပ္ပံပညာရှင်များကတော့ အပေါ်သွေး၊ အောက်သွေး (၁၄၀-၁၀၀) ရှိလာတာကို သွေးတိုးရောဂါ စ,နေပြီလို့ ကောက်ချက်ချကြပါတယ်။

သွေးဟာ ပင်ကို သဘာဝအနေနဲ့ တိုးခြင်း၊ တက်ခြင်း မပြုလုပ်နိုင်ပါဘူး။ တိုးခြင်း၊ တက်ခြင်း၊ လှုပ်ရှားရွေ့လျားခြင်းများဟာ ဝါယောဓာတ်ရဲ့လက္ခဏာများ ဖြစ်ပါတယ်။ ဝါယောဓာတ် တွန်းကန်လှုပ်ရှားမှုကြောင့် သွေးတိုးရောဂါ ဖြစ်ရခြင်း ဖြစ်ပါတယ်'

▲'သွေးတိုးရောဂါ ဘယ်နှစ်မျိုး ရှိပါသလဲ ဆရာ'

◯'သွေးတိုးရောဂါဟာ မြူဟနသွေးတိုး (လူဝသွေးတိုး) ရောဂါနဲ့ လယ်နသွေးတိုး (လူပိန်သွေးတိုး)ရောဂါဆိုပြီး (၂)မျိုး ရှိပါတယ်။

မြူဟန သွေးတိုးရောဂါဟာ ခန္ဓာကိုယ် ဝဖြိုးပြီး အေး၊ ချို၊ ဆိမ့်၊ ခွဲ၊ ဖန် အရသာတွေကို လွန်ကျူးစွာ စားသောက်ခြင်းကြောင့်ဖြစ်တဲ့ သွေးတိုးရောဂါဖြစ်ပြီး လယ်န သွေးတိုးရောဂါဟာ ခန္ဓာကိုယ်ကြုံလှီပြီး ပူ၊ စပ်၊ ငန်၊



www.burmeseclassic.com

www.burmeseclassic.com

ဖန်, ခါး အရသာတွေကို လွန်ကျူးစွာ စားသောက်ခြင်းကြောင့်ဖြစ်တဲ့ သွေးတိုးရောဂါ ဖြစ်ပါတယ်။

အထက်မှာ ပြောခဲ့သလို သမုဋ္ဌာန် (၄)ပါးကို ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိလို့ ဖြစ်ရတဲ့ သွေးတိုးရောဂါပါ'

▲'မြူဟန သွေးတိုးရောဂါလက္ခဏာနဲ့ လယ်န သွေးတိုးရောဂါလက္ခဏာများကို ရှင်းပြပေးပါဦး ဆရာမ'

○'**မြူဟန သွေးတိုးရောဂါ လက္ခဏာတွေကတော့** ကိုယ်ခန္ဓာဝဖြိုးခြင်း၊ ဆီး, ဝမ်း, လေချုပ်ခြင်း၊ ရုပ်လေးလံထိုင်းမှိုင်းပြီး အားနည်းခြင်း၊ ဖိမ်ခံမှုအအိပ်အနေများခြင်း၊ ခေါင်းအုံ့ဖက်လေးပြီး ခေါင်းချွေးထွက်ခြင်း၊ အသားအရေ ထူပွခြင်း၊ အသားအရေ နီမြန်းပြီး အဖုအထစ်များခြင်း၊ မျက်နှာအမ်းပြီး နီမြန်းခြင်း၊ နှလုံးခုန်များပြီး သွေးလုံးကြီးခြင်း၊ မူးနောက်ခြင်း၊ ဇက်ကြောဘေးနှစ်ဖက် ထိုးတက်ခြင်း၊ ဒေါသကြီးခြင်း၊ သတိမေ့လျော့တတ်ခြင်း၊ အပေါ်သွေး အောက်သွေးများခြင်း စတဲ့ လက္ခဏာတွေဟာ မြူဟနသွေးတိုး (လူဝသွေးတိုး) လက္ခဏာတွေ ဖြစ်ပါတယ်။

**လယ်န သွေးတိုးလက္ခဏာတွေကတော့** ခန္ဓာကိုယ်ကြုံလှီခြင်း၊ ဆီး, ဝမ်း, လေ ချုပ်ခြင်း၊ ညဘက် အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဒေါသကြီးခြင်း၊ ရေငတ်ခြင်း၊ စိတ်လှုပ်ရှားမှုများခြင်း၊ သွေးတိုးမြန်ပြီး သွေးလုံးသေးခြင်း၊ အပေါ်သွေးများပြီး အောက်သွေးနည်းခြင်း စတဲ့ လက္ခဏာတွေဟာ လယ်နသွေးတိုး (လူပိန် သွေးတိုး)လက္ခဏာများ ဖြစ်ပါတယ်'

▲'သွေးတိုးရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'

○'သွေးတိုးရောဂါရှင်တွေကို ဥဏှတေဇော အကြောင်းခံလား၊ သီတတေဇော အကြောင်းခံလား၊ ဥဏှတေဇော၊ သီတတေဇော နှစ်ပါးလွန်လက္ခဏာလားဆိုတာ ပထမ သုံးသပ်စစ်ဆေးရပါတယ်။

သတိထားဖို့ အချက်ကတော့ နှလုံးအကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးလား၊ အစာအိမ် လမ်းကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးလား၊ ကျောက်ကပ်ကြောင့်ဖြစ်တဲ့ သွေးတိုးလားဆိုတာ လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာဆေးနဲ့ တွဲဖက်ပြီး သွေးတိုးရောဂါကို ကုသရပါတယ်။ နှလုံးအကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးဆိုရင် နှလုံးဆေးနဲ့ တွဲပေးရပါမယ်။

အစာအိမ် အကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးဆိုရင် အစာအိမ် ပြုပြင်တဲ့ဆေးနဲ့ တွဲပေးရပါမယ်။ ကျောက်ကပ်ကြောင့်ဖြစ်တဲ့ သွေးတိုးဆိုရင် ကျောက်ကပ်ဆိုင်ရာ ဆေးများနဲ့ တွဲဖက် ကုသပေးရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသမယ်ဆိုရင် သီတတေဇော အကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါရှင်ကို နံနက်ချိန်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၇) သွေးဆေးနီသက်သက် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေကျက်အေးနဲ့ တိုက်ရပါတယ်။

နေ့လယ်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။ ညနေ (၄) နာရီခန့်မှာ ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။ ညအိပ်ရာဝင်ချိန်မှာ ဆေးအမှတ်(၁၀) မုတ်ကဲဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေကျက်အေးနဲ့ တိုက်ရပါမယ်။

ဥဏှတေဇော အကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါရှင်ကို နံနက်ချိန်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၇) သွေးဆေးနီ လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ဆေးထက်ဝက်သကြားရောစပ်ပြီး ရေကျက်အေးနဲ့ တိုက်ရပါမယ်။

နေ့လယ်ချိန်မှာ သွေးဆေးနီချည်းပဲ သက်သက် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။ ညနေ (၄) နာရီခန့်မှာ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။ ည အိပ်ရာဝင်ချိန်မှာ ဆေးအမှတ် (၁၂/ခ) စက္ကုပါလ အမှတ် (၂)ကို ရေကျက်အေးနဲ့ တိုက်ရပါမယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း ရောဂါနဲ့ဆေး တည့်အောင်ပေးပြီး တွဲဖက်ကုသရင် သွေးတိုးရောဂါဟာ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲'သွေးတိုး ရောဂါရှင်များအတွက် အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို စားသုံးသင့်တဲ့ အစားအစာများ၊ ရှောင်ကြဉ်သင့်တဲ့အစားအစာများအပြင် နေထိုင်မှုမှာရမယ့် အချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'

○'သွေးတိုးရောဂါရှင်များ **စားသုံးသင့်တဲ့ အစားအစာများကတော့** ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ဟင်းနုနယ်ရွက်၊ ပိုးစာရွက်၊ကြာဟင်းရွက်၊ကန်စွန်းရွက်၊ ခွေးတောက်ရွက်၊ ကြက်သွန်ဖြူ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီး ကျွဲကောသီးတို့ ဖြစ်ပါတယ်။

**ရှောင်ကြဉ်ရမယ့် အစားအစာတွေကတော့** ဝက်သား၊ အမဲသား၊ ငါးသလောက်၊ ငန်လွန်သောငါး၊ ငါးခြောက်၊ အုန်းသီး၊ အုန်းနို့ပါသော



www.burmeseclassic.com

www.burmeseclassic.com

အစားအစာများ၊ ဒံပေါက်ထမင်း၊ ထောပတ်ထမင်း စတဲ့ အဆီအဆိမ့်များသော အစားအစာများ၊ မြေအောင်းတိရစ္ဆာန်အသားများ၊ ဆေးလိပ်နဲ့ အရက်တို့ကို ရှောင်ကြဉ်ဖို့ လိုပါတယ်။

**နေထိုင်ပြုမူရမှာကတော့** ည အချိန်မတော် ရေချိုးခြင်း၊ အပူဒဏ်၊ အအေးဒဏ်တို့ကို ရှောင်ကြဉ်ပြီး နံနက်စောစောအချိန်မှာ လေကောင်းလေသန့် ရရှိတဲ့နေရာမျိုးမှာ (၁)မိုင်ခန့် လမ်းလျှောက်ပြီး လေ၀၀ ရှူရှိုက်ရန် ဖြစ်ပါတယ်။

ဆီး၊ ၀မ်း၊ လေ မှန်အောင် ပြုပြင်နေထိုင်ကာ စိတ်ဖိစီးမှုနဲ့ လောဘ၊ ဒေါသ၊ မောဟတရားများ တတ်နိုင်သလောက် ဖယ်ရှားပြီး တရားထိုင်ခြင်း၊ ၀င်လေ၊ ထွက်လေ မှတ်ရသော အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းခြင်းမျိုးတို့ကို ပြုလုပ်ရင် သွေးတိုးရောဂါဝေဒနာ ခံစားရခြင်းမှာ ကင်းဝေးနိုင်ကြောင်း ပြောပါရစေ'

▲'အဆီများ အ၀လွန်သူတွေအတွက် ဆေးနည်းတစ်ခု ပညာဒါန ပြုပေးပါဦး ဆရာမ'

○'အ၀လွန်သူများအတွက် အဆီကျအသားကျစ်ဆေးနည်းတစ်ခု ပြောပြပေးပါမယ်။

**အဆီကျ အသားကျစ်ဆေး**

| | |
|---|---|
| ၁။ အိပ်မွှေးသီး | (၁)ကျပ်သား။ |
| ၂။ ချင်းခြောက် | (၁)ကျပ်သား။ |
| ၃။ ယမ်းစိမ်း | (၁)ကျပ်သား။ |
| ၄။ သစ်ဆိမ့်သီး | (၁)ကျပ်သား။ |
| ၅။ ကြံစုသီး | (၁)ကျပ်သား။ |
| ၆။ ဆီးဖြူသီး | (၁)ကျပ်သား။ |
| ၇။ ပိတောက်မြစ် | (၁)ကျပ်သား။ |
| ၈။ ကန့်ချုပ်နီ | (၁)ကျပ်သား။ |
| ၉။ နနွင်းမှုန့် | (၁)ကျပ်သား။ |

***[ဆေး (၉)မျိုး၊ ဆေးချိန် (၉)ကျပ်သားတိတိ]***

အထက်ပါဆေးများ အမှုန့်ပြုလုပ်ပြီး ပျားရည်နဲ့ သင့်ရုံရောစပ်၍ လက်ဖက်စားဇွန်း တစ်ဇွန်းခန့် အလုံးလေးများ လုံးပြီး နေလှန်းပါ။ တစ်ကြိမ်သောက်ဆေး တစ်လုံး၊ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ (၃)ကြိမ် သောက်ပါ။

ဆေးကို ရက်ပေါင်း (၃၀)မှ ရက်ပေါင်း (၆၀) စွဲသောက်ပါက အဆီကျ အသားကျစ်ပြီး အ၀လွန်ရောဂါ သက်သာ ပျောက်ကင်းစေပါတယ်'

▲'အခုလို အ၀လွန်ရောဂါနဲ့ သွေးတိုးရောဂါ သိကောင်းစရာများ ကုထုံးများကို ပြည့်ပြည့်စုံစုံ ဆွေးနွေး ပြောကြားပေးတဲ့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ရဲ့ ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောပါရစေ'

○'ဆရာမ ဒေါ်မြတ်နန္ဒာလင်းနဲ့ တွေ့ဆုံ ဆက်သွယ်နိုင်တဲ့ လိပ်စာနေရာကတော့...

> ဆရာမ ဒေါ်မြတ်နန္ဒာလင်း
> အားမာန် တိုင်းရင်းဆေးကုခန်း
> တိုက်(A-3) အခန်း(005)
> ရွှေသံလွင်အိမ်ရာ သာကေတမြို့နယ်
> ရန်ကုန်တိုင်းဒေသကြီး
> ဖုန်း – ၀၉ ၄၃၅၀၀၅၈၁
> ဆေးခန်းဖွင့်ချိန် –
> နံနက် (၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ
> ညနေ (၄း၀၀)နာရီမှ (၉း၀၀)နာရီထိ
> (ဥပုသ်နေ့တိုင်း ဆေးခန်းပိတ်သည်)

**မြောင်းမြ မောင်ယဉ်တင့်**

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

လေးစားစွာဖြင့်...

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ညှိခြင်း နှင့်

အထူးကျင့်စဉ်

သန်းပညာ

[၄-ကြွင်း မဟာဘုတ်
ပိုင်ရှင်များ အတွက်]

အထူးကျင့်စဉ် ဆိုသည့်အတိုင်း **၄-ကြွင်း မဟာဘုတ်ပိုင်ရှင်များ** အထူး အားထားရမည့် ကျင့်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။

၄-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် ဤအထူးကျင့်စဉ်ကို သောကြာသက်ရောက် ကြုံသောနှစ်များတွင် ဆောင်ရွက်ရမည့် ကျင့်စဉ်ဖြစ်ကြောင်း အာစရိယဝါဒအရ စေတနာထားလျက် တင်ပြ ရေးသားလိုက်ရခြင်းပါပဲ။


**၄-ကြွင်း မဟာဘုတ်ကြည့်ရင်...**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၆-၂) သောကြာသည် သိုက်ဖြစ်ပြီး၊ တနင်္လာသည် ရာဇဖြစ်တဲ့အတွက် ပက္ခမိစေပါတယ်။ ဒီတော့ ဘာဖြစ်နိုင်သလဲဆိုရင်...

- ❖ ငွေရပေမယ့် အပူသောက မကင်းတတ်ဘူး။
- ❖ ငွေကြောင့် ကြောင့်ကြမှု၊ စိုးရိမ်ပူပန်ရမှုတွေ ရှိနေမယ်။
- ❖ အချစ်ရေးမှာလဲ သောကမကင်းနိုင်ဘူး။
- ❖ မိခင်အတွက် သောက ရောက်ရတတ်တယ်။
- ❖ ဇနီးမယားကြောင့် အကျိုးအကျပ် ကြုံတတ်တယ်၊

ဒါတွေကို ခြုံပြီး ပြောရရင်တော့...



◆ တနင်္လာ နံ့သင်းစေတီဘုရား ကြေးသွန်းဘုရား

အချစ်, ငွေနဲ့ ပတ်သက်ပြီး သောက ကြုံရမယ်ပေါ့။ ဘာဖြစ်လို့လဲဆိုရင် သောကြာနဲ့ တနင်္လာက (၆-၂) သောကခေတ် မိနေလို့ပါပဲ။ ဒီတော့ ရန်ပျက်တော့ မိတ်ဆိုတဲ့ စကားစဉ်အရ သောကခေတ်ကို ချေဖျက်ရပါမယ်။

ကြည့်ပါ...။

၄-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် တနင်္လာနံ့သင်း စေတီ တင်[...] ဆုရဲ့ သောကြာအရပ်တွင် သက်[...] ထင်ရှား မြတ်စွာဘုရားကို ရည်[...] ပြီး...

**ကြံညွန့်** ၁၅ ညွန့်
**သပြေ** ၂၁ ညွန့်

လှူရပါမယ်။

ဆီမီး, ရေချမ်း, အမွှေးနံ့[...]



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ကတော့ မိမိတို့ရဲ့ သဒ္ဒါတရား အလျောက် လှူဒါန်းနိုင်ပါတယ်။

ပြီးလျှင်...

ဝရဗုဒ္ဓေါ ဝရဓမ္မော၊
ဝရသံဃော ဝရိသရော။
ဝရစေတော ဝရံ ဒေတု၊
ဝရေဟိ မေ ဝရံဝရံ။

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** = ဗုတ်ဓော
**ဓမ္မော** = ဓမ်မော
**ဝရိသရော** = ဝရိတ်သရော

ဂါထာကို (၉)ခေါက်ရွတ်ပါ။

ပြီးလျှင်...

ဗုဒ္ဓေါ *(ဗုတီးတစ်လုံးချ)*။

တစ်ပတ်စိပ်ပြီး လိုရာဆုတောင်းပါ။ မကြာခဏ ဘုရားစေတီတော်များ၌ ရွှေသင်္ကန်း ကပ်လှူခြင်း၊ သင်္ကြားဆွမ်း * * *

| နေ့သားအလိုက် သောကြာသက်ရောက်ချိန်ဇယား | | |
|---|---|---|
| တနင်္ဂနွေသား | ⇨ | ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀။ |
| တနင်္လာသား | ⇨ | ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉။ |
| အင်္ဂါသား | ⇨ | ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈။ |
| ဗုဒ္ဓဟူးသား | ⇨ | ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇။ |
| ကြာသပတေးသား | ⇨ | ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅။ |
| သောကြာသား | ⇨ | ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁။ |
| စနေသား | ⇨ | ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆။ |
| ရာဟုသား | ⇨ | ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄။ |

ကပ်ခြင်းများ ပြုပါ။ မကြာမီ စိတ်ချမ်းသာမှုများနှင့် ပြည့်စုံလာပါလိမ့်မည်။

နေ့သားအလိုက် **သောကြာ သက်ရောက်ချိန်ကို** အလွယ်တကူ သိရှိနိုင်ရန် ဖော်ပြပေးလိုက်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

# လက်တွေ့အသုံးကြည့်

**အကျိုးရှိ**

[နေထိုင်မကောင်း၍
ခေါင်းမလျှော်နိုင်သူများအတွက်]

လူတိုင်း အနည်းဆုံး တစ်ပတ်မှာ တစ်ကြိမ်လောက် ခေါင်းလျှော်လေ့ရှိတတ်ပါတယ်။ တစ်ပတ်ထက်ပိုပြီး ခေါင်းမလျှော်ဘဲနေရင် ခေါင်းခဲချင်သလိုလိုနဲ့ ငြီးစီစီကြီး ဖြစ်တတ်ပါတယ်။ အဲဒီအခါကျရင် လူက မလန်းဆန်းတော့ဘဲ စိတ်ရှုပ်ထွေးနေတတ်ပါတယ်။

အထူးသဖြင့် နေထိုင်မကောင်းလို့ ခေါင်းကို တစ်ပတ်ဆယ်ရက်ကြာအောင် မလျှော်နိုင်သူများအတွက် နည်းကောင်းလေးတစ်ခု ဝေမျှချင်ပါတယ်။

စာရေးသူရဲ့မိခင် နေထိုင်မကောင်းလို့ ခေါင်းမလျှော်နိုင်စဉ်က လက်တွေ့ အသုံးပြုခဲ့တဲ့ နည်းလေးပါ။



နေ့စဉ် ပုံမှန်လိမ်းနေတဲ့ အုန်းဆီ အနည်းငယ်ကို ပန်းကန်လုံးလေး တစ်လုံးမှာထည့်၊ ပြီးရင် သံပရာသီးစိတ် တစ်စိတ်ကို အဲဒီအထဲ ညှစ်ထည့်ပေးရမယ်။ ထည့်ပြီးရင် ရောထားတဲ့ အုန်းဆီနဲ့ သံပရာသီးကို လက်ညှိုးလေးနဲ့ မွှေပေး ပြီးရင်တော့ အုန်းဆီ လိမ်းသလို လိမ်းပေးနိုင်ပါတယ်။ ဦးရေပြားထဲထိ စိမ့်ဝင်အောင် လိမ်းရင် ပိုကောင်းပါတယ်။

နောက်နေ့မနက် ရောက်တော့ သိသိသာသာ ထူးခြားတာ တွေ့ရပါတယ်။ စာရေးသူမိခင်ရဲ့ ဆံပင်များမှာ ချွေးများနဲ့ စေးထန်းထန်း ဖြစ်မနေတော့ဘဲ သန့်ရှင်းပြီး ပျော့ပျောင်းနေပါတယ်။ နေရတာ ပေါ့ပါးလန်းဆန်းသွားတယ်လို့ မိခင်က ပြောပါတယ်။ နေပြန်ကောင်းလို့ ခေါင်းလျှော်တော့လဲ ကြေး(ဂျီး)များ ကင်းစင်နေတာကို တွေ့ရပါတယ်။

မြန်မာများ အစဉ်အဆက် လက်ဆင့်ကမ်းလာတဲ့ နည်းတစ်လက်ဖြစ်တာကြောင့် မသိသေးသောသူများ ဖတ်မိပြီး သိရှိသွားရလေအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြပေးလိုက်ရပါတယ်။

**ဤနည်းကို ပြောပြသော မိခင်ကြီးအား ဦးခိုက်လျက်...**


**ထူးနွယ်လှိုင် *(ပေါင်)***



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်း ပေဟာရှောက်




လှေလာကြည့်ပါ။

❖ **လက်ဖဝါးသည် အဝိုင်းဆန်ပါတယ်။ (က)**

ဒါကတော့ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနေတတ်တဲ့ အကျင့်စရိုက်ရှိမယ်။

❖ **ဉာဏ်လမ်းနဲ့ အသက်လမ်း ကွာတယ်။ (ခ)**

ဒါကတော့ စိတ်လွတ်ကိုယ်လွတ် ပြုမူနေထိုင်မယ့် အကျင့်စရိုက်ပါပဲ။

❖ **လက်သန်း အပြင်သို့ ကားထွက်နေတယ်။ (ဂ)**

ဒါကတော့ လွတ်လပ်မှုကို နှစ်မြို့က်တယ်လို့ ပြောတဲ့ သင်္ကေတပါပဲ။ ဒါကို ခြုံငုံပြီး ဟောကြည့်ရင်...

**''အချုပ်အချယ် ကင်းကင်း နေချင်တယ်''၊ ''အပျော်ကြိုက်တဲ့သူပဲ''** စသည်လို့ ကောက်ချက်ချနိုင်တယ်။ ဗဟုသုတရအောင် နမူနာ ပြောပြလိုက်ခြင်း ဖြစ်ပါတယ်။

*ပရံ ရှုက္ခန္ဓော အတ္တာနံ ရက္ခတိ၊*

ဦးသော်ခင်(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# နွယ်ဝင်ကွင်းထိုးဓါး

ထူးခြားမှုနှင့် သိဒ္ဓိတင်ဂါထာ

ဒေါ်နန္ဒရီ

## နွယ်ဝင်ကွင်းထိုး ရောက်ရှိလာပုံ

၂၀၁၁ ခုနှစ်၊ (၉)လပိုင်းက စာရေးသူ၏မိသားစု ကျိုက်ထီးရိုးဘုရားသို့ သွားရောက် ဖူးမြော်ခဲ့ကြရပါသည်။ တစ်ခေါက်မှ မရောက်ဖူး၍လားမသိ တောင်တန်းတွေ၏ အလှ၊ သစ်ပင်များ၏ စိမ်းလန်းစိုပြည်ခြင်းက လူတစ်ယောက်၏ မွန်းကျပ်နေသောစိတ်ကို ဆွဲယူပစ်လိုက်သလို လွတ်လပ်ပေါ့ပါးသွားသည်။

တောင်ပေါ်ရှိ နေရာအနှံ့ကို လိုက်လံဖူးမြော်ရင်း တောင်ပေါ်မှာ နှစ်ရက်သောက် ကြာသွားသည်။ နှစ်ရက်သာကြာသွားသော်လည်း နေရာအနှံ့ကို မရောက်သေး။ တစ်နေရာ တစ်ခါနားသုပ်နေခိုက် ကရင်တိုင်းရင်းသားတစ်ယောက် တောထဲမှ ထင်းခွေပြန်လာတာ မနိုင်မနင်းနှင့်ဖြစ်၍ စာရေးသူအား ကူညီခိုင်းသည်။

ထိုကရင်တိုင်းရင်းသားသည် ချွေးများထွက်၍ အလွန်မောပန်းနေသည်ကိုတွေ့၍ ရေသန့်ဘူးအား ထုတ်ကာတိုက်လိုက်တော့သည်။ သူကလည်း ရေ အလွန်ဆာသောအချိန်မှာ ရေသောက်ရ၍ အလွန့်ကို ကျေးဇူးတင်နေတော့သည်။

ထိုသူက စကားသံဝဲဝဲနှင့်...

'အစ်မတို့က ဘယ်ကလာ ဘုရားဖူးကြတာလဲ'

'ကျွန်မတို့က ပုဂံကနေ လာတာပါ။ ညီသည်ပါးတာနဲ့ ဆိုင်ပိတ်ပြီး မိသားစုတွေ ဘုရားဖူး ထွက်လာကြတာ အခုဆို (၃)ရက်တောင် ရှိတော့မယ်'

'ဩော် ဟုတ်လား ဒါနဲ့ အစ်မတို့က ဘာဆိုင်ဖွင့်တာလဲ'

ဟု မေးသည်နှင့်...

'ထမင်းဆိုင် ဖွင့်ထားတာပါ။ အရောင်းအဝယ်ကလဲ အေးပါတယ်'

ဟု ပြောနေခိုက် ထိုကရင်တိုင်းရင်းသားကြီးသည် ထင်းထုပ်ကြီးအား ဖြေကာ...

'ရော့ အစ်မဆိုင်မှာ ဒါကို ရွှေကပ်ပြီးတော့သာ ဆောင်ထားလိုက်ပါ။ အစ်မက ကျွန်တော့်ကို ရေတိုက်တော့ ကျွန်တော်ကလဲ အစ်မကို အပြန်လက်ဆောင်ပေါ့ မဟုတ်ဘူးလား၊ ဒီနွယ်ဝင်ကွင်းထိုးကလေ အစ်မနဲ့ထိုက်တယ်ထင်တယ်။ ကျွန်တော် ထင်းခွေထွက်တာကြာလှပြီ။ ဒီလိုဟာမျိုး ဒီတစ်ခါတည်း တွေ့ဖူးသေးတယ်'

'နေပါဦး မင်းက အသုံးမလိုဘူးလား'

'အစ်မရယ် ကျွန်တော့်လို ထင်းခွေတဲ့လူက ဒီဟာကြီးကို ဘာလုပ်ရမှာလဲ၊ အိမ်ရောက်လဲ ချောင်ထိုးထားဦးမှာပဲ။ အစ်မကို ကျွန်တော်က ပေးလိုက်တော့ အစ်မအတွက် အသုံးဝင်သွားတာပေါ့ မဟုတ်ဘူးလား'

စာရေးသူသည် နွယ်ဝင်ကွင်းထိုးကို စာအုပ်ထဲတွင်သာ မြင်ဖူး၊ ဖတ်ဖူးခြင်းဖြစ်သောကြောင့် ဟိုလှည့်ဒီလှည့်နှင့်



◆ သိဒ္ဓိတင်ပြီးသော နွယ်ဝင်ကွင်းထိုးအား
တွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး...

'ဒါကို ရွှေကပ်ထားပြီး ဘယ်လိုလုပ်ရဦးမှာလဲ၊ ဒီအတိုင်းပဲ ဆောင်ထားရမှာလား'

ဟု မေးလိုက်ရာ...

'ကဲပါ တစ်လက်စတည်း ပြောပြလိုက်ပါ့မယ်။ ဆိုင်ကို ရောက်တာနဲ့ ရွှေကပ်ပြီးတာနဲ့ သိဒ္ဓိတင်ပြီး အမြင့်တစ်နေရာမှာ တင်ထားလိုက်ပါ။ ထူးခြားမှုကို တွေ့မှာပါ'

'မင်းက သိလှချည့်လား'

ဟု နောက်သလိုနှင့် မေးသောအခါတွင် သူကလည်း...

'သိဆို ကျွန်တော်က ပြောသံကြားဖူးတာကို မှတ်ထားတာပေါ့'

ဟု ပြန်၍ပြောသည်။

'ကဲ အစ်မ ကျွန်တော် ပြန်လိုက်ဦးမယ်။ အိမ်ပြန်နောက်ကျလို့ အိမ်သူသက်ထားက မျှော်နေမှာစိုးလို့ သွားပြီ အစ်မရေ'

'နေပါဦး မင်းကလဲ'

ဟု ပြောကာ ပိုက်ဆံအိတ်ထဲမှာပါလာသော (၅၀၀၀)ကျပ်တန်ကို ထုတ်ကာ ပေးလိုက်သောအခါတွင်...

'အစ်မရယ် ပေးစရာမလိုပါဘူး။ ဒီပစ္စည်းက အစ်မနဲ့ ထိုက်လို့ရတာပဲလို့ မှတ်လိုက်ပါ အစ်မရယ်၊ မပေးပါနဲ့'

'ယူလိုက်ပါကွယ်။ မင်းလိုအပ်ရင် သုံးရအောင်ပေါ့။ ရော့ ယူပါ'

ဖွတ်ထိုးပေးမှ အားနာနာနှင့် ယူလိုက်တော့သည်။

'မင်းလဲ သွားစရာရှိတာ သွားပါ။ အစ်မတို့လဲ ဒီနားဝင်ပြီးတာနဲ့ အခန်းကို ပြန်တော့မှာ'

ဟု ပြောကာ နှုတ်ဆက်ပြီး ပြန်လာခဲ့တော့သည်။ နံနက်သို့ ရောက်သောအခါ ပြန်ဖို့ရာအတွက် ပြင်ဆင်ရတော့သည်။

ရန်ကုန်မှာရှိသော အမျိုးတွေအိမ်မှာ တစ်ည တည်းခိုခိုက် ရွှေတိဂုံစောင်းတန်းမှာ နွယ်ဝင်ကွင်းထိုးအား ရွှေကပ်လာခဲ့တော့သည်။ ပုဂံသို့ ပြန်ရောက်ရောက်ချင်း နွယ်ဝင်ကွင်းထိုးအား အမြင့်တစ်နေရာတွင် တင်ထားလိုက်တော့သည်။

တစ်ရေးလောက် အိပ်ပြီးသည်နှင့် ဘုရားဆွမ်းတော်ကပ်ကာ ဆိုင်ဖွင့်ဖို့အတွက် ပြင်ဆင်ရတော့သည်။ ထိုနေ့မှာပင် ထူးခြားသည်ကို တွေ့ရှိရတော့သည်။

အရင်ကဆိုလျှင် ဘုရားဆွမ်းကပ်ထားတိုင်း ကြွက်၊ ရှဉ့်တွေက လာ၍ စားသောက်ပစ်ကြသည်။ ထိုနေ့ကျမှ ကြွက်၊ ရှဉ့် မပြောလေနှင့် ပုရွက်ဆိတ်ကိုတောင် ထူးဆန်းစွာ မတွေ့ရတော့ပါ။

စာရေးသူအထင် တောတောင်ထဲက ရရှိလာသည် ဖြစ်သည့်အတွက် တိရစ္ဆာန်တွေကိုများ နှိမ်နင်းနိုင်လေမလားပေါ့။ ထို့နောက် နွယ်ဝင်ကွင်းထိုးအား သိဒ္ဓိတင်ရန်အတွက် ပြင်ဆင်ရတော့သည်။

သားအကြီးဆုံးကလည်း ဘာသာရေး လိုက်စားသည်ဖြစ်၍ မည်သို့သိဒ္ဓိတင်ရမည်ကို သိသည်နှင့် သူ့အား သိဒ္ဓိတင်ခိုင်းလိုက်တော့သည်။ စာရေးသူကတော့ ဆိုင်ဝေယျာဝစ္စတွေကို လုပ်နေလိုက်တော့သည်။ ဆိုင်စဖွင့်ချင်း ညနေမှာပဲ ဧည့်သည်များ အတော့်ကိုကျ၍ အတော်ရောင်းကောင်းလိုက်သည်။

နောက်နေ့တွေလည်း အရင်ကထက် သိသိသာသာ ဈေးရောင်းအားက မြင့်တက်လာတော့သည်။ စာရေး
သူလည်း နွယ်ဝင်ကွင်းထိုးကြီးအား
ကြည့်၍ ပီတိတွေဖြစ်ကာ ဒါကလည်း
ဘုရား၊ တရား၊ သံဃာ၏ ကိုးကွယ်မှု
ကြောင့်အပြင် အဆောင်ပစ္စည်းလေး
အဖြစ် ထိုနွယ်ဝင်ကွင်းထိုး၏ အစွမ်းက
လည်း နည်းမည်ဟုမထင်ပါ။ နောက်
တစ်ခုကတော့ သိဒ္ဓိတင်ဂါထာက
လည်း တကယ်အစွမ်းထက်သည်ဟု
တွေးမိတော့သည်။ ထိုသို့ အစွမ်းထက်
သော ဂါထာအား စာဖတ်ပရိသတ်ကြီး
လိုအပ်သလို အသုံးပြုရအောင် တင်ပြ
လိုက်ရပါသည်။

ဦးစွာပထမ ရေမိုးချိုးပြီး ဖြူစင်သန့်
ရှင်းသော အင်္ကျီကိုဝတ်ကာ ဘုရားစင်
အရှေ့မှာထိုင်၍ နံနက် (၉)နာရီတိတိ
မှာ ဩကာသ ကန်တော့ခန်းနှင့် ကန်
တော့ပြီးသောအခါတွင် နမောတဿ
ရွတ်ဆိုကာ သရဏဂုံဆောက်တည်
ငါးပါးသီလခံယူ၊ ဘုရားဂုဏ်တော်
တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်
တွေကို ရွတ်ဆိုပွားများပြီး မေတ္တာသုတ်
(၃)ခေါက်ရွတ်ကာ အရပ် (၁၀)မျက်နှာ
ကို မေတ္တာပို့ပါ။ ပြီးသောအခါတွင်
သိဒ္ဓိတင်မည့်အရာအား ကိုင်ဆောင်
ကာ ရွတ်ဖတ်ပေးပါ။

ထိုသို့ ရွတ်ဖတ်ပြီးပါက ကိုယ်၌
ဆောင်ရမည် ဖြစ်သော်လည်း ဘုရား
စင်၌ အနည်းဆုံး သုံးရက် ပူဇော်ထား
လိုက်ပါ။ 'ဒါမှလဲ ဘုရားတန်ခိုး
တော့ ပိုအစွမ်းထက်တာပေါ့' ဟု သား
ပြောပြပါသည်။

သိဒ္ဓိတင်ဂါထာ

၁။ ဗုဒ္ဓိဒ္ဓိ ရတနတ္တယံ၊
ဝန္ဒိတွာန စ သာဒရံ၊
သီလာနိ ပရိပူရေတွာ၊
စတုအာရက္ခ ယောဂေဟာ။




www.burmeseclassic.com

www.burmeseclassic.com

၂။ အသာဋ္ဌ ဆဋ္ဌကာယောမ္ဟိ၊
သဗ္ဗာဝုဓ ပရိတ္တကော။
ဣမိနာည့် ပရေနပိ၊
သမတ္ထော ကရိတုံ ဣမံ။
၃။ သဗ္ဗဗန္ဓန ဆိဒ္ဒေါမှိ၊
အန္တော ဗဟိ ဗဟန္တဝိ။
အနန္တဗလ ဝါရေပိ၊
န သက္ကော ဂဏှိတုံ သဒါ။
၄။ ဆာယာမတ္တမ္ပိ န ဒိဿော၊
န သုဏော သဒ္ဒမတ္တကံ၊
ခုဒ္ဒကံ မဟန္တံဝါပိ၊
မဟန္တံ အပ္ပကံ ကရေ၊
၅။ ဥဒကာ ကာသစာရီကော၊
မဟီ နိမုဇ္ဇကော ဘဝေ၊
သုဝဏ္ဏံ ရဇတာဒီနိ၊
ယထိစ္ဆိတ ကရော သဒါ။
၆။ ကောဋ္ဌာဂါရာ ဒိကံ သဗ္ဗံ၊
ပုမိတ္တိ ပိယ သံယုတ္တံ။
သဟာဿာယု စိန္တညာဏော၊
ဒုန္နိ သမိပံ ဘဝေ။
၇။ ဝိဇ္ဇာဓရာ တဒါ သဗ္ဗေ၊
ပဿန္တေ သုတမတ္တကော။
ပကာသေတွာ အတ္တသိပ္ပံ၊
မမံ ဒက္ခန္တု တေ သဒါ။
၈။ ပရိဝါရေတွာ နိသိန္နေ၊
မမတ္တံ ဂရုံ ကရောန္တော။
ဝဟန္တု တေ အာဝိဇ္ဇေါဟံ၊
သဗ္ဗဝိဇ္ဇာ ပယောဇနေ၊
၉။ ယထာဝုတ္တာနိ ဖလာနိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။
စတုဓာတု ပသိဒ္ဓေန၊
မဟန္တာ အတ္တ ဒဿိနာ။

အနက်

၁။ **ဗုဒ္ဓါဒိရတနတ္တယံ၊** မြတ်စွာဘုရား စသော ရတနာမြတ်သုံးပါး အပေါင်းကို။ **သာဒရံ၊** ရိုသေစွာ။ **ဝန္ဒိတွာနစ၊** ရှိခိုးပြီး၍ကား။



**သီလာနိ၊** သီလတို့ကို။ **ပရိပူရေတွာ၊** ပြည့်စုံစေ၍။ **စတုအင်္ဂရယောဂတော၊** လေးလုံးဖော်ပြ စမအင်္ဂရာ မင်္ဂလာယှဉ်လျက် ဆောင်ရွက်ရသောကြောင့်။

၂။ **အဘာဋ္ဌဆဋ္ဌကာယော၊** မပေါက် မပြဲ ရှနမရှိ ပကတိ ကြံ့ခိုင်သော ကိုယ်ရှိသည် လည်းကောင်း။ **သဗ္ဗာဝုဓပရိတ္တကော၊** မီးပေါက်, လေး, မြား, ဓား, လှံ, သေနတ်, သစ်ချွန်စသော လက်နက်အားလုံးကို တားမြစ်ပါနိုင်သည် လည်းကောင်း။ **ဣမိနာ၊** ဤ ငါ၏ကိုယ်ဖြင့်။ **အညံ၊** တစ်ပါးသောသူ၏ ကိုယ်ကို။ **ပရေနပိ၊** သူတစ်ပါး ကိုယ်ဖြင့်လည်း။ **ဣမံ၊** ဤ ငါ၏ ကိုယ်ကို။ **ကရိတုံ၊** ဖောက်လဲတစ်ဖန် ပြန်လှန်ပြုခြင်းငှာ။ **သမတ္ထော၊** စွမ်းနိုင်သည် လည်းကောင်း။ **အမှိ၊** ဖြစ်ရပါလို၏။

၃။ **သဗ္ဗဗန္ဓနဆိဒ္ဒေါ၊** ခပ်သိမ်းသော အနှောင်အဖွဲ့ကို ဖြတ်တောက် ဖောက်ထွင်းနိုင်သည် လည်းကောင်း။ **အန္တောဗဟိဗဟန္တဝါ၊** အတွင်းမှသည် အပသို့ အပမှသည် အတွင်းသို့ ရောက်နိုင်သည် လည်းကောင်း။ **အနန္တဗလဝါရေပိ၊** အတိုင်းမသိသော စစ်သည် ဗိုလ်ပါ အလယ်၌လည်း။ **သဒါ၊** အခါခပ်သိမ်း။ **ဂဏှိတုံ၊** ယူဆောင် ဖမ်းခြင်းငှာ။ **နသက္ကော၊** မစွမ်း နိုင်သည် လည်းကောင်း။ **အမှိ၊** ဖြစ်ရပါလို၏။

၄။ **ဆာယာမတ္တမ္ပိ၊** အရိပ်မျှကို လည်း။ **နဒိဿော၊** အလိုမရှိက မမြင်ရခြင်းသည် လည်းကောင်း။ **သဒ္ဒမတ္တကံ၊** အသံမျှကို။ **နသုဏော၊** အလိုမရှိက မကြားရ သည် လည်းကောင်း။ (**ဟုတွာ၊** ဖြစ်၍) **ခုဒ္ဒကံ၊** ငယ်သောကိုယ် ကို။ **မဟန္တံ၊** ကြီးသောကိုယ် ဖြစ်အောင်။ **မဟန္တံဝါပိ၊** ကြီးသော ကိုယ်ကိုလည်း။ **အပ္ပကံ၊** ငယ် သောကိုယ် ဖြစ်အောင်။ **ကရေ၊** ပြုနိုင်ရပါလို၏။

၅။ **ဥဒကာကာသစာရီကော၊** ရေ လယ်၌ မြေပြင်ကဲ့သို့ သွားနိုင်ခြင်း၊ ကောင်းကင်သို့ ပျံတက်နိုင်ခြင်း သည်လည်းကောင်း။ **မဟီနိမုဇ္ဇကော၊** မြေကြီး မြေအောက် ထွင်း ဖောက် ငုပ်လျှိုးနိုင်ခြင်းသည် လည်းကောင်း။ **သုဝဏ္ဏရဇတာဒီနိ၊** ရွှေငွေ စသည်တို့ကို။ **သဒါ၊** အခါခပ်သိမ်း။ **ယထိစ္ဆိတကရော၊** အလိုရှိတိုင်း ပြုနိုင်သည် လည်း ကောင်း။ **ဘဝေ၊** ဖြစ်ရပါလို၏။

၆။ **သဗ္ဗံ၊** အားလုံးသော။ **ကောဋ္ဌာဂါရာဒိကံ၊** ကျီကျဲဘဏ္ဍာ စသည် တို့ကို လျှင်စွာ ဖြစ်စေနိုင်သည် လည်းကောင်း။ **ပုမိတ္တိပိယသံယုတ္တံ၊** ယောကျာ်း မိန်းမ ချစ်မြတ်နိုးခြင်းနှင့် ကျေးစွာ ယှဉ်သည် လည်းကောင်း။

www.burmeseclassic.com

**သဟာသာယု၊** အသက်တစ်ထောင်ရှည်သည့် လည်းကောင်း။ **စိန္တာညာဏော၊** သူတစ်ပါးတို့၏ အကြံကို သိနိုင်သော ဉာဏ်ရှိသည်လည်းကောင်း။ **ဒူရမ္ဗိ၊** ဝေးသော အရပ်ကိုလည်း။ **သမီပံ၊** နီးအောင် ပြုလုပ်နိုင်သည့် လည်းကောင်း။ **ဘဝေ၊** ဖြစ်ရပါလို၏။

၇။ **တဒါ၊** ထို လိုရာအမှု အစုစုကို ဆောင်ရွက်သောအခါ၌။ **သဗ္ဗေ၊** အားလုံးကုန်သော။ **ဝိဇ္ဇာဓရာ၊** အဆင်းရုပ်အမျိုးမျိုးကို အစိုးရသည့် သိပ္ပမောက်မို ဝိဇ္ဇာဓိုရ်ရတို့သည်။ **မံ၊** ငါ့ကို။ **ပဿန္တော၊** မြင်ကာမျှ၌လည်းကောင်း။ **သုတမတ္တကေ၊** ကြားကာမျှ၌ လည်းကောင်း။ **အတ္တသိပ္ပံ၊** မိမိ၏ အတတ်မျိုးကို။ **ပကာသေတွာ၊** ထင်ရှားပြ၍။ **တေ၊** ထိုကောင်းကင်ပျံလေ့ ကျင့်သိမ်မွေ့သည့် ရသေ့ဇော်ဂျီတပသီဆရာ ဝိဇ္ဇာဓိုရ်တို့သည်။ **သဒါ၊** အခါခပ်သိမ်း။ **မံ၊** ငါ့ကို။ **ဒက္ခန္တု၊** ကြည့်ရှု စောင်မကြပါစေကုန်သတည်း။

၈။ **တေ၊** ထိုဝိဇ္ဇာဓိုရ်တို့သည်။ **ပရိဝါရေတွာ၊** ခြံရံ၍။ **နိသိန္နေ၊** နေသောအခါ၌။ **မမတ္ထံ၊** ငါလိုအပ်သော အကျိုးကို။ **ဂရုကရောန္တော၊** အလေးအမြတ်ပြု သည်ဖြစ်၍။ **ဝဟန္တု၊** ရွက်ဆောင်ပါစေကုန်သတည်း။ **အဟံ၊** ငါသည်။ **သဗ္ဗဝိဇ္ဇာပယောဇနေ၊** အလုံးစုံသော ဝိဇ္ဇာအတတ်ကို လုံ့လပြုကုန်သော တပသီဇော်ဂျီ ဝိဇ္ဇာဓိုရ်တို့ကို။ **အာဓိပ္ပေါ၊** သိမ်းအုပ်နိုင်နင်းအစိုးရခြင်းသည်။ (**ဘဝိမိ၊** ဖြစ်ရပါလို၏။)

၉။ **ယထာဝုတ္တာနိ၊** အကြင်အကြင်ဆိုအပ်ခဲ့ပြီးကုန်သော။ **ဖလာနိ၊** အကျိုးတို့သည်။ **စတုဓာတုပသိဒ္ဓေန၊** ဓာတ်လေးပါးဖြင့် ပြီးသော။ **မဟန္တာအတ္ထဒသိနာ၊** များမြတ်သောအကျိုးကို ပြုတတ် (ပြတတ်)သော လေးလုံးသော အက္ခရာဖြင့်။ **ယထိစ္ဆိတံ၊** အလိုရှိတိုင်း။ **သမိဇ္ဈတု၊** ပြည့်စုံပါစေသတည်း။

ဤသိဒ္ဓိတင် ဂါထာတော်ကို မည်သည့် အင်း၊ အိုင်၊ ဆေးဝါး၊ အစီအမံ အဆောင်ရုပ်တုကိုမဆို ဂါထာအားအနည်းဆုံး (၉)ခေါက် ရွတ်ဖတ်ပါက အောင်မြင်ပြီးစီး၍ သိဒ္ဓိဝင်ပါသည်။

တစ်ခုရှိတာက မည်သည့်ဂါထာပဲ ရွတ်ရွတ် စိတ်ထဲကပါဖို့ လိုသလို ယုံယုံကြည်ကြည် ရွတ်ဖတ်ပါက အစွမ်းထက်ပါသည်ဟု ပြောချင်ပါသည်။

ထိုဂါထာကို ခရီးများ သွားသောအခါ၌ လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင်လည်းကောင်း တတ်အားသရွေ့ ရွတ်ဖတ်ပေးပါက အရာရာကို အောင်နိုင်ခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ နတ်, လူတို့၏ ကူညီစောင်မမှုကို ရခြင်း၊ နတ်,လူတို့၏ ချစ်ခင်မှုကိုလည်း ခံရခြင်း စသည်တို့ကို ပေးစွမ်းနိုင်သော ဤဂါထာကို နေ့တိုင်း ရွတ်ဆိုသင့်ပါသည်ဟု စေတနာရှေ့ထားကာ တင်ပြလိုက်ရပါသည်။

*(၇)ရက်သားသမီးများ အရာအားလုံးအောင်မြင်ကြပါစေ။*

ဒေါ်နုနုရီ


စာမူရှင်များသို့ . . .

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com


သိုင်းပညာရှင်

# ဆရာကြီး မင်းယက္ခ

၏ ဘဝအတွေ့အကြုံများ

( ၁၄ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



ယခင်လမှ အဆက်

(၆) ထိုသို့ ဘယ်ခြေခြင်း၍ ညာလက်သီးထိုး လေ့ကျင့်ခြင်း၊ ညာခြေခြင်း၍ ဘယ်လက်သီးထိုး လေ့ကျင့်ပြီး၍ ကျင့်သား တော်တော်ရလာလျှင် ခြေနှစ်ဖက်ကို (၂၇-လက်မခန့်) ခွဲရပ်ပြီး (၂)ကွက် ကန့်လန့်ခြေ အနေအထားမှနေ၍ ညာ စပလိန် လက်သီးထိုး လေ့ကျင့်ခြင်းကို အကြိမ်များစွာ နေ့စဉ်ရက်ဆက် လေ့ကျင့်ရပေမည်။

(၇) ထိုသို့ နှစ်ကွက် ကန့်လန့် အနေအထားမှနေ၍ ညာစပလိန်လက် လေ့ကျင့်၍ ကျင့်သား တော်တော်ရလာလျှင် နှစ်ကွက် ကန့်လန့် အနေအထားမှနေ၍ ဘယ်စပလိန် လက်သီးထိုးကို လေ့ကျင့်ရပေမည်။

ထိုသို့ အနေအထား အမျိုးမျိုးဖြင့် လေ့ကျင့်ထားလျှင် မည်သည့်အနေအထားမှဖြစ်စေ၊ စပရိန်လက်သီး (သို့မဟုတ်) လျှပ်စစ်လက်သီးကို လျှပ်စစ်လက်လိုက်သလို အလွန် လျင်မြန်စွာ ထိုးနိုင်လာပါလိမ့်မည်။ သင် ယခုပင် လက်တွေ့ ကျင့်ကြည့်လိုက်ပါ။ ရက်ပိုင်းအတွင်း လျှပ်စစ်လက်သီးပိုင်ရှင် ဖြစ်လာပါလိမ့်မည်။ ထို့ထက်ပိုလျှင်မြန်ရန်အတွက်ကတော့ အနည်းဆုံး လေ့ကျင့်ရက် (၃၀၀)တော့ ရှိရပေမည်။

**မှတ်ချက်။ ။ လက်တွေ့ အသုံးချ စပရိန်လက်သီး (သို့မဟုတ်) လက်သီးပျော့ (သို့မဟုတ်) လျှပ်စစ်လက်သီးထိုးနည်းစနစ်သည် အခြေခံ လက်သီးပျော့ထိုးနည်းစနစ်နှင့်တော့ မတူပါ။**

**တချို့က ဆရာ ဗန်းမော် သိန်းအောင်၏ အခြေခံ လက်သီးပျော့ ကစားကွက်ကိုသာ မြင်ဖူးထားပြီး အမြင်ဖြင့် ဆရာ ဗန်းမော် သိန်းအောင်၏ စပရိန်လက်သီးကို ထိုးတတ်နေပြီဟု ထင်နေကြပါသည်။**

**အခြေခံ ကစားကွက်နှင့် အသင့်မြင့် လျှပ်စစ်လက်သီးထိုးစနစ်တို့မှာ လုံးဝ မတူပါ။ လက်သီးပျော့ထိုး**



www.burmeseclassic.com

www.burmeseclassic.com

**နည်း (သို့မဟုတ်) စပရိန်လက်သီးထိုးနည်း (သို့မဟုတ်) လျှပ်စစ်လက်သီးထိုးနည်း စနစ်ကို ကျွမ်းကျင်ရန် "နှစ်"လုံးပေါက် လေ့ကျင့်ရပေမည်။**

**လွယ်လွယ်နှင့်တော့ မတတ်နိုင် မကျွမ်းနိုင်ပါ။ သိုင်းပညာတစ်ရပ်ကို သင်ယူရာတွင် "အသိ, အတတ်, အကျွမ်း"ဟူ၍ အဆင့် သုံးဆင့် ရှိရာတွင် အသိအဆင့်နှင့် အတတ်အဆင့်ကိုတော့ လွယ်လွယ်ကူကူ သင်ယူ တတ်မြောက်နိုင်သော်လည်း ဆရာတစ်ဆူ ဟူသလောက် ကျွမ်းကျင်ဖို့ကတော့ ရက်ပိုင်း, လပိုင်းနှင့် မရပါ။ နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲ လေ့ကျင့်သွားမှသာ ရရှိနိုင်ပါမည်။**

ယခု ကျွန်တော် (ဆရာကြီး မင်းယက္ခ (သို့မဟုတ်) ဗန်းမော်နေမင်း) တင်ပြခဲ့သော လျှပ်စစ်လက်သီးထိုးနည်းကို သဘောမပေါက်ပါလျှင် (ခ) အခက်အခဲ ဖြစ်နေပါလျှင် ဤဆောင်းပါးပါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ယူဆောင်လာမည်ဆိုပါက စေတနာအပြည့်ဖြင့် အခမဲ့ (ငွေကြေး လုံးဝမယူဘဲ) ပြသပေးပါမည်။

**အမှတ် (၂၅၂)၊ အောင်ရတနာ (၁၇)လမ်း၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ မောင်းမကန်လမ်းနှင့် လေးဒေါင့်ကန်လမ်းထောင့်၊ နတ်စင်ကားမှတ်တိုင်တွင် ဆင်းပါ။ (ဖုန်း-၀၉ ၇၃၀၁၄၅၉၂)** သို့ ရုံးချိန်အတွင်း လာပါ။ ဖုန်းကြိုဆက်ပါ။

ဤလျှပ်စစ်လက်သီးထိုးနည်း အပါအဝင် ဆရာကြီး ဗန်းမော်သိန်းအောင်၏ သိုင်းပညာရပ်များကို သင်ယူချင်ပါသည်ဆိုလျှင် ဆရာကြီး၏ သားအရင်းအပြင် ဗန်းမော်ဘွဲ့ခံ ဆရာကြီး



၏ တပည့်ရင်းများထံတွင် ဆက်သွယ်သင်ယူရန် တိုက်တွန်းပါသည်။

ထိုဗန်းမော်ဘွဲ့ခံ ဆရာများသည် ဆရာကြီး ဗန်းမော်သိန်းအောင်၏ ပညာရပ်များကို နှစ်ရှည်လများ ထိန်းသိမ်းသယ်ဆောင်လာသူများပင် ဖြစ်ပါသည်။ **(ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းဈေးတစ်ပိုက်တွင် စုံစမ်းပါ။)** ဆရာကြီး ဗန်းမော်သိန်းအောင်၏ တပည့်ရင်းများမှာ သူတို့၏ နာမည်ရှေ့တွင် ဗန်းမော်ဘွဲ့ကို ဂုဏ်ယူလေးစားစွာဖြင့် တပ်ဆင်ထားလေ့ ရှိကြပါသည်။

ပမာအားဖြင့် ဆရာ ဗန်းမော်ဘသင်၊ ဆရာ ဗန်းမော်ကျော်လှိုင်၊ ဆရာ ဗန်းမော်သိန်းဝင်း၊ ဆရာ ဗန်းမော်ကျော်နိုင်၊ ဆရာ ဗန်းမော်သန်းအေး၊ ဆရာ ဗန်းမော်ဌေးဝင်း၊ ဆရာ ဗန်းမော်ဌေးအောင်၊ ဆရာ ဗန်းမော်မြင့်ဌေး၊ ဆရာ ဗန်းမော်စိုးဝင်း၊ ဆရာ ဗန်းမော်တင်ဝင်း၊ ဆရာ ဗန်းမော်ကျော်ဝင်း (ဆရာဒဂုံကျော်ဝင်း)၊ ဆရာ ဗန်းမော်လှဝေ၊ ဆရာ ဗန်းမော်ငွေသိန်း၊ ဆရာ ဗန်းမော်ကြည်အေး၊ ဆရာ ဗန်းမော်စိုးမြင့်၊ ဆရာ ဗန်းမော်ကျော်မြင့်၊ ဆရာ ဗန်းမော်ထွန်းဝင်း အစရှိသူတို့ ဖြစ်ပါသည်။ *(မော်ပြရန်ကျန်ရှိသွားသော ဆရာများ ခွင့်လွှတ်ရန် တောင်းပန်ပါသည်။)*

စာရေးသူမှာ မူလက ဆရာကြီး ဗန်းမော်သိန်းအောင်၏ ခွင့်ပြုချက်ဖြင့် "ဗန်းမော်နေမင်း"ဟု ဗန်းမော်ဘွဲ့ခံခဲ့ပါသည်။

ယခုအခါ မြန်မာ့သိုင်းပညာရပ်များကို "ဆရာမင်းယက္ခ" အမည်ဖြင့်ပင် ဆက်လက် ဆောင်ရွက်နေပါသည်။ "ဗန်းမော်နေမင်း"ဟူသော အမည်မှာ အတိတ်တွင် ကျန်ရစ်ခဲ့ပါပြီ။

***[ဗန်းမော် အနွယ်ဝင်များအား ဂါရဝပြုလျက်...]***

---

မင်းသဲ အိမ်ကျမှ သိမယ်

---

ယခု တင်ပြမည့် ဘဝအတွေ့အကြုံလေးမှာ တစ်ချိန်က မြန်မာ့သိုင်းလောကတွင် ကျော်ကြားခဲ့သော နဂါးမောက်ရှမ်းကြီး သိုင်းအဖွဲ့ကြီး၏ ပင်မဦးသျှောင် ဆရာကြီး ဦးတင်ကြီး၏ အကြောင်းပင် ဖြစ်ပါသည်။

ထိုအချိန်က ဆရာကြီးမှာ တပည့်တပန်း များလှပါသည်။ သူ၏ တပည့်ကြီးများထဲတွင် အာရုဗန်တိုအဖွဲ့ ခေါင်းဆောင် **ဆရာဦးစိန်ဝင်း (ယခု နက္ခတ္တဗေဒပညာရှင် ဆရာဖေယျံမိုးဟိန်း-မင်္ဂလာဒုံ)၊ ဆရာဦးတင်အောင် (မင်္ဂလာဒုံ)၊ ဆရာဦးချန်ထွန်း (သျှောင်ဖြူ-မင်္ဂလာဒုံ)နှင့် ဆရာဦးစိန်ထွေး(သျှောင်မည်း၊ ဆရာဦးချန်ထွန်း၏တပည့်၊ မင်္ဂလာဒုံ)**တို့မှာ စာရေးသူနှင့် ခင်မင်ရင်းနှီးသော သူများဖြစ်ကြပါသည်။

ယခုအခါ နဂါးမောက်ရှမ်းကြီးသိုင်းအဖွဲ့၏ ပင်မ ဦးစီးဆရာကြီးအဖြစ် **ဆရာကြီး ဦးစိန်ထွေး(သျှောင်မည်း)** က ဆက်ခံ ထိန်းသိမ်းထားပါသည်။

စာရေးသူက သိုင်းလောကမှ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

အပျက် အတွေ့အကြုံများကို စကားဝိုင်းများတွင် တင်ပြ ပြောဆိုရာတွင် ဆရာဦးစိန်ထွေးက သူ၏အဘိုး ဆရာကြီး ဦးတင်ကြီး၏ အကြောင်းအရာကို ကြားလိုက်ရသောအခါတွင် ခွက်ထိုးခွက်လန် ရယ်မောပွဲကျခဲ့ပါသည်။ စာရေးသူနှင့် တွေ့ရသည့်အခါတိုင်း...

'ဆရာမင်းယက္ခရေ... ဆရာဦးတင်ကြီးအကြောင်းကို ပြောပြပါဦး။ ကြားရတာ စိတ်ရွှင်လန်းလို့ပါ'

ဟု တောင်းဆိုလေ့ ရှိပါသည်။

ထို့ကြောင့်လည်း ထိုအဖြစ်အပျက်လေးကို အမှတ်တရ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ဆရာကြီး၏အဖွဲ့အား သိက္ခာချခြင်း၊ ဆရာကြီးအား ပုဂ္ဂိုလ်ရေးရာအရ သိက္ခာချခြင်းတို့ လုံးဝ မရှိပါ။

ဆရာကြီးဦးစိန်ထွေး (နဂါးမောက်ရှမ်းကြီးပင်မအဖွဲ့၊ ပင်မဦးစီး ဆရာကြီး)၏ ခွင့်ပြုချက်အရ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ဂုဏ်သိက္ခာများကို ခေတ္တ မေ့ထား၍ ပျော်ရွှင်ကြည်နူးစရာလေး အဖြစ် ခံစားကြည့်စေချင်ပါသည်။

**[မှတ်ချက်။ အထက်တွင် "သျှောင်ဖြူ၊ သျှောင်မည်း"ဟု ခေါ်ဝေါ်ခြင်းမှာ ဆရာဦးချန်ထွန်း (ယခင် နဂါးမောက်ရှမ်းကြီးသိုင်းအဖွဲ့၊ ပင်မ ဦးစီးဆရာကြီး)မှာ သျှောင်ထုံးနှင့် ဖြစ်ပြီး အသားလည်း ဖြူ၊ ရုပ်ကလည်း ချောသောကြောင့် သိုင်းဆရာများက "သျှောင်ဖြူ"ဟု ချစ်စနိုး ခေါ်ကြပါသည်။**

**ဆရာဦးစိန်ထွေး (၄-၂-၂၀၀၂ မှစ၍ နဂါးမောက်ရှမ်းကြီးသိုင်းအဖွဲ့၏ ပင်မ ဦးစီးဆရာကြီးဖြစ်လာသည်)က အသားမည်းမည်း။ ထောင်ထောင်မောင်းမောင်းဖြစ်၍ "သျှောင်မည်း"**



**ဟု ချစ်စနိုးဖြင့် ခေါ်ကြပါသည်။**

**သူတို့ ဆရာတပည့်နှစ်ဦးကို ဆရာဦးချန်ထွန်း၊ ဆရာဦးစိန်ထွေး ဟု အမည်ပင် မတပ်တော့ဘဲ၊ မခေါ်ကြတော့ဘဲ သျှောင်ဖြူ၊ သျှောင်မည်းဟုသာ ခေါ်လေ့ရှိပါသည်။]**

ကုက္ကိုင်း တေဇိန္ဒာရာမကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးတေဇိန္ဒာအား ပင်လုံ ခေါ်နုယဉ်က ပင်လုံဝိဟာအမည်ဖြင့် ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်က တိုင်းရင်းသား ကလေးငယ်များအား ပြုစုစောင့်ရှောက်သော ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ တေဇိန္ဒာရာမ ပရဟိတကျောင်းတိုက်ဟု လူသိများပါသည်။ "ခူးကာချုန်-ကမ္ဘောဇနန်းတွင်း သိုင်း"ဟု အမည်တွင်ခဲ့သော သိုင်း ပြောင်းပြန်အဖွဲ့ကြီး၏ ဘုမ္မိနက်သန် နေရာမှန်လည်း ဖြစ်ခဲ့ပါသည်။

ဆရာတော်က သူ၏ကျောင်းတိုက်တွင် သိုင်းဆရာများအဖွဲ့ချုပ် သိုင်းတက္ကသိုလ်ဟူ၍ သိုင်းဆရာများ အစည်းအရုံးတစ်ခုကို ထူထောင်ခဲ့ပါသည်။

မူလက ကထိန်ပွဲများတွင် ရခိုင်ရိုးရာကျင်ကိုင်ပွဲများကို ထည့်သွင်းပြသရင်းက သိုင်းပွဲများကိုပါ ထည့်သွင်းပြသလာရာမှ ထိုကဲ့သို့ သိုင်းတက္ကသိုလ်ဟူသော သိုင်းဆရာများ အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ကို မဖွဲ့စည်း၊ မတည်ထောင်ရသေးပါ။

**[မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ကို (၁-၁-၁၉၆၆)တွင် စတင် ဖွဲ့စည်းခဲ့ပါသည်။ *စကားချပ်*]**

အဖွဲ့အမည်ရှိသော ဆရာတစ်ဦးသည် ထိုကျောင်းတိုက်ရှေ့ မြေကွက်လပ်တွင် တစ်လ (သို့မဟုတ်) နှစ်လ သင်တန်းဖွင့်နိုင်ပါသည်။ သင်တန်းဖွင့်လျှင် ဆရာတော်၏ ကျောင်းမှ တိုင်းရင်းသား လူငယ်လေးများကို အခမဲ့ သင်ကြားပေးရပြီး သင်တန်းဝင်ငွေ၏ နှစ်ဆယ်ရာခိုင်နှုန်းကို အလှူငွေအဖြစ် ထည့်ဝင် လှူဒါန်းရပါသည်။

ထိုစဉ်က စာရေးသူမှာလည်း တေဇိန္ဒာရာမ သိုင်းတက္ကသိုလ်ကြီး သိုင်းဆရာများအဖွဲ့ချုပ် အဖွဲ့ဝင်ဆရာ တစ်ဦး ဖြစ်ခဲ့ပါသည်။ စာရေးသူ ဆရာအဆင့် အောင်မြင်၍ "ယက္ခသိုင်းအဖွဲ့"ကို စတင်တည်ထောင်သော ၁၉၆၄ ခုနှစ်တွင် အဖွဲ့ဝင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်ကာလက သိုင်းတက္ကသိုလ်ကြီးတွင် သိုင်းသရုပ်ပြပြိုင်ပွဲများ ကျင်းပ၍ ဆုတံဆိပ်များ ချီးမြှင့်လေ့ ရှိပါသည်။ မြန်မာ့ဂုဏ်ရောင်သိုင်းအဖွဲ့ (ဆရာကြီး ဗန်းမော်သိန်းအောင်)က ပထမဆု ဆွတ်ခူးသွားသောနှစ် ဖြစ်ပါသည်။

**ရှေ့လ *ဆက်ဖတ်ပါရန်***

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မတ်လ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| နွား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြက် | စနေသားသမီး | စနေနေ့ | ရသာရုံ |
| ကျား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ကျား, မြင်း, ခွေး | စနေသားသမီး | စနေနေ့ | ရသာရုံ |
| ယုန် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| နဂါး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့မြောက် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| မြွေ | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့မြောက် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| မြင်း | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း, ကျား, ခွေး | ကြာသပတေးသားသမီး | အင်္ဂါ | သဒ္ဒါရုံ |
| ဆိတ် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာ | ရသာရုံ |
| မျောက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာ | ရသာရုံ |
| ကြက် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ခွေး | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ခွေး, မြင်း, ကျား | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ဝက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ဆိတ်, ယုန် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |

* * *

၂၀၁၃ ခုနှစ်၊ မတ်လတွင် **ကြွက်နှစ်ဖွား၊ နွားနှစ်ဖွား၊ နဂါးနှစ်ဖွား**တို့မှာ ကျန်းမာရေး ချူချာနေတတ်သည်။ ဤလအတွက် ဇယားကို ကြွက်နှစ်ဖွားတို့အား စံပြု၍ ရှင်းပြပေးပါမည်။

ကြွက်နှစ်ဖွားတို့သည် ဆီးအိမ်နှင့် ပတ်သက်သော ချို့ယွင်းမှုကြောင့် ရောဂါဝေဒနာ ခံစားရဖွယ်ရှိသည်။ ကြိုတင်စစ်ဆေး ကာကွယ်ကုသပါ။ အပြာရောင်၊ (၁) ဂဏန်းတို့ ကံလာဘ်ပွင့်လင်းစေပါသည်။ ပဲအမျိုးမျိုးနှင့် သင့်လျော်သည်။

မြောက်အရပ်သို့ သွားရောက်အနားယူခြင်း၊ မြောက်အရပ်မှ ဆေးဝါးသမားကောင်း တွေ့ခြင်းတို့ကြောင့် ကျန်းမာရေး ကောင်းမွန်လာနိုင်သည်။

**ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွား၊ မျောက်နှစ်ဖွားများမှာ**



မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။ ကျန်းမာရေးကိစ္စ အကူအညီလိုအပ်ပါက အင်္ဂါသားသမီး တစ်ယောက်ယောက်က ကူညီပေးနိုင်မည်။

ဗုဒ္ဓဟူးနေ့ နေ့ကောင်းနေ့မြတ် ဖြစ်သည်။ သောတအာရုံကြောင့် စိတ်အားတက်ကြွကာ ကျန်းမာရေး ပြည့်စုံနိုင်သည်။

ကျန်နှစ်ဖွားများလည်း ဤသို့ နည်းမှီ ကောက်ချက်ချကြပါ။

**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူကျင်းဇီ**

***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်

# ကိုယ်မှားများ

မောင်မြရော
(ရာမည)

လင်မှ ပေါ်တတ်သည်။ မိမိထံတွင် လောဘ၊ ဒေါသ၊ မောဟဆိုသော ညွှေ့သည် ဆိုးတို့ မရှိပါမူ မှန်သော စကား၊ မှန်သောလုပ်ရပ်နှင့် သာမှို့ နာမည်ကောင်းနှင့် လူသာ ဖြစ်နိုင်ပါသည်။ ထိုညွှေ့သည်ဆိုးတို့အား စိတ်၌ ယာယီမျှ အခြေချခွင့်မရအောင် လေ့ကျင့်ယူသော် ရပါသည်။

ကျွန်တော် တင်ပြချင်သည်မှာ မိမိထံတွင်ရှိသော်လည်း မိမိပင် မပိုင်သော စိတ်အကြောင်း စာတစ်တန်ပေတစ်တန် ရေးလိုရင်း မဟုတ်ပါ။ စိတ်အကြောင်းကို လေ့လာလျှင်လည်း ဆုံးနိုင်မည် မဟုတ်ပါ။

ဆိုလိုချင်သည်မှာ ကျွန်တော်သည် ယခင်က နည်းတစ်ခုဖြင့် စိတ်ကို နိုင်အောင် လေ့ကျင့်ခဲ့ဖူးပါသည်။ ထိုသို့ လေ့ကျင့်နေရင်းနှင့် တစ်ခါမှ မကြုံဘူးသောဖြစ်ရပ်နှစ်ခုကို ကြုံဖူးခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လေ့ကျင့်ခန်း ပျက်စီးရခြင်းပင် ဖြစ်ပါသည်။

ကျင့်ပုံကျင့်နည်းကား ဝိပဿနာ မဟုတ်ပါချေ။ ထို့ကြောင့်လည်း ရေရှည် စိတ်ကို မနိုင်ခြင်းလားဟု သုံးသပ်မိပါသည်။ **"လေထဲမှ ညို့ယူနည်း"**ဟု ဆိုရပါမည်။ **"ဟိမဝန္တာမှ ဆာဒူများ ကျင့်နည်း"**ဟု ကျမ်းတစ်စောင်တွင်

## (၁)

စိတ်သည် ပကတိအားဖြင့် ဖြူစင်ကြည်လင်သည်။ ဒေါသ၊ မောဟ၊ လောဘတည်းဟူသော အညစ်အကြေးကြောင့်သာ ညစ်နွမ်း နောက်ကျိရသည်။

ကမ္ဘာမြေပြင်နှင့် ရေပြင်၊ လေပြင်တို့၌ သတ္တဝါပေါင်း မြောက်မြားစွာ မရေမတွက်နိုင်အောင် ရှိကြသည့်အထဲ အသိဉာဏ်အားဖြင့် လူသည် အခြားသတ္တဝါထက် ထူးချွန်သည်။ ထို့ကြောင့် လောကကို အုပ်စိုး သိမ်းပိုက်ထားခြင်း ဖြစ်သည်။

အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရန် ဆင်ကဲ့သို့ ခွန်အားကြီးမားခြင်း၊ ကျားခြင်္သေ့တို့ကဲ့သို့ အစွယ်၊ လက်သည်းတို့ မပါရှိသော်ငြား လူတွင် စွမ်းရည်ရှိသော မွေးရာပါဉာဏ်တို့ ပါရှိကြသည်။ အစွယ်၊ လက်သည်း၊ ခွန်အားကြီးခြင်းတို့ မပါပေ။

ဆိုခဲ့သည့်အတိုင်း စွမ်းရည်ရှိသော ဉာဏ်ဟူသည်လည်း စိတ်သာဖြစ်၍ ဒေါသ၊ မောဟ၊ လောဘအရောင်ကြောင့် ညစ်နွမ်းခဲ့ပါမူ ပင်ကို စွမ်းရည်မရှိတော့၍ သစ်ငုတ်နှင့် ခြားမည် မဟုတ်ပါ။

ဉာဏ်စွမ်းရည်ဟူသော စိတ်ကြည်





www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရှုမိ၍ လက်တွေ့ လုပ်ကြည့်ခြင်း ဖြစ်သည်။

လူသတ္တဝါတွင်ရှိသော ပကတိ ကြည်လင်သည့်စိတ်ကို ထိန်းသိမ်းပြီး စိတ်တန်ခိုးရယူသော ကျင့်စဉ်ဖြစ်၍ စိတ်ဝင်စားကာ ကျင့်ခဲ့မိသည်။

စတင်၍ လုပ်ဆောင်သောနေ့မှစ၍ ပျက်သွားသည့်နေ့အထိ ရက်နှစ်ဆယ် ပင်မပြည့်ပါ။ တစ်နေ့သုံးကြိမ် မဟုတ်လေဘဲ တစ်နေ့လျှင် ညအိပ်ခါနီး တစ်ချိန်သာ ကျင့်ခဲ့ပါသည်။ ကျင့်နည်းကား အောက်ပါအတိုင်းပါပေ။

**စာစဉ် (၂)**

**လေထဲမှ ညို့ဓာတ်ကို စစ်ထုတ်ယူနည်း၊ ရေထဲမှ ညို့ဓာတ်ကို စစ်ထုတ်ယူနည်း၊ အစာထဲမှ ညို့ဓာတ်ကို စစ်ထုတ်ယူနည်း၊ နေရောင်ခြည်မှ ညို့ဓာတ်ကို စစ်ထုတ်ယူနည်း**ဟူ၍ လေးမျိုးရှိသည့်အနက် လေထဲမှ ညို့ဓာတ် စစ်ထုတ်ယူနည်းကို ကျွန်တော် သဘောကျသည်။

လူတွင် သံလိုက်ဓာတ်ကဲ့သို့သော ညို့ဓာတ်တစ်မျိုး ရှိသည်။ ထိုညို့ဓာတ်ကို စုဆောင်း ထိန်းသိမ်းခြင်းဖြင့် စိတ်စွမ်းအင်ရသည်ဟု ဆိုထားသည်။

**လေထဲမှ**

**ညို့ဓာတ်ကို စစ်ထုတ်ယူနည်း**

ည လူခြေတိတ်ချိန်(သို့မဟုတ်) နံနက် မိုးမလင်းမီအချိန်များ၌ ခန္ဓာကိုယ်ကို သန့်ရှင်းနေစေရမည်။ အဝတ်အစားများကို တင်းကျပ်စွာ ဝတ်မထားရ။ ကုလားထိုင်ပေါ်၌ ဖြစ်စေ၊ တင်ပျဉ်ခွေထိုင်၍ဖြစ်စေ ကြိုက်သလို အနေအထားနှင့် ထိုင်ရမည်။

မျက်စိကို ရှေ့တစ်လံလောက်ထိ ကြည့်၍ ပါးစပ်ကို ပိတ်ထားရပါမည်။ အထက်သွားနှင့် အောက်သွား ထိနေ



စေရပြီး လျှာကို အထက်သွားဖုံးပေါ်၌ ကပ်ထားရမည်။

ခန္ဓာကိုယ် မတ်မတ်ရှိစေရမည်။ အကြောအခြင်များ လျှော့ချထားပြီး ဆိုပါမှ မျက်စိကို ပိတ်လိုက်ပါ။

လက်ယာ လက်ညှိုးဖြင့် လက်ယာဘက် နှားပေါက်ကိုပိတ်၊ လက်ဝဲဘက် လက်ညှိုးဖြင့် လက်ဝဲနှားကိုပိတ်။ လက်ယာလက်မဖြင့် လက်ယာနှာဝကို ပိတ်၊ လက်ဝဲလက်မဖြင့် လက်ဝဲနှာဝကို ပိတ်ပါ။

ထိုသို့ ပိတ်ပြီးပါလျှင် ဘယ်လက်မကို ဖွင့်၍ ဖြည်းညင်းစွာ လေကို ရှူသွင်းပါ။ ဝမ်းဗိုက်ထဲ လေပြည့်သည် အထိ ရှူသွင်းရပါမည်။ လေပြည့်လျှင် နှာခေါင်းပေါက်ကို ပြန်ပိတ်ပါ။

အဲဒီနောက် ဝမ်းဗိုက်ထဲမှာ လေကို ကြာမြင့်စွာထား၊ အတတ်နိုင်ဆုံး အောင့်ထားပြီးမှ လက်ယာလက်မကို အသာဖွင့်၍ ဖြည်းညင်းစွာ လေကို ပြန်ထုတ်ပစ်ရမည်။ ဝမ်းဗိုက်ထဲမှ လေများ ကုန်စင်အောင် ထုတ်ရမည်ကို သတိပြုပါ။

ပြီးလျှင် ညာဘက်နှာဝကို ဖွင့်ပြီး လေပြည့်သည်ထိ ရှူသွင်း၊ ပြည့်ပြီဆိုလျှင် ပြန်ပိတ်ရမည်။

အထက်ကကဲ့သို့ပင် အောင့်နိုင်သမျှ အောင့်ပြီးမှ လက်ဝဲဘက် လက်မကို ဖြည်းညင်းစွာ ဖွင့်၍ လေများ ကုန်စင် အောင် ဖြည်းညင်းစွာ ထုတ်ပါ။

ပြီးလျှင် အသက်ကို ပြန်ရှူသွင်း ပြည့်လျှင် ပြန်ပိတ်၊ အောင့်ထားပြီးလျှင် ညာဘက်လက်မကို ဖွင့်ပြီး လေပြ ထုတ်နှင့် အသက်ရှူကျင့်ရပါသည်။

အကြိမ်ကြိမ်အဖန်ဖန် ရှူသွင်း ရှ ထုတ် လုပ်ရပါသည်။ ထိုအခိုက် စိတ်ထဲ "ငါသည် လေထဲမှ ညို့ဓာ များကို စစ်ထုတ်ယူနေသည်" ဟု မှ သားရပါမည်။

ကြားဖြတ် တင်ပြချင်သည်မှာ ဗု သည် ဒုက္ကရစရိယာကို ကျင့်စဉ် လေကို ဝမ်းထဲအောင်း၍ အသက်မ သောနည်းကို ကျင့်ရာ ရက်ပေါင်းများ နေနိုင်ကြောင်း၊ လေများ မွေးညှ ပေါက် စသည်တို့မှ ကန်ထွက်၍ ခန္ဓာ ကိုယ်သည် လေပူဖောင်းကဲ့သို့ ဖော နေကြောင်း မိန့်ကြားခဲ့သည်ကို ဖတ် ဖူးပါသည်။

လူတို့တွင် နှာဝနှစ်ခုရှိသော်ငြား တစ်ခါတစ်ရံ လက်ဝဲ၊ တစ်ခါတစ် လက်ယာဘက် စသဖြင့် တစ်ဖက်တည် သာ ရှူတတ်ကြောင်း စာထဲပါသည် စမ်းသပ်ကြည့်ရာ ဟုတ်ပါသည်။

လက်ဝဲမှ လက်ယာသို့ အကူးတွင် သာ နှစ်ဖက်စလုံး ရှူသည်ဟု ဆိုထာ သည်လည်း တကယ်ပါပေ။ ထို အာ ပါနကို အားထုတ်နေစဉ် ကာမ စိတ်ပြင်းထန်ခြင်း၊ အရက်သေ သောက်စားခြင်း ရှောင်ရမည်ဟု သ ပေးထားပါသည်။ မရှောင်နိုင်ပါ ပင်ပန်းတာသာ အဖတ်တင်ပါသည်

ကျင့်နေစဉ်ကာလအတွင်း အသ ရှူမှန်လာပြီး ခန္ဓာကိုယ်က ပေါ့ပါး မည်။ ညို့ဓာတ်အားကောင်း၍ မိ သော လေထဲ၌ အခဲသဏ္ဍာ သဏ္ဍာန်စသည်ဖြင့် မြင်တတ်မ





www.burmeseclassic.com

www.burmeseclassic.com

ကြောက်ရပါ။

ခန္ဓာကိုယ်အပေါ်သို့ ကြွတတ်လာသလို ခံစားရမည်။ မည်သူ့အားမျှ ဤအတွေ့အကြုံကို မပြောရပါဟု ဆိုထားသည်။ သို့ပေမယ့် ကျွန်တော်ပြောရတော့မည်။

ကျွန်တော် ညစဉ်ညတိုင်း မိနစ်အနည်းငယ် တိုးတိုး၍ ကျင့်ခဲ့ရာ ယခင်က တစ်မိနစ်မပြောနှင့် စက္ကန့်သုံးဆယ်လောင်မှ အသက်ရှူ မအောင့်နိုင်သည့် အဖြစ်ကနေ တစ်မိနစ်တိတိ အသက်မရှူဘဲ နေနိုင်သည်။

ဆေးလိပ်သောက်၊ ကွမ်းစားသည့် အမောဒဏ်ကို ထိုစဉ်ကမှ သိသည်။ ဖြည်းဖြည်းနှင့် တစ်မိနစ်ခွဲ၊ နှစ်မိနစ်အထိ အသက်အောင့်ထားနိုင်သည်ကို ကြုံရသဖြင့် ဝမ်းသာမိသည်။

ရိုးရှင်းစွာ ဝန်ခံရသော် စိတ်အင်မတန်မှ ကြည်လင်လာခြင်း တစ်စုံတစ်ခု (အသေးအဖွဲ့လေးတွေပါ)ကို မြင်မိ၊ ကြိုတင်သိနေသလို ဖြစ်၍လည်း စိတ်ကြီးဝင်မိလာပါသည်။

ဘဝမှာ မကြုံဘူးတာ ထပ်ကြုံရပါသည်။ မုသားမပါဘဲ တင်ပြပါမည်။ ၂၀၁၀ ပြည့်နှစ်၊ မိုးကုန်ခါနီးတွင် ကျွန်တော်တို့လမ်းထဲမှ ဟိန္ဒူအဘွားအိုတစ်ဦး ဆေးရုံတက်ရသည်။ ဆီးချိုရှိနေသည့်ပြင် ခြေထောက်ဒဏ်ရာကျက်၍ ကျွန်တော်ပဲ ဆေးခန်းလိုက်ပို့ရပါသည်။

ကျွန်တော့်အိမ်တွင် အိမ်သုံး ဆိုက်ကားတစ်စီးရှိသည်။ နံနက်စောစောထ၍ အမေ့အား ဈေးလိုက်ပို့ကာ ဈေးဝယ်ရသည်။ ဆိုင်ခင်းပေးရသည်။

ထိုဆိုက်ကားဖြင့် အားလျှင် ထိုအဘွားအိုအား ဆေးခန်းပို့နေကျပင်။ တစ်နေ့သည နေ ကျွန်တော့်ကို ဆေးခန်း



လိုက်ပို့ခိုင်းသည်။ ဖွဲ့တိုက်နေရ၍ မအားပါ။ သူမ စိတ်ဆိုးကာ စကားမပြောတော့ပါ။ နောက်နေ့မနက် ငါးနာရီခွဲခန့် ဆိုင်ခင်းပြီး ပြန်အလာ အဘွားအိုကို သူ့အိမ်တွင် ကုလားထိုင်ပေါ်၌ ထိုင်လျက် တွေ့ရသည်။ ဝတ်နေကျ အဝတ်အစားများနှင့် မျက်နှာက ခပ်ညှိုးညှိုးပင်။

ကျွန်တော်က အိမ်နီးချင်းမို့ ပြုံးပြကာ "နေကောင်းလား"ဟု နှုတ်ဆက်ရာ ဘာမှပြန်မပြောဘဲ မျက်နှာကို တစ်ဖက်လှည့်ပစ်သည်။ စိတ်မကောင်းဖြစ်ပြီးနေခဲ့ရာက နေ့လယ်တွင် သူမ၏ သမီးငယ်နှင့်ဆုံ၍ ထိုအကြောင်း ပြောပြဖြစ်သည်။ သမီးဖြစ်သူက အံ့ဩပြီး ရင်ဘတ်ဖိ၍ ဘုရားတသည်။ "ငါ့အမေများ တစ်ခုခုဖြစ်ပြီလား မသိဘူး" ဟု ငိုမဲ့မဲ့နှင့် ဆိုသည်။

သူမက ဆက်ပြောသည်မှာ သူမအမေ အခြေအနေမကောင်း၍ မော်လမြိုင်ဆေးရုံကို မနေ့ကတည်းက တင်ထားကြောင်း "နင်မြင်တာ တကယ်လား"ဟု မေးလာတော့ ကျွန်တော် အတော်လေး အံ့ဩသွားသည်။

ဘယ်လိုမှ မျက်စိ မမှားခဲ့ပါ။ အဝတ်အစားနှင့်တကွ ခေါင်းမှာ ခေါင်းကပ်ပလတ်စတာ၊ ခြေထောက်မှာ ပတ်တီးကအစ ပြောပြတော့ ဟုတ်မှန်ကြောင်း၊ ဒါပေမယ့် မော်လမြိုင်မှာသာ ရှိကြောင်း ဆိုသည်။

အဘွားအို မသေပါ။ ဆေးရုံက ဆင်းလာတော့ လူမမာ မေးရင်း စုံစမ်းကြည့်သည်။ ထိုနေ့ ထိုအချိန်က သူမကို ဆေးရုံမှာ မေ့ဆေးပေး၍ ခြေထောက်ကို ဖြတ်ကြောင်း ပြောလာသည်။ အံ့ဖွယ်ရာ အလွန်ကောင်းပါသည်။

**ဒုတိယဖြစ်ရပ်ကား** ထိုနေ့မှစ နောက်တစ်ပတ်မှာ ဖြစ်သည်။ ကျွန်တော့်အမေနိုင်း၍ ဈေးကျွန်ပစ္စည်း တက်ဝယ်ရသည်။ အချိန်က မနက်(၆) နာရီသာသာလောက် ရှိပါမည်။

နှစ်လမ်းထိပ်အရောက်တွင် အသိတစ်ယောက်ဆုံသည်။ ပလာတာ၊ အီကြာကွေးကို ဗန်းနှင့် လှည့်ရောင်းသည့် အသက်(၅၀)ကျော် အမျိုးသမီးကြီးပင်။ မျက်နှာချင်းဆုံ၍ "အစောကြီး ကုန်ပြီ ရောင်းကောင်းတယ်ဟုတ်" ဟု နှုတ်ဆက်ရာ ဘာမှ ပြန်မပြောဘဲ လင်ပန်းကို ချိုင်းညှပ်၍ ခပ်တည်တည်ပဲ လမ်းဘေးက ဆင်းလျှောက်သွားသည်။

စိတ်ထဲ အောင့်သက်သက် ခံလိုက်ရသည်။ ဘာရန်ငြိုး အပြစ်မှမရှိပါပဲ ဥပေက္ခာပြုခြင်းဟု နားလည်ကာ လာခဲ့ရာမှာတော့ တွေ့ပါပြီ။ စောစောက အမျိုးသမီးကြီး။ ခုမှ ဈေးထဲက ဗန်းရွက် ထွက်လာခြင်းပင်တည်း။ အဝတ်အစားကလည်း ခုနက အဝတ်အစားအတိုင်း။ ကျွန်တော် ကြောင်ပြီး ကြည့်နေစဉ် သူမက စ၍ နှုတ်ဆက်သည်။

ဈေးကစ၍ ရေတွက်လျှင် (၁)လမ်း၊ (၂)လမ်းမှသည် ဟိုးမြို့သစ်အထိ (၁၆) လမ်းမျှ ရှိသော်ငြား ဤလမ်းက တစ်ဖြောင့်တည်း။ ထို့ပြင် သူမ မှန်နေ့နီးမှာ



www.burmeseclassic.com

www.burmeseclassic.com

မုန့်တွေ အများကြီး ကျန်နေသေးသည်။ လူမှားစရာ ရုပ်တူတာလဲ ဤမြို့မှာ မရှိပါ။ ဘာတွေနည်း။ ကိုယ်ပွားဟုသာ ကျွန်တော် ဆိုပါတော့မည်။

ထူးတာကတော့ အတော့်ထူးသည်။ မည်သူ့ကိုမျှ မပြောပြပါ။ ပြောလည်း ငပေါကြီးသာ ဖြစ်မည်မို့ အောင့်အည်း နေခဲ့ပါသည်။

အကျိုးများမည့် ကျင့်စဉ်ဖြစ်သော် ငြား အဖျက်ဟုလည်း မဆိုရက် ဆိုချင် လည်း ဆိုလို့ရနိုင်မည်က ထိုလပိုင်းလေး မှာပင် ကျွန်တော့်အိမ်သူ သားဦးလေး မွေး၍ ကျင့်စဉ်ပျက်ခဲ့ရသည်။

ကလေးဖျားနာ၊ လူကြီးဖျားနာနှင့် မလောက်မင ငွေကြေးကို နင်းကန်ရှာ ရင်းက ကျွန်တော်မောင်ဇရော ဒုံရင်းက ဒုံရင်းပဲ ပြန်ဖြစ်ခဲ့ရပါသည်။

မတတ်နိုင်ပါ။ ဆိုင်ကယ်တက္ကစီ ဆွဲ၍ မိသားစုဝမ်းရေးကို ပြူးပြဲ ရှာဖွေ ရချိန်မှာ ထိုအတိတ်ကလေးကိုတော့ လွမ်းမိပါသည်။ နိဗ္ဗာန်ရောက်သည့် အကျင့်မဟုတ်ပေမယ့် သူလည်း သမထမို့ အကျိုးတော့ ရှိပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုကျင့်စဉ် ကို ကျင့်နေစဉ်ကာလ တစ်လျှောက်လုံး အဘယ်သော စိတ်အညစ်အကြေးမှ လာမငြိဘဲ စိတ်သည် တည်ငြိမ်အေးချမ်း နေသည်။ ဟိုတွေးဒီတွေးနှင့် မျောက် နှယ် မငြိမ်သည့် ဝိတက်လည်း မဖြစ်ပါ။

အခြေအနေအရ ဖျက်ခဲ့ရသော် လည်း မပျက်ခင်က အတွေ့အကြုံ အရသာလေးတွေသည် သာမန် ကျွန်တော့်လို ပုထုဇဉ်အတွက် မက် မောဖွယ်ရာပင်။ အလုပ်လုပ်ရာတွင် ယခင်ကဲ့သို့ ချွေးပြိုက်ပြိုက်ကျ ယောဟဲ ဆိုက်အောင် မမောတော့ခြင်း၊ စိတ် တည်ငြိမ် သန့်ရှင်းပြီး ထိုတစ်လောက မအားသည့်ကြား ထမင်းအိုးတည် ရင်း ကောက်ရေးသည့် ဝတ္ထုများ၊ ဆောင်းပါးများ မဂ္ဂဇင်းအချို့တွင် လစဉ်လိုလို ပါဝင်လာခြင်း၊ အိပ်မက် ဆိုး မမက်ခြင်း၊ အထက်ပါ ကိုယ်ပွား နှစ်ခုကို ဆုံရခြင်း၊ ကိုယ်ထင်ထားသည့် ကိစ္စအတော်များများ တကယ်ဖြစ်လာ ခြင်းတို့ ကြုံရပါသည်။

တကယ်တမ်း ကလေးမွေးပြီးတော့ မှပဲ ကိုယ်ကျင့်စဉ် ဖျက်ရတော့သည်။ ထိုမှစ၍ ဤကနေ့အထိ ဘာမျှ မထူး ခြားလာတော့ပါ။ စားဝတ်နေရေး လောင်းရိပ်အောက်က အသာတကြည် လွတ်သည့်နေ့ကျမှ ပြန်ကျင့်နိုင်မည် လား မပြောတတ်။

ယခုလို လုံးပန်းနေရသည့်ကာလ မှာတော့ မကျင့်ဖြစ်တော့ပါ။ တကယ် ပင် လွမ်းမိပါသည်၊ မက်လုံးတွေပေး ဖော်ပြခြင်း မဟုတ်ပါ။ ကြုံတာ ကြုံသည့်အတိုင်း ပရိယာယ်မပါ တင်ပြခြင်း ဖြစ်ပါသည်။

*လေးစားလျက်...*

**မောင်ဇရော (ရာမည)**

**စာကြွင်း။ ။ (ကိုယ်ပွားအဖြ ယူဆခံရသည့် ကျွန်တော့်မိတ်ဆွေ နှစ်ဦးသည် ယခုထိ သက်ရှိထင်ရှာ နှင့် ယခင်ကဲ့သို့ ချစ်ခင်စွာ ရှိ ကြောင်း...)**

---

ကွမ်းစိုက်ပျိုးပြီး စီးပွားဖြစ်ထွန်းနေ သော မိတ်ဆွေဦးမောင်တိုး၏ ကွမ်းခြံ သို့ ပြီးခဲ့သည့်တစ်ပတ်က သွားရောက် လေ့လာဖြစ်ခဲ့ရာ ဗဟုသုတများစွာ ရခဲ့ ပါသည်။

'ခုလို အောင်မြင်ဖြစ်ထွန်းနေတာ တွေ့ရတော့ ဝမ်းသာတယ် သူငယ်ချင်း ရာ'

ဟု ကျွန်ုပ်မှ စကားစလိုက်ရာ...

'အေး...ခုမှ ကိုယ့်မှာလဲ ဝမ်းသာနိုင် တာ။ ပြီးခဲ့တဲ့ နှစ်,နှစ်လောက်က ဆိုရင် လက်တွေ့ အတွေ့အကြုံက မရှိ၊ စာ တွေ့နဲ့ စာထဲအတိုင်းပဲ လျှောက်လုပ် နေတာ အရင်းပြုတ်တော့မလို ဖြစ်ခဲ့ သေးတာ၊ စာတွေ့နဲ့ငါတွေ့ ကွာတယ် ကွာ'

'ဆိုစမ်းပါဦး သူငယ်ချင်းရ... ဘယ်

# ကွမ်းရွက်ပိုးကျ

## သတိရစေဖို့

လိုကွာတာလဲ'

'ဒီလိုကွာ... ကွမ်းရွက်ခူးမယ် ဆိုရင် လက်သန့်ဖို့ တော်တော် လိုတယ်ကွ။ လက်မသန့်ရင် လက်မှာ ဆားဓာတ်၊ အငန်ဓာတ် ပါသွားမယ်။

ထမင်းစားပြီး ဖြစ်သလို လက် ဆေးထားမယ်။ အဲလို လက် မသန့်တာနဲ့ ခူးမိရင် ချက်ချင်း ကွမ်းနွယ်တွေဟာ ရှိသွားတော့တာပဲ။



နောက် ရှိသေးတယ်။ အပင်ခြေမှာ ရေပေး နေရုံနဲ့ မရဘူး။ ရေပေးပြီး မန်ကျည်းရွက် ခြောက် ပုံပေးရတယ်ကွ။

အဆိုးဆုံးက ရွက်ပိုးကျတာပဲ။ ကွမ်းရွက်ကို ပိုးတွေ ကိုက်ဖြတ်တာ မဟုတ်ဘူး။ ကွမ်းရွ သေး အနားစတွေ ခြောက်သွေ့ တွန့်လာ ပဲ။ ရောဂါပိုးမွှား ဝင်နေတာပေါ့။

အဲဒါမျိုးကို ဘယ်ပိုးသတ်ဆေး ဖျန်းမရဘူးဗျာ။ နွားချေးအခြောက် အမှုန့်ထောင်းပြီး ရေနဲ့ မပျစ် မကျဲလွန်းဖျော်ပြီး လောင်းပေးရ တိုင်ကပ်နွယ်လို့ခေါ်တဲ့၊ ကြံ ဖြစ်ထွန်းမှု နည်းတဲ့ အရွက်အညှ အနုမြော ပိုမနေဘဲ ဖြတ်တော ဖယ်ရှားပြီး ကွမ်းခြံနဲ့ ဝေးတဲ့ နေ လွှင့်ပစ်ရတယ်။ အဲဒီနွယ်မှာ ပိုးက ကွမ်းခြံထဲမှာ ပျံ့မှာစိုးလို့ပေါ့'

မိတ်ဆွေဦးမောင်တိုးထံမှ တွေ့ စိုက်ပျိုးသိရှိထားသည့် ကွမ်းပိုး သိရစေဖို့ ဗဟုသုတကို တင်ပြအ သည်။ **မောင်ရေမွှေး(နတ်မော**

www.burmeseclassic.com

# ကျန်းမာရေး

## ယတြာအစီအရင်

ဂါမဏိဇော်
(ဝေဒဝိဇ္ဇာဓရ၊ စစ်ကိုင်း)



ကျွန်ုပ်တို့၏ လူ့ဘဝတွင် စား၊ ဝတ်၊ နေရေး သုံးမျိုးတို့ကို ပြည့်စုံစွာဖြင့် လူသားတိုင်းပင် နေထိုင်ချင်ကြပေလိမ့်မည်။ ''ထိုသုံးမျိုး ပြည့်စုံကာမျှဖြင့် လူ့ဘဝတွင် အဆင်ပြေကြပါပြီလော...''

''အာရောဂျ ပရမာ လာဘာ'' ဟူ၍ ဗုဒ္ဓ ရွှေနှုတ်ကြာကုမုဒ်မှ မိန့်ခြွေတော်မူသည့် စကားတော်အတိုင်း ကျန်းမာရေး ချို့ယွင်းသူတို့သည် ကိုယ်စိတ်နှစ်ပါး ပင်ပန်းစွာဖြင့် ဘဝရှုံးကြရတတ်ပါသည်။

ဘယ်ပုံရှုံးကြမည်နည်း၊ ကျန်းမာရေး မကောင်းလျှင် ပညာတတ်သူသည် မိမိပညာကို အသုံးမချနိုင်ဘဲ ရှုံးနိမ့်ရလိမ့်မည်။ စည်းစိမ်ရှိသူသည် မိမိစည်းစိမ်ကို ကောင်းစွာ မခံစားရဘဲ ရှုံးနိမ့်ရပါလိမ့်မည်။ နောက်ဆုံးတွင် ကျန်းမာရေးကြောင့် မိမိ၏ အသက်နှင့် ခန္ဓာကိုပင်လျှင် စွန့်ခွာ၍ ဘဝကို အရှုံးပေးကြရတတ်ပါသည်။

ခေတ်စနစ်တွေ၊ နည်းပညာတွေ မည်မျှပင် တိုးတက်နေစေကာမူ ကျန်းမာရေး ချို့ယွင်း၍ ဆေးပညာရှင်များ၊ သမားတော်များနှင့် ကုသကြသောအခါ၌ အလွယ်တကူနှင့် ပျောက်ကင်း ချမ်းသာနိုင်ကြသကဲ့သို့ ရောဂါနှင့် ဆေးချက်မတွေ့သူများသည် မပျောက်ကင်းနိုင်ကြဘဲ နာတာရှည်ကာ ကျန်းမာရေးဒုက္ခကို ခံစားနေရသူများလည်း ကေန်ပင် ရှိကြပေလိမ့်မည်။

ဤသို့ဖြစ်ကြရသည်မှာ ဘာကြောင့်ဟူ၍ အခြားသော နည်းလမ်းတို့ဖြင့် ကျွန်ုပ် မခွဲခြား မဝေဖန်တတ်ပါ။ ကျွန်ုပ် ဝေဖန်ပိုင်းခြား၍ ကူညီနိုင်သော နည်းတစ်ခုသာလျှင် ရှိပါသည်။ ယင်းမှာ... အဘိုးဆရာနှင့်တကွ သင်ဆရာ၊ မြင်ဆရာ စသော ဆရာသခင်တို့မှ သင်ကြားပေးအပ်ခဲ့သော ''ဝေဒနည်းပညာ'' ဖြစ်ပါသည်။

ထိုဝေဒပညာဖြင့် ဆေးမစူးသော၊ ဆေးမတိုးသောသူများ၊ နာတာရှည် ဝေဒနာရှင်များကို အကြောင်းတိုက်ဆိုင်ခဲ့လျှင် ကူညီခဲ့ပါသည်။

ဆိုရသော်... လွန်ခဲ့သော (၄)နှစ်ခန့်က ကျွန်ုပ်နှင့် အိမ်နီးချင်းဖြစ်သော အမေပွေးသည် တစ်နေ့တွင် ကျန်းမာရေး ချို့ယွင်းရှာလေသည်။ ဗိုက်အောင့်ခြင်း၊ နာခြင်းတို့သည် မနေနိုင်၊ မထိုင်နိုင်ဖြစ်ပေါ်လာ၏။ အသက်အရွယ်ကလည်း (၇၀)ကျော်၊ (၈၀)နားသို့ ရောက်ရှိပေပြီ။

ထို့ကြောင့် ဆေးရုံသို့တင်၍ ကုသကြ၏။ တစ်ပတ်မျှ ကြာသောအခါတွင် ဆေးရုံမှ ဆင်းလာကြ၏။ အဝေး၌ ရှိကြသော ဆွေမျိုးသားချင်းတို့လည်း စုံလင်စွာ ရောက်ရှိလာကြ၏။

သမီးဖြစ်သော မအမာသည် ကြံရာမရသည့်အဆုံးတွင် ကျွန်ုပ်ထံသို့ အကူအညီ တောင်းလာပါတော့သည်။

'ကျန်းမာရေး မကောင်းသေးဘဲနဲ့ ဆေးရုံမှ အဘယ်ကြောင့် ဆင်းလာရပါသလဲ'

ဟု ကျွန်ုပ်ကမေးလျှင် ဒီမှာရှိသည့် ဆေးရုံမှာ ကုသ၍ မရနိုင်တော့ကြောင်း၊ အဆင့်မြင့် ဆေးရုံကြီးများ၌သာ ပါရဂူကြီးများနှင့် ကုသမှသာလျှင် သက်သာဖွယ်ရှိ၍ ကုသနိုင်လျှင် သွားရောက်ကုသသင့်ကြောင်း ပြောပြီး ဆင်းခွင့်ပေးလိုက်ကာ စားဆေး၊ သောက်ဆေးများကို ပေးလိုက်သည်ဟု ဆိုပါသည်။

'ဒါဖြင့် ပါရဂူကြီးတွေနဲ့ သွားကုကြမှာလား အကုန်အကျကတော့ နည်းမယ်မထင်ဘူး'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'ဒါကြောင့် အမေ့အတွက် ယတြာအစီအရင် လုပ်ပေးဖို့ပြောတာပေါ့။ ဆရာလဲ သိသားနဲ့ ကျွန်မတို့မှာ အများကြီး အကုန်အကျခံနိုင်တဲ့ လက္ခဏာ မရှိတော့၊ အပြင်ဆေးဆရာနဲ့ပဲ ကုသပေးတော့မယ်'

ဟု မအမာက ပြောလေသည်။

'ကောင်းပါပြီဗျာ၊ အမေပွေးရဲ့ကံက ဆက်နေဖို့ရာ အကြောင်းရှိခဲ့ရင် ပျောက်ကင်း ချမ်းသာနိုင်ပါလိမ့်မယ်။ ကျွန်တော်က ဝေဒယတြာ၊ ကုသိုလ်ကံဆက် ယတြာစတဲ့ ယတြာသုံးနှီး အစီအရင်တွေနဲ့ ကူညီထောက်ပံ့ပါ့မယ်။ မအမာတို့ ဘက်ကလဲ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်တွေနဲ့ ဆေးကုသပေးကြပေါ့'

ဟု ပြောကာ ကျန်းမာရေးယတြာ အစီအရင်များကို စီစဉ်ပြုလုပ်ပေးခဲ့ပါတော့သည်။

အမေပွေးကား... မည်သို့ ဆက်ဖြစ်သွားပါသနည်း။ ယတြာအစီအရင်ထဲတွင် ပါဝင်သော သံဃာတော်များအား ပင့်ဖိတ်၍ သင်္ကန်းကပ်လှူကာ ပရိတ်တရား နာကြသောအခါ၌...

'ငါ သေတော့မှာမို့ ဘုန်းကြီးတွေပင့်ပြီး ပရိတ်တရားနာကြ၊ လှူကြတာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com

ဟု သတိကောင်းသော အမေပွေး က မေးရှာပါသည်။

'မဟုတ်ဘူး အမေရဲ့ ကိုဂါမဏိက ယတြာချေခိုင်းလို့ ကျန်းမာရေးကောင်း လာအောင် ယတြာချေတာပါ'

ဟု မအမာက ပြောပြမှ...

'အေး ကောင်းတယ်၊ ကောင်း တယ်'

ဟု ကျေနပ်စွာ ပရိတ်နာယူခဲ့ပါ သည်။

ထိုပရိတ်ရွတ်ဖတ်ခဲ့သော သံဃာ တော်များထဲမှ ထေရ်ကြီးဝါကြီး တစ်ပါး သည်ပင်လျှင် (၉၆)ပါးသော ရောဂါဖြင့် ပျံလွန်တော်မူခဲ့သည်မှာ ယခုအချိန်တွင် (၁)နှစ်ပင် ကျော်ခဲ့ပါပြီ။

အမေပွေးကား ယနေ့အထိ စိပ်ပုတီး တချောက်ချောက်နှင့် ကျန်းမာရေး ကောင်းမွန်စွာနေနိုင်၍ အသက်ရှည်ဆဲ ဖြစ်ပါသည်။

ထို့ကြောင့် ကျန်းမာရေး ချို့ယွင်း လျက် ဆေးမတိုးသော၊ ဆေးမစူး သော၊ နာတာရှည် ဖြစ်နေသော သူ များအတွက် ပစ္စုပ္ပန်၊ သံသရာ (၂)မျိုး စလုံးမှာပင် အကျိုးမယုတ်ဘဲ ကောင်း ကျိုးသာလျှင် ဖြစ်စေသော **"ကျန်းမာ ရေးအတွက် ယတြာ အစီအရင်"**ကို ဖော်ပြရေးသားအပ်ပါသည်။

---

ကျန်းမာရေး ချို့ယွင်းခဲ့လျှင်

---

ဆေးစူး၊ မစူး သိနိုင်သောနည်းမှာ...

---

ရောက်သက်ကို တည်၍ (၃)ခုနှင့် စားပါ။ (၀)ကြွင်းလျှင် ဆေးမစူးဘဲ နာတာရှည်တတ် ပါသည်။

မည်သို့ပင်ဖြစ်စေ ကျန်းမာရေး မကောင်းခဲ့လျှင် အောက်ပါ "ယတြာ သုံ့နည်း"တို့ကို ပြုလုပ်ပေးပါ။

---

ရောဂါရောက်သောအခါ

---

ယတြာအစီအရင်များ...

---

၁။ ရဟန်းသံဃာများအား ပင့်ဖိတ်၍ ပရိတ်



နာယူပါ။ ***(အထူးသဖြင့် မောရွှံ့သုတ် ကို နာယူပါ။)***

၂။ သင်္ကန်း စသော ရဟန်းအသုံးအဆောင် အဝတ်အထည်တို့ကို လှူဒါန်းပါ။

၃။ ဆေးပစ္စည်းတို့ကို တတ်စွမ်းသမျှ လှူဒါန်း ပါ။

ဤသည်တို့ကား သာသနာတော် နှင့် စပ်လျဉ်းသဖြင့် ကုသိုလ်ကံဆက် ယတြာဟု ဆိုအပ်ပါသည်။ အကယ်၍ ရဟန်း သံဃာတို့အား ပင့်ဖိတ်ရန် ခက်ခဲမှုရှိသော နေရာဒေသများဖြစ်လျှင် သီလရှိသော မိမိတို့ လူပုဂ္ဂိုလ်များက ပရိတ်ရွတ်ဖတ်ပေးခြင်း၊ ပုဆိုး၊ အဝတ် အထည်၊ ဆေးပစ္စည်း စသည်အားဖြင့် လဲလှယ်၍ ပြုလုပ်နိုင်ပါသည်။

---

နေ့သားအလိုက်

---

ယတြာအစီအရင်များ

---

*** တနင်္ဂနွေသားသမီးဖြစ်လျှင်...**

အိပ်ရာ၏ ခေါင်းရင်းတွင် အုန်းသီး တစ်လုံးထား၍ အိပ်ပါ။ နံနက်စောစော တွင် ရေတွင် မျှောပစ်လိုက်ပါ။ (သို့မဟုတ်) ဘုရားကျောင်းကန်တွင် လှူဒါန်းလိုက်ပါ။

*** တနင်္လာသားသမီးဖြစ်လျှင်...**

(ယောက်ျားတွင် ညာဘက်၊ မိန်းမ ဘယ်ဘက်မှာ) ကြိုတစ်ချောင်းထား၍ အိပ်ပါ။ နံနက်စောစောတွင် (၉၆)ဆစ်, ဆစ်၍ ရေတွင်မျှောပါ။ (သို့မဟုတ်) အိမ်၏ အနောက်တောင်ထောင့် အရပ် သို့ စွန့်ပစ်ပါ။

*** အင်္ဂါသားသမီးဖြစ်လျှင်...**

အိပ်ရာ၏ ခေါင်းရင်းအောက်မှာ ဆန်(၉)ဆုပ်ထား၍ အိပ်ပါ။ နံနက် စောစောတွင် ယင်းဆန်များကို ကုန်း သတ္တဝါ၊ ရေသတ္တဝါတို့အား ကျွေးပါ။ (ယင်းအတိုင်း သုံးရက်ပြုလုပ်ပါ။)

*** ဗုဒ္ဓဟူးသားသမီးဖြစ်လျှင်...**

ကျောက်ဖရုံသီးတစ်လုံးကို လူနာ၏ အင်္ကျီနှင့်ပတ်၍ အိပ်ရာခေါင်းရင်းမှာ ထား၍ အိပ်ပါ။ နံနက်စောစောတွင် မြစ်ဆိပ်၌ ရေတွင်မျှောလိုက်ပါ။ (သို့မဟုတ်) အနောက်မြောက်ထောင့် အရပ်တွင် စွန့်ပစ်လိုက်ပါ။

*** ကြာသပတေး သားသမီးဖြစ် လျှင်...**

အိပ်ရာခေါင်းရင်းမှာ ငှက်ပျောဖီး တစ်ဖီးကို အဝတ်ဖြူနှင့် ပတ်၍ထားပါ။ နံနက်စောစောတွင် ဘုရားကျောင်းကန် တို့တွင် လှူဒါန်းပါ။

*** သောကြာသားသမီးဖြစ်လျှင်...**

အိပ်ရာခေါင်းရင်းတွင် နှမ်းဆီ(၃) ကျပ်သားကို ထား၍ အိပ်ပါ။ နံနက် စောစောတွင် ယင်းဆီနှင့် ဘုရားတွင် ဆီမီးပူဇော်ပါ။ (သို့မဟုတ်) လှူဒါန်း လိုက်ပါ။

*** စနေသားသမီးဖြစ်လျှင်...**

အိပ်ရာခေါင်းရင်းတွင် အုန်းသီး တစ်လုံးကို အဝတ်နီဖြင့် ပတ်၍အိပ်ပါ။ နံနက်စောစောတွင် ရေတွင်မျှောပစ် လိုက်ပါ။ (သို့မဟုတ်) ဘုရားကျောင်း ကန်တို့တွင်လှူဒါန်းပါ။ အထက်ပါ ကုသိုလ်ကံဆက်ယတြာနှင့် နေ့သား အလိုက် ယတြာတို့ကို တွဲစပ်၍ ယတြာ ပြုကြလျှင် အကာအကွယ်ဖြစ်သည့် အပြင် ဆေးတိုး၊ ဆေးစူးကာ ရောဂါ ကင်း၍ အထူးပင် ကျန်းမာချမ်းသာကြ ပါလိမ့် မည်။

***"အာရောဂျ ပရမာ လာဘာ"***

**ဂါမဏိဇော်**
***(ဝေဒဗိဇ္ဇာရေး စိတ်ကူး)***



www.burmeseclassic.com

www.burmeseclassic.com

လေ့လာကြည့်ပါ။

*** နှလုံးလမ်းကြောင်းသည် ရှည်လျား သန့်ရှင်းနေပါတယ်။ (A.A)**

ဒါကတော့ စိတ်ရင်းကောင်းသော၊ စေတနာသဒ္ဓါတရား ကောင်းသော၊ အလိုလိုက် အကြိုက်ဆောင်ပေးမယ့် အိမ်ထောင်ဖက်နဲ့ ဆုံတွေ့ရတတ်သော အမှတ်လက္ခဏာပါပဲ။ မိမိထက်သာသော အိမ်ထောင်ဖက်ကို ရစေပါမယ်။

*** ဉာဏ်လမ်းကြောင်းသည် ရှည်လျားပြီး ကြာသပတေးဂြိုဟ်ခုံက စတင်ထားပါတယ်။ (B.B)**

ဒါကတော့ ဘဝရဲ့ တိုးတက်မြင့်မားမှု ဂုဏ်သိက္ခာကြီးမြင့်မှုကို ဖြစ်စေတဲ့ အမှတ်အသားပါ။

*** လက်မ ပထမ ဆစ်မှာ ဒေါင်းမျက်စိ ပါတယ်။ (C.C)**

ဒါကတော့ ကောင်းစားစေခြင်းရဲ့ ပြယုဂ်ပါ။ ရိက္ခာပြည့်စုံစေပါမယ်။


ဒါဆိုရင်တော့ အိမ်ထောင်ရေးကံ ကောင်းမကောင်း သိနိုင်လောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

# အိမ်ထောင်ရေးကံ


ကောင်းပါ့မလား







www.burmeseclassic.com

www.burmeseclassic.com





ထူးကဲအရသာ

# နဂါးမောက်ပွင့်ဟင်းလျာ

ဒီတစ်ပတ် စားသောက်ဖွယ်ရာ ဟင်းလျာအဖြစ် နဂါးမောက်ပွင့်သုပ်နှင့် ကြော်ချက်စားနည်းကို အိမ်ရှင်မများ သိစေရန် ဖော်ပြပေးမှာ ဖြစ်ပါသည်။

၎င်း ချက်ပြုတ်နည်းကိုလည်း ကျွန်တော့်မိတ်ဆွေ တစ်ဦးအိမ်သို့ အလည်အပတ် သွားခဲ့ရာမှ သိရှိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်အား နဂါးမောက်ပွင့် သုပ်နှင့် ရေနွေးကြမ်း ဧည့်ခံပါသည်။ ကျွန်တော် စားကြည့်သောအခါ ကောက်ရိုးမှိုအရသာနှင့် ဆင်တူ ပါသည်။

ကျွန်တော် တစ်ခါမှ မစားဘူးသော ကြောင့် မေးကြည့်ရာ နဂါးမောက်ပွင့် သုပ်ဖြစ်ကြောင်း ပြောပြပါသည်။ သို့နှင့် ကျွန်တော်လည်း မည်သို့မည်ပုံ လုပ်ရ သည်ကို မေးမြန်းသောအခါ ပထမဦး ဆုံး နဂါးမောက်ပင်မှ အသီးလေးများ ထွက်လာလျှင် အပွင့်များ အောက်သို့ **ကြွေကျသွားသော အပွင့်လေးများကို ကောက်၍ ရေစင်စင် ဆေးရပါသည်။** ပြီးလျှင် ရေနွေးနှင့် (၁၀)မိနစ်ခန့် စိမ်ထားရပါသည်။ အနည်းငယ် နွမ်း သွားသောအခါ ရေညှစ်၍ထားပါ။ ရေ ညှစ်ပြီး ထည့်ထားသော ပန်းကန် (သို့မဟုတ်) ခွက်ထဲသို့...

(က) ကြက်သွန်ဖြူနီ ဆီချက်ထည့်ပါ။
(ခ) ပဲမှုန့် (သို့မဟုတ်) မြေပဲလှော် ထောင်း ထည့်ပါ။
(ဂ) ပုစွန်ခြောက်မှုန့် သင့်ရုံထည့်ပါ။
(ဃ) ရေတ်သီးစိမ်း ညှပ်ထည့်ပါ။ (လိုအပ်သလို ထည့်ပါ)
(င) ငံပြာရည် သင့်ရုံ၊
(စ) ဟင်းခတ်မှုန့် (သင့်ရုံ)၊
(ဆ) ဆား အနည်းငယ်

အားလုံး ရောထည့်ပြီး သမအောင် နယ်ပါ။ အရသာ ချို၊ ချဉ်၊ ငန်၊ စပ် ကို မိမိ ကြိုက်နှစ်သက်သလို ပြုလုပ်၍ စားသုံးနိုင်ပါသည်။

ထို့ပြင် နဂါးမောက်ပွင့်လေးများအား ကြော်ချက်၍လည်း စားသုံးနိုင်ပါသည်။ ကြော်ချက်ထားသောအခါ ပဲပင်ပေါက် ကြော်နှင့် ရုတ်တရက်ကြည့်လျှင် ဆင် တူပါသည်။

စားကြည့်သောအခါ မှိုဟင်း အရ သာဖြစ်၍ စားကောင်းပါသည်။ ကြော် ချက်နည်းကတော့ ကန်စွန်းရွက်၊ ပဲပင် ပေါက် ကြော်ချက်နည်းအတိုင်း ဖြစ်ပါ သည်။

ကျန်းမာရေးအတွက်ကတော့ နဂါး မောက်သီးသည် နှလုံးရောဂါ၊ ဆီးချို သွေးချို ရောဂါသည်များအတွက် ကောင်းပါသည်။ ရောဂါ သက်သာ သည်ဟု သိရသည်၊ နဂါးမောက် အပွင့် ကလေးများသည်လည်း အသီးကဲ့သို့ ပင် ဆေးဖက်ဝင်ကြောင်း ဖော်ပြလိုက် ရပါသည်။

*စေတနာများစွာဖြင့်...*

**မျိုးမောင်မောင်**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင် နှင့်

ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ



◆ အိမ်မဲမြို့၊ ရိုးကြီးဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်

ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ တိက္ခာစာရမထေရ်

## အိမ်မဲမြို့၊ ရိုးကြီးဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်(ရိုးကြီးဆရာတော်) ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တိက္ခာစာရအား ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်ကြီးကို ၁၂၉၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၃)ကြွင်းမဟာဘုတ် ပိုင်ရှင်ဖြစ်ပါတယ်။

လေ့လာကြည့်ပါ။

* * *

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

### ၃-ကြွင်း မဟာဘုတ်

ဆရာတော်ကြီးမှာ (၃)ကြွင်းမဟာဘုတ် ဖြစ်တဲ့အတွက် အင်္ဂါဂြိုဟ် (၃-ဂ)ဟာ ဘင်(အပျက်)၌ ရပ်တည်နေတဲ့အတွက်...

- ★ စိတ်ခံစားမှု ပြင်းထန်ခြင်း။
- ★ စိတ်ထိခိုက်လွယ်ခြင်း။
- ★ စိတ်လှုပ်ရှားမှု များစေခြင်း။
- ★ စိတ်တက်စိတ်ကျ ဖြစ်တတ်ခြင်း။
- ★ စိတ်အပြောင်းအလဲများတတ်ခြင်း

တို့ ရှိနေတတ်တဲ့သဘော ရှိပါတယ်။

တစ်ဖန်...

စနေဂြိုဟ်ဟာ အဓိပတိအိမ်၌ ရပ်တည်နေတဲ့အတွက် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် အကျိုးပေးတတ်ပါတယ်။ အဓိပတိဂြိုဟ်(၀-နေ)နဲ့ မရဏဂြိုဟ် (၆-ကြာ)တို့ဟာ ပက္ခသဘော ဖြစ်တဲ့အတွက် (သုတ)ရန်ဓာတ် ရောက်စေပါတယ်။ ၆-ကြာဂြိုဟ်ဟာ ခရီးဂြိုဟ်ဖြစ်ပြီး ၀-နေဂြိုဟ်ကလဲ ရပ်ဝေးညွှန်ပြသောဂြိုဟ်ဖြစ်ပြီး ရန်ဓာတ်ကျတဲ့အတွက်...

ဆရာတော်ကြီးမှာ ဆင်းရဲသော မိဘနှစ်ပါးမှကြီးပြင်းလာရပြီးစစ်ဘေး စစ်ဒဏ်ကြောင့် မိမိတို့ရဲ့ မြို့ရွာကို စွန့်ခွာရပြီး ဆင်းရဲဒုက္ခအဖုံဖုံကို သတိ



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ပထဝီနဲ့ တေဇော၊ အပူနဲ့ အအေး၊ ခက်မာမှုနဲ့ ဖွဲ့စည်းမှု၊ အာပေါနဲ့ ဝါယော၊ ဓာတ်ကြီး (၄)ပါးတို့ရဲ့သဘော နှုတ်တော်က ဟောဖော်မပြသော်လည်း လက်တွေ့သဘာဝ ထိတွေ့လို့ ပြတာလား။


ဖိုးဟန်တို့ နှိပ်လို့ဝတော့ ဆရာတော်ကြီးက ခြေတော်အစုံကို ရုတ်လိုက်တယ်။ ဖိုးဟန်တို့က တရုတ်မော်မှာ တရားတော်များ ဟောကြားပေးတော် မူပါလို့ တောင်းပန် လျှောက်ထားကြတော့…

ဆရာတော်ကြီးက ရက်, ပေးတယ်။ ဒီနေ့က စရင် သန်ဘက်ခါ။

မောင်ဖိုးဟန် ထည့်ချင်တဲ့ဆိုင်း ဆိုင်းလိုက်ရပါပြီ။ ဘယ်ရက်ကမီတော့ မတုံး။ ကြခင်းမြို့ကနေ ကနေ့ညပြန်၊ မနက်ဖြန်ချက်ချင်း မဏ္ဍပ်ထိုးရမယ်။ ကြေညာရမယ်။ နေ့နေ့ညည ဘယ်နားရတော့မလဲ။ ကောင်းလိုက်တဲ့ကုသိုလ် ဆွဲအားနည်းရာက များသွားပြီ။

ကြခင်းမြို့ ညတရားပွဲပြီးလို့ တရုတ်မော်ကိုအပြန် မော်တော်ပေါ်မှာတင် တရားပွဲရက်ကို ကြေညာတယ်။

နောက်နေ့မနက်မှာ မဏ္ဍပ်ထိုးကြ မောင်းခတ်ကြေညာဖို့က (၂)ယောက်။ အရှေ့မြောက်အရပ်က ဒီပင်၊ ဝွေးတောက်မြှောင်အဆုံး။ အရှေ့တောင်အရပ်ကတော့ ဆိတ်ကြီးနဲ့ ကညမ်း၊



ရွှေတောင် ခင်မောင်ကြည်

# သူကတော့ ကျောက်ကုန်ကြွေ (၂)

တောင်အရပ်မှာ အောင်သုခ၊ ရောဝတီ မြစ်ထဲက ကျွန်းပေါ်ရွာ သာစည်နဲ့ ရေလယ်ကျွန်း၊ မြောက်အရပ်က တွင်းမြဲနဲ့ သရက်တပင်။

တရားပွဲ ကျင်းပမယ့်နေ့ မနက်စောစောမှာတော့ တောင်တန်း သာသနာပြုဆရာတော်ကြီးကို ဦးလှတင်မော်တော်နဲ့ ပင့်တယ်။ ဆရာတော်ကြီး ကြခင်းမြို့က ကြွအလာမှာ ဓမ္မဗျူဟာတိုက်က ဒေါ်သူဇာမြင့်ရဲ့ သားတော်မောင်လိုက်ပါလာတယ်။ တော်ရှာပါပေတယ်။ သူ အကုန် ညွှန်ကြားလို့ စီမံပေးတယ်။

ဒါကြောင့် ဆရာ တော်ကြီးရဲ့ အလိုကျ ဖိုးဟန်တို့က လုပ်ကိုင် ဆောင်ရွက် နိုင်ခဲ့ ကြတယ်။ အောင်မြင် ပြီးမြောက်ခဲ့ကြတယ်။ ကျေးဇူး…

ဓမ္မဗျူဟာတိုက်က တူတော်မောင်ရဲ့ ကျေးဇူးကို တရုတ် မော်ဒေသက ဘယ် တော့ကမှ မမေ့ပါ ဘူး။ တွေးမိတိုင်း သတိရလို့ ကြည်နူး ဝမ်းသာပီတိတွေ ဖြာ ရပါကြောင်း ဒီနေရာ ကနေ ရေးပရစေ။

တူတော်မောင် ပေးခဲ့တဲ့ ဆရာတော် ကြီးရဲ့ သက်နီးစလေး ဖိုးဟန်မှာ အခုထက် ထိ ရှိသေး။ အကျီ အိတ်ထဲမှာ အမြဲတမ်း ဆောင်…

ဆရာတော်ကြီးက နေ့ဆွမ်းကို ဥသျှစ်ပင်ကျောင်းတိုက်မှာ ဘုဉ်းပေးတော်မူတယ်။ သက်သတ် ဟင်းတွေ အလျှံပယ်လှူကြ။ ဆွမ်း ဟင်းတိုင်းကို တစ်ဇွန်းစီ တစ်ဇွန်းစီ ကော်ယူပြီး ဘုဉ်းပေးတော်မူတယ်။

ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးအပြီး စိတ်အေးချမ်းသာ ရှိရှာတော်မူလွန်းလို့ နဲ့တူပါရဲ့ လက်ရုံးတော်နှစ်ဖက်ကို ဆန့် တန်းပြီး…

'တရုတ်မော်ယဟုတ်ဘူး အဟုတ်… အဟုတ်ပျော်ကွ'

လို့ ပြုံးပြုံးကြီး မိန့်တော်မူပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးရဲ့ မိန့်ဟာချက် နှုတ်ထွက်တော်စကားနဲ့ အပြုံးက ရင်ကို အေးသွားတာပဲ။ ဘယ်လို ရေးပြရမလဲ မသိတော့...

ဘာကြောင့် ဒီလို မိန့်ကြားတော်မူတာလဲ၊ တွေးလို့မရ၊ စဉ်းစားလို့ကလဲ မပေါ်၊ တော်ရုံစကားမဟုတ်။ မြုပ်လို့ နှုတ်က ဟလိုက်တဲ့စကား။ အကြောင်းတရားတစ်ခုတော့ ရှိပုံပေါ်ရဲ့။ အကျိုးတရားကလဲ ကပ်ပါလာလို့ မကြာမတင် လက်တွေ့မြင်ရလိမ့်ထင်ရဲ့။ အင်း...

တရားပွဲကျင်းဖို့ အချိန်နီးကပ်လာတာနဲ့အမျှ တရားနာပရိသတ်ကလဲ ဝင်လာမစဲ တသဲသဲ။ ဓမ္မာရုံကြီးထဲမှာ ကြားချစရာမရှိ ကျပ်ညပ်နေပြီ။ ထိုးထားတဲ့ (၉)ပင် (၃၂)ခန်း မဏ္ဍပ်ကြီးလဲ ပြည့်လျှံနေပြီ။ ငါးပိသိပ်၊ ငါးချဉ်သိပ်။

မဏ္ဍပ်ကအနက်ကျလို့ ရုက္ခမူရှုတင် ဆောက်တည်နေကြရပြီ။ တချို့ဆို ဝင်လာနေကြတုန်းရှိသေး။ ရှေ့ဆင့်နောက်ဆင့်၊ ရှေ့ဆင့်နောက်ဆင့် ထက်ကြပ်မကွာ သုတ်သီးသုတ်ပျာ နေရာရှာနေကြတုံ။

ဟိုလူက ဒီလူကိုခေါ်၊ ဒီလူက ဟိုလူကိုခေါ်။ ဘယ်သူရေ ဘယ်ဝါရေ လာကြဟေ့...ဒီမှာနေ့်...အုတ်အော် သောင်းတင်း နေရာလေးတွေလဲ ကျုံ့ကျုံ့ပေးကြရ။

ဒါပေမယ့် တရားနာပရိသတ်က ဆိုတာ ဓမ္မာရုံကြီးထဲမှာလဲ မဆံ့၊ မဏ္ဍပ်ကြီးလဲ မဆံ့၊ မချိမဆံ့၊ မဆံ့ရင်ကန် ပြည့်ကျပ်နေတော့ ဓမ္မာရုံနဲ့နီးနီး၊ မဏ္ဍပ်နဲ့နီးနီး သစ်ပင်တွေရဲ့ အရိပ်အာဝါသ အောက်မှာ တရားနာကြဖို့ နေရာရှာယူကြရပြီ။

တရားပွဲလာ တရားနာပရိသတ်တွေထဲမှာ ဖိုးဟန်တို့ တရားပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်တွေ ဘယ်သူမှ မသိတဲ့သူ



တွေပါတယ်၊ တကယ့်ကိုလုံးဝမသိတာ။

အမျိုးသားတွေရော အမျိုးသမီးတွေပါ (၃)ယောက်တစ်တွဲ၊ (၄)ယောက်တစ်တွဲ၊ (၅)ယောက်တစ်တွဲ။ အတွဲလိုက်...အတွဲလိုက်။ ဟိုရွာကလိုလို၊ ဒီရွာကလိုလို။ အဲဒီလို လိုလို... လိုလိုတွေနဲ့တင်...

မဏ္ဍပ်ထဲကိုဝင် မြင်တဲ့နေရာလေးတွေမှာထိုင် မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ တရားတော်မြတ်ဒေသနာကို အသေအချာ နာယူကြတော့မယ်။

မဏ္ဍပ်ကြီး တစ်မနက်နဲ့ အပြီးထိုးတယ်ဆိုတာ လွယ်မှတ်လို့။ နှစ်ဆည့်နှစ်တိုင်းထိုးတဲ့ မဏ္ဍပ်။ တိုင်ကအစ အခြင်မျှောအဆုံး နံပါတ်ထိုးထားတယ်။ အကန့်လိုက် အတန်းလိုက် စီထားပြီး သိမ်းထား။ အဲသလိုကို စီမံထားတာ။ သူ့နေရာနဲ့သူ ဒိုင်းခနဲ... ဒိုင်းခနဲ ဆင်သွားလို့ရတယ်။

ဒီလို ချိုင့်ချိုင့်ဝှမ်းဝှမ်း လှူနိုင်ဖို့ဆိုတာကလဲ တက်ညီလက်ညီ မြိုင်မြိုင်ဆိုင်ဆိုင် ဝိုင်းဝန်းလုပ်ကိုင်ကြတဲ့ ဝေယျာဝစ္စအလှူရှင်တွေ အများကြီး လိုအပ်တယ်။ တောင့်တစရာမလို အသင့်...

ပါတီနဲ့ ကောင်စီ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက လမ်းညွှန်လို့၊ ဖြည့်ဆည်းလို့၊ ရွာသူရွာသား တောင်သူလယ်သမားတွေ ပါဝင် ဆောင်ရွက်ကြလို့၊ တရုတ်မော်ရွာ အရန်မီးသတ်တပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးတွေဆိုရင် ချက်ရေးပြုတ်ရေး ရေချွေးအိုးတည်တာကအစ ရဟန်းသံဃာတော်များကို ဆွမ်းကပ်တဲ့အထိ တာဝန်ယူကြရ၊ တောက်လျှောက် မနားတမ်း...

မောတာပန်းတာ တစ်ခွန်းမပြော ချွေးတလုံးလုံးနဲ့ အပြုံးပန်းတွေဝေလို့ အားလုံးကိုယ်စီ...

ဓမ္မာရုံရော၊ မဏ္ဍပ်ထဲမှာရော တရားနာပရိသတ် ပြည့်ကျပ်နေပြီ။

တရားဟော ပလ္လင်တော်ရှေ့မှာ ရေပုလင်း၊ ဆီပုလင်း၊ အုန်းဆီပုလင်းတွေ တန်းစီလို့။ အအေးပုလင်းတွေလဲ ပါတယ်။ တရားပွဲဖြစ်မြောက်ရေးအဖွဲ့က စဉ့်အိုး၊ ရာဝင်အိုးကြီး(၆)လုံး ပလ္လင်ရဲ့ လက်ဝဲ၊ လက်ယာ(၂)ဖက်မှာ ကပ်စီထားတယ်။ ရေအပြည့်တော့ မထည့်ဘူး။ လက်(၃)လုံးလောက် ဟောက်ထားတယ်။

တောင်တန်းသာသနာပြု ဆရာတော်ကြီး တရားတော်များ ချီးမြှင့်မယ့် တရားဟော ပလ္လင်တော်ရဲ့ လက်ယာဘက်မှာ အမျိုးသား၊ လက်ဝဲဘက်မှာ အမျိုးသမီး တရားနာပရိသတ်ကို ခွဲခြားပြီး နေရာချထားတယ်။

ဆရာတော်ကြီး တရားတော်များဟောကြား ချီးမြှင့်ဖို့ ကြွလာတော့မယ်။ အချိန်(၁၅)မိနစ်လောက်အလိုမှာ ဓမ္မာရုံကြီးရဲ့ရှေ့ မဏ္ဍပ်ခြံပြီး ထိုးထားတဲ့ ခရေပင်ကြီး(၂)ပင်ပေါ်ကနေပြီး ခါချဉ်တွေ အုပ်လိုက် ဆင်းလာတယ်။ အလျှိုမယ်... လမ်းလျှောက်ပုံက မြန်လိုက်ကြတာ လှစ်ခနဲ...လှစ်ခနဲ။

သူထက်ငါ ရှေ့ဆုံးရောက်ဖို့ အပြိုင်နေရာယူနေကြတယ်။

တစ်ကောင်နဲ့ တစ်ကောင် ဘေးချင်းကပ်ပြီး အတန်းဖွဲ့ အပြုလိုက် ဆင်းလာကြတာဆိုတော့ ခရေပင်(၂)ပင်ဘေးမှာ နေရာယူထားကြတဲ့ တရားနာ ပရိသတ်တွေ ဘေးကိုရှဲပေး



www.burmeseclassic.com

www.burmeseclassic.com

ကြရပြီ။

ကြည့်နေရင်းက များများလာတယ်။ အပြုံလိုက်ကြီး၊ အုံလိုက်ကြီး။

လူပရိသတ်ရှင်းသွားတဲ့ မဏ္ဍပ် အဝင် အင်္ဂတေသမံတလင်း လမ်းတစ်လျှောက် ခါချဉ်တွေက တစ်ကောင် နောက် တစ်ကောင်လိုက်ပြီး အလျှို အလျှို အုပ်လိုက် ချီတက်လာကြပြီ။ လမ်းဖယ်ပေးကြစမ်း။ မှန်း...

မဏ္ဍပ်ထဲက တရားနာပရိသတ်တွေ ထိုင်နေရာက ထပေးကြ၊ ဝေးရာက ရပ်ကြည့်။ ကြည်နူးမှု ပီတိတွေနဲ့ ရင်သပ်ရှုမော ပြောမဆုံးကြ။ ကြည့်မဝ...

ခါချဉ်တွေ မဏ္ဍပ်ထဲ ရောက်တာနဲ့ မဏ္ဍပ်ရဲ့အလယ်တည့်တည့် အလယ် အူလမ်းကြောင်းအတိုင်း ဘယ်တက်ကို ကွေ့ပြီး ချီတက်လာကြပြီ။ နည်းတဲ့ ခါချဉ်အုပ်ကြီး မဟုတ်ဘူး။ အများကြီး တစ်ကောင်နဲ့တစ်ကောင် ထိခမန်း။ ပြင်လိုက်ကြီး...

တရားဟော ပလ္လင်တော်ရဲ့ရှေ့ ပရိတ်အိုးတွေစီထားတဲ့ နေရာနဲ့ တစ်တောင်အကွာလောက်မှာ ခါချဉ်အုပ်ကြီး ရပ်သွားတယ်။ တစ်ကောင်နဲ့ တစ်ကောင် ဘေးချင်းယှဉ်တန်းစီပြီး နေရာယူကြတယ်။ စည်းကမ်းရှိလိုက်ကြတာ။ နောက်က လိုက်လာတဲ့ ခါချဉ်တွေက ရှေ့ဆုံးက လွတ်နေတဲ့နေရာတွေမှာ ဝင်ဖြည့်ကြတယ်။

ခါချဉ်တွေ အများကြီး ဖြစ်နေလို့ ထိမိခိုက်မိ သေကျေကြမှာစိုးလို့ အသံချဲ့စက်နဲ့ တောင်းပန်စကား ဆိုရတယ်။

'တရားနာပရိသတ်အပေါင်းတို့ ခင်ဗျား... မြင်ကြတဲ့အတိုင်းပါပဲ။ ခါချဉ်တွေအုပ်လိုက် ခရေပင်ကြီး(၂)ပင်ပေါ်ကနေ ဆင်းလာနေကြပါတယ်။ တရားဟောပလ္လင်ရဲ့ရှေ့မှာ နေရာယူနေကြပါပြီ။

တရားတော်နာလာကြတဲ့ ခါချဉ်များ စိတ်



အေးချမ်းသာ သက်သောင့်သက်သာ တရားတော်များ နာယူနိုင်ကြစေရန် နေရာများ ပေးတော်မူကြပါခင်ဗျား။ နောက်ဆုတ်ပေးတော်မူကြပါခင်ဗျား။ ဘေးကပ်ပေးတော်မူကြပါခင်ဗျား'

တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မဖြစ်ဘူးတဲ့ဖြစ်ရပ်။ ပရိသတ်ကြီးက သိတယ်။ နောက်ဆုတ်ပြီး ဘေးကပ် ဓမ္မာရုံအပြင်ထွက် ရပ်နေကြရပြီ၊ နေရာပျောက်ကြရပြီ။ ညှိ့သည်လာ အိမ်သူရှောင်။ ဓမ္မာရုံဘေး နှစ်ဖက် အစွန်မှာ တရားနာကြမယ့် သူတွေအဖို့ အလိုလို အပြင်ဘက်ကို ထွက်အန်ကျလာတယ်။

တချို့က သစ်ပင်ရိပ်တွေဆီကို၊ တချို့က သိမ်တော်အတက် တောင်ဘက်က အုတ်လှေကားအထစ်တွေပေါ်ကို၊ တချို့က ကျောင်းမကြီးအောက်ထပ်ကို၊ တချို့က ဆွမ်းစားကျောင်းဆီကို ခပ်သုတ်သုတ် သွားနေကြပြီ။ ရေးကြီးသုတ်ပျာ။

ဆရာတော်ကြီး တရားတော်များ ချီးမြှင့်ဖို့ ဓမ္မာရုံအလယ် မင်းလမ်းမကြီးကနေ ကြွလို့ဖြင့်မရတော့ဘူး။ ခါချဉ်တွေ စုပုံပြည့် ညပ်တစ်ကောင်အပေါ် တစ်ကောင်ထပ်လို့၊ ခြေချစရာ မရှိ၊ အကြားအလပ်မရှိ။

အရှေ့ဘက်ခရေပင်နဲ့ ရေတွင်း အကြားကနေ ဆရာတော်ကြီး ပလ္လင်တော်ဆီကို ကြွချီမြန်း ရတော့တယ်။

ဆရာတော်ကြီး ပလ္လင်ပေါ်ရောက်တော့ တစ်ခွန်းတစ်ပါဒမှ နှုတ်တော်က မဟဘူး။ မျက်လုံးတော်အစုံ စုံမှိတ်ပြီး အာရုံပြုတော်မူနေတယ်။ မေတ္တာပို့နေတယ် ထင်ပါရဲ့။ (၁၀)မိနစ်လောက်တော့ ကြာမယ်။

ခါချဉ်တွေ နောက်ထပ် ရောက်ရောက် လာကြတုန်းပဲ။ အဆက်မပြတ် တရစပ် တရားဟောချိန်ကို နာရီဝက်လောက် နောက်ဆုတ်လိုက်ရ၊ စောင့်နေကြရ၊ အောင့်နေကြရ၊ တကတည်းလေ ခါချဉ်တွေ...

ဆရာတော်ကြီးက တရားဟော ပလ္လင်ပေါ်ကနေပြီး ခါချဉ်တွေကို မေတ္တာပို့ရင်း ကြည့်နေတယ်။ မတို့မထိကြဖို့၊ မကိုင်ကြဖို့ မေတ္တာရပ်တယ်။ တရုတ်မော်ဒေသမှာသုံးတဲ့ ကျူဖျာ။

ကိုင်းထဲမှာ ပေါက်တဲ့ ကျူပင်က ကျူရိုးကို ယက်ထားတဲ့ ကျူဖျာ။ အလျား(၃) တောင်ထွာ၊ အနံ(၂)တောင်ထွာရှိတဲ့ ကျူဖျာကြီး(၅)ချပ်စာမက ခါချဉ်တွေက ပြည့်နေပြီ။

အံ့ဩစရာကောင်းလိုက်တာ ခါချဉ်တိုင်း ခါချဉ်တိုင်း ရှေ့လက်(၂)ချောင်းကို ရှေ့မှာ ဆန့်ထားတယ်။ နောက်ဆုံးခြေထောက်(၂)ချောင်းက နောက်မှာ ပစ်ထားတယ်။ တစ်ဖြောင့်တည်း... အကောင်တိုင်း အကောင်တိုင်းပဲ။

တစ်ကောင်နဲ့ တစ်ကောင် ပူးကပ်ပြီး ညပ်နေတာပဲ။ တချို့အကောင်တွေဆိုရင် တစ်ကောင်အပေါ် တစ်ကောင် ထပ်နေတယ်။ အောက်က ခါချဉ်က သူ့အပေါ်မှာ ခါချဉ်တစ်ကောင်ရှိနေတယ်ဆိုတာ သတိထားမိပုံမပေါ်ဘူး။ တုတ်တုတ်တောင် မလှုပ်ဘူး။ ငြိမ်နေ...

အာရုံစူးစိုက် ဦးခိုက်လို့ တရားနာ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးက တရားတော်များကို စတင် ဟောကြားတော်မူပြီ၊ မင်္ဂလသုတ်ပရိတ်တော် မဆုံးခင် ရေတွေ၊ ဆီတွေ၊ အုန်းဆီတွေ ဆူတော့တာပဲ။ အအေးပုလင်းတွေလဲ ဆူလို့၊ ပွက်လို့။

ရာဝင်အိုးကြီး(၆)လုံးနဲ့ ထည့်ထားတဲ့ ရေတွေ ပွက်ပုံက အချိန်ယူပြီးတော့ ပွက်တာ။ ဗွက်ခနဲ ဗွက်ခနဲ ရွှံ့မီးတောင်က ပွက်သလိုမျိုး ပွက်တာ။ ရေတွေကို အိုးနှုတ်ခမ်းအောက်မှာ လက်(၃)လုံးလောက် လျှော့ထည့်ထားပေလို့သာပေါ့။ ဝေလျှံမကျဘူး။ တော်ပါသေးရဲ့။

တရုတ်မော်ဒေသမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ ဖြစ်ရပ်၊ မကြုံဘူးတဲ့ ဖြစ်ရပ်။ ရှင်သပ်ရှုမော အံ့ဩမကုန်။ ကိုယ်တိုင်ကြုံရ၊ ဒိဋ္ဌမမွ။

မြတ်ဗုဒ္ဓရဲ့ ဘုန်းတန်ခိုးတေဇော်အာနုဘော် ပရိတ်တော်ရဲ့အစွမ်း။ အပည့်သားသာဝက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ ရဟန်းတော်အရှင်မြတ်ရဲ့ မေတ္တာဓာတ်နဲ့ သိဒ္ဓိ တုမရှိပြီ။

ဆရာတော်ကြီးက ဟောကြားတော်မူတဲ့ တရားတော်ဒေသနာမြတ်ကို နိဂုံးအမှတ် အဆုံးသတ်လိုက်ပြီ။ မေတ္တာတွေပို့ကြ၊ အမျှအတန်းတွေဝေကြ။

အထက်ဘဝဂ် အောက်အဝီစိ ဗီလာထုတ်ချင်း စကြဝဠာတွင်းပြင် အနန္တ ရှိရှိသမျှ သတ္တဝါတွေရကြစေ။

ရေတွင်းအဖုံးပေါ်မှာ တင်ထားတဲ့ ရေစဉ်အိုးထဲက ရေတွေ ဆူနေတာကို တရားနာပရိသတ်တစ်ဦးက အော်အော်ပြောပြတယ်။ ဒါတာထဲလာ။ မတော်သေး။

ရေတွင်းသားက အုတ်ရေကန်ကြီးရဲ့ အဖုံးကို လှန်လိုက်ပြန်တော့ ရေတွေ ပွက်ပွက်ပြီး ဆူနေပြီ။ ကြည့်လိုက်စမ်း ဆန်းဆန်းကြယ်ကြယ် ဘယ်နှယ်ဗျာ အုတ်ကန်ကြီးထဲကရေ...

ဆရာတော်ရဲ့ ခမ္မစက်က ဘယ်လောက်အထိ ပျံ့နှံ့တော်မူသလဲ။ မသိနိုင်ပြီ၊ မမှန်းဆနိုင်ပြီ။

တရားပွဲကြီး အောင်မြင်စွာ ပြီးစီးပြီ။ အသံချဲ့စက်က ပြောတွေ့ စည်တွေ ခေါက်နေပြီ၊ တရားနာပရိသတ်တွေလဲ အပြန်လမ်းကို စဖို့ နေရာကနေ ကိုယ်စီကိုယ်စီ ထကြပြီ။

ဆရာတော်ကြီးကတော့ တရားဟောပလ္လင်ပေါ်က မကြွသေး။ ထိုင်တော်မူလျက်ပင်။ ခါချဉ်များကလဲ မထသေး။ တရားနာပရိသတ်တွေလဲ ပြန်ထိုင်ကြ၊ ခါချဉ်တွေကြည့်လိုက်ကြ။

ခါချဉ်တွေအနားမှာ ထိုင်နေတဲ့ ဦးထွန်းတင်က ခါချဉ်တွေကို လက်ညှိုးလေးနဲ့ တို့ကြည့်တယ် မလှုပ်၊ ထိကြည့်တယ် မထ။ ဘယ်လိုများ ဖြစ်နေကြ။

လက်နဲ့ ဆွဲမလိုက်တော့ ခါချဉ်တွေ အချပ်လိုက်ကြီး ပါလာတယ်။

တရားနာပရိသတ်က ဝိုင်းအုံလာကြတယ်။ ခါချဉ်တွေရဲ့ အရှေ့အနောက် တောင်မြောက် ဘေးဘက်ဝဲယာ နေရာယူကြ၊ ဘယ်ညာလက်ဝါးတွေအပေါ် ကိုယ်စီ တင်ပြီး မလိုက်ကြတော့ အချပ်လိုက်ကြီး။ အတွဲမဖြုတ်ဘူး ဘယ်လိုများ ဖြစ်သွားကြပါလိမ့်။

ကြည့်လိုက်ပါလေတော့ **ခါချဉ်တွေ စိစိနဲ့ချုပ်လို့ ကံကုန်နေကြပြီ။** အသက်ရှင်လျက်နဲ့ တစ်ကောင် မကျန်ဘူး။ ကြက်သီးမွေးညင်းတွေ ထကြရတဲ့ အဖြစ်ဆန်း။ လက်တစ်ကမ်းနဲ့ မျက်စိအောက်မှာ မယုံနိုင်စရာ မကြုံကောင်း မစည်ရာ။

တရားဟောပလ္လင်တော်က ခြေတစ်လှမ်းတောင် မစ မကြွသေးတဲ့ ဆရာတော်ကြီးကို လက်အုပ်ကလေးတွေ ချီလို့ တရားနာပရိသတ်က မော့ပြီး ဖူးလိုက်ကြတော့။......

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ အရှင်သူမြတ်က နှုတ်တော်ကိုဟ မိန့်ကြားတော်မူလိုက်တာက...

'ကျွတ်တမ်း ဝင်သွားကြပြီ'

**ရွှေတောင် ခင်မောင်ကြည်**

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နဂ္ဂဏ္ဍရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကျော် ဂေါက်သီးအားကစားသမား

# တိုက်ဂါးဝုဒ်ရဲ့ လက်

ဆရာကြီး ဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒပညာသုတေသီ

အမေရိကန်နိုင်ငံသား ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်ဟာ ၁၉၉၆ ခုနှစ်မှာ စတင်ပြီး ပရော်ဖက်ရှင်နယ် ဂေါက်သီးသမားအဖြစ် စတင်ပြောင်းလဲခဲ့ပြီးနောက် ယခု ၂၀၁၂ ခုနှစ် ဤဆောင်းပါးရေးသားချိန် ဩဂုတ်လအထိ ဆုဖလားပေါင်း(၁၀၁) ဆု ရရှိထားပြီး ဖြစ်တယ်။

US PGA Tour ပြိုင်ပွဲများမှာ နိုင်ပွဲ (၇၄)ကြိမ် ရရှိထားတယ်။ (၃၈)ကြိမ်မှာ ဒေါ်လာ(၁)သန်းနဲ့အထက် ဆုကြေးငွေများ ရရှိခဲ့တယ်။


ဒါ့အပြင် လက်ရှိအချိန်ထိ ပြိုင်ပွဲ (၂၇၇)ပွဲကျော် ယှဉ်ပြိုင်ထားပြီး တစ်ပွဲပျမ်းမျှ ဆုကြေး ဒေါ်လာ(၃၆၂,၂၇၆) ကျော် ရရှိခဲ့တယ်။

ဒါကြောင့် တိုက်ဂါးဝုဒ်ရဲ့ ဂေါက်သီးအားကစားသမား ဘဝတစ်လျှောက်မှာ ဆုကြေးငွေ စုစုပေါင်းဒေါ်လာသန်း(၁၀၀) ကျော်လွန် ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဒီလို အောင်မြင်မှုတွေ ရရှိနေတဲ့ တိုက်ဂါးဝုဒ်ရဲ့လက္ခဏာဟာ ထူးခြားနေမှာပါ။ ယခုဆောင်းပါးနဲ့အတူ ပူးတွဲဖော်ပြပေးထားတဲ့ပုံကို သေချာကြည့်ပါ။ တိုက်ဂါးဝုဒ်ရဲ့ လက်ဖဝါးနဲ့ လက်ချောင်းတွေကို သေချာ တွေ့မြင်ရပါတယ်။

**(က) လက်သန်းဟာ ထူးထူးခြားခြား အတွင်းဘက်ကို ကောက်နေတယ်။**

ဘယ်အလုပ်မျိုးမှာမဆို နည်းပရိယာယ် အလွန်ကြွယ်ဝတဲ့သူတွေမှာ ဒီလို ခပ်ကောက်ကောက်လက်သန်းမျိုး ရှိကြတယ်။ မကောင်းတဲ့ဘက်မှာ အသုံးချရင်တော့ ကမ္ဘာကျော် လူလိမ်ကြီး၊ နိုင်ငံကျော် ခါးပိုက်နှိုက်ကြီး၊ ကမ္ဘာကျော် သူခိုးကြီးတွေ ဖြစ်မယ်။ ဖဲလိမ်မိစ္ဆာကြီးတွေမှာလဲ တွေ့ရမယ်။ မူးယစ်ဆေးဂိုဏ်း ခေါင်းဆောင်ကြီးတွေမှာလဲ တွေ့ရမယ်။



◆ နာမည်ကျော် တိုက်ဂါးဝုဒ် ကစားသမား

ကောင်းတဲ့ဘက်မှာ အသုံးချရင် ကမ္ဘာကျော် မျက်လှည့်ပညာရှင်၊ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်ကြီး၊ ကမ္ဘာကျော် အားကစားသမား၊ ကမ္ဘာကျော် အချမ်းသာဆုံး လုပ်ငန်းရှင်ကြီးတွေ ဖြစ်လာမယ်။

* * *




**(ခ) လက်ညှိုး၊ လက်ခလယ်နဲ့ လက်သူကြွယ် လက်ချောင်းများရဲ့ ဒုတိယအဆစ်များဟာ ဖုထစ်နေတယ်။**

တီထွင်တတ်ခြင်း၊ စိတ်ရှည်ခြင်း တည်ငြိမ်ခြင်း၊ ဖွဲ့ကောင်းခြင်း၊ စေ့စပ် သေချာခြင်းဆိုတဲ့ ပင်ကိုဗီဇရှိသူများ မှာတွေ့ရှိရတတ်တဲ့လက်မျိုးဖြစ်ပါတယ်။

ဘာသာရပ် တစ်ခုခု၊ လုပ်ငန်း တစ်ခုခုမှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များ၊ အတွေးအခေါ် ပညာရှင်၊ ကမ္ဘာကျော် အတတ်ပညာရှင်၊ အသိပညာရှင်ကြီးတွေမှာ ဒီလို လက်ချောင်းမျိုး တွေ့ရတတ်တယ်။




* * *




www.burmeseclassic.com

www.burmeseclassic.com

(ဂ) **လက်မဟာ ခါးသိမ်ပြီး ထိပ်ဖျားက ပါးလွှာနေတယ်။**

ဒါဟာ ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ ပါးရည်နပ်ရည်ရှိခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။


* * *




(ဃ) **လက်ဖဝါးပြင်မှာ နှလုံးလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်း၊ အသက်လမ်းကြောင်းဆိုတဲ့ အဓိကလမ်းကြောင်း (၃)ကြောင်းသာ ထင်ထင်ရှားရှား တွေ့မြင်ရတယ်။**

ဒါဟာ ခွန်အားစိုက်ထုတ်ရတဲ့ လုပ်ငန်းတွေ၊ အားကစားနည်းတွေမှာ အကျိုးပေးတဲ့ လမ်းကြောင်းမျိုး ဖြစ်တယ်။ ကျန်းမာကြံ့ခိုင် သန်စွမ်းစေတယ်။

* * *





(င) **ထူးခြားချက်ကတော့ ဦးခေါင်းလမ်းကြောင်း အဖျားဟာ လက်ညှိုးဘက်၊ ကြာသပတေးဂြိုဟ်ခုံဘက် ပိုနီးပြီး အသက်လမ်းကြောင်းအဖျားနဲ့ ပူးနေခြင်း၊ ဦးခေါင်းလမ်းကြောင်း ခပ်တိုတို ဖြစ်ခြင်းတွေပါပဲ။**

ဦးခေါင်းလမ်းကြောင်း အဆုံးပိုင်းက တနင်္လာဂြိုဟ်ခုံဘက်ကို ခပ်ကွေးကွေး ညွှန်နေတယ်။

ဒါဟာ စေ့စေ့စပ်စပ် သေသေချာချာ စဉ်းစားပြီး မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် ဆုံးဖြတ် ဆောင်ရွက်တတ်မယ်။ စိတ်ကူးစိတ်သန်း ကောင်းမယ်။ ပြီးတော့ ရည်ရွယ်ချက်၊ ရည်မှန်းချက်လဲ အထူးမြင့်မားလိမ့်မယ်။

* * *




အထက်မှာ ဖော်ပြခဲ့တဲ့ လက်သင်္ကေတတွေဟာ ကမ္ဘာကျော် ဝင်ငွေအကောင်းဆုံး၊ အအောင်မြင်ဆုံး ဂေါက်သီးအားကစားသမား ဖြစ်လာစေတဲ့ အခြေခံအချက်အချို့ ဖြစ်ပါတယ်။

*အောင်မြင်ကျော်ကြားချမ်းသာ ကြီးပွားအောင်...*

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၁၇၇)မှ အဆက်**

သံဝေဂရပြီး သာသနာ့ဘောင်သို့ ရောက်ရှိခဲ့ရခြင်းကို ဖြစ်စေကြောင်း သုံးသပ်ရမှာ ဖြစ်ပါတယ်။ (၆–ကြာ)နဲ့ (၀–နေ)တို့ ပက္ခမိရာ(သုတ)ခတ်ကျသဖြင့်...

တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ရာ၌ ဆင်းရဲဒုက္ခအမျိုးမျိုး ရန်ပြဿနာ အမျိုးမျိုး အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကြောင့် ပြောင်းရွှေ့ရတတ်ကြောင်း သာဓကတစ်ခုလဲဖြစ်ပါတယ်။

ကြည့်ပါဦး...

ဆရာတော်ကြီးဟာ အထွန်းအိမ်၌ တနင်္လာဂြိုဟ်(၂–လာ) ရပ်တည်နေတဲ့အတွက် ကောင်းကျိုးအပေးနိုင်ဆုံး ဂြိုဟ်လဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆရာတော်ကြီးဟာ...

- စိတ်နှလုံးသား နူးညံ့သိမ်မွေ့ခြင်း။
- မိခင်ရဲ့ အကျိုးကို ခံစားရခြင်း။
- ငွေကြေးလာဘ်လာဘများ ရလွယ်ခြင်း။
- ကြည်ညိုသူ အကာ၊ အကာမ ပေါများခြင်း။
- အလှူအတန်း ဓါနပါခြင်း။
- ဆွမ်းကွမ်းပစ္စည်းလေးပါး ပေါကြွယ်ဝစေခြင်း။
- အလှူအတန်း မင်္ဂလာအခမ်းအနားများ များပြားတတ်ခြင်း။
- အများတကာရဲ့ကြည်ညိုချစ်ခင်လေးစားမှုကို ရစေခြင်းတို့ပါပဲ။

တစ်ဖန်...

**၁–နေဂြိုဟ်ဟာ ရာဇအိမ်၌ ရပ်တည်တဲ့အတွက်...**

- ဦးစီးခေါင်းဆောင် ဖြစ်လာရခြင်း။
- ထူးချွန်သော တပည့်တပန်းများ ပေါ်ထွက်စေခြင်း။
- ဂုဏ်သတင်း ကျော်ကြားစေခြင်း။
- နာမည်ကောင်းရခြင်း။
- ချီးကျူးခံရခြင်း။
- လုပ်ငန်းအောင်မြင် တိုးတက်စေခြင်း။
- အောင်မြင်မှု ရစေခြင်း

တို့ ဖြစ်ကြောင်း သုံးသပ်တင်ပြ၍ ဂါရဝပြုလိုက်ရပါတယ်။

*အေးပါစေ၊ အောင်ပါစေ၊*

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# ဝဲနှင်းခူအစို စိတ်ညစ်ရန်မလို

နွေလ၏ ပူအိုက်သော ညနေခင်းတွင် ဖြစ်ပါသည်။ စာရေးသူသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(မန္တလေး)ရှိ အဆောင်(၄) အဆောင်မှူးထံ ရောက်ခဲ့ပါသည်။

အဆောင်မှူးမှာ ဘဒ္ဒန္တကုသလရိယ (နည်းပြ၊ အဘိဓမ္မပိဋကမဟာဌာန) ဖြစ်ပြီး စာရေးသူနှင့် လွန်စွာ ခင်မင်ရင်းနှီးပါသည်။

အနီး၌ ဦးနန္ဒက(ဗောဓိတစ်ထောင်)၊ ဦးဇနကတို့လည်း ရှိနေကြသဖြင့် စကားဝိုင်းမှာ စိုပြည် မြိုင်ဆိုင်လှသည်။

'စာရေးဆရာကြီးရှိနေတော့ ကိုယ်တိုင်ကုသပျောက်ကင်းခဲ့သော ဆေးနည်းကောင်းတစ်လက် လက်ဆောင်ပေးရဦးမယ်'

အဆောင်မှူးဆရာတော်က မိန့်ကြားရင်း ဝဲနှင်းခူအစို သက်သာပျောက်ကင်းဆေးအကြောင်းကို စတင်လိုက်ပါသည်။

'အောင်ပန်းမြို့၊ ညောင်ပင်ထောင် ရပ်ကွက်မှာ နေထိုင်တဲ့ တူဖြစ်သူ မောင်ထွန်းထွန်းဝင်းရဲ့ ခြေဖမိုး ပတ်လည်မှာ ဝဲနှင်းခူ အစိုတွေ ပေါက်တယ်။

အရည်စာစိုစို အနာတွေနဲ့ အချို့နေရာမှာ အဖြူကွက်တွေ ဖြစ်နေတယ်။ လှချင်,ပချင်တဲ့အရွယ်မှာ နှင်းခူတွေကြောင့် သူလဲ အတော် စိတ်ပျက်နေတယ်။

တတ်တဲ့ပညာ မနေသာဆိုသလို မိဘဘိုးဘွားတွေ သုံးစွဲခဲ့တဲ့ ကုန်းထိကရုံးဆေးကို ဖော်စပ်ပြီး လိမ်းပေးလိုက်တာ တစ်ပတ်အတွင်း ဝဲနှင်းခူတွေခြောက်ကပ်ပြီး ကွာကျကုန်တယ်။ တစ်လအတွင်းမှာ ခြေထောက်က အသားတွေ ပကတိအတိုင်း ဖြစ်သွားပါတယ်'

'ဝဲနှင်းခူနဲ့ စိတ်ပျက်နေသူတွေအတွက် ဝမ်းသာစရာ သတင်းကောင်းပါ ဆရာတော်။ ဆေးဖော်စပ်ပုံနဲ့ ကုသပုံကို ခပ်မြန်မြန် အမိန့်ရှိပါဘုရား'

စာရေးသူမှ လျှောက်ထားလိုက်သည်။

'ပြောရမှာပလေ...

❖ ကုန်းထိကရုံးပင် (အမြစ်ပါအပါအဝင်) = ၅၀ကျပ်သား
❖ ဆေးရွက်ကြီး = ၂၅ကျပ်သား

တို့ကို ခြောက်အောင် နေလှန်းပြီးရင် မြေအိုးသန့်သန့်တွင် ထည့်ပြီး မီးနဲ့ ပြာချရတယ်။ အဲဒီပြာမှာ ရေနံချေး သင့်ရုံထည့်ပြီး ဆူပွက်ရုံမျှ ကျိုပြီး နာနာမွှေရတယ်။

ဆေးမလိမ်းမီ အနာများကို ရေနွေးနဲ့ ဖန်ရည်ဆေးပြီး အဝတ်သန့်သန့်ဖြင့် သုတ်ပစ်ပြီးရင် ပူနွေးနွေးရှိနေတဲ့ ဆေးကို ထူထူလေး လိမ်းပေးရတယ်။

မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လိမ်းရတယ်။ ဆေးလိမ်းနေစဉ်အတွင်း ရေ လုံးဝ မချိုးရပါ။ တစ်ပတ်တိတိ ရေမချိုးဘဲ ဆေးလိမ်းလိုက်ရင် သက်သာ ပျောက်ကင်းပါတယ်။

ဆေးအချိန်အဆကို အလွယ်မှတ်ချင်ရင် ကုန်းထိကရုံး(၂)ဆ၊ ဆေးရွက်



ကြီး(၁)ဆ၊ ရေနံချေး သင့်ရုံဆိုလျှ
ရပါပြီ။

ဝဲနှင်းခူအခြောက်နဲ့ အခြား ဝဲရော
တို့ကိုလဲ ပျောက်ကင်းစေသော ဆေး
နည်းကောင်းတစ်လက် ဖြစ်ပါတယ်
စိတ်ချယုံကြည်စွာ လိမ်းကြည့်ဖို့ တို
တွန်းပါတယ်'

**'ကျေးဇူးတင်ပါတယ် အဆော
မှူး'**

ကျော် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြိုင် (ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပြင်ပုံစံမှာ **အသက် ငါးဆယ်ကျော် အမျိုးသမီးတစ်ဦးရဲ့ ညာလက်ဖဝါးပုံစံ** ဖြစ်ပါတယ်။ ဒီလက်ဖဝါးပြင်နဲ့ လက်ချောင်းတို့ကို သေချာကြည့်ရှု လေ့လာပြီးမှ အောက်ပါမေးခွန်းတို့ကို ဖြေကြည့်ပါ။

၁။ ဘဝမှာ ပြည်တွင်းနဲ့ ပြည်ပ ဘယ်မှာ အခြေချ နေထိုင်ရတာတလဲ။

၂။ ဉာဏ်ရည်ထုံထိုင်းသူလား။ ပါးရည်နပ်ရည် ရှိသူလား။ ဘာကြောင့်လဲ။

၃။ ယခု အသက်အရွယ် ငါးဆယ် ကျော်မှာ အဆင့် အတန်း အခြေအနေ တိုးတက် အောင်မြင်နိုင်လား။ ဆုတ်ယုတ် ပျက်ပြားနိုင်လား။ ဘာကြောင့်လဲ။

မိမိတို့ရဲ့ အဖြေများကို သီးခြားစာရွက်လွှတ်မှာ ရေးမှတ်ပြီးမှသာ ပဟေဠိ အဖြေများနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်မှသာ လက္ခဏာပညာ သုတ ပိုမို တိုးပွား နိုင်ပါလိမ့်မယ်။




ပဟေဠိ အဖြေများကို စာမျက်နှာ(၁၈၇)တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

မတ်လတွင်...



※ ကြွက်နှစ်ဖွား

ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရဖွယ်ရှိသည်။ လောင်းကစား၊ ဥပဒေနှင့် ငြိစွန်းသော ကိစ္စများကြောင့်လည်း ငွေကုန်ကြေးကျ များနေတတ်သည်။

ငွေကြေး၊ အဖိုးတန်ပစ္စည်းများနှင့် ပတ်သက်၍ အာမခံ၊ တာဝန်ယူခြင်းများ ရှောင်ကြဉ်သင့်သည်။



※ နွားနှစ်ဖွား

စီးပွားအရင်းအနှီးများ ဆုတ်ယုတ် လျော့ပါးတတ်သည်။ မိသားစု၊ ဆွေမျိုး သားချင်းများအတွင်း အသက်အရွယ် ကြီးရင့်သူအတွက် သောကဖြစ်ဖွယ် ကြုံရကိန်း ရှိသည်။

ကျောင်းသူ ကျောင်းသားတို့မှာ ပညာရေးတွင် စိတ်ဝင်စားမှု လျော့နည်းကာ စာမေးပွဲများတွင် ရှုံးနိမ့်နိုင်သည်။



※ ကျားနှစ်ဖွား

အိုးအိမ်၊ ခြံမြေ ဝင်ကိန်းရှိသည်။ အကြံအစည် အောင်မြင်မည်။ လုလင် လုံမတို့ မိမိ မျှော်လင့်ထားသည့် သတ်မှတ်ချက်နှင့် ပြည့်စုံသူ ဖူးစာဖက် တွေ့တတ်သည်။

အိမ်ရှင်မတို့မှာ သားသမီး တိုးပွားနိုင်၍ အိမ်ထောင်ဦးစီးတို့မှာ သမက်ရနိုင်သည်။ ကျားနှစ်ဖွားတို့အတွက် အဆင်ပြေ၍ သုခပြည့်ဝသောကာလ ဖြစ်သည်။



※ ယုန်နှစ်ဖွား

အခက်အခဲ ပြဿနာကြီးများ နည်းပါး၍ လွင်ပြင်ကျယ် ဒေသများသို့ အလည်အပတ် သွားရတတ်သည်။ အလှူအတန်း ပေးဖြစ်မည်။

# ၂၀၁၃ ခုနှစ်၊ မတ်လအတွင်း ပုံရိပ်ရှင်တို့၏ ကံကြမ္မာ



ဟူကျင်ဇီ (Hu Jin Zhi)

ကြွေထည့်မြေထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရတတ်သည်။ အစ်မ၊ နှမများဘက်မှ တူ၊ တူမများ၏ သူမင်္ဂလာရေးကိစ္စ ပေါ်ပေါက်နိုင်သည်။



※ နဂါးနှစ်ဖွား

မျက်စိနှင့် ပတ်သက်သော ရောဂါဝေဒနာများ ခံစားရကိန်းရှိသည်။ မတွေ့မမြင်လိုသူနှင့် အတူယှဉ်တွဲကာ လုပ်ကိုင်သွားလာရတတ်သည်။

မိခင်၏ ဆွေမျိုးသားချင်းများအတွင်း ဒုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်တတ်သည်။ အကျပ်အတည်းပြဿနာများ ရင်ဆိုင်ရသောအခါ အကူအညီများ ကြန့်ကြာနေလိမ့်မည်။



※ မြွေနှစ်ဖွား

အမြင့်တက်ခြင်း ကဲ့သို့ စွန့်စားရသော လုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အိမ်တွင်းရေးပြဿနာများ ပြေလည်သွားမည်။ မိမိ၌ ဖြစ်ပေါ်ခံစားနေရသော ရောဂါဝေဒနာများ မိသားစုအတွင်းမှ နာတာရှည်ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားနိုင်သည်။ မိတ်ဆွေကောင်း တိုးပွားမည်။

※ မြင်းနှစ်ဖွား



ကြိုးစည်လုပ်ဆောင်သမျှ ကိစ္စရာ ထောင် ဖြစ်ထွန်း အောင်မြင်နိုင်သောကာလ ဖြစ်သည်။ မျှော်လင့်ချက် ဆန္ဒများ၊ စီမံကိန်းများ ဖြစ်ထွန်း ပေါ်ပေါက်လာမည်။

ငွေကြေးပြဿနာများကို မိမိအား မိမိကိုးကာ ဖြေရှင်းနိုင်ပါလိမ့်မည်။ မိတ်ဆွေသားချင်း မိသားစုများနှင့် အပန်းဖြေ အလည်အပတ်ခရီးများ သွားရဖွယ်ရှိသည်။



※ ဆိတ်နှစ်ဖွား

အခြေအရံ ရရှိမည်။ ထဘီ၊ ပုဆိုး၊ ဘောင်းဘီ၊ ခါးဝတ် တန်ဆာ ဝင်တတ်သည်။ အထည် အလိပ်နှင့် အကျိုးပေးတတ်သော ကာလ ဖြစ်သည်။

စီးပွားရေးတွင် မြေစမ်းခရမ်းပျိုး လုပ်ငန်းအသစ် စတင်ခြင်း အဆင်ပြေ နိုင်သည်။ လေ့လာတတ်မြောက်ထား သော ပညာရပ်များကြောင့် အရေး [illegible] တယူ နေရာပေးခြင်း ခံရကိန်းရှိသည်။



※ မျောက်နှစ်ဖွား

ရာထူးအလုပ်အကိုင် တိုးတက်နိုင်သည်။ ပြောစကား၊ ဆိုစကား အောင်မြင်၍ မိတ်ဆွေသင်္ဂဟများ၏ အရေးကိစ္စများတွင် ဦးဆောင်ဦးရွက် ပြုပေးရန် အကူအညီတောင်းခြင်း ခံရ ဖွယ်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

လုံမပျိုတို့မှာ ချစ်သူ၊ အိမ်ထောင်ဖက် ရရှိတတ်သည်။ လုလင်တို့ကား (အစ်မ၊ နှမ ခင်ပွန်း)ယောက်ဖများထံမှ အကူအညီ ရရှိတတ်ကြသည်။

⌘ ကြက်နှစ်ဖွား



ဝမ်းမြောက်ဖွယ် သတင်းစကားများ ကြားရဖွယ်ရှိသည်။ တယ်လီဖုန်း Hand Setများ လက်ဆောင်ရတတ်သည်။

ရေထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်ကြသည်။ ပင်လယ်ရပ်ခြားခရီး အဆင်ပြေလိမ့်မည်။ ချီးမြှောက်ပူဇော်ခြင်း ခံရကိန်း ရှိသည်။

⌘ ခွေးနှစ်ဖွား



စီးပွားရေး အထောက်အပံ့ကောင်းများ ရရှိကာ အောင်မြင်ကြီးပွားနိုင်ကြသည်။ စိတ်ချမ်းမြေ့ဖွယ် ကဠဒ္ဒာရုံမြင်ကွင်း အဖြစ်အပျက်များ မြင်တွေ့ရတတ်သည်။

ပန်းပုထည်၊ ယွန်းထည် ပစ္စည်းများ လက်ဆောင်ရနိုင်သည်။ သစ်၊ ဝါး၊ ကြိမ် သစ်တောထွက်ပစ္စည်းများ အကျိုးပေးသန်သောကာလ ဖြစ်သည်။

⌘ ဝက်နှစ်ဖွား



ရှေးဟောင်းသမိုင်းဝင် နေရာဒေသများသို့ သွားလာရတတ်သည်။ စီးပွားရေး၊ နှလုံးသားရေးတို့တွင် ပြိုင်ဆိုင် ဘက်များအား ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်မည်။ အကျပ်အတည်း ပြဿနာများ ပြေလည်သွားမည်။ လျှပ်စစ်အသုံး အဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။ အရေးကြုံလျှင် ကူညီတတ်သော မိတ်ကောင်းဆွေကောင်း ရရှိမည်။

ဤလတွင် ကံကြမ္မာ နိမ့်ပါးနေသူများသည် ဘုရားစေတီ သာသနိကအဆောက်အအုံများတွင် လျှပ်စစ်မီး (သို့မဟုတ်) လျှပ်စစ်မီးသီး လှူပေးပါ။

အင်္ဂါနေ့တွင် လှူသင့်သည်။ လှူဖွယ်ပစ္စည်း ခုရေ (၉) (သို့မဟုတ်) ကုန်ကျငွေ(ဂဏန်းသချ်ာ) (၉)ဂဏန်း ရလျှင် ပို၍ကောင်းပါသည်။ ဥပမာ (၈၁၀) ကျပ်၊ ၈ + ၁ + ၀ = ၉။

*ကြိုဆောင်သမျှ အောင်မြင်ကြပါစေ။*

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

စာမျက်နှာ (၁၈၅)မှ အဆက်


**လက္ခဏာပဟေဠိ အဖြေများ**

**၁။ ပြည်တွင်းမှာသာ အခြေချနေထိုင်ရတတ်တယ်။ ပြည်တွင်းမှာပဲ အလုပ်အကိုင် စီးပွားရေးပိုပြီး အကျိုးပေးနိုင်တယ်။**

ဘာကြောင့်လဲဆိုရင်...

အသက်လမ်းကြောင်း အရင်းဟာ သောကြာဂြိုဟ်ခုံနဲ့ ပိုပြီး နီးကပ် ကွေးဝင်နေခြင်းကြောင့် ဖြစ်ပါတယ်။ ပြည်ပဆက်သွယ်မှုလမ်းကြောင်းတွေလဲ မရှိဘူး။ **(ဆ) အကွရာ။**

* * *





**၂။ ဉာဏ်ရည်အားဖြင့် ထက်မြက်ပြီး ပါးရည်နပ်ရည်ရှိသူ ဖြစ်ပါတယ်။**

ဘာကြောင့်လဲဆိုရင်...

လက်မ ခါးသိမ်ခြင်း၊ အဆစ်ပျော့ [illegible])**အကွရာ၊** နောက်ကော့လန်နိုင်ခြင်း **(စ) အကွရာ။**

လက်မထိပ်ဖျား ပါးလွှာခြင်း **(ဃ) အကွရာ**တို့ကြောင့် ဖြစ်ပါတယ်။

* * *




**၃။ ယခု အသက်အရွယ် ငါးဆယ်ကျော်မှာ အဆင့်အတန်း အခြေအနေ တိုးတက်အောင်မြင် နိုင်ပါတယ်။**


ဘာကြောင့်လဲဆိုတော့...

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ **ဗုဒ္ဓဟူးတောင်ဝှေး (ထောင်လိုက်မျဉ်းမတ်) ရှိခြင်း (ခ)အကွရာ။** *[ဉာဏ်ရည်ထက်မြက်၊ ဆက်ဆံရေးကောင်း၊ စကားပြောကောင်း၊]*

လက်သန်းနဲ့ လက်သူကြွယ်ကြား၊ ဗုဒ္ဓဟူးနဲ့တနင်္ဂနွေဂြိုဟ်ခုံကြားမှာ **ကြိုးဖွဲ့ကြီးတစ်လုံး** ရှိခြင်း **(ဂ)အကွရာ။** *[ပျော်ရွှင်၊ အောင်မြင်၊ ကျော်ကြား၊ ငွေဝင်လမ်းကောင်း၊]*

အသက်လမ်းကြောင်းရဲ့ ငါးဆယ်ကျော် အသက်ပိုင်းမှာ တိုးတက်မှုလမ်း ထင်ရှားခြင်း **(က)အကွရာ၊** *[အဆင့်အတန်း၊ အခြေအနေ တိုးတက်]* တို့ ရှိခြင်းကြောင့် ဖြစ်ပါတယ်။

* * *




*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်(ဥပ[illegible]တွဲ)
လက္ခဏာဗေဒင်ပညာ[illegible]တေသီ



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦး တူးဖော်ရေးကုန်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁၂)

ပန်းချီ ထူးလှ
(ရှေးဟောင်းသုတေသန)

( ယခင်လမှအဆက် )


* * * ပုံ (၁)


**ပုံ (၁)** ဒီဇိုင်းလက်ရာသည် မြောက်ဦးတူးဖော်ရေးကုန်း အမှတ်(၂) A2ကျင်း အနောက်မြောက်ထောင့်မှ ကပ်လျက် ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် ဆီမီးခွက် အပိုင်းအစကလေးကို ဆက်စပ်၍ ရေးဆွဲဖော်ပြထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

**ပုံ (၁)** ဒီဇိုင်းလက်ရာကို ထက်အောက် ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ အပေါ်ပုံမှာ မြေမီးဖုတ် ဆီမီးခွက်ဘေးအမြင်နှင့် အထုကို ရေးဆွဲဖော်ပြထားသော ဒီဇိုင်းလက်ရာ ဖြစ်ပြီး အောက်ပုံမှာ မြေမီးဖုတ် ဆီမီးခွက် အပိုင်းအစကို မှောက်၍ ရေးဆွဲဖော်ပြထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

မြေမီးဖုတ်ဆီမီးခွက်၏ ကျိုးပဲ့သော သွားနေရာကို အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် ဆီမီးခွက် အပိုင်းအစကလေး၏ မူလလက်ရာ အချင်းအကျယ် (၃ ၆/၈ )လက်မခန့်၊ အမြင့် (၅/၈ )လက်မခန့်နှင့် အထု (၂/၈ )လက်မခန့် ရှိပါသည်။

အောက်တွင် ဆက်လက် ဖော်ပြသွားမည့် လက်ရာများသည်လည်း မြောက်ဦးတူးဖော်ရေး ကုန်းအမှတ်(၂)မှ တူးဖော်တွေ့ရှိရသော လက်ရာများသာ ဖြစ်ပါသည်။




* * * ပုံ (၂)

မြေမီးဖုတ် ရေကရား နှုတ်သီးတစ်ခု၏ အပိုင်းအစ ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ လည်ပင်းအနားရစ် တစ်ဆင့်လည်း တွေ့ရှိရပါ၏။ D1 ကျင်း အရှေ့ဘက် ကျင်းပေါင်မှ ကပ်လျက် ကျင်းအနက် (၁ ၁/၂)ပေခန့်မှ တူးဖော် တွေ့ရှိရသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ်လက်ရာ၏ အမြင့် (၄)လက်မခန့်ရှိပြီး အချင်းအကျယ်ဆုံးနေရာ (၂)လက်မခန့် ရှိပါသည်။ အထု (၃/၈)လက်မခန့် ရှိပါသည်။ မြေမီးဖုတ်လက်ရာ၏ အတွင်းအပေါက် အချင်းလည်း (၁)လက်မခန့် ရှိပါသည်။

* * * ပုံ (၃)

**ပုံ (၃)** ဒီဇိုင်းလက်ရာမှာ A2ကျင်း အနောက်ဘက် ကျင်းပေါင်အနီး (၁ ၁/၂) ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပန်းအိုးလက်ရာ အစိတ်အပိုင်း တစ်ခုကို ကူးယူရေးဆွဲထားသော ဒီဇိုင်း လက်ရာတစ်ခုပင် ဖြစ်ပါသည်။ အပေါ် အောက် ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြ ထားပါ၏။


တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပန်းအိုး အစိတ်အပိုင်း မူလလက်ရာ အမြင့် (၃)လက်မခန့်၊ အရှည် (၆) လက်မခန့်နှင့် အထု (၃/၄)လက်မခန့် ရှိပါသည်။ စဉ့်လက်ရာ အပိုင်းအစ၏ အတွင်း အချင်းအကျယ် (၄)လက်မ ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။


အပေါ်ပုံမှာ မြေမီးဖုတ် စဉ့်လက်ရာ ပန်းအိုး အပိုင်းအစ၏ ဘေးအမြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူလ စဉ့်အရောင်မှာ စဉ့်အဖြူရောင် လိုင်းတွန့်နှင့် စဉ့်နက်ပြာ




www.burmeseclassic.com

www.burmeseclassic.com




ဆောင် လိုင်းတွန့်များ တန်ဆာဆင်ထားပါသည်။

အောက်ပုံမှာ မြေမီးဖုတ် စဥ့်ပန်းအိုး အစိတ်အပိုင်းလက်ရာကို အပေါ်စီးမှ မြင်ရသည့် အနေအထား ရေးဆွဲထားသော လက်ရာပင် ဖြစ်ပါသည်။ ပျက်စီးသွားသော အစိတ်အပိုင်းများကို အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

စဥ့်ပန်းအိုး အစိတ်အပိုင်း လက်ရာတွင် စက်သွားစိပ် ခုနစ်စိတ်ခန့် ကျန်ရှိနေပါသေးသည်။ အပြင်စက်သွားစိပ် ရှိသည့် အနားအချင်း (၆) လက်မခန့် ရှိသည်။ စဥ့်လက်ရာ၏ အတွင်း နံရံပြင်မှာ အချောဖြစ်ပြီး မြေမီးဖုတ်ရောင် တောက်ပနေပါသည်။

* * * ပုံ (၄)

မြေမီးဖုတ်ခွက်ကလေး အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ A1 ကျင်း အနောက်ဘက် ကျင်းပေါင်မှ (၂) ပေခန့်အကွာ ကျင်းအနက် (၂ ၁/၂) ပေခန့်မှ တူးဖော် တွေ့ရှိရသော မြေမီးဖုတ်ခွက်ကလေး အစိတ်အပိုင်းတစ်ခုကို ဆက်စပ်၍ ပုံ (၄) တွင် ရေးဆွဲ ဖော်ပြထားပါသည်။

ပုံ (၄) ဒီဇိုင်းလက်ရာတွင် အပေါ်ပုံ၊ အောက်ပုံ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ အပေါ်ပုံမှာ မြေမီးဖုတ်ခွက်ကလေး၏ ဘေးအမြင်နှင့် အထူကို ရေးဆွဲ ဖော်ပြထားသော လက်ရာဖြစ်ပြီး အောက်ပုံမှာ မြေမီးဖုတ်ခွက်ကလေးကို လှန်၍ ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ကျိုးပဲ့ပျက်စီးသွားသော နေရာများကို အစက်ကလေးများဖြင့် ခန့်မှန်း ရေးဆွဲ ဖော်ပြထားပါသည်။ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ခွက်လေး အစိတ်အပိုင်း၏ မူလအမြင့် (၂) လက်မခန့်နှင့် ထိပ်ဝအကျယ် (၄) လက်မခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

ကျန်ရှိသော ခွက်ကလေး အချင်း (၃)လက်မခန့်၊ အထူ (၃/၈)လက်မခန့် ရှိပါသည်။ ခွက်ကလေး အစိတ်အပိုင်းမှာ အောက်ခြေဘက်ထူပြီး အဝအဖျား ပါးသွားသည်ကို တွေ့ရှိရပါသည်။

* * * ပုံ (၅)

**ပုံ (၅)** ဒီဇိုင်းလက်ရာမှာ A2ကျင်း အနောက်ဘက်ကျင်းပေါင်မှ (၃)ပေ ခန့်အကွာ ကျင်းအနက် (၁ ၁/၂)ပေခန့်မှ တူးဖော် တွေ့ရှိရသော မြေမီးဖုတ် စဥ့်ကြွေမ်းခင်းပြားလက်ရာ အပိုင်းအစကို ဆက်စပ် ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော စဥ့်ကြွေမ်းခင်းပြား အမြင့် (၃) လက်မခန့်သာ ကျန်ရှိပြီး၊ အကျယ် (၄ ၁/၂)လက်မခန့်နှင့် အထူ (၁/၂)လက်မခန့် ရှိပါသည်။ မူလစဥ့်ပြားတွင် အောက်ပိုင်း အနည်းငယ် ပဲ့နေသည်ကို တွေ့ရှိရပါသည်။

ပုံ(၅) ဒီဇိုင်းလက်ရာတွင် ပဲ့ကျသော သွားနေရာများကို အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ ပုံ(၅) ဒီဇိုင်းလက်ရာ လက်ယာဘက်တွင် စဥ့်ပြား၏အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

မူလ မြေမီးဖုတ် စဥ့်ပြားမှာ ခြောက်




www.burmeseclassic.com


www.burmeseclassic.com

နားညီ အနေအထားမျိုး တွေ့ရှိရပါသည်။ အနားတစ်နား (၂) လက်မခန့်ရှိပါသည်။ စဥ့်ပြားမှာ အောက်ခံအဝါစဥ့်ရောင်ပေါ်တွင် အလယ်တွင် ဝတ်ဆံအပိုင်းတစ်ခုကို မဏ္ဍိုင်ထား၍ ပွင့်ဖတ် ခြောက်ဖတ်ဖြင့် ဝန်းရံထားသော ပန်းပွင့်တစ်ပွင့်ကို အစိမ်းရောင်ဖြင့် တွေ့ရှိရပါသည်။

စဥ့်ပြား၏ အနားပတ်ပတ်လည်ကိုလည်း အစိမ်းရောင်ဖြင့် အနားသတ်ထားပါသည်။ စဥ့်ပြားမှာ အခြမ်းခြမ်းကွဲနေပါသည်။ စဥ့်ပြားအတွင်းဘက်မျက်နှာမှာ မြေမီးဖုတ်ရောင် တောက်ပစွာ တွေ့ရှိရပြီး တွင်းကလေး တစ်တွင်းပါရှိပါသည်။



ပုံ-၆



ပုံ-၇

* * * ပုံ (၆)

ဆေးကြိတ်သော ကျောက်ခွက်အပိုင်းအစ လက်ရာတစ်ခု ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ ကျောက်ခွက်အပိုင်းအစကို **ပုံ (၆)**၌ လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

**ပုံ (၆)** ဒီဇိုင်းလက်ရာမှာ C7ကျင်းအရှေ့ဘက် ကျင်းပေါင်မှ (၂)ပေခန့်အကွာ ကျင်းအနက် (၁)ပေခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာကို ရေးဆွဲ ကူးယူထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော မူလကျောက်ဆစ်လက်ရာ အမြင့် (၇) စင်တီမီတာခန့်၊ အကျယ် (၁၂) စင်တီမီတာခန့်နှင့် အထု (၄) စင်တီမီတာခန့် ရှိပါသည်။ မူလ ကျောက်ဆစ် အပိုင်းအစလက်ရာမှာ လေးထောင့်သဏ္ဍာန် ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ကျောက်စွယ်ခြေထောက်လည်း လေးထောင့်သဏ္ဍာန် တွေ့ရှိရပါသည်။

**ပုံ (၆)** ဒီဇိုင်းလက်ရာကို လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက်ပုံမှာ ကျောက်ခွက် အပိုင်းအစကို လှန်၍ ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

အပေါ် မျက်နှာပြင်ပေါ်တွင် ချိုင့်နေသည်ကို တွေ့ရှိရပါသည်။ ထောင့်များလည်း ပဲ့နေပါ၏။ ပုံ (၆) လက်ယာဘက် ဒီဇိုင်းလက်ရာမှာ ကျောက်ခွက် အပိုင်းအစကို မှောက်၍ ရေးဆွဲ ဖော်ပြထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

* * * ပုံ (၇)

**ပုံ (၇)** ဒီဇိုင်းလက်ရာမှာ A6ကျင်းမြောက်ဘက် ကျင်းပေါင်မှ (၂)ပေခန့်အကွာ ကျင်းအနက် (၁$\frac{၁}{၂}$)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲ အစိတ်အပိုင်း ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲ အစိတ်အပိုင်း အကျယ် (၅$\frac{၁}{၂}$)စင်တီမီတာခန့်၊ အမြင့် (၄) စင်တီမီတာခန့်နှင့် အထု ($\frac{၁}{၃}$)စင်တီမီတာခန့် ရှိပါသည်။



ပုံ (၇) ဒီဇိုင်းလက်ရာကို လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဇိုင်းလက်ရာမှာ အိုးခြမ်းကွဲ၏ အပြင်ဘက်မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာဖြစ်ပြီး လက်ယာဘက် ဒီဇိုင်းလက်ရာမှာ အိုးခြမ်းကွဲ၏ အတွင်းဘက်မျက်နှာကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။


လက်ယာဘက် ဒီဇိုင်းလက်ရာ၏ လက်ယာဘက်တွင် အိုးခြမ်းကွဲ၏ အထုပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
***(ရှေးဟောင်းသုတေသန)***

www.burmeseclassic.com



◆ အတည့်ပုံ (၁) ◆ အတည့်ပုံ (၂) ◆ အတည့်ပုံ (၃) ◆ အတည့်ပုံ (၄)


◆ တစ်ဖက်မှ မြင်ရပုံ (၁)




◆ တစ်ဖက်မှ မြင်ရပုံ (၂)



◆ တစ်ဖက်မှ မြင်ရပုံ (၃)



◆ တစ်ဖက်မှ မြင်ရပုံ (၄)



# တရုတ် ကြိုးထုံးပညာ (၇၆)

ဟူကျင်းဇီ
(Hu Jin Zhi)

ယခင်လမှ အဆက်

## အခြေခံ ကြိုးထုံးနည်း (၇၆)

(酢浆草结)

Cù Jiāng Cǎo Jié

ဆု ကျန်း ဆောင် ကျဲ

### မှော်ချဉ်ပန်း ကြိုးထုံးနည်း

အခြေခံ ကြိုးထုံးတစ်ခု ဖြစ်သည်။ ဤကြိုးထုံးနည်းကို ကျေလည်အောင် လေ့ကျင့်ထားပါက စိန်နားပန်၊ စိန်နားဆောင်း၊ လည်ဆွဲဘယက်၊ ရတနာပန်းဆောင်း စသည့် ကြိုးချည်နည်း အဆင်အနုသာများကို ဆက်လက် ချည်သုံးနိုင်သည် ဖြစ်သည်။

ကြိုးချည်ပုံကို ပိုမို ရှင်းလင်းစေရန် အတည့်ပုံ အဆင့်ဆင့်နှင့် အခြား တစ်ဖက်မှ မြင်ရပုံ အဆင့်ဆင့်တို့ကို ယှဉ်တွဲ ဖော်ပြပေးပါမည်။

အတည့်ပုံ

(၁) ကြိုးစကို ကွေးပါ။

(၂) ကျန်အစဖြင့် ကွင်းလျှိုထားပါ။

(၃) ပထမအစဖြင့် တစ်ပတ်လျှိုပါ။

(၄) ထိုအစဖြင့်ပင် တစ်ပတ် ထပ်လျှိုပါ။

တစ်ဖက်အမြင် (၄) ဆင့်ကိုလည်း ယှဉ်တွဲကြည့်ပါ။ မှော်ချဉ်ပန်းကြိုးထုံး ရပါပြီ။


ဤကြိုးထုံးနည်းကိုပင် ကြိုးစ အရှည်ဖြင့် ထပ်မံ ရှင်းပြထားပါသည်။

### ထပ်မံ ရှင်းလင်းချက်

ပုံ (၁)

မြန်မာအက္ခရာ ဏကြီးပုံစံ ကွေးပါ။


◆ ထပ်ဆင့်ရှင်းချက် ပုံ (၁)



◆ ထပ်ဆင့်ရှင်းချက် ပုံ (၂)




◆ ထပ်ဆင့်ရှင်းချက် ပုံ (၃)






www.burmeseclassic.com


www.burmeseclassic.com



◆ ထပ်ထပ်ရှင်းချက် ပုံ (၄)



◆ ထပ်ထပ်ရှင်းချက် ပုံ (၅)



◆ ထပ်ထပ်ရှင်းချက် ပုံ (၆)

ပုံ (၂)

ဝဲဘက်ကြိုးစဖြင့် တစ်ပတ်လျှိုပါ။

ပုံ (၃)

ထိုကွင်းတွင်ပင် လက်ယာဘက်ကြိုးစဖြင့် လျှိုပါ။

ပုံ (၄)

ဝဲဘက်ကြိုးစဖြင့် သီထိုးပါ။

ပုံ (၅)

ဝဲဘက်ကြိုးစကို နှစ်ပင်အောက် တစ်ပင်ပေါ် ထိုးသွားပါ။

ပုံ (၆)

တင်းတင်းရင်းရင်းဖြစ်အောင် ဆွဲ[...]ပါ။ မော်ချဉ်ပန်းကြိုးထုံး ရပါပြီ။

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

[**မှတ်ချက်** ။ ။ မြန်မာစာအဖွဲ့မှ မြန်မာအဘိဓာန် စာမျက်နှာ (၂၉၃)တွင် မော်ချဉ်=**မှိုနားတို**ဟုခေါ်သည်။ အရသာ[...]ချဉ်၍ ရိုးတံတွင် အရွက်သုံးရွက်ဆိုင်ထွက်သော မြေကပ်အပင်ငယ်တစ်မျိုးဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။]

**ဦးကျော်မိုးသိန်း–*စာတည်းချုပ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

# အသားအရေ လှပနုပျိုစေခြင်း

## မျက်စိအားကောင်းခြင်း၊ လှပစေခြင်းအတွက် ဤသို့ကျင့်ပါ



ဆရာတော် "ဦးရေဝတ" အား တွေ့တိုင်း ငေးကြည့်ရလောက်၏။ အသားအရေ နုပျိုပြည့်ခြင်း၊ အရပ်အမောင်း၊ အလုံးအထည်အားဖြင့်လဲ မအိုသေး။ အထူးသဖြင့် အစဉ်ပြုံးချိုသော မျက်နှာထားရှိတော်မူခြင်း၊ မျက်စိအားကောင်းခြင်း၊ မျက်နှာတော်မှာ မာလကာသီးမှည့်နှင့် တူလှ၏။ ဝင်းမှည့်နေ၏။

'အင်း... ကျုပ် ကုသိုလ်တစ်မျိုးပေါ့လေ။ ဒကာမတစ်ဦးက ဆရာတော့် မျက်လုံးတွေက လှလိုက်တာ၊ ကြည်ပြာရောင် တောက်နေသတဲ့။ ဘာဆေးများ စားသုံးပါသလဲ ဘုရားတဲ့'

'ဒီတော့ ကျုပ်က ပြောလိုက်တယ်။ ဘုရားဟောဖြစ်တဲ့ ပရိတ်၊ ဂါထာ၊ မန္တန်များကို နေ့စဉ် (၃) နာရီလောက် ရွတ်ရတယ်။ ဒီတော့ ပရိတ်ဂါထာ၊ မန္တန်တွေရဲ့ တန်ခိုးတော်ကြောင့် မျက်စိ အားကောင်းတယ်၊ လှတယ်လို့ ပြောရတယ်'

'ဒကာတစ်ယောက်ကတော့ ဆရာတော့် အသားအရေက လှလိုက်တာ၊ ဝင်းမှည့်နေတာပဲ၊ ဘာကြောင့်လဲ ဘုရားတဲ့'

'ဒီတော့ ဘုန်းကြီးက နေ့စဉ် ခေါင်းပေါ်က ရေချိုးရတယ်။ ဆပ်ပြာနဲ့တိုက်၊ အဲဒီ ရတဲ့ဆပ်ပြာမြှုပ်နဲ့ တစ်ကိုယ်လုံး ဝအောင်တိုက်။ ရေကို ဝအောင်[...] ရတယ်။

ပြီးတော့ ပုတီးစိပ်ရင်း စင်္ကြံ[...] ရတယ်။ လမ်းလျှောက်ရတယ်ပေါ့[...]

အသားအရေ ဝင်းမှည့်နေတ[...] မာလကာသီးမှည့်နဲ့ တူတယ် ဆိုတ[...] တော့ အင်း... သူသိတာ၊ သူပြော[...] ဖြစ်မှာပါ။ ပန်းသီးမှည့်နဲ့ တူတယ်[...] မပြောတာကတော့ ကျုပ်တို့အရပ်[...] ပန်းသီးက ရှားတာနဲ့ တူပါရဲ့'

ဆရာတော်၏ မိန့်ကြားချက်မျာ[...] ဤသို့ ကြားနာလိုက်ရပါသည်။

**ဆရာ ဦးရဲအောင်**
**(သိပ္ပံလက္ခဏာ + နက္ခတ္တဗေဒ - သချ်ာဗေဒ)**



www.burmeseclassic.com

www.burmeseclassic.com

ဆောင်လှသန်း
(မင်းဘူး)

# ကြက်ဖကောက်ဘေဆေဆောင်

နှင့်

ခရီးသွားသူ

သီတင်းဝါလ ကျွတ်ခါနီးသော နေ့တစ်နေ့ နေစွယ် ကျိုးတော့မည့် အချိန်တွင် အနောက်တောင်ဆီမှ မိုးတိမ် မိုးသားတို့မှ မည်းမည်း မှောင်အောင် တက်လာကာ မိုးမရွာသေးဘဲ လျှပ်တဝင်းဝင်းနှင့် မိုးကြိုး ထစ်ချုန်းသံများကို ကြောက်ဖွယ်လိလိ ကြားရပေသည်။

အဘွားအို ဒေါ်သီးသီးမှ...


'ဟဲ့ ကလေးတွေ မိုးသိမ်းမိုးရွာရင် မိုးကြိုးပစ်တတ်တယ်။ အိမ်ထဲဝင်နေကြ'

ဟု အော်ခေါ်သံကို ကြားရပါသည်။ သြော် သီတင်းလည်းကျွတ်၊ မိုးလည်း ကျွတ်တော့မှာပါလား။

ထိုအချိန်တွင် ကျွန်တော်မှ ခြံထဲရှိ တောစံပယ်ပင် (အပင်သေး အရွက်သေး ပင်လတ်မျိုး) အောက်တွင် မေတ္တာသုတ်တော်ကို ရွတ်ပြီးပြီဖြစ်၍ အိမ်ထဲသို့ဝင်၍ မိုးခိုရပါတော့သည်။

ကျွန်တော် မိုးခိုရန် အိမ်ထဲသို့ ဝင်ဝင်ချင်း ဘကြီး ဦးအုပ်ဆောင်းတစ်ယောက်လည်း ရွာထဲလည်ရာမှ အိမ်သို့ ပြန်လာပါသည်။ ဘကြီးဦးအုပ်ဆောင်းသည် ကျွန်တော်တို့ရွာက ဟုတ်ပါ။ တောင်နယ်ကဖြစ်ပြီး ကျွန်တော့်ဘလေး ဘဆင့်နှင့် မျက်စိအိမ်ကုသည့် ဆေးပညာကို အတူသင်ဖက် ဖြစ်ပါသည်။

သီတင်းဝါလ ကျွတ်တော့မည်ဆိုချင် ဘကြီး ဦးအုပ်ဆောင်းတစ်ယောက် ကျွန်တော်တို့အိမ်ကို ရောက်လာတတ်ပါသည်။



သီတင်းကျွတ်လပြည့်နေ့ ညချမ်းအချိန်တွင် ကျွန်တော်တို့ မွေးချင်းသားချင်းတစ်စုမှ ဘကြီး ဦးအုပ်ဆောင်းအား ပျားရည်၊ ပုသိမ်ကြီးဆန်၊ နှမ်းဆီ စစ်စစ် ဝါနီ၊ အကျီစ ပုဆိုးတို့ဖြင့် အမြဲ ကန်တော့လေ့ ရှိပါသည်။

ထိုသို့ ကန်တော့ပြီးသောအခါ ဘကြီးဦးအုပ်ဆောင်းမှ ဆုကို ရှည်ရှည်ကြီး မပေးပါ။

'အိမ်း ယခုလို သက်ကြီးဝါကြီးအား ဂါရဝပြု၍ ကန်တော့ရသောကြောင့် သံသရာ၌ ကျင်လည်ခဲ့ရသည်ရှိသော် ဆင်းရဲနှင့် ဝေးမှ ကင်းလွတ်ပါစေဗျာ'

ဟု ဆုကို တိုတိုပေးတတ်ပါသည်။

ကျွန်တော်လည်း အသက် အရွယ်လေး ရလာကာမှ ဘကြီး ဦးအုပ်ဆောင်း ပေးသော ဆုကို ပြန်၍ စဉ်းစားကြည့်မိပါသည်။

သံသရာ လည်ခဲ့သည်ရှိသော် အပါယ်လေးဘုံ ရောက်သွားပါက အမယ် လေး ကြောက်ဖွယ်လိလိ ဆင်းရဲခြင်း ကြီးလှပါတကား။

ကျွန်တော်နှင့် ဘကြီး ဦးအုပ်ဆောင်းသည် အမေအို ချက်ကျွေးသော အညာ ဝါတွင်းကာလ ဟင်းလျာဖြစ်သည့် ငါးပိကောင်နှင့် မန်ကျည်းသီးစိမ်းအရည်ငင် ဟင်းတစ်ခွက်၊ ငရုတ်သီးလေးလွှင့် ကြော်၊ ဖရုံရွက်နှင့် မျှစ်ဆတ်ဟင်းချို ဟင်းတွဲ ပါသော ညစာထမင်းကို စားရန် ပြင်ဆင်နေကြစဉ် ခေါင်းရင်းဘက် အိမ်နေ ကိုဘိုးလူမှ အမြန်ပြေးလာ ပြီး...

'ဘအုပ်ဆောင်းတို့စားဖို့ အမြန်ချက်တာဗျို့၊ လေတိုက်၊ မိုးတိုက် ဆိုတော့ ခုမှပဲ ဟင်းက ကျက်တော့တယ်'

ဟု ကြက်သားအာလူး ပြုံးပြုံးပျစ်ပျစ် ဟင်းတစ်ခွက်ကို လာပို့ပါသည်။

ကျွန်တော်ရော ဘကြီး အုပ်ဆောင်းပါ ဟင်းတွဲကလေး အချိုးညီသွား၍ ခေါင်းမဖော်စတမ်း မြိန်ရေရှက်ရေ ညစာထမင်းကို စားကြပါတော့သည်။

စားသောက်ပြီးသောအခါ ကျွန်တော်တို့နှစ်ဦးသား ကြာပုံထန်းလျက်မြုံကို ရေနွေးကြမ်းကျကျနှင့် အချိုတည်းနေ



 (စာမျက်နှာ (၁၉၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

### ပိုးထည်

(ဝတ်စုံပြည့် မဟုတ်သော တိုက်ပုံ၊ ကုတ်စသည့် အပြင်ရုံအင်္ကျီ) ပိုးထည်အင်္ကျီ ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် ကျက်သရေရှိသောနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အိုးကောင်းအိမ်ကောင်း ရရှိမည်။

✤ **ဇနီးက မြင်မက်လျှင်...**

နေအိမ်တွင် သုမင်္ဂလာကိစ္စ ပေါ်ပေါက်မည်။

✤ **အပျိုက မြင်မက်လျှင်...**

လာရောက် နားဖောက်စေ့စပ်လာမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဖူးစာဖက် ချစ်သူတွေ့နိုင်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်းအသစ်၊ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရောင်းဝယ်ရမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးပွားမည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်မည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာသန့်စွမ်းသည့် သားကောင်းရတနာကို ချောမောစွာ မျက်နှာမြင်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

မျှော်လင့်သည်ထက် ဆောလျင် စွာ အဆင်ပြေပြေဖြင့် ပြန်လာရလိမ့် မည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်က...**

အထားမှားခြင်း ဖြစ်သည်။ မကြာမီ အလိုအလျောက် ပြန်တွေ့လိမ့်မည်။

✤ **လူပျောက်ရှာစဉ် မြင်မက်လျှင်...**

ကြိုးစားပမ်းစား ရှာဖွေစရာ မလိုပါ။ သူ့သဘော အလျောက် ပြန်ရောက်လာလိမ့်မည်။

✤ **ရောဂါဝေဒနာရှင်က မြင်မက်လျှင်...**

ခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်းမည်။

❁ ပိုးထည်ဝတ်စုံ ကိုယ်လုံးပြည့် ဝတ်ဆင်ကာ သက်သောင့်သက်သာ နေရသည်ဟု မြင်မက်လျှင်ကား ကောင်းသောနိမိတ် မဟုတ်ချေ။

✤ **သက်ကြီးရွယ်အိုက မြင်မက်လျှင်...**

နေအိမ်တွင် ကမ္ဘည်းတိုင်တစ်ခု တိုးမည်။ **(ကွယ်လွန်သောအခါ လိပ်ပြာစင်ဟု ခေါ်နိုင်သော မိဘဘိုးဘွားများ ကန်တော့ရာ စင်မြင့်တွင် ကမ္ဘည်းစာတိုင် ထားရှိ ဂါရဝပြုလေ့ရှိရာ မကြာမီ ကွယ်လွန်လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။)**

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားရေး ကျဆင်းမည်။

✤ **ဇနီးက မြင်မက်လျှင်...**

ဥစ္စာပစ္စည်း ဆုံးရှုံးတတ်သည်။

✤ **လူပျို လူရွယ်က မြင်မက်လျှင်...**

အလုပ်အကိုင် မတည်မမြဲ ဖြစ်နိုင်သည်။

✤ **အပျို လူလွတ်က မြင်မက်လျှင်...**

ရောဂါသည် အိမ်ထောင်ဖက် ရရှိတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရန်သူငါးပါးဘေးကြောင့် ကုန်ရှုံးလိမ့်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကပ်ရောဂါဘေးကြောင့် ကောက်ပဲသီးနှံ ဆုံးရှုံးလိမ့်မည်။

✤ **ခရီးသွားစဉ် မြင်မက်က...**

အရေးကြီး အဖိုးတန်ပစ္စည်း ပျောက်ဆုံးတတ်သည်။

✤ **ဥစ္စာပျောက်စဉ် မြင်မက်က...**

မျှော်လင့်စရာမရှိ။ အမှုပြဿနာသာ တိုးပွားမည်။

✤ **လူပျောက်စဉ် မြင်မက်ပါက...**

ပြန်လမ်း မမြင်ပါ။

လူတိုင်းအတွက် တရုတ်ရိုးရာ

## အိပ်မက်ကျမ်းတော်ကြီး (၆၆)

ထက်မင်းကျော်စွာ







www.burmeseclassic.com

www.burmeseclassic.com

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

ပညာရေး ဆုံးခန်းမတိုင်ပါ။

✤ **လူနာ ဝေဒနာရှင်က မြင်မက်လျှင်...**

ဝေဒနာတိုးပွားကာ ဆေးကြောင့် ပိုလေးမည်။

✤ **အချုပ်အကျဥ်းကျသူက မြင်မက်လျှင်...**

အပြစ်ဒဏ် တိုးပွားလေးပင်နိုင်သည်။

✤ **ရပ်ဝေးပြည်ခြား ရောက်နေစဉ် မြင်မက်ပါက...**

ကယ်သူဝေး၍ အတိဒုက္ခရောက်ရောက်နေတတ်သည်။

✤ ပိုးထည်ဝတ်စုံဝတ်ကာ တစ်နေရာသို့ သွားလာရသည်ဟု မက်လျှင်ကား ကောင်းသော နိမိတ် ဖြစ်သည်။

✤ **အမျိုးသားက မြင်မက်လျှင်...**

ကောင်းမွန်သော နေရာဌာနများ၌ အလုပ် လုပ်ကိုင်ရတတ်သည်။

✤ **လုလင်လုံမ ပျိုရွယ်သူတို့က မြင်မက်လျှင်...**

လုပ်ငန်း ထူထောင်၍ အခြေတကျ နေထိုင်ခွင့် ကြုံမည်။

✤ **အသက်အရွယ် ကြီးရင့်သူက မြင်မက်လျှင်...**

သားမြေး တပည့်တပန်းတို့၏ ပူဇော်ခြင်း ခံရမည်။ လူအများ လေးစားရှိသေခြင်း ခံရမည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်၍ ချီးကျူးဂုဏ်ပြုခြင်း ခံရတတ်သည်။

✤ **ဂီတသဘင် အနုပညာရှင်များက မြင်မက်လျှင်...**

ပရိသတ်၏ တစ်ခဲနက် အားပေးမှု ရရှိမည်။



✤ **ခရီးသွားစဉ် မြင်မက်လျှင်...**

လိုလေသေးမရှိအောင် ကြိုဆိုကူညီပေးသူ တွေ့မည်။

✤ တစ်ယောက်ယောက်အား ပိုးထည်လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင် သတင်းကောင်းကြားရမည့်နိမိတ် ဖြစ်သည်။

✤ **အမျိုးသားက မြင်မက်လျှင်...**

ချစ်သူထံမှ ဝမ်းမြောက်ဖွယ် အဖြေသတင်း ရရှိမည်။

✤ **အမျိုးသမီးက မြင်မက်လျှင်...**

တစ်ဖက်သတ် တိတ်တခိုးမျှော်လင့်နေသည့်သူထံမှ ရင်ခုန်စရာသတင်း ကြားရတတ်သည်။

✤ ပိုးထည်နှင့် ငွေအိတ်ပါ လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင် ပင်လယ်ရပ်ခြားနိုင်ငံခြားမှ ကောင်းသောသတင်းစကား ကြားရဖွယ်ရှိသည်။

✤ **လူပျို၊ အပျိုက မြင်မက်လျှင်...**

တစ်နယ်ရပ်ဝေးမှ ချစ်သူ အိမ်ထောင်ဖက် ရရှိတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရပ်ဝေး ကုန်သွယ်မှု ဖြစ်ထွန်းမည်။

## ထီး

ထီးကို မြင်မက်ခြင်းသည် မင်္ဂလာပြဿဘာ နိမိတ်ကောင်း ဖြစ်သည်။

✤ **ခင်ပွန်းသည်က မြင်မက်လျှင်...**

မိသားစုအတွင်းရှိ အခက်အခဲ ပြဿနာများ ပြေလည်ပျောက်ပျက်ကာ သုခပြည့်စုံသော သီရိဂေဟာ ဖြစ်လာနိုင်သည်။

✤ **ဇနီးက မြင်မက်လျှင်...**

လုပ်ငန်းဆောင်တာ အလုပ်ကိစ္စများတွင် နောက်ဆံတင်းစရာ မရှိဘဲ စိတ်အေးချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်။

✤ **အပျို၊ လူပျိုက မြင်မက်လျှင်...**

နှလုံးသားတွင်းမှ ပုံဖော်ထားသူနှင့် နီးစပ်သော ဖူးစာဖက် တွေ့ရှိမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

လေလွင့်ဖိတ်စဉ်မှုများ ပပျောက်၍ စီးပွားရေး တိုးတက်ဖြစ်ထွန်းမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အထွက်တိုးမည်။

✤ **ကွဲကွာနေသော အိမ်ထောင်သည်က မြင်မက်လျှင်...**

မကြာမီ ပြန်လည် ပေါင်းစည်းဖြစ်မည်။

✤ **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ရောဂါဝေဒနာ လျော့ပါးသက်သာ၍ နာလန်ထလာမည်။

✤ **စူးစမ်းလေ့လာ သုတေသန ပြုနေသူက မြင်မက်လျှင်...**

စိတ်အား၊ လူအား၊ ငွေအား အလုံးအရင်းဖြင့် ကိုယ်ဖိရင်ဖိ အားပေးကူညီသူ တွေ့ရှိကာ လုပ်ငန်းအောင်မြင်မည်။

✤ **ကျောင်းသူ ကျောင်းသားက**



www.burmeseclassic.com

www.burmeseclassic.com

မြင်မက်လျှင်...

စာမေးပွဲတွင် အခက်အခဲ မရှိဘဲ အောင်မြင်မည်။

✣ **အမှုတပေါင် ရင်ဆိုင်နေရစဉ် မြင်မက်ပါက...**

လုံးဝ ပြေလည်ကျေအေးမှု ရမည်။

✣ **ခရီးသွားစဉ် မြင်မက်ပါက...**

အနိဋ္ဌာရုံများ ကင်းစင်ကာ စိတ်အေးချမ်းသာစွာဖြင့် လိုရာခရီးကို ရောက်ရှိမည်။

✣ **အချုပ်အကျဉ်း ကျနေသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်မည်။

✣ **ပစ္စည်းပျောက်၊ လူပျောက်စဉ် မြင်မက်ပါက...**

ကူညီရှာဖွေပေးသူ ပေါ်ပေါက်၍ မကြာမီ ပြန်ရောက်လာမည်။

❖ ချစ်ချစ်တောက် ပူနေသော နေရောင်အောက်တွင် ထီးဆောင်းရသည်ဟု မြင်မက်လျှင် အောင်ပွဲခံ မင်္ဂလာသတင်းများ အဆက်မပြတ် ကြားသိရမည်။

အရာရောက်စွတိုင်းတွင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ ဆွေမျိုးမိတ်သင်္ဂဟများအကြား ဝင့်ကြွားနိုင်လိမ့်မည်။

✣ **ထီးဝယ်ရသည်ဟု မက်လျှင်...**

သုမင်္ဂလအခမ်းအနား ပွဲသဘင်များ တက်ရောက်ရကိန်းရှိသည်။

✣ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဂုဏ်ပြုပွဲ၊ အထိမ်းအမှတ်ပွဲသဘင်များတွင် တက်ရောက်၍ မင်္ဂလာစကား ပြောကြားခွင့် ကြုံမည်။

✣ **အိမ်ရှင်မက မြင်မက်လျှင်...**

ရှင်ပြု နားသ လက်ထပ်မင်္ဂလာပွဲများ ပါဝင်ဆင်နွှဲရတတ်သည်။

✣ **အပျို၊ လူပျိုက မြင်မက်လျှင်...**

မိတ်ဆွေသားချင်း အရင်းအချာတို့၏ မင်္ဂလာပွဲများတွင် အင်တိုက်အားတိုက် ကူညီပေးရတတ်သည်။

✪ ထီးပျောက်သည်ဟု အိပ်မက် မက်လျှင် ဘက်စုံထောင့်စုံမှ ယိုယွင်းပျက်စီးမှုများ ကြုံရကိန်းရှိသည်။

✣ **အပျို၊ လူပျိုက မြင်မက်လျှင်...**

ချစ်သူ၏ ပစ်ခွာခြင်း ခံရတတ်သည်။

✣ **သူတစ်ပါးထံမှ ထီးကို လက်ခံရသည်ဟု မြင်မက်လျှင်...**

ရန်သူများ ပျောက်ကွယ်၍ စိတ်အေးလက်အေး နေထိုင်လုပ်ကိုင်ခွင့်ရမည်။

★ အပျို လူပျိုက ချစ်သူထံမှ ထီးလက်ဆောင်ရသည်ဟု မြင်မက်လျှင် ချစ်သူက ဖူးမြောင်နံ့အဖြစ် အခြေတကျ နေထိုင်ရန် တောင်းဆိုလာမည်။

✣ **အချုပ်အကျဉ်း ကျနေသူက ထီးရသည်ဟု မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်မည်။

✣ **အစိုးရအရာရှိ မင်းမှုထမ်းက မြင်မက်လျှင်...**

နိုင်ငံအနှံ့အပြားမှ ထောက်ခံအားပေးမှု ရရှိမည်။ **(အရွေးအကောက်ခံ ကိုယ်စားလှယ် အမတ်များကို ရည်ညွှန်းခြင်း ဖြစ်လေသည်။)**

ထက်မင်းကျော်စွာ

---

စာမျက်နှာ (၁၉၃)မှ အဆက်

ကြစဉ် ကျွန်တော်မှ...

'ဘကြီး ဦးအုပ်ဆောင်း ဘကြီး ခရီးသွား ရာမှာ မရှိဆင်းရဲသားအိမ်ကို တည်းခိုတာတောင် ထမင်းစားချိန်ရောက်ရင် ဖွယ်ဖွယ်ရာရာ ဟင်းလျာတွေ ပေါ်ပေါက်လာတယ်လို့ ပါးစပ်ကာကောင်းတဲ့ သတင်းကို ကြားရပါတယ်။

ဘကြီးမှာ ဘယ်လိုကျင့်စဉ်တွေဝင်လို့၊ ဘယ်လိုအဆောင်ကောင်းတွေကို ဆောင်ထားပါသလဲ။ ကျွန်တော့်ကို အမိန့်ရှိပါဦး'

ဟု ကျွန်တော်မှ မေးလျှင် ဘကြီး ဦးအုပ်ဆောင်းမှ...

'မင်း ကြက်ဖက ကြက်မကို ကစ်ကစ်နဲ့ ကစ်ကစ်နဲ့ အစာကို နှုတ်သီးနဲ့ ဆိတ်ပြီး ခေါ်ကျွေးတာကို မြင်ဖူးတယ်မဟုတ်လား။ တစ်ခါတလေ ကျောက်ခဲမှုန့် တောက်တောက်သေးသေးလေး တစ်လုံးကို အစာမှတ်ပြီး တကစ်ကစ်နဲ့ ကြက်ဖက နှုတ်သီးနဲ့ ဆိတ်လိုက် ပြန်ချလိုက်လုပ်ပြီး ကြက်မကို ခေတနာ စကျွေးနဲ့ အစာခေါ်ကျွေးနေတဲ့အချိန်မှာ အစာမဟုတ်မှန်းသိလို့ ငါက ကြက်ဖကို မောင်းပြီး ဆောင်ထားတယ်ကွ။

အဲဒီကို ကြက်စကောက် (ကြက်စာကောက်) လို့ ခေါ်တယ်ကွ နောက်ပြီး အိပ်ရာက နိုးရင် မေတ္တာသုတ်တော်ကို ရွတ်ပြီး အရဟံဂုဏ်တော်... စိပ်ပုတီးကိုးပတ်စိပ် လူ့ နတ်၊ သတ္တဝါတွေကို မေတ္တာပို့တယ်ပေါ့ကွ'

ဟု ကျင့်စဉ်ကို ပြောပြပါလေသည်။

ဘကြီးဦးအုပ်ဆောင်း ပြန်သွားသောအခါ သရက်ပင်ခြံ... ၌ ကြက်ဖကြီး ရွှေနီမှ ကြက်မကို တကစ်ကစ်နှင့် အစာခေါ်... ကျွေးတိုင်း ကျွန်တော်မှ တစေ့တစောင်း ကြက်စကောက် (ကြက်စာကောက်)ကို တွေ့ရလို တွေ့ရငြား ကြည့်မိပါတော့... သည်။

အောင်လှသန်း *(မင်းဘူး)*



www.burmeseclassic.com

www.burmeseclassic.com

# ဇနကကိန်း နှင့် ယတြာ

ဦးဘုန်းမြင့် (ဟင်္သာတ)

လောကီရေးရာကိစ္စတို့၌ အများအားဖြင့် လူတို့သည် မိမိတို့၏ အောင်မြင်တိုးတက်မှုအတွက်၊ စိတ်ချမ်းသာကိုယ်ချမ်းသာစေဖို့အတွက် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်ကြပါသည်။ နည်းလမ်းရှာဖွေရာတွင်လည်း အချို့သောသူတို့မှာ ဗေဒင်ပညာရပ်များဖြင့် ဆောင်ရွက်တတ်ကြပါသည်။

ဖြစ်ပေါ်လာသော အကြောင်းအရာပေါ် မူတည်၍ ဆောင်ကြဉ်ရှောင်ကြပါသည်။ ဗေဒင်ကိန်းခန်းအရ ယတြာများ ပြုလုပ် ဆောင်ရွက်ကြပါသည်။

ဤနေရာ၌ စာရေးသူ၏ မိတ်ဆွေကြီးဖြစ်သူ ဦးမောင်မောင်သည် လောကီပညာရပ်များကို အလွန်ဝါသနာပါသူ ဖြစ်ပါသည်။ ဗေဒင်လက္ခဏာ၊ အင်းပညာ စသည်တို့၌ စိတ်ဝင်စားသူလည်း ဖြစ်ပါသည်။ ထိုမိတ်ဆွေကြီးနှင့်ပတ်သက်၍ ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

တစ်နေ့သောအခါ မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သည် စာရေးသူအိမ်သို့ ရောက်ရှိလာပြီး...

'ကျေးဇူးရှင်ရေ... ကျန်းမာလို့ချမ်းသာပါစ'

ဟု ရောက်မဆိုက် စကားဆိုပါတော့သည်။

'ကျန်းမာချမ်းသာလျက်ပါဗျာ၊ ဒါပေမယ့်...'

ဟု စာရေးသူမှ စကားဆက်ပြောသည်ပြုရာ...



'ဘာ ဒါပေမယ့်လဲ ဆရာရဲ့'

ဟု မေးရာ...

'ခင်ဗျားက...ကျွန်တော့်ကို ကျေးဇူးရှင်ရေလို့ ခေါ်တိုင်း တစ်ခုခုမေးတော့မယ်ဆိုတာ သိတယ်နော်'

ဟု စာရေးသူမှ ပြန်ပြောလိုက်သောအခါ...

'ဟုတ်ပဗျာ...မေးချင်တာက တခြားမဟုတ်ပါဘူး။ ဗေဒင်မှာ ဇနကကိန်းဆိုတာ ရှိတယ်မို့လား'

'ရှိတယ်လေ'

ဟု ပြောလိုက်ပါသည်။

'ဟုတ်ပြီ...ဒါဆိုရင် ဇနကကိန်းအပောကိုတော့ သိသင့်သလောက်သိပါပြီ။ ယတြာအနေနဲ့ရှိရင် သိချင်လို့လာမေးရတာပါဗျာ'

ဟု ပြောပြပါတော့သည်။

'ကဲ...ဒါဆိုရင် ခင်ဗျားတင်မကဘူး။ အားလုံးသောသူများပါ သိရအောင် ဆောင်းပါး ရေးထည့်လိုက်မယ်ဗျာ။ အဲဒီတော့မှ ဖတ်ကြည့်ပေါ့နော်'

ဟု စာရေးသူမှ ပြောလိုက်ပါသည်။

'ကျေးဇူးရှင်ကတော့ လုပ်ချလိုက်ပြန်ပြီ'

ဟု ပြန်ပြောကာ နှစ်ယောက်သား လက်ဖက်ရည်သောက်ရင်း ရယ်မော၍ စကားများ ပြောဆိုလိုက်ကြပါတော့သည်။

ဇနကကိန်းကို ရှေးဆရာ အစဉ်အဆက်တို့မှ ထားခဲ့သော ပညာရပ်တစ်ခု ဖြစ်ပါသည်။ ဖြစ်ပျက်ပုံ(၇)မျိုးရှိရာ **"တည်၊ ထွက်၊ ပျက်၊ ကျောက်၊ ထီး၊ နန်း၊ စံ"**ဟူ၍ ဖြစ်ပါသည်။

**တွက်နည်းမှာ...** အစဉ်လိုက် ဇယားကွက်(၇)ခုချပြီး **တနင်္ဂနွေသား ဆိုပါက** တည်နေရာမှ (၁)ကိုထားပြီး နောက်တစ်ကွက်ထွက်၌ (၂)ခုတိုး၍ (၃)ဟု ရေးပြီး ယင်းအတိုင်း စံအထိ (၂)ခုစီ တိုးကာ ချသွားရန်ဖြစ်ပါသည်။

အထက်ပါအတိုင်း **တနင်္လာသား**

**တနင်္ဂနွေသားသမီးအတွက် နမူနာ ဇနကကိန်းတွက်ပုံ**

| တည် | ထွက် | ပျက် | ကျောက် | ထီး | နန်း | စံ |
|---|---|---|---|---|---|---|
| ၁ | ၃ | ၅ | ၇ | ၉ | ၁၁ | ၁၃ |
| ၁၅ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၅ | ၂၇ |
| ၂၉ | ၃၁ | ၃၃ | ၃၅ | ၃၇ | ၃၉ | ၄၁ |
| ၄၃ | ၄၅ | ၄၇ | ၄၉ | ၅၁ | ၅၃ | ၅၅ |



www.burmeseclassic.com

www.burmeseclassic.com

**သမီးဆိုလျှင်** (၂)ဂဏန်းကို တည်တွင် ရေးပြီး (၂)ခုစီ တိုးသွားပါ။

**အငြိသားသမီးဆိုလျှင်** (၃)ဂဏန်းကို (တည်)တွင်ရေးပြီး (၂)ခုစီ တိုး၍ သွားပါ။ ကျန်နေသေးသမီးများလည်း ထိုအတိုင်း ပြုလုပ်ပါ။

*** * * နမူနာ ဇယား**

၁။ **တည်သို့ကျလျှင်...** တည်အရ ဖနကမင်းသား သဘော်တည် ဆောက်သည်ကို ရောက်သောကြောင့် စိတ်မငြိမ်သက်ခြင်း၊ အမှုကိစ္စများပြားခြင်း၊ အိမ်ရာပြောင်းရွှေ့လိုခြင်း၊ အိုးအိမ်များ တည်ထောင်ရန် ကြံစည်စိတ်ကူးခြင်းများ ရှိမည်ဟု ဟောပါ။

၂။ **ထွက်သို့ကျလျှင်...** စမ္ပာနဂိုရ်ပြည်မှ သဘော်ထွက်သို့ ရောက်သောကြောင့် ခရီးယာယီများတတ်ခြင်း၊ အပြောင်းအရွှေ့လုပ်လိုခြင်း၊ တစ်နေရာတည်း နေလိုစိတ်မရှိခြင်း ဖြစ်တတ်သည်ဟု ဟောပါ။


၃။ **ပျက်သို့ကျလျှင်...** ပင်လယ်ထဲ၌ သဘော်ပျက်သည့်ကိန်း ကျသောကြောင့် စီးပွားဥစ္စာ ပျက်စီးတတ်ခြင်း၊ အကြံအစည်များ ပျက်တတ်ခြင်း၊ ရောဂါဝေဒနာများခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း၊ လုပ်သမျှ အဆင်မပြေခြင်း၊ ငွေမမြဲခြင်း ဖြစ်တတ်သည်ဟု ဟောပါ။

၄။ **ကျောက်သို့ကျလျှင်...** မဏိမေခလာနတ်သမီးမှ အလောင်းတော် ဖနကမင်းသားကို ပွေ့ချီ၍ ကျောက်ဖျာပေါ် တင်သည့်ကိန်း ကျသောကြောင့် ကူညီမစမည့်သူနှင့် တွေ့ခြင်း၊ မိတ်ဆွေကောင်းများနှင့် တွေ့ဆုံခြင်း၊ အကူအညီကောင်းများရတတ်ခြင်း၊ နေရာထိုင်ခင်းကောင်းများ ရတတ်ခြင်းနှင့် ကြံုရတတ်သည်။

၅။ **ထီးသို့ကျလျှင်...** ထီးဖြူ ဆောင်း၍ မင်းအဖြစ်သို့ ရောက်မည်ဖြစ်၍ ဘုန်းတန်ခိုးသြဇာ ကြီးမည်။ အကြီးအကဲ ဖြစ်မည်။ အလုပ်အကိုင် အကြံအစည်များ အောင်မြင်မည်။ မင်း မြှောက်စားခြင်း ခံရမည်။

၆။ **နန်းသို့ ကျလျှင်...** ထီးနန်းကို စိုးပိုင်ရသည်ကို ကျသောကြောင့် အိုးအိမ်သစ်များရမည်။ အိမ်ထောင် ကျကိန်းရှိသည်။ ရာထူး ဂုဏ်ထူး တိုးမည်။ အမွေရမည်။ လာဘ်လာဘများ ဝင်လာမည်။ လုပ်ငန်းများ တိုးတက်လာမည်။

၇။ **စံသို့ကျလျှင်...** မင်းစည်းစိမ်ကို စံစားရသော်ကိန်း ရောက်၍ ရွှေငွေရတနာ ပေါများမည်။ အကြံအစည်များ အောင်မြင်မည်။ အဆောက်အအုံကောင်းများ ရမည်။ ရဟန်းဖြစ်လျှင် ကျောင်းကောင်း ရတတ်သည်။



လက်ဆောင်ပဏ္ဏာများ ရတတ်သည်။ အလှူအတန်း ပြုရတတ်သည်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာပျော်ရွှင်ရတတ်သည်။ ဘေးရန်ရောဂါ ကင်းရှင်းမည်။

**ယတြာများ...**

၁။ **တည်သို့ကျလျှင်...** ဘုရားရှင်အား ရွှေ သက်နိုး ကပ်လှူပါ။ ရွှေချပါ။

၂။ **ထွက်သို့ကျလျှင်...** မွေးနေ့တွင် ငါးစာ ကျွေးပါ။

၃။ **ပျက်သို့ကျလျှင်...** မွေးနံ့အရပ်၊ ထောင့်မှ ဘုရားရှင်အား ဆီမီး သက်စေ့လှူပါ။

၄။ **ကျောက်သို့ကျလျှင်...** ဘုရားရှင်အား ရေ သပ္ပာယ်ပါ။ ရေသက်စေ့ လှူပါ။

၅။ **ထီးသို့ကျလျှင်...** ခေါင်းဆေးမင်္ဂလာ ပြု လုပ်ပါ။

၆။ **နန်းသို့ကျလျှင်...** သတ္တဝါများကို ဘေးမဲ့ လွှတ်ပါ။

၇။ **စံသို့ကျလျှင်...** ကုသိုလ် ကောင်းမှုများကို မပြတ်ပြုလုပ်ပါ။

**မှတ်ချက်။ ။ ဆရာကြီး ဦးထွန်းရွှေ (ကွယ်လွန်)၏ ပြောပြချက်။**

*(ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝကြပါစေ)*

**သင်ဆရာ၊ မြင်ဆရာတို့အား ရှိခိုးကန်တော့ပါ၏။**

**ဦးအုန်းမြင့်** *(ဟသ်ာတ)*
**(ဝေဒသုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com



သားစဉ်မြေးဆက်အထိ စီးပွားကို ဆောင်နိုင်သော

ဓမ္မစေတီမင်း၏

# မေတ္တေယျဘုရားအလောင်း ရှိခိုးဂါထာ

ရဲရဲထွန်း
(ဟသ်ာတ)

ဤဘဒ္ဒကမ္ဘာ၌ ဘုရားရှင်တော် ငါးဆူ ပွင့်ထွန်းပေါ်ရမည်ဖြစ်ပြီး ယခု အခါ ဘုရားလေးဆူ ပွင့်တော်မူခဲ့ပြီး ဖြစ်သည်။ နောက်ဆုံးပွင့်တော်မူခဲ့သော ဂေါတမဘုရားရှင် ပွင့်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၂၆၀၀)ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။

နောက်ဆုံး ဘုရားတစ်ဆူဖြစ်သော မေတ္တေယျဘွဲ့တော်အမည်ရ ဘုရားရှင်သည် ဤကမ္ဘာတွင် အမှန်ပင် ပွင့်ထွန်းပေါ်လာမည်မှာ ပိဋကတ်ကျမ်းဂန်များတွင် ပါရှိပြီး ပြ[illegible]သည်။

သို့ဖြစ်၍ အချို့သောပုဂ္ဂိုလ်တို့သည် ထိုဘုရားရှင်ကို ရည်စူး ဖူးမြော်၍ မေတ္တေယျဘုရားအလောင်း ရှိခိုး ဂါထာကို ရွတ်ဆို ပူဇော်ကြကုန်၏။ ထိုဂါထာနှင့်ပတ်သက်၍ ဓမ္မစေတီမင်း အကြောင်း လေ့လာသုံးသပ်ရန် လိုအပ် ပါသည်။

ဓမ္မစေတီမင်း(အေဒီ၁၄၆၀–၁၄၉၂) သည် မြန်မာနိုင်ငံအောက်ပိုင်း ရာမည တိုင်းကို အုပ်ချုပ်စိုးစံခဲ့သော ဟံသာ ဝတီပြည့်ရှင် ဖြစ်သည်။

ထိုမင်းသည် ငယ်စဉ်က ပုဂံနှင့် အင်းဝတို့တွင် လှည့်လည်၍ လောကီ၊ လောကုတ္တရာပညာတို့ကို သင်ကြားခဲ့ ၍ ပညာအရာတွင် ထူးချွန်ထက်မြက် သော ပညာရှင်မင်းတစ်ပါး ဖြစ်ခဲ့သည်၊

'ပဲခူးမြို့ ဓမ္မစေတီမင်း ကောင်းမှု ကလျာဏီသိမ်ရှိ ပါဠိကျောက်စာမှ (အေဒီ ၁၄၇၆ ခုနှစ်)၌ ပိဋကတ်သုံးပုံနှင့် ဗေဒင်ကျမ်းကို အာဂုံဆောင်ခြင်း၊ ဝိဒင် ကျမ်း၊ ဗျာကရုဏ်း(သဒ္ဒါ)ကျမ်း၊ ဆန်း ကျမ်း၊ အလင်္ကာကျမ်း၊ ဟူးရားကျမ်း၊ ဆေးဗိန္ဒောကျမ်းဟု ဆိုအပ်ကုန်သော အကြားအမြင်တို့၏အစွမ်းဖြင့် များသော အကြားအမြင်လည်းရှိသော အုတ်. ပန်းရန်အတတ်၊ သစ်ဗိသုကာအတတ် (လက်သမားအတတ်) အစရှိသော အထူးထူးသော ဒေသဘာသာတို့၏ ပြုအပ်သော၊ အလေ့အကျင့်ရှိသော၊ သဒ္ဒါအစရှိသော၊ များစွာသော ဂုဏ် ကျေးဇူးအပေါင်းနှင့်လည်း ပြည့်စုံသော၊ အရှင်ရာမာဓိပတိ အမည်ရှိသော **"သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇာ"** ဘွဲ့ခံမင်းသည် ပုသိမ်၊ ဟံသာဝတီ၊ မုတ္တမရာမညသုံးရပ်၌ မင်းပြုတော်မူ ခဲ့၏'

ဟု ထိုမင်း၏ ဗဟုသုတဂုဏ်တို့ကို ဖော်ပြထားသည်၊ ထိုထို ဗဟုသုတဂုဏ် နှင့်ပြည့်စုံသော ဓမ္မစေတီမင်းကြီးသည် မြတ်စွာဘုရားကို အလွန် ကြည်ညိုသူ ဖြစ်သည့်အတိုင်း ဘုရားရှိခိုးများစွာ ကိုလည်း ကိုယ်တိုင် ရေးသားဖွဲ့ဆိုပြီး ရှိခိုးတော်မူလေ့ ရှိသည်။

ထိုဓမ္မစေတီမင်း၏ ဘုရားရှိခိုးများစွာ တို့တွင် သားစဉ်မြေးဆက် စီးပွားကို ဆောင်နိုင်သော အကျိုးပေးသည်ဟူ သော စာအညွှန်းပါရှိသည့် မေတ္တေယျ ဘုရားအလောင်း ရှိခိုးဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အတီတာစေ၀ သမ္ဗုဒ္ဓါ။
အနေကာ သတကောဋိယော။
သဗ္ဗလောက မဟိညာယ၊
သဗ္ဗသတ္တာနု ကမ္ပိနော။
အနာဂတေ စ သမ္ဗုဒ္ဓေါ၊
မေတ္တေယျော ဥတ္တမော ဇိနော။
မဟိဒ္ဓိကော မဟာဒေဝေါ၊
မဟာသိဒ္ဓိ ကရောတု မေ။

## ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| သမ္ဗုဒ္ဓါ | =သမ်ဗုတ်ဓါ |
| သတကောဋိယော | =သတကောတိယော |
| သဗ္ဗ | =သပ်ဗ |
| မဟိညာယ | =မဟိန်ညာယ |
| မေတ္တေယျော | =မစ်တေယော |
| ဥတ္တမော | =အုတ်တမော |
| သဗ္ဗသတ္တာနု | =သတ်ဗသတ်တာနု |
| ကမ္ပိနော | =ကမ်ပိန်နော |



www.burmeseclassic.com

www.burmeseclassic.com

**သမ္ဗုဒ္ဓေါ** =သမ်ဗုတ်ဓေါ
**မဟိဒ္ဓိကော** =မဟိတ်ဓိကော
**မဟာသန္တိ** =မဟာသန်တိန်

အနက်

**အနေကာသတကောဋိယော၊** ကုဋေ အရာမက များစွာကုန်သော။ **အတိတာ၊** လွန်လေပြီးကုန်သော။ **သမ္ဗုဒ္ဓါစေဝ၊** မြတ်စွာဘုရားတို့သည်လည်း။ **သဗ္ဗလောကံ၊** အားလုံးသော လောကကို။ **အဘိညာယ၊** ထိုးထွင်းသိတော်မူ၍။ **သဗ္ဗသတ္တာနုကမ္ပိနော၊** သတ္တဝါအားလုံးတို့ကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏။

**အနာဂတေစ၊** နောင်လာလတ္တံ့အခါ၌လည်း။ **ဥတ္တမော၊** မြတ်သော။ **ဇိနော၊** မာရ်ငါးပါးကို အောင်မြင်တော်မူသော။ **မဟိဒ္ဓိကော၊** တန်ခိုးကြီးသော။ **မဟာဒေဝေါ၊** သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော။ မေတ္တေယျော၊ မေတ္တေယျ အမည်တော်ရှိသော။ **သမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်အား။ **မဟာသန္တိံ၊** ကြီးစွာသော ငြိမ်းအေးခြင်းကို။ **ကရောတု၊** ပြုပါစေသတည်း။

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယရေ၊ ဝံမွာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)*

ဟူ၍ ဖြစ်သည်။

ထိုဓမ္မစေတီမင်း၏ ထူးခြားလေးနက်သော မေတ္တေယျဘုရားအလောင်း ရှိခိုး ဂါထာကို ယုံကြည်စွာဖြင့် နေ့စဉ် ရွတ်ဆိုပွားများပါက သားစဉ်မြေးဆက်ထိ တိုင် စီးပွားတိုးတက် မပျက်မစီး တည်ရှိနေမည် ဖြစ်ပါသည်။

မိုငြမ်းဖော်ပြ။ ။ ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ [ဦးအောင်မွန် (မြတ်ဆုမွန်)]

ရဲရဲထွန်း (ဟသ်ာတ)

# တပင်ရွှေထီး

## တစ်နည်း ဆေးအသုံး


နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ လွယ်ကူသက်သာတဲ့ ဆေးနည်းတိုလေးများကို သူတစ်နည်း ငါတစ်ဖုံ မျိုးစုံအောင် ရေးသားကြရာမှာ တပင်ရွှေထီးပင်နဲ့ ပတ်သက်တဲ့ ဆေးနည်းများကိုလဲ တွေ့ရပါတယ်။

တပင်ရွှေထီးပင်ဟာ နေရာ အနှံ့ အပြားမှာ ပေါများစွာ တွေ့ရနိုင်တာကြောင့် အကြောင်း တိုက်ဆိုင်တဲ့အခါမှာ အလွယ်တကူ အသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်။

တပင်ရွှေထီးပင်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့ ဆေးနည်းကောင်းလေးတစ်ခုကိုလဲ ဝေမျှပေးချင်ပါတယ်။ တပင်ရွှေထီးပင်ဟာ မန်းဝင်ပြီး ရောင်ရမ်းနေတဲ့ အနာများအတွက် အစွမ်းထက် ဆေးတစ်လက်ဖြစ်ပါတယ်။

အကယ်၍ တချို့သူရဲ့ လက်မောင်း၊ ပေါင်၊ ခြေသလုံး စတဲ့ တစ်နေရာရာမှာ အနာပေါက်လာသည် ဆိုပါစို့၊ အနာက စူထွက်နေပြီး နီရဲတင်းပြောင်နေမယ်။ ပြည်ရှိတယ်ထင်လို့ ဖောက်ပြီး ညှစ်ပေမယ့် ပြည်မထွက်ဘဲ အနာဝမှာ ပြည်ဝတ်လိုလို၊ အဆီပြင်လိုလို တွေ့ရမယ်။ လက်နဲ့ ညှစ်လိုက်တဲ့ နေရာက ခွက်ဝင်သွားပြီး ခဏကြာရင် ပြန်တင်းလာမယ်။ အနာကို လက်နဲ့ စမ်းကြည့်ရင် သိသိသာသာ ပူနေမယ်။

အဲဒီ အခြေအနေမျိုးနဲ့ ကြုံလာရင် ဆေးနည်းက မခက်ပါဘူး။ **တပင်ရွှေထီးရွက်ကို ရေစင်အောင်ဆေးပြီး ညက်အောင်ကြိတ်ခြေပါ။ ကြိတ်ပြီးလျှင် အရည်များ ထွက်မသွားစေရန် လက်နှင့် ခပ်ဖွဖွကိုင်ပြီး အပြားလေးလုပ်ပါ။**



အဲဒီနောက် အနာဝပေါ်တင်ပြီး ကွာကျမသွားစေ အဝတ်စသန့်သန့်ဖြင့် ထိန်းရုံသာ စည်းနှောင်ထား ဆေးများ ခြောက်သွားလျှင် နောက်တစ်ပြား လဲလှယ်ပေး ဆေးများ ခြောက်သွားတိုင်း၊ အစိုဓာတ်နည်းသွားတိုင် ထပ်၍ လဲလှယ်ပေးရမည် ဖြစ်သည်။

တစ်ရက်, နှစ်ရက်အတွင်းမှာပင် သိသာစွာ လျော့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

မောင်ဆန်းလင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့...

ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ "သောင်းတင်" တို့အိမ်ကို အလည်အပတ် ရောက်ခဲ့ပါသည်။ သူ့အဖေသည် ဖိုခန်းထဲတွင် ဖိုထိုးနေပါသည်။ သူ၏ဘေးနားတွင်လည်း ဓာတ်ထိုးဖက် အပေါင်းအသင်းသုံးဦးလောက် ရှိပါသည်။

ကျွန်တော်တို့က ကျောင်းသားတွေဆိုတော့ "အဂ္ဂိရတ်" ဆိုတဲ့ ဖိုထိုးတာကို သိပ်နားမလည်ကြပါ။ ကျွန်တော့်သူငယ်ချင်း သောင်းတင်ကလဲ အစအနောက် အရမ်းသန်တယ်။ တစ်နေ့...

'တင်ဝင်းရေ... လာဦး။ ငါတို့ အဘိုးကြီးတွေကို ပညာပေးရအောင်'

'ဟ... သောင်းတင်ရ ဘယ်လိုပညာပေးမှာတုံး'

'လာ...ငါပြမယ်။ မင်း ဒီလုံးအထဲကို သေသေချာချာ ကြည့်စမ်း၊ ဘာမြင်သလဲ'

ကျွန်တော်လည်း လုံးအထဲကို သေသေချာချာ ကြည့်လိုက်တော့...

'သောင်းတင်...မင်း အဲဒီလိုတော့ မလုပ်သင့်ဘူး ထင်တယ်။ တော်တော်ကြာ အဘိုးကြီးတွေ တကယ်မှတ်သွားရင် ဒုက္ခ'

'မင်း အသာနေစမ်းပါကွာ'

ကျွန်တော် လုံထဲကို သေသေချာချာ ပြန်ကြည့်လိုက်တယ်။ ယင်းလုံအထဲတွင် **"ပေါက်ပြီး ရပ်တော့"** ဆိုတဲ့ စာတစ်ခု လုံကိုထွင်း၍ သံချွန်နဲ့ ခြစ်ပြီး စာပြောင်းပြန် ရေးခြစ်ထားတယ်။

ဓာတ်လုံးဖင်မှာ ဖောင်းကြွပြီး "ပေါက်ပြီး ရပ်တော့" ဆိုတဲ့စာ ပေါ်မှာတော့ ကျိန်းသေပဲ။


ဆိုစဉ်...

'သောင်းတင်ရေ ဖေကြီးကို လုံကုန်

# လက်တွေ့

# ဘော်ကြောဖြတ် တားလမ်း

ဦးတင်ဝင်း
(ဂမ္ဘီရသုတေသီ)



သွားလို့ လုံသွားဝယ်ပေးစမ်း'

'ဟုတ်ကဲ့ အဖေ'

ဆိုပြီး ကျွန်တော့်ပါ အဖော်ခေါ်သွားတယ်။

'ရော့...အဖေ'

ဆိုပြီး သူ ထွင်းထုထားတဲ့ လုံနဲ့ ရောပြီး ပေးလိုက်တယ်။

ညှော်သည့်တွေကလဲ သဲကြီးမဲကြီး ဖိုဆွဲနေကြတယ်။ ကံကောင်းချင်တော့ ဓာတ်လုံးကြီးကြီးကို သူလုပ်ထားတဲ့ လုံထဲသို့ ထည့်ပြီး ရွှံ့စေးတွေနဲ့ လုံငှားဖုံးပိတ်ပြီး ဇော်မံကာ ဖိုခွင်ထည့်ပြီး အသားကုန် ထိုးတော့တယ်။

ရေနွေးပူပူလေး သောက်လိုက်ကြ၊ လက်ဖက်တွေ စားလိုက်၊ ဆေးလိပ်တွေ သောက်လိုက်။ သူတို့ဘဝနဲ့ သူတို့ကို ပျော်နေကြတယ်။

ညနေ(၅)နာရီကျော်လောက်မှ ဖိုထဲမှ လုံကို ထုတ်ပြီး သဲခွက်ထဲ ဆွဲချလိုက်တယ်။

အဘိုးကြီးတစ်သိုက် ဓာတ်အကြောင်းတွေ ပြောနေကြတယ်။ ကျွန်တော်နဲ့ သောင်းတင်က အသာလေး အကဲခတ်ပြီး ကြည့်နေတယ်။

'ကဲ...လုံခွဲတော့ကွာ'

'ဓာတ်က တော်တော်လေး မီးနာသွားတယ်။ လုံတောင် ချော်ပေါက်မတတ်ဘဲကွ'

'ဟုတ်တယ် ဘကြီးအောင်ရေ၊ ဒီတစ်ခါတော့ "အိုကေ" ပဲ ထင်တယ်ဗျာ'

'ဟ...ငအောင်တို့ လုပ်လိုက်ရင် ဘယ်နှစ်ခါ မအောင်မြင်တာ ရှိမတုန်း တင်ထွန်းရ'

ဦးတင်အောင်က လုံငှားဖုံးလေးကို သံတူ အသေးစားလေးနဲ့ ရိုက်ခွဲလိုက်တယ်။

'အဘအောင်ရေ အသားအရှေ့င်ကတော့ ဝင်းနေတာပဲဗျ'





www.burmeseclassic.com

www.burmeseclassic.com

လုံကို မှောက်ပြီး ခေါက်ချလိုက်တော့...

'ရော့...အဘအောင်ရေ အသွေးအရောင်က တော်တော် ကောင်းတယ်ဗျ။ အသားလဲ တိုးနေတယ်'

သောင်းတင်တို့အဖေက လက်ပေါ်သဲတင် ရေထည့်ပြီး ဓာတ်လုံးကို ပြောင်အောင် တိုက်တော့တယ်။ ပြောင်ဝင်းနေတဲ့ ဓာတ်လုံးကို လှည့်ပတ်ပြီး ကြည့်နေပါတယ်။

'တင်ထွန်းရေ'

မျက်လုံးက ပြူးတူးပြဲတဲနဲ့ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပနေတယ်။

'ဟ... အဘအောင်ရေ ဓာတ်လုံးပေါ်မှာ''ပေါက်ပြီး ရပ်တော့'' ဆိုတဲ့ စာတမ်းလေးတစ်ခုပါလား၊ သိပ်ကို ထူးဆန်းနေပါလား။ တစ်ခါမှ အဲဒီလို အဖြစ်မျိုး မကြုံဘူးပေါင်ဗျာ'

ဓာတ်လုံးကို အကုန်ဝိုင်းပြီး ကြည့်နေကြတယ်။ ပြီးတော့ ရေနွေးထဲ ထည့်စိမ်ပြီး သောက်နေကြတယ်။ ကျွန်တော်နဲ့ သောင်းတင်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။ ထိုစဉ်...

အဘအောင်က...

'ကဲ...တင်အောင်ရေ မင်း ရွှေဘယ်လောက်သား ထည့်လိုက်လဲ'


'တစ်မတ်သားပါ အဘအောင်'

'ရော့...ဓာတ်လုံးကို ချိန်ကြည့်စမ်း'

ဦးတင်အောင်က ဓာတ်လုံးကို ရွှေချိန်တဲ့ ချိန်ခွင်လေးထဲမှာ ချိန်ကြည့်နေတယ်။

'တစ်ကျပ်ခွဲသားတိတိပဲ'

'အင်း... သူ့ဓာတ်သဘော သူဆောင်တာရယ် ပုဂ္ဂိုလ်တွေကလဲ ''ပေါက်ပြီး ရပ်တော့''ဆိုတဲ့ ကမ္ပည်းစာကလဲ အံ့သြစရာပဲ။ ကဲ...ကဲ ငရဲ



မီးစာကျွေးတော့ကွာ'

ကျွန်တော်နဲ့ သောင်းတင် အသာလေးငြိမ်ပြီး သူတို့လုပ်တာတွေ ကြည့်နေမိတယ်။

ဦးတင်အောင်က ယင်းဓာတ်လုံးကို တူနဲ့ ထုပြားပြီး ဓာတ်ချက်တဲ့ သိပ္ပံဖန်ဘူးလေးထဲသို့ ထည့်လိုက်တယ်။ ရေ ဓာတ်လုံးမြုပ်အောင် ထည့်ပြီး ငရဲမီးကို ဓာတ်သားစားတဲ့အထိ ထည့်ပေးလိုက်တယ်။ မီးဖိုပေါ်တင်ပြီး အပူချက်.ချက်လိုက်တယ်။ ငရဲမီးက ခပ်ပွက်ပွက်လေး စားနေပါတယ်။

နာရီဝက်ကျော်ကျော်လောက် ကြာလိမ့်မယ်ထင်တယ်။

ယင်းဓာတ်လုံးရဲ့အောက်မှာ အမှုန့်အဖတ်အစတွေ အများကြီး ကျနေတာတွေ့ရတယ်။ ဓာတ်သားကို ငရဲမီးစားလို့လဲ ကုန်ရော ယင်းအမှုန့်ဖတ်တွေကို ရေစင်အောင် ဆေးကြောပြီး၊ လုံပက်ထဲထည့်ပြီး မီးပေါ်မှာ အခြောက်ကင်လိုက်တယ်။

ကော်ဖီမှုန့်အရောင် အဖတ်များ ကျနေတာကို တွေ့ရပါတယ်။ ယင်းအမှုန့်ဖတ်စများကို ရေဖြင့်စင်အောင် ဆေးကြောလိုက်ပါတယ်။

လုံပက်တစ်ခုထဲသို့ လက်ချား၊ ဇဝက်သာ အနည်းငယ်ထည့်ပြီး ပြန်ကျိုလိုက်တော့ ဝင်းလက်နေတဲ့ ''ရွှေ'' လုံးကြီးကို တွေ့လိုက်ရပါတော့တယ်။

'အဘအောင်ရေ... ဒီတစ်ခါတော့ အပြတ်ကို တိုးတော့တာပဲ'

သောင်းတင်နဲ့ ကျွန်တော်မျက်လုံး ပြူးသွားကြတယ်။ အဘအောင်က

'ကဲ...တင်ထွန်းရေ ချိန်ကြည့်စမ်း'

တင်ထွန်းက ရွှေချိန်တဲ့ ချိန်ခွင်မှာ ချိန်လိုက်တော့...

'အဘအောင်ရေ ''သုံးမတ်နဲ့ တစ်ပဲ'' ကျော်ကျော်ရှိတယ်'

'အင်း...ဒါဆို ''ငါးမူး၊ တစ်ပဲ''တိုး တာပေါ့'

အဘိုးကြီးတွေအားလုံး လမ်းထိပ်က ဦးချစ်လက်ဖက်ရည်ဆိုင်ကို သွား ကြပါတော့တယ်။

ကျွန်တော်နဲ့သောင်းတင် တစ် ယောက်မျက်နှာ တစ်ယောက် ကြည့် ပြီး...

'ဟော့ကောင်တင်ဝင်း... သူတို့ လုပ် တဲ့ လုပ်ရတ်စာကို ငါသိတယ်။ ဘုရား စင်ပေါ်တင်ထားတဲ့ စာအုပ်ထဲက စာ ခေါက်ကလေးရှိတယ်။ အဲဒီ လုပ်ရတ် ဖတ်ပြီး ထိုးကြတော့တာပဲ၊ မင်း ကြည့် ချင်ရင် ငါပြမယ်'

သောင်းတင်က ဘုရားစင်ပေါ်မှ စာအုပ်ကို ယူပြီး စာခေါက်ကလေးကို ကျွန်တော်အား လှမ်းပေးပါတယ်။

ကျွန်တော်လဲ စာခေါက်ကလေးကို ဖြန့်ပြီး ဖတ်လိုက်တော့...

**''လက်တွေ့ ဘော်ကြောဖြတ် စားလမ်း''**တဲ့။

ကျွန်တော်လဲ သူတို့မလာခင် စာကို ကမန်းကတန်း ဖတ်လိုက်တော့...

လက်တွေ့ ဘော်ကြောဖြတ်စားလမ်း

| | |
|---|---|
| ဘော် | (၂) ကျပ်သား |
| ခဲ | (၃) ကျပ်သား |
| ဆေးဒန်း | (၁) ကျပ်သား |
| သွပ် | (၁) ကျပ်သား |





www.burmeseclassic.com

www.burmeseclassic.com



ဒွေးရွှေ (ဇီးကုန်း)

အကာအကွယ် အပွင့်အလန်း
လာဘ ဝီယ သိဒ္ဓိအမျိုးမျိုးကို ပြီးပြည့်စုံစေသည့်

# သမ္ဗုဒ္ဓေ မန္တရားကြီး

တစ်နေ့ ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့-ရန်ကုန် ပြည်လမ်း၊ အိမ်အမှတ် (၂၀) ၌ နေထိုင်သည့် ရှားရှားပါးပါး သက်ရှိထင်ရှား ရှိနေသေးသည့် ကျွန်တော်တို့၏ ငယ်ဆရာကြီး ဆရာကြီး ဦးအောင်သိန်း(အ.ထ.ပြ၊ ငြိမ်း)နှင့် ဒေါ်ခင်အေးတို့အိမ်သို့ ရောက်ရှိသွားသည်။

ထိုသို့ရောက်ခိုက် ဆရာကြီးက...

'အင်း မောင်က စာတွေ အမြဲမပြတ်ရေးနေတဲ့သူဆိုတော့ မောင်ရောက်လာတုန်း၊ မောင် စာရေးဖို့ မန္တရားကြီး တစ်ပုဒ် ပေးရဦးမယ်'

ဟု ဆိုသဖြင့် ကျွန်တော်က...

'ကောင်းတာပေါ့ဆရာ၊ ပေးပါ။ မှတ်လဲမှတ်၊ ဖတ်လဲဖတ်၊ ရွတ်လဲရွတ် ရတာပေါ့'

ဟု ပြောလိုက်ပါ၏။

ထိုအခါ ဆရာကြီးက...

'အေး ဖတ်ဖို့မှတ်ဖို့လဲကောင်း၊ ရွတ်ဖို့လဲကောင်းတဲ့ မန္တရားကြီးပေါ့။ ဆရာကတော့ အဲဒီမန္တရားကြီးကို နံနက်၊ ည (၉)ခေါက်စီ အမြဲရွတ်တယ်၊

အဲဒီ မန္တရားကြီးကို ချီးမြှင့်ခဲ့တဲ့ ဘန့်ဘွေးကုန်းကျောင်းတိုက် ဆရာတော်ကြီးကတော့ အဲဒီ မန္တရားကြီးကို ဝတ်တစ်ခုထားပြီး ည၊ နံနက် (၉)ခေါက်စီ ရွတ်ပွားများကြမယ်ဆိုရင် အကာအကွယ် အလွန်ကောင်းကြောင်း...

အပွင့်အလန်းနဲ့တကွ လာဘ ဝီယ သိဒ္ဓိအမျိုးမျိုးကိုလဲ ရရှိစေပြီး ကျက်သရေအမျိုးမျိုးနဲ့လဲ ပြည့်စုံစေကြောင်း အမိန့်ရှိခဲ့တယ်၊ ဒါတွေကလဲ ဆရာ့ကိုယ်တွေ့ပါ'

ဟု အမိန့်ရှိသဖြင့် ဆရာကြီး ပြောသမျှ ကူးရေးမှတ်သားခဲ့ပါ၏။

ဆရာကြီးက အကျိုးအနန္တထိုက်သော မန္တရားကြီးဖြစ်သည့်အတွက် တစ်ဦးသုံး၊ တစ်ယောက်သုံး မဖြစ်စေဘဲ အားလုံး အသုံးပြုနိုင်ပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာဖတ်ပရိသတ်အား ရေးသားတင်ပြပေးရန်လည်း တိုက်တွန်းလိုက်ပါသည်။

'အားလုံးသိတော့ ပိုကောင်းတာပေါ့။ ယုံကြည်လို့ အားထုတ်ကြမယ်ဆိုရင် အားလုံးအကျိုးရှိတာတာပေါ့။ ပညာဆိုတာ သေရာနောက် ယူမသွားရဘူး။ အကျိုးရှိတဲ့ ပညာတွေ မပျောက်ပျက်အောင် လက်ဆင့်ကမ်းပေးခဲ့ကြရမယ်'

ဟုလည်း ဆိုပါသည်။

စင်စစ် ထိုမန္တရားကြီးမှာ '**ဂင်္ဂါဝါလုသဲစုမက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်အပေါင်းတို့နှင့် ထိုပရိနိဗ္ဗာန်စံပြီးကြကုန်သော ဘုရားရှင်တို့၏ တရားတော်မြတ်အပေါင်း တပည့်သား သံဃာတော်မြတ်အပေါင်းတို့အား ဦးခေါင်းရတနာဖြင့် ရှိသေလေးမြတ်စွာ ရှိခိုး၍ မကောင်းကျိုးများ ပပျောက်စေပြီး ကောင်းကျိုးချမ်းသာတို့ ရောက်ရှိပါရန် ဆုတောင်းသော မန္တရားကြီး**ဖြစ်ပါ၏။

ထိုမန္တရားကြီးကို ည၊ နံနက် ရွတ်ဆို



www.burmeseclassic.com

www.burmeseclassic.com


ရုံမက သမ္ဗုဒ္ဓေဂါထာတော်ကြီးကဲ့သို့ ပင်...

※ ကွမ်းစားလျှင် (၇)ခေါက်
※ ခေါင်းလျှော်လျှင် (၁၀)ခေါက်
※ ထမင်းစားလျှင် (၃)ခေါက်
※ ဦးခေါင်းဆီလိမ်းလျှင် (၅)ခေါက်
※ လှေ၊လှည်း၊သင်္ဘော၊ကား၊ ရထား၊လေယာဉ်တို့စီးလျှင် (၈)ခေါက်
※ ပန်းပန်၊အမွှေးနံ့သာလိမ်းလျှင် (၉)ခေါက်
※ ညမိုးချုပ် အိပ်ရာဝင်လျှင် (၉)ခေါက်
※ ရန်သူနှင့် ရင်ဆိုင်တွေ့လျှင် (၁၁)ခေါက်
※ စစ်မြေပြင် ထွက်လျှင် (၉)ခေါက်
※ အဖမ်းအဆီး အချုပ်အနှောင် ခံရလျှင် အခေါက်ရေ (၁၀၀၀)
※ သားမဖွားနိုင်လျှင် ရေကို (၉)ခေါက် မန်းတိုက်
※ ခရီးသွားလျှင် ပန်းကို (၂)ခေါက်မန်း ဆောင်၊ပန် ပြုလုပ်ရွတ်ဖတ်နိုင်ကြောင်း...

ထိုသို့ အမှုလုပ်ငန်းဆောင်တာအလိုက် သူ့နေရာနှင့်သူ ရွတ်ဆိုကြပါက ရောဂါကင်း၍ ကြောင့်ကြဗျာပါဒမရှိဘဲ စိုးရိမ်သောကဝေးကာ လပြည့်ဝန်းသို့ ထွန်းလင်းနိုင်မည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားကာ ရွတ်နည်းနှင့် အကျိုးပြုလက်ာလေးကိုလည်း ပေးလိုက်ပါသည်။

## အကျိုးပြုလင်္ကာ

မြတ်လှစိန္တေ၊ သမ္ဗုဒ္ဓေဟု၊ ဆုဝေကျော်ကြား၊ မန္တရားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဉ္စ၊ စီးကယာဉ်မှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှီးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူသည်၊ ရန်သူတွေ့ရောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောအခါ၊ ရွတ်ပါကိုးကြိမ်၊ တည်ငြိမ်သန္ဓေ၊ မဖွားနေမူ၊ ရေယူကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြင်ခဏ၊ ချမ်းသာ



ရ၏။

ဖမ်းဆီးနှောင်သွင်း၊ သံခြေကျင်းနှင့်၊ မယွင်းတိုက်လျောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်မြဲပေတည်း။ ပန်းမွှေးချေက၊ ရွတ်လေနှစ်ခေါက်၊ ခရီးလျှောက်ရာ၊ ခေါင်းမှာတင်စိုက်၊ ရန်ဘေး၍လည်း၊ မလိုက်ကင်းပ၊ မြူမှုမလိမ်း၊ ကင်းလွတ်ငြိမ်း၏။

ရှောင်တိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည်း၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရှာ၍၊ စန္ဒာလမင်း၊ ပြည့်ဝဝင်းသို့၊ ကောင်းခြင်းမင်္ဂလာ၊ အကျိုးတည်း။

## သမ္ဗုဒ္ဓေမန္တရားကြီး

ဩောင်း သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ မဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ၊
ဗုဒ္ဓသေဌံ မဟာတေဇံ၊
သဗ္ဗပိယံ လာဘလာဘံ၊
ဩောင်း နမော ဗုဒ္ဓ ဇေယျမင်္ဂလံ၊
သီရိပုဏ္ဏံ တေသံ၊

ဗုဒ္ဓစ္စ ခမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ၊
နမက္ကာရာနုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော၊
အာဂစ္ဆေယျ သဗ္ဗေဒေဝါ၊
အာယု ဝဏ္ဏော သုခံ ဗလံ၊
သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ၊
ဇယ(မေ) အသဒိသာ၊
ဘဝတု မမ သဗ္ဗဒါ၊

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဩောင်း** | = အောင်း |
| **သမ္ဗုဒ္ဓေ** | = သမ်ဗုတ်ဓေ |
| **အဋ္ဌဝီသဉ္စ** | = အတ်ထဝီသင်စ |
| **သဟဿကေ** | = သဟတ်သကေ |
| **ပဉ္စသတ** | = ပစ်စတ်သတ |
| **သဟဿာနိ** | = သဟတ်သာနိ |
| **အပ္ပကာ** | = အပ်ပကာ |
| **ဝါဠုကာ** | = ဝါလုကာ |
| **ဂင်္ဂါ** | = ဂင်ဂါ |
| **အနန္တာ** | = အနန်တာ |
| **နိဗ္ဗုတာ** | = နိတ်ဗုတာ |
| **ဗုဒ္ဓသေဌံ** | = ဗုတ်ဓသေစ်ထံ |
| **သဗ္ဗပိယံ** | = သပ်ဗပိယံ |
| **ဗုဒ္ဓ** | = ဗုတ်ဓ |
| **သီရိပုဏ္ဏံ** | = သီရိပုန်ဏံ |
| **ဗုဒ္ဓဉ္စ** | = ဗုတ်ဓင်စ |
| **ဓမ္မဉ္စ** | = ဓမ်မင်စ |
| **သံဃဉ္စ** | = သံဃင်စ |
| **နမက္ကာရာ** | = နမက်ကာရာ |
| **ဟိတွာ** | = ဟိတ်တဝါ |

**အနက်**

**အဋ္ဌဝီသံ၊** နှစ်ကျိပ်ရှစ်ဆူကျန်သော။ **သမ္ဗုဒ္ဓေ၊** ဘုရားရှင်တို့ကိုလည်းကောင်း။ **ဒွါဒသဉ္စသဟဿကေ၊** တစ်သောင်းနှစ်ထောင် ကိုန်သော **သမ္ဗုဒ္ဓေ၊** ဘုရားရှင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း။ **ပဋ္ဌသတသဟဿာနိ၊** ငါးသိန်းကုန်သော။ **သမ္ဗုဒ္ဓေ၊** ဘုရားရှင်တို့ကိုလည်းကောင်း။ **အဟံ၊** အကျွန်ုပ်သည်။ **သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ **နမာမိ၊** ရှိခိုးပါ၏။

**ဝါဠုကာဂင်္ဂါ၊** ဂင်္ဂါမြစ်အတွင်း၌ရှိသော သဲလုံးတို့သည်။ **အပ္ပကာ၊** နည်းကုန်၏။ **နိဗ္ဗုတာ၊** ပရိနိဗ္ဗာန်စံလွန်တော်မူပြီးကုန်သော။ **ဇိနာ၊** ဘုရားရှင်တို့သည်။ **အနန္တာ၊** အဆုံးအပိုင်းအခြားမရှိကုန်။ **ဗုဒ္ဓသေဋ္ဌံ၊** ဘုရားမြတ်သည်။ **မဟာတေဇံ၊** ကြီးသော တန်ခိုးရှိ၏။ **သဗ္ဗဝီယံ၊** လူ, နတ်, ဗြဟ္မာ, သတ္တဝါ အားလုံးတို့ ချစ်ခင်၏။ **လာဘလာဘံ၊** လာဘ်လာဘ အလွန့်အလွန် ပေါများ၏။

**သြော်င်း၊** အန္တရာယ် ကင်းပါစေသတည်း။ **ဗုဒ္ဓ၊** မြတ်စွာဘုရား၏ (တေ၊ အရှင်ဘုရားအား)။ **နမော၊** ရှိခိုးပါ၏။ **ဓေယျမင်္ဂလံ၊** အောင်ခြင်း မင်္ဂလာသည်။ (**ဟောတု၊** ဖြစ်ပါစေသတည်း။) **ဗုဒ္ဓဥ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **တေသံ၊** ထိုဘုရားရှင်တို့၏။ **သိရီပုဏ္ဏံ၊** ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော။ **ဓမ္မဥ၊** တရားတော်ကိုလည်းကောင်း။ **သံဃဥ၊** သံဃာတော်ကို လည်းကောင်း။ **အာဒရေန၊** ရှိသေသဖြင့်။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

**နမက္ကာရ နုဘာဝေန၊** ရှိခိုးရသော အာနုဘော်ကြောင့်။ **သဗ္ဗေ၊** အားလုံးကုန်သော။ **ဥပဒ္ဒဝေ၊** ဥပဒ္ဒဝေါတို့ကို။ **ဟိတွာ၊** ပယ်ပျောက်၍။ **အနေက အန္တရာယာပိ၊** တစ်ပါးမက များစွာသော အန္တရာယ်တို့သည်လည်း။ **အသေသတော၊** အကြွင်းအကျန် မရှိသောအားဖြင့်။ **ဝိနဿန္တု၊** ကင်းပျောက်ပါစေကုန်သတည်း။

**သဗ္ဗေ၊** အားလုံးကုန်သော။ **ဒေဝါ၊** နတ်တို့သည်။ **အာဂစ္ဆေယျု၊** လာရောက်၏။ **အာယု၊** အသက်ရှည်ခြင်းသည် လည်းကောင်း။ **ဝဏ္ဏော၊** အဆင်းရှိခြင်းသည် လည်းကောင်း။ **သုခံ၊** ချမ်းသာခြင်းသည် လည်းကောင်း။ **ဗလံ၊** ခွန်အားသည် လည်းကောင်း။ **သဗ္ဗသိဒ္ဓိ၊** အစစ ပြီးစီးခြင်းသည် လည်းကောင်း။ **မဟိဒ္ဓိကာ၊** တန်ခိုးကြီးခြင်းသည် လည်းကောင်း။ **မေ၊** အကျွန်ုပ်အား။ (**ဟောတု၊** ဖြစ်ပါစေသတည်း။) **မမ၊** အကျွန်ုပ်အား။ **ဇယဒသဒိသာ၊** အရပ်ဆယ်မျက်နှာတို့၌ အောင်မြင်ခြင်းသည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဘဝတု၊** ဖြစ်ပါစေသတည်း။

*(ဤသမ္ဗုဒ္ဓေမန္တရားကြီး ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(မှော်ဇရိယ၊ ဝိနယရေစတုနိကာယ ကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

**ဤစာမူဖြင့် ဆရာကြီး ဦးအောင်သိန်းအား ဂါရဝပြုပါ၏။**

***အားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။***

**အေးရွှေ (ဇီးကုန်း)**

စာမျက်နှာ (၂၀၂)မှ အဆက်

ပြုလုပ်ရန်

ပထမ သွပ်ကို အရည်ပျော်အောင် ပြုလုပ်ပါ။ အရည်ပျော်ရင် သဲခွက်ထဲ ဆွဲချပါ။ အမှုန့်ထောင်းထားသော ဆေးဒန်းမှုန့်များကို သွပ်ပျော်တဲ့အထဲ အမြန်ထည့်၍ သံကောက်ဖြင့် မြန်မြန် မွှေပေးလိုက်ပါ။ "သွပ်နဲ့ ဆေးဒန်း" ပေါင်းသွားပါပြီ။

ယင်း သွပ်,ဆေးဒန်းပေါ်သို့ ဘော်ကို အရည်လင်အောင် ကျို၍ လောင်း ချလိုက်ပါ။ ပြီးရင် ခဲထည့် ဖော်ပိတ်၍...

မီးလျှံမီးသွေး (၉)အုပ်ထိုး။
ဒါးတိုက်မီးသွေး (၉)အုပ်ထိုး။
ဓာတ်တိုက်မီးသွေး (၉)အုပ်ထိုး။

ဘော်တစ်ထပ်၊ ချိပ်တစ်ထပ် ဖြစ်နေတာကို တွေ့ရမယ်။ ချိပ်ကိုဖယ် အောက်မှ **"ဘော်၊ သွပ်၊ ဆေးဒန်း"** လုံးကို လုံသစ်တွင် ထည့်ပြီး မီးသွေး (၉)အုပ်ထိုးလိုက်ပါ။

ယင်းဘော်ကို ချိန်ကြည့်...

သုံးကျပ်သားတိတိ ဖြစ်နေရမယ်။

**"သွပ်နဲ့ဆေးဒန်း"** အသားတိုးနေပါတယ်။ ယင်းကို "ရွှေ"တစ်မတ်သားနဲ့ရောပြီး လုံခြောက်မီးသွေး (၉)အုပ် ထပ်ထိုးလိုက်ပါ။ ယင်းဓာတ်သားကို ထုပြား၍ ငရဲမီး အပူချက်,ချက်လိုက်ပါ။

ရလာသော အမှုန့်များကို ရေစင်အောင်ဆေးပြီး အခြောက်ကင်၍ ထိုးချသော်...

**"အခေါက်စင်ကြယ်"** သုံးမတ်–တစ်ပဲ တိုးနေတာကို တွေ့ရပါလိမ့်မယ်။

**ဦးတင်ဝင်း**
**(ဂန္ဓီရသုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေ

**စီးပွားရေး။** ။ ခရီးသွားလုပ်ငန်းများ အလုပ်များမည်။ ယာဉ်ကား ဈေးကွက် အလုပ်ဖြစ်မည်။ ဆေးဝါးထုတ်လုပ်ရေး ရောင်းဝယ်ရေးတို့ ကတော့ ပန်းပန်လျက်ပါပဲ။ ထိုလုပ်ငန်းများ ပြန်လည်ဦးမော့လာမည်။ ပလတ်စတစ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကတော့ အရောင်းအဝယ် ကောင်းနေမည်။

**ဝန်ထမ်းရေးရာ။** ။ ခရီးထွက်ရကိန်း ရှိနေသည်။ ခရီးထွက်၍ လုပ်ကိုင် ရလျှင် မိမိအတွက် အခွင့်အလမ်းကောင်းမည် ဖြစ်သည်။ ယခုနေရာတွင် မရွှေ့မပြောင်းဘဲ လုပ်နေပါက အထက်ကဖိ၊ အောက်က ဆန့်ကျင်နေ၍ အခက်အခဲများ ဖြစ်နေလိမ့်မည်။

**အိမ်တွင်းရေး။** ။ ဆွေမျိုးများကြောင့် အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်ရတတ်သည်။ အလိုက်မသိသော ဆွေမျိုးက အိမ်တွင် တစ်လကိုး သီတင်း ဆေးလာကုသမည်။ ငွေအကုန်အကျများဦးမည်။

**အချစ်ရေး။** ။ မိမိက အချစ်ရေးတွင် အောင်မြင်နေသော်လည်း လူကြီးမိဘများက သဘောမတူ။ မင်္ဂလာကိစ္စကို လုံးဝ မစဉ်းစားပါနှင့်ဦး။

**ပညာရေး။** ။ ပညာသင်ကြားရန်အတွက် တစ်ရပ်တစ်ကျေး (သို့မ ဟုတ်) ပြည်ပခရီး သွားရကိန်း ရှိနေသည်။

**ကျန်းမာရေး။** ။ စိတ်ညစ်ရသောကြောင့် ခေါင်းအလွန်ကိုက်လိမ့်မည်။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၃၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ စောင်းလျားခက် (၂၅)ခက်ကို ခြေဖြင့်နင်းလျက် ပေမြို့ပန်း (၁၉)ပွင့်ကို လက်တွင်ကိုင်လျက် မြတ်စွာဘုရားအား ရှိသေစွာ ကန်တော့ပြီး ပေမြို့ပန်းကို ဘုရားထိုးပြီး စောင်းလျားခက်တို့ကို သောကြာသားအား စွန့်ပစ်ခိုင်းပါ။

### တနင်္လာ

**စီးပွားရေး။** ။ အလုပ်ရုံများ ပုံမှန်လုပ်ကိုင်နေရမည်။ အဝတ်အစားများ ချုပ်လုပ်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ အဆင်ပြေမည်။ ဆေးဝါး ထုတ်လုပ်ရေး၊ ရောင်းချရေးလုပ်ငန်းများ ဝင်ငွေတိုးမည်။ လျှပ်စစ်ပစ္စည်း များ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်အကိုင် လုပ်ကိုင်ရာတွင် သော်လည်းကောင်း၊ စီမံခန့်ခွဲရာတွင်သော်လည်းကောင်းအခက်အခဲပြဿနာ တွေ့ရတတ်သည်။

**အိမ်တွင်းရေး။** ။ မိသားတစ်စု တစ်ယောက်ကိုတစ်ယောက် နားလည်မှု ပေး၍ စိတ်ရှည်သည်းခံမှသာလျှင် အိမ်တွင်းရေး သာယာမည်။ သား သမီးများကြောင့် ပြဿနာဖြစ်ရတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်ပြေသော်လည်း ကြားလူဖျက်၍ ပျက်တတ်သည်။

**ပညာရေး။** ။ ပညာရေးကတော့ ကောင်းပါသည်။ မတက်ဘူးသေးသော ပညာရပ်ဆိုင်ရာ သင်တန်းများ တက်ခွင့်ကြုံလိမ့်မည်။

**ကျန်းမာရေး။** ။ ခြေချော်လဲခြင်း၊ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း ဖြစ်တတ်၍ သွားသတိ၊ လာသတိ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၁ ၄ ၇ ၉ ၁၂ ၁၅ ၁၇ ၂၀၊ ၂၃ ၂၅ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၆၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

၂၀၁၃ ခုနှစ်၊ မတ်လ(၁ ရက်နေ့မှ(၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်









**အဆောင်ယတြာ။** ။ ကျိုက် အစချီသည့် ဘွဲ့တော်ရှိသော စေတီ တစ်ဆူဆူတွင် မွေးနေ့၌ နံနက် (၉)နာရီမှစကာ "သမ္ဗုဒ္ဓေဂါထာတော် ကြီး"ကို (၁၀၈)လုံး ပုတီးကုံးဖြင့် (၁၅)ပတ် စိပ်ပေးပါ။

### အင်္ဂါ

**စီးပွားရေး။** ။ မြေအရောင်းအဝယ်လုပ်ငန်းများ အကျိုး အမြတ်များမည်။ ငွေကြေးလဲလှယ်ခြင်းလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ အသံဆိုင်ရာ လျှပ်စစ်ပစ္စည်း များ အရောင်းအဝယ်ကောင်းမည်။ အနုပညာလုပ်ငန်းများ ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ ငွေကြေးနှင့်ပတ်သက်၍ သိက္ခာချခံရ ကိန်း ရှိသည်။ စာရင်းဇယားများကို သေချာစွာ ပြုစုထားပါ။

**အိမ်တွင်းရေး။** ။ မိဘနှစ်ပါးစလုံး ဦးနှောက်ခြောက်မည့် ကာလဖြစ်သည်။ သားသမီးတို့ကြောင့် ဂုဏ်သိက္ခာ ထိခိုက်ခံရတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်မပြေတာလေးတွေ ရှိမည်။ မိခင်(သို့မဟုတ်) မိထွေးကြောင့် ပြဿနာပေါ်တတ်သည်။

**ပညာရေး။** ။ ပညာရေးတွင် အခက်အခဲ အနည်းငယ် တွေ့သော်လည်း နောက်ဆုံးတွင် ထူးထူးခြားခြား အောင်မြင်မည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပါပဲ။ ခေါင်းမူး ခေါင်းကိုက် အနည်းငယ် ရှိမည်။

**ဆောင်ရန်ရက်များ။** ။ ၃ ၅ ၈ ၁၁ ၁၃ ၁၆ ၁၉ ၂၁ ၂၄ ၂၇ ၂၉ ၃၁

**ရှောင်ရန်ရက်များ။** ။ ၄ ၆၊ ၉၊ ၁၂၊ ၁၄ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀

**ထီထိုးရန်ရက်များ။** ။ ၂၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁

**ထီထိုးရန်ဂဏန်းများ။** ။ **၂၊ ၃၊ ၅၊ ၇** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ နွားနို့ (၉၀)ကျပ်သားကို မိဘ (သို့မဟုတ်) အဘိုးအို အဘွား တို့ကို တိုက်ကျွေးဒါနပြုပါ။ ပိုလျှင် ကလေးများကိုဒါနပြု

### ဗုဒ္ဓဟူး

**စီးပွားရေး။** ။ အပေါင်းအသင်းမိတ်ဆွေများ၏ ကူညီမှုဖြင့် အလုပ်အကိုင် များ အဆင်ပြေလာမည်။ ငွေများ အဝင်ကောင်းသလောက် ပြန်ထွက် တတ်၍ အထူးသတိထားပါ။ စက်ပစ္စည်းရောင်းဝယ်ခြင်း၊ စက်ရုံ လုပ်ငန်းကောင်းခြင်း ဖြစ်သည်။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ ရောင်းအားကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ဖော်ကိုင်ဖက်များ၊ အကြီးအကဲ အဆင်ပြေအောင် နေပါ။ နေရာ၊ ဌာန ပြောင်းရွှေ့ရကိန်း ရှိနေသည်။

**အိမ်တွင်းရေး။** ။ ယခုလအတွင်း အိမ်ထောင်ဖက်နှင့်သားသမီး



www.burmeseclassic.com

www.burmeseclassic.com

အပေါ် အပင်ပန်းခံ ဆောင်ရွက်ပေးပါ။ အထင်လွဲမှု ခံရတတ်သည်။

**အချစ်ရေး။** ။ ငွေကြေးပြဿနာကြောင့် လည်းကောင်း၊ ပညာရေးကြောင့်လည်းကောင်း အချစ်ရေးတွင် အဖုအထစ်ကလေးများ ပေါ်လာတတ်သည်။

**ပညာရေး။** ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ မည်သည့်ပညာသင်သင်၊ သင်တန်းတက်တက် ထူးထူးခြားခြား အောင်မြင်မည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ကောင်းသော်လည်း ဦးခေါင်းမူးဝေခြင်း၊ အဆစ်အမျက်များ ကိုက်ခဲခြင်းများ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄ ၆၊ ၁၀၊ ၁၃၊ ၁၅ ၁၉၊ ၂၂၊ ၂၄ ၂၈ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၆၊ ၈၊ ၉** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အိမ်သားများ စားရန် ဆိတ်သားနှင့် ပဲဟင်းကို ချက်ကျွေးပါ (သို့မဟုတ်) ဆိုင်မှ ဝယ်ကျွေးပါ။ စိန်ပန်းတတ်ရ၍ အိမ်တွင်းရေး စီးပွားရေး အဆင်ပြေမည်။

## ကြာသပတေး

**စီးပွားရေး။** ။ အဝတ်အထည်နှင့် ပတ်သက်သော အလုပ်ရုံကြီးများ၊ အရောင်းအဝယ်များ ကောင်းမည်။ အမြတ်ငွေ များမည်။

စက်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ စက်ရုံများဖြင့် လုပ်ငန်းလည်ပတ်ခြင်း လုပ်ငန်းများ မျှော်မှန်းထားသလောက် အမြတ်ငွေ မရနိုင်ပါ။

**ဝန်ထမ်းရေးရာ။** ။ အလုပ်အကိုင်များ အဆင်ပြေမည်။ တာဝန်ယူထားသော အလုပ်များ အောင်မြင်စွာ ပြီးစီးမည်။ ချီးကျူးခံရမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ စိတ်ထိခိုက်စရာကိစ္စ ရုတ်တရက် ပေါ်လာတတ်သည်။ သားသမီးထဲမှ တစ်ယောက် ခရီးဝေးသို့ ထွက်ခွာသွားရကိန်း ရှိနေသည်။

**အချစ်ရေး။** ။ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများ၏ ကူညီပေးမှုကြောင့် အချစ်ရေးအဆင်ပြေမည်။ အိမ်ထောင်မရှိသေးသော လူပျိုအပျိုများ အိမ်ထောင်ပြုနိုင်သည့်ကာလ ဖြစ်သည်။

**ပညာရေး။** ။ အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များ အောင်မြင်တတ်ကျွမ်းမည်။ ပညာလည်းရ စီးပွားရေးလည်း အဆင်ပြေမည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပါပဲ။ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာမည့်ကာလ ဖြစ်သည်။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄ ၇ ၉၊ ၁၂ ၁၅ ၁၇ ၂၀၊ ၂၃၊ ၂၅ ၂၈ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ **၄၊ ၆၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆွမ်းဟင်း (၅)ဝိုင်းကို ဘုန်းတော်ကြီးအား ကပ်လှူပူဇော်၍ ဆုတောင်းပါ။

## သောကြာ

**စီးပွားရေး။** ။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။ အသင့်ချုပ်ပြီးသား အဝတ်အထည်များ အရောင်းအဝယ် ကောင်းမည်။ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အမြတ်အစွန်းများမည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ ဝန်ပိနေမည်။ စည်းကမ်းဥပဒေများအောက်တွင် လုပ်ရကိုင်ရ ခက်ခဲမည်။







**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်ကောင်းပါမှ အိမ်တွင်းရေး သာယာမည်။ ငွေကြေး အဆင်ပြေမည်။ သားသမီးထဲမှ အိမ်ခွဲနေခြင်း (သို့မဟုတ်) ခရီးဝေးသွားခြင်း ကြုံမည်။

**အချစ်ရေး။** ။ အချစ်ရေးမှာတော့ စူပါရှယ်ဖြစ်နေသောကာလဖြစ်သည်။ ချစ်သူရွေးမယ် ချစ်ဝဲလည် လုပ်မနေပါနှင့်။ အချစ်ရေးသည် ဘဝရေးပင် ဖြစ်ပါသည်။

**ပညာရေး။** ။ အချစ်ရေးများ စူပါရှယ်ဖြစ်နေသောကာလဖြစ်၍ ပညာရေးကို လာရောက် ထိခိုက်နိုင်ပါသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ကောင်းပါသည်။ ရောဂါဟောင်းများ ရှိလျှင်တောင် သက်သာနေမည်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅ ၈၊ ၁၁၊ ၁၄ ၁၆၊ ၁၉၊ ၂၂၊ ၂၄ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂ ၅ ၇ ၁၀၊ ၁၃ ၁၆ ၁၈ ၂၁ ၂၄ ၂၆ ၂၉ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၅၊ ၇၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆန်ကွဲကို ဆန်ပြုတ် ပြုတ်၍ ဘဲသားကို အပေါ်မှ ဖြူး၍ ကြက်သွန်ကြော်၊ ကြက်သွန်မြိတ်ထည့်၍ နံနက်ပိုင်းတွင် လူကြီးများကို ကျွေးမွေးဒါန ပြု၍ ညနေပိုင်းတွင် ကလေးများကို ဒါနပြုပါ။ ပိုလျှံပါက ခွေးများကို ကျွေးမွေးပါ။

## စနေ

**စီးပွားရေး။** ။ ရွှေတူးဖော်ခြင်းလုပ်ငန်း၊ ရွှေအရောင်းအဝယ် လုပ်ငန်းတို့ အကျိုးအမြတ်များမည်။ လုပ်ငန်းတိုးချဲ့လိုက တိုးချဲ့နိုင်သောကာလဖြစ်သည်။ ယာဉ်ကားထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းများ အခက်အခဲနှင့် ကြုံတွေ့ရမည်။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီး၏ ကူညီအားပေးမှုကို ရရှိမည့်အပြင် လုပ်ဖော်ကိုင်ဖက်များ၏ ကူညီအားပေးမှုကို ရရှိသောကြောင့် တာဝန်ယူထားသော လုပ်ငန်းများ အဆင်ပြေမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။ သားသမီးထဲမှ ထူးချွန်သူ ပေါ်ပေါက်မည်။

**အချစ်ရေး။** ။ ချစ်သူနှင့် အပျော်ခရီး မထွက်သင့်ပါ။ ခရီးသွားလျှင် ပြဿနာပေါ်တတ်သည်။ လူကြီးမိဘများက အချစ်ရေးကို ဖျက်ဆီးတတ်သည်။

**ပညာရေး။** ။ ပညာရေး ကံကောင်းသောကာလ ဖြစ်သည်။ အချစ်ရေး ဝင်နှောင့်တတ်သောကြောင့် အထူးသတိထားပါ။

**ကျန်းမာရေး။** ။ သွားကိုက်သွားနာ ဖြစ်တတ်သည်။ သွေးတိုးရောဂါဖြစ်တတ်၍ အစားအသောက်၊ အအိပ်အနေ ဂရုစိုက်ပါ။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၈၊ ၁၂၊ ၁၅၊ ၂၄၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ **၅၊ ၇၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သက်ကြီးဝါကြီးများအား လိမ်းဆေး( ဒဏ်ကြေဆေးကဲ့သို့ လိမ်းရသောဆေး) လှူဒါန်း၍ ကလေးငယ်များအား ရင်လူးဆေး လှူဒါန်းပါ။ ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံပါလိမ့်မည်။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

ဝက်ရူးပြန် သို့မဟုတ်

# အတက်ရောဂါ

ပျောက်ကင်းတဲ့ ဤသစ်ခေါက်

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၂၉၅) စာမျက်နှာ(၁၂၆)ပါ မြေမိုးချစ် (နတ်မောက်)၏ **"သပြုခေါက်ရေနဲ့သောက်"** ဆေးမြီးတိုလေးကို ဖတ်လိုက်ရတော့ နောက်ဆက်တွဲ အနေနဲ့ ဤဆေးနည်းလေးကို ရေးသား ပေးပို့လိုက်မိပါသည်။

မြေမိုးချစ်(နတ်မောက်)၏ ဆောင်းပါးမှာ ပါသည့်အတိုင်း မဟုတ်ပါ။ ဆေးနည်းရရှိပုံက အလွန်ပင် အံ့သြစရာ ဖြစ်ပါသည်။

ဝက်ရူးပြန် (သို့မဟုတ်) အတက်ရောဂါဆိုတာ အချိန်မရွေး၊ နေရာမရွေး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါဆိုးကြီးပါ။

ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ ဤရောဂါရှိနေပြီဆိုရင် လူတော်သူတော၊ မြစ်နားကမ်းနား၊ ခရီးသွားလာ အစစအရာရာမှာ ပူရပင်ရ သောကဗျာပွေ စိုးရိမ်နေရပါတယ်။

စာရေးသူ ခပ်ငယ်ငယ်က သူငယ်ချင်းတစ်ယောက်ရဲ့ အဖြစ်အပျက်ကို ကိုယ်တွေ့ကြုံခဲ့ရတာမို့ စာနာသနားပြီး ဤဆေးနည်းကို ဖော်ပြပေးလိုက်ရတာ ဖြစ်ပါတယ်။

စာရေးသူရဲ့ သူငယ်ချင်းဟာ ရောဂါထလာပြီဆို လူစိတ်မရှိတော့ဘဲ တရှုးရှူး တရှဲရှဲ ဖလူးဖလဲနဲ့ လူးလဲ ရုန်းကန်ပြီး အရှက်သိက္ခာ မထိန်းနိုင်ရှာဘဲ ဖြစ်ပျက်လေ့ ရှိပါတယ်။

(၅)မိနစ်၊ (၁၀)မိနစ် ရောဂါထပြီးလို့ ပြန်ငြိမ်ကျပြီးသွားပြန်တော့လဲ ဘာဆိုဘာမှမသိခဲ့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရာမှ နိုးထလာသလိုပါပဲ။

စာရှုသူ မိတ်ဆွေအပေါင်း (သို့မဟုတ်)အနားအနီးဝန်းကျင်မှ ဝေဒနာရှင်များအား အသိပေး ကူညီနိုင်ရန် ဤဆေးနည်းကို ရေးသား ဖော်ပြပေးလိုက်ပါတယ်။

ဤဆေးနည်းပိုင်ရှင်ကတော့ ဆရာသာလှပဲ ဖြစ်ပါတယ်။ ဆရာသာလှဟာ တကယ့်ဆေးဆရာ မဟုတ်ပါဘူး။ သူကိုယ်တိုင်လဲ ဝက်ရူးပြန်(သို့မဟုတ်) အတက်ရောဂါရှိတဲ့သူပါ။ တစ်နေ့တော့ တောထဲ ထင်းခုတ်သွားရင်း ရောဂါထတယ်။ ထုံးစံအတိုင်းပေါ့၊ လူးလိမ့်ရုန်းကန်ဆွဲယမ်းပြီး ဖြစ်ပျက်နေတာပေါ့။

ဘယ်အချိန်ကစပြီး ဘယ်လောက်ကြာအောင် ဖြစ်နေတယ် မသိဘူး။ ရောဂါဝေဒနာ အရှိန်လျော့ပြီး သက်သာလာကာ သတိရတော့ ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိ။ ပါးစပ်ထဲမှာလဲ သစ်ခေါက်တစ်ခုကို ဝါးလျက်သား။

မိမိ ရုန်းကန်ထားတဲ့ တစ်ဝိုက်မှာလဲ သစ်ပင်ကြီးကြီးဆိုလို့ သပြုပင်ပဲ ရှိတယ်။ ပိပြားရှင်းလင်းနေတဲ့နေရာ တစ်ဝိုက် ပါးစပ်နဲ့ ကိုက်ဖဲ့ထားတာလဲ သပြုပင်အမြစ်၊ မိမိပါးစပ်ထဲမှာလဲ သပြုပင်အမြစ်။ ဒီအမြစ်ကြောင့်... ဟုတ်ပြီ...သပြုပင်အမြစ်အခေါက်...

ကိုသာလှတစ်ယောက် မိမိရဲ့ကိုယ်နဲ့ ရင်းပြီး သက်သာပျောက်ကင်းခဲ့သော သပြုပင်အမြစ်အခေါက်ကို (၃)ခွက် (၁)ခွက်တင် ကျိုချက်သောက်သုံးခဲ့ရာ



နှစ်ပေါက်လို့မှ တစ်ခေါက်ပြန်မပေါ်လာတော့မို့ ဘဝတူ ဝေဒနာရှင်တွေကို သူ့ကိုယ်တွေ့ဆေး မျှဝေရင်းနဲ့ ဆရာသာလှ ဖြစ်ခဲ့ရပါ တယ်။

စာရှုသူမိတ်ဆွေအပေါင်းတို့ ဆရာ သာလှပြောပြတဲ့ ဝက်ရူးပြန်(သို့မဟုတ်) အတက်ရောဂါ သက်သာပျောက်ကင်း တဲ့ ဆေးနည်းလေးက သပြုပင်ရဲ့ အမြစ်အခေါက်(သို့မဟုတ်) ပင်စည် ခေါက်ကို (၃)ခွက် (၁)ခွက်တင် ကျို ချက်ပြီး လက်ဖက်ရည်ကြမ်းပန်းကန် (၁)ခွက် မနက်၊ နေ့၊ ည သောက်ပေး ပါ။ ဝေဒနာအနုအရင့်ပေါ် မူတည်ပြီး အချိန်ယူ သောက်ဖို့ လိုအပ်ပါတယ်။

**မခက်တဲ့ ဆေးနည်းလေးက အသက်၊ အရှက် အရေးကြီးသမျှကို ကာကွယ်ပျောက်ကင်းနိုင်မှာပါ။**

**ဆေးနည်းဝေငှသော ဆရာ သာလှ (စီဖက်ရွာ၊ မိုးမောက်မြို့နယ်) အား ကျေးဇူး မှတ်တမ်းတင်အပ်ပါ သည်။**

**ဘောဘီခင်နိုင် (ပန်းမော်)**



www.burmeseclassic.com

www.burmeseclassic.com

### ဘေးရန်ကင်းခဲ့သော

# ကိုယ်တွေ့ဖြစ်ရပ် နှင့် ဂုဏ်တော်ကွန်ချာ

မြတ်စိုးဖိုး(ဒေးဒရဲ)

စာရေးသူ ၁၉၉၀ ပြည့်နှစ်တွင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

ထိုအချိန်က စာရေးသူသည် ပန်းတနော်မြို့နယ်တွင် အထက်တန်းစာရေးရာထူးအဆင့်နှင့် တူညီသော ရာထူးအဆင့်ဖြင့် ဌာနတာဝန်တစ်ခု ထမ်းဆောင်နေရသောအချိန် ဖြစ်ပါသည်။

ဤမြို့နယ်ကလေးများတွင် ထိုရာထူးအဆင့်သည် တာဝန်ခံမှလွဲလျှင် ဒုတိယ တာဝန်ယူဆောင်ရွက်ရသော ဒုတိယတာဝန်ခံ ဖြစ်ကြပါသည်။

မြို့နယ်လုပ်ငန်းများ လိုအပ်ချက်အရ စာရေးသူမှာ မကြာမီ ရက်ပိုင်းအတွင်း မအူပင်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လက်ထောက်တိုင်းအရာရှိထံမှ အမိန့်စာရရှိပြီး ဖြစ်ပါသည်။ စာရေးသူ၏ဇာတိ ခရိုင်မြို့ဖြစ်သောကြောင့် မိသားစုများကလည်း ဝမ်းသာနေကြပါသည်။

ထိုအချိန်တွင် ရုံးချုပ်မှ ညွှန်ကြားချက်အရ ဘာသာရေး အဆောက်အအုံများ ကြည့်ရှုပြင်ဆင်ရန်အတွက် တာဝန်ကျအရာရှိနှစ်ဦး ပန်းတနော်မြို့သို့ ရောက်ရှိပြီး ကျေးရွာတစ်ရွာမှ ဓမ္မာရုံအဆောက်အအုံအား သွားရောက် စစ်ဆေးကြရာတွင် စာရေးသူမှာ မြို့နယ်တာဝန်ခံ လုပ်ငန်းတစ်ခုအတွက် ခရီးထွက်နေရ၍ မိမိမှာ သူတို့နှင့်အတူ လိုက်ပါဆောင်ရွက်ရပါသည်။

မိမိလုပ်ငန်း လုပ်ဆောင်နေသော မြို့နယ်ဖြစ်၍ ခရီးလမ်း ဖြောင့်ဖြူးသွယ်ကူရန် ဆောင်ရွက်ပေးခြင်း၊ ရှင်းလင်းပြသခြင်းနှင့် လုပ်ငန်းဆက်စပ်မှုများ ညှိနှိုင်းပေးခြင်း၊ အကြံပေးခြင်းများအပြင် ဧည့်ဝတ်ကျေပွန်စွာ လုပ်ဆောင်ပေးမှုများကြောင့် စာရေးသူအား သဘောကျ နှစ်ခြိုက်နေကြပါသည်။

သို့နှင့် သူတို့တာဝန်ကျရာ မြို့နယ်တွင် စာရေးသူ၏ ရာထူးအဆင့် လစ်လပ်နေသဖြင့် လာရောက် တာဝန်ထမ်းဆောင်ရန်နှင့် သဘောတူပါက အမြန်ဆုံး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောပြီး စာရေးသူ၏ဆန္ဒအား တောင်းဆိုပါသည်။ စာရေးသူမှလည်း သဘောတူ လက်ခံကြောင်း ပြောလိုက်ပါသည်။

မကြာမီ(၃)ရက်အတွင်း မိမိအား အထက်မှ ချမှတ်ပေးခဲ့သော အမိန့်အား ပယ်ဖျက်၍ လက်ထောက်တိုင်းအရာရှိ၏ လက်မှတ်ဖြင့်ပင် လွှမ်းမိုးအမိန့်စာတစ်စောင် ရောက်ရှိလာပါသည်။ သို့ပါသောကြောင့် (၇)ရက်အတွင်း နောက်ထပ်ပြောင်းမိန့်အရ အခြားမြို့နယ်တစ်ခုသို့ ရောက်ရှိခဲ့ပါသည်။

စာရေးသူ ရောက်ရှိခဲ့သော မြို့နယ်ကလေးမှာလည်း စာရေးသူ ကျွမ်းကျင်သော လုပ်ငန်းများကိုသာ တာဝန်ပေးစေခိုင်းသဖြင့် အဆင်ပြေချောမောစွာ



တာဝန်ထမ်းဆောင်နိုင်ခဲ့ပါသည်။

မိမိ ရောက်ရှိပြီး (၄)လခန့်အကြာတွင် စာရေးသူ မူလ အမိန့်စာ ချမှတ်ခဲ့သော မအူပင်မြို့မှ လုပ်ငန်းများ၏ လုပ်ကွက်တစ်ခုမှ တာဝန်ခံနှင့် သူ့အထက်အရာရှိ အပါအဝင် (၃)ဦးမှာ စစ်ဆေးခြင်းများ ခံကြရပြီး ပြောင်းရွှေ့ဒဏ်ခံကြရခြင်း၊ တစ်ဆင့်နိမ့် လျှော့ချခြင်းစသည့် အပြစ်ပေးမှုများ ခံကြရပါသည်။

စာရေးသူမှာ မူလ အမိန့်စာအရ ပြောင်းရွှေ့ခဲ့ရပါက တာဝန်ကျမည့် လုပ်ငန်းခွင်သည် အထက်ဖော်ပြပါ ပြစ်ဒဏ်ပေးခဲ့သော လုပ်ငန်းခွင် ဖြစ်နေ


www.burmeseclassic.com

www.burmeseclassic.com

ပါ၍ မိမိလည်း ပါဝင်ဖြေရှင်းရမည်မှာ မလွဲမသွေဖြစ်ပြီး အပြစ်ဒဏ်ခံရမှုတွင်ပင် ပါဝင်ဆက်နွယ်သွားနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ စိတ်ဆင်းရဲခြင်း၊ လုပ်ငန်းထိခိုက်နစ်နာခြင်းများ ဖြစ်နိုင်ပါသည်။

သို့သော်လည်း မိမိမှာ ဒုတိယအမိန့်စာအရ ထိုဘေးဒုက္ခမှ လွတ်မြောက်ခဲ့ရပြန်ပါသည်။ စာရေးသူသည် ဘေးဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ပြီး ကောင်းကျိုးအလီလီ ရရှိခဲ့ခြင်းများ များစွာခံစားခဲ့ရသည်မှာ **ညောင်တုန်းမြို့ ရွှေဟသာ်တောရကျောင်း ဗောဓိကျောင်း ဆရာတော်၏ ဂုဏ်တော်ကွန်ချာ အနုလုံ ပဋိလုံ(၁၀)ပတ် စိပ်ပွားခြင်းကြောင့်**ဟု ယနေ့တိုင် ယုံကြည်မိပါသည်။

ဂုဏ်တော်ကွန်ချာ အနုလုံ ပဋိလုံ (၁)ပါးစီ အထူးပြု (၁၀)ပတ် စိပ်ရခြင်းမှာ ပထမဦးစွာ အရဟံအစ အရဟံအဆုံး အထူးပြု (၁)ပတ်။

* * *

**အမှတ် (၁) အရဟံဂုဏ်တော်** အား (၁၀၈)လုံး (၁)ပတ်စိပ်ပြီးနောက် ဒုတိယအပတ်တွင် အမှတ်(၂)ဂုဏ်တော်ဖြစ်သော **သမ္မာသမ္ဗုဒ္ဓေါဂုဏ်**ကို အထူးပြု၍ သမ္မာသမ္ဗုဒ္ဓေါမှ စတင်ရွတ်ပွားရပါမည်။

သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော
ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ
သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော၊
သုဂတော
သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊
သမ္မာသမ္ဗုဒ္ဓေါ

စသဖြင့် အရဟံအစ အရဟံအဆုံး ရွတ်ပွားသကဲ့သို့ သမ္မာသမ္ဗုဒ္ဓေါအစ အဆုံး (၁၀၈)လုံး (၁)ပတ် အထူးပြု စိပ်ပွားရပါမည်။ ယင်းမှာလည်း (၁၀၈) လုံး (၁)ပတ်အတိ ဖြစ်ပါသည်။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အရဟံ | သမ္မာ (အပြည့်အစုံ ဆိုရမည် ဖြစ်ပါသည်။) | | | | | | | | | ၄ |
| သမ္မာ | အရဟံ | | | | | | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | | | | | | | | ၆ |
| ဝိဇ္ဇာ | သမ္မာ | အရဟံ | | | | | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | | | | | | | ၈ |
| သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | | | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | | | | | | ၁၀ |
| လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | အနု | | | | | ၁၂ |
| အနု | လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | အနု | သတ္တာ | | | | ၁၄ |
| သတ္တာ | အနု | လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | အနု | သတ္တာ | ဗုဒ္ဓေါ | | | ၁၆ |
| ဗုဒ္ဓေါ | သတ္တာ | အနု | လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | အနု | သတ္တာ | ဗုဒ္ဓေါ | ဘဂဝါ | | ၁၈ |
| ဘဂဝါ | ဗုဒ္ဓေါ | သတ္တာ | အနု | လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | | |
| အရဟံ | သမ္မာ | ဝိဇ္ဇာ | သုဂ | လောက | အနု | သတ္တာ | ဗုဒ္ဓေါ | ဘဂဝါ | အရဟံ | ၂၀ |
| အရဟံ | ဘဂဝါ | ဗုဒ္ဓေါ | သတ္တာ | အနု | လောက | သုဂ | ဝိဇ္ဇာ | သမ္မာ | အရဟံ | |
| | | | | | | | | | | ၁၀၈ |

(၁၀၈)လုံး ပုတီး(၁)ပတ် ကွက်တိဖြစ်ပါသည်။

အမှတ်စဉ် (၂)ဂုဏ်တော် ပြီးပါက **အမှတ်(၃)ဂုဏ်တော် ဖြစ်သော ဝိဇ္ဇာစရဏသမ္ပန္နော** ဂုဏ်တော်အား ပထမထား၍ ရွတ်ဆိုပွားများခြင်းဖြင့် အမှတ်စဉ်(၃) အဖွင့်အပိတ်ဖြင့် (၁၀၈) လုံး ပြီးဆုံးပါသည်။

ဤနည်းအတိုင်း ဂုဏ်တော်တစ်ပါးစီ အထူးပြုသွားပါက အရဟံဂုဏ်တော်သို့ အမှတ်စဉ်(၁၀)အနေဖြင့် ပြန်ရောက်ရှိသွား၍ ယင်း အရဟံအစ အရဟံအဆုံး (၁)ပတ် ပွားများခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဂုဏ်တော်အထူးပြု (၁၀)ပတ် ဂုဏ်တော်(၁၀၀၀) ပွားများပြီး ဖြစ်ပါသည်။

စိတ် ပျံ့လွင့်၍ မရပါ။ အထူးပြု ဂုဏ်တော်သို့ ပြန်၍ အစအဆုံး ပြန်ဆင်းရသဖြင့် အထူးပြုဂုဏ်တော်အား အာရုံထားရပါသည်။


စာရေးသူသည် ဗုဒ္ဓဘာသာ ဖြစ်သော်လည်း စာရေးသူ၏ဇနီးမှာ ဘာသာကွဲ ဖြစ်ပါသည်။ သားသမီးများမှာ ဗုဒ္ဓဘာသာ အားလုံး ဖြစ်ခဲ့ကြပါသည်။

နောင်အခါ အခွင့်သင့်ပါက သားသမီးများ ဗုဒ္ဓဘာသာ ဖြစ်ကြခြင်းနှင့် မှတ်သားပါသည်။

ယင်းအတိုင်း အမှတ်စဉ်(၆) လက်ယာညွှန့်တော်မှ ပြန်၍ ဥဏ္ဏာလုံမွေးရှင်တော်သို့ ပြန်၍တက်သွားခြင်းဖြင့် အမှတ်စဉ်(၁၀)တွင် ပြန်ရောက်ပါသည်။

* * *

| | | | |
|---|---|---|---|
| ၁။ | အရဟံ | → | ဥဏ္ဏာလုံ |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ | → | ဝဲ နားတော်ထိပ် |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | → | ဝဲ နားတော်အောက် |
| ၄။ | သုဂတော | → | ဝဲ ပခုံးတော် |
| ၅။ | လောကဝိဒူ | → | ဝဲ ရင်ညွန့် |
| ၆။ | အနုတ္တရောပုရိသဒမ္မသာရထိ | → | ယာ ရင်ညွန့် |
| ၇။ | သတ္ထာဒေဝမနုဿာနံ | → | ယာ ပခုံးတော် |
| ၈။ | ဗုဒ္ဓေါ | → | ယာ နားတော်အောက် |
| ၉။ | ဘဂဝါ | → | ယာ နားတော်ထိပ် |
| ၁၀။ | အရဟံ | → | ဥဏ္ဏာလုံ |




အနည်းငယ် ခက်ခဲသော်လည်း အလေ့အကျင့် ရလာပါက မှန်ကန်သည်ကို တွေ့ရပါမည်။ စာရေးသူ အနေဖြင့် လွယ်ကူမှတ်သားရန် အတွက် ကြံဆခဲ့ရပါသည်။ ထိုနည်းကို အောက်တွင် ဖော်ပြပါမည်။

ပထမဦးစွာ ဂုဏ်တော်ကိုးပါး အစဉ်အတိုင်း အရဟံအစ အရဟံအဆုံး အစဉ်အတိုင်းဆို။ ယင်းမှ အပြန်အလှန် အရဟံ ဘဂဝါ စသဖြင့် ပြောင်းပြန် အရဟံအထိဆို (၁)လခန့် နေ့စဉ် အပြန်အလှန် ရွတ်ဆိုနေရပါမည်။

ထို့နောက် ပုံတော်အား ဂုဏ်တော်တင်၍ အောက်ပါအတိုင်း အထူးပြု စိပ်ပွားခြင်းဖြင့် အောင်မြင်မှု ရရှိနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း စာရေးသူမှာ အခက်အခဲ ပြောက်မြားစွာမှ လွတ်မြောက်ပြီး မမျှော်မှန်းထားခဲ့သော အခြေအနေကို ယခုအခါ ခံစားနေရပြီ ဖြစ်ပါသည်။

မိမိ ကြိုးစားခဲ့ရသော အခြေအနေများကို ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။

စာရေးသူ၏ စိပ်ပွားနည်းမှာ အမှတ်စဉ်(၁) အရဟံဂုဏ်တော်အား ပုံတော်တွင် ဂုဏ်တော်တင်၍ **ဥဏ္ဏာလုံမွေးရှင်တော်အား** အရဟံ(၁)ဟု မှတ်သားပါသည်။

**အမှတ်စဉ်(၂)ဂုဏ်တော် သမ္မာသမ္ဗုဒ္ဓေါ** ဂုဏ်တော်အား ဝဲဘက် နားတော်ထိပ်အား မှတ်သားပါသည်။

**အမှတ်စဉ်(၃) ဂုဏ်တော် ဝိဇ္ဇာစရဏသမ္ပန္နော**ဂုဏ်တော်အား ဝဲဘက် နားတော် အောက်ဖျားအား မှတ်သားပါသည်။

**အမှတ်စဉ်(၄) သုဂတောဂုဏ်တော်**အား ဝဲဘက်ပခုံးတော်အား မှတ်သားပါသည်။

**အမှတ်စဉ်(၅) လောကဝိဒူဂုဏ်တော်**အား ဝဲဘက်ရင်ညွန့်တော်တွင်

အထက်ပါ ပုံတော်တွင် အမှတ်စဉ် သတ်မှတ်သားသည့်အတိုင်း အာရုံပြု ရွတ်ပွားခြင်းဖြင့် အထူးပြု မှတ်သားထားပါသည်။

အထက်ပါဂုဏ်တော်များ ပွားများနိုင်ခဲ့ခြင်းမှာ **ညောင်တုန်းမြို့ ရွှေဟသာ်ာတောရကျောင်း။ ဗောဓိဆရာတော်၏ ညွှန်ကြားချက်ဖြင့် ညစဉ် ဂုဏ်တော်(၁၀၀၀) အပတ် အရေအတွက် (၁၀)ပတ်** သတ်မှတ်၍ စိပ်ပွားခဲ့သဖြင့် ဘဝအောင်မြင်မှုများ ရရှိပြီး အေးချမ်းသာယာသော ဘဝဖြင့် နေထိုင်ခဲ့ရပါသည်။

*ဤစာဖြင့် ဗောဓိကျောင်းဆရာတော်အား ဦးခိုက်လျက်...*

**မြတ်စိုးမိုး(ဒေးဒရဲ)**



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏

ဘာသာစကား (၂၁)

ဟူလွင်ဇီ


## သော့

သော့ခလောက်အတွင်း ထိုးထည့်၍ လှည့်ဖွင့်ရသော သော့တံကို ဆိုလိုပါသည်။ သော့ ဆက်သွယ်သတင်းပို့ခြင်းသင်္ကေတ ဖြစ်သည်။ အတွေ့အကြုံ ဗဟုသုတများ၊ အကြောင်းအခြင်းအရာများကို သိစေ့ကြားစေသော ဆက်သား ဖြစ်သည်။

ထို့အပြင်လည်း ရာသီစက်ဝန်းတွင်းရှိ ဆယ့်နှစ်လရာသီတွင် ဖုလိုင်လကိုလည်း ညွှန်းသည်။

များသောအားဖြင့် သောတံ၏ ယေဘုယျပုံသဏ္ဌာန်သည် ရောမဂဏန်း ခုနစ်နှင့် ဆင်တူသောကြောင့် ဖြစ်သည်။

* * *



သော့တံလှည့်ရသော သော့ချက်သည် သော့ခလောက်မျက်နှာပြင်၌ အလယ်ဗဟို အောက်နားတွင် တပ်လျက် တည်ရှိသကဲ့သို့ ဆယ့်နှစ်လရာသီ၏ အလယ်ဗဟို (ဖွန်နှင့်ဖုလိုင်လကြား အလယ်ဗဟို)မှ အောက်ကပ်လျက်တွင်ရှိသော ဖုလိုင်လကို ကိုယ်စားပြုခြင်းလည်း ဖြစ်သည်။

သော့တံနှင့် ဖုလိုင်လ ဆက်သွယ်မှုဆိုင်ရာ ဖွဲ့နွဲ့သော ဒေဝတာပုရောဟိတ်များကို ရှေးဟောင်းအီဂျစ်နှင့် ရောမရှေးထုံးများတွင် တွေ့ရတတ်သည်။

သော့တံနှင့် ချိုးဖိုတစ်ကောင် ယှဉ်တွဲထားသော ဆက်သွယ်ချက်ကားကောင်းကင်ဘုံ၏ ဟင်းလင်းပွင့်နေသော တံခါးဝနှင့် ဝိညာဉ်တို့ကို ညွှန်းဆိုလေသည်။

သော့နှစ်ချောင်းနှင့် အသည်းနှလုံးပုံ သင်္ကေတကား ပြီးပြည့်စုံသော ချစ်ခြင်း၊ ဘဝတွင် နောက်ထပ် မပေါ်ပေါက်နိုင်တော့သည့် ချစ်ခြင်း၊ တစ်သက်တွင် တစ်ယောက်တည်းသာဟု ဆိုလိုသည်။

ထိုသင်္ကေတသည် ချစ်ခြင်းမေတ္တာသာမက စိတ်ခံစားမှု၊ ဘဝခံယူချက်နှင့် သဘာဝ၏ မဖောက်ပြန်သော အမှန်တရားတို့အတွက်လည်း ကိုယ်စားပြုသည်။

သော့သုံးချောင်းတွဲ ပုံစံကား အလွန်အဖိုးတန်သော လျှို့ဝှက်အပ်သည့် ရတနာများကို ဖော်ပြသည်။ ထိတွေ့ကိုင်တွယ်၍ရသော ရုပ်ဝတ္ထုဆိုင်ရာ အဖိုးအနမတဂ္ဂ ထိုက်တန်များပြားသည့် ရတနာများသာမက စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကိုလည်း ညွှန်းသည်။

သော့သုံးချောင်းမှာ ပထမငွေသော့ ဒုတိယရွှေသော့နှင့် နောက်ဆုံးမှာ စိန်သော့တို့ ဖြစ်ကြသည်။ ယင်းသော့ (၃)ချောင်း ပုံသဏ္ဌာန်သည် ကိုယ်စားပြုခြင်းနှင့် အကြားအမြင် ဗဟုသုတများကို ဖော်ပြသည်။

**ပထမသော့ဖြစ်သော ငွေသော့သည်** စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆများ၊ နားလည် သဘောပေါက် သိမြင်နိုင်စွမ်းသော ပင်ကိုဉာဏ်ရည်အဆင့်ကို ကိုယ်စားပြုသည်။

**ဒုတိယရွှေသော့မှာ** တွေးခေါ်မြော်မြင်မှုမှ ရင့်ကျက်မြင့်မားလာသော ဉာဏ်ပညာအဆင့်ကို ဖော်ပြသည်။ **တတိယနှင့် နောက်ဆုံးဖြစ်သော စိန်သော့**မှာ ကြုံတွေ့ ရင်ဆိုင်ရဖွယ်ရှိသော လောကမျက်နှာစာ အသီးသီးတွင် ကောင်းမွန်နိုင်နင်းစွာ ထိန်းချုပ်စီမံခန့်ခွဲနိုင်စွမ်းရှိသော စိတ်တန်ခိုးကို ညွှန်းဆိုလေသည်။

အဖိုးထိုက်တန်သော ဝတ္ထုပစ္စည်းများရှိရာ နေရာဌာနသို့ ညွှန်ပြခြင်းအနက်ဆောင်သည့်ဖြစ်ရာ "သော့တံ"သည် ကျားကုတ်ကျားခဲ ပင်ပန်းခက်ခဲစွာ အားထုတ်၍ အတားအဆီးမြောက်မြားစွာ ကျော်လွှန်နိုင်ခဲ့ခြင်းသင်္ကေတလည်း ဖြစ်သည်။

နတ်ဘုရားတစ်ဆူက သော့တံ၏ ထိပ်ပိုင်း(အဖျားပိုင်း)မှ ကိုင်တွယ်ကာ ကန့်လန့်ဖြတ်အနေအထားကို ဖော်ပြထားပါက ယင်း၏ ဆိုလိုချက်ကား မရဏာနိုင်ငံသို့ သွားရောက်ရန် အ... တော်ချမှတ်ခြင်း ဖြစ်လေသည်။

သို့သော်လည်း ယင်းသော့... သေတ္တာတစ်လုံးဆီသို့ ညွှန်... ထားခြင်းဖြစ်ပါက မရဏာနိုင်ငံမှ ...



www.burmeseclassic.com

www.burmeseclassic.com

မြောက်၍ မြင့်ရာမြတ်ရာ ဘုံဘဝဆီသို့ ပြောင်းရွှေ့မိန့် လွတ်ငြိမ်းချမ်းသာမှုပေးသော အမိန့်တော်ချမှတ်ခြင်း ဖြစ်လေသည်။

## သိမ်းငှက်



သိမ်းငှက်ကို ရှေးအီဂျစ်လူမျိုးများက ဝိညာဉ်၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ နောက်ပိုင်းကာလများ၌ သိမ်းငှက်ကို မကောင်းဆိုးဝါး ဝိညာဉ်များ ဖော်ဆောင်ရာအဖြစ် သင်္ကေတပြုကြသည်။

ပဥ္စလက်ဆရာ၊ မှော်ဆရာများ၊ အောက်လမ်းဆရာများက တစ္ဆေသူရဲ မကောင်းဆိုးဝါး မှင်စာ စသည့် နောက်ပါများအား ထိန်းသိမ်း ချုပ်ကိုင်စေရန် သိမ်းငှက်ကို ကိုယ်စားလက်ထောက်အဖြစ် အသုံးပြုလေ့ ရှိကြသည်။

နှောင်းခေတ် အယူအဆတွင်ကား သိမ်းငှက်သည် အောင်မြင်မှု အထိမ်းအမှတ်ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် အဓမ္မ၊ နိုင်လိုမင်းထက် ပြုကျင့်ခြင်းကိုလည်း သိမ်းငှက်ကို သုံးစွဲကြသည်။

အင်္ဂလိပ်စာပေတွင် အဓမ္မလုယက်သူ၊ မျက်လုံးအကြည့် စူးရှထက်မြက်သူတို့အား သိမ်းငှက်ဖြင့် တင်စားဖွဲ့နွဲ့ကြလေသည်။

## အင်းဆက်

အင်းဆက်ပိုးများသည် ဂီတအနုပညာကို ကိုယ်စားပြုသော သင်္ကေတ ဖြစ်သည်။ ကမ္ဘာ့ဂီတသင်္ကေတရှိ (C.clap) စီကလက်သည် အင်းဆက်ပိုးလောင်း၏ ပုံသဏ္ဌာန် ဖြစ်လေသည်။



စောင်း စန္ဒရားသံစဉ်များသည် အင်းဆက်ပိုးများ တစ်ကောင်စီ မြည်တွန်သော အသံများကို စုစည်း သရုပ်ဖော်ထားခြင်း ဖြစ်သည်။ ကောင်းကင်ဘုံမှ နတ်ဘုရားသည် ကမ္ဘာမြေပေါ်သို့ လူသားများ စိတ်လက်ကြည်သာ အပန်းပြေကြစေရန် အင်းဆက်ထုကြီးကို တူရိယာလုလင်၊ တူရိယာလုံမေများဖြင့် စေလွှတ် ပေးသနားတော်မူခဲ့ခြင်းဖြစ်သည် ဆို၏။

## ဂျူပီတာ(Jupiter)

ရိုမန်တို့ ကိုးကွယ်သော နတ်ဘုရားတစ်ပါး ဖြစ်သည်။ ကောင်းကင်ဝေဟင်ယံကို ပိုင်စိုးအုပ်ချုပ်၍ သဘာဝလွန် စွမ်းအင်များ ပိုင်ဆိုင်သူ ဖြစ်သည်။

ဂျူပီတာ၏ အဆောင်အယောင်များမှာ မိုးကြိုးသွား၊ သရဖူ၊ **လင်းယုန်အလံ** (လင်းယုန်ရုပ်ပါဝင်သော စစ်ချီအလံ သို့မဟုတ် နိုင်ငံတော်အလံ)နှင့် ရာဇပလ္လင်တို့ ဖြစ်ကြသည်ဆို၏။

## လီယို(Leo)



ရာသီစက်ဝိုင်း၏ ပဉ္စမမြောက် ရာသီခွင် သိဟ်ရာသီ၏ သင်္ကေတ ဖြစ်သည်။

ယင်းသည် နေရောင်ခြည်စွမ်းအင်၊ စိတ်တန်ခိုး၊ မီးနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့ကို ကိုယ်စားပြုသော သင်္ကေတ ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုနှင့် နှလုံးသားတွင်း စွဲမြဲစူးနစ်ခြင်း နိမိတ်ပုံလည်း ဖြစ်သည်။

## လီဘရာ(Libra)



ရာသီခွင်စက်ဝိုင်း၏ သတ္တမရာသီ၊ တူရာသီ၏ အမှတ်အသားဖြစ်သည်။ ကန့်လန့်ဖြတ်နှင့် ဓားတစ်ချောင်းပုံစံ ဆင်တူသည်။ အသက်နှင့် အသက်ရှင် နေထိုင်ခြင်းဘဝကို ညွှန်းသည်။

ရက္ခလောကအတွက် ဆိုပါက အသက်ရှင်သန်ခြင်းကို ဖြစ်စေသော ရေ၊ မြေသြဇာနှင့် အလင်းရောင်တို့အား ကိုယ်စားပြုကာ လူသားများအတွက် ကတ္တီလိင်၊ ပုလ္လိင် မင်္ဂလာဆောင်နှံတစ်စုံကို ညွှန်ပြခြင်းလည်း ဖြစ်သည်။

ညီမျှခြင်း၊ အပြန်အလှန် ဖေးမထောက်ပံ့ခြင်းနှင့် သဘာဝ အခြေခံအခြင်းအရာကွဲပြားစွာ အံဝင်ခွင်ကျဖြစ်ခြင်းတို့ကို ဖော်ဆောင်သည်။ **(အခြေခံအခြင်းအရာ ကွဲပြား၍ အံဝင်ခွင်ကျဖြစ်ခြင်းဆိုရာ၌ ပုလ္လိင် အဖို၊ အဖိုချင်း၊ ကတ္တီလိင် အမ၊ အမချင်း ပေါင်းစည်းခြင်းသည် အခြေခံအခြင်းအရာ မကွဲပြား၊ အံဝင်ခွင်ကျ မဖြစ်ဟု ဆိုသည်။)**




www.burmeseclassic.com

www.burmeseclassic.com

# အလှပြင်ဆိုင်လုပ်ငန်းနဲ့

အကျိုးပေး စီးပွားဖြစ်တဲ့လက္ခဏာ


သရာကြီး ဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဖော်ပြပေးလိုက်တဲ့ ဘယ် လက်ဖဝါးပြင်ပုံစံပိုင်ရှင်ဟာ **ရှမ်းပြည် နယ် ရတနာမြေက အသက်(၃၀) ဝန်းကျင်** အမျိုးသမီးတစ်ဦး ဖြစ်ပါ တယ်။

**"က" အက္ခရာနဲ့** ညွှန်ပြထား တာဟာ ဦးခေါင်းလမ်းကြောင်းအဆုံး တနလ်ာဂြိုဟ်ခုံဘက် ခပ်ကွေးကွေး နိမ့်ဆင်းအဆုံးသတ်နေခြင်း ဖြစ်ပါ တယ်။

* * *




ဒီ
ဦးခေါင်းလမ်
မျိုးဟာ စိတ်ကူ
စိတ်သန်း ကောင်းယ
တီထွင်ဖန်တီးနိုင်စွမ်းရှိယ
အလှပြင်သူတစ်ဦးတွက် အမိ
လိုအပ်ချက် ဖြစ်ပါတယ်

**"ခ" အက္ခရာန**
ညွှန်ပြထားတာဟ
တနလ်ာဂြိုဟ်ခုံ
စတက်
**ကံလမ်းထီးရိုး**ဖြစ်ပါတယ်
အနုပညာ ဝါသနာပါခြင်း၊ အနုပညာ
သော လုပ်ငန်းများနဲ့ အကျိုးပေ
လူအများရဲ့ အားပေးချီးမြှောက်ခံရ



www.burmeseclassic.com


နှံ့သက်သတောကျန်းခြင်းတွေ ဖြစ်စေနိုင်တယ်။ အလုပ်ပြင်လုပ်ငန်းအတွက် နောက် တစ်ချက် အဓိက လိုအပ်ချက် ဖြစ်ပါတယ်။

"ဂ"အကွရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်း အတွင်းဘက်မှာ **အင်္ဂါလမ်း၊ သောကြာလမ်းများစွာ** ထင်ရှားရှိနေခြင်း ဖြစ်ပါတယ်။

အဲဒီလမ်းကြောင်းများဟာ အသံအားဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်အရှိုးအစား၊ လှုပ်ရှားမှု အပြင်အဆင်တို့ဖြင့် လည်းကောင်း သူတစ်ပါးတို့ကို ဆွဲဆောင်စည်းရုံးနိုင်သူ ဖြစ်စေတယ်။ ဖော်သည့်များစေတယ်။ အလုပ်ပြင်ဆိုင်လုပ်ငန်းအတွက် တတိယ အဓိက လိုအပ်ချက် ဖြစ်ပါတယ်။

"ဃ"အကွရာနဲ့ ညွှန်ပြထားတာဟာ ကြာသပတေးဂြိုဟ်ခုံမှာ **ညောင်ရွက်သင်္ကေတများ**ရှိခြင်း ဖြစ်တယ်။


* * *




ဒီသင်္ကေတကတော့ စီမံအုပ်ချုပ် ဆရာလုပ်ရခြင်း အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်း၊ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားသူများနဲ့ ရင်းနှီးကျွမ်းဝင် မိတ်ဆွေဖြစ်ခြင်းတို့အတွက် လိုအပ်ချက် ဖြစ်ပါတယ်။

"င"အကွရာနဲ့ ညွှန်ပြထားတာဟာ **ကံလမ်းထီးရိုးထိပ်မှာ သန်လျက်သင်္ကေတ** ထင်ရှားရှိခြင်း ဖြစ်ပါတယ်။

* * *




ဒီသင်္ကေတကတော့ ကိုယ်တိုင် ဩဇာအာဏာရှိခြင်း၊ ဩဇာအာဏာ မြင့်မားသူတို့နဲ့ ရင်းနှီးကျွမ်းဝင် မိတ်သဟာဖြစ်ခြင်းလို့ အဟောရှိပါတယ်။

"ဃ"နဲ့"င" သင်္ကေတကြောင့် ဒီလက္ခဏာရှင်ဟာ အလုပ်ပြင်ဆိုင်မှာ ဝန်ထမ်းမဖြစ်နိုင်ဘဲ အလုပ်ပြင်ဆိုင်တည်ထောင်လုပ်ကိုင်တဲ့ ဆိုင်ပိုင်ရှင်၊ အလုပ်ပြင်ပညာများ ထပ်ဆင့်သင်တန်းပေးသော ဆရာမ ဖြစ်ရမယ်။ သူမရဲ့ အလုပ်ပြင်ဆိုင်ကိုလဲ ဩဇာအာဏာ မြင့်မားသူများ၊ ချမ်းသာကြွယ်ဝသူများ လာပြီးအားပေးလိမ့်မယ်။

အလုပ်ပြင်ဆိုင်လုပ်ငန်း အောင်မြင်တိုးတက် အကျိုးပေးချမ်းသာဖို့ဆိုတာ အဲဒီလိုအပ်ချက်တွေ ပြည့်စုံမှ ဖြစ်ပါမယ်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားကြပါစေ။*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေ့ဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၂၁၃)မှ အဆက်

တရုတ်ဓလေ့တွင်"ယင်း"နှင့်"ယန်" ဆန့်ကျင်ဘက်နှစ်ခု ဒွန်တွဲကာ လွန်ဆွဲပေါင်းစည်းသည်နှင့် ဆင်တူ၏။

## အင်ဆက်စ်(Incest)

မူလအဓိပ္ပာယ်မှာ ဆွေမျိုးနီးစပ်သူခြင်း ကာမဆက်ဆံခြင်းဟု အဓိပ္ပာယ်ရသော်လည်း ဤသင်္ကေတမှာ ဂီတသင်္ကေတတစ်ခု ဖြစ်သည်။

အထူးသဖြင့် စန္ဒရားကဲ့သို့ အသံများစွာ စုစည်းထားသော တူရိယာပစ္စည်းများတွင် အသံတူချင်း ပေါင်းစည်း ပါဝင်နေသည်ကို တွေ့နိုင်သည်။

ထင်ရှားသော ဥပမာအနေဖြင့် စန္ဒရားခလုတ်တစ်ခုကို နှိပ်လိုက်ပါက ထွက်လာသောအသံသည် တစ်သံတည်း မဟုတ်ပါ။ အနီးစပ်ဆုံး တူညီစေရန် အသံညှိခက်ရင်းခွမှ ထွက်လာသောအသံကို မူတည်ကာ ကြိုးသုံးချောင်းအား(အလျှော့အတင်း) ညှိထားခြင်း ဖြစ်သည်။

စန္ဒရားခလုတ်ကို နှိပ်လိုက်သောအခါ ကုတ်မောင်းတံများမှတစ်ဆင့် ထိုကြိုးသုံးချောင်းပေါ်သို့ ရိုက်တံကို ထိခတ်စေကာ အသံထွက်လာသည်။ ထို့ကြောင့် ကြိုးသုံးချောင်း တစ်ပြိုင်နက် မြည်ဟည်းကာ စုပေါင်းနေသဖြင့် တစ်သံသာ ကြားရခြင်းဖြစ်သည်။

ဤဥပမာအတိုင်းပင် **အင်ဆက်စ်**(Incest)အမှတ်အသားသည် နီးစပ်သောအသံများ ပေါင်းစည်းကာ နားဝင်ပီယံဖြစ်စေရန် ဖန်တီးခြင်းဟု အဓိပ္ပာယ်ကောက်နိုင်လေသည်။

ပေါင်းသင်းဆက်ဆံရေး မျက်နှာစာတွင်ကား ခံယူချက်၊ သဘောထားချင်း ကွဲလွဲမှု မကြီးမားသော လူတစ်စု စည်းလုံးစွာ ပူးပေါင်းလုပ်ကိုင်ခြင်း အနက်ဆောင်သည်။

**ဟူဂျင်းဖီ**



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# ဆီးအိမ်မှာ ကျောက်တည်သော်



**ကသာမြို့နယ်၊ ကပ္ပလိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးသည်** ဆီးအောင့်သဖြင့် ကသာ ပြည်သူ့ဆေးရုံကြီး၌ ဓာတ်မှန်ရိုက်ကြည့်ရာ ဆီးအိမ်တွင် ကျောက်တည်နေကြောင်း သိရှိရပါသည်။

ထို့ကြောင့်...

ဆရာတော်ကြီးသည် ရွာသို့ ပြန်လာပြီး မန္တလေးမြို့သို့ သွားရောက် ခွဲစိတ်ကုသမှု ခံယူရန် ပြင်ဆင်ပါသည်။

ထိုအချိန်တွင်...

ရွာမှ ဒကာတစ်ဦးက ဆရာတော်ကြီးထံသို့ လာရောက်၍...

'အရှင်ဘုရား ဘုဉ်းပေးဖို့ ဆွမ်းဟင်းလာကပ်တာပါ ဘုရား'

'ဘာဟင်းတွေများလဲ ဒကာကြီးရဲ့'

'အရှင်ဘုရား ဆီးအိမ်မှာ ကျောက်တည်နေတယ်လို့ တပည့်တော် သိရပါတယ်။ အဲဒါကြောင့် "**ကြက်သား**"ကို "**ခွေးတောက်ရွက်**"နဲ့ ရောပြီး ချက်ခဲ့တာပါဘုရား'

'အဲဒါစားရင် ကျောက်တည်တဲ့ရောဂါ ပျောက်သလား ဒကာကြီး'

'တပည့်တော်ရဲ့ အဖေကတော့ "**ခွေးတောက်, ကြက်သား ရော ချက်စားက ကျောက်များ ကြေမွချမ်းသာရ၏**"လို့ ပြောဖူးပါတယ် ဘုရား'

'အိမ်း... ဒါဆိုရင်လဲ ဟုတ်မဟုတ် စမ်းကြည့်ရတာပေါ့ကွယ်'

'တင်ပါ့ဘုရား'

ထိုနေ့ ညနေမှာပင် ဆရာတော်ကြီးသည် ကသာမြို့မှတစ်ဆင့် မန္တလေးမြို့သို့ ခွဲစိတ်ကုသရန် သွားပါသည်။

လမ်းခရီး၌ ဆီးသွားသည့်အခါတွင် ဆီးအောင့်ဝေဒနာမှာ သိသိသာသာသက်သာပြီး ဆီးလည်း များလာကြောင်း ဆရာတော်ကြီး သတိပြုမိလေသည်။

မန္တလေးမြို့သို့ရောက်၍ မန္တလေးဆေးရုံကြီးတွင် ဓာတ်မှန်ရိုက်ကြည့်သောအခါ ဆီးအိမ်၌ မည်သည့် ကျောက်မှ မတွေ့ရတော့သဖြင့် ခွဲစိတ်ကုသရန် မလိုအပ်တော့ဘဲ နေရပ်သို့ ပြန်ခဲ့ပါတော့သည်။

ထို့ကြောင့်...

ဆီးအိမ်တွင် ကျောက်တည်ပါက...

'ခွေးတောက်ရွက်နှင့် ကြက်သား'ကိုသာ ရောနှော၍ ချက်စားပါက ကျောက်များ ကြေမွသက်သာ ပျောက်ကင်းချမ်းသာရ ရမည်ဖြစ်ကြောင်း ရေးသား တင်ပြအပ်ပါသည်။

**[စာရေးသူအား ဤအကြောင်းကို ပြောပြသည့် ကိုနေဝင်းဦး (မင်းခန့်မောင်မောင် – ကသာမြေ)အား ကျေးဇူး အထူးတင်ရှိပါသည်။]**

**ကိုကိုခန့်ချော(ကသာမြေ)**



www.burmeseclassic.com

www.burmeseclassic.com

# အပူဓာတ် အအေးဓာတ်

## ဗေဒင်တွက်နည်း



ဗိုလ်မင်း (မင်းလှ)

စာရေးသူ အပူဓာတ်,အအေးဓာတ် ဗေဒင်တွက်နည်းပညာကို လွန်ခဲ့သော နှစ်(၄၀)ခန့်က ရသေ့တောင်မြို့နယ်၊ မယူကမ်း ကျောက်ထရံကျောင်းတိုက် ဆရာတော်ကြီး ဦးကောဝိဒမြွထံက သင်ယူခဲ့ပါသည်။

ဆရာတော်သည် ဤ အပူဓာတ်, အအေးဓာတ်ပညာဖြင့် အနီးဝန်းကျင် ကျေးရွာများဖြစ်သော စေတီပြင်၊ မော်ထက်၊ သိန်တောင်၊ ကြိန်တန်း ဖက်လိပ်၊ မောင်နှမစသော ကျေးရွာ များမှ ဒါယကာ,ဒါယိကာမများ၏ လောကီကိစ္စအဝဝများကို တွက်ချက် လမ်းညွှန်မှု ပေးတော်မူခဲ့သည်။

ကျောက်ထရံကျောင်းတွင် စာရေး သူအပါအဝင် ကျောင်းသား(၈၀)ခန့် ရှိသည်။ အပူဓာတ်,အအေးဓာတ် ဗေဒင်တွက်နည်းကို ဆရာတော်ထံက သင်ကြားခဲ့သည်အတိုင်း (သင်ရိုး) အတိုင်း ရေးသားဖော်ပြပါမည်။

ဗေဒင်အစ "**နေနှင့်လ**"ဟု ဆိုပါသည်။ "**နေ**"သည် အပူဓာတ်သဘော ကိုဆောင်သည်၊ "**လ**"သည် အအေး ဓာတ်သဘောကို ဆောင်ပါသည်။

(နေ)မှ ဆင်းသက်သော ဂြိုဟ်(၄) လုံး ရှိသည်။ ယင်းဂြိုဟ်များမှာ **တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်**တို့ ဖြစ်သည်။ ဤဂြိုဟ်(၄)လုံးသည် နေမှ ဆင်းသက်သော သဘောရှိသောကြောင့် အပူ ဓာတ်သဘောဆောင်ပါသည်။

(လ)မှ ဆင်းသက်သော ဂြိုဟ်(၄) လုံးရှိသည်။ ယင်းဂြိုဟ်များမှာ တနင်္လာ ဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေး ဂြိုဟ်၊ သောကြာဂြိုဟ်တို့ ဖြစ်သည်။ ဤဂြိုဟ်(၄)လုံးသည် (လ)မှ ဆင်းသက် သော သဘောရှိသောကြောင့် အအေး ဓာတ်သဘောကို ဆောင်ပါသည်။

### အပူဓာတ်,အအေးဓာတ် တွက်နည်း

မိမိ၏ မွေးဖွားသော မြန်မာသက္ကရာဇ်ကို တည်ကိန်းပြုပါ။ အပူ+အအေး (၂)ဂဏန်း နှင့်စားပါ။

ဤနေရာတွင် စားလဒ်ကို မယူရ၊ စားကြွင်း ကိုသာ ယူရပါမည်။

(၁)ကြွင်းလျှင် အပူဓာတ် (သုည)ကြွင်းလျှင် အအေးဓာတ်။

ဤတွက်နည်းသည် မူလမွေးသက္ကရာဇ်ကို အခြေခံ၍ အပူဓာတ်,အအေးဓာတ် ခွဲထား ခြင်းဖြစ်သည်။

**နောက်တစ်နည်းမှာ...**

မိမိ၏ ရောက်ဆဲအသက်ကို တည်ကိန်းပြု အပူဓာတ်+အအေးဓာတ် (၂)ဂဏန်းနှင့် စားပါ။ ဤနေရာမှလည်း စားလဒ်ကို မယူဘဲ စားကြွင်းကိုသာ ယူရပါမည်။

**ဥပမာတွက်နည်း။ ။ ၁၃၂၃ ခုနှစ် တွင် မွေးဖွားသူ...**

၁၃၂၃ ÷ ၂ = အကြွင်း(၁) ဖြစ်သည်။ အပူဓာတ်ဆောင် မွေးဖွားသူဖြစ်သည်။ ရောက်ဆဲအသက်(၅၁)နှစ်။

၅၁ ÷ ၂ = အကြွင်း(၁) ဖြစ်သည်။ ရောက်ဆဲ(၅၁)နှစ်သည်လည်း အပူ ဓာတ်ဆောင်နှစ် ဖြစ်သည်။

### အပူဓာတ်,အအေးဓာတ် ဟောနည်းလင်္ကာ

အပူ အပူ တွေ့ကြမူ... အပူများက မီးတောက်ပ၊

အအေးအအေး တွေ့ကြမှ...အအေးများ က ရေခဲပ၊

အအေးအပူ မျှတမူ... တူယှဉ်သွားက ချမ်းသာရ။

အပူဓာတ်ဆောင် ပုဂ္ဂိုလ်တစ်ဦးဦး သည် ရောက်ဆဲအသက်နှစ်တွင် အပူ ဓာတ်နှစ်ကျရောက်ပါက "**အပူ အပူ တွေ့ကြမူ အပူများက မီးတောက်ပ**" ဟူသော လင်္ကာအတိုင်း ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စများမှာ ပူပင်သောက ကျရောက် စေတတ်သည်။ အဆင်မပြေ ဖြစ်မည်။ အကြွအစည်ပျက်တတ်သည်။ ပူပင် သောကများသောနှစ် ဖြစ်သည်။

"အအေးအအေး တွေ့ကြမှ အအေးများ က ရေခဲပ"

ဟူသော လင်္ကာမှာ အအေးဓာတ် ဆောင် ပုဂ္ဂိုလ်တစ်ဦးဦးသည်



စာမျက်နှာ (၂၀၉) သို့

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂရိတ်အကြောင်း မရေးဖြစ်တာ ကြာပြီမို့ ပြန်လည် ရေးသား တင်ပြလိုက်ပါသည်။ အကြောင်းကတော့ စာရေးသူ အလုပ်သွားလုပ်နေသော မြန်မာ့မီးရထားစက်ခေါင်းရုံမှ အင်္ဂရိတ်ဆရာတစ်ယောက်ထံမှ ရခဲ့သော ရှောင်ဖမ်းနည်းဖြင့် ဖမ်းရသော ရှောင်ဆေးအကြောင်းကို တင်ပြရေးသားလိုက်ရပါသည်။

အင်္ဂရိတ်ဆရာ၏ အမည်နာမကို ထုတ်ဖော် ရေးသားခြင်း ခွင့်မပြု၍ အမည်နာမ ထည့်သွားခြင်း မရှိသည်ကို သည်းခံခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

ထိုဆရာ၏ အရည်အချင်းကတော့ လက်ဝဲလက်ယာလမ်းများကို ပိုင်နိုင်စွာ လုပ်ဆောင် အောင်မြင်ပြီးစီးနေသူ တစ်ယောက် ဖြစ်ပါသည်။

ရွှေဖြစ်ငွေဖြစ်လုပ်ရတ်ကို ပိုင်နိုင်နေသော်လည်း လမ်းလုပ်ခြင်းကို အရှင်းမပြုပါ။ စာရေးသူအနေဖြင့် ထိုပုဂ္ဂိုလ်မျိုးကို လေးစားကြည်ညိုမိပါသည်။

သို့သော် ထိုဆရာသည် လူသိမခံလိုသောဆန္ဒ ရှိသည်။ ထိုဆေးနည်းအား စာရေးသူကို ပေးစဉ်က သူ၏ အမည်နာမကို မည်သူမျှ မသိစေရန် မှာကြားခဲ့ပါသည်။ သို့အတွက်ကြောင့် အမည်နာမ ထည့်သွင်းရေးသားခြင်း မပြုခြင်း ဖြစ်ပါသည်။

ဤဆေးကို ပြုလုပ်သည့် ရည်ရွယ်ချက်မှာ တောတောင်သို့ ခရီးသွား ဂန္ဓာရီကျင့်စဉ်များ ပြုလုပ်ရာတွင် တောတောင်၌ အလွန်အဆိပ်ပြင်းသော တောကြီးမြွေဟောက်များ၊ နဂါးမျိုးနွယ် မြွေကြီးများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရန် ဖြစ်ပါသည်။

ဤဆေးသည် အဆိပ်မျိုးစုံနိုင်နင်းလျက် ရောဂါအတွက်လည်း အကျိုးပြု

# ရှောင်ဖမ်းနည်း တစ်နည်း

နှင့် ဆေးအသုံးနှင့် အကျိုးအပြစ် သိသူများမှ ဖော်ပြပေးကြပါရန်

ကြည်စိုး (မနောမယိဒ္ဓိ)
ဖျာမြေ

သည်ဟု သိရပါသည်။

ထို့ကြောင့် ရည်မှန်းချက်ရှိသူတိုင်း အသုံးပြုနိုင်ရန်၊ အင်္ဂရိတ်ညီအစ်ကိုများ အကျိုးရှိစေရန် တင်ပြရေးသားလိုက်ရပေသည်။

ဤ ရှောင်ဆေးပြုလုပ်ပုံမှာ အလွန်မြန်ဆန် လွယ်ကူ၍ အချိန်ကုန် သက်သာသောနည်း ဖြစ်ပါသည်။

ဤဆေး ပြုလုပ်တော့မည်ဆိုလျှင် ရှေးဦးစွာ ရှာထားရမည့် ပစ္စည်းများမှာ...

(၁) သံဒယ်အိုး အသေးတစ်လုံး၊
(၂) ယင်းသံဒယ်အိုး ဖုံးနိုင်လောက်သော ကြွေပန်းကန်လုံးကြီး (ဟင်းသောက်ပန်းကန်လုံးကြီး တစ်လုံး)
(၃) ပြဒါးသန့်ပြီး (၁)ကျပ်သား၊
(၄) ဒုတ္တာ (၁)ကျပ်သား၊
(၅) ကျောက်ချဉ် (၁)ကျပ်သား၊
(၆) ယမ်းစိမ်း (၁)ကျပ်သား


တို့ကို ရှာဖွေ စုဆောင်းထားပါ။

ပြီးလျှင် ယင်းဆေး(၄)မျိုးကို သံပရာရည်ဖြင့် အညက်ကြိတ် စရနယ်၍ ညက်လျှင် သံဒယ်ပိုင်းတွင် ထည့်ကာ ခပ်ထပ်ထပ်ရှိအောင် နေတွင်လှန်းပါ။

အနေတော်ရုံရှိလျှင် ကြွေပန်းကန်လုံးကြီးဖြင့် ဒယ်အိုးကို အုပ်၊ ဒယ်အိုးနှင့် ကြွေပန်းကန်လုံးစပ်ကြားကို ကော်ဖြင့် ထေးရမည်။ ဆေးအခိုးများ မထွက်စေရန် ဖြစ်သည်။

ထိုသို့ပြုလုပ်ပြီးလျှင် မီးလင်းဖို တွင်တည်၍ ထင်းမီးဖြင့် မီးမှျဉ်းမှျဉ်း ပေး၍ မီးမပြတ်စေဘဲ တစ်နေကုန် ချက်ယူပါ။ ရှောင်ဆေးကို ရပါပြီ။ ဆေးချက်ပုံကို ပုံနှင့်တကွ တင်ပြပါမည်။

* * *






www.burmeseclassic.com

www.burmeseclassic.com

ပုံတွင် ပြထားသည့်အတိုင်း ဒယ်အိုးထဲသို့ ဆေးများကို အစဉ်အတိုင်း ထည့်ရန်...

၁။ အောက်မှာ ပြဒါးကို ထည့်၊
၂။ ဒုတိယ ဒုတ္တာကိုထည့်
၃။ တတိယ ကျောက်ချဉ်ထည့်၊
၄။ ယမ်းစိမ်းထည့်

အားလုံးထည့်ပြီးလျှင် ကြွေပန်းကန်လုံးကြီးအုပ်၊ ကော်ထေး။

ကော်စပ်နည်းပါ ဖော်ပြပါမည်။

အလွယ်ဆုံးနှင့် ပစ္စည်းမရှားပါးသောနည်းကို ဖော်ပြပါမည်။

(၁) ငှက်ပျောသီးမှည့် (၂)ဆ၊
(၂) အုတ်နီမှုန့် တစ်ဆ ရောစပ်နယ်က ကော်ဖြစ်၏။

နောက်တစ်နည်း...

စားဖိုလယ်ပြာကို အဝတ်ပါးနှင့်တိုက်ယူပြီး ရှားစောင်းလက်ပပ်အနှစ်နှင့် ဖျော်၍ ပျော်ပျော်ရအောင် ဖျော်နယ်ပါ ကော်ဖြစ်၏။

နောက်တစ်နည်း...

သဲနုနုကို ရေဖျန်း၍ အစိုပေး၊ လက်အုပ်၍ရအောင် အစိုပေး၊ ယင်းသဲနှင့် ကော်လုပ်၊ ရေမများစေရ။ ရေများလျှင် ဆေးထဲသို့ ဝင်မည်။ သတိထားပါ။

မိမိကြိုက်နှစ်သက်သော ကော်ဖြင့် ထေးနိုင်ပါသည်။

ကော်ထေးပြီး ဖိုတွင် ဒယ်အိုးတင်၍ ထင်းမီးဖြင့် မီးမျှဉ်းမျှဉ်းပေး၍ မီးမပြတ်ထည့်ပေးပါ။ ဒယ်အိုးအပေါ်၌ အုပ်ထားသော ကြွေပန်းကန်လုံးကြီးဖင်ထဲ ရေထည့်ပေးပြီး မီးပေးပါ။

ရေခန်းလျှင် ရေထပ်ထည့်ပေး။ ရေ (၁၅)ကြိမ်မျှ ခန်းသည့်တိုင်အောင် ချက်ပေးပါ။ ထိုကဲ့သို့ တစ်နေကုန်အောင် ချက်လျှင် မိမိလိုသော ရှောင်ဆေးကို ရရှိပါမည်။

ပန်းကန်လုံးဖင်၌ ကပ်နေသော၊ နီမြန်းတောက်ပသော ဟသ်ပဒါးနှင့် တူသောဆေးကို ရရှိပါမည်။

ရောဂါကင်းဝေး၍ အဆိပ်တစ်မျိုးမျိုးကို ကာကွယ် တားဆီးနိုင်သော ရှောင်ဆေးဖြစ်ကြောင်း ဆရာ၏ ပြောပြချက်အတိုင်း မခြွင်းချန်ဘဲ တင်ပြရေးသားလိုက်ရပေသည်။

ဤရှောင်ဆေးအကြောင်း ပြောပြပေးသော ဆရာကြီးအားလည်း ဤစာစုဖြင့် ကျေးဇူးတုံ့ပြန်အပ်ပါသည်။

*ရောဂါကင်းပျောက် ချမ်းသာရောက်ကြပါစေ။*

**ကြည်စိုး***(မနော်မယိဒ္ဓိ)*
**ရောမြေ**

ပန်ကြားအပ်ပါသည်

**[ရှောင်ဖမ်းနည်းအမျိုးမျိုး ရှိသည့်အနက် ဤ ရှောင်ဖမ်းနည်းကို မှတ်တမ်းတင်သည့်အနေဖြင့် အင်္ဂရတ်ဆေးဝါသနာရှင်များအတွက် ရွေးချယ်ဖော်ပြအပ်ပါသည်။ ဆေးအသုံးကို တတ်ကျွမ်းနားလည်သူများမှ အကျိုးနှင့်အပြစ်ကို ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။]**

**ဦးကျော်မိုးသိန်း**
***စာတည်းချုပ်***

စာမျက်နှာ (၂၁၇)မှ အဆက်

ရောက်ဆဲ အသက်နှစ်တွင် အအေးဓာတ်ဆောင်နှစ်ကျရောက်ပါက အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ ပညာရေးကိစ္စများမှာ အေးခဲသောဓာတ်သဘောဆောင်နှစ်ဖြစ်၍ အကြံအစည် အထမမြောက်ခြင်း၊ ကြန့်ကြာမှုရှိခြင်း၊ အကြံအစည် မအောင်မြင်ခြင်း၊ အရောင်းအဝယ်ကိစ္စများမှာ အရောင်းထိုင်း၊ အဝယ်ထိုင်းခြင်းများ ဖြစ်စေနိုင်သည်။

"အအေးအပူ မျှတမူ တူယှဉ်သွားက ချမ်းသာရ"

အပူဓာတ်ဆောင် မွေးဖွားသူသည် အအေးဓာတ်ဆောင်နှစ် ကျရောက်သောနှစ်ဖြစ်လျှင် (သို့မဟုတ်) အအေးဓာတ်ဆောင် မွေးဖွားသူသည် အပူဓာတ်ဆောင်နှစ်သို့ ကျရောက်ပါက အပူအအေးမျှတသောနှစ်ဖြစ်၍ အလုပ်အကိုင် စီးပွားအောင်မြင်ခြင်း၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပညာရေး၊ အရောင်း၊ အဝယ်ကိစ္စ စသည်များမှာ အဆင်ပြေမည်။

အောင်မြင်နိုင်သောနှစ် ဖြစ်သည်။ အိမ်ဆောက်၊ ကျောင်းဆောက်၊ လုပ်ငန်းသစ် စတင်ခြင်း၊ နိုင်ငံရပ်ခြား ခရီးထွက်ခြင်းများ အောင်မြင်နိုင်သောနှစ် ဖြစ်သည်။

စာရေးသူအနေဖြင့် အပူဓာတ်၊ အအေးဓာတ် ပေဒင်တွက်နည်း၊ ဟောနည်းများ တိမ်ကော ပျောက်ကွယ်သွားမှာ စိုးရိမ်မိပါသဖြင့် ကျောက်ထရံ ဆရာတော်ကြီး၏မူအတိုင်း (သင်ရိုးအတိုင်း) ဝါသနာရှင်နှင့် သုတေသီ စာရှုသူများအတွက် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြအပ်ပါသည်။

*ပုဂ္ဂိုလ်သတ္တဝါအားလုံး ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

ဗိုလ်မင်း *(မင်းလှ)*



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၄၆ ခုနှစ်၊ နယုန်လ၊ အင်္ဂါနေ့** မွေးသူ အမျိုးသမီး ဖြစ်ပါတယ်။

မိဘများ ပေးထားတဲ့နာမည် **"စိမ်းခင်ခင်"** ဖြစ်ပြီး ထိုးမြဲလက်မှတ်က **"ခင်ခင်"** ဆိုတဲ့နာမည် နောက်နှစ်လုံးကို အင်္ဂလိပ်အက္ခရာနဲ့ ရေးထိုးထားခြင်း ဖြစ်တယ်။

မူလ မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ ချကြည့်ရင်...

* * *

တွေနဲ့ အညွန့်ရှည်လွန်းခြင်း၊ အင်္ဂလိပ်ဂဏန်း(၂)ကို အပေါ်မှာ တင်ထားခြင်းတွေလဲ မကောင်းဘူး။

မူလမဟာဘုတ်မှာ ဘင်္ဂ(အပျက်ဌာန)ဖြစ်တဲ့ တနင်္လာနံ အက္ခရာနှစ်လုံးဆင့် လက်မှတ်ရွေးထိုးခြင်းလဲ မှားတယ်။

အချစ်ရေး အိမ်ထောင်ရေး၊ ငွေကြေးကိစ္စတွေ အမြဲ စိတ်ညစ်ရတတ်တယ်။ ပြည်ပမှာ သွားရောက်လုပ်ကိုင်ချင်သူဖြစ်လို့ ပုတိဌာနမှာရှိတဲ့ အင်္ဂါနံအက္ခရာစာလုံး တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်



**လက်မှတ်အောက်က မျဉ်းမသား ရပါ။ ငွေအိတ်သင်္ကေတ တည့်တည့် လှလှ ဆွဲပါ။ အညွန့်နေရာမှာ မြား... သင်္ကေတ ထည့်ပါ။**

၂။

* * *



နံပါတ် (၁)

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ဝ |
| ၅ | ၂ | ၃* |

| | |
|---|---|
| ၁ | |
| ဝ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်)

အပြန် ← အဆန်
ဝ ၁ ၂ ၃ ၄ ၅ ၆


(ဝုဒ္ဓိ)

အင်္ဂါ ပုတိဖွားကို အင်္ဂါအစ တနင်္လာအဆုံး နာမည်ပေးထားတော့ မွေးနံကို အမြစ်အုပ် **ပုတိ + ဘင်္ဂ = အနိဋ္ဌ + အနိဋ္ဌ** နာမက္ခရတိုင်စဉ်မှား ဝုဒ္ဓိအပြန်ဖြစ်လို့ နာမည်ပေး မှားပါတယ်။

ထိုးမြဲလက်မှတ်မှာ အပြိုင်သင်္ကေတ

ပါတယ်။

* * *



**(ပြုပြင်ထိုးသင့်သော လက်မှတ်ပုံစံ)**

ယခုလအတွက် နံပါတ်(၂)နေ... မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှ... ပိုင်ရှင်ကတော့ **မြန်မာသက္ကရာ... ၁၃၄၉ ခုနှစ်၊ ဝါခေါင်လ၊ အ...** **မွေးသူ** အမျိုးသားလူငယ်တစ်ဦး ဖြ... ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"စိုးသန့်"ဆိုတဲ့ နာမည်နှစ်လုံးတွဲကို အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ရေးထိုးထားခြင်းဖြစ်တယ်။ လက်မှတ်ပုံသဏ္ဍာန်ကတော့ တော်တော်ဆန်းပါတယ်။

အိမ်တစ်လုံးပုံဆိုတော့ သူဟာ ဆောက်လုပ်ရေး အင်ဂျင်နီယာလုပ်ငန်းတွေ ဝါသနာပါလိမ့်မယ် ထင်ပါတယ်။ အိမ်ထဲမှာ "Soe"ဆိုတဲ့ စာလုံးကို ထည့်ထားတယ်။

ဘာလုပ်လုပ် အခက်အခဲ အကျပ်အတည်းတွေနဲ့ ကြုံတတ်တဲ့ နိမိတ်ပါပဲ။ အိမ်ထောင်ရေးကိစ္စတွေမှာ မလွတ်မလပ်သူတွေနဲ့ ငြိစွန်းရှုပ်ထွေးခြင်း၊ အမှုအခင်း အချုပ်အနှောင် ခံရခြင်းတွေရဲ့နိမိတ် ဖြစ်ပါတယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင်...

* * *

## နံပါတ် (၂)

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | ၂ | |
|---|---|---|
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |


(မူလမဟာဘုတ်ခွင်)

| | ၄ |
|---|---|
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |

(နာမက္ခရတိုင်)

အင်္ဂါ(ရာဇဖွား) ဖြစ်တယ်။ အင်္ဂါ + သောကြာ အပြင်မိတ်ဂြိုဟ်တွဲနာမည်ဖြစ်ပေမယ့် **ရာဇ + ပုတိ = ကမ္ဘ + အနိဋ္ဌ** နာမက္ခရတိုင်စဉ်များဖြစ်လို့ နာမည်ညံ့ဖြစ်တယ်။ ဒီလိုနာမည်ညံ့ကို လက်မှတ်တွဲမထိုးသင့်ပါဘူး။ ရာဇဌာနက နာမည်အစ စာလုံး စိုးကိုသာ လက်မှတ်ရေးထိုးသင့်ပါတယ်။


* * *



လက်မှတ်အောက်က မျဉ်းမသားရပါ။ ငွေအိတ်သဏ္ဌာန်တ (သို့မဟုတ်) ပစ်တိုင်းထောင်သဏ္ဌာန်တ တည့်တည့်ကြီးကြီးဆွဲပါ။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တပေါင်းလ၊ သောကြာနေ့ဖွား** အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။

"**သစ္စာနိုင်**"ဆိုတဲ့ သူမရဲ့နာမည်ကို ထိပ်ဆုံးနှစ်လုံးယူပြီး "**သစ္စာ**"ကိုပဲ မြန်မာလို လက်မှတ်ထိုးထားကြောင်း သိရပါတယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဍာန်က ကြယ်ပွင့်ပါနေခြင်းဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ပူလောင်သောကရောက်ရတတ်တယ်။ အပေါ်ထောင်နေတဲ့ မျဉ်းပြိုင်နှစ်ကြောင်းကြောင့် လုပ်ငန်းတွေမှာ အယှဉ်အပြိုင်တွေနဲ့ ရင်ဆိုင်လုပ်ကိုင်ရမယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိအစဉ် ချကြည့်ရင်...

* * *

## နံပါတ် (၃)

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | ၀ | |
|---|---|---|
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(မူလမဟာဘုတ်ခွင်)

| | ၂ |
|---|---|
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

(နာမက္ခရတိုင်)

အပြန် ← → အဆန်

၃ ၄ ၅ ၆ ၀ ၁ ၂

(ဝုဒ္ဓိ)



www.burmeseclassic.com


www.burmeseclassic.com

သောကြာ(မရဏဌာန)ဖွား ဖြစ်တယ်။ သစ္စာခိုင်ဆိုတဲ့ နာမည်ဟာ **သောကြာအစ တနင်္လာအဆုံး = မရဏ + အထွန်း** နာမည်၊ **အနိဋ္ဌ + ကာဋ္ဌ** နာမည်၊ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်လို့ နာမည် အထိုက်အလျောက် ကောင်းပါတယ်။ သောကြာနဲ့ တနင်္လာ အတွင်းရန်ဓာတ်ဖြစ်လို့ အကောင်းဆုံးတော့ မဟုတ်ပါဘူး။

ထိုးမြဲလက်မှတ်က "**သစ္စာ**"ဆိုတဲ့ ရှေ့နှစ်လုံးကို လက်မှတ်ထိုးတာမို့ **မရဏ + ဘင်္ဂ = အနိဋ္ဌ + အနိဋ္ဌ** နာမက္ခရတိုင်စဉ်မှား၊ ဂုဒ္ဓိမှား ဖြစ်ပါတယ်။ လက်မှတ်တွဲမထိုးသင့်ဘူး။ ဒီနာမည်မျိုးမှာ အထွန်းဌာနက နာမည်အောက်ဆုံးစာလုံး "ခိုင်"ကိုရွေးပြီး လက်မှတ်ထိုးသင့်ပါတယ်။

လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။ အညွန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ကြာပွင့်သင်္ကေတထည့်ပါ။


* * *



**(ပြုပြင်သင့်သော လက်မှတ်နမူနာပုံစံ)**

၄။

* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တာကတော့ **မြန်မာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ ကဆုန်လ၊ ကြာသပတေးသား (အမျိုးသား)**တစ်ဦးရဲ့ ထိုးမြဲလက်မှတ်ပုံစံ ဖြစ်ပါတယ်။


"**ဘအေး**"ဆိုတဲ့ နာမည်နှစ်လုံးတွဲကို လက်မှတ်ထိုးထားခြင်း ဖြစ်တယ်။ မြန်မာအက္ခရာနဲ့ လက်မှတ်ထိုးထားတာပါ။

နာမက္ခရတိုင်စဉ်၊ မူလမဟာဘုတ်ခွင်နဲ့ ဝုဒ္ဓိအစဉ်ချကြည့်ရင်...


* * *

နံပါတ် (၄)


| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |




**(မူလမဟာဘုတ်ခွင်)**




**(နာမက္ခရတိုင်)**





**(ဝုဒ္ဓိ)**

ကြာသပတေး(မရဏဖွား) ဖြစ်တယ်။ **ကြာသပတေး + တနင်္ဂနွေ = မရဏ + အထွန်း**။ အပြင်မိတ် **အနိဋ္ဌ + ကာဋ္ဌ** နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်လို့ နာမည်ကောင်း ဖြစ်ပါတယ်။ ဒီ နာမည်နှစ်လုံးတွဲကို လက်မှတ်ရွေးထိုးထားတာလဲ မှန်ကန်ပါတယ်။

ဒါပေမယ့် လက်မှတ်ပုံသဏ္ဍာန်ကတော့ ညံ့ပါတယ်။ ခွက်မှောက်သင်္ကေတဖြစ်လို့ ငွေဝင် ဘယ်လောက်ကောင်းကောင်း ငွေထွက်များ၊ ငွေမမြဲ ဖြစ်ရမယ့်အပြင် ဝမ်းနည်းကြေကွဲပူဆွေးရခြင်းတွေ မကြာခဏ ဖြစ်ရတတ်တယ်။ အိမ်ထောင်ရေး၊ စီးပွားရေး ကံမကောင်းတတ်ပါဘူး။ လက်မှတ်ပုံသဏ္ဍာန်ကောင်းအောင် ပြုပြင်ထိုးဖို့ လိုအပ်ပါမယ်။

**အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ထိုးသင့်တယ်။ လက်မှတ်အောက် မျဉ်းမသားသင့်ဘူး။**

* * *



**ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ။**

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*


**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com

www.burmeseclassic.com

# ရာဟုဂြိုဟ်နှင့် လမင်းဂါထာ

အစီအရင်ယတြာ



မောင်ဟိန်း
(အင်းတော်)

ရာဟုဂြိုဟ်၏ သဘာဝသည် အမှောင်တမဂြိုဟ်ဖြစ်၍လည်း သူလာလျှင် နေမင်း၊ လမင်းပင် အမှောင်အတိဖြစ်ရသည်။ သူပူးလေရာ၊ သူနှင့်တွဲဖက်လေရာ ဂြိုဟ်များသည် အရောင်မှေးမှိန်သွားကြရသည်။

စနေဂြိုဟ်နှင့်မူ ပါပဂြိုဟ်ချင်းဖြစ်၍ သချာသဘောတရားအရ အနုတ်အနုတ်ချင်းဆိုလျှင် အပေါင်း ဖြစ်သွားရပါသည်။

ယင်းမို့ကြောင့်ပင် စလေဆရာကြီးဦးပုည၏ တေးထပ်တွင်...

'ရာဟုနှင့်စနေ ပူးရင်လှ ဗိုလ်မှူးကြီး ဖြစ်တတ်လှပါ။ ရဲရင့်တဲ့ အရာမှာ၊ အာဇာနည်ဆိုလောက်ကဲ့၊ ရှုံ့မကြောက်ထီမထင်၊ စွမ်းသတ္တိအစ၊ ဗန္ဓုလအသွင်လို့၊ ရဲဂုဏ်အင်ကြီးပါလိမ့်လေ'

ဟုပင် ဖော်ပြထားသည်။

စာရေးသူထံတွင် ပညာရေးနှင့်ပတ်သက်ပြီး ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများမှာ စာထဲစိတ်မဝင်စားခြင်း၊ မှတ်ဉာဏ် လျော့နေခြင်း၊ ကျက်မှတ်သမျှ မေ့လျော့ခြင်း၊ စာမေးပွဲ ကျသွားခြင်း စသည့် အနိဋ္ဌာရုံတွေကို ကြည့်လျှင် ရာဟုဂြိုဟ်သည် အဓိက ဗီလိန်အခန်းက သရုပ်ဆောင်နေသည်ကို တွေ့ရသည်။

ဇာတာအရ မူလ လဂ်ပေါ် ကောဇာ ရာဟုစီးနေခြင်း၊ မူလစန်းနှင့် မူလ ကြာသပတေး (ပညာဂြိုဟ်)ကြီးအပေါ် စီးနင်းနေခြင်းကို တွေ့ရတတ်သည်။

သက်ရောက်နှင့်ကြည့်လျှင် အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်ကျခြင်း၊ ရာဟုဂြိုဟ်စား ရာဟုဂြိုဟ်သက်ရောက်တို့တွင် တွေ့ရတတ်သည်။

စာတော်ပြီး ကြိုးစားနေကြသည့် အချို့ ကျောင်းသား,သူများပင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြသည့်အခါ မြင်းကောင်းခွာလိပ် ဖြစ်သွားကြသည်။

စာရေးသူအနေဖြင့် ရာဟုဂြိုဟ်စီးအနင်းအရ အောက်ပါ လမင်းဂါထာကို တင်ပြသွားလိုပါသည်။ လမင်းဂါထာမှာ "**ဥဒေတယံ**" အစရှိသော ဥဒေါင်းမင်းပရိတ်ကဲ့သို့ အကျိုးအာနိသင် စူးရှပါသည်။

**ရွတ်ဆိုရန်မှာ...**

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။

၂။ တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

**အနက်**

၁။ **ဝီရ၊** ကြီးသော လုံ့လရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရား။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။ **တွံ၊** အရှင်ဘုရားသည်။ **သဗ္ဗဓိ၊** ဘဝ၌ ကပ်ငြိတွယ်တာ စွဲကပ်တတ်သော ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ ဟူသော ဥပဓိလေးပါးမှ။ **ဝိပ္ပမုတ္တော၊** လွတ်မြောက်သည်။ **အသိ၊** ဖြစ်ပါ၏။ (**အဟံ၊** တပည့်တော်သည်။) **သမ္ဗာဓပဋိပန္နော၊** အကျဉ်းအကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ပါ၏။ **တဿမေ၊** ထိုတပည့်တော်၏။ **သရဏံ၊** ကိုးကွယ်ရာသည်။ **ဘဝ၊** ဖြစ်တော်မူပါဘုရား။

၂။ **အရဟန္တံ၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ **တထာဂတံ၊** မြတ်စွာဘုရားကို။ **စန္ဒိမာ၊** လ(နတ်သား)သည်။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဂတော၊** ရောက်တော်မူ၏။ **ရာဟု၊** ရာဟုအသူရိန်။ **စန္ဒံ၊** လ(နတ်သား)ကို။ **ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာနုကမ္ပကာ၊** လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သော



www.burmeseclassic.com

www.burmeseclassic.com

လောကကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏။

***(ဤလမင်းဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင်(ဓမ္မာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှပြန်ဆိုပေးပါသည်။)***

ဖယောင်းတိုင် (၈)တိုင်ကို ယူပြီး လမင်းဂါထာဖြင့် သက်စေ့ရွတ်ပြီး နေ့စဉ် တစ်ရက်တစ်တိုင်နှုန်းဖြင့် ဘုရားရှင်အား ရည်စူးပြီး အမှောင်တွင်းမှ လွတ်ကင်းအောင် ပူဇော်ပါ။

နေ့သည် ခုနစ်နေ့ရှိရာ ဗုဒ္ဓဟူးနေ့တွင် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် တစ်တိုင်စီထွန်းပါ။ ကျန်နေ့များ တစ်တိုင်စီထွန်းပါ။

မီးပူဇော်နေစဉ် လမင်းဂါထာကို (၁၀၈)ခေါက် ရွတ်ပါ။ စာမေးပွဲဖြေသူများ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် အခက်အခဲ ရှိပါက အိမ်က မိဘဖြစ်စေ၊ တစ်ဦးတစ်ယောက်က ဖြစ်စေ ဆောင်ရွက်ပေးနိုင်ပါသည်။

စီရင်ဆောင်ရွက်ရာတွင် ရက်ကောင်းများရွေးခြင်း၊ အမြိတ္တလို ရက်မျိုးရွေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဖယောင်းတိုင်တွင် စာဖြင့် လမင်းဂါထာကို ရေးခြင်း၊ သက်စေ့ ပြန်ရွတ်ခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။

စာမေးပွဲအတွက်သာလျှင် မဟုတ် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအခက်အခဲ အကျပ်အတည်းများအတွက်ပါ ဉာဏ်ရှိသလို ဆောင်ရွက်နိုင်ပါသည်။

***အာယု ဝဏ္ဏော သုခံ ဗလံ***

**မောင်ဗဟိန်း (အင်းတော်)**

ကျမ်းကိုး

- နန်းစဉ်သုံး ဂါထာမန္တန်ကျမ်း။
- ဆရာတော် ဦးကလျာဏ၏ မှတ်စုစာတမ်း။

## ဒူးနာ အတွက်

### ဆေးတစ်လက်



အောက်ပါ၌ ဖော်ပြမည့် နည်းနာနိဿယသည် ကိုယ်တိုင်ကိုယ်ကျ ကုသပေးခဲ့ခြင်း မဟုတ်သလို မျက်မြင်အသိနှင့်လည်း မရှိခဲ့ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

သို့ကြား တစ်ပါးသူက သူ၏ အတွေ့အကြုံကို ပြောပြခဲ့ခြင်းဖြစ်သည့် ထိုမြန်မာ့ဆေးနည်းတစ်လက်အား လက်ဆင့်ကမ်း သိရှိနိုင်ကြရန်အတွက် ရည်သန်ပြီးသကာလ ထိုပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက် ရယူကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးသို့ ဤစာစုအား ရေးသားပေးပို့လိုက်ရခြင်း ဖြစ်ပေသည်။

**ရှားစောင်းလက်ဆက် (သို့မဟုတ်) ရှားစောင်းလက်ဆစ်** ဟူ၍လည်းကောင်း၊ အရပ်အခေါ် အားဖြင့် တစောင်းလက်ဆက် (သို့မဟုတ်) တစောင်းလက်ဆစ်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသော အပင်မှ အဆစ် ဆယ်ဆစ်ခန့် ဖြတ်ယူပြီး နုပ်နုပ်စဉ်းပါ။

အိမ်သုံးဆား (၅၀)ကျပ်သားနှင့် ရောစပ်၍ ရေသင့်အောင် ထည့်ပြီး သန့်ပြန့်သော မြေအိုးနှင့်ပြုတ်ပါ။ ခပ်နာနာ ဆူပွက်လာ၍ အတန်ကြာလျှင် ဖိုပေါ်မှချကာ...

သန့်ရှင်းစင်ကြယ်သော အဝတ်စ (သို့မဟုတ်) ပိတ်ပါးစ တစ်ခုခုတို့နှင့် အိမ်သုံးဆားကို သင့်လျော်အောင် ထုပ်ထားသည့် ဆားကြိပ်ထုပ်များ အဆင်သင့်ပြုလုပ်၍ ယင်းတို့အား မြေအိုးထဲမှ ထွက်ပေါ်လာသော အငွေ့ကိုခံပြီး တစ်ထုပ်ပြီးတစ်ထုပ် ဒူးနာပေါ်မှာ ပယ်ပယ်နယ်နယ် ကြပ်ထုပ် ထိုးပေးပါ။

ဆေးကျိုထားသည့် မြေအိုးမှ အငွေ့အရှိန်များ လျော့ပါးသွား၍ ကြက်သီးနွေး အနေအထားသို့ ရောက်လာကာမှ ထိုဒူးနာပေါ်သို့ အဝတ်စ (သို့မဟုတ်) ပိတ်ပါးစသန့်သန့် ပတ်ချည်ထားပြီး ဆိုခဲ့သည့် ထိုဆေးပြုတ်ရည် ကြက်သီးနွေးကို ဆွတ်,ဆွတ်ပေးပါ။ ချည်ပတ်ထားသည့် ဒူးနာပေါ်က ပတ်တီးစသည် လုံးဝ အေးသွားမှ ထိုအစကို ဖြေပါ။

ဤကဲ့သို့ တစ်နေ့ (၂)ကြိမ်၊ (၃)ကြိမ် ပြုလုပ်ပေးပါလျှင် ဒူးနာပင်မက ဒူးကိုက်၊ ဒူးရောင်နှင့်တကွ အဆစ်နာ အဆစ်ကိုက်၊ အဆစ်ယောင်၍ ဖြစ်တတ်သော လေးဖက်နာတို့ပါမကျန် သက်သာပျောက်ကင်းစေသည်ဟု ဆိုပါသည်။

**မှတ်ချက် ။ ။ ဤဆေးနည်းသည် ထိခိုက်ဒဏ်ရာကြောင့် နာကျင် ကိုက်ခဲ ရောင်ရမ်းခြင်းတို့အတွက် ထိရောက်မှု ရှိ,မရှိ မသိရသေးဟု ဆိုပါသည်။**

***လောကလင်း ချမ်းသာကြ၍***

***သောကကင်း ကျန်းမာကြပါစေ။***

**စဉ့်ကူ စိုးဝင်းထက်မောင်**

**(သျှင်စာမွန်)**




www.burmeseclassic.com

www.burmeseclassic.com

# သိမ်ဖိစင်မခြောက်နှင့်

သစ်ခြောက်တိုင်

ဇော်ဦးမြင့်
(နေပြည်တော်)



◆ သစ်ခြောက်တိုင်အတွင်း
ရိုက်ထည့်သော သိမ်ဖိုတ်တုတ်

လမ်းထိပ်မှ ကင်းတဲဆီက သံချောင်းခေါက်သံ(၁၁)ချက်ကို ကြားလိုက်ရသည်။ အိမ်ရှေ့လမ်းမပေါ်၌သည်း တစ်နေကုန် သွားလာလှုပ်ရှားနေသော စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကားသံမှအစ တဖြည်းဖြည်း တိတ်ဆိတ်စ ပြုနေလေပြီ ဖြစ်သည်။

ဒီလိုအသံတွေ တိတ်ဆိတ်လာလျှင် မိမိအိမ်မှ အသံတစ်သံက စတင်သက်ဝင်လာပါတော့သည်။ ဒီအသံက တဒေါက်ဒေါက်နှင့် စည်းဝင်၊ ဝါးဝင် တိုင်ပင်ညီလှပါပေသည်။ လူခြေတိတ်မှ စတင်မြည်သံပြု၍ နံနက်အရုဏ်တက် အိမ်ရှေ့လမ်းမပေါ်မှ လူသွားလူလာအသံများကြားရလျှင် ငြိမ်သက်သွားပြန်သည်။

ယုံကြည်မှု အလွန်နည်းပါးသော မိမိသည်ပင် မည်သို့ ကောက်ချက်ချရမည်မသိအောင် ဖြစ်နေရပါသည်။ မိမိသည် အစိုးရဝန်ထမ်းဖြစ်၍ နိုင်ငံတော်ပေးသော မြေကွက် တစ်ကွက်ရပါ၏။ ပေ(၆၀)၊ ပေ(၈၀)တစ်ကွက် ဖြစ်၍ ယင်းမြေကွက်ပေါ်တွင် သုံးပင်.လေးပင်နှစ်ထပ်အိမ်လေးတစ်လုံး ဆောက်ရန် မိခွေးနဲ့စာလေးကို စုဆောင်း၍ ကန်ထရိုက်ပေးစနစ်နှင့် ဆောက်လုပ်ခဲ့ပါသည်။

မိမိပေးနိုင်သော ငွေပေါ်မှာ မူတည်၍ ကျွန်း၊ ပျဉ်းကတိုး စသည့် သစ်ကောင်းနှင့် မဆောက်နိုင်ပါ။ အင်၊ ကညင်၊ ကြက်ရိုး၊ ကတီ အစရှိသော ဒုတိယတန်းစား သစ်များနှင့်သာ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ထိုသစ်များကိုပင် အသစ်(သစ်လုံးခွဲစိတ်၍) မဟုတ်သဲ အိမ်အဟောင်းဝယ်ယူ၍ ဆောက်လုပ်ခဲ့ရခြင်း ဖြစ်ပါသည်။

မဆောက်ခင်၊ ဆောက်နေဆဲမှာ ဘာပြဿနာမျှ မရှိခဲ့ပါ။ ဆောက်ပြီး မိသားစုနှင့် စတင် နေထိုင်သည့်နေ့မှ စ၍ ည လူခြေတိတ်လျှင် အိမ်၏ အနောက်မြောက်ထောင့်တိုင်မှ တဒေါက်ဒေါက်နှင့် တစ်ညလုံး မြည်နေပါတော့သည်။

ပထမတော့ အကောင်တစ်ကောင်၏ အမြီးရိုက်သံ၊ ဒါမှမဟုတ် တိုင်အတွင်း၌ ပိုးကိုက်နေ၍ မြည်နေသော အသံဟု အမှုမဲ့အမှတ်မဲ့ နေမိပါ၏။ မိမိမှာ အိမ်ထောင်ကျသည်က (၂)နှစ်သာရှိသေး၍ အမျိုးသမီးမှာ ကိုယ်ဝန် (၆)လခန့် ရှိနေပြီ ဖြစ်သည်။ နေ့လယ်နေ့ခင်း ရုံးပိတ်ရက်မှအပ အိမ်တွင် အမျိုးသမီးတစ်ယောက်တည်းသာ ရှိ၍ မိမိမှာ ရုံးသို့ အလုပ်သွားရပါသည်။

အမျိုးသမီးက မိမိအား တစ်ခါတစ်ရံ အိမ်ပေါ်မှာ လူမရှိဘဲ ခြေသံများ ကြားရသည်ဟု လည်းကောင်း၊ တစ်ခါတစ်ရံတွင် လူရိပ်လိုလို အရိပ်တွေ ဖြတ်သွားတာကို မြင်လိုက်မိသလို တွေ့ရပါသည်ဟု လည်းကောင်း ပြောလာပါသည်။ မိမိကလည်း...

'မင်း စိတ်ထင်လို့ပါ၊ ဒီခေတ်ကြီးမှာ ဒါတွေ မရှိတော့ပါဘူး။ တစ်ယောက်တည်းနေရလို့ စိတ်ချောက်ချားတာ ဖြစ်မှာပါ'

ဟု ပေါ့ပါးသောစိတ်နှင့်သာ ပြန်လည် ပြောဆိုမိပါသည်။

ပတ်ဝန်းကျင်၌ရှိသော တချို့ဝန်ထမ်းအိမ်များမှာလည်း တချို့ဆိုလျှင် အိမ်ပင် မဆောက်ရသေးပေ။ ဆောက်လက်စ အိမ်များနှင့် ဆောက်ပြီး စတင်ပြောင်းရွှေ့လာသော အိမ်များမှာလည်း ကျိုးတိုးကျဲတဲသာ ရှိပါသေးသည်။ ဆွမ်းခံဘုန်းကြီး ကိုရင်များပင် မရှိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ထက် တစ်နေ့ အမျိုးသမီးမှာ မိမိအား ပြောမရ၍ဘဲလား၊ ကြောက်ရွံ့စိတ်ကြောင့်လား မသိပါ။ ကိုယ်ဝန်ကို အကြောင်းပြု၍ မိဘများရှိရာ တောင်ငူမြို့သို့ ပြန်သွားပါတော့သည်။ မိမိလည်း ဘုန်းမောင်တစ်ကိုယ်တည်းဇာတ် ခင်းရပါတော့သည်။

ထူးခြား၍ သတိထားမိသည်က ဘယ်လောက်ပင် စိတ်ကြည်လင် လန်းဆန်းနေပါစေ၊ မိမိအိမ်ဝိုင်းအတွင်း ဝင်မိလျှင် စိတ်မှာ တစ်ခုခုကို ကြောက်ရွံ့နေသလို ညစ်ညူးသွားပါသည်။ စိတ်မကြည်လင်တော့ပါ။ မိမိမှာ အများကအပေါင်းအသင်းဆံ့သည်၊ ပေါင်းလို့သင်းလို့ ကောင်းသည်ဟု ချီးကျူးခံခဲ့ရသူ ဖြစ်ပါသည်။

သို့သော် ဤအိမ်ကို ပြောင်းရွှေ့ပြီးမှ လူတွေနှင့် ပေါင်းသင်းရသည်မှာ သိပ်အဆင်မပြေချင်တော့ပါ။ အမြဲတမ်းငွေကို မှုတချွေတာစွာ သုံးစွဲတတ်သူဖြစ်သော်လည်း အကြောင်းအမျိုးမျိုးနှင့် ထွက်ငွေတွေ များလာပါသည်။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားရှိခိုးတတ်သူဖြစ်သော်လည်း ယခုအခါ စိတ်မပါတော့ပါ။ အိမ်ရှိ ဘုရားစင်ကိုလည်း ဝတ်ကျေတမ်းကျေ ဘုရားပန်းလဲခြင်းသာ ပြုလုပ်နိုင်ပါသည်။ သောက်တော်ရေပင် မလဲဖြစ်တာ ကြာပြီ ဖြစ်ပါသည်။ ရုံးပိတ်ရက်၌သာလျှင် ဆွမ်းကပ်ခြင်းအလုပ်ကို လုပ်မိပါသည်။

မနေ့ကလည်း အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် အရိပ်မည်းကြီးနှင့် ကိုယ်လုံးကြီးကြီး လူဝံလိုအကောင်ကြီးမှ သူ အမဲသားစားလိုကြောင်း၊ တစ်ခါကျွေးလျှင် (၃)ပိဿာလောက်နှင့် တစ်ပတ်ကို တစ်ကြိမ် ကျွေးရမည်ဖြစ်ကြောင်း မကျွေးလျှင် ဤအိမ်မှာနေသူအားလုံးကို ဒုက္ခမျိုးစုံပေးမည်ဟု ခြိမ်းခြောက် ပြောဆိုခံရပါသည်။

မိမိလည်း ဆောင်းတွင်းအိပ်မက်ကယောက်ကယက်ဟူ၍မှေ့မှေ့ပျောက်ပျောက်နေခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် အိပ်မက်မက်ပြီး နောက်တစ်နေ့၌ မိမိအိမ်မှအထွက် ဆိုင်ကယ်တစ်စီးနှင့် တိုက်မိသလိုဖြစ်သွားရာ သတိရှိ၍သာ ဒဏ်ရာပြင်းပြင်းထန်ထန်မရဘဲ ဒူးတစ်ဖက်သာ ပွန်းပဲ့ဒဏ်ရာ ရရှိခဲ့ပါသည်။

မိမိလည်း တဖြည်းဖြည်းနှင့် ကြောက်စိတ်ဝင်လာကာ မိတ်ဆွေကြီး ဦးစိန်ဝင်းအား မိမိဖြစ်ပျက်နေသော အကြောင်းအရာများကို ဖွင့်ဟ တိုင်ပင်မိပါသည်။ ဦးစိန်ဝင်းမှာ ရဟန်း(၁၀)ဝါရမှ လူထွက်၍ အိမ်ထောင်ပြုခဲ့သော လူပြန်တော်တစ်ဦးဖြစ်လေရာ ဤကဲ့သို့ ကိစ္စများကို အတော်အတန် အတွေ့အကြုံရှိသူ ဖြစ်ပါသည်။

'ဒါဆိုရင် မင်းအိမ်မှာ တခေါက်ခေါက်မြည်နေတဲ့တိုင်ဟာ သစ်ခြောက်ပင်က အသားဖြစ်လိမ့်မယ်၊ သစ်ခြောက်ပါလာရင် အိမ်ခိုက်တတ်တယ်၊ မိသားစုကို ဒုက္ခပေးတတ်တယ်၊ ပြီးတော့ သစ်ခြောက်တို့မည်သည် မကျွတ်မလွတ်တဲ့ နာနာဘာဝတွေကို နေစရာပေးပြီး လက်ခံထားတတ်ကြတယ်'

ဟု ပြောပြလေသည်။

ထိုအခါမှ မိမိမှ...

'ဒီလိုဆိုရင် ဒုက္ခတော့ ရောက်ပါပြီ ဦးလေးစိန်ဝင်းရာ။ ကျွန်တော် ဘာလုပ်ရမှာလဲ၊ အိမ်ကြီးကို ပြန်ဖျက်ရတော့မှာလား'

ဟု အလွန် စိတ်ပျက် ဝမ်းနည်းစွာ မေးမြန်းမိပါသည်။ ဦးစိန်ဝင်းမှ...

'ငါ့တူရာ... ဒီလောက်လဲ စိတ်ပျက်စရာ မလိုပါဘူးကွာ။ အနာရှိ ဆေးရှိပါတယ်'

ဟု ပြန်ပြော၍...

'ညနေကျ ငါလာခဲ့မယ်။ မင်းစောင့်နေ'

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။ ည(၈)နာရီလောက်တွင် မိမိအိမ်သို့ ဦးစိန်ဝင်း ရောက်ရှိလာပါသည်၊ သူ၏လက်ထဲတွင် သစ်သားတုံးကို တစ်ဖက်ချွန်ထားသော တစ်ထွာကျော်ခန့်ရှိ သစ်သားတုတ် တစ်ချောင်းပါလာပါသည်။

မိမိအားလည်း တဒုတ်ဒုတ်မြည်သောတိုင်ကို ပြသခိုင်း၍ ယင်းတိုင်တွင်းရှိ အပေါက်ထဲသို့ ပါလာသည့် သစ်သားတုတ်အား တူဖြင့်ရိုက်၍ သွင်းထားလိုက်ပါတော့သည်။ ယင်းနောက် ဦးစိန်ဝင်းမှ "မင်း ဘာမှ ကြောက်စရာမလိုတော့ကြောင်း၊ ယနေ့မှစ၍ ဤတိုင်မှ မည်သည့်အသံမှ ကြားရတော့မည် မဟုတ်ကြောင်း" ပြောကြားပါသည်။

ထို့နောက် သောက်ရေတစ်ခွက်တောင်းကာ ဘုရားစင်ရှေ့၌ ထိုင်ကာ ဘုရားရှိခိုးခြင်း၊ ပရိတ်ကြီး(၁၁)သုတ်ရွတ်ခြင်းအမှုများကို ဆောက်ရွက်ပါတော့သည်။ ယင်းနောက် သောက်တော်ရေခွက်ထဲမှ ရေများကို တဒုတ်ဒုတ်မြည်တတ်သော တိုင်ကို ပက်ဖျန်း၍ အောက်ပါအတိုင်း လေးနက်တည်ကြည်သောအသံဖြင့် အမိန့်ပေးသလို ရွတ်ဆိုပါတော့သည်။

'ဤရေစင် ပက်ဖျန်းသည့် အချိန်မှစ၍ ဤအိမ်၊ ဤတိုင်အတွင်း၌ ကပ်ငြိနေသော မကောင်းသော၊ မကျွတ်မလွတ်သော ဖို့ များသည် နေထိုင်ခြင်းမပြုရ ဤအရပ်အေ ပိုင်ဆိုင်သော ကွင်းပိုင်မှ ကျွန်ပ်ငွေ အမှု၍ ဘုန်းထူးကြီးပြီး ကျွန်ုပ်အ သင့်တင့်လျောက်ပတ်သော နေရာတ အား ဆေါ်သွားပြီး နေရာပေးစေ၊ ဤအိ





www.burmeseclassic.com

www.burmeseclassic.com

ဤပိုင်း ဤခြံ ဤတိုင်သို့ လုံးဝပြန်မလာစေရ ဘုရားဝါဆွဲအမိန့် အဘဝိဇ္ဇာများ၏ အာဏာ ကမ္ဘာနှင့် သာသနာစောင့်နတ်မင်းကြီးလေးပါး နှင့် အမေသူရဿတီမယ်တော်ကြီးအမိန့် ငါ့ဆရာအမိန့်'

ဟူ၍ ဖနောင့်ပေါက်ကာ ရေဖြင့် ပက်ဖျန်းပါတော့သည်။

မှန်ရာကို ဝန်ခံရလျှင် မိမိသည် ဘာတစ်ခုမှ အယုံအကြည်မရှိသလို လူငယ်ပီပီ အသောက်အစားလည်း ကောင်းပေ၊ ဦးစိန်ဝင်းမှ စေတနာဖြင့် ကူညီနေခြင်းကြောင့်သာ အသက် အရွယ်အရ မိဘအရွယ် ဖြစ်၍လည်း ကောင်း၊ မိမိကိုယ်တိုင်ကလည်း ကြောက်စိတ်ဝင်နေခြင်းကြောင့် လည်း ကောင်း ကျေကျေနပ်နပ် လက်ခံလိုက် ခြင်းသာ ဖြစ်၏။

ထိုနေ့ညမှစ၍ မိမိ၏အိမ်မှာ မည် သည့်အသံမှ မကြားရသလို မိမိ မိသားစု မှာ အစစပြေလည်ပြီး ယခုဆိုလျှင် သားဦးရတနာလေး တစ်ယောက်ပင် လျှင် တိုးပွားလာပါတော့သည်။ သား လေး ရက်(၁၀၀)ပြည့်သောနေ့တွင် မိမိအိမ်၌ ဘုရားအမှူးပြုသော သံဃာ တော်ငါးပါးအား ဆွမ်းကပ်၍ မိမိ၏ ရင်းနှီးသော မိတ်ဆွေများကို ထမင်း ဖိတ်ကျွေးရန် စီမံပါတော့သည်။

ဦးစိန်ဝင်းအားလည်း ဆွမ်းကျွေး တရားနာရန် ဖိတ်ရပါတော့သည်။ ဦးစိန်ဝင်းမှ ဆွမ်းကျွေးကို လာစေလို သော် မိမိအား သစ္စာသုံးချက် ထိန်းနိုင် မှ လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စိတ်ချမ်းသာစွာ နေထိုင်နိုင်ခြင်းမှာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ဖြစ်ကြောင်းနှင့် ကျေးဇူးဆပ်ရာလည်း ဖြစ်အောင် စောင့်ထိန်းခိုင်းပါတော့ သည်။

မိမိမှလည်း "ကောင်းတဲ့အလုပ် လုပ်တာပဲ၊ စောင့်ထိန်းမည်"ဟု ကတိ ပြုလိုက်ရပါသည်။ မိမိ စောင့်ထိန်းရ သော သစ္စာသုံးချက်မှာ (၁) အမဲသား (ကျွဲသားမစားပါ)၊ (၂)အရက်,ဘီယာ, ထန်းရည် အစရှိသော သေရည်များ မသောက်ပါ၊ (၃) သူတစ်ပါး သားမယား မပြစ်မှားပါဟု ဖြစ်ပါသည်။ သစ်ခြောက် တိုင်ထဲသို့ ဦးစိန်ဝင်း ရိုက်ထည့်သော တုတ်မှာ သိမ်ဝင်ပန္နက် ဖြစ်ကြောင်း သိရှိရပါသည်။ ဗဟုသုတ ရရှိစေရန် ဓာတ်ပုံနှင့်တကွ ဖော်ပြအပ်ပါသည်။

***စေတနာကောင်းလျှင် ကံကောင်းမည်။***

**အောင်မိုးမြင့် *(နေပြည်တော်)***

---

## အသည်းခြောက်နှင့် ရေဖျဉ်းအရွက် ဆေးနည်းတစ်လက်

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရေဖျဉ်းအကြောင်း ရေးခဲ့ပြီးပါပြီ။ ထပ်မံ၍ အသည်းခြောက်ရောဂါကို လက်တွေ့ကုသ ပျောက်ကင်းပုံကို တင်ပြလို၍ ပေးပို့ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် ဆေးရုံမှ အသည်းခြောက်နှင့် ရေဖျဉ်းဟု ဆုံးဖြတ်ပေးလိုက် သော လူငယ်တစ်ယောက် စာရေးသူထံသို့ ရောက်လာပါသည်။ ကုသပေးပုံမှာ...



တောင်ဆီး(ဇီး)ဖြူ ဆေးပင်ကလေးများ နုတ်၍ ရေဖြင့် (၃)ခွက် တစ်ခွက်တင် ကျိုတိုက်ပါသည်။ စာရေးဆရာ ဦးသာဂဒိုး၏နည်းပါ၊ တောင်ဆီးဖြူ ပင်လေးများမှာ အလေ့ကျပင်ဖြစ်ပြီး အလွန် မြင့်လှပါ။ အရွက်လေးများ၏ အောက်မှာ ငေးငယ်သော အသီးလေး များ ပါ,ပါသည်။ တောဆီး(ဇီး)ဖြူပင်နှင့် မလွဲရန် ဂရုပြုပါ။



ရေဖျဉ်းကိုတော့ ယခင်အတိုင်း ...င်...

ဆင်ငိုမြက် ပဥ္စင်းပါ။
ထိကရုံး ပဥ္စင်းပါ။
နနွင်းခါး ပဥ္စင်းပါ။***(မရလျှင် နနွင်းခါးမှုန့် ပရဆေးဆိုင်တွင် ရနိုင်သည်။)***

ဆတူယူ၍ ကုလားထိုင်အောက်မှ မီးသွေးဖိုဖြင့် ယင်းဆေးများကို ပြုတ်ပြီး စောင် ခြုံ၍ ချွေးထုတ်ပါ။ ခေါင်းမြီးမခြုံပါနှင့်။

လူနာအားအင် အနေအထားကြည့်၍ တိုး သင့်တိုး၊ လျှော့သင့်လျှော့ ချိန်ဆပြုလုပ်ပေးပါ။ ဤသို့ ကုသချက်များမှာ စာရေးသူကိုယ်တွေ့ များပင် ဖြစ်ပါသည်။

*ပဿေယျ,တံ,ဝဿသတံ အာရောဂျံ*

**မောင်အောင်ဝင်း**
*(တိုင်းရင်းဆေး)*
**မိတ္ထီလာ**



www.burmeseclassic.com

www.burmeseclassic.com

# ဘာသာစုံဂုဏ်ထူး

ရရှိ အောင်မြင်မလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်၊ ကြာသပတေးနေ့ နံနက်စောစောတွင် ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းသို့ အသက် (၁၆)နှစ်အရွယ် ကျောင်းသားတစ်ဦးနှင့် သူ၏မိခင်တို့ လာရောက်ကြပြီး ၂၀၁၂ ခုနှစ်၊ မတ်လ၊ တက္ကသိုလ်ဝင်တန်း (၁၀ တန်း) စာမေးပွဲကြီးကို အခက်အခဲမရှိ အဆင်ပြေလွယ်ကူစွာ ဖြေဆိုနိုင်ပြီး **ဂုဏ်ထူးများများ ရရှိအောင်မြင်ဖို့** အထူး ယတြာ အစီအရင် တောင်းခံခြင်း၊ လက္ခဏာဗေဒင်ပညာဖြင့် စစ်ဆေးဟောပြောမှု ခံယူခြင်း ပြုခဲ့ပါသည်။


ထိုကျောင်းသားမှာ သောကြာသားဖြစ်သည်။ ရန်ကင်း အ-ထ-က(၂) တွင် ကျောင်းတက်သူဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်ထံ လာရာက်ချိန်က ခုံနံပါတ်ကို မသိရသေးပါ။

**ဘာသာစုံဂုဏ်ထူး မှန်းထားပြီး** ငယ်စဉ်ကတည်းက ပညာထူးချွန်ထက်မြက် ကြိုးစားသူဖြစ်ကြောင်း၊ သူ၏မိခင်က ပြောပြပါသည်။

ကျောင်းတွင်း စာမေးပွဲများမှာလည်း အဆင့်(၁)မှ (၅)အတွင်းဝင်ပြီး၊ ဘာသာတိုင်း ဂုဏ်ထူးမှတ်ကျော်ကျော် ရရှိထားကြောင်းလည်း ပြောပြသည်။

ထိုကျောင်းသား၏ လက်ဖဝါးပြင်များကို ပုံနှိပ်ရယူပြီး စစ်ဆေးသောအခါ...

**"က"**အက္ခရာနှင့် ညွှန်ပြထားသည်မှာ **လက်သန်းလက်ချောင်း**






www.burmeseclassic.com


www.burmeseclassic.com

**ထိပ်ဖျားက လက်သူကြွယ်ထိပ်ဆုံး အဆစ်ထက် (၁)စင်တီမီတာခန့် ပို ရှည်ထွက်နေကြောင်း** တွေ့ရှိရသည်။

ထို့ပြင် လက်သန်းလက်ချောင်းက လက်သူကြွယ် လက်ချောင်းထက် ပိုပြီး ဖွံ့ဖြိုးတုတ်ခိုင် အားကောင်းနေသည်။

ထိုအချက်က **ဗုဒ္ဓဟူးယုဂ်** ရသူ ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည်။


* * *




ဗုဒ္ဓဟူး၏ စွမ်းရည်ကြောင့် ဉာဏ်ရည် ထက်မြက်၊ သွက်လက်ချက်ချာ၊ တက်ကြွ လှုပ်ရှား။ သင်္ချာအတွက်ကောင်းဟု သုံးသပ် နိုင်မည်။

**"ခ" အက္ခရာ**နှင့် ညွှန်ပြထားသည်မှာ **ဦးခေါင်းလမ်း (ဉာဏ်လမ်း) ဖြောင့်တန်းရှည်လျားပြီး လက်ဖဝါး စောင်းကို ရောက်လုနီး ဖြစ်သည်။** သို့သော် ဦးခေါင်းအဖျားမှာ ကျွန်း သင်္ကေတနှင့် အပြတ်သင်္ကေတများ တွေ့ရသည်။

* * *





ထိုသင်္ကေတမှာ လုံ့လဝီရိယကောင်းခြင်း၊ စာကျက်လျှင် မြန်မြန်ရပြီး ကြာကြာ မမှတ် မိတတ်ခြင်းမျိုး ဖြစ်စေတတ်သည်။

သို့သော် အတွက်အချက် သင်္ချာပညာတို့မှာ ပို၍ စိတ်ဝင်စား ထူးချွန်နိုင်သည်။

သိပ္ပံပညာရပ်တွင် ပို၍ ထူးချွန်နိုင်သူဖြစ်၍ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ စသော ပညာရပ်များမှာ ဂုဏ်ထူး ရရှိတတ်သူ ဖြစ်သည်ဟု ယေဘုယျ ခန့်မှန်းနိုင်သည်။

**"ဂ" အက္ခရာ**နှင့် ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်း (ဉာဏ်လမ်း)ဆုံရာနှင့် လက်ညှိုး အောက် ကြာသပတေးဂြိုဟ်ခုံ ဆက်သွယ်ထားသော **ရည်မှန်းချက် လမ်းကြောင်းတွင် ကန့်လန့် ဥပဒ်လမ်း ဖြတ်သန်း**နေခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတမှာ ရည်မှန်းချက် မြင့်မားသော်လည်း အနှောင့်အယှက် အခက်အခဲ ကြုံ တတ်ပြီး ရည်မှန်းချက်အချို့ ပျက်တတ်သည့် နိမိတ် ဖြစ်ပါသည်။

**"ဃ" အက္ခရာ**နှင့် ညွှန်ပြထားသည်မှာ လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခုံပေါ်မှာ အပေါ်ဘက်လှည့် **ခက်ရင်းခွ သင်္ကေတ**ရှိခြင်း ဖြစ်သည်။ သောကြာခါးပတ်လမ်းပေါ်မှ ထွက်ခြင်း ဖြစ်သည်။

* * *




ထိုသင်္ကေတမှာ ဂုဏ်ထူးများများ ရရှိ အောင်မြင်တတ်သည်။

အထက်ပါ အချက်အလက်များကို စုပေါင်းသုံးသပ်ခြင်းဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာတို့တွင် ဂုဏ်ထူးမှတ်နီးပါး ရရှိနိုင်ပြီး သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒတို့မှာ ဂုဏ်ထူးမှတ်ကျော် ရနိုင်ကြောင်း အဟောထုတ်လိုက်ပါသည်။

၉-၆-၂၀၁၂ ရက်၊ စနေနေ့ မနက်ပိုင်း တက္ကသိုလ်ဝင်တန်း (၁၀တန်း) အောင်စာရင်းထွက်ရာ နံနက် (၈)နာရီခန့်တွင် ထိုလက္ခဏာရှင်ကျောင်းသား ကျွန်ုပ်ထံသို့ လာရောက် တွေ့ဆုံပြီး ဆရာဟောကြားခဲ့သလို (၄)ဘာသာ ဂုဏ်ထူးထွက် အောင်မြင်ကြောင်း၊ မြန်မာစာနှင့် အင်္ဂလိပ်စာ ဂုဏ်ထူး မရကြောင်း ပြောပြခဲ့ပါသည်။

သို့သော် ယခုလောက် ရရှိသည်ကိုပင်လျှင် အလွန် ဝမ်းမြောက်ပါကြောင်း၊ ကျေးဇူး အထူးတင်ကြောင်းလည်း ပြော၍ ပျော်ရွှင်စွာ ပြန်သွားခဲ့ပေသည်။

စာဖတ်သူများလည်း မိမိတို့ သားသမီးများတွင် တက္ကသိုလ်ဝင်တန်း ဖြေမည့် ကျောင်းသားကျောင်းသူများ ရှိပါက သူတို့၏ လက်ဖဝါးပြင်တွင် ကြိုတင်ကြည့်ရှုကာ ဂုဏ်ထူးများများ ရနိုင်၊ မရနိုင် ကြိုတင် ခန့်မှန်းနိုင်ကြပါစေသတည်း။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသည်**



www.burmeseclassic.com

www.burmeseclassic.com

အလှဆင်

ထက်မင်းကျော်စွာ

# ဘော်ကြယ် သီကုံးနည်းပညာ (၂)

## ယခင်လမှ အဆက်

ကြိုးစတစ်ဖက်တွင် ဘော်ကြယ် လေးလုံးသီပါ။ စတုတ္ထဘော်ကြယ်တွင် ကျန်ကြိုးစကို ကြက်ခြေလျှိုသွင်းပါ။ **(ပုံ-၂)** ကြိုးစထိပ်နှစ်ခုကို မျက်နှာချင်းဆိုင် လားရာပြောင်းပြန်ရှိရပါမည်။


လေးလုံးသီသော ကြိုးစကို မူလ (၅)လုံးတွဲရှိ အနီးဆုံး ဘော်ကြယ်တွင် ထပ်၍လျှိုသွင်းပါ။**(ပုံ-၃)**

ယခင်လျှိုသွင်း၍ ထွက်လာသော ကြိုးစဖြင့် ဘော်ကြယ်သုံးလုံးသီပါ။ နောက်ဆုံးဘော်ကြယ်တွင် ကျန်ကြိုးစ လျှို၊ မူလ(၅)လုံးတွဲရှိ အနီးဆုံး ဘော်ကြယ်တွင် ထပ်၍လျှိုသွင်းပါ။**(ပုံ-၄)** မူလ(၅)လုံးတွဲ တစ်ကွက်နှင့် အရံ(၅) လုံးတွဲ နှစ်ကွက် စုစုပေါင်း သုံးကွက် ရှိပါပြီ။

ယခင် လျှိုထုတ်လာသော ကြိုးစဖြင့် သုံးလုံးသီပါ။ နောက်ဆုံး ဘော်ကြယ်တွင် ကျန်ကြိုးစလျှိုပါ။ (၃)လုံးသီသောကြိုးကို မူလ (၅)လုံးတွဲရှိ အနီးဆုံး ဘော်ကြယ်မှ လျှိုထုတ်ပါ။ အရံ (၅)လုံးတွဲ သုံးကွက်ရှိပါပြီ။ **(ပုံ-၅)**


ယခင်လျှိုထုတ်သော ကြိုးစဖြင့် သုံးလုံးသီပါ။ နောက်ဆုံးဘော်ကြယ်တွင် ကျန်ကြိုးစကို လျှိုပါ။ မူလ(၅)လုံးတွဲရှိ အနီးဆုံး ဘော်ကြယ်မှ ထပ်လျှိုပါ။ အရံ(၅)လုံးတွဲ (၄)ကွက် ရှိပါပြီ။ **(ပုံ-၆)**

ယခင် လျှိုထုတ်ထားသော ကြိုးစဖြင့် ဘော်ကြယ်နှစ်လုံး သီပါ။ ဒုတိယ ဘော်ကြယ်တွင် ကျန်ကြိုးစကို လျှိုပါ။ နှစ်လုံးသီသော ကြိုးစကို မူလ (၅)လုံးတွဲရှိ အနီးဆုံး ဘော်ကြယ်မှ လျှိုထုတ်ပါ။ အရံ(၅)လုံးတွဲ (၅)ကွက်ပြည့်၍ အလယ်ဗဟိုတွင် မူလ (၅)လုံးတွဲ တစ်ကွက် စုစုပေါင်း (၅)လုံးတွဲ (၆) ကွက် ပြီးမြောက်ပါပြီ။



▲ နည်း(၁) ပုံ-၂

▼ နည်း(၁) ပုံ-၃




တင်းတင်းရင်းရင်း ဖြစ်အော[...] ပြုပြင်ကာ ကြိုးစနှစ်ဖက်ဆွဲညှိ[...] ကမ္ဘာလုံးခြမ်းပုံစံ ထွက်ပေါ်ပ[...] ဘော်လုံးထက်ခြမ်း၊ ခြင်းလုံး[...] ခြမ်းပုံနှင့် တူပါသည်။




www.burmeseclassic.com

www.burmeseclassic.com




▲ နည်း(၁) ပုံ-၄

▼ နည်း(၁) ပုံ-၅



▼ နည်း(၁) ပုံ-၆



ဤအခြေခံသီကုံးနည်းကိုအခြားသောတန်ဆာဆင်မှုများတွင် ထည့်သွင်း အသုံးပြုပါမည်။

## အခြေခံသီကုံးနည်း(၂)

地 球 串

တီချီးချွမ်(Di Qiū Chuàn)

ကမ္ဘာလုံးပုံစံ သီကုံးခြင်း

**သီကုံးနည်း(၁)** ကမ္ဘာလုံးခြမ်းကို အခြေခံပါသည်။

ကမ္ဘာလုံးခြမ်း သီကုံးပြီးနောက် ကြိုးစတစ်ဖက်ဖြင့် ဘော်ကြယ်သုံးလုံးသီပါ။ တတိယဘော်ကြယ်တွင် ကျန်ကြိုးစကို လျှိုထုတ်ပါ။ သီသော ကြိုးစကို ကမ္ဘာလုံးခြမ်းရှိ အနီးဆုံးဘော်ကြယ်တွင် လျှိုထုတ်ပါ။ **(ပုံ-၁)** အရံ(၅)လုံးတွဲ တစ်ကွက်ရပါပြီ။

ယခင် လျှိုထုတ်ထားသော ကြိုးစဖြင့် ဘော်ကြယ်နှစ်လုံးသီပါ။ ကျန်ကြိုးစကို နောက်ဆုံး(ဒုတိယ) ဘော်ကြယ်မှ လျှိုထုတ်ပါ။ သီကြိုးအစကို ကမ္ဘာလုံးအခြမ်းရှိ အနီးဆုံး ဘော်ကြယ်မှ လျှိုထုတ်ပါ။ **(ပုံ-၂)** အရံ(၅)လုံးတွဲ (၂)ကွက် ရရှိပါပြီ။

ယခင်လျှိုထုတ်သော ကြိုးစဖြင့် ဘော်ကြယ်နှစ်လုံးသီပါ။ ကျန်ကြိုးစကို နောက်ဆုံး ဘော်ကြယ်မှ လျှိုထုတ်ပါ။ သီကြိုးအစကို ကမ္ဘာလုံးအခြမ်းရှိ အနီးဆုံးဘော်ကြယ်မှ လျှိုထုတ်ပါ။ အရံ(၅)လုံးတွဲ သုံးကွက်ရှိပြီ ဖြစ်သည်။

ဤနည်းအတိုင်း အရံ(၄)ကွက်ရအောင် သီပြီးသောအခါ ဘော်ကြယ်တစ်လုံးတွင် ကြိုးစနှစ်ဖက် ကြက်ခြေ လျှိုထုတ်ခြင်းဖြင့် ကမ္ဘာလုံးပုံပေါ်လွင်လာပါမည်။ **(ပုံ-၃)**


ခြင်းလုံးနှင့် တူနေပါမည်။ ဤ အခြေခံသီနည်း(၂)သည် အခြားသော အဆင်တန်ဆာများတွင် တွဲဖက် သုံးစွဲနိုင်သကဲ့သို့ သူ့ချည်းလုံးချည်းလည်း အသုံးပြုနိုင်သည်။

သော့တွဲ၊ ပိုက်ဆံအိတ်ဇစ်ခေါင်း ထီးလက်ကိုင် စသည်တို့တွင် ချိတ်ဆွဲတတ်ကြသည်။




www.burmeseclassic.com

www.burmeseclassic.com




◆ နည်း(၂) ပုံ-၁

◆ နည်း(၂) ပုံ-၂



◆ နည်း(၂) ပုံ-၃



လုပ်ငန်းဆောင်တာများကို နိုင်နင်းစွာ ကိုင်တွယ်လှုပ်ရှားနိုင်ခြင်း၊ အဆင်ပြေ အောင်မြင်ခြင်းအကျိုးကို ပေးစွမ်းသည်။ တီချိုး(Di Qiü)သည် ကမ္ဘာလုံးဖြစ်ကာ မြေကမ္ဘာဟုလည်း အဓိပ္ပာယ်ရသည်၊ မြေဓာတ်အားပြုသည်၊ လုံးဝန်းခြင်းကား ရေဓာတ်၏ ယင်းဓာတ်ဆောင် သရုပ်ဖြစ်သည်၊ မြေဓာတ်က အောင်နိုင်သည်။ ထိန်းချုပ်နိုင်သည်။

ဤကဲ့သို့ မြေဓာတ်နှင့် ရေဓာတ်တို့၏ ဆက်သွယ်မှု ဝှယုင်းဓာတ်အားကြောင့် လုပ်ငန်းဆောင်တာများ အဆင်ပြေ အောင်မြင်ခြင်းအကျိုးကို ပေးစွမ်းခြင်းဖြစ်သည်။

လုံးဝန်းခြင်းမှာ စည်းလုံးညီညွတ်ခြင်းကိုလည်း သရုပ်ဆောင်သည်။ ရန်ဖက်၊ အငြိုးအတေး ပြေပျောက်စေသည်။ စိတ်ကောက် စကားများထားသော ချစ်သူထံမှ ဤကမ္ဘာလုံးပုံ ဘော်ကြယ်ကလေး ပေးပို့ရရှိပါက **'စိတ်ကောက်ပြေ၍ အမြန်လာပါတော့'** ဟု စေတမန်ပါးခြင်း ဖြစ်သည်။

ရန်သူထံမှ ပေးပို့လာလျှင်ကား စေ့စပ်ညှိနှိုင်းကာ ဆွေးနွေးလိုသည်။ ငြိမ်းချမ်းရေး တည်ဆောက်လိုပါသည်ဟု ညွှန်း၏။

အဝေးရောက်ချစ်သူထံမှ ပေးပို့လာလျှင်ကား တူနှစ်ကိုယ် အမြန်နီးလိုလှပါပြီဟု နားပူနားဆာ လုပ်ခြင်းဖြစ်သည်။ တည်ဆောက်ဆဲ၊ လုပ်ကိုင်ဆဲ လုပ်ငန်း၊ စီမံကိန်းနေရာဒေသမှ ပေးပို့လာပါက အလုံးစုံ ပြီးမြောက်လေပြီ၊ အောင်မြင်လေပြီဟု သတင်းကောင်းပါးခြင်း ဖြစ်လေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

# မဟိဒ္ဓိရှင် သိဒ္ဓိရှင်..ကို (၁)

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့ ပြည်မြို့က ဆရာပုဏ်ဆီကို ဖိုးဟန် သွားပြီးကန်တော့တယ်။ အဲဒီအချိန်က ဆရာပုဏ် သီရိခေတ္တရာ ပျူခေတ်က သမိုင်းဝင်ဘုရားကြီးတစ်ဆူရဲ့ တန်ဆောင်းတစ်ခုမှာ တည်းခိုတယ်။ တန်ဆောင်းက တစ်ဆောင်တည်းပါ၊ မြောက်အရပ်ကို မျက်နှာမူထားတယ်။

မနက်(၉)နာရီလောက် ရောက်သွားတော့ ဆရာပုဏ်ကို တန်ဆောင်းထဲမှာ တွေ့ရတယ်။ ဖိုခွင် မဝင်ဘူး။ ဖိုးဟန်က ကန်တော့ဖွယ် ပစ္စည်းတွေကို ဆရာပုဏ်ရှေ့မှာချပြီး လက်အုပ်ချီမိုး ရှိခိုးကန်တော့တယ်။ ဆရာပုဏ်ကလဲ ဆုတွေပေးလို့ ဝေနေတာပဲ၊ အကြာကြီး။

ဖိုးဟန်နဲ့ ဆရာပုဏ်ကြားမှာ ရေနွေးအိုးရှိတယ်။ လက်ဖက်သုပ်တစ်ပန်းကန်နဲ့ မြေပဲကြော်တစ်ပန်းကန်လဲ ရှိတယ်။ ဆရာပုဏ်က ရေနွေးပန်းကန်ထဲကို ရေနွေးထည့်ပြီး ဖိုးဟန်ကို ပေးတယ်။ လက်ဖက်စားလိုက်၊ မြေပဲဝါးလိုက်နဲ့ ဆရာ,တပည့်တွေ စကားလက်ဆုံ ပြောမကုန် ဖြစ်နေကြတယ်။

ရွာအကြောင်း၊ ရပ်အကြောင်း စီးပွားရေး, ကျန်းမာရေးအကြောင်းတွေ ပြောကြဆိုကြရင်း ဆေးဝါး, ဗေဒင်, နက္ခတ်, ယတြာ, ဓာတ်အကြောင်းတွေ ရောက်သွားတယ်။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ပါပဂြိုဟ်၊ သောမဂြိုဟ်၊ ဓာတ်မ [illegible]လားပါး၊ ဓာတ်ဖို လေးပါး၊ ရုပ်ဓာတ် [illegible]းပါး၊ နာမ်ဓာတ်ကိုးပါး...

'နာ'ကို တနင်္ဂနွေဂျုန် ရှေ့မြောက်ကြို နေတုံ(၆)နှစ်မျှ၊ 'သံ'ကို အင်္ဂါ ခြသေ့် ရှေ့တောင်ကွေ့ မရွေ့(၈)နှစ်မျှ၊ 'ဒန်'ကို စနေနဂါး နောက်တော[illegible]း နေငြား(၁၀)နှစ်ပ၊ 'ဘော်'[illegible] ရာဟု ဟိုင်းဂြိုဟ် နောက်မြော[illegible] ရေလို





www.burmeseclassic.com

www.burmeseclassic.com

(၁၂)ပ ပါပဓာတ်။

**'ဥတု'**ကို တနင်္လာကျား(၁၅) နေ ကြားရှေ့ရပ်က၊ **'ဘင်'**ကို ဗုဒ္ဓဟူးဆင် တောင်ရပ်ခွင် နေလျှင်(၁၇)ပ၊ **'ပြဒါး'**ကို ကြာသပတေးကြွက် (၁၉) ဘက် နေလျက်အနောက်က၊ **'သွပ်'** ကို သောကြာပူးမှဲ့ မြောက်တည့်တည့် (၂၁)နှစ်ကျ သော်မဓာတ်။

**'ရွှေ'**ကို **ကိတ်ဓာတ်** ကိုးသချာ ဂြိုဟ်ခွင်အလယ်မှာ စတာတွေ...

(၁၀၈)နဝင်းကြီးရဲ့ ဒန်နာသုတ အကြောင်းတွေ ဆရာပုဏ်က ဩဝါဒ စကား ခြွေတယ်။

(၁)ကို **ကာမလောက**၊ (၀)ကို **ရူပလောက**၊ (၈)ကို **အရူပလောက**၊ (၁၀၈)မှာ (၈)ကိုချေ အန္တောဓာတ် (၁၀)၊ သုညကိုချေ အဌာရသ(၁၈)၊ (၁)ကိုချေ အကြွင်းပြောင်းပြန် အသီတိ (၈၀)၊ သုညဆိုတာ စနေ(၇)ပဲ၊ (၁)နဲ့ (၇)ကို ပေါင်း(၈) အဲဒါ **မြသော့ဆေး** မယုံမရှိနဲ့ လွယ်လွန်းလှတယ်။ လက်တွေ့။

နားလည်မှ အောင်မြင်မယ်။ နားမလည်လို့ မသိမမြင်ရင် ဆုံးရှုံးမယ်။

စီးပွားပျက်မှာ ဘဝပျက်မှာ ဖိုးဟန် ကြောက်ပါတယ်။ ဆရာပုဏ်က မနား ဘဲ ဆက်ပြန်တယ်။

ကျမ်းလျှောက်တော့မဆုံး ကျမ်း ပေါက်တော့ တစ်လုံးတဲ့။ ကျမ်းပေါက် ဖို့အတွက် ကျမ်းလျှောက်ကို လျှောက် ရမယ်။ ကျမ်းမလျှောက်ရင် ကျမ်း မပေါက်ဘူး။ တစ်လက်ကိုင်နည်းလေး နဲ့တော့ နေမဝင်ခင် မိုးကြီးချုပ်သွား မယ်။

အင်္ဂရတ်ကျမ်းစာတွေကို ဖတ်ကို ဖတ်ရမယ်လို့ ဖိုးဟန် ဆုံးဖြတ်လိုက် တယ်။ ဆရာပုဏ်စကား မြေဝယ်မကျ



နားထောင်ရမယ်။ အလိမ္မာ စာမှာရှိ၊ ပညာတွေလဲ စာမှာရှိတယ်။ ဆရာပုဏ် က...

'ပြည်မြို့ ရွှေကူရပ်ကွက် လမ်းမတော် လမ်းမှာ မွေးဖွားပြီး မုံရွာမြို့မှာ နေထိုင် တဲ့ ဒုတိယတန်း အမိန့်တော်ရရှေ့နေ ဦးဘိုးစံ ရေးသားပြုစုခဲ့တဲ့ **'နတ်လမ်း ညွှန်အဖြေဒီပကာကျမ်း'** စာမျက်နှာ (၄၀)က (၁၇၀)အထိ (၁၀၈)ဒန်နာ အန္တောကို အသေးစိတ် ရှင်းလင်းရေး သားထားတယ်။ အေး အဲဒီလိုပဲ...

ပြည်မြို့က ထွက်ရပ်ပေါက် ကျမ်းပြု ဆရာတော် အရှင်ဇာဂရ ရေးသားခဲ့ တဲ့ **'တြိကထူလစွယ်စုံကျမ်းကြီး'**မှာ စာမျက်နှာ (၁၅၅)က (၂၀၀)အထိ (၁၀၈)ကို နားလည်နိုင်အောင် ရှင်းရှင်း လင်းလင်း ဥပမာတွေပေး ရေးသား ထားတယ်။ မှီငြမ်းပြုတဲ့ ရှေးယခင်က ကျမ်းတွေကိုလဲ ဖော်ပြထားတယ်။ ပြဒါးကို အန္တောနဲ့ချုပ်တယ်။ အန္တောနဲ့ပဲ သတ်တယ် ဖိုးဟန်။

မတတ်သေးခင်တော့ အရမ်းအရမ်း ခက်တယ်။ အလွန့်အလွန်ခက်။ အေး တတ်သွားပြီဆိုရင်တော့ လောကီသိပ္ပ ဝိဇ္ဇာမိုရ်ကျမ်း စာမျက်နှာ(၉၂)၊ ဂြိုဟ်(၁၀)ပါး သဘောလက္ခဏာ

စကားစဉ်မှာ "နာမ်သည် ရုပ်ကို ပြုပြင် စေတတ်၏။ ထမင်းချက်သည်ထက် လွယ်ပါသည်"လို့ ရေးထားတယ်'

ဖိုးဟန်ကတော့ ဆရာပုဏ် အန္တော (၁၀၈)ကို တော်တော်ကြီး အသားပေး ပြောနေပါလား၊ ထူးခြားလိုက်တာလို့ တွေးနေတယ်။

'အခု ပြောသွားတဲ့ စကားတွေက အင်္ဂရတ်ကျမ်းစာတွေထဲက ကျမ်းပြု ပုဂ္ဂိုလ်တွေရဲ့ အဆိုအမိန့် ဩဝါဒ လမ်းညွှန်စကားတွေပဲ။ ကျမ်းကိုလဲ ကိုင်ရင်ကိုင်မှ၊ တတ်ကျွမ်းတဲ့ ပညာ ရှင်ကိုလဲ ဆရာတင်မှ အချိန်တိုတိုနဲ့ ပြီးမြောက်နိုင်မယ်'

'ကျမ်းစာတွေ ဖတ်ပြီး ပညာတတ် အောင် လုပ်ရမယ်။ အင်္ဂရတ်ပညာရှင် များကို ဆရာတင် ပညာတတ်အောင် လုပ်ရမယ်။ ဒီ(၂)ချက်ဟာ အင်္ဂရတ် မီးအတတ်မှာ အဓိက အချက်(၂)ချက် ပေါ့နော်ဆရာ'

'ဟုတ်ပါ့ မောင်ဖိုးဟန် ဟုတ်ပါ့'

'ဖိုးဟန်တို့ကတော့ အင်္ဂရတ်ပညာ ရှင်ကို ဆည်းကပ်ပြီးပါပြီ၊ ကျမ်းစာတွေ ဖတ်ဖို့ပဲ လိုပါတော့တယ်'

'ပုဏ္ဏားဆိုတဲ့ကောင်က ဘာမှ မတတ်သေးဘူးကွ ဖိုးဟန်ရ'

'ဆရာကလဲ'

'ဟော့ကောင် မင်းအထင်မကြီးနဲ့ ငါက အခုမှ အင်္ဂရတ် ဝ,လုံးတန်း'

'......'

'ဆင်ကန်းတောတိုး လုပ်ရာကနေ ကျမ်းစာတွေ ဖတ်တော့မှ လမ်းရိုးအမှန် ကို ရလာတာ။ စာတွေ့နဲ့ လက်တွေ့ ကို ပေါင်းရတယ်'

'အင်္ဂရတ် မီးအတတ်မှာ ကျမ်းစာ မဖတ်ရင်၊ တတ်မြောက်သူကို ဆရာ မတင်ရင် မပြီးမြောက်ဘူး မပေါက်



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘူးပေါ့'

'အေး ဟုတ်တယ် မင်းကို တို့ပြည်မြို့နယ်ထဲက ဆရာတော်တစ်ပါး အကြောင်း ပြောပြမယ်။ နားထောင်'

'နားဆင်လျက်ပါ ဆရာ'

'ပြည်မြို့ရဲ့ အရှေ့အရပ် (၃)မိုင် မရှိတရှိနဲ့ (၆)မိုင် မရှိတရှိ အကြားမှာ ဆရာတော်တစ်ပါး ရှိခဲ့ဖူးတယ်။ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ်၊ မြန်မာကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်ဝန်းကျင် လောက်ကပဲ။ (၄)ကျောင်းပိုင်တဲ့ (၄)ကျောင်းထိုင်ဆရာတော်။

ဘွဲ့တော်ကတော့ ဦးစန္ဒောဘာသ။ စာပေကျမ်းဂန် တော်တော်တတ်တယ်တဲ့၊ စာသင်စာချ ကောင်းတဲ့ စာသင်တိုက်ကြီးတွေမှာ စာလိုက်ခဲ့တာတဲ့။ စာမေးပွဲတွေလဲ ဝင်ဖြေတယ်။ ဘုန်းကြီးစာမေးပွဲတွေ အများကြီး အောင်ခဲ့တယ်ဆိုပဲ'

'အံ့ဩသားနော် ဆရာ'

'ဖိုးဟန် မင်းကတော့ လုပ်ပြီ။ မင်း ပြောမှာလားကွ'

'မဟုတ်ပါဘူး ဆရာရယ်၊ အံ့ဩသားဆိုတော့ လေပြည်လေညင်း ဝါယောဓာတ် စိတ်လှုပ်လှုပ်ရှားရှားပေါ့ ရှိမယ်လို့ ဖိုးဟန် တွေးမိလို့ပါ'

'အေးကွ... မင်းပြောတာ ဟုတ်ပြန်ရော။ အဲဒီ စိတ်လှုပ်ရှားမှုကြောင့် ဆရာတော်မှာ အဂ္ဂိရတ်မီးအတတ်နဲ့ ပတ်သက်လို့ ကြီးစွာသော အမှားတစ်ခုကို ကျူးလွန်မိခဲ့တယ်'

'ပြောပါဆရာရယ် ကြားချင်လှပါပြီ'

* * *

ဆရာတော်က အဂ္ဂိရတ်ဝါသနာပါတယ်။ ဖိုခွင်ဝင်တယ်။ မီးကစားတယ်။ ဘာမှတော့ မဖြစ်ဘူး။ ပြဒါး



ဝိဇ္ဇာ ဖြစ်ချင်လွန်းလို့ ပြဒါးကို ထိုးသတဲ့။ လုံထဲက ပြဒါး ဖိုခွင်ထဲက မီးနဲ့တွေ့တာနဲ့ တစ်ပြိုင်နက် ထွက်တော့တာပဲ။ မီးမတတ်တော့ ပြဒါး မီးမနေဘူး။

ပြဒါး မကောင်းလို့ မဟုတ်ဘူး။ ပြဒါးက တကယ်ကောင်းတဲ့ပြဒါး။ တရုတ်နိုင်ငံက လာတဲ့ပြဒါး။ ဝါးကျည်တောက်နဲ့ ထည့်ထားတဲ့ နဂါးတံဆိပ်ပြဒါး။ ခုခေတ်လို အရောအနှော မရှိဘူး။ အလွန်သန့်တဲ့ပြဒါး။

ဒါနဲ့ တစ်နေ့တော့ ဆရာတော်ရဲ့ ဒကာရင်း ဦးချစ်လှိုင် မန္တလေးကို ဘုရားဖူးသွားတယ်။ အပြန်ခရီးမှာ ဆရာတော်ကို ကပ်လှူဖို့ စာအုပ်(၂)အုပ်ပါ ဝယ်လာတယ်၊ အဂ္ဂိရတ်စာအုပ်တွေပဲ။ တစ်အုပ်က **လောကီသိပ္ပဝိဇ္ဇာမိုရ်ကျမ်း။** နောက်တစ်အုပ်က ဣန္ဒာစရိယဆရာတော် ရေးသားပြုစုတဲ့ **တြိနေတြဓာတ်ပြုကျမ်း။**

ဦးချစ်လှိုင် မန္တလေးက ပြန်ရောက်ပြီး နောက်တစ်နေ့မှာ ဆရာတော့်ကျောင်းကိုသွားတယ်။ ဆရာတော်ကို ဖူးတွေ့ပြီး စာအုပ်(၂)အုပ်ကို လှူတယ်။ ဆရာတော်က ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူတယ်။

စာအုပ်အလှူမြောက်ဖို့ စာအုပ်အလှူဒါနအတွက် တရားဓမ္မ လမ်းညွှန်ပြလို့ ဟောကြားတော်မူတယ်၊ ရေစက်သွန်းချပြီး အမျှဝေစေတယ်။ အလှူကြီးတစ်ခုလိုပဲ၊ အလှူအင်္ဂါ ပြည့်စုံစေတယ်။ သာမန်အလှူခံတဲ့ ပုံစံမျိုး မဟုတ်ဘူး။

ကျောင်းကနေ ဦးချစ်လှိုင် ပြန်သွားတာနဲ့ ဆရာတော်က တြိနေတြဓာတ်ပြုကျမ်းကို ဖတ်ရှုတော်မူတယ်။ ဣန္ဒာစရိယ တြိနေတြဓာတ်ပြုကျမ်းက စာမျက်နှာ(၇၉)မျက်နှာ ရှိတယ်။ စာမျက်နှာ(၅၅)အထိက ကျမ်းရဲ့အနှစ်၊ (၅၆)ကနေ (၇၉)အထိက ဖွင့်ဆိုရှင်းပြတိုက်တွန်းချက်စေတနာ။

ဆရာတော် ဦးစန္ဒောဘာသ တြိနေတြဓာတ်ပြုကျမ်းကို နမောတဿကနေစပြီး ဖတ်ရှုလိုက်တာ ဣန္ဒာစရိယ တြိနေတြဓာတ်ပြုကျမ်းပြီး၏ဆိုတဲ့အထိပဲ။ ကျမ်းဆုံးသွားတော့ ဆရာတော်မှာ သိသလိုလို၊ မသိသလိုလို သလိုလိုကြီး ဖြစ်နေတယ်။

ဒီတော့ လောကီသိပ္ပဝိဇ္ဇာမိုရ်ကျမ်း စာမျက်နှာ (၁၂၂) ရှင်ဣန္ဒာစရိယ ဩဝါဒကထာကျမ်းမူမှန်ကို ဖတ်ရှုတော်မူပြန်တယ်။ ကျမ်း(၂)စောင်စလုံးကို ထပ်ကာထပ်ကာ ဖတ်တယ်။

ထပ်ဖတ်တယ်။ နောက်တစ်ခါက် ဖတ်တယ်။ ထပ်... ထပ်... ဖတ်တယ်။

စာဖတ်နာတော့ ရေး...ရေးလေးတော့ ပေါ်လာတယ်။ ပြဒါးကို ချုပ်တဲ့ဆေးနဲ့ ပြဒါးကို သတ်တဲ့ဆေးက တစ်မျိုးတည်းပဲ။ (၁၀၈)ပဲ။ အန္တောပဲလို့ သိလိုက်တယ်။

ဆရာတော် ဦးစန္ဒောဘာသ အဂ္ဂိရတ် မီးကစားလာတာ ကြာပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဖိုအသင့်၊ မီးသွေးအသင့် ဂိုဒေါင်လေးနဲ့။ လုံအသင့် အရွယ်အစား အမျိုးမျိုး ဘာလိုချင်သလဲ။ ဓာတ်တွေဆိုတာကလဲ စုံနေတာပဲ။ လိုလေသေးမရှိ ရေကန်အသင့်၊ ကြာအသင့်။

ဆရာတော် ဦးစန္ဒောဘာသ ရက်ကြာကြာမဆိုင်းဘူး။ တြိနေတြဓာတ်ပြကျမ်းအတိုင်း စီရင်မယ်ဆိုပြီး ဖိုခွင်ဝင်ဓာတ်ကစားတယ်။ (၁၀၈)မှာ (၁၀)ကတော့ နာနဲ့ ဒန်ပဲဆိုတဲ့ အသိနဲ့ နာနဲ့ဒန်ကို ပေါင်းထိုးတယ်။ ဓာတ်တွေက အရည်ပျော်နှုန်း မတူတော့ မပေါင်းစပ်ဘူး။

နာကို အရင် လုံထဲထည့် အရည်ကျိုပျော်တော့ ကြေးကို ထည့်တယ်။ မပေါင်းဘူး။ နောက်တစ်ခါ ကြေးကို လုံထဲထည့်တယ်။ အရည်ကျိုတယ်။ နာကိုထည့်ပြန်တယ်။ ပျော်နှုန်းစံချိန် မညီဘူး။ မပေါင်းဘူးပဲ။

ခက်တာက ဆရာတော် ဦးစန္ဒောဘာသမှာ ဆရာမရှိဘူး။ ဓာတ်ပညာနဲ့ ပတ်သက်ပြီး ရှိတာတွေက သူလိုကိုယ်လို အဂ္ဂိရတ် လိုက်စားခါစ ဖိုထိုးဖက်တွေ။ ခက်နေပြီပေါ့။ နာဆီဝင် ကြေးဆီထွက် ရုပ်ပြောင်းဖို့က ခက်သားကလား။

ဒန်နဲ့နာကို ပေါင်းလို့မရတော့ နာနဲ့ ပြဒါးကို ပေါင်းပြန်တယ်။ နာက ပျော်ပြီး ပျော်နှုန်း နိမ့်ကျလာတဲ့အခါ ပြဒါး ထည့်လိုက်တော့ အဆင်ပြေသွားတယ်။ လုံထဲမှာ နာတွဲပြဒါးကို အောက်ကခံ ဒန်ကို အပေါ်ကတင်ပြီး ထိုးပြန်တယ်။ ဘာလုပ်ရမလဲ။ မျိုင်းဖြူ ထပြီး ထွက်ပြန်တယ်။ ဖြစ်ချင်တာ ဖြစ်မလာတော့ စိတ်ပျက်လာတယ်။ လက်ကလဲ ဖိုတောင် မဆွဲချင်တော့ဘူး။

ဖိုခွင်မဝင်ဘူး။ နားလိုက်ပြန်တယ်။



မီးနဲ့ ဝေးသွားပြန်တယ်။

ရှင်ကုလ္လနွာစရိယရဲ့ တြိနေတြဓာတ်ကျမ်းနဲ့ ဩဝါဒကထာ မေတ္တာစာကို ထပ်ပြီးဖတ်ပြန်တယ်။ ဒီတစ်ခါ ဘော်ပါရောတော့တယ်။ ဘော်နဲ့ကြေးကို တွဲတယ်။ မီးမဝင်တော့ (၃)ရက် အပြင်းအထန်ထိုးရတယ်။ (၁)ရက်နဲ့ မပေါင်း။ (၂)ရက်နဲ့ မပေါင်း၊ (၃)ရက်နဲ့လဲ မပေါင်း။ (၄)ရက်မြောက် ထိုးတော့မှပဲ ပေါင်းတော့တယ်။

နာနဲ့ ပြဒါးကို ပေါင်းတယ်။ နာတွဲပြဒါးကို ထည့်ထိုးတယ်။ ထွက်တယ်။ မမိဘူး။ အကြိမ်ကြိမ်အခါခါ ဖြစ်မလာလေတော့ ဆရာတော် ဦးစန္ဒောဘာသ စိတ်ဓာတ်တွေ ကျလာတယ်။

စိတ်ဓာတ်ကျရုံ မကဘူး။ အတွေးပေါင်းစုံလဲ ပေါ်လာတယ်။ ကျမ်း (၂) စောင်စလုံးကို ဟုတ်မှဟုတ်ပါ့မလားလို့ သံသယတွေ ဝင်လာတယ်။ မဖြစ်ရကောင်းလားဆိုပြီး ဒေါသတွေ ဖြစ်လာတယ်။ တက်ဒေါသနဲ့ သက်ဒေါသ နှစ်ဖြာဒေါသ ရင်မှာ ခ,လာတယ်။ စိတ်နောက်ကို ကိုယ်ပါတော့မယ်။

နောက်တစ်နေ့မှာတော့ အဂ္ဂိရတ်ကို စိတ်မကုန်နိုင်တဲ့ ဆရာတော် ဦးစန္ဒောဘာသ ဖိုခွင် ဝင်ပြန်တယ်။ မီးအရောင်ပြောင်းသွားတာ မသိဘူး။ ဖိုခွင်နဲ့လုံထား မမှန်ဘူး။ လေပေးလေယူ မဖြောင့်ဘူး။ မီးနေမီးထား မတတ်ဘူး ဆိုရစေတော့ ဓာတ်တွေ ထွက်ပြန်ပါလေရော။ အဲဒီအခါ ဆရာတော် ဦးစန္ဒောဘာသ စိတ်နေစိတ်ထား ပြောင်းသွားပြီ။

ကျမ်း (၂)စောင်စလုံးကို ယုံကြည်မှု ကင်းသွားတယ်။ မဖြစ်နိုင်တာတွေကို ရေးထားတယ်။ အလိမ်အညာတွေပဲ မဟုတ်မမှန် လုပ်ကြံရေးထားတာတွေပဲလို့ တွေးပြီး တက်ဒေါသရဲ့ အဆုံးကို နင်းမိလိုက်တယ်။

ချက်ချင်းပဲ ကျမ်း(၂)စောင်စလုံးကို ဓားနဲ့ခုတ်တယ်။ နုပ်နုပ်စဉ်းတယ်။ ဖိုတိုက်မှာ ဓာတ်ထွက်နေလို့ ရောင်စုံ ခ,နေတဲ့ မီးတောက်မီးလျှံကို ကြည့်ပြီး မီးသွေး ထပ်ထည့်တယ်။ ဖားဖိုလေကို အမြင့်ဆုံး သွင်းလိုက်တယ်။ ဖားဖိုလေ တဟဲဟဲကြောင့် တရှဲရှဲတောက်လောင်နေတဲ့ မီးထဲကို ဓားခ,ထားတဲ့ တြိနေတြဓာတ်ပြကျမ်းကို အရင်ဆုံးထည့်တယ်။ မီးက ဝါးသွားပြီ။

ဖိုဆွဲတဲ့ လက်ကို တင်းလိုက်တယ်။ တဟိန်းဟိန်း တောက်လာတယ်။ ဖိုရဲ့ထဲမှာ ကျမ်းစာကို မီးခ,လို့ ထွက်လာတဲ့ ပြာတွေက ဖိုလေအဟုန်၊ ပြင်ပလေရဲ့ အဟုန် ပေါင်းပြီး ပျံဝဲလွင့်မျောနေတယ်။

ဖိုတိုက်ထဲက စက္ကူပြာတွေ စင်သွားတော့ လောကီသိပ္ပံဝိဇ္ဇာမိန်ကျမ်း ဓားခထားတဲ့ စက္ကူတွေကို ဖိုခွင်ထဲ ထည့်ပြန်တယ်။ ဖိုဆွဲတယ်။ မီးကဝါးပြီး ပြာကျသွားပြန်တယ်။

---

ရှေ့လ ဆက်ဖတ်ပါရန်

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆိုင်

# ပရလောကသားတို့ ပြောင်းရွှေ့ပွဲ



ကျွန်ုပ်တို့ မိသားစုများသည် ဖောင်းပြင်တပ်ရင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားသောအခါ ထိုတပ်ရင်းမှာ တပ်သစ်မကာ တပ်ပေါင်းမကျဟု ပြောသော် ရသည်။ အချို့သော အဆောက်အအုံများပင် မပြီးသေးပါ။

ကျွန်ုပ် နေထိုင်ရသော အရာရှိသုံးချင်းနေအိမ်မှာ အနောက်အရပ်ကို မျက်နှာမူပြီး တည်ဆောက်ထားသော လေးလုံးတန်းအိမ်ထဲက ညာအစွန်ရှိ နေအိမ်ဖြစ်ပါသည်။ ဘယ်ဘက်တွင် ခြံချင်းကပ်နေသော နေအိမ်မှာ တည်ဆောက်၍ မပြီးသေးပါ။ ထို့ကြောင့် လူများမရှိပါ။

လူရှိသော တပ်ရေးဗိုလ်ကြီးတို့၏ နေအိမ်မှာလည်း ဘယ်ဘက်အစွန်ဆုံးက ဖြစ်ပါသည်။ သူတို့နှင့် ကျွန်ုပ်တို့၏ နေအိမ်အကြားတွင် လူမနေသော အိမ်တစ်လုံး၊ တည်ဆောက်၍ မပြီးသေးသော အိမ်ကတစ်လုံး ဖြစ်နေ၍ နှစ်အိမ် ခြားထားပါသည်။

ကျွန်ုပ်တို့အတန်းနှင့် ကျောချင်းကပ်ပြီး တည်ဆောက်ထားသော နေအိမ်လေးလုံးတွင်လည်း သုံးလုံးသာ လူများနေထိုင်လျက် ရှိပါသည်။ ဆိုချင်သည်မှာ တစ်အိမ်နှင့်တစ်အိမ်မှာ လူနေကျဲနေကြကြောင်း ဖြစ်ပါသည်။

ထို့အပြင် ကျွန်ုပ်နေထိုင်ရသော ညာဘက်အခြမ်းတွင် ဘောလုံးကွင်းနှစ်ကွင်းစာလောက် ကျယ်သော သက်ငယ်တောကြီး ဖြစ်ပြန်သေးသည်။ သက်ငယ်တော၏ ဟိုမှာဘက်အစပ်မှာတော့ စစ်သည်လူပျိုလိုင်းများ ရှိပါသည်။ ကျွန်ုပ်တို့အိမ်နှင့်ကတော့ အတန်အသင့် ဝေးနေပါသည်။

နေရသည့်အိမ်၏ ရှေ့မျက်နှာစာကို ကြည့်လိုက်လျှင် မည်သည့်အဆောက်အအုံမှ မရှိပါ။ ပကတိ တောကြီးသာ ဖြစ်သည်။ သစ်ပင်ကြီးငယ်တို့၏ အကြားတွင် ဝါးရုံပင်များ၊ ချုံနွယ်များဖြင့် အတန်အသင့် တောထူလှသော ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တောထူနေသော မြေမျက်နှာပြင်၏ အကျယ်မှာ များများစားစား မဟုတ်ပါ။ အကြောင်းမူ အဆိုပါ တပ်ရင်းမှာ တောင်ကုန်းပေါ်တွင် တည်ဆောက်ထား၍ဖြစ်သည်။

တောထဲကို ကိုက်နှစ်ရာလောက် တိုးဝင်မိသည်နှင့် ရှေ့တွင် တောင်အောက်ကို ဆင်းသွားရပါတော့သည်။ ထိုအဆင်းနေရာတွင် လူသွားလမ်းကြောင်းကလေး ရှိပါသည်။

ထိုလမ်းကြောင်းကို ယခင်က အရပ်သူအရပ်သားများ အသုံးပြုခဲ့ကြသော်လည်း ယခုအခါမှာတော့ တပ်ရင်းရှိနေ၍ အသုံးမပြုကြတော့ပါ။ နေ့လယ်နေ့ခင်းဘက်မှာတော့ တစ်ခါတစ်ရံ ဈေးရောင်းသူများ တက်လာတတ်ပါသည်။

ကျွန်ုပ်သည် ထိုတပ်ရင်းကို စတင်ပြီး တည်ဆောက်ခဲ့စဉ်အခါက မမီခဲ့သဖြင့် သိမီခဲ့သူများ၏ ပြောပြချက်အရ ယခုတပ်ရင်း တည်ဆောက်ထားသော နေရာသည် ယခင်အခါက အင်တိုင်းတောကြီး ဖြစ်ခဲ့ကြောင်း၊ ဝါးရုံပင်နှင့် ချုံယောင်နွယ်ယောင်အပင်တို့ကလည်း ထူထပ်စွာ ပေါက်ရောက်နေခဲ့ကြောင်း...

သို့ဖြစ်၍ အချို့သော ဒေသခံပြည်သူများသည် ကျွဲ နွား လာရှာရင်း တစ်ခါတစ်ရံ မျက်စိလည်ပြီး မည်သည့်နေရာကိုပဲသွားသွား မူလ စတင်ထွက်ခွာသည့် နေရာကိုပဲ ပြန်လည်ရောက်ရှိနေတတ်ကြောင်း...

ထိုကဲ့သို့သော အခါမျိုးတွင် ရောင်စုံကြာပန်းများဖြင့် ဖူးပွင့်ဝေဆာနေသော ရေအိုင်ကြီးများကိုပင် တွေ့ရှိရတတ်ကြောင်း၊ ထိုကဲ့သို့ မျက်စိလည်လမ်းမှားပြီး လိုရာခရီးကို မရောက်နိုင်တော့သောအခါမျိုးတွင် အခြားသူ



တစ်ဦးတစ်ယောက်က တွေ့ရှိသွားပြီး လမ်းပြပေးလိုက်ပါမှ လိုရာခရီးကို ရောက်ရှိကြရကြောင်း၊ ဤကဲ့သို့ ဖြစ်နေရသည်ကို ဒေသခံ ပြည်သူများက တောမှောက်သည်ဟု ခေါ်ကြကြောင်း ပြောပြပေးကြပါသည်။

ကျွန်ုပ် ရောက်ရှိသွားသောအခါ အဆိုပါ တစ်လျှောက်တွင် စစ်သည်များ ခြေမချမိရသည့် မြေဆို၍ မရှိတော့ပါ။ မည်သည့်ရေအိုင်ကြီးများကိုမှ မတွေ့ကြရပါ။ မည်သို့ပင်ဆိုစေကာမူ ထိုနေရာတစ်လျှောက်တွင် တစ်ချိန်သောအခါက တောကြမ်းသည်ဟု ပြောလျှင်ရသည်။ အပြောအဆိုများလည်း ဆင်ခြင်ရသည်ဆို၏။

ကျွန်ုပ်သည် ထိုတပ်ရင်းကို ရောက်ရှိပြီး တစ်လကျော်ကျော်လောက် ကြာသောအခါ မြစ်ကြောင်းလုံခြုံရေးတာဝန်ဖြင့် ခရီးထွက်ခဲ့ရပါသည်။ တစ်ပတ်ကျော်လောက် ကြာသောအခါ တပ်ရင်းကို ပြန်ရောက်ခဲ့ပါသည်။

တပ်ရင်းကို ပြန်ရောက်သောအခါ ကျွန်ုပ် မရှိစဉ် ကျွန်ုပ်၏ ချစ်ဇနီး ဒေါ်မိုးမိုးအေးက သူ၏ အတွေ့အကြုံအား အောက်ပါအတိုင်း ပြောပြဖြစ်ခဲ့ပါသည်။

*　　*　　*

တစ်ညသော ည (၁၁)နာရီအချိန်လောက်တွင် နေအိမ်ရှိ သားသမီးများက အိပ်ပျော်သွားကြပြီဖြစ်သော်လည်း ကျွန်ုပ်၏ ဇနီးမှာ အိပ်မပျော်သေးပါ။ ယခုမှသာ တရားအားထုတ်၍ ပြီးခါစ ရှိသေးသည်။

ထိုစဉ် နေအိမ်၏ရှေ့တွင် ကလေးငယ်လေးတစ်ယောက်၏ ငိုသံကို အတိုင်းသားကြီး ကြားလိုက်ရတော့သည်။

ယခုလို ညကြီးအချိန်တွင် အိမ်ရှေ့သို့လာပြီး ငိုစရာ ကလေးသူငယ်များ မရှိနိုင်ပါ။ ကျွန်ုပ်တို့၏ နေအိမ်ရှေ့သည် စစ်သည်ရဲမေများ၊ အရပ်သူအရပ်သား များ ဥဒဟို သွားလာနေကြသော လမ်း မဟုတ်ပါ။ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးမြင့်အောင်တို့ မိသားစုတွင် လည်း ကလေးမရှိသလို ကျောချင်း ကပ်ထားသော နေအိမ်တွင်လည်း ကလေးမရှိပါ။

သို့ဆိုလျှင် ဘယ်က ကလေး ဟု ထွက်ကြည့်သောအခါ ကလေးငို ကို မကြားရတော့ဘဲ ရှေ့တည့်တည့် တောထဲမှာတော့ မီးတုတ်တဝင်း နှင့် ဆိုင်းသံ၊ ဗုံသံများကိုပါ ခပ်သဲ့သဲ့ ကလေး ကြားနေရသည့် မြင်ကွင်း တွေ့ရှိရပါတော့သည်။

အံ့ဩဖွယ် ကောင်းလေစွ။ ပြီး လူပျောက်၍ လိုက်ခေါ်နေသ လူစုနေသလား မသိ။ ခေါ်သံ၊ အော် တချို့ကိုပါ ကြားနေရသည်။ သို့ သဲသဲကွဲကွဲကြီး ကြားရသည် မဟုတ်။

လူတစ်စုက ဒီနေရာကို ဇာတ်ပွဲ ကရအောင်ကလည်း စရာ အကြောင်းက မရှိပါ

www.burmeseclassic.com

www.burmeseclassic.com



စစ်သည်အချို့ လာပြီး ကခုန်ပျော်ပါးဖို့ ဆိုသည်မှာ ပို၍ပင် မဖြစ်နိုင်။ ပြီးတော့ အဆိုပါ ဆိုင်းဗိုင်းကြီးကို သယ်ယူလာရလောက်အောင် ဆိုသည်က သာ၍ပင် မဖြစ်နိုင်သေးပါ။ ထိုအခါ ကျွန်ုပ်၏ ဇနီးသည်က...

'ဟေ့ ဘယ်က လူတွေလဲ၊ ဒီမှာ ညကြီးအချိန်မတော် လာပြီး လျှောက်လုပ်မနေကြနဲ့'

ဟု လှမ်းပြီး အော်လေရတော့သည်။

သို့သော် သူတို့က ဂရုမစိုက်။ ဆက်လက် လုပ်ဆောင်နေကြဆဲ ဖြစ်သည်။ သို့ဖြစ်၍ နှစ်ခါ၊ သုံးခါအထိ အသံကျယ်ကျယ်နှင့် အော်ဟစ်ပြောဆိုမိသောအခါ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးမြင့်အောင်နှင့် သူ၏ဇနီး မဝေမာတို့နှစ်ယောက် ကျွန်ုပ်၏ဇနီးရှိရာသို့ လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ရောက်ရှိလာကြလေတော့သည်။

အမှန်အားဖြင့် လက်နှိပ်ဓာတ်မီး မပါဘဲ လာလျှင်ပင် ရနိုင်ပါသည်။ အကြောင်းမူ ထိုညမှာ လပြည့်ည ဖြစ်ပါသည်။ တိမ်ကင်းစင်ပြီး သာချင်တိုင်း သာနေသည့် လမင်း၏ အလင်းရောင်သည် တပ်ရင်းတစ်ရင်းလုံး လင်းထိန်လျက် ရှိနေပါသည်။ သူတို့ ဇင်မယားနှစ်ယောက် ရောက်ရှိလာကြသောအခါ မဝေမာက...

'အစ်မကြီးရေ အဲဒီအဖွဲ့တွေကို သွားပြီး ပြောမနေပါနဲ့။ သူတို့ကို သွားပြောလဲ အလကားပါပဲ။ နားထောင်ချင်မှ နားထောင်ကြမှာပါ'

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်၏ဇနီးက...

'အောင်မာ... သူတို့က ဘာကောင်တွေမို့ ပြောဆိုမရ ဖြစ်ရမှာလဲ။ ဒီမှာ တပ်ရေးဗိုလ်ကြီး တစ်ယောက်လုံး ရှိနေတာပဲ။ အုပ်ချုပ်လို့ မရဘူးလား'

ဟု ပြောပါလေတော့သည်။ ထိုအခါ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးမြင့်အောင်က ဘာမှပင် မပြောသေးဘဲ သူ၏ဇနီး မဝေမာက...

'အစ်မကြီးက ခုမှ ရောက်လာခဲ့သူဆိုတော့ ဒါတွေကို မသိသေးလို့ပါ။ ပြောရရင် သူတို့က လူတွေမဟုတ်ဘူး။ တစ္ဆေတွေလား၊ ကျတ်တွေလား မသိပါဘူး။ အစ်မကြီး အဲဒါမျိုးတွေကို ကြောက်တတ်သလား'

ဟု ပြောပြီး မေးရာတွင် ကျွန်ုပ်၏ ဇနီးက...

'ဘာပြုလို့ ကြောက်ရမှာလဲ၊ ကိုယ့်မှာ ဘုရား တရားမြဲနေတာပဲ။ သူတို့ကိုလဲ သွားပြီး စော်ကားမော်ကား လုပ်ဖို့ စိတ်မကူးမိပါဘူး။ ဒါနဲ့ ဘာပြုလို့ အဲဒီလို မေးရသလဲ'

'ဘာမှတော့ မဟုတ်ပါဘူး။ အစ်မကြီးက ကြောက်တတ်သလားလို့ပါ။ အဲ... ညီမတို့ ရောက်လာစတုန်းကလဲ အဲဒီလိုပါပဲ၊ ပထမစပြီး တွေ့ရတုန်းက ဆိုရင် ဗိုလ်ကြီးမြင့်အောင်ကလဲ အိမ်မှာ မရှိဘူး။ ခရီးသွားနေတယ်။ အိမ်မှာက ကျွန်မတို့ ညီအစ်မနှစ်ယောက်တည်းပါ။

အဲဒီမှာရှင်... ခုလိုပဲ ညကြီးအချိန်မတော်မှာ ညီမတို့အိမ်ရှေ့မှာ လာပြီး လူတစ်စုက မီးတုတ်တဝင်းဝင်းနဲ့ သူတို့အချင်းချင်း ရန်ဖြစ်ပြီး စကားတွေများနေလိုက်ကြတာများ မပြောပါနဲ့တော့။

အပြင်မှာ ရှိနေတဲ့ သူတို့ရဲ့ မီးတုတ်အလင်းရောင်တွေက ညီမတို့ နေအိမ်ရဲ့ မှန်ပြတင်းပေါက်တွေမှာလာပြီး ထင်ဟပ်နေတယ်။ ကျွန်မက ထွက်ကြည့်ပြီး အော်ပြောရတာပေါ့။

ဟေ့ ဘယ်ကလူတွေလဲ၊ ဒီနေရာဟာ အရာရှိတွေနေတဲ့အိမ်ဆိုတာ မသိဘူးလား၊ ဘာလား၊ ညာလားပေါ့လေ။ အဲဒီလိုထွက်ပြီး အော်ပြောလိုက်တော့မှပဲ အဲဒီအဖွဲ့တွေက ပျောက်ချင်းမလှ ပျောက်သွားတယ်။ ထွက်ပြေးသွားတာလဲ မမြင်မိပါဘူး။ လကလဲ အခုလိုပဲလေ၊ လပြည့်ညကြီးမို့ ထိန်ထိန်သာနေတာပေါ့။

အဲဒီလို ရုတ်တရက်ကြီး ထပျောက်သွားတော့မှပဲ ညီမတို့ညီအစ်မနှစ်ယောက်လဲ ကျောတွေဘာတွေ ချမ်းပြီး အိမ်ထဲပြေးဝင် တံခါးတွေပိတ်ပြီး ကြောက်စိတ်တွေ ဝင်မိရတော့တယ်။ တစ်ခါတစ်ရံမှာလဲ အခုလိုပဲ ဆိုင်းသံ၊ ဗုံသံတွေ ကြားရတဲ့အခါလဲ ရှိတယ်။

ကိုမြင့်အောင်ရှိတဲ့ အခါဆိုရင် ထွက်ပြီးကြည့်မိတဲ့အခါ ကြည့်မိပါတယ်။ ဒါပေမယ့် ဘာမှတော့ သွားမလုပ်ကြပါဘူး။ ခဏကြာတော့ သူ့အလိုလို ငြိမ်သွားကြတာပါ

အဲ တစ်ခါကများဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေရင်း အိမ်ရှေ့မှာ ကလေးငယ်လေးတစ်ယောက် အူဝဲ အူဝဲနဲ့ ရူးရူးဝါးဝါးကြီးကို အော်ပြီး ငိုနေတယ်။ ညီမတို့ မိသားစုအားလုံး ကြားရပါတယ်။ ညီမကတော့ အဲဒီအဖွဲ့ပဲဆိုတာသိလို့ ထွက်ပြီးမကြည့်ချင်ပါဘူး။

ဒါပေမယ့် ကိုမြင့်အောင်ကတော့ ကလေးကို သနားလွန်းလို့ပါဆိုပြီး ထွက်ကြည့်ချင်နေတယ်။ ညီမကတားပေမယ့် သူကတော့ နာနာဘာဝဖြစ်ရင် အကြောင်းမဟုတ်ဘူး။ ဒါပေမယ့် တချို့မိဘတွေက သားသမီးကို မကျွေးနိုင်လို့ လာပစ်ထားတာများဖြစ်နေရင် ဘယ်လိုလုပ်မလဲဆိုပြီး ပြောတယ်။

ဒါနဲ့ လင်မယားနှစ်ယောက် လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ အဲဒီ ကလေးငိုနေတဲ့ ချုံပုတ်ကြီးကို လှည့်ပတ်ပြီး ရှာလိုက်ရတာ အမောပါပဲ။ ကလေးငိုသံကလဲ တဖြည်းဖြည်းချင်း တိတ်သွားတယ်။ ဘာဆိုဘာမှကို မတွေ့ရပါဘူး။

အခုဆိုရင် ညီမတို့က ရိုးနေသလိုမျိုးဖြစ်နေပါပြီ။ အစ်မကတော့ မသိသေးလို့ သိအောင်ဆိုပြီး လာပြောတာပါ။ ဟော... ပြောရင်းဆိုရင်းနဲ့ ဟိုအဖွဲ့တွေကိုကြည့်စမ်း မီးတုတ်ကြီးတွေ တန်းစီပြီး ဟိုဘက် တောင်အောက်ကို ဆင်းနေကြပြီ'

ဟု ပြောပြီး သူမ၏ စကားကို အဆုံးသတ်လိုက်သည်။ တောထဲတွင် တီးမှုတ်နေကြသော သူတို့မှာလည်း မီးတုတ်တဝင်းဝင်းဖြင့် တောင်အောက်ကို တန်းစီပြီး ဆင်းသွားကြကြောင်းကို မြင်တွေ့နေရသည်။ မကြာမီ သူတို့အားလုံး ပျောက်ကွယ်တိတ်ဆိတ်သွားကြပါတော့သည်။

ထိုအခါ တပ်ရေးဗိုလ်ကြီးက...

'ကဲ အစ်မကြီးရေ ကျွန်တော်တို့လဲ ပြန်လိုက်ပါဦးမယ်။ အစ်မကြီးက မသိသေးတော့ ကြောက်နေမှာစိုးလို့ပါ။ ကြာလာရင်တော့လဲ ရိုးသွားမှာပါ။ အရေးအကြောင်းရှိရင် လှမ်းပြီးတော့ ခေါ်လိုက်ပါ'

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားကြပါလေတော့သည်။

ဤသည်မှာ ကျွန်ုပ်၏ဇနီးသည် ဒေါ်မိုးမိုးအေးက ကျွန်ုပ်အား ပြန်လည်ပြောပြခဲ့သော သူ၏ အတွေ့အကြုံပင် ဖြစ်ပါသည်။

*　*　*

အဆိုပါဖြစ်စဉ်များ ဖြစ်ပျက်ခဲ့ပြီးသည့်နောက် ကျွန်ုပ်တို့ မိသားစုများ နေထိုင်ခဲ့ကြရသည့် ငါးနှစ်တာနီးပါးမျှ ကာလပတ်လုံး ထိုကဲ့သို့သော ဖြစ်ရပ်မျိုးကို တစ်ခါမှ မကြုံတွေ့ခဲ့ကြရတော့ပါ။ သူတို့တစ်တွေ မရှိကြတော့ဘူးဟု ထင်ပါသည်။

သို့ဆိုလျှင် ကျွန်ုပ်၏ ဇနီးသည်နှင့် တပ်ရေးဗိုလ်ကြီးတို့ လင်မယားနှစ်ယောက် မြင်တွေ့လိုက်ကြရသော ဆိုင်းသံ၊ ဗုံသံ တညံညံနှင့် မီးတုတ်တဝင်းဝင်းကိုင်ပြီး တောင်အောက်ကို ဆင်းသွားကြခြင်းမှာ ပရလောကသားတို့ လက်ရှိနေရာမှ အခြားတစ်နေရာဆီသို့ အပြီးအပိုင် ပြောင်းရွှေ့သွားစဉ် ပြုလုပ်ခဲ့ကြသော ပွဲများ ဖြစ်လေမည်လားဟု...။

***စာဖတ်ခဲ့သူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**


**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလတကယ် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကို သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ် လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

**လေးစားစွာဖြင့်...**

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

**အမှတ် ၂၃၃၊ (...)လမ်း**

**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့**




www.burmeseclassic.com

www.burmeseclassic.com




ပဲခူးရိုးမမှ ထူးဆန်းသော

# ကျောက်ဆင်ကြီး

ပဲခူးတိုင်း (အနောက်ပိုင်း)၊ ဇီးကုန်းမြို့နယ် အရှေ့ဘက်သို့ (၁၂)မိုင်အကွာတွင် **ဘော်ဘင်ရွာ** တည်ရှိပါသည်။ ရှေးကကံကြီးရွာ သစ်တောကြိုးဝိုင်းနှင့် နီးကပ်စွာ တည်ရှိသောကြောင့် ဘော်ဘင်ရွာသည် သစ်စခန်းများ စတည်းချရာ ရွာကြီးလည်း ဖြစ်သည်။

သာယာဝတီသမိုင်းကြောင်းအရ သုံး မြို့ရှင် (ခေါ်) သတိုးနော်ရထာမင်း တည်ထားခဲ့သော မူယာရာမ မြသိန်းရဲ့ စေတီတော်အတွင်း မူလ ဌာပနာတိုက်ဟောင်း ရှိခဲ့ရာ ထိုဌာပနာအား ပိတ်ဆို့ခဲ့သော ကျောက်ဖျာကြီးကို ဘော်ဘင်ရွာအနီးမှ ဆင်ဖြင့် ဆွဲယူခဲ့ရလေသည်။

ဘော်ဘင်ရွာမှ စ၍ အရှေ့ဘက်တွင် မြေပြန့်မြေညီ မရှိတော့ဘဲ တောင်နွယ် တောင်တန်းများကို စ,တင်မြင်တွေ့ရ

F.31A. March, 2013.



www.burmeseclassic.com

www.burmeseclassic.com

သည်။

အထူးသဖြင့် တောင်ပေါ် ကရင် တိုင်းရင်းသားရွာကလေး များစွာတို့က တောင်တန်းငယ် များတွင် အမှီပြုလျက် နေထိုင်ကြသည်။ ရွာရှေ့၌ ကျောက်ဖြူ ကရင်မဖင်လျှော စ,သော ရွာငယ် လေးများ စုဝေး နေထိုင်လာခဲ့ကြသည်။

သူတို့ဘာသာ ဓလေ့ထုံးစံအရ မယ်တော်ပွဲတော်ကို နှစ်စဉ် ကျင်းပ ပြုလုပ်ကြသည်မှာ ယနေ့တိုင် ဖြစ်လေ သည်။

ရိုးသားသော တိုင်းရင်းနွယ်ဖွား ကရင်တိုင်းရင်းသားတို့သည် တောင် စောင်းများတွင် ယာခင်းများ စိုက်ပျိုး လုပ်ကိုင်ခြင်းဖြင့် အစဉ်အဆက်နေထိုင် လာခဲ့ကြသည်။ **အချိန်အားဖြင့် ၁၉၄၅ ခုနှစ် ဝန်းကျင်ကာလ ဖြစ်ပါ** သည်။

ကျေးရွာလူကြီး စောသာဖိုးသည် ယခုနှစ် ယာ အထွက်ကောင်းသော ကြောင့် စားဝတ်နေရေး ချောင်လည် သဖြင့် ယာခင်းများ တိုးချဲ့ရန် စိတ် ကူးလျက်ရှိသည်။ ထို့နည်းတူ ရွာသား အတော်များများကလည်း မိမိတို့ ယာခင်းများမှ ထွက်ရှိသောသီးနှံများကို ကြည့်ရင်း အားရသဖြင့် ယာခင်း ဆက်လက် တိုးချဲ့ရေးကို အားသန် လျက် ရှိကြသည်။

တစ်နေ့တွင် ရွာရှိလူများ စုဝေး တိုင်ပင်လျက် ရွာ၏ အထက်ဘက်တွင် ယာခင်းများ တိုးချဲ့သွားရန်နှင့် ဘော်ဘင် သို့ စီးဝင်သော ချောင်းဖျားထိပ်အထိ လုပ်ကိုင်ရန် စီစဉ်နေကြလေသည်။ သူတို့ ယာခင်း တိုးချဲ့ရန် စီစဉ်နေချိန် တွင် ဦးသူတော်တစ်ပါး အလှူခံ ဝင် လာခဲ့သည်။

ဦးသူတော်က ကြေးစည်လေးဖြင့် တစ်ရွာဝင်၊ တစ်ရွာထွက် ရွာစဉ်



အလှူခံ လှည့်လာကြခြင်း ဖြစ်လေ သည်။

"နောင်... နောင်... နောင်"

'ဝေး... ဦးသူတော်ပါလား။ ဘယ်က လာတာလဲဝေ့။ လာဟဲ့ ရေနွေး သောက်'

'ကျုပ်က ကြို့ပင်ကောက်ဘက်က ဒီကို ကူးလာခဲ့တာ။ ဒီမှာ ခဏ ဝင်ပြီး တာနဲ့ ဖီးကုန်းမြို့ပေါ် အလှူခံမယ်။ ပြီးရင် ပုပ္ပားကို ပြန်ရမယ်'

'ဟုတ်လား ဦးသူတော် နေမြင့်နေပြီ စားပြီးမှ ပြန်နော်။ ဝက်သားနဲ့ ပြင်လိုက် မယ်'

'သည်းခံပါ။ ကျုပ်က ရာသက်ပန် အမဲ,သား,ငါး မစားပါဘူး။ သက်လွတ် ပဲ စားပါတယ်။ ကြုံသလိုပဲပေါ့ ရပါ တယ် ဒုက္ခမရှာပါနဲ့။

ကျုပ် ခင်ဗျားတို့ကို ပြောစရာရှိတယ်၊ သေချာမှတ်ပါ။ အကြောင်းလဲ ရှိနေလို့။ အခု ခင်ဗျားတို့ တိုးချဲ့ဖို့ စီစဉ်နေတဲ့ ယာခင်း ကို ဆက်မလုပ်ပါနဲ့၊ ဘေးတွေ့လိမ့်မယ်။ အဲဒီမြေကို ပိုင်တဲ့လူရှိတယ်။ သင်တို့ မပိုင် တဲ့အတွက် လုပ်ခွင့်မရှိဘူး။ အခြားဘက်ကို သာ စဉ်းစားကြည့်ပါဦး။ ကျုပ် မေတ္တာရပ်ခံပါ တယ်'

ကရင်တိုင်းရင်းသားများ ခေတ္တတွေ ဝေသွားခဲ့ကြသည်။

အတန်ကြာမှ...

'ဟား... ဟား... ဟား... ဟား' သူတို့အားလုံး အားရအောင် ရယ် မောပြီးမှ...

'ဦးသူတော်ရယ် ဒီနယ်မြေမှာ ပိုင်ရှင်ဆိုတာ ကျုပ်တို့ပဲ။ လုပ်ရင်လဲ ရတယ်၊ မလုပ်ရင်လဲ ဖြစ်တယ်။ ဘာမှ မစိုးရိမ်ပါနဲ့ ဦးသူတော်။ အခုလို သတိပေးတာကိုလဲ ကျေးဇူးတင်ပါ တယ်'

'ခင်ဗျားတို့ ပြန်ပြီး စဉ်းစဉ်းစားစား လုပ်၊ လုပ်သင့်...'

'တော်ပြီ ဦးသူတော်။ ကျုပ်တို့ကိစ္စကို ဝင်မပြောပါနဲ့။ ကိုယ့်အလုပ် ကိုယ် လုပ်ပါ၊ ဒါပဲ။ ကဲ ဒီမှာ ဆွမ်းစရိတ် လှူလိုက်မယ်၊ ပြီးရင် လိုရာကို ကြွနိုင် ပါတယ်'

'ဩော်... လူတွေ,လူတွေ မသိ နားမလည်မှု မောဟအမှောင်နဲ့ လိုချင်မှု အတ္တ နှစ်ခု ပေါင်းစပ်လိုက်တဲ့အခါမှာ လုပ်သင့်,မလုပ်သင့်ဆိုတာ နားမလည် တော့ဘဲ အများတွေ ပျက်စီးမှုတွေကို လက်ယပ်ခေါ်နေပြီ ဆိုတော့လဲ ကျုပ် တာဝန်ကျေပါပြီလေ။

ကြုံတုန်း မှတ်ထားပေါ့၊ ပုပ္ပားက ဘိုးသက္ကဆိုတာ ကျုပ်ပဲ။ ကဲ သွားမယ်'

ကြေးစည်လေးကို ထုရင်း တဖြည်း ဖြည်း ထွက်ခွာသွားသော ဦးသူတော်၏ ကျောပြင်ကို ကြည့်ရင်း ရွာသားများ ကျန်ရစ်ခဲ့လေသည်။

တစ်ပတ်ခန့်အကြာ တိုးချဲ့ ယာခင်း များကို မူလ စီစဉ်ထားသည့်အတိုင်း ဆက်လက် လုပ်ကိုင် ပြီးစီးခဲ့လေသည်။ တိုးချဲ့ယာခင်းများပေါ်တွင် ပဲများ၊ ငရုတ်၊ ကြက်သွန်၊ သခွား၊ နှမ်း စသော သီးနှံများကို စုံလင်စွာ စိုက်ပျိုး ခဲ့ကြလေသည်။

သုံးလလောက်ကြာမြင့်သွားချိန်တွင် မှ တိုးချဲ့ယာခင်းများပေါ်တွင် အောင်မြင် စွာ သီးနေကြသော ပဲခင်း၊ နှမ်းခင်း ကိုကြည့်ရင်း ရွာသားများ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ပီတိဖုံးခဲ့ကြပေသည်။

အောင်မြင်ဖွံ့ဖြိုးနေသော သီးနှံခင်းကြီးများက၊ တစ်ချိန်က သတိပေးစကားများ ဆိုခဲ့သော သူတော်ကြီး၏ စကားတို့ကို အနိုင်ယူခဲ့သည်။

မျှားမကြာမီ အချိန်အတွင်း သူတို့ယာခင်းများ ရိတ်သိမ်းကြတော့မည်။ ဝင်ငွေများ ရလာလျှင် မယ်တော်ပွဲတော် (သို့မဟုတ်) သူတို့ ရိုးရာဓလေ့ပွဲတော်တွင် လှူဒါန်းမည်။ ပွဲဈေးတွင် သုံးမည် စသည်ဖြင့် စိတ်ကူးယဉ်ကာ နေလာခဲ့ကြသည်။

မည်သည့်ဒေသ၊ မည်သည့်လူမျိုးပင်ဖြစ်စေ နေရာဒေသတစ်ခု၏ ရိုးရာဓလေ့ထုံးစံ၊ အတွေ့အကြုံများကို လေးစားလိုက်နာမှု ရှိရပါသည်။ ဤအချက်သည် ကျေးရွာများတွင် ဦးစီးဦးဆောင်လုပ်သူများအတွက် ဆင်ခြင် သတိထားရှိသင့်သောအချက် ဖြစ်သည်ကို လက်ခံပါက အောက်ပါ သင်ခန်းစာယူဖွယ်၊ သံဝေဂယူဖွယ် ဖြစ်ရပ်ဆန်းမှာ ဖြစ်ပေါ်လာမည် မဟုတ်ချေ။

* * *

တစ်နေ့...။

'ဟော့... ဖိုးခွား ငါတို့ယာခင်းထဲက ပဲတွေတော့ ကုန်ပါပြီကွာ။ ဘယ်ကောင် ဝင်စားမှန်း မသိဘူး'

'ဟေ... ဟုတ်လားကွ၊ တို့ နှမ်းခင်းလဲ အဖျက်ခံလိုက်ရတာ ကြေမွသွားတာပါပဲကွာ။ တို့တွေ ပင်ပန်းခဲ့သမျှ ကုန်ပါပြီကွာ'

'ဟော့ ဖိုးခွားနဲ့ လာခတို့ရေ မင်းတို့ဆီ ငါ ခုပဲလာခဲ့တာ။ ငါ့သခွားခင်းနဲ့ ကြက်သွန်ခင်းတွေ အားလုံး အဖျက်ခံလိုက်ရတယ်။ တွေ့ရင်တော့ အပြတ်ကို ရှင်းပစ်ရမှာပဲ'

'ကဲ... ဒါဆို တို့တစ်တွေ ရွာလူကြီး စောသာဖိုးဆီကို သွားကြမယ်'



ရွာလူကြီး၏ အိမ်ရှေ့တွင် ရွာသားယာခင်းရှင်များ စုရုံးပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်မှာ ဆူညံနေတော့သည်။

'ကဲ... ကဲ... တော်ကြ ရပ်ကြ၊ အဘပြောတာ အားလုံး နားထောင်ကြ။ မနက်ဖြန်ခါ လပြည့်ညမှာ မင်းတို့ယာခင်းကို ဖျက်တဲ့ တရားခံကို လက်ရဖမ်းပေးမယ်၊ ဒီတော့ လပြည့်ညမှာ လူစုပြီး လာခဲ့ကြပါ'

'ဟုတ်ကဲ့ အဘ ကောင်းပါပြီ'

လရောင်ဆမ်းသောည ဖြစ်သောကြောင့် ပဲရှူးရိုးမတစ်ခွင်အေးမြသာယာလျက် ရှိလေသည်။ ကြည်လင်သော လရောင်ကြောင့် ယာခင်းများမှာ မီးရောင်များ ထွန်းသကဲ့သို့ ရှင်းလင်းပီပြင်လျက်။ ရွာသားအများစုမှာ ပတ်ဝန်းကျင်၏ သာယာချမ်းမြေ့မှုကို မခံစားနိုင်ဘဲ သူတို့ယာခင်းအား ဖျက်ဆီးသွားသူကိုသာကလဲ့စားချေရန်အတွက် အချိန်ကို စောင့်ဆိုင်းနေကြသည်။

သူတို့တွင် တူမီးသေနတ်များ၊ ဒူးလေးများ၊ ဓားလှံလက်နက်များ ပါလာကြသည်။ ထိုစဉ် "ဂီး... ဂီး... ဂီး..." ငှက်ဆိုးများ ဖြတ်ပျံသွားကြသည်။

'အဘ, အဘ အခြေအနေ ဘယ်လိုရှိလဲ'

'အခြေအနေကတော့ ထူးလိမ့်မယ်ထင်တယ်။ ခဏစောင့်၊ ထူးရင် အချက်ပေးမယ်။ ဒီက အချက်ပေးတာနဲ့ လက်မနှေးကြနဲ့၊ သေချာ အားလုံးသိအောင် မှောင်ရိပ်ထဲမှာ ဝပ်နေကြဖို့ ပြောခဲ့ ဖိုးခွား'

'ဟုတ်ကဲ့အဘ စိတ်ချ၊ ကျွန်တော် သွားပြောလိုက်မယ်'

မျှားမကြာမီ မည်းမည်း သတ္တဝါများ ယာခင်းထဲသို့ ဝင်လာကြသည်။ စ,တင်ရွေ့လျားလာစဉ် ဘာရယ်မှန်း မသိခဲ့ကြ။ ထို့နောက် တောဆင်များဖြစ်ကြောင်း အထင်အရှား မြင်တွေ့လိုက်ကြရသည်။ ဆင်များ ယာခင်းထဲတွင် အေးအေးဆေးဆေး စားနေကြသည်။

ထူးခြားသည်မှာ ဆင်များအားလုံး တစ်ပုံစံတည်း တစ်ရွယ်တည်း ဖြစ်နေလေသည်။ သူတို့သည်ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ခြင်း၊ လှေ့လာကြည့်ရှုခြင်း လုံးဝ မရှိဘဲ အစာကိုသာ မဲ၍ စားနေလေသည်။

'အားလုံး ပစ်'

'ဒိုင်း... ဒိုင်း... ဖျောင်း... ဖျောင်း... ရွီး... ရွီး'

ယာခင်းများအနှံ့ ယမ်းငွေ့များ၊ လူသံ၊ ခြောက်လှန့်သံများ လွှမ်းခြုံသွားတော့သည်။

ရွာသားများ ပစ်လိုက်သော သေနတ်ကျည်ဆန်များ၊ လေးမြား၊ တုတ်ဓားများက ဆင်များကို လုံးဝ မထိပေ။ ဆင်များက အစားမပျက် ဆက်၍ စားနေကြပြန်သည်။

ဒေါသတကြီး တိုက်ခိုက်လိုက်သော ရွာသားများကို လှည့်၍ပင် မကြည့်ပေ။ လရောင်အောက်မှ ဆင်ကြီးများက သူတို့ကို တိုက်ခိုက်နေသော ရွာသားများကို တုံ့ပြန်မှု မရှိသည်ကို စောသာဖိုး အကြီးအကျယ် အံ့သြခဲ့ရသည်။

'ဟော့... အားလုံး ရွာပြန်ကြမယ်၊ တို့လူတွေ ပြန်စုကြဟေ့။ ဒီကိစ္စကို မနက်ဖြန်ကျမှ တို့ စည်းဝေးကြမယ်'

'ဟုတ်ကဲ့ အဘ'



www.burmeseclassic.com

www.burmeseclassic.com

အားလုံး ပြန်သွားကြသည့်အခါ ယာခင်းထဲမှာ ဆင်ကြီးများ တဖြည်းဖြည်း ပျောက်ကွယ်သွားကြလေသည်။ အတန်ကြာမှ ဆင်အော်သံတစ်ချက်ကို သူတို့ ဝိုးဝိုးဝါးဝါး ကြားလိုက်ရသည်။

"ဝူး"

နောက်တစ်နေ့ ရွာလူကြီးအိမ်တွင် ယာခင်းရှင်များ စုဝေးနေကြသည်။

'ညကကိစ္စ အဘ ဘယ်လိုထင်လဲ။ ကျွန်တော်တို့တော့ ဘယ်လိုမှ စဉ်းစားမရတော့ဘူး အဘရေ'

'အဘတို့ အတွေ့အကြုံ များခဲ့ပါတယ်။ ဒါပေမယ့် ဒါမျိုးတော့ မကြုံဖူးသေးဘူးကွာ။ ဒီတော့ မနက်ဖြန် တိုးချဲ့ ယာခင်းတွေအနီးမှာ တို့ သွားပြီး လေ့လာကြမယ်။ မင်းတို့ လက်နက်တွေလဲ လိုရမည်ရ ယူခဲ့ကြပေါ့။ ဒီကိစ္စကို သေသေချာချာ စုံစမ်းလေ့လာရင် မင်းတို့ မကြာခင် သိရမှာပါ'

'အဘ စီစဉ်တာ ကောင်းပါတယ်။ ကျွန်တော်တို့ မနက်ဖြန်မနက် စ,ကြတာပေါ့'

ပဲခူးရိုးမ၏ နံနက်ခင်းမှာ သာယာလျက်ရှိသည်။ ဘော်ဘင်ချောင်းအနီးမှာ ယာခင်းတစ်လျှောက် ပုံပျက်ပန်းပျက် ဖြစ်နေသည်မှာ အကျည်းတန်သော မြင်ကွင်းတစ်ခုအသွင်ကို ဆောင်နေပေသည်။

ရွာသားများအားလုံး ယာခင်းဖျက်သော တရားခံကို ယနေ့ မတွေ့တွေ့အောင် ရှာပြီး ချေမှုန်းရတော့မည်ဖြစ်၍ ရွာထဲမှ အမျိုးသားများ အားလုံးနီးပါး ထွက်ခဲ့ကြပေသည်။

တိုးချဲ့ယာခင်းများ၏ အစွန်တွင် ချုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံနေသော တောင်ကမူများ ရှိလေသည်။ ထိုနေရာတစ်ဝိုက်ကို တစ်ချိန်က မကောင်းဆိုးဝါးကုန်းဟုလည်း ခေါ်ဝေါ်ဖူးသည်။



အကြောင်းမရှိဘဲ ထိုနေရာများကို ရွာသားများ လာရောက်လေ့ မရှိကြချေ။

ယခု အကြောင်းပေါ်လာပြီဖြစ်သောကြောင့် တရားခံကို တောနင်းရှာချိန်တွင် ရောက်ရှိလာကြခြင်း ဖြစ်သည်။ သံသယဖြစ်စရာ ချုံနွယ်များကို ရှင်းလင်းကြသည်။ ဖယ်ရှားကြသည်။ ခြောက်လှန့်ကြသည်။ ထိုစဉ် ရွာသား တစ်ဦးမှ ထ,အော်သည်။

'တွေ့ပြီဗျို့ ဒီမှာ ဆင်ကြီးတစ်ကောင် ချုံထဲမှာ ဝင်အိပ်နေတယ်'

'ဟေ့... ဖိုးခွား။ မင်းသွားကြည့်စမ်းဟေ့'

ရွာသားများအားလုံး ထိုနေရာသို့ စုဝေးရောက်လာကြသည်။

'ဟာ... မင်းဆင်ကြီးက အသက်မရှိတဲ့ ကျောက်ဆင်ကြီးပါကွ'

'ကျုပ်လဲ ရုတ်တရက် တွေ့လိုက်ရတော့ တကယ့်ဆင်ကြီးအတိုင်း တူလိုက်တာဗျာ'

စောသာဖိုးမှာ ဆင်ရုပ်ကြီးအနီးသို့ ရောက်လာပြီး သေချာ အကဲခတ်လေ့လာသည်။

'မင်းတို့ ငါတို့ကို ဒုက္ခပေးနေတဲ့ တရားခံဟာ ဒီဆင်ကြီးနဲ့ ပတ်သက်နိုင်တယ်ကွ။ ဒီဆင်ရုပ်က အသက်မရှိတဲ့ ကျောက်ရုပ်တုကြီး ဖြစ်ပေမယ့် သူ့မှာ ဝိဉာဉ်ရှိချင် ရှိနေမှာ။ မင်းတို့ ဒီဆင်ကြီးရဲ့ မျက်လုံးတွေကို သေချာကြည့်ကြစမ်း'

'ဟုတ်တယ်နော် အဘ တကယ့်ဆင်မျက်လုံးလိုပဲ အရည်ကို လဲ့နေတာပဲ။ တို့တစ်တွေ ပြောဆိုနေတာကို တောင်မှ သူက သိနေသလိုပဲ စိတ်မှာ ထင်ရတယ်။ ပြောရင်း ကြက်သီးတောင် ထ,တယ်'

'ကျွန်တော်တို့ကို ဒုက္ခပေးတဲ့ ဒီဆင်မျက်လုံးတွေကို ဓားနဲ့ ကော်ထုတ်ကြည့်ရအောင် အဘ'

'ဟေ့ စောကာလူး ဒီလို ဖွတ်တရွတ် မလုပ်နဲ့လေ။ တို့ ဘာဆက်လုပ်ရမယ်ဆိုတာကို ပြောမယ်။ မင်းဓားကို ပြန်ထည့်ထားလိုက်ပါ။ မင်းတို့ထဲက သုံးယောက် ရွာကိုပြန်ပြီး ကြိုးတွေ ပြန်ယူခဲ့ကြ။ တို့ စောင့်နေမယ်။ ကျန်တဲ့ လူတွေက ဒီဆင်ကြီးကို ချောင်းထဲကို ဆွဲချဖို့ စီစဉ်မယ်။ ကဲ အားလုံး စ,ကြမယ်'

ဆင်ရုပ်ကြီး၏ အောက်ခြေကို သူတို့ စ,တူးကြသည်။

ဆင်ကြီးတစ်ကောင်၏ အရွယ်အတိုင်း ဖြစ်သဖြင့် မနည်း ကြိုးစားတူးမှသာ နေ့လယ်လောက်တွင် ကြိုးများကို အားလုံး တုပ်နှောင်ထားနိုင်ခဲ့သည်။ ရွာသားများ ထိုသို့ လုပ်ကိုင်နေစဉ် ဆင်ကြီး၏ မျက်လုံးမှ အရောင်များ ပြောင်းလဲကာ နီမြန်းလာခြင်း။ မျက်ထောင့်မှ မျက်ရည်များ ကျဆင်းလာခြင်းကို စောသာဖိုးတစ်ဦးသာ သတိထား အကဲခတ်မိသော်လည်း ရွာသားများကို ရှင်းမပြခဲ့ပေ။

ခေါင်းဆောင်အဖြစ် တာဝန်ယူနေချိန်တွင် အများဆန္ဒကို မငြင်းသာသဖြင့် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး မတတ်နိုင်ခဲ့ပေ။

မကြာမီ အဆင်သင့်ဖြစ်နေပြီဖြစ်ရာ သူ၏ အမိန့်ဖြင့် ဆင်ကြီးကို စ,တင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူကြသည်။ စောသာဖိုးက ကြိုးဖြင့် မဆွဲမီ ဆင်ကြီးနားသို့ ခဏ ကပ်သွားပြီး…

'ကျုပ်ကို နားလည် ခွင့်လွှတ်ပေးပါ။ ဟေ့ ဖိုးခွား ဒီကိုလာ'

'ဟုတ်ကဲ့ အမိန့်ရှိပါ အဘ'

'မင်းတို့ အလုပ်စ,လို့ ရပြီ။ ငါ ဒီမှာ နေခဲ့မယ်။ လုပ်စရာရှိတာ မင်းတို့ ဆက်လုပ်ကြတော့'

ရွာသားများက ကျောက်ဆင်ရုပ်ကြီးကို ဘော်ဘင်ချောင်းထိပ်ဖျားသို့ လူအားဖြင့် ဆွဲယူသွားကြပြီး တောင်အောက်သို့ တွန်းချလိုက်သောအခါ…

'ဝုန်း… ဒိုင်း… ဝုန်း… ဝူး… ဝူး… အူး… အူး'

သစ်ပင်များ ပြိုလဲသံကဲ့သို့လည်းကောင်း၊ တော်လည်းသံကဲ့သို့ လည်းကောင်း အသံကြီး မြည်ဟည်းသွားသံနှင့်အတူ ထိခိုက်နာကျင်စွာ အော်လိုက်သော ဆင်တစ်ကောင်၏ အသံတို့ကို ရွာသားများအားလုံး ကြားခဲ့ရလေသည်။

အထက်ပါ ဖြစ်ရပ်များ ဖြစ်ခဲ့ပြီးနောက် ယာခင်းဖျက်ဆီးသော သတင်းလည်း မကြားရတော့ချေ။ နှစ်ပတ်ခန့်ကြာသောအခါ စောသာဖိုး ရန်ကုန်မြို့သို့ ကိစ္စတစ်ခုဖြင့် ခရီး ထွက်ခွာသွားလေသည်။ သူ ခရီးထွက်သွားပြီးနောက်တစ်နေ့တွင် သူတို့ ကရင်တိုင်းရင်းသားရွာလေးတွင် ကံဆိုးမိုးမှောင် ကျခဲ့လေတော့သည်။

ရေမသန့်မှုမှ စ,တင်သော ဝမ်းရောဂါဖြင့် လူငါးဦး စတင် အသက်ဆုံးရှုံးသည်။ ငါးဦးမှသည် ရွာလုံးကျွတ်နီးပါး ဆေးမမီဘဲ အသက်များ ဆုံးရှုံးခဲ့သည်။

ထူးဆန်းသည်မှာ ကျောက်ဆင်ရုပ်ကြီးအား တွန်းချရန် ပါဝင်သူများအားလုံး သေဆုံးသူများတွင် ပါဝင်ခဲ့ပြီး ကျန်သော ကလေးနှင့် အမျိုးသမီးများမှာ ဘေးရွာများသို့ ကြောက်လန့် ထွက်ပြေးကြသဖြင့် ရွာမှာ လူသေအလောင်းများဖြင့် ပျက်စီးခဲ့ရလေသည်။

တစ်ရသော လပြည့်ည တစ်ညတွင် စောသာဖိုး ရန်ကုန်မှ ပြန်လာသည်။ ရွာသို့ ညတွင်းချင်း ရောက်သွားရာ သူတို့ တစ်ရွာလုံး ယခင်အတိုင်း ရှိနေပြီး ရွာသားများမှာလည်း ပုံမပျက်ခဲ့ပေ။

မိုးလင်းမှ နှုတ်ဆက်တော့မည်ဟု တွေးပြီး မိမိအိမ်၌ပင် ဝင်အိပ်ရာမှ အိပ်မောကျသွားခဲ့သည်။ ရွာထဲတွင် မီးများ ထွန်းညှိထားသဖြင့် လင်းထိန်နေသည်။

သူရောက်လျှင် ယခင်က ဆိုပါက လူများ စုရုံး ရောက်လာတတ်ကြပြီး ယခုမူ မည်သူမှ မလာကြပေ။ မိုးလင်းမှသာ အားလုံး တွေ့တော့မည်ဟု အတွေးဖြင့် အိပ်ရာဝင်ခဲ့သည်။

နံနက် မိုးစင်စင်လင်းမှသာ စောသာဖိုး အိပ်ရာမှ နိုးလာခဲ့သည်။ မိုးလင်းတော့ သူ့အိပ်ရာသည် သူ့အိမ်မဟုတ်တော့။ ဘော်ဘင်ချောင်းဖျားထိပ်မှ သစ်ပင်ကြီး တစ်ပင်အောက်သို့ ရောက်နေတော့သည်။

'ဟာ… ဟင်… ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။ ငါ့ရွာကော ငါ့အိမ်ကော ငါ့ရွာသားတွေကော ဘယ်ရောက်ကုန်ကြပြီလဲ'

သူသည် စိတ်ပျက်လက်ပျက်ဖြင့် အိတ်ကလေးကို လွယ်ကာ အခြားရွာမှ အသိမိတ်ဆွေများထံ ရောက်သွားခဲ့သည်။

ထိုရွာလူကြီးမှာ စောသာထူး ဖြစ်၍ ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်။

'အေး… သာဖိုးရေ မင်း ထွက်သွားပြီး ကတည်းက ရွာမှ ဝမ်းရောဂါ ဖြစ်တာပဲ။ မိန်းမနဲ့ ကလေးတွေကလွဲလို့ အမျိုးသားမှန်ရင် လူကြီးတွေ အကုန်ပါသွားတယ်။ မင်း သိပ်ကံကောင်းတယ်ကွာ။ အားလုံးကတော့ ဆင်ကြီးရဲ့ကျိန်စာပါလို့လို့ ပြောဆိုနေကြတယ်။

အေးကွာ ဘာပဲဖြစ်ဖြစ် တို့ဆီမှာ မင်းလာနေလို့ရပါတယ်ကွာ'

'ကျေးဇူးတင်ပါတယ် သာထူး၊ ဒါပေမယ့် ငါ ဒီမှာ မနေတော့ပါဘူး။ ပုပ္ပားမှာနေတဲ့ ဦးသက္ကဆိုတဲ့ သူတော်ကြီးကို တွေ့အောင်ရှာမယ်'

'ဒါကတော့ မင်းသဘောပဲလေ'

'တို့ရွာလေးမှာ ဖြစ်ပျက်ခဲ့တဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို ဦးသက္ကဆိုတဲ့ သူတော်ကြီးက ဘာမှမဖြစ်မီကြိုတင် သတိပေးသွားခဲ့တာ ကနေ့တိုင် ငါ အမှတ်ရနေသေးတယ်။

ဒီကျောက်ဆင်ကြီးနဲ့ ပတ်သက်ပြီး တို့က ဘာမှ နားမလည်ခဲ့ဘူး။ ဒါကြောင့်လဲ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်။ ကဲ သာထူး ငါ့ကို ခွင့်ပြုပါဦး'

အထက်ပါ ဖြစ်ရပ်များ ဖြစ်ခဲ့ပြီး (၅)နှစ်ခန့်အကြာ ရွှေတိဂုံဘုရားပေါ်တွင် လူသူတော်ကြီးတစ်ဦးနှင့်အတူ စောသာဖိုးအား ရဟန်းဝတ်နှင့် တွေ့မြင်ခဲ့ရကြောင်း ဒေသခံတို့က ယနေ့တိုင် ပြောဆိုနေကြလေသည်။

**ကိုသက်(စီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



'ဒိုးပတ်ကို လွယ်ရှုံမှုနဲ့...
မယားက ကွာမယ်ဆို...
သားတွေကင်း... မငိုပါနဲ့ ဖေ့သား
တို့ရယ်... မငိုပါနဲ့ဖေ့သားတို့ရယ်... မင်း
မင်းအမေ ပြန်လာမှ... မင်း မင်းအမေ
ပြန်လာမှ... မနော်နွယ် ဆိုတဲ့နို့ကို...
တိုက်စို့မယ်လေး'

ဦးစိန်
(ခေတ္တ-မြိတ်)

# မနော်နွယ်နှင့် ပိုင်ရှင်

ဒါကတော့ စာရေးသူတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝက ကြားဖူးတဲ့ မြန်မာ့ရိုးရာ ဒိုးပတ်ဝိုင်းက သီဆိုတတ်တဲ့ ဒိုးပတ် တေးသီချင်းကလေး တစ်ပုဒ်ပါ။

ဒိုးပတ်သီချင်းလေးထဲမှာ မနော်နွယ်ဆိုတဲ့ နို့ဟာ ဘယ်လိုနို့မျိုးလဲလို့ မိဘတွေကို မေးကြည့်တော့ ဘွားအေကြီးက မနော်နွယ်ဆိုတဲ့ နို့ဆိုတာ ရင်သားကနေ ထွက်ကျလာကာ ချက်ကို ရောက်တဲ့အထိ ရှည်မျောမျော ပုံသဏ္ဌာန်ရှိတယ်။ ကျောက်ဖရုံသီးလို ရှည်မျောမျောပေါ့။

တချို့ အမျိုးသမီးတွေဆိုရင် ရှည်လွန်းလို့ နို့အုံကိုခေါက်ပြီး အတွင်းခံအင်္ကျီ (ဘော်ဒီအင်္ကျီ)ကို ဝတ်ထားရတယ်လို့ ရှင်းပြတာ ကြားဖူးတယ်။

စာရေးသူတို့ အတန်းကျောင်းက ထွက်ပြီးနောက် မဂ္ဂဇင်းတစ်ဆောင်မှာ (မဂ္ဂဇင်းနာမည်တော့ မမှတ်မိတော့ပါ။) လူကဲခတ်နည်းနှင့် ပတ်သက်လို့ အမျိုးသမီးများရဲ့ ရင်သားပုံစံတွေနဲ့ ကောင်း၊ ဆိုးပုံတွေကို ရေးသားပြီး ရှင်း



www.burmeseclassic.com

www.burmeseclassic.com

ပြထားတာကိုလဲ ဖတ်ဖူးပါတယ်။

ငယ်ရွယ်သူဘဝဆိုတော့ သေသေချာချာတော့ အသေးစိတ် အမှတ်မထားမိပါဘူး။ သို့သော် မနော်နွယ်ဆိုတဲ့ နို့ပုံကိုတော့ ဘွားအေကြီးပြောတဲ့ စကားနဲ့ ကိုက်ညီနေကြောင်း သတိထားမိတယ်။

**မနော်နွယ်ဆိုတဲ့ နို့ ပိုင်ရှင်တွေဟာ ဆင်းရဲနွမ်းပါးတတ်ပြီး ဖြစ်သလိုနေ, ဖြစ်သလိုစား။ အညံ့စားတွင်ပါဝင်ကြောင်း**လောက်သာ မှတ်သားမိတော့တယ်။

စာရေးသူတို့ အတန်းကျောင်းသားဘဝက တစ်ခန်းတည်း အတူနေကျောင်းသူတစ်ဦး ရှိခဲ့တယ်။ အဌမတန်း အဆင့်လောက်မှ ကျောင်းပြောင်းပြီး ရောက်လာတာပါ။

အဲဒီကျောင်းသူလေးပုံက ဆင်းရဲနွမ်းပါးပုံရတယ်။ ဖခင်မရှိဘူး။ မိခင်ဖြစ်သူက နေ့စဉ် ကျောင်းပို့ ကျောင်းကြို လုပ်တာတော့ မြင်ခဲ့ရတယ်။

ကျောင်းသူလေးက ဆင်းရဲနွမ်းပါးပေမယ့် အေးဆေးတယ်၊ စကားနည်းတယ်၊ ရိုးသားတယ်။ ရုပ်ရည်ကတော့ အကျည်းတန်လွန်းခြင်း မရှိပါ။ သင့်တင့်ရုံပါပဲ။

အသားအရေကတော့ ဖြူလွန်းခြင်း၊ မည်းလွန်းခြင်း မရှိပါ။ အရပ်အမောင်းကတော့ ငါးပေ မရှိတရှိလောက်ပါ။ ကိုယ်လုံးကတော့ သေးသွယ်ပါတယ်။ သို့သော် စာတော်တယ်။

စာရေးသူတို့ ကျောင်းသားဘဝက တက္ကသိုလ်ကျောင်းဝင်ဖို့က မလွယ်လှဘူး။ အဌမတန်း အောင်ပြီးရင် (High School Final) အစိုးရစစ် တန်းမြင့်ကျောင်းထွက် စာမေးပွဲကို အောင်မြင်အောင် ဖြေဆိုရမယ်။

အဲဒီစာမေးပွဲ အောင်မြင်ပြီးမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထပ်မံတက်ပြီး အောင်မြင်မှ တက္ကသိုလ်ကို ဝင်ခွင့်ရပါတယ်။

တက္ကသိုလ်ကျောင်းကို တက်ဖို့ (၂) ဆင့် ကျော်ဖြတ်နိုင်မှ တက္ကသိုလ်ကို တက်ရပါတယ်။ (၂)ဆင့်စလုံးမှာ အောင်ချက် ရာခိုင်နှုန်းကလဲ (၁၀၀)မှာ အများဆုံး (၂၀)ရာခိုင်နှုန်းပဲ ရှိပါတယ်။

ကျောင်းသားကျောင်းသူ အတော်များများဟာ ပထမအဆင့် (High School Final) တန်းမြင့်ကျောင်းထွက် စာမေးပွဲမှာပဲ ခဏ, ခဏ ကျတတ်တယ်။

စာရေးသူ အထက်က တင်ပြခဲ့တဲ့ ကျောင်းသူလေးကတော့ အဆင့် နှစ်ဆင့်ကို တစ်ဆင့်လျှင် တစ်နှစ်နှုန်း၊ နှစ်ချင်းပေါက် မှန်မှန် အောင်မြင်သွားပါတယ်။

ဒီလိုနဲ့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး စာရေးသူတို့နဲ့ ကင်းကွာသွားပါတော့တယ်။ စာရေးသူကတော့ ပထမဆင့် (High School Final) တန်းမြင့်ကျောင်းထွက် စာမေးပွဲမှာ တစ်ကြိမ်ကျ၍ ကျန်ခဲ့ပါတယ်။

စာရေးသူလဲ တန်းမြင့်ကျောင်းထွက် စာမေးပွဲ အောင်မြင်ပြီးနောက် မိဘကလဲ စီးပွားရေး ချို့တဲ့တဲ့အပြင် ကုန်သွယ်ရေးဌာနမှလဲ ဝန်ထမ်းသစ်များ ခေါ်ယူတဲ့အတွက် အခါအခွင့်ရတုန်း ကုန်သွယ်ရေးဦးစီး ငွေစာရင်းဌာနမှာ အငယ်တန်းစာရေးဘဝနဲ့ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

စာရေးသူက ရုံးသွားရုံးပြန်ကို တစ်ခါတလေ မော်တော်ယာဉ် လိုင်းကားဖြင့်ဖြစ်စေ၊ တစ်ခါတစ်ရံတွင် မီးရထားဖြင့်ဖြစ်စေ သွားတတ်ပါတယ်။

မီးရထားဖြင့် သွားလိုက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်က ဖြတ်သန်းပြီး သဃ်န်းကျွန်းဘူတာကို ခြေလျင် သွားရတယ်။ သဃ်န်းကျွန်းဘူတာမှ ရန်ကုန်ဘူတာကြီးကို မီးရထားနဲ့ သွားရတာပေါ့။

ဝန်ထမ်းဘဝဖြင့် သုံးနှစ်လောက်ကြာပြီးနောက် တစ်ရက်မှာတော့ ဗိုလ်ကံညွန့်ရပ်ကွက်ကို ဖြတ်သန်းတုန်း ရပ်ကွက်အဝင်ဝ လမ်းဘေး ကျူးကျော်မြေရှိ တဲငယ်တစ်လုံးမှာ စာရေးသူ ကျောင်းသားဘဝက တွေ့မြင်နေကျ ကျောင်းသူကို မမျှော်လင့်ဘဲ စာရေးသူမှ အမှတ်မထင် မြင်တွေ့လိုက်ရတော့ အတော်လေး အံ့သြမိပါတယ်။

လမ်းဘေး ကျူးကျော်နယ်မြေ ဆိုတာကလဲ အကျယ် (၇) ပေလောက်ပဲ ကျယ်ပါတယ်။ လမ်းဘေးမှာလဲ အခြားသော ဆင်းရဲနွမ်းပါးသူတွေရဲ့ တဲငယ်လေးတွေလဲ ပူးကပ်ပြီး ဆောက်ထားကြပါတယ်။

ဒီတဲလေးတွေထဲမှာ တစ်တန်းတည်းနေခဲ့တဲ့ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ရ ကျောင်းသူဟာ အိမ်ထောင်ကျ သားမွေးပြီး ဆင်းရဲနွမ်းပါးစွာ နေထိုင်ပုံကို မြင်တွေ့ရတော့ စာရေးသူပင် အမြင်မှားနေသလားလို့ ကိုယ့်ကိုယ်ကိုယ် ထင်မိပါတယ်။

တကယ်တော့ အမြင်မှားတာ မဟုတ်ပါ။ သူမက စာရေးသူကို မြင်သွားတော့ မျက်နှာလွှဲသွားတာကို သတိထားလိုက်မိပါတယ်။ သူမရဲ့ နေထိုင်ပုံကိုလဲ ကြည့်ပါဦး။

ကျူးကျော်တဲငယ်က အရှည် (၁၀) ပေလောက်ကျယ်ပြီး၊ အကျယ် (၇)ပေလောက်ရှိတဲ့ တဲငယ်လေးကာ



www.burmeseclassic.com

www.burmeseclassic.com


ထားတာကလဲ ကျူထရံ (ဝါးထရံ မဟုတ်ပါ) အမိုးက ဓနိတစ်ဝက်၊ ပလတ်စတစ်မိုးကာအစုတ်နဲ့ အခင်းက ဝါးခင်း၊ လူပုံကလဲ ဦးခေါင်းတွင် ဆီမလိမ်းတဲ့ ဆံကေသာ နီရဲရဲ ဝတ်ထားတဲ့ ထဘီကလဲ အရောင်မရှိတော့တဲ့ ထဘီအစုတ်၊ ဖာထေးထားခြင်းလဲ မရှိ။

အပေါ်အင်္ကျီ ဝတ်မထား၊ ထဘီရင်ရှားခြင်းလဲမရှိ၊ အတွင်းက ရင်သားက အတိုင်းသား ပေါ်လွင်နေတော့ မနော်နှယ်နို့ ပိုင်ရှင်ဆိုတာ မြင်လိုက်ရပါပြီ။

သူမရဲ့ရင်သား နို့ ဆိုတာက ဘွားအေကြီး ပြောတဲ့ ကျောက်ဖရုံသီး အရှည်လို ချက်အထိ ရောက်နေတော့တယ်။ သူမ နေထိုင်ပုံက ယိုသူမရှက်၊ မြင်သူရှက် ဆိုသလိုပေါ့။

ပညာတတ်ပေမယ့် ပညာရှိလို မနေတတ်ပါလား။ ဆင်းရဲပေမယ့် မရှိ့ ရှိတာလေးနဲ့ သေသေသပ်သပ် နေတတ်တဲ့ ဆင်းရဲသား/သူတွေ မြင်ဖူးပါတယ်။ အခုလို ပုံစံမျိုးတော့ မဟုတ်ပါ။ ဒါကြောင့် စာရေးသူလဲ နောက်ရက်များတွင် သူမ၏ အိမ်ရှေ့မှ ဖြတ်မသွားတော့ပါ။ ယိုသူမရှက် မြင်သူ ရှက်လှပါသည်။

ဒုတိယအကြိမ် ပြန်လည် မြင်တွေ့ခဲ့ပုံက ကျိုက္ကစံဘုရားဝင်း ဝတ္တကမြေ အတွင်းရှိ သရက်ပင်ကြီးအောက်မှာပါ။ တဲငယ်လေးနှင့် ပထမအကြိမ် မြင်တွေ့ခဲ့စဉ်က ပုံစံအတိုင်းပါ။ တိုးတက်ပြောင်းလဲမှုမရှိ၊ တဲငယ်လေးရှေ့တွင် စက်ဘီးခွေအချို့ ကျွတ်၊ တာယာ အပျက်အချို့ မြင်တွေ့ခဲ့ရလို့ အမျိုးသားဟာ စက်ဘီး- ဆိုက်ကား ပြင်လို့ စီးပွားရှာရပါသလားဟု ထင်မြင် ယူဆပါတယ်။



တက္ကသိုလ်ဝင်တန်းကို နှစ်ချင်း ပေါက် အောင်မြင်သွားတဲ့သူလေး ဘယ်ဘဝက မကောင်းသော အကုသိုလ်ကံ အကျိုးပေးပါလာပါလိမ့်လို့သာ စိတ်အာရုံမှာ ထင်မှတ်မိပါတယ်။

စာရေးသူဟာ ဗေဒင်, လက္ခဏာတွေ လိုက်စားရင်း မနောသုခ ဆရာကြီး ဦးမောင်မောင်ကြိုင်နဲ့ ကြုံတွေ့ပြီးနောက် ဆရာကြီး ဦးမောင်မောင်ကြိုင်က လူအချင်းချင်း အသက်ရှုပုံ ကွဲလွဲရုံမက ရေ့မြေများတွင်လဲ မြေသားအချင်းချင်း တူပေမယ့် မတူ ကွဲပြားတတ်ပုံများကို ပြောပြပါတယ်။

မြေသားချင်း ဆက်နွယ်နေပေမယ့် တစ်ဖက်က ရွှံ့ညွန်မြေ၊ အခြားတစ်ဖက်က ကျောက်မြေ ဖြစ်နေရင် ကျောက်မြေတွင်သာ ဘုရား, စေတီ, ပုထိုး, ကျောင်း, ကန်, ဇရပ်များ ရှိတတ်ပြီး ရွှံ့ညွန်ထဲတွင် မရှိတတ်ကြောင်း လေ့လာကြည့်ဖို့ ညွှန်ပြတတ်ပါတယ်။

တစ်ရက်တွင် ဆရာကြီး ဦးမောင်မောင်ကြိုင်ဟာ စာရေးသူအား ရန်ကုန် ကြိုတော သချိုင်းကုန်း (ယခု ဖျက်သိမ်း၍ ကားပွဲစားတန်း ဖြစ်နေပါတယ်။) အတွင်း ခေါ်သွားပါတယ်။

သချိုင်းကုန်းအတွင်းတွင် တဲငယ် သေးသေးလေးများ၊ ဆောက်လုပ်၍ ဖြစ်သလို နေထိုင်စားသောက်ကြတဲ့ လူအချို့ကို တွေ့မြင်ခဲ့ရပါတယ်။ ကြိုတောသချိုင်းကုန်းအား ဝင်းထရံကို ကွန်ကရစ် အုတ်တံတိုင်းကြီးနဲ့ ကာရံထားပါတယ်။

အခြားတစ်ဖက်တွင် လူကုံထံ လူချမ်းသာများက ကိုယ်ပိုင်တိုက်၊ ကားပန်းခြံတို့ဖြင့် ခမ်းခမ်းနားနား နေထိုင်ကြပုံကို ပြသပြီး မြေသားချင်းတူပြီး ဆက်စပ်နေပေမယ့် ဝင်းထရံလေး ခြားရုံဖြင့် မတူကွဲပြားသွားပုံကို လက်တွေ့သင်ပြပါတယ်။

အဲဒီလို ဆင်းရဲသား တဲငယ်လေးများအကြားက ဖြတ်သန်းသွားနေတုန်း အမျိုးသမီးတစ်ဦးဟာ အပေါ်အင်္ကျီ မပါ၊ ဗလာကိုယ်ထည်နဲ့ သူ့မရဲ့ကလေးအား နို့တိုက်နေတာကို မြင်လိုက်ရ စာရေးသူ မြင်တွေ့ဖူးတဲ့ မနော်နှယ်နို့ ပိုင်ရှင်ပင် ဖြစ်နေပါတယ်။

တဲငယ်လေးရှေ့ မြေပြင်မှာ အုတ် ကျိုးအား ဖိုခုံလောက်ဆိုင် မီးဖိုပြုလုပ်ပြီး ထမင်းအိုး တည်နေပါတယ်။ တည် ထားတဲ့ ထမင်းအိုးမှာ မြေအိုးငယ် လေးသာ ဖြစ်ပါတယ်။ ဒန်အိုးကို မ နိုင်ပါ။

အိုးလေးမှာလဲ ကျပ်ခိုးများဖြင့် မဲ နေပါသည်။ တဲအိမ်လေးမှာလဲ ပလတ်စတစ် ရရာများနဲ့ မိုးကာ ဖြစ်သလိုနေ ဖြစ်သလိုစား ဘဝ ဖြစ်ပါတယ်။

သို့ပါ၍ မနော်နှယ်နို့ ပိုင်ရှင်များ အညံ့စားတွင်ရှိပြီး၊ ဆင်းရဲနွမ်းပါး ကြောင်း။ ဖြစ်သလိုနေ ဖြစ်သလို ဘဝတွင် ရှိတတ်ကြောင်း စာရေး မျက်မြင်ကိုယ်တွေ့လေးအား ရေး တင်ပြလိုက်ရပါတယ်။

ဦးစိန်(ဓေတ္တ-မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

ဖေမြောင်
(ညောင်လေးပင်)

# ပုဏ္ဏကလော

ပရလော



စာရေးသူသည် ဤစာမျိုး ရေးသားရန် ချိန်ဆရပါသည်။ သို့သော် စာဖတ်ပရိသတ်ကြီးအား လောကကြီး၏ မာယာများမှု၊ ဆန်းကြယ်မှုနှင့် သဘာဝလွန်ဖြစ်ရပ်များ၊ ပရလောကသားများနှင့် အမှန်အကန် ရှိသည်ဆိုသော အထောက်အထားကို သိရှိစေရန် ဗဟုသုတ ဖြစ်စေလိုသော စေတနာဆန္ဒနှင့် ရေးသားခြင်း ဖြစ်ပါသည်။

စာရေးသူ ရေးသားမည့် အကြောင်းသည် ရှေးလူကြီးသူမများ ပြောဆိုတတ်ကြသည့် ပုဏ္ဏကတိုက်ခြင်း ဆိုသော အကြောင်းကို အခြေခံပါသည်။

ဤသည်ကို သုတေသနပညာရှင်အချို့၏ စူးစမ်းလေ့လာ တင်ပြချက်များအရ ပုဏ္ဏကတိုက်ခြင်းကို ဂျပန်ဘာသာစကားနှင့် Pottergeistဟု ခေါ်ဆိုကြောင်း၊ အသံဆူညံအောင် ပြုလုပ်တတ်သော ဝိညာဉ် (သို့မဟုတ်) ဆူညံသံပေးသော သရဲNoisyghost ဟု ခေါ်ဆိုကြောင်း ဖတ်မှတ်ဖူးပါသည်။

ပုဏ္ဏကတိုက်ခြင်းနှင့် ပတ်သက်၍ သိပ္ပံနယ်လွန်ဖြစ်ရပ်အဖြစ် လက်တွေ့သက်သေ အထောက်အထား ခိုင်လုံစွာ ပြဆိုနိုင်သည့် ပြယုဂ်များ ရှိ[illegible]ကိုလည်း ဖတ်ဖူးပါသည်။ စာ[illegible]စိတ်ဝင်စားသည်မှာ လူနှင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ပေါ်ပေါ်ထင်ထင် ပြုတတ်မှုကို ဖြစ်၏။

ဤဖြစ်ရပ်များသည် များသော[illegible] ဖြင့် အိမ်ပေါ်သို့ တုတ်များ၊ [illegible]များ ပစ်တင်ခြင်း၊ အိမ်ကြမ်းခင်း၊ အိမ်နံရံ



www.burmeseclassic.com

www.burmeseclassic.com

များကို ရိုက်ပုတ်ခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။ သို့သော် မည်သည့်အကောင်အထည်၊ မည်သည့်ပုံသဏ္ဌာန် အရိပ်အယောင်ကိုမျှ မြင်တွေ့ရခြင်းတော့ မရှိပေ။

ထိုသို့သော ပြုလုပ်ချက်များသည် လူမြင်၊ သူမြင် နေ့ခင်းအချိန်မှ ရှေး၍ ဖြစ်လေ့ဖြစ်ထ ရှိခြင်းပင်ဖြစ်၏။ ဤသည်ကို သဘာဝလွန် ပုံသဏ္ဌာန်ရှိသော ပုဂ္ဂိုလ် Super natural Figure များကသာ ပြုလုပ်တတ်ကြောင်း သိရှိရပါသည်။

လက်တွေ့ ကြုံတွေ့ခဲ့ဖူးသော ဆရာတော်ကြီးများ၊ လူကြီးသူမများ၏ တစ်ဆင့် ပြောစကားများကိုလည်း ကြားနာခဲ့ဖူးပါသည်။ တစ္ဆေ သရဲ သင်းကွဲပြိတ္တာ၊ မြေဖုတ်ဘီလူး စသည့် မိစ္ဆာများက လူတို့ကို ဖမ်းစားတတ်ခြင်း၊ နှိပ်စက်မှု ပြုတတ်ခြင်းများ အကြောင်းကို ဗုဒ္ဓရှင်တော် ဟောကြားတော်မူခဲ့သော ပေတဝတ္ထုများ၊ ရဟန်းတော်များ၏ ဝိနည်းပညတ်များတွင် ပါရှိပြီး ဖြစ်ပါသည်။

ခေတ်ကာလအရ လက်တွေ့ကြုံမှ ယုံတတ်သောခေတ်ဖြစ်၏။ ထို့ကြောင့် နေ့ခင်းကြောင်တောင် ခြောက်လှန့်သည်ဆိုသော အချက်ကို လွယ်လွယ်နှင့် လက်ခံချင်ကြမည် မဟုတ်ပေ။ ထို လူတန်းစားတွင် စာရေးသူလည်း ပါခဲ့ဖူးပါသည်။

စာရေးသူတို့ ငယ်စဉ်က စုန်း၊ ကဝေ၊ တစ္ဆေဝတ္ထုများဖတ်၍ ရင်ခုန်ခဲ့ဖူးပါသည်။ အရွယ်လေး ရလာသောအခါ ဤအကြောင်းအရာ ရေးသူများအား အလကား အရည်မရ အဖတ်မရ လူငယ်တွေ သတ္တိကြောင်အောင် တမင်ရေးပြနေသော စာများဟု ဝေဖန်



ခဲ့ပါသည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ စီးပွားရှာဖွေရင်း ဒေသအမျိုးမျိုးသို့ ရောက်ခဲ့ပြီး လက်တွေ့ကြုံရမှ "In the Land of sprit" ဆိုသည့် စိတ်ဝိညာဉ်လောကတို့၊ ဂမ္ဘီရနယ်တို့ အမှန်ရှိနေသည်ကို မြင်တွေ့ရပါတော့သည်။

ယခု ရေးသားတင်ပြမည့် ဖြစ်ရပ်သည် ၂၀၁၀ ပြည့်နှစ်၊ မေလ၏ နွေညတစ်ည၌ စတင်ခဲ့သော ဖြစ်ရပ်မှန်အကြောင်းပင် ဖြစ်ပါသည်။

ကောင်းကင်တစ်ခွင်လုံး တိမ်မည်းညိုကြီးများ အလိပ်လိုက် နေးကွေးစွာ ရွေ့လျားနေ၏။ ဤညမှ လေက ငြိမ်ချက်သားကောင်းလှ၏။ ပူပြင်းလောင်မြိုက်လှသည့် နွေညဦးယံ၏ ဒဏ်ကို ယပ်တောင်အားကိုးဖြင့် အန်တုနေကြရပါသည်။

ထို့ကြောင့် အပူဒဏ်ကြောင့် အိပ်မရမည့်အတူတူ လေအေးလေး ရလိုရငြား အိမ်အပြင်သို့ ထွက်၍ အိမ်နီးနားချင်း ညီအစ်ကိုမောင်နှမများနှင့် တွေ့ရာလေးပါး စကား စုပြောနေကြပါသည်။

ထိုခဏ၌ပင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်း သောက်သုံးရေ ပြတ်လတ်မှုအတွက် ရေသွားရောက်လှူဒါန်းခဲ့ကြသော ညီဝမ်းကွဲများ ကားဖြင့် ပြန်လည်ရောက်ရှိလာကြပါသည်။

သူတို့ ရေ သွားရောက်လှူဒါန်းခဲ့ရာ ဝေါမြို့နယ်အတွင်းရှိ သောက်သုံးရေ ပြတ်လတ်မှုဒဏ် ခံနေကြရသော ဒေသခံ ပြည်သူများ၏ ဘဝကို ကရုဏာသက်ဖွယ် ပြန်ပြောပြကြပါသည်။

စေတနာရှင်များဘက်မှလည်း အားတက်သရော ရေသန့်များ သွားရောက်လှူဒါန်းကြ၊ အားပေးကူညီမှု ပြုနေကြသည်ကိုလည်း ဝမ်းမြောက်နှမော် သာဓုအကြိမ်ကြိမ် ခေါ်မိသည်။

ဤသို့ဖြင့် စကားလက်ဆုံ ကျနေကြသည်မှာ ည (၁၀)နာရီခန့်ပင် ရှိချေပြီ။ မကြာမီ၌ စာရေးသူတို့စကားဝိုင်းအနီး ကားလမ်းမပေါ်သို့ ဆိုင်ကယ်သုံးစီး တိုးစိုက်လာ၍ အနီးရှိ ဓာတ်ဆီဆိုင်တွင် ဆီထည့်ကြပါသည်။ ဆိုင်ကယ်စီးလာသူထဲတွင် ဆွဲဒလွဲဘုန်းတော်ကြီးကျောင်းမှ ဦးပဋ္ဌင်း ဦးပဏ္ဍိစ္စလည်း ပါလာပါသည်။

ဦးပဋ္ဌင်းမှာ စာရေးသူနှင့် ရင်းနှီးပြီးဖြစ်၍ အနီးသို့ ဂါရဝပြု နှုတ်ဆက်လိုက်ပါသည်။

'အရှင်ဘုရား ညအချိန်မတော်မှ ဘယ်ကြွမလို့လဲဘုရား'

ဦးပဋ္ဌင်းမှာ စာရေးသူအနီးသို့ တိုးကပ်လာ၍ လေသံဖြင့် တီးတိုးမိန့်ပါသည်။

'ဟို အနောက်ရွာက ခြံတစ်ခြံမှာ သရဲခြောက်နေလို့တဲ့။ အဲဒါ ဦးပဋ္ဌင်းကို လာပင့်တာနဲ့ ကြွလာတာ၊ သွားမယ်လေ နော်'

ဦးပဋ္ဌင်း ဦးပဏ္ဍိစ္စမှာ သက်တော် (၄၀)ခန့်သာ ရှိဦးမည့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခမည်းတော်မှာ စာရေးသူတို့ ဒေသဝန်းကျင်တွင် အကြမ်းရော အနုပါ စွယ်စုံရ တိုင်းရင်းဆေးဆရာကြီးဖြစ်၏။

အထူးသဖြင့် ပယောဂ ဝေဒနာရှင်များ အားကိုးအားထားပြုလောက်အောင် အစွမ်းထက်သော ဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ယနေ့တိုင် အသက် (၉၀)ကျော်ပြီဖြစ်သော်လည်း ကျန်းမာစွာနှင့်အသက်ကယ်နေဆဲ၊ ပညာအမွေများကို သူယုံကြည်စိတ်ချရသော တပည့်တပန်းများအား ပေးဝေနေဆဲ ဖြစ်ပါသည်။

ဦးပဏ္ဍိစ္စမှာလည်း ခမည်းတော်ကြီး၏ ပညာအမွေကို ရယူဆည်းပူးတတ်မြောက်ပြီးမှ သာသနာ့ဘောင်သို့ အပြီးတိုင် ကူးပြောင်းခဲ့သူ ဖြစ်၏။ ရဟန်းဘဝနှင့် ပရိယတ္တိ၊ ပဋိပတ္တိ ကျင့်ကြံကြိုးကုတ် အားထုတ်ရင်း သီတင်းသုံးလျက် ရှိပါသည်။

စာရေးသူတို့ ဒေသသား အများစုသည် အရှေ့ရိုးမတောင်ကြီးအား ပဒေသာပင်ကြီးသဖွယ် မှီခိုအားထားနေကြရသူများဖြစ်၏။ သစ်ခုတ်၊ ဝါးခုတ်၊ တောင်ယာခုတ်၊ ရွှေကျင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပါသည်။ ရေကြမ်း၊ မြေကြမ်း ဒေသဖြစ်၍ အနေကြမ်း၊ အစားကြမ်းပါက ငှက်ဖျားကြမ်းကလည်း Well Comeပင် ဖြစ်၏။

ဤတော၊ ဤတောင်တွင် ဖြစ်ပွားလေ့ရှိသော ရောဂါဘယများမှာ ဆေးဝါးဓာတ်စာဖြင့် ကုသ၍ရသော ရောဂါများကဲ့သို့ ဆေးဝါးဓာတ်စာဖြင့် ကုသ၍ မရနိုင်သော အထူးသဖြင့် ပရလောကသားတို့ ပြုစားနှောင့်ယှက်ခံရမှုကြောင့် ဆေးမတိုးသော ရောဂါများလည်း ရှိနေကြပါသည်။

ထိုသို့ ပရလောကနှင့် နီးနွယ်သော ရောဂါ ရရှိထားသူများသည် ဦးပဥ္စင်း ဦးပဏ္ဍိစ္စကိုပင် အားကိုးအားထား ပြုကြရပါသည်။ အမှန်မှာ ဝိနည်းသိက္ခာအရ ဆေးဝါးကုသခြင်း၊ ဗေဒင်ဟောခြင်း မပြုလုပ်ရပါ။

သို့သော် ဝေဒနာရှင်တို့၏ အားကိုးမှုကို အကြောင်းပြု၍ အခါအားလျော်စွာ ကယ်တင်ပေးနေရပါသည်။ ရောဂါဝေဒနာ ခံစားနေရသူများသည် ဦးပဥ္စင်း သီတင်းသုံးရာ ကျောင်းတိုက်သို့ လိုက်လာကြပြီး ရှိခိုးဦးတင်မျက်ရည်ခံထိုးပြီး အသနားခံ ပင့်လျှောက်မှုတို့ကြောင့် ကျောင်းထိုင်ဆရာတော်ကြီး၏ ခွင့်ပြုချက် ရယူကာ မျက်နှာလွှဲမရသော ဝေဒနာရှင်တို့အား ကယ်တင်ရပြန်ပါသည်။

ပရလောကသား မကောင်းဆိုးဝါးနတ်မိစ္ဆာများကို ဗုဒ္ဓ၏ ပရိတ်အရံတရားများနှင့် သူ၏ စရဏအား ပေါင်းစပ်ကာ ကယ်တင်ပေးနိုင်ခဲ့မှုများကြောင့် အသက်ရှင်သန်ခွင့် ရသွားသော သေရွာပြန်များပင် ရှိကြပါသည်၊

* . * *

နောက်တစ်နေ့ သရဲခြောက်သည်ဆိုသော ခြံအကြောင်း စူးစမ်းလို၍ ဦးပဥ္စင်း သီတင်းသုံးရာကျောင်းသို့ သွားခဲ့သော်လည်း ဦးပဥ္စင်းလေးအား အရှေ့တောင်ခြေရွာတစ်ရွာမှ ပင့်သွား၍ မတွေ့ခဲ့ရပ့ါ။

သို့သော် ရပ်ထဲရွာထဲ ပြောဆိုနေကြသော ထင်ကြေးပေါင်းများစွာကိုတော့ ကြားသိနေရပါသည်။ တိတိကျကျ သိချင်ကာမှ သိခွင့်မရသေးသည်ကို ဘဝင်မကျ ဖြစ်နေမိပါသည်။

ဤသို့နှင့် စာရေးသူလည်း အခြားအလုပ်ကိစ္စများ ရှိနေ၍ သရဲခြောက်သည့် ခြံကိစ္စ မေးမြန်းရန် တစ်လခန့် ကြာမြင့်သွားခဲ့ပါသည်။

ထို့နောက် တစ်ခုသော ညနေခင်းအချိန် သရဲခြောက်သည့်ခြံရှိရာ အနောက်ရွာမှ စာရေးသူ၏မိတ်ဆွေဖြစ်သော ဦးကျော်နှင့် သူ၏ သမက်ဖြစ်သူ မောင်ဇော်တို့ သူတို့၏ ရောဂါများ ပြသရန် စာရေးသူထံ ရောက်လာကြပါသည်။

စာရေးသူမှာ ''ရေငတ်တုန်း ရေတွင်းထဲကျ'' ဆိုသကဲ့သို့ အခန့်သင့်လေခြင်းဆိုပြီး စိတ်ထဲ ကျိတ်၍ ဝမ်းသာသွားပါသည်။ မိမိ သိချင်နေသည့်ကိစ္စကို သိတန်သလောက် သိရတော့မည် မဟုတ်ပါလော။

'ကိုကျော်တို့ လာတာနဲ့ အတော်ပဲဗျာ။ ခင်ဗျားတို့ရွာက သရဲခြောက်တယ်ဆိုတဲ့ ခြံအကြောင်း ကိုကျော်သိသလောက် ပြောပြပါဦး'

စာရေးသူ၏ စကားကြောင့် ကိုကျော်သည် ပြုံးစစနှင့် အဓိပ္ပာယ်ပါပါ စိုက်ကြည့်နေပါသည်။

'ဆရာ သိချင်တယ်ဆိုတော့ ပြောပြရတော့မှာပေါ့။ အဲဒီ သရဲခြောက်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတဲ့ ခြံဟာ ဘယ်သူ့ခြံ ထင်လို့တုံး'

'ကျွန်တော် ဘယ်သိမှာလဲ ကိုကျော်ရယ်'

'အဲဒီ သရဲခြောက်တယ်ဆိုတဲ့ခြံဟာ ကျွန်တော့်ခြံပဲ'

'ဟာ ဟန်ကျလိုက်လေဗျာ၊ ဝမ်းသာလိုက်တာ'

'ဗျာ'

ကိုကျော်၏ "ဗျာ"ဟူသော အာမေဋိတ်သံနှင့်အတူ စာရေးသူအား အံ့အားသင့်သော မျက်လုံးဖြင့် ကြည့်နေခြင်းကို ချက်ချင်းသဘောပေါက်သွားပါသည်။

'ဩော် ဒီလိုပါ ကိုကျော်တို့ခြံ သရဲခြောက်ခံရတာကို ဝမ်းသာတာ မဟုတ်ပါဘူး၊ ကျွန်တော် သိချင်နေတဲ့ အကြောင်းကို တိတိကျကျ သိရတော့မှာမို့ ဝမ်းသာသွားတာပါ'

'မပြောတတ်ပါဘူး။ ကျွန်တော့်ခြံ သရဲခြောက်ခံရတာလို့ ပြောတာနဲ့ ဆရာက ဝမ်းသာအားရကြီး ဖြစ်သွားတာကိုး'

'[illegible]ခံပါ ကိုကျော်ရာ၊ ကျွန်တော် သိချင်တဲ့စိတ် လောကြီးသွားလို့ပါ'

'ဒီအကြောင်း ပြန်ပြောရရင် ပေကတော့ ခပ်ရှည်ရှည်ပဲ။ ဟိုး လေပြင်းတွေ အကြီးအကျယ် တိုက်တဲ့နေ့ကို ဆရာ မှတ်မိသေးလား'

'ဟာ ဘယ်မေ့နိုင်ပါ့မလဲဗျာ၊ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ (၂၈)ရက်၊ မြန်မာလို ၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ညနေ (၄)နာရီမှာလေ... မှတ်မှတ်ရရကြီးကိုဗျ'

အဆိုပါ ညနေ (၄)နာရီခန့်တွင် ကောင်းကင်တစ်ပြင်လုံး အနီရောင်သန်းလာပြီး မိုးရော လေပါ ရုတ်တရက်



ပြင်းထန်စွာ တိုက်ခတ်ခြင်း ခံရမှုကြောင့် စာရေးသူတို့ ဒေသတွင်း၌ သစ်ပင်ကြီးငယ်များ ပြိုလဲခြင်း၊ အိမ်များပြိုခြင်း၊ အိမ်အမိုးများ ပြုတ်ထွက်လွင့်ပါးသွားခြင်း၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများပါ ပျက်စီးကုန်ပါတော့သည်။

နာဂစ်မုန်တိုင်းဒဏ်လောက် ဆုံးရှုံးပျက်စီးမှု မများသော်လည်း တစ်မြို့နယ်လုံး အတိုင်းအတာနှင့်ဆိုလျှင် အပျက်အစီး များခဲ့ပါသည်။ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တာဝန်သိ ပုဂ္ဂိုလ်များမှ ထောက်ပံ့ပစ္စည်းများပင် လာရောက်လှူဒါန်းကြရပါသည်။

လေပြင်းတိုက်ခတ်ချိန်မှာ ညနေခင်း ထင်သာမြင်သာအချိန်မို့ တော်သေး၏။ နာဂစ်မုန်တိုင်းကဲ့သို့ ညအချိန် တိုက်ခိုက်မှုသာ ခံရပါက မတွေးဝံ့စရာပင် ဖြစ်၏။ အသက် (၉၀)ကျော် လူကြီးသူမများပင် ဤကဲ့သို့ ပြင်းထန်သော လေတိုက်ခတ်မှုမျိုး တစ်ခါမှ မကြုံဘူးကြောင်း တအံ့တဩ ပြောကြပါသည်။

"တစ်ခါသေဖူး ပျဉ်ဖိုးနားလည်" ဆိုသကဲ့သို့ ကြုံခဲ့ရပြီမို့ အဆောက်အအုံများနှင့် နီးကပ်လျက်ရှိသော ရှေးဟောင်းသက်ရင့် သစ်ပင်အိုကြီးများအား နှမြောခြင်းကြီးစွာနှင့် ခုတ်လှဲကြရပါတော့သည်။

"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို" ဆိုရိုးစကားအရ အရိပ်ရသစ်တစ်ပင် ရှင်သန်ကြီးထွားရန် နှစ်ပေါင်းများစွာ ပြုစုစောင့်ရှောက်ထိန်းသိမ်းမှ ရရှိနိုင်ပါသည်။

ဤသို့သော သက်တမ်းရင့် သစ်ပင်အိုကြီးများကို ခုတ်လှဲရန် နှမြောကြ၊ လက်တွန့်ကြပါသည်။ သို့သော် ဤကဲ့သို့သော လေပြင်းတိုက်ခတ်မှုမျိုး နောက်တစ်ဖန် ကြုံတွေ့ရမည်ဆိုပါက ယင်းသစ်ပင်အိုကြီးများ၏ ပြိုလဲမှုအန္တရာယ်ကြောင့် အသက်အိုးအိမ်များ ထိခိုက်လာပေဦးမည်။

ထို့ကြောင့် လူများကို သတိကပ်စေနိုင်ဖို့ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ (၂၈)ရက်နေ့က တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းက လက်တွေ့သရုပ်ပြ အချက်ပေးသွားခဲ့ပြီဖြစ်၏။

'အဲဒီ လေပြင်းတိုက်တဲ့ ညနေက ကျွန်တော်တို့ အနောက်ရွာမှာ အိမ် (၃)လုံးလောက် ပြိုကုန်ပြီး အိမ်အများစုက အမိုးတွေ ပွင့်ထွက်ကုန်တယ်။

ကျွန်တော်တို့ခြံထဲမှာက သစ်ပင်ကြီးကြီးမားမားတော့ မရှိဘူး။ ရှိတဲ့ ဝါးနက်ရုံတွေကတော့ ပြားကုန်တာပဲ။ ကံကောင်းတာက ကျွန်တော့်အိမ်ခေါင်းရင်းက ထန်းပင်အိုကြီး ဘာမှ မဖြစ်လို့ပေါ့။ လဲကျလို့ကတော့ ကျွန်တော့်အိမ် ဘယ်လိုမှ မလွတ်ဘူး။

အဲဒါနဲ့ ကျွန်တော့်လဲ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင် ကာကွယ်တဲ့အနေနဲ့ ထန်းပင်ကြီးကို ခုတ်လှဲလိုက်ရတာပေါ့။ ဒါလဲ ကျွန်တော် ကိုယ့်သဘောနဲ့ မလုပ်ပါဘူး။ ရွာထဲက တတ်သိနားလည်တဲ့ သူတွေနဲ့ တိုင်ပင်ပြီးမှ ခုတ်တာပါ။

ပြီးတော့လဲ ဒီထန်းပင်ကြီးမှာ မမြင်အပ်တဲ့ အစောင့်အရှောက်ပုဂ္ဂိုလ် ရှိခဲ့မယ်ဆိုရင် ဆက်နေနိုင်အောင် ခြံထဲမှာ ရှိပြီးသား ထန်းပင်ပျိုတစ်ပင်ကို အစားထိုးပေးအပ်ခဲ့ပါတယ်။ ကျွန်တော့်ဘက်က အမှားနဲ့ တူတာဆိုလို့ ဒီထန်းပင်ကြီး ခုတ်လှဲမိတာပဲ ရှိပါတယ်။

ခြံကလဲ ကျွန်တော့် ဘိုးဘွားလက်ထက်ကတည်းက ခြံပါ။ ပြဿနာစ,တာကတော့ ၂၀၁၀ ပြည့်နှစ်၊ မေလ (၁၁)ရက် ညနေ (၅)နာရီသာသာလောက်မှာ ကျွန်တော့်သမက် မောင်ဇော် တင်းကုပ်ထဲမှာ နွားစာကျွေးနေတုန်း သူ့မျက်နှာကို သဲနဲ့ ပက်တာခံရတယ်။ အနီးနားမှာ ကြည့်တော့လဲ ဘယ်သူမှ မရှိဘူး။

နွားစာ ကျွေးနေတဲ့ဆီ အာရုံရောက်တုန်း သူငယ်ချင်းတစ်ယောက်ယောက် စ,သွား၊ နောက်သွားတာလို့ပဲ ထင်ခဲ့တာပေါ့။ ဒီလိုနဲ့ နောက်နေ့ညနေ နွားစာ ကျွေးနေတုန်း မောင်ဇော့် မျက်နှာကို သဲနဲ့ ထပ်ပက်ပြန်ရော။ ဒီတစ်ခါတော့ နွားနှစ်ကောင်ပါ လန့်ပြီး ချည်ထားတဲ့ကြိုးတွေ ပြတ်ကုန်တော့တာပေါ့။

ဘေးဘီကြည့်တော့လဲ ဘာအရိပ်အယောင်မှ မတွေ့ရတဲ့အပြင် မျက်လုံးထဲကိုပါ သဲတွေ ဝင်ကုန်တော့ မောင်ဇော် စိတ်ဆိုးပြီး အော်ဆဲတော့တာပေါ့။ ခဏကြာတော့ အဖေရေ မြန်မြန်လာပါဦးဆိုတဲ့ မောင်ဇော့်ရဲ့ အလန့်တကြား ခေါ်လိုက်သံ ကြားတာနဲ့ ကျွန်တော် ထမင်းစားနေရာက လက်တောင် မဆေးအားဘူး။ သူ့ဆီ ဒရောသောပါး ပြေးသွားရတာပေါ့။

နွားတင်းကုပ်ထဲ ရောက်တော့ မောင်ဇော် သူ့မျက်လုံးကို ပုဆိုးစနဲ့ ပွတ်နေတာ တွေ့ရတယ်။ နောက်ပြီး ပက်တဲ့သူကလဲ မတွေ့ပြန်တော့ မနေ့ကဆိုးသွားတဲ့ ကောက်မယ်သူရွာက သူ့သူငယ်ချင်း စိန်သန်း လာနောက်တာနဲ့တူတယ်လို့ မောင်ဇော်က သူ့ထင်ကြေးကို ပြောပါတယ်။

''မင်းဟာက အဓိပ္ပာယ်မရှိပါဘူးကွာ။ ဒီလောက်ညနေခင်း အလင်းရောင်ကြီးထဲမှာ သရဲခြောက်ပါ့မလား။ ရွာထဲက မင်းသူငယ်ချင်းတစ်ယောက်ယောက်က နောက်သွားတာ နေမှာပါ''

လို့ ကျွန်တော်က ပြောလိုက်တော့...

''အဖေကလဲ ဒီလောက် ရှင်းနေတဲ့ ခြံထဲ တစ်ယောက်ယောက်က လာစ,နောက်တာဆိုရင် မြင်ရမှာပေါ့။ ဒီကောင်က ဘယ်လောက် အပြေးမြန်မှာမို့လဲ''

လို့ ပြောတယ်။

သူ ပြောတာလဲ ဟုတ်တာပါပဲ။ ကျွန်တော့်ခြံက ပုန်းစရာ ချုံပုတ်၊ ချုံနွယ် ရှိတာမှ မဟုတ်တာကိုး။ ကျွန်တော်တို့အဖြစ်က အ,အအိပ်မက်လို ဖြစ်နေတာပေါ့။

သဲနဲ့ အပက်ခံရပြီး သုံးရက်မြောက်နေ့ ညနေ(၆)နာရီလောက်မှာ မောင်ဇော်တို့မိသားစု ထမင်းစားနေတုန်း သူ့အိမ်ခေါင်မိုး သွပ်ပြားပေါ် ''ဒေါင်း ဒေါင်း''ဆိုပြီး ခဲကျသံကြီး နှစ်ချက်နဲ့ အုတ်ခဲကျိုးနှစ်ပိုင်း မြေကြီးပေါ် ''ဗုန်း ဗုန်း''ဆိုပြီး ကျသံ ပေါ်လာတယ်။

ကျွန်တော်နဲ့ ကျွန်တော့်သားလဲ မောင်ဇော်တို့အိမ်ဘက် ဆင်းကြည့်ရတာပေါ့။ မောင်ဇော်တို့ လင်မယားလဲ သူ့အိမ်ပေါ်က ပြေးဆင်းလာကြတယ်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လဲ မသင်္ကာစရာ ဘာမှ မတွေ့ရဘူး။ ခဏကြာတော့ ''ဒေါင်း ဒေါင်း ဒေါင်း''ဆိုပြီး ခဲတွေ ထပ်ကျလာပြန်ရော။

ဘယ်ကနေ ပစ်နေတဲ့ ခဲမှန်း မသိတော့ ခံရခက်တာပေါ့ဗျာ။ ဒါနဲ့ မောင်ဇော်လဲ ဒေါသဖြစ်ပြီး အော်ဆဲတော့တာပေါ့။ အဲဒါနဲ့ ကျွန်တော်က ကလေးတွေ ပစ်ရင်းခတ်ရင်း မတော်တဆ ကျတာနေမှာပါကွာလို့ ဟန့်လိုက်တော့မှ မောင်ဇော် အဆဲရပ်သွားတယ်။

ခက်တာက နောက်ရက်တွေမှာလဲ ညနေ (၆)နာရီလောက် ရောက်တာနဲ့ အချိန်မှန် အိမ်ခေါင်မိုးသွပ်ပြားပေါ် ခဲတွေ ကျ,ကျနေတာပဲ။ ဘဲဥ အစရှာ မရသလိုပါပဲ။ ခဲကျတာ မြင်ရပြီး တရားခံ ဖော်ထုတ်လို့ မရဘူး ဖြစ်နေတာက ဦးနှောက်စားစရာ ဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ခဲကျသံကလဲ ဆက်တိုက် မဟုတ်ပေမယ့် တစ်နေ့ကို အနည်းဆုံး နှစ်ကြိမ်၊ သုံးကြိမ်လောက် ကျနေတာပဲ။ သဲလွန်စ ရှာမရအောင် ဖြစ်နေတော့ ကျွန်တော်တို့မိသားစုတွေ နည်းနည်းလန့်လာပြီပေါ့။

ပထမတော့ ကျွန်တော်တို့လဲ လူသိမှာ စိုးရိမ်လို့ ကျိတ်မှိတ်ပြီး ခံနေကြရတာ။ ဒီပုံစံမျိုးနဲ့ ခြောက်ရက်၊ ခုနစ်ရက် ကြာလာတော့ နီးစပ်ရာ ဆွေမျိုးသားချင်းတွေကို အသိပေးရတာပေါ့။ အနေအထားက တစ်နေ့ထက်တစ်နေ့ ပိုကြမ်းလာတယ်ဆရာရဲ့။

ဒီလိုနဲ့ ခြောက်ရက်မြောက်တဲ့နေ့ ညနေမှာတော့ တုတ်တွေ၊ ပုစွန်ကျစ်စာခဲတွေ၊ ကျောက်စရစ်ခဲတွေ၊ အုတ်ခဲကျိုးတွေ တဖျောင်းဖျောင်းပဲ။ ရွာသားတွေလဲ သိကြပြီပေါ့။ ကျွန်တော်တို့ကို အားနာလို့သာ မမေးကြတာ။

နောက်တော့ သတင်းမေးသလိုလို၊ ဘာလိုလိုနဲ့ ရွာသားတွေလဲ ရောက်လာကြတာပေါ့။ အဲဒီမှာ ညနေ (၆) နာရီရဲ့ ခဲကျပွဲကြီးကို သူတို့ မျက်ဝါးထင်ထင် မြင်ရတော့မှ အလွန် အံ့သြကြတာ။ တစ်သက်နဲ့ တစ်ကိုယ် ဒီအဖြစ်မျိုး ကြုံဖူးကြတာမှ မဟုတ်တာ။

ကျွန်တော်တို့လဲ လူအင်အား နည်းနည်း တောင့်လာတော့ အရင်နေ့တွေလောက် မကြောက်တော့ဘူး။ ရွာထဲက လူကြီး၊ လူငယ်တွေလဲ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ ညအထိ လာစောင့်ပေးကြပါတယ်။

ကျွန်တော့်သမက် မောင်ဇော်ကတော့ သူ့သူငယ်ချင်း မောင်စိန်သန်း လာပြီး ခြောက်လှန့်နေတာလို့ ယုံကြည်ပုံရတယ်။ ပတ်ဝန်းကျင်ကတော့



ထင်ကြေးအမျိုးမျိုးတွေ၊ အကြံအမျိုးမျိုးတွေ ပေးကြပါတယ်။ ဒီလိုနဲ့ပဲ (၇)ရက်မြောက်တဲ့နေ့ကို ရောက်လာပါရော။

ပြောရမယ်ဆိုရင် အဲဒီနေ့ဟာ မောင်ဇော်ရဲ့ သူငယ်ချင်း စိန်သန်းရဲ့ ရက်လည်ဆွမ်းသွတ်တဲ့ နေ့ပါပဲ။ ဆွမ်းသွတ်ပြီးပြီဆိုတော့ မောင်စိန်သန်းရန်က အေးပြီလို့ ထင်ကြတာပေါ့။ ဒီလိုနဲ့ ညနေ (၆)နာရီ ရောက်လာတော့ ထုံးစံပျက်မှာ ကြောက်တယ်နဲ့ တူပါရဲ့။ ခဲတွေ တဒေါင်းဒေါင်း ကျလာပြန်တာပဲ။

အဲဒီနောက်ပိုင်း ငြိမ်ချက်သားကောင်းသွားပါတယ်။ ကျွန်တော်တို့လဲ ညစဉ် အိပ်ရေးပျက်ထားကြတာဆိုတော့ ခေါင်းချလိုက်တာနဲ့ မှေးခနဲ အိပ်ပျော်သွားတယ်။ မကြာပါဘူး။ မောင်ဇော်တို့အိမ်ရဲ့ ဝါးထရံနောက်ကျောက "ဖျန်း ဖျန်း ဖြန်း"ဆိုတဲ့ ရိုက်ပုတ်သံကြီး ကြားရတော့တာပဲ။

လာစောင့်အိပ်တဲ့ ရွာသားတွေလဲ အိပ်ရာက လူးလဲထပြီး အသံလာရာဘက်ကို ဓာတ်မီးနဲ့ ပိုင်းထိုးပြီး ရှာကြတော့လဲ ဘာအရိပ်အယောင်မှ မတွေ့ရပြန်ဘူး။ အချိန်က ည(၁၁)နာရီကျော်လောက် ရှိနေပြီ။

တတ်သိနားလည်တဲ့ ရပ်မိရပ်ဖတွေကလဲ သူတို့ တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ပေးကြပါတယ်။ ဒီကြားထဲ တစ်နေ့ထက်တစ်နေ့ ပိုဆိုးဝါးလာတာကိုတော့ မစဉ်းစားတတ်အောင်ပါပဲ။

အိမ်ခေါင်မိုးပေါ် ခဲတွေ ပစ်တင်လိုက်၊ နံရံတွေ, အိမ်ကြမ်းခင်းတွေ ရိုက်ပုတ်လိုက်နဲ့ ထင်တိုင်းကြဲပြီး သောင်းကျန်းပြနေတဲ့ ပရလောကသားရဲ့ လုပ်ရပ်က တစ်နေ့တခြား ကြောက်ဖို့ကောင်းလာတယ်။

တို့မိသားစုမှ ကြုံကြုံဖန်ဖန် လာဖြစ်ရတယ်ဆိုပြီး ဝမ်းနည်းမိတယ်။ အညှိုးရင် ယင်အုံတယ်ဆိုတဲ့ စကားအတိုင်း အခုတော့ ယင်အုံရုံ မကပါဘူး။ လူတွေပါ အုံလာတော့ ရှက်တောင်ရှက်လာတယ်။

အခုဆို ကျွန်တော့်အသက် (၆၀) ကျော်ပါပြီ။ ဒီလိုအဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံခဲ့ဖူးဘူး။ သူများပြောတာပဲ ကြားဖူးတော့ ဒီသတင်းက ကြော်ငြာလွှတ်ပဲ ဆံရာရေ ဖြန်းဖြန်းကို ပြုံနေတာပဲ။

တစ်နေ့ထက်တစ်နေ့ ပိုသောင်းကျန်းလာနေတာဆိုတော့ ဘယ်အတိုင်းအတာအထိ ဆက်ဖြစ်ဦးမယ် မသိနိုင်ဘူးလေ။ ခက်တာက မျက်စိနဲ့ တပ်အပ် မမြင်နိုင်တဲ့ ကိစ္စဆိုတော့ ပိုဆိုးလာမှာ ကြောက်တာပေါ့။ အိမ်မှာ ကလေးမြေးငယ်တွေရှိတော့ စိုးရိမ်လာတယ်။

အဲဒီတော့ ကျွန်တော်တို့မိသားစုရဲ့ ဒုက္ခကို ကယ်တင်နိုင်မယ့် ဆရာကောင်း၊ သမားကောင်း လိုလာပြီလေ။ အခုဟာက ဒီအတိုင်း လက်ပိုက်ကြည့်နေရသလိုမျိုး ဖြစ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပြောရမယ်ဆိုရင် အဲဒီညဟာ နွားတွေလန့် လူတွေလန့်နဲ့ တော်တော်ဝရုန်းသုန်းကား ဖြစ်တဲ့ညပါ။ ဘုရားမှတစ်ပါး အားကိုးစရာ မရှိအောင်ပါဘဲ။ ဖြစ်သမျှ ဒုက္ခ ခါးစည်းခံရတော့မယ့် အနေအထား ရောက်နေတာပေါ့။

ဒီလိုနဲ့ပဲ (၈)ရက်မြောက်နေ့ကို ရောက်လာပါတယ်။ အဲဒီနေ့ကတော့ ပြဿနာတွေ ငြိမ်းတန်ကောင်းရဲ့လို့ ထင်ထားကြတာ။ ခက်တာက အဆုံးအဖြတ်ပေးမယ့် ညနေ (၆)နာရီကို မရောက်သေးတော့ ရင်တမမပါပဲ။

ညနေ (၅)နာရီကျော်ကတည်းက အိမ်သားတွေရော၊ ရွာသားလေး,ငါးယောက်ရော အိမ်အောက်မှာ ဆင်းနေကြပါတယ်။ ဒီနေ့တော့ (၆)နာရီကျော် (၇)နာရီလောက်အထိ အငြိမ်ပဲ ဆရာရေ၊ ကျွန်တော်တို့လဲ ဝမ်းသာကြတာပေါ့။

ဝမ်းသာလို့တောင် ဆုံးမယ်မထင်ဘူး။ မောင်ဇော်အိမ်ဘက်က မဟုတ်တော့ဘဲ ခေါင်းရင်းဘက်မှာနေတဲ့ ကျွန်တော့် အိမ်ခေါင်မိုးသွပ်ပေါ်က "ဖြောင်းဖြောင်း"ဆို အုတ်ခဲကျိုးနှစ်လုံး "ဗုန်းဗုန်း"ဆိုတဲ့ ကျယ်ကြီးနဲ့အတူ ကျွန်တော့်မိန်းမ လန့်ပြီး ငယ်သံပါအောင် အော်သံကြားရတော့တာပဲ။

စောင့်ကြည့်နေကြတဲ့ သူတွေလဲ ကျွန်တော့်အိမ်ဘက်ကို ခေါင်းလည်ကုန်ပါရော။ ဒီလိုနဲ့ မကြာပါဘူး။ မောင်ဇော်တို့အိမ်ဘက်က အိမ်နံရံကို ပုတ်တဲ့ "ဖျန်း ဖျန်း"ဆိုတဲ့ အသံကြီးပေါ်လာတော့ လူတွေလဲ ဟိုပြေး ဒီပြေးတွေ ဖြစ်ကုန်ပါရော။



နောက်ဆုံးတော့ ကျွန်တော့် မိတ်ဆွေတစ်ဦးရဲ့ ကူညီအကြံပေးမှုနဲ့ ဆွဲဒလွဲ ဘုန်းတော်ကြီးကျောင်းမှာ သီတင်းသုံးနေတဲ့ ဦးပဥ္စင်း ဦးပဏ္ဍိစ္စကို အပြေးအလွှား သွားပင့်ရတာပေါ့။ အရေးထဲ ဦးပဥ္စင်းက ခရီးလွန်နေလို့ ကျွန်တော်တို့အိမ်ကို ည (၁၀)နာရီခွဲသာသာလောက်မှ ကြွလာနိုင်တယ်။

ဦးပဥ္စင်းအိမ်ပေါ်ရောက်လို့ နာရီဝက်လောက်အထိ ဘာသံမှ ထပ်မကြားရတော့ဘူး။ ဒါနဲ့ ကျွန်တော်လဲ ဖြစ်ကြောင်းကုန်စင် လျှောက်ထားရတာပေါ့။

ဒီလိုနဲ့ ဦးပဥ္စင်းက...

"ဒီညတော့ ဒကာတို့ ခဲပေါက်ဆရာ တယ်ငြိမ်ပါလားဗျ"

တဲ့။

မကြာပါဘူး။ မောင်ဇော်အိမ်ခေါင်မိုးပေါ် ခဲလုံး ခပ်ကြီးကြီးတစ်လုံးကျသံ "ဖြောင်း ဒိုင်း ဝရော ဗုန်း"ဆိုတဲ့ မြေကြီးပေါ် ကျသံပါ တစ်ဆက်တည်း ကြားရတော့မှ...

"ဟာ တကယ်ဆော်တာပဲကွ"

တဲ့။

ဦးပဥ္စင်း စကားသံနဲ့အတူ မကြာမကြာ ခဲအသေးစားလေးတွေ ကျသံ ကြိုကြားကြိုကြား ကြားနေရပါတယ်။ ဦးပဥ္စင်းလဲ မောင်ဇော်ရဲ့ ဘုရားဆောင်မှာ နံ့သာတိုင်၊ အလင်းတိုင်တို့ကို ကိုယ်တိုင် ထွန်းညှိပူဇော်ပြီး ဘုရားအာရုံပြုပါတယ်'

ဦးပဥ္စင်း ဦးပဏ္ဍိစ္စ၏ ဆောင်ရွက်စီမံမှု အဆင့်ဆင့်အားလည်း စာရေးသူအား ရှင်းပြပါသည်။

'ဆရာ သိရအောင် ဦးပဥ္စင်းရဲ့ စီရင်ပုံ ကျွန်တော် ဉာဏ်မီသလောက် ရှင်းပြပါ့မယ်။ ပထမ ဘုရားရှင်ကို အာရုံပြုပြီး ရှိခိုးကန်တော့ပါတယ်။ အဲဒီနောက် စတုလောကပါလ နတ်မင်းကြီး (၄)ပါးကို ပင့်ဖိတ်ပါတယ်။

ပြီးတော့ ကုဝေရနတ်မင်းကြီးလို့ ခေါ်တဲ့ ဝေဿဝဏ်နတ်မင်းကြီးကို တိုင်တည်ပြီး ကျွန်တော့်ခြံဝန်းနဲ့ အိမ်နှစ်အိမ်ကို အနှောင့်အယှက်ပြုနေတဲ့ ပရလောကသားကို နောက်ထပ် ဒုက္ခမပေးဖို့နဲ့ ဒီနေရာကနေ အမြန်ဆုံး အေးချမ်းစွာ ထွက်သွားဖို့ အမိန့်ပေးပါတယ်။

အဲဒီနောက် ဗုဒ္ဓရဲ့ အရံအတားတွေ၊ ဓမ္မမန္တရားတွေကို အသံဩဇာ ပြတ်ပြတ်သားသားနဲ့ ရွတ်ဖတ်သရဇ္ဈာယ်ပါတယ်။ ဒီနေရာမှာ ဦးပဥ္စင်းလေးဟာ **'အာဋာနာဋိယ'**သုတ်ကို အဓိကထားပြီး ရွတ်ဖတ်ပူဇော်တာကို ကြားရပါတယ်။

ညတွင်းချင်းပဲ ခြံထဲဆင်းပြီး တစ်ခြံလုံး ဆန်မန်းတွေ ကြဲပက်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အိမ်ကနေ ည နာရီပြန် တစ်ချက်လောက်မှ ဦးပဥ္စင်း ကျောင်းကို ပြန်ကြွတော်မူပါတယ်။ အဲဒီနောက်ပိုင်း ဘာသံမှ ထပ်မကြားရတော့ပါဘူး။

ဒီလိုနဲ့ ဦးပဥ္စင်းဟာ ကျွန်တော်တို့အိမ်ကို နောက်ထပ် နှစ်ညတိုင်တိုင် ဆက်ကြွပြီး စီရင် ဆောင်ရွက်ပေးပါတယ်။ နောက်ဆုံးညလို့ပဲ ပြောရမှာပေါ့။ အဲဒီည (၈)နာရီလောက်မှာ ခြံထဲမှာ ဆန်မန်းပေါက်ပေါက်တွေ ထပ်ကြဲပြီး ခြံရဲ့လေးထောင့်မှာ တစ်ထောင့်ချင်း နံ့သာတိုင်၊ အလင်းတိုင်တွေ ထွန်းညှိပြီး ဂါထာမန္တန်တွေကို အထပ်ထပ် ရွတ်ဖတ်ပါတယ်။

ခြံသုံးထောင့်မှာ ရွတ်ဖတ်သရဇ္ဈာယ်ပေးပြီး နောက်ဆုံး အရှေ့တောင်ထောင့်အရပ်မှာ အစီအရင် ပြုလုပ်နေတုန်း "အင်း"ဆိုတဲ့ ညည်းသံအကျယ်ကြီး ထွက်လာတယ်။ ကျွန်တော်တို့လဲ ကြောက်လိုက်တာမပြောပါနဲ့တော့။

ခဏလောက်ကြာတော့ ချုံတောတစ်ခုထဲကို ကျွဲတစ်ကောင်၊ နွားတစ်ကောင် အတင်းတိုးထွက်လိုက်သလို "ဖြော ဖြော ဝရော"ဆိုတဲ့ အသံကြီးကို ကြားလိုက်ရတာပဲ။ ကျွန်တော်တို့လဲ ကြောက်ကြောက်နဲ့ အမှောင်ထုထဲကို စူးစိုက်ကြည့်တော့လဲ ဘာမှ မတွေ့ရဘူး။ အံ့ဩစရာ အတော်ကောင်းတယ်။ အဲဒီ ခြံစပ်မှာ ဘာပင်မှ မရှိပါဘူး။ ခြံအနောက်ဘက်မှာ လယ်ကွင်းပြင်ပဲ ရှိပါတယ်။

ဦးပဥ္စင်း ဦးပဏ္ဍိစ္စ အဲဒီလို အစီအရင် လုပ်ပေးပြီးကတည်းက ဒီကနေ့အချိန်အထိ ဘာသံမှ မကြားရတော့သလို ဘာအနှောင့်အယှက်မှ ထပ်ပေးတာ မခံရတော့ပါဘူး'

ကိုကျော်မှာ စာရေးသူ သိချင်နေသော အကြောင်းအား စိတ်ရှည်စွာ ရှင်းပြရှာပါသည်။

'နေပါဦး ကိုကျော်တို့ခြံထဲမှာ ဘယ်လို ပရလောကသားက လာပြီး အနှောင့်အယှက် ပေးနေတာလဲဆိုတာ ဦးပဥ္စင်းကို မေးလျှောက်ကြည့်ဖူးလား'

'ဘယ်နေပါ့မလဲ ဆရာရယ် လျှောက်ထားကြည့်တာပေါ့။ ဦးပဥ္စင်းက ဘယ်လိုမိန့်လဲဆိုတော့ ဒကာတို့ခြံ အန္တရာယ်ကင်းနေပြီပဲဗျာ မသိချင်ပါနဲ့တော့တဲ့။ ဒါနဲ့ ကျွန်တော်လဲ ဆက်မလျှောက်ထားတော့ပါဘူး'

'ထားပါတော့ဗျာ။ ကိုကျော် ခွင့်ပြုမယ်ဆိုရင် ဒီအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ရေးပို့ချင်တယ် ဘယ့်နှယ်လဲ'

'ရေးပါဆရာရဲ့ ကျွန်တော် ခွင့်ပြုပါတယ်။ ဒါမှလဲ ဒီလိုဖြစ်ရပ်မျိုးတွေ လောကကြီးထဲမှာ အမှန်တကယ် ရှိနေပါလားဆိုတာ စာဖတ်သူတွေ သိသွား ဗဟုသုတ ရသွားတာပေါ့ဗျာ'

တဲ့။

**မှတ်ချက် ။ ။ မူလ ကာယကံရှင်များ၏ အမည်၊ နေရပ် လွှဲပြောင်းထားသည်မှအပ ပကတိ ဖြစ်ရပ်မှန် ဖြစ်ပါသည်။**

**ဖေမောင် (ညောင်လေးပင်)**

ယတြာဆိုတာ အကောင်းအဆိုး အကြောင်းအကျိုးကို ပြုပြင်စီမံသော အရာ ဖြစ်ပါတယ်။ လူနက္ခတ်... လူနက္ခတ်ချင်း၊ နတ်နက္ခတ်... နတ်နက္ခတ်ချင်း၊ ဘီလူးနက္ခတ်... ဘီလူးနက္ခတ်ချင်း သင့်မြတ်ပေမယ့် ဗေဒင်ပညာအရ ဘီလူးနက္ခတ်နဲ့ လူနက္ခတ်ကတော့ မသင့်မြတ်ဘူး ဆိုထားပါတယ်။

တညင်းသီးစားက တညင်းသီးအတက် ဖြုတ်ပစ်ရင် အတောက်ပြေသလို ငါးသလောက် စားရင်လဲ တက်ကြောကို ဖယ်ပြီးစားရင် ဖက်ကြောမတက်တော့ပါဘူး။

အဲဒီသဘောပါပဲ။ ဓာတ်ရိုက်ဓာတ်ဆင် ဓာတ်ပြင်ပညာအရ ဘီလူးရုပ်တုရှိတဲ့ ဘုရားတစ်ဆူဆူကို သွားပါ။

ဘီလူးပညာတ် **ဘီလူးနက္ခတ် ဗျာနည်း**

**ဥပမာ ရန်ကင်းတောင်ဆို ယက္ခမယ်တော်ကြီး။ မကွေးမြသလွန်ဆိုရင် ဘောသော ဘောကျော်၊ ကျိုက္ကစံဘုရားမှာ ယက္ခညီနောင် စတဲ့ ဘုရားတွေက ဘီလူးပုဂ္ဂိုလ်တွေထံမှာ အုန်း(၁)လုံး၊ ငှက်ပျော(၂)ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ထီး၊ တံခွန်၊ ကုက္ကားစုံနဲ့တင်ပါ။**

'(...)နေ့သား,သမီး မောင်,မ(...) ဘယ်သူက လောကီပညတ်အရ ဘီလူးနက္ခတ် ပိုင်ရှင် ခေါ်ဝေါ်ကြပါတယ်။ ပညတ်သွားရာ ဓာတ်သက်ပါခဲ့ရင်လဲ အသင်တို့ဘီလူးဓာတ်ကို နှတ်သိမ်းပါ။

ကုဝေရ ဝိရူပက္ခ ဝိရူဠက၊ ဓတရဋ္ဌ သာသနာစောင့် နတ်မင်းကြီး လေးပါးကလဲ



ဤနေ့ ဤရက်၊ ဤအချိန်မှ စ၍ ကာယကံရှင် မောင်,မ(...)အား ဘီလူးဓာတ်၊ ဘီလူးပညတ်၊ ဘီလူးနက္ခတ်များ ကုန်စင်အောင် ဖယ်ရှားပေးပါ။ ပယ်ရှင်းပေးပါ။ နှတ်သိမ်းပေးပါ'

လို့ တိုင်တည်ဆုတောင်းပါ။

ဘီလူးနက္ခတ် မိထားတဲ့ ပညတ်ဓာတ်သက်များ သက်သာခွင့်ရမည် ဖြစ်ပါကြောင်း...


**လောကီပညာ၊ ဗေဒင်ပညာဖြင့် လူသားကောင်းကျိုး ပြုနိုင်ရပါလို၏။**

**ဒေါက်တာ ခိုင်ငုံမေ (ဝေဒပညာ)**



www.burmeseclassic.com

www.burmeseclassic.com



# ရှဲ့ဝိဇ္ဇာ မှုန်ဝါးခဲ့လေပြီ

ပန်းမြို့လယ် စိန်ဝင်း

မှတ်မှတ်ရရ ၂၀၀၇ ခုနှစ်၏ မတ်လ ဆန်းပိုင်းက ဖြစ်ပါသည်။ နွေရာသီ ကာလ၏ နေအပူရှိန်သည် ပူပြင်းလှပါဘိ။ ဝန်ထမ်းလောကတွင် အပျင်းတရားခြောက်ပါးကို ဘေးချိတ်ထား၍ သားရာနေ စေရာသွား နိုင်းတာလုပ် အဟုတ်ကို တာဝန်ကျေပါမှ ပြည်သူ့ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်နိုင်ပါမည်။

ကျွန်ုပ်၏ဆရာကြီး ဆရာဦး... ပြောခဲ့ဖူးသော စကားတစ်ခွန်း ရှိပါသည်။ ထိုစဉ်က ဆရာဦး...သည် အင်ဂျင်နီယာမှူး (စက်မှု)အဆင့်ဖြင့် ဟင်္သာတတိုင်းရုံးတွင် (DME) ကိုယ်စား ယာယီတာဝန် ထမ်းဆောင်စဉ်က ဖြစ်ပါသည်။

ဆရာဦး... တာဝန်ထမ်းဆောင်စဉ် ကာလတွင် မြို့ကွင်းတံတားကြီး ရေလမ်းထိန်းသိမ်းမှုအတွက် ရေလမ်းကြောင်း ပြောင်းလွှဲဖောက်လုပ်မှု အောင်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ဖူးပါသည်။

ဤတွင် မှတ်ဦးဆိုင်းဘုတ် စာတန်းရေးရန် ပန်းချီဆရာ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရပေသည်။

စက်မှုတွဲပြင်ဌာနမှ ပန်းချီ (စာရေး– ဆေးသုတ်) ကိုမြင့်မောင်မှာလည်း ဖျားနေပေသည်။ ခေါင်ခြုံကြီးနှင့် ဖျားနေကြောင်း သက်သေထူသည့်အနေဖြင့် ဆရာဦးထံ ရောက်လာလေသည်။ ဤတွင် ဆရာဦး...က...

'ကိုမြင့်မောင်ကြီးရာ ဒီပွဲက ခင်ဗျားကို အားကိုးရမှာပါ။ ခင်ဗျား ဖျားနေတာကိုလဲ ဆရာ မြင်ပါတယ်။ ဆရာဟာ အင်ဂျင်နီယာတစ်ယောက် ဖြစ်ပေမယ့် ဆေးဘူးနဲ့ စုတ်တံကိုင်ပြီး စာရေးတဲ့ အလုပ်ကို မလုပ်နိုင်ပါဘူးကွာ။

တကယ်လို့များ ဆရာ့ကို အထက်က...'ဒီလုပ်ငန်းဟာ မင်းနဲ့ တန်တယ်၊ မင်းသွားလုပ်မှကို ဖြစ်မယ်လို့ တာဝန်ပေးလိုက်ရင် ...က ခါးတောင်းကျိုက်ပြေးပြီး လုပ်မယ့်သူဆိုတာ တပည့်ကြီးသိထားပါကွာ။ အခုကလဲ ကိုမြင့်မောင်လုပ်မှကို ဖြစ်မှာမို့လို့ ဆရာ တာဝန်ပေးတာပါ။ အဲဒီလုပ်ငန်းပြီးရင် ဆရာ မင်းကို နေကောင်းတဲ့အထိ အနားပေးပါ့မယ်'

'ဟုတ်ကဲ့ဆရာ ကျွန်တော် ဆေးသောက်ပြီး အခု ညတွင်းချင်း အပြီးရေးပေးပါ့မယ်'

ကိုမြင့်မောင်၏ အဖျားရောဂါသည် စိတ်ဓာတ်ဆေးဖြင့် သက်သာသွားသလို စိတ်ဓာတ်ဖြင့် ညလုံးပေါက် အပြီး ရေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်သည် နွေနေပူကို အန်တုခံရင်း ရုံးရှေ့ရှိ ခုံတန်းရှည်တွင် ခေတ္တအပန်းဖြေ နားနေပါသည်။ ထိုအချိန်တွင် စက်ခေါင်းမှူးကြီး ဦးညွှန့်သိန်းသည် ကျွန်ုပ်ကိုမြင်၍ ရုံးဘက်သို့ လှည့်ဝင်လာပြီး ကျွန်ုပ်၏ဘေးတွင် ဝင်ရောက်ထိုင်လိုက်ကာ...

'ဘယ်လိုလဲ စာရေးဆရာ ဘာတွေ စဉ်းစားနေတာတုံး။ စာရေးဖို့ ကုန်ကြမ်းရှာ စဉ်းစားနေတာလား'


'ဘာရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ပူလွန်း အိုက်လွန်း ညောင်းလွန်းလို့ မျက်လုံး ခဏ အနားပေးနေတာပါ။ အခု စက်ခေါင်းမှူးကြီးက ဘယ်သွား





www.burmeseclassic.com

www.burmeseclassic.com



မလို့လဲ။ ဒီအလံတွေနဲ့ ကလေးဆော့တဲ့ လုံတွေက ဘာလုပ်မလို့တုံး၊ လုံသိုင်း ကျင့်မလို့လား၊ ဒါမှမဟုတ် အရိန္ဒမှာ သိပါစ ဆိုပြီး ကျန်စစ်သားဇာတ်ကား ရိုက်မလို့လား'

'ဟာဗျာ စာရေးဆရာကလဲ လုပ်တော့မယ်။ ဘာဇာတ်ကားမှ ရိုက်မှာ မဟုတ်ပါဘူး။ ကြံခင်း၊ ဥသျှစ်ပင် ရထားလမ်းပိုင်းဖွင့်ပွဲမှာ အသုံးပြုခဲ့တဲ့ ပစ္စည်းတွေပါ။ အလံတွေက ကြီးကြပ်ရေးမှူး(စက်ခေါင်း) (LI) ရုံးကို ပြန်အပ်ရမှာ၊ ဒီလုံတွေက သူများဆီက ငှားလာတာ၊ မဲဇလီကုန်းဘူတာ ရုံပိုင်ကြီးဆီကို ပြန်ပို့ပေးရမှာ'

'စက်ခေါင်းမှူးကြီး ဦးညွန့်သိန်း မောင်းတဲ့ လမ်းသစ်ဖွင့်ပွဲမှာ ရထားဝန်ကြီးနဲ့ လူကြီးတွေ အတော်များတယ် နော်။ အဆင်ရောပြေရဲ့လားဗျာ'

'အဲဒီအကြောင်းကို စာရေးဆရာ သိအောင် ပြောပြရဦးမယ်။ ထူးထူး ဆန်းဆန်း ဖြစ်ရပ်ဆန်းလို့တောင် ဆိုရ မလိုပါပဲ။ အဲဒီလမ်းသစ်ဖွင့်ပွဲမှာ လုံဝိဇ္ဇာ ကိုယ်တိုင် ရှေ့က ဦးဆောင်ပြီး လမ်းတစ်လျှောက် စက်ခေါင်းရှေ့တည့်တည့်က လိုက်ပါလာတယ်ဆိုရင် စာရေး ဆရာ ယုံပါ့မလား'

ဟု ဆိုလိုက်တော့ ကျွန်ုပ်လည်း "ဗျာ!" ဟူသော အာမေဍိတ်သံက အံ့သြဘနန်း ကျယ်လောင်စွာ ထွက်သွားခဲ့ရပါသည်။

'မဗျာနဲ့ စာရေးဆရာ ကျွန်တော် တကယ်ပြောတာပါ'

စက်ခေါင်းမှူးကြီးက နောက်ပြောင်သည့်ပုံမပေါက်ဘဲ အတည်ပေါက် အမှန်အကန် ပြောနေသည်မို့ ကျွန်ုပ်လည်း စိတ်ဝင်စားသွားမိပါသည်။

ဦးညွန့်သိန်းက အရပ် ထောင်မောင်းမောင်း ဗလကောင်းကောင်း၊ စက်ခေါင်းမှူး ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်လိုက်လျှင် စမတ်ကျ၍ လုပခံ့ထည်သူတစ်ဦး ဖြစ်ပေသည်။

အတွေ့အကြုံ ရင့်သန်သူဖြစ်သလို မြန်မာနိုင်ငံ တစ်နံတစ်လျား ရထားလမ်းပိုင်းပေါင်းများစွာတွင် ဒီဇယ် စက်ခေါင်းပေါင်းများစွာကို ကိုင်တွယ် မောင်းနှင်လာခဲ့ဖူးသူလည်း ဖြစ်ပါသည်။

နယ်မြေအနှံ့ လူမျိုးပေါင်းစုံ၊ စရိုက်ပေါင်းစုံနှင့် ပေါင်းသင်းဆက်ဆံခဲ့ဖူးသည့် စက်ခေါင်းမှူးကြီး ဖြစ်သော်လည်း အရက်သေစာ အသောက်အစား လုံးဝ ကင်းစင်ပါသည်။

မဟုတ်မခံတတ်သည့် စိတ်ဓာတ်ရှိသလို၊ သူ၏ ကြီးမားတုတ်ခိုင်သော လက်မောင်းလက်ဖျံများတွင် အင်းစမများ၊ သိုင်းဆေးများ မည်းနက်နေအောင် ထိုးထားသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့သိုင်းပညာကို တတ်ကျွမ်းသူ ဆရာဆင့် ရသူတစ်ဦးလည်း ဖြစ်ကြောင်း သိနိုင်ပါသည်။

ဘုရား၊ တရား အလုပ်ကို စွဲမြဲစွာ လုပ်ပြီး တရားထိုင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများလည်း မကြာခဏဆိုသလို ပြုလုပ် ကျင့်ကြံနေကြောင်း သိမြင် ကြားနေရပါသည်။

'ဘယ်လိုဗျ လုံဝိဇ္ဇာကိုယ်တိုင် ဦးဆောင်ဖွင့်တဲ့ လမ်းဆိုတော့ ပိုပြီး စိတ်ဝင်စားတာပေါ့ဗျာ'

'လုံဝိဇ္ဇာကိုယ်တိုင် စောင့်ရှောက်ပြီး ဘေးမသီရန်မခ အောင်မြင်အောင် ရထားကြီးရှေ့ကနေ ဦးဆောင်ပြီး ဖွင့်ပေးခဲ့တာလို့ဆိုရင်တော့ ပိုမှန်ပါ့ မယ်ဗျာ'

'အေးဗျာ ကျုပ်တော့ အတော့်ကို စိတ်ဝင်စားနေပြီ။ စက်ခေါင်းမှူးကြီး အချိန်ရရင် ပြောပြပါလားဗျာ'

ကျွန်ုပ်က လေးလေးစားစား တောင်းဆိုလိုက်ပါသည်။ စကားပြော ကောင်းသော စက်ခေါင်းမှူးကြီးက...

'ပြောပြမှာပေါ့ စာရေးဆရာရယ်၊ ကျုပ်ပြောရရင် ဖားတစ်ရှဉ်းတံတား ဖွင့်ပွဲတုန်းက အတွေ့အကြုံကစပြီး ပြောရမှာပဲ။ အတွေ့အကြုံက ဒီလိုပါ'

* * *

ဖားတစ်ရှဉ်း တံတားသည် မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာ အကြားတွင် ရှိပါသည်။ ကြံခင်းဘူတာနှင့် ပို၍ နီးသည်ဟု ဆိုရပါမည်။ ထိုတံတားမှာ ၂၀၀၆ ခုနှစ်အတွင်း ရေကြီးတိုက်စားမှုကြောင့် တံတားသံပေါင်များ ရေစီးနောက်မျောပါပြီး တံတားကြီး ပျက်စီးခဲ့ရပေသည်။

သို့ကြောင့် ရထားများမှာ မြန်အောင်ဘူတာသို့သာ ရောက်ခဲ့ရပြီး ကြံခင်းဘူတာသို့ မရောက်တော့ပါ။ ရေကျသွားသည်နှင့် အင်ဂျင်နီယာ တံတားလုပ်သားများ၏ အားကြိုးမာန်တက် လုပ်ဆောင်မှုကြောင့် သတ်မှတ်ချိန်ထက် တံတားကြီးမှာ စော၍ ပြီးစီးခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့် ပြန်လည် တည်ဆောက်ခဲ့ရသည့် တံတားသစ်ကြီးအား အထက် ညွှန်ကြားချက်နှင့်အညီ တံတားသစ်ဖွင့်ပွဲ လုပ်ဆောင်ခဲ့ပါသည်။

ထိုတံတားသစ်ဖွင့်ပွဲအတွက် လိမ္မာပါးနပ် ကျွမ်းကျင်သော စက်ခေါင်းမှူးကို ရွေးချယ်ရာတွင် အသောက်အစားကင်းပြီး ယုံကြည်စိတ်ချရသော စက်ခေါင်းမှူးအဖြစ် ဦးညွှန့်သိန်းပင် တာဝန်ကျပါလေတော့သည်။

ထိုသို့ တာဝန်ပေး ရွေးချယ်ကြခြင်းမှာ တံတားဖွင့်ပွဲမစမီ တစ်ပတ် အလိုကပင် သိရှိ တာဝန်ပေးထားခြင်းပင် ဖြစ်ပါသည်။ စက်ခေါင်းမှူးကြီးလည်း သစ်လွင်သော ယူနီဖောင်း ပြင်ဆင်ခြင်းနှင့် စက်ခေါင်းအတွက် လိုအပ်သော အလံမှအစ၊ သန့်ရှင်းသပ်ရပ် တောက်ပြောင်စေရေး ပြုလုပ်ရတော့သည်။

ကြံခင်းဘူတာမှ စထွက် မောင်းနှင်ရမည်မို့ ကြံခင်းစက်ရုံသို့ ကြိုတင်၍ ရောက်ရှိကြရသည်။ ရထားလမ်းပေါ်မှာ စက်ခေါင်း မောင်းနှင်ရသည့် အလုပ်ကို လုပ်နေကျအလုပ်ဟု ဆိုသော်လည်း အခမ်းအနားနှင့် လူကြီးများစုံရာရှေ့တွင် အမှားအယွင်း မရှိစေဘဲ လုပ်ဆောင်ရန် တာဝန်ပေးခဲ့၍ ရင်ခုန်မိသည်မှာတော့ အမှန်ပင် ဖြစ်ပေသည်။

သို့ကြောင့် စိတ်တည်ငြိမ်မှု ရစေရန်အတွက် ပတ်ဝန်းကျင် ဆူညံမှု ကင်းဝေးရာဖြစ်သော ကြံခင်းဘူတာနှင့် နှစ်မိုင်ခန့်ဝေးသော သံနဖားကျောင်းဘုရားသို့ သွားရောက်ခဲ့ပေသည်။

စက်ခေါင်းမှူးကြီးလည်း ဘုရားတွင် အလင်းတိုင်, နံ့သာတိုင်များ ထွန်းညှိပူဇော်ပြီး ဘုရားရှိခိုးခြင်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်းပြု၍ အချိန်ပိုင်း အဓိဋ္ဌာန်ဝင်ကာ တရားထိုင်ခဲ့ပေသည်။

တိတ်ဆိတ်မှု၏အရသာနှင့် တရား၏ အရသာကား ပကတိ ကြည်လင်အေးမြသော စမ်းရေသို့ ရှိချေသည်။ ထိုစဉ် ဝတ်ဖြူစင်ကြယ်နှင့် ခေါင်းပေါင်းဖြူအုပ်ပတ်ပြီး ဖြူဖွေးသော မုတ်ဆိတ်ဖွားကြီးနှင့် အဘိုးအိုသည် အာရုံအတွင်း ထင်းထင်းလင်းလင်း မြင်တွေ့နေရသကဲ့သို့ ရှိချေသည်။

အေးချမ်းကြည်လင်သော အသံလှိုင်းသည် စက်ခေါင်းမှူးကြီး၏ နားဝ၌ ပြက်ပြက်ထင်ထင် ကြားလိုက်ရပြန်သည်။

'လူလေး စိုးရိမ်ကြောင့်ကြ မရှိပါနဲ့။ အဘမှာတာလေးကို သေချာအောင်လုပ်၊ မင်း မောင်းမယ့် စက်ခေါင်းရှေ့ခုံပေါ်မှာ သုံးဖီးပွဲပြင်ထား။ အုန်းအညှာကို ရေ့တည့်တည့်ထား။ ပြီးတော့ လူလေးသုံးနေကျ နဘယ်စကို ရှေ့မှန်တည့်တည့်မှာချေး ရှေ့ကအန္တရာယ်ရန်စွယ် မှန်သမျှ ကင်းရောပေါ့ကွ'

'ဒါဆို ပြီးရောလား အဘ'

'ဟ... လူလေးရ မင်းကလဲ ရှေ့ကရန်ကင်းပြီဆိုပေမယ့် နောက်ဆုံးတွဲက ဆွဲချလိုက်ရင် ဘယ်နှယ့်လုပ်မတုံး နောက်ဆုံးတွဲရဲ့ နောက်ဘက်မှာလဲ နဘယ်စမ ရေးလိုက်ပေါ့ကွ။ ဒါဆို ပြီးတာပဲ'

ထိုသို့ ပြောပြီးသည်နှင့် မြင်ကွင်းမှ ပျောက်သွားတော့သည်။ အဓိဋ္ဌာန်ပြီး၍ အပြန်လမ်းတွင် စိတ်လက်အေးချမ်း ပေါ့ပါးသွားခဲ့ရသည်။ အာရုံထဲမှ အဘ၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ခဲ့ရာ ဖွင့်ပွဲနေ့တွင် လုံးဝ အမှားအယွင်းမရှိ အားလုံး ကွက်တိကျဖြင့် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပေသည်။ လူကြီးများ၏ ချီးမွမ်းမှုကြောင့် ဖြစ်တည်လာသော ပီတိကို ကျေနပ်နှစ်သက်စွာ စားသုံးလိုက်ရပေသည်။

'အဲဒါက ဖားတရှဉ်း တံတားဖွင့်ပွဲရဲ့ အတွေ့အကြုံပဲ စာရေးဆရာ၊ ဉာဉ့်ချစ်ပင်လမ်းပိုင်းဖွင့်ပွဲက ပိုထူးဆန်းတယ်လို့ ပြောရမှာ'

'ဟုတ်ပါပြီ စက်ခေါင်းမှူးကြီးရယ် တလက်စတည်း ပြောပြပါဗျာ'

'ကျုပ်က ထန်းတက်လက်မှတ်ရထားတဲ့သူလို ဖြစ်နေပြီဗျ။ ဖွင့်ပွဲ မှန်သမျှ၊ အရေးကြီးတဲ့ ကိစ္စမှန်သမျှ ကျုပ် တာဝန်ယူရတာချည်းပဲ။ ဒါပေမယ့် ကျုပ်က တာဝန်ပေးခံရရင် ခင်ဗျားပြောသလို ခါးတောင်းကျိုက်ပြီး ပြေးလုပ်မယ့် လူစားမျိုးပါဗျာ'

ဟု စကားချီကာ သူ၏ အတွေ့အကြုံဆန်းကို ပြောပြပါတော့သည်။

* * *

ဉာဉ့်ချစ်ပင် ကြံခင်းရထားလမ်းပိုင်း မဖွင့်မီ ခုနစ်ရက်ခန့် ကြိုတင်၍ ကြံခင်း



www.burmeseclassic.com

www.burmeseclassic.com

စုရပ်တွင် စုရုံး ရောက်ရှိနေကြသည်။ ရထားလမ်းသစ်ဖွင့်ပွဲ ဖြစ်သည်နှင့်အညီ ဝန်ကြီးတိုင်းမှူးနှင့် တာဝန်ရှိသူ အကြီးအကဲများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ လာရောက်ကြမည်။

သို့ကြောင့် ရထားဝန်ထမ်းများမှာ အားကြိုးမာန်တက်၊ ဟာကွက်လစ်ကွက်မရှိအောင် လုပ်ဆောင်နေကြပေသည်။ ရထားလမ်းသစ်ဖွင့်ပွဲတွင် (RBE) စက်ခေါင်းအား မောင်းရမည့်သူမှာ ဦးညွန့်သိန်းပင် ဖြစ်သည်။

အတွေ့အကြုံရှိပြီးသား ဖြစ်သော်လည်း ရင်ခုန်ရစမြဲပင် ဖြစ်ပါသည်။ သို့ကြောင့် ယုံကြည်ရာ အားကိုးရာတစ်ခုအဖြစ် ကြံခင်း သံနဖားကျောင်းရှိ ဘုရားသို့ပင် သွားခဲ့ပြန်ပါသည်။

ထုံးစံအတိုင်း ဆီမီးနံ့သာများ ပူဇော်ခြင်း၊ သောက်တော်ရေချမ်း ကပ်လှူခြင်းတို့ ပြုလုပ်ပြီး ဘုရားရှိခိုးခြင်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းများ ပြုလုပ်ပြီး အဓိဋ္ဌာန် တရားထိုင်ခဲ့ပါသည်။

အချိန်ကာလသည် မည်မျှ ကြာသွားသည်ပင် သတိမထားမိတော့ပေ။ မိမိ၏ အာရုံထဲတွင် မိမိ တရားထိုင်ရာ ရှေ့တည့်တည့်ဆီသို့ လှံတစ်ချောင်း ကျလာပြီး မြေကြီးတွင် စိုက်ဝင်နေသည်ကို မြင်ယောင် ခံစားမိနေသည်။

အာရုံထဲတွင် မြင်နေရသည်မှာ လှံအသွားမှာ ရွှေရောင်ဖြစ်ပြီး ပန်းပွားများမှာ ဖြူဆွတ်လျက် ရှိနေပေသည်။ လှံ၏အရိုးတံမှာ အနီရဲရဲ ဖြစ်နေသည်ကို မြင်တွေ့ ခံစားရသကဲ့သို့ ရှိချေသည်။

ဤတွင် စက်ခေါင်းမှူးကြီးမှ နှုတ်ဝစီဖွင့်၍...

'ယခု ဤလှံဖြင့် ကြွရောက်လာသူ



သည် မည်သည့်ပုဂ္ဂိုလ် ဖြစ်သည်ကို အမိန့်ရှိပါ။ ကျွန်ုပ် မေတ္တာရပ်ခံအပ်ပါတယ် အမိန့်ရှိပေးပါ'

ဟု ဆိုလိုက်တော့...

'ဟေ့... အဂ္ဂါသား မင်းကို စောင့်ရှောက်နေတဲ့ လှံဝိဇ္ဇာပဲကွ။ မင်း စက်ခေါင်းပေါ်မှာ လှံနှစ်ချောင်း ထောင်ထား၊ ဘယ်ဘက်မှာ တစ်ချောင်း၊ ညာဘက်မှာ တစ်ချောင်းထား။ မင်း အန္တရာယ်ကင်းပြီး အောင်မြင်စွာနဲ့ ပွဲပြီးသွားရမှာကွယ့်'

ဟူသော မိန့်မှာသံတွေကို အာရုံထဲမှာ အတိုင်းသား ကြားနေရသည်။

'ကျွန်တော့်မှာ လှံဆောင်ထားဖို့ ဆိုတာ အခက်အခဲ ဖြစ်နေပါတယ်။ အချိန်ကလဲ ရက်နီးနေပြီမို့ လုပ်ဖို့လဲ မလွယ်ဘူး ဖြစ်နေပါတယ်'

'ဘာမှမပူနဲ့ ဖြစ်လာလိမ့်မယ်ကွယ့်'

အသံလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။ အဓိဋ္ဌာန်လည်း ပြီးပြီမို့ ပြန်လာခဲ့တော့သည်။

နေမင်းကွယ်ပျောက်၍ အမှောင်ထုပင် ကြီးစိုးစ ပြုလာပြီဖြစ်သည်။ စက်ခေါင်းမှူးကြီး တစ်ကိုယ်တည်း ဘုရားစာရွတ်ဆိုရင်း ပြန်လာခဲ့တော့သည်။

(၁-၃-၂၀၀၇)နေ့ ဥသျှစ်ပင်ဘူတာမှ ကြံခင်း ဟသာ်တတအထိ ရထားလမ်းဖွင့်ပွဲ ကျင်းပခဲ့သည်။ စက်ခေါင်းမှူးကြီးနှင့် ရထားထိန်းကြီးတို့သည် သစ်လွင်တောက်ပသော ယူနီဖောင်းအပြည့်အစုံဖြင့် ထည့်ဝါလှပေသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် မင်္ဂလာရထားကြီးသည် မင်္ဂလာလမ်းသစ်ပေါ်၌ ကျက်သရေရှိစွာ ပြေးဆွဲလျက် ရှိနေပေသည်။ ရထားပေါ်၌ ဒေသအာဏာပိုင်လူကြီးများ တိုင်းရင်းသားပေါင်းစုံ ခြံရံ၍ ပြေးဆွဲနေချေသည်။

ဤတွင် စက်ခေါင်းမှူးကြီး၏ အမြင်အာရုံတွင် စက်ခေါင်းရှေ့တည့်တည့် တစ်လံကွာခန့်တွင် ဖြူဖြူ အလင်းတန်းတစ်ခု ရိပ်ခနဲ, ရိပ်ခနဲ ဦးဆောင် ပြေးလွှားနေသည်ကို မြင်နေရသည်သို့ ရှိနေချေသည်။ သတိဖြင့် မောင်းနှင်ရင်း အာရုံပြုကြည့်ရာ လှံထမ်းပြီး လေထဲတွင် ပြေးလွှားနေသည့် လှံဝိဇ္ဇာကို မြင်နေရသည်သို့ ရှိချေသည်။

'ဩော်... လှံဝိဇ္ဇာကိုယ်တိုင် လိုက်ပါစောင့်ရှောက်နေပါလား'

ဆိုသောအသိနှင့် ထူးခြားစွာ မြင်လိုက်ရသော မြင်ကွင်းသည် အာရုံထဲတွင် အမှတ်ထင်ထင် ကျန်ရှိနေပါတော့သည်။ အတိမ်းအစောင်း အမှားအယွင်း အထစ်အငေါ့ မရှိဘဲ ခရီးဆုံးသို့ အောင်မြင်စွာ မောင်းနိုင်ခဲ့သည်။

'အဲဒါပါပဲ စာရေးဆရာရယ်၊ ကျုပ်မောင်းပြီး ဖွင့်ခဲ့ရတဲ့ လမ်းသစ်မှာ ဝိဇ္ဇာကိုယ်တိုင် လှံထမ်းပြီး ဖွင့်ခဲ့ရလို့ ဝိဇ္ဇာဖွင့်တဲ့လမ်းလို့ ဆိုချင်တာပေါ့'

'နို့... နေပါဦးဗျ ခင်ဗျား စက်ခေါင်းပေါ်မှာ တင်ထောင်ထားတဲ့ လှံနှစ်ချောင်းက ဘယ်ကရတာလဲ၊ လုပ်ဖို့လဲ မလွယ်ဘူးဆို'

(စာမျက်နှာ (၂၆၃) သို့)




www.burmeseclassic.com

www.burmeseclassic.com

# မြွေဘဝက

# ပေါခဲ့သူ

စင်ဒိုငယ်



◆ မနွယ်နွယ်ဦး စမတောင်သို့ လိုက်ပို့စဉ်

'ဆရာရေ ရက်ပိုင်းလောက်တော့ သည်းညည်းခံပေးပါဦး၊ ကျွန်တော် မဖြစ်ဖြစ်အောင် စီစဉ်ပေးပါ့မယ်'

'အဲဒါ ဘယ်သူလဲ အဘ'

'မဂ္ဂဇင်း အယ်ဒီတာလေ၊ ဒီနေ့ပဲ ရောက်တယ်'

တိုင်းရင်းဆေး သမားတော်ကြီး ဆရာဦးသိန်းဟန်က အင်းလျောင်းသို့ လမ်းညွှန်ရန် နှောင့်နှေးနေခြင်းအတွက် အားတုံ့အားနာစကားဆိုစဉ် တီးတိုးမေးသံ၊ ဖြေသံများကြောင့် လှမ်းကြည့်မိရာ နှာတံပေါ်ပေါ်၊ ကိုယ်ဟန်လျှလျှနှင့် သူငယ်မကို တွေ့လိုက်ရသည်။

ဦးသိန်းဟန်၏ညွှန်ခန်း ကုလားထိုင်၌ နေရာယူကာ ကိုယ်နှင့်မကွာ ပါလေ့ရှိသော ကင်မရာအိတ်ကို စားပွဲပေါ်တင်လျက် ခရီးဆောင် ကွမ်းအစ်မှ ကွမ်းယာနေစဉ် ရှေ့ကုလားထိုင်သို့ အနီးသူငယ်မ ရောက်လာလေသည်။

'ဦးကို ကျွန်တော် ပြောပြချင်တယ်။ အရင်ဘဝအကြောင်း'

'ဟော ကောင်းတာပေါ့ ပြောပြပါဦး'

'ကျွန်တော် ဘယ်သူ့ကိုမှ မပြောဖူးဘူး။ ဦး တစ်ယောက်ကိုပဲ ပထမဦးဆုံး ပြောပြတာပါ'

'ဘာကြောင့်လဲ'

'ပရိသတ်သိအောင် ပြန်ရေးပြနိုင်တယ်လေ၊ ဒါမှ သံသရာခရီးသွား ဇာတ်ရုပ်ပေါ်ပြီး ကျွန်တော်တို့ မြွေဘဝကို လူတွေ နားလည်မှာ'

'ညည်းက မြွေဘဝက လာတာ ဘား။ အရင်ဘဝကအကြောင်း သေသေချာချာ မှတ်မိရဲ့လား'

'မှတ်မိတာပေါ့။ ဦး ကလေး၊ တမူးဘက် ရောက်ဖူးမှာပေါ့'

'အင်း... ဆိုပါတော့'

'တမူးမှာ ဦးသီလနန်းဆိုတာ'

'အမိကရပေါ့။ အစောင့်ကြမ်းတယ် ဆိုကြတဲ့ နတ်နန်း'

'ကျွန်တော်က ဦးသီလနန်းက မြွေအငယ်ဆုံး မျုပ်ပြားလေ'

'မြွေမပေါ့'

'မဟုတ်ဘူး အဖိုပါ။ အစ်မကြီးနဲ့ အစ်မလတ် နှစ်ကောင် ရှိသေးတယ်။ ကျွန်တော်က မောင်အငယ်ဆုံး။ ကျွန်တော်တို့က အင်မတန် ရုပ်ဆိုးကြတယ်'

'မြွေမှာလဲ မော်ဒယ်မြွေ ရှိတာပဲ လား'

'အဲသလိုတော့ မဟုတ်ပါဘူး။ မြွေလောကမှာ ရုပ်အဆိုးဆုံးတဲ့'

'လူ့ဘဝကို ဘယ်လို ရောက်လာ တာလဲ'

'အစ်မအကြီးက...

"မင်း လူ့ပြည် သွားရမယ်။ ပုတီးစိပ် ဘုရားတရား အလုပ်လုပ်ရမယ်။ ဒါမှ ရှေ့အတွက် ကောင်းမှာ"

"အစ်မကြီးကကော"

"ညီမနဲ့ မောင်လေးတို့ပဲ သွားကြပါ။ ငါက ဒီမှာ အစစအရာရာ ပြည့်စုံအောင် ဆောင်ရွက်ပြီး မင်းတို့အတွက် မလစ်ဟင်းအောင် ဂရုစိုက်ပါ့မယ်"

အဲဒီလိုနဲ့ လူလောကထဲ ဝင်ဖို့ မုံရွာက ကုန်သည်တွေနဲ့ လိုက်သွား တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်ကို လိုက်သွားတာလဲ'

'ဒီအတိုင်းပဲ မြွေဘဝနဲ့ သွားတာ။ သူတို့က ကျွန်တော့်ကို မမြင်ရဘူးလေ။ ကံကုန်းရွာက ဒေါ်(...)ရဲ့ ဝမ်းထဲ ဝင်စားတယ်'

'ဘယ်လို ဝင်စားတာလဲ ဆိုတာကော မှတ်မိသလား'

'သောက်ရေခွက်ထဲမှာ အမှိုက်စကလေး လုပ်ပြီး ဝင်ရတာ။ သောက်မယ်လုပ်ပြီးတော့မှ အမှိုက်တွေ့လို့ဆိုပြီး ဖယ်ပစ်တယ်။ သူ ပစ်လိုက်တာ အမှိုက်စကလေးပဲ။ ကျွန်တော့်မှာတော့ အခွေလိုက်ကြီး မြေကြီးပေါ်ကို ပုံကျတာ မသက်သာပါဘူး'

'ညည်းတို့ ဖန်ဆင်းလို့ ရတယ်ပေါ့'

'ရတယ်လေ။ လူလိုလဲ ဖန်ဆင်းနိုင်တယ်။ ဘယ်ပုံစံမဆို ဖန်ဆင်းပြီး လူတွေမြင်အောင် ပြလို့ရတယ်'

'အခုကော ဖန်ဆင်းပြလို့ ရမလား'


'အရင်ဘဝမှာတော့ ရတယ်။ လူဖြစ်လာတော့ မရတော့ဘူး။ ဒါပေမယ့် သူတို့ကိုတော့ မြင်နိုင်တယ်။ အရင်ဘဝအကြောင်းလဲ အကုန်မှတ်မိတယ်။ မြွေတွေ ပြောဆိုတဲ့ စကားကိုလဲ နားလည်တယ်'

'ကဲ... ဒါဖြင့် **ရှုံဆိုပြီး အသံရှည်ဆွဲတွန်တာက ဘာအဓိပ္ပာယ်လဲ'**

'အဲဒါ နှုတ်ဆက်တာ၊ မြွေအချင်းချင်းတွေ့လို့ ပဋိသန္ထာရစကား ဆိုတာ'

'ဒါတွေက ညည်းတစ်ယောက်တည်း သိတာလေ။ ငါတို့ နားလည်အောင် ပြောပြလို့ရမလား။ ဥပမာ မြွေ–မြန်မာ အဘိဓာန်ကလေးပေါ့'

'ဦး့က မယုံဘူးပေါ့။ ဦးဝင်းဆွေ၊ ဒေါ်လှမြင့်တို့ရဲ့ သမီး မနွယ်နွယ်ဦး၊ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာ။ ဖုန်း ဝရ၁–၂၅၉၇၇ ကို ဆက်သွယ်စုံစမ်းလို့ရတယ်'



ပုတီးစိပ်ပြီးတိုင်း ရလေ့ရှိသော ကျောက်စိမ်းတစ်စုံ

'ဟရေး သိချင်လို့ မေးတာပါ။ မယုံလို့ မဟုတ်ပါဘူး။ ဒါထက် အစ်မ ငယ်ကကော လူ့ဘဝ ရောက်ပြီလား'

'သူက ကျွန်တော့်ထက် စောတယ်။ ကျွန်မ ဘွဲ့ရပြီးတော့မှ ပြန်တွေ့တယ်။ တမူးအရှေ့က တောင်ကုန်းပေါ်မှာ။ ကျောင်းထိုင်ဆရာတော် ဖြစ်နေတယ်'

'တမူးမြို့အဝင်၊ တောင်ကုန်းပေါ်က ကျောင်းဆိုတော့ သက်တော်ကြီးလှပြီပဲ'

'ဟုတ်တယ်လေ။ သက်တော် (၇၀) ကျော်ပြီ။ ကျွန်တော် သွားဖူးတော့ ဆရာတော်က စောင့်နေရတာ နှစ်တွေ အတော်ကြာပြီလို့ ပြောပါတယ်'

'ဆရာတော်ကလဲ အတိတ်အကြောင်းတွေ သိတယ်ပေါ့'

'သိတယ်၊ ဒါပေမယ့် အတိတ်ကို လွမ်းမောမနေနဲ့၊ ရခဲတဲ့ လူ့ဘဝမှာ သံသရာက လွတ်အောင် ကြိုးစားပါလို့ပြောပြီး ကမ္မဋ္ဌာန်း ကျင့်ပုံတွေ သင်ပြပေးပါတယ်'

'ဘာတွေ ကျင့်သလဲ'

'ဗုဒ္ဓဂုဏ်တော် ပုတီးစိပ်တဲ့။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း တစ်ခုတည်း စွဲစွဲမြဲမြဲ ကျင့်ပါတယ်'

'ဒီလိုကျင့်တော့ အရင်ဘဝမှာ ကျန်ခဲ့တဲ့ အစ်မကြီးက သဘောကျရဲ့လား'

'သဘောကျတာပေါ့။ ကမ္မဋ္ဌာန်း တစ်ကြိမ်ပြီးတိုင်း ကျောက်ကလေး တစ်လုံး လာပြီး ပေးတယ်'

'ဖယ်တောက်ဖို့လား'

'ဦး့ကလဲ နောက်နေပြန်ပြီ။ ကျောက်စိမ်းတို့၊ ပတ္တမြားတို့ပေါ့'

'အဲဒါတွေ ပြပေးနိုင်မလား'

'မုံရွာမှာတော့ ရှိမယ်။ အလေးအနက် မထားတော့ ဘယ်နား ပစ်ထားမိမှန်း မသိတော့ဘူး။ သာဝတ္ထိက အိမ်မှာတော့ ရှိဦးမလားပဲ'

'သာဝတ္ထိအိမ် ဆိုတာကကော'

'အမေက ကံကုန်းရွာမှာ နေခဲ့တယ်။ ကျွန်တော်ရယ်၊ အစ်မရယ်၊ မောင်လေးရယ်က သာဝတ္ထိမှာ အိမ်ငှားနေတယ်။ အခု ကျွန်တော်က သာဝတ္ထိ လျှပ်စစ်ရုံးမှာ စာရင်း အဆင့်(၄) ဝန်ထမ်းပါ။ အစ်မကလဲ ဝန်ထမ်းပါပဲ'

နောင် ရက်အနည်းငယ် ကြာသော အခါ စမတောင်သို့ ခရီးကြုံသဖြင့် သာဝတ္ထိရှိ သူ၏နေအိမ်မှ ကျောက်စိမ်း ဘူးကလေးကို ပြပေးသည်။

'ပုတီးစိပ်ပြီးတိုင်း တစ်လုံးစီ လာထားပေးသလို ဒီလို အကတ်လိုက်လဲ ပေးတတ်တယ်'

'သူက လာထားသွားတာ [illegible] လူပုံစံနဲ့ လာသလား'

'ပစ္စည်းပဲ ရောက်လာတာပါ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတယ်။ သူလာတိုင်း နွားနို့တစ်ခွက် အမြဲသွားပေးတယ်။ အိမ်ဝင်း၊ ခြံဝင်း ထဲကိုတော့ မဝင်ပါဘူး။ စည်းရိုးအပြင်မှာ ပေးရတယ်'

'ညည်းတို့ ဘာမြွေမျိုးလဲ၊ စပါးကြီးလား၊ မြွေဟောက်လား'

'ကျွန်တော်တို့ မြွေတွေမှာ လူတွေ သတ်မှတ်သလို မြွေပွေး၊ မြွေဟောက် စသဖြင့် မကွဲပြားဘူး။ မြွေအားလုံး အတူတူပဲ။ မြွေမှန်သမျှ အချင်းချင်း စကားနားလည်တယ်။ ရုပ်ရည်မတူတာဘဲ ရှိတယ်။ လူ့လောကမှာ ရုပ်ရည်၊ အသားအရောင်၊ အရပ်အနိမ့်အမြင့်၊ အသက်အရွယ် ကွာခြားသလိုပေါ့'

'အခုဆိုရင် အလုပ်အကိုင် အတည်တကျနဲ့ အရွယ်ကလဲ တည်ငြိမ်စပြုလာပြီ။ လူ့ဘဝနဲ့ အရင်မြွေဘဝ ဘယ်ဘဝကို သဘောကျသလဲ'

'အရင်ဘဝကို သဘောကျတယ်။ ဘာမှ ပူစရာမလိုဘူး။ လျှောက်လည်နေရုံပဲ'

'ဦးသီလနန်းကို ဘယ်လိုရောက်လာတာလဲ'

'သူက အတင်းခေါ်လာပြီး ရတနာတွေ စောင့်ခိုင်းတာ။ အစ်မကြီးကပဲ အားလုံး တာဝန်ယူပြီး စောင့်ရှောက်ပေးနေတော့ ကျွန်တော်တို့ အငယ်နှစ်ကောင်က လွတ်လပ်တယ်လေ'

'လူ့ဘဝ လာတာ ကမ္ဘဋ္ဌာန်းဆောက်တည်တာထွေက နောင် တစ်ဘဝမှာ ကောင်းကောင်းမွန်မွန်ဖြစ်အောင် လုပ်တာပဲ။ ဘာဖြစ်လို့ ဘဝဟောင်း ပြန်ချင်တာလဲ'

'လူတွေက အငြိုးအတေး ကြီးတယ်။ ပြောရရင်တော့ အများကြီးပေါ့လေ'

'ဒါ လောကဓံ အနိမ့်အမြင့်ပဲလေ'

'ဟုတ်ကဲ့ အဲဒါကို မခံစားချင်တာပါ။ ဒါပေမယ့် ပုတီးစိပ်ပြီးတိုင်း အရင်ဘဝကို ခင်တွယ်စိတ်နဲ့ အခုဘဝ လောကဓံ အဆိုးတွေကို သည်းခံနိုင်လာသလို၊ ဆက်ပြီး လျှောက်သင့်တဲ့လမ်းကိုလဲ သိလာသလိုလို ခံစားရပါတယ်။ သုတ်ပရိတ်တော်တွေလဲ ပို့ပြီး ရွတ်ဖတ်ပူဇော်ဖြစ်တယ်'

'အရင် မြွေဘဝက ကွယ်လွန်တာတွေကော မှတ်မိသလား'

'ဟင့်အင်း။ ဒီအတိုင်း အမှိုက်စလို ဖန်ဆင်းပြီး အခု မိခင်ဝမ်းထဲ အကြိမ်ကြိမ် ကြိုးစားဝင်ရတာကိုတော့ မှတ်မိတယ်'

'တရားတော်တွေအရ မှန်းဆရရင် သတ္တဝါတစ်မျိုး၊ လူဖြစ်ချင်လဲ ဖြစ်လိမ့်မယ်၊ အဲဒီဘဝက သေလွန်ပြီး ရုပ်နာမ်နှစ်ပါး ပြည့်စုံတဲ့ တခြား သတ္တဝါအဖြစ် မကူးပြောင်းမီ ပရလောကဘဝ၊ တစ္ဆေသူရဲလို ဘဝမျိုးပေါ့။ အနေနဲ့ နေခဲ့ရတာ ဖြစ်မယ်ထင်တယ်။ ဒါကြောင့် ပုံသွင်အမျိုးမျိုး ဖန်ဆင်းလို့ ရတာပေါ့'

'ကျွန်တော် အဲဒါတော့ မသိပါဘူး။ အစ်မငယ်ဘဝကနေ ကူးပြောင်းလာတဲ့ ဆရာတော်နဲ့တွေ့ရင် ထပ်လျှောက်ပေးပါမယ်။ နောက်တစ်ကြိမ် ပြန်ဆုံကျတော့ ဦး့ကို ပြောပြပါဦးမယ်'

'အေး... အေး။ ပရလောကမြွေလား၊ ပေတလောကမြွေလား၊ ဝေမာနိကမြွေလားဆိုတာ ကျင့်ကြံအောင်မြင်တဲ့ တရားအသိထူးရသူ ပုဂ္ဂိုလ်တွေသာ သိကြမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိဘဝမှာ ပြုဆဲ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတွေကို ရှေ့ဆက် တိုးတက်ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်'

**ဇင်ညိုငယ်**

စာမျက်နှာ (၂၆၀)မှ အဆက်

'အေးဗျ အဲဒါပြောဖို့ မေ့သွားတယ်။ ကျုပ် သံနှဖားကျောင်းက ပြန်လာတော့ မှောင်စပြုနေပြီ။ ရထားလိုက် ရိပ်သာရောက်လို့ ရေမိုးချိုးပြီး ဘုတာဘက် အတက်မှာ အမျိုးသမီးနှစ်ဦး လုံ့တွေ့၊ ဓားတွေ့၊ စစ်သည်ခမောက်တွေနဲ့ ရာဇဝင်းခင်းတဲ့ ပစ္စည်းတွေ ရွက်လာကြတာ တွေ့ရတယ်။

အဲဒါ ကျုပ်လဲ စပ်စုကြည့်တော့ မဲဇလီကုန်းကို မနက် အမြန်ရထားနဲ့ ပြန်ကြမှာတဲ့။ ကျုပ်က လှံနှစ်ချောင်းကို တန်ဖိုးသင့်ပြီး ဝယ်ပါသေးတယ်။ ဒါပေမယ့် မရောင်းဘူးဗျ။

ဒါနဲ့ ကျုပ်လဲ လမ်းသစ်ဖွင့်ပွဲမှာသုံးဖို့ အထက်က အမိန့်ကျလို့ ဆောင်ရမှာ ဖြစ်တဲ့အကြောင်း ပြောပြလိုက်တော့ ရှောရှောရှူရှူပဲ ငှားခဲ့ပါတယ်။ ကတိ တစ်ခုက (၄) ရက်နေ့အရောက် မဲဇလီကုန်းဘူတာ ရုံပိုင်ကြီးဆီကို အရောက် ပို့ပေးထားပါ။ သူတို့ လာယူမယ် ဆိုလို့ပါဗျာ။

အဲဒါ ဒီလှံနှစ်ချောင်းကို ရထားနဲ့ မဲဇလီကုန်းဘူတာ ပို့ရဦးမယ်ဗျ။ ကဲ... စုံလောက်ပါပြီနော် စာရေးဆရာ၊ ခင်ဗျားအတွက် ကုန်ကြမ်းတစ်ခု ရပြီပေါ့ဗျာ။ ကျုပ်လဲ ကြီးကြပ်ရေးမှူး စက်ခေါင်းရုံး သွားလိုက်ဦးမယ်ဗျို့'

ထူးဆန်းစွာ တွေ့ကြုံခဲ့ရသော လမ်းဖွင့်ပွဲများ၏ အတွေ့အကြုံကို အားပါးတရ ပြောပြီး ထွက်သွားသော စက်ခေါင်းမှူးကြီး၏ အတွေ့အကြုံအား ခွင့်ပြုချက်အရ တင်ပြ ရေးသားလိုက်ရပါတော့သည်။

**(စက်ခေါင်းမှူးကြီး ဦးညွန့်သိန်း၏ အတွေ့အကြုံ အဖြစ်မှန်အား ခံစား ရေးဖွဲ့ပါသည်။)**

**ပန်းမြိုင်လယ် စိန်ဝင်း**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတွင် သား(၃)ယောက်၊ သမီး(၁)ယောက် ရှိပါသည်။

အကြီးဆုံးသား မောင်ကျော်စွာထက် (၂၁ နှစ်အရွယ်၊ ဉပဒေတတိယနှစ်တက်နေဆဲ)၊ ဒုတိယမှာ သမီး မသီတာထက်(၁၈နှစ်အရွယ်၊ ဉပဒေနောက်ဆုံးနှစ်တက်နေဆဲ)၊ တတိယသား မောင်ကျော်ဟိန်းထက် (၂၀၁၁/ ၂၀၁၂ တက္ကသိုလ်ဝင်တန်းအောင်ထား)၊ စတုတ္ထမှာလည်း သား မောင်အောင် သီဟချစ် (၁၂နှစ်၊ သတ္တမတန်း ကျောင်းသား) တို့ ဖြစ်ပါသည်။

ထိုသို့ သားသုံးယောက်၊ သမီးတစ်ယောက် ရရှိခဲ့ပြီဖြစ်သော ကျွန်တော်တို့ဇနီးမောင်နှံကို လွန်ခဲ့သော (၁၁)နှစ်ခန့်ကပင် နှစ်ဖက်မိဘများမှ....

'နင်တို့လင်မယား... နောက်ထပ် သားသမီး မယူတော့နဲ့'

ဟု လာပြောပါသည်။

'ဘာလို့လဲ... အမေတို့ အဖေတို့ရဲ့၊ သားသမီးဆိုတာ မိဘအတွက် ရတနာပဲ မဟုတ်လား'

ဟု ကျွန်တော်နှင့် ဇနီးသည်တို့မှ အတွန့်တက်ပြောမိရာ...

'ဟဲ့... နောက်ထပ် သားသမီးယူရင် သမီးမွေးရင် တော်ဦးမယ်၊ သားထပ်မွေးရင် နင်တို့လင်မယားမှာ သား(၄)ယောက်၊ သမီး(၁) ယောက်ဖြစ်ပြီး ဂါတို့ပြေမလေး နာမှာပေါ့ဟဲ့'

ဟု ပြောပါသည်။

ကျွန်တော်ရော ဇနီးသည်ပါ နားမလည်ပါ။

'နောက်ထပ် သားတစ်ယောက် မွေးပြီး သား(၄)ယောက်၊ သမီး(၁)ယောက် ဖြစ်တော့ ဘာလို့ သမီးက နာရမှာလဲ'

ဟု ထပ်မေးမိရာ...

'ဟယ်...ဆတ်ကာလသားသမီးတွေ ဘာမှ



# အလောင်းထမ်း မမွေးကောင်းဘူးလား

## သိသူများမှ ဖော်ပြပေးကြပါရန်

လဲ မသိဘူး။ စကားပြောရ လက်ဝင်လိုက်တာ။ နမ်းစေ့ တစ်စေ့ချင်း ကောက်နေရသလိုပဲ။ အဲလို သား(၄)ယောက်၊ သမီး(၁)ယောက် မွေးရင် "အလောင်းထမ်း မွေးတယ် ခေါ်တယ်"။

သမီးလေး(၁)ယောက် ပျက်စီးပြီး သား(၄) ယောက်က ထမ်းပို့ရတတ်တယ်ဟဲ့။ ကဲ... သိပြီလား'

ဟု စိတ်ဆိုးမာန်ဆိုး ရှင်းပြပါသည်။

"ထိပ်ချမှ ဓားပြမှန်းသိ" ဆိုသလို ထိုသို့ တည့်တည့်ပြောမှ ကျွန်တော်တို့ သဘောပေါက် နားလည် သိရှိသွားပြီး...

'ကျွန်တော်တို့ အသက်တွေ လေးဆယ်ထဲ ရောက်နေပါပြီ အမေတို့ရာ၊ သားသမီးယူချင်လဲ မရတော့ပါဘူး။ မပူပါနဲ့ဗျာ'

ကျွန်တော် ရယ်သွမ်းသွေး ပြောလိုက်သောအခါ...

'ဟဲ့...လေးဆယ်ကျော်မှ ကံပေါ်ပြီး နောက်ထပ် သားတစ်ယောက် မွေးနေမှာစိုးလို့ ပြောရတာပေါ့။ မီးကိုမလောင်ခင်က တားမှ'

ဟု ယောက္ခမကြီးက စူအောင် စကားနာထိုး ပြောသွားဖူးပါသည်။ ထားပါတော့...

ကျွန်တော့်စိတ်ထဲမှာတော့ မယုံတစ်ဝက် ယုံတစ်ဝက်ပါ။ တကယ်ပင် သမီးတစ်ယောက် မွေးထားပြီး သားလေးယောက် မမွေးကောင်းဘူးလား။ ထိုသို့မွေးလျှင် တကယ်ပင် "အလောင်းထမ်းမွေးသည်" ဟု ခေါ်ပါသလား အလွန် သိချင်မိပါသည်။

ကျွန်တော်ကဲ့သို့ သိချင်သူများလည်း များပြားစွာ တွေ့နေရပါသည်။ (၁၁)နှစ်လုံးလုံး ကျွန်တော် လေ့လာခဲ့ရာ...

'အင်း...ပြောကြတာပဲ'

'အေး...ကြားတော့ ကြားဖူးတာပဲ'

ဟု မရေမရာ အဖြေများသာ ရခဲ့ပါသည်။ လက်တွေ့ သိမြင်ကြုံဖူးသူများ ပိုမို ဗဟုသုတကြွယ်ဝသူများမှ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းကြီးမှာ ရေးသား တင်ပြပေးပါလျှင် ဗဟုသုတ အသိတိုး ကြရမည်ဖြစ်၍ တင်ပြ ရေးသားကြ ရန် မေတ္တာရပ်ခံပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

# ကံအကြွမ်း နှင့် ဖြစ်ရပ်ဆန်း (၁)

မောင်မြအေးကြူ
(စီးပွားရေး)



တစ်နေ့တွင် စာရေးသူသည် ကြည့်မြင်တိုင်တွင်နေထိုင်သော ငယ်သူငယ်ချင်းဖြစ်သူ စိန်ဝင်းတို့အိမ်သို့ ရောက်ရှိသွားခဲ့သည်။ စိန်ဝင်းသည် လက်ဖက်ခြောက် အချိုခြောက်၊ အကြမ်း ခြောက်များကို လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချ နေရာမှ အလုပ်အကိုင် မကောင်း ဖြစ်လာသည်။

ထိုစဉ် သမီးကြီး ဖြစ်သူက တရုတ်မုန့်၊ ပေါင်မုန့်များလုပ်ခြင်းကို ဝါသနာပါသဖြင့် သင်တန်းစုံတက်ကာ မုန့်မျိုးစုံကို စတင်ထုတ်လုပ် ဖြန့်ဖြူး နေသည်ကို စာရေးသူ သိရှိပြီး ဖြစ်သည်။

စိန်ဝင်း တည်ခင်းသော တရုတ်မုန့်၊ ပေါင်မုန့်များကို စား၊ လက်ဖက်ရည်ကို သောက် ပြီးနောက် ရေနွေးကြမ်း သောက်ရင်း ရောက်တတ်ရာရာ ပြောဆိုမိကြရာမှ စာရေးသူက နောက်ပြောင်မိသည်။

'ဘယ်လိုလဲ သူငယ်ချင်း မုန့်မျိုးစုံနဲ့ ဘဝစခဲ့ပြီး မုန့်မျိုးစုံနဲ့ပဲ ဘဝကို အဆုံးသတ်တော့မှာလား'

'မင်းပြောလဲ ပြောစရာပဲ အေးကြူရာ။ ငါ အိမ်ထောင်စကျတော့ မိဘလက်ငုတ် မုန့်လုပ်ငန်းကို ရွာမှာလုပ်၊ နောက်တော့ ရန်ကုန်တက်လာ မုန့်ဆက်လုပ်၊ အဆင်မပြေတော့ အလုပ်တွေပြောင်းရင်း ပြောင်းရင်းကနေ မိုးကုတ်မှာ ကျောက်သွားတူး၊ မဟန်ပြန်တော့ အဲဒီကအဆက်အသွယ်နဲ့ လက်ဖက်ခြောက်ရောင်းနေတာ ဟုတ်မလိုလိုနဲ့ မဟုတ်ဘူး ဖြစ်လာပြန်ရော။

ကြွေးတွေကျ ပြန်မရဖြစ်လို့ လုပ်ငန်းကို မချဲ့နိုင်ဖြစ်နေတုန်း ဟော သမီးကြီးက မုန့်လုပ်တာ ဝါသနာပါလှချည့်ရဲ့ ဆိုပြီး သင်တန်းတွေ လျှောက်တက်။ သူ့အဒေါ်တစ်ယောက်ကလဲ အားပေးအားမြှောက်လုပ်ပြန်တော့ ငါလဲ တတ်သည့်ပညာ မနေသာဆိုသလို မုန့်လုပ်တဲ့ဘက် ဝင်ရပြန်ရော။ အဲဒီတော့ မင်းပြောသလိုပဲ ငါ့ဘဝကို မုန့်လုပ်ငန်းနဲ့စပြီး မုန့်လုပ်ငန်းနဲ့ပဲ အဆုံးသတ်ရတော့မယ် ထင်ပါရဲ့ကွာ'

'အေးကွ တို့တွေ အသက်တွေရလာလို့ ဘဝကို ပြန်ကြည့်တဲ့အခါ ကံ,ဆိုတာကို မယုံလို့ကို မရဘူး။ ငါ့စိတ်ထင်တော့ (၅၀)ရာခိုင်နှုန်းလောက်ဟာ ကံပေါ်မှာ မူတည်နေတယ်လို့ ထင်တယ်။ ကျန်တာကတော့ ဉာဏ်နဲ့ ဝီရိယပေါ့'

'အင်း ကံကို အလုပ်လို့တော့ ပြောတာပဲ။ ဒါပေမယ့် အတိတ်ကလုပ်ခဲ့တဲ့ ကံနဲ့ ပစ္စုပ္ပန်ကံလို့ ခွဲရမယ်ထင်တယ်။ အဲဒီ ကံနှစ်ခုနဲ့အတူ ဉာဏ်ဝီရိယပေါင်းမှပဲ လူတစ်ယောက်ဟာ အောင်မြင်ဖြိုး ထွန်းနိုင်မယ် ထင်တာပဲ'

'စကားပုံတွေလဲ ရှိတာပဲ မဟုတ်





www.burmeseclassic.com

www.burmeseclassic.com

လား။ ကံမခိုင်၊ သံတိုင် အိမ်ဆောက်သော်လည်း ကံမှောက်လျှင် ကျိုးတို့၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲတို့ ဆိုတာတွေ။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဆိုတာမျိုးတွေရောပေါ့။ ဒါပေမယ့် ဓမ္မစေတီဆရာတော်ကတော့ အဲဒါက လောကစကားတဲ့။ ဘုရားကတော့ ဉာဏ်သာလျှင် အမိ၊ ဉာဏ်သာလျှင် အဖလို့ ဆိုသတဲ့ကွ'

စိန်ဝင်းက စဉ်းစားဟန်ပြုရင်းမှ...

'အေးကွ တစ်ဖက်မှာ ကျတော့လဲ ကံကိုယုံ၍ ဆူးပုံမနင်းရာဆိုတာမျိုး ရှိသလို ဟို တို့ငယ်ငယ်က သင်ခဲ့ရတဲ့ လှည်းသမားနဲ့ မြစ်စောင့်နတ်ပုံပြင်မှာ ကိုယ်တိုင်ဝီရိယထူ လုံ့လကူမှ အောင်မြင်နိုင်တယ်လို့လဲ ဆိုပြန်ရော။

ဘာပဲဖြစ်ဖြစ် မင်းပြောသလို ငါ့ဘဝ တစ်လျှောက်ကို ခု ပြန်စဉ်းစားကြည့်တော့ ခုအသက်အရွယ်ထိ တစ်လျှောက်လုံးမှာ ငါ့ဘဝ တိုးတက်ကြောင်းအတွက် ငါ အတော့်ကို ဝီရိယစိုက်ကြိုးစားခဲ့တာတော့ အမှန်ပဲကွ။

ဝီရိယနောက်မှာ ဉာဏ်ကလဲ တတ်နိုင်သလောက် လိုက်ခဲ့တာပါပဲကွာ။ ဒါပေမယ့် ရည်မှန်းသလောက် မအောင်မြင်ဘဲ ခုထိ ရုန်းကန်နေရတာလဲ အမှန်ပဲ'

စာရေးသူက...

'မင်း ခုလို ဉာဏ်နဲ့ဝီရိယစိုက်လို့လဲ သင့်တင့်လျောက်ပတ်စွာ နေနိုင်တာလို့ ပြောလို့ရမယ်ထင်တယ်။ မကြိုးစားရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ပြီးတော့ တို့မြတ်စွာဘုရား ဟောခဲ့တဲ့ ပစ္စုပ္ပန် ကြီးပွားချမ်းသာကြောင်း တရား (၄)ပါး ရှိတယ်မဟုတ်လား။ **ဥဋ္ဌာနသမ္ပဒါ** ထကြွလုံ့လဝီရိယနဲ့ ပစ္စည်းဥစ္စာရှာဖွေဖို့၊ ဒါက တို့ ခုနက ပြောတဲ့ ဝီရိယထဲမှာ ပါမှာပေါ့။



နောက် **အာရက္ခသမ္ပဒါ**ဆိုတဲ့ မကုန်သင့်တာမကုန်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ပြည့်စုံဖို့ရယ်၊ **သမဇီဝိတာသမ္ပဒါ**ဆိုတဲ့ အဝင်အထွက်မျှတအောင် သုံးစွဲဖို့ ဒီနှစ်ခုကတော့ ဉာဏ်ဆိုတဲ့အထဲမှာ အကျုံးဝင်လိမ့်မယ်။

ပြီးတော့ **ကလျာဏမိတ္တသမ္ပဒါ** ဆိုတဲ့ မိတ်ဆွေကောင်းရှိဖို့ ဆိုတာလေ။ အဲဒီတရား(၄)ပါးနဲ့လဲ မင်းအလုပ်ကို ချိန်ထိုးကြည့်သင့်တယ် ထင်တယ်ကွ'

'မင်းပြောတာလဲ လက်ခံပါတယ်။ ဘုရားဟောတာပဲ လွဲစရာမရှိပါဘူး။ ငါ့အထင်ကတော့ကွာ အခြေအနေအချိန်အခါရယ် ကိုယ်လုပ်တဲ့အလုပ် အဲ လုပ်ငန်းပေါ့နော်။ အဲဒီနှစ်ခုပေါ် မူတည်ပြီး ကံက အဓိကလား၊ ဉာဏ်က အဓိကလား၊ ဝီရိယက အဓိကလားလို့ ခွဲခြားကြည့်ရင်တော့ ပိုပြီးမှန်မလားမသိဘူး။

ဆိုလိုတာကတော့ကွာ ဒီအခြေအနေ၊ ဒီလုပ်ငန်းမှာ ကံကို ဦးစားပေးရမလား၊ ဉာဏ်ကို အဓိကထားရမလား ဆိုတာမျိုးပေါ့။ ဥပမာကွာ ငါ မိုးကုတ်မှာ ကျောက်တူးခဲ့တာကို ကြည့်ရင်တော့ ကံက အဓိက၊ ကံကို ယုံရမလိုပဲကွ'

'ကဲ ပြောစမ်းပါဦး။ မင်းအတွေ့အကြုံတွေ ကြားစမ်းပါရစေ'

'ဒီလိုကွ'

ဖြစ်ရပ်ဆန်း(၁)

ကိုစိန်ဝင်းသည် ရန်ကုန်တွင်ရှိစဉ် တရုတ်မုန့်နှင့်ပေါင်မုန့်မျိုးစုံကို ထုတ်လုပ်ပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခဲ့သည်။ ဤလုပ်ငန်းမှာ အတော်ပင်ပန်း လက်ဝင်သလောက် အကျိုးအမြတ်လည်း ရှိသည်ပင်။ ရန်ကုန်ရှိ လက်ဖက်ရည်ဆိုင်များ မုန့်ဆိုင်များသို့ သာမက ဖျာပုံ ဘိုကလေးဘက်ရှိ မြို့ရွာများသို့ပါ ဖြန့်ဖြူးနိုင်ခဲ့သည်။

သို့သော် မုန့်လုပ်ငန်းတွင် အပြိုင်အဆိုင်များလာခြင်း၊ အကြွေးဆုံးခြင်းများကြောင့် အရောင်းအဝယ်ကျဆင်းခြင်းနှင့် ကြုံဆုံလာရတော့သည်။ ထိုစဉ် ရင်းနှီးသော သူငယ်ချင်းတစ်ဦး၏ အကြံပေးမှုဖြင့် ငွေကြေးများ စုဆောင်းကာ မိုးကုတ်သို့ ကျောက်တူးရန် လိုက်ပါသွားခဲ့သည်။ အိမ်တွင်မူ မုန့်လုပ်ငန်းကို ဇာစ်ပိုင် တစ်နိုင်သာ လုပ်ကိုင်တော့ရန် စီစဉ် ပေးထားခဲ့ရပေသည်။

မိုးကုတ်တွင်ရှိစဉ် သူငယ်ချင်းနှင့်အတူ ကျောက်လုပ်ငန်းများကို လေ့လာခဲ့သည်။ တူးဖော်ခြင်း၊ ရောင်းဝယ်ခြင်း စသဖြင့် အသေးစိတ် လေ့လာခဲ့ရပေသည်။

ထို့နောက် သူငယ်ချင်းနှင့်စပ်တူ ကျောက်တူးဖော်ခြင်း လုပ်ငန်းကို စတင်ခဲ့တော့သည်။ ကိုစိန်ဝင်းနှင့်အတူ သားအငယ် ကျော်တင်လည်း ဘွဲ့ရပြီး စတွင် လိုက်ပါသွားခဲ့သည်။

တစ်ရက်တွင် ကျော်တင်အပါအဝင် တွင်းဆရာတစ်ဦး၊ တွင်းတူးလုပ်သား သုံးဦးတို့သည် တစ်ပတ်စာ ပေါ်မုန့်ခြောက်၊ ငါးသေတ္တာစသည့် ခြောက်အခြမ်းများကို ကိုယ်စီကိုယ်စီသယ်၍





www.burmeseclassic.com

www.burmeseclassic.com

လှူးတွင်းထဲ ဆင်းခဲ့ကြသည်။ ဝါဆို ဖယောင်းတိုင်နှင့် ငါးတိုင်ထုပ် ဖယောင်းတိုင်များကား မပါမဖြစ်ပစ္စည်းများပင် ဖြစ်သည်။

လှူးတွင်းမှာ **သဘာဝလှူးတွင်းနှင့် ကိုယ်တိုင်တူးသော လှူးတွင်း**ဟု နှစ်မျိုးရှိပေသည်။ ကျော်တင်တို့ ဆင်းသောလှူးတွင်းမှာ သဘာဝလှူးတွင်း ဖြစ်သည်။

အချို့လှူးတွင်းများမှာ ပေ(၁၀၀၀)၊ (၁၅၀၀)အထိ နက်သည်။ လှူးတွင်း အဝကျယ်လျှင် လှူးတွင်းထဲသို့ ကြိုးချ၍ ကြိုးကိုကိုင်ကာ ဖြည်းဖြည်းချင်း ဆင်းကြရသည်။ အချို့လှူးတွင်းများမှာ လူတစ်ကိုယ်စာ ဝင်သာရုံမျှရှိသဖြင့် ခြေထောက်နှင့်ကန်ကျောက် လက်နှစ်ဖက်ဖြင့် တွန်းထောက်၊ ကိုင်ဆွဲ၊ ကုတ်ခြစ်ကာ ခက်ခက်ခဲခဲ ဆင်းကြရသည်၊ သက်စွန့်ဆံဖျားပင် ဖြစ်သည်။

အောက်ခြေသို့ ရောက်ပြီးနောက် ဝက်ပါအလား လှမ်းပေါက်အမြောက်အများရှိတတ်ပြန်ရာ အချို့နေရာတွင် ငါးစ် ကိုယ်စာ ဘေးစောင်း၍ဝင်ရခြင်း၊ လေးဖက်ထောက်၍ လည်းကောင်း၊ စစ်သားများကဲ့သို့ ဝမ်းလျားမှောက် (crawlinp)ဆွဲ၍ လည်းကောင်း ဝင်ရခြင်းများ ရှိသည့်အပြင် တွင်းအနေအထားအရ ရေငုပ်၍ အခြားတစ်ဖက်သို့ ကူးသွားရခြင်းများပင် ရှိတတ်ပေသည်။

လှူးတွင်းထဲ၌လည်း လှမ်းပေါက်များစွာရှိရာ မိမိဝင်ခဲ့ရာလမ်းကို အသေအချာမှတ်သားကြရပေသည်။ အတွင်းသို့ တိုးဝင်ရင်း တိုးဝင်ရင်းဖြင့် လာလမ်းကို မမှတ်မိတော့ဘဲ လမ်းပျောက်ကာ ရိက္ခာပြတ်ပြီး သေပွဲဝင်ကြရသူတွေလည်း အနန္တရှိခဲ့သည်။ အချို့မှာလည်း လှူးတွင်းပြိုကာ သေဆုံးကြရပြန်သည်။



လှူးတွင်း၌ ကျောက်ရှာရာတွင် တွင်းဆရာမှာ အခရာကျလှသည်။ သူ၏အတွေ့အကြုံ၊ အရည်အချင်းပေါ်မူတည်၍ ချမ်းသာသွားကြသူတွေ ရှိသလို သူ့အဆုံးအဖြတ်မှန်ကန်မှုဖြင့် အသက်ဘေးမှ လွတ်မြောက်ကြရသူတွေလည်း အမြောက်အမြားပင်ဖြစ်၏။

ကျော်တင်တို့ဆင်းသော လှူးတွင်းမှာ ပေ(၁၀၀၀)ခန့်အနက်ရှိသော သဘာဝလှူးတွင်း ဖြစ်၏။ ပလတ်စတစ်ကြိုးကြီးတစ်ချောင်းကို လှူးတွင်းဝနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတွင် အခိုင်အမာချည်ကာ တစ်ဖက်အစကို လှူးတွင်းထဲ ချပြီး ကြိုးကိုဆွဲ၍ ဆင်းကြရခြင်းဖြစ်သည်။

အောက်ခြေသို့ ရောက်သောအခါ လက်မခန့်ရှိ ဖယောင်းတိုင်(၃)တိုင်ကို ပူးပြီး ထွန်းညှိလိုက်ကြသည်။ ဖယောင်းတိုင်မီး အလင်းရောင်ဖြင့် တွင်းဆရာ ကိုပြုံးက တွင်းအခြေအနေကို အကဲခတ်လိုက်သည်။

ထို့နောက် လိုဏ်ဂူပေါက်တစ်ခုကို လက်ညှိုးထိုးညွှန်ပြကာ ရှေ့မှဦးဆောင်၍ ဝင်သွားတော့သည်၊ ကျော်တင်အပါအဝင် တွင်းလုပ်သား(၄)ဦးက နောက်မှ တန်းစီ၍ လိုက်သွားခဲ့ကြသည်။

(၁၅)မိနစ်ခန့် ဝင်သွားခဲ့ပြီးနောက် ဂူအတွင်း အတန်ငယ်ကျယ်ဝန်းပြီး ဂူအမိုးလည်း ပေ(၂၀)ခန့်မြင့်မားသည့်ပြင် အောက်ခြေမြေ အတန်ငယ် မို့မောက်ကာ ပြန့်ပြူးသောနေရာတစ်ခုတွင် ခေတ္တရပ်နားလိုက်ကြသည်။ ကိုပြုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုပြီးနောက်...

'ကဲ ဒီနေရာကို စုရပ်အဖြစ် သတ်မှတ်မယ်။ အကြောင်းတစ်စုံတစ်ရာကြောင့် လူအုပ်ကွဲသွားခဲ့ရင် ဒီနေရာကို ရောက်အောင်လာခဲ့ကြ'

ကိုပြုံးက ဖယောင်းတိုင်အလင်းရောင်ဖြင့် လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ပြီး...

'ခု မနက် (၉)နာရီ ရှိပြီ။ ညနေ (၄း၀၀)နာရီကျရင် ဒီမှာ ပြန်ဆုံကြမယ်။ သတိဝီရိယလဲရှိကြ'

ကိုပြုံးက ဂူနံရံကို တူးရွင်းဖြင့်ထိုး၍ ကြက်ခြေခတ်ပုံ ဖော်လိုက်သည်။ အစက်လေးစက်ကိုလည်း ထည့်လိုက်သေးသည်၊ စုရပ်အမှတ်အသားအဖြစ် ပြုလုပ်လိုက်ခြင်းပင် ဖြစ်သည်။ ထို့နောက် ကိုပြုံးက ရှေ့မှ စတင်ထွက်ခွာရာ ကျန်(၄)ယောက်လုံး ဖယောင်းတိုင်မီး အလင်းရောင်ဖြင့် သူ့နောက်က ဆက်လိုက်ကြသည်။

တစ်နေရာအရောက်တွင် ကိုပြုံးက ရပ်လိုက်သည်။ လိုဏ်ခေါင်းနံရံတစ်နေရာကို မီးရောင်ဖြင့် အသေအချာကြည့်သည်။ ထို့နောက် တူးရွင်းဖြင့် ထိုးကြည့်သည်။ ဖြုန်းများ ထွက်ကျလာသည်။ ဆက်လက် ထိုးဆွလိုက်ရာ ဖြုန်းအတော်များများ ရရှိသည်။

'ကဲ စိုင်းလိတ် ဖြုန်းတွေ မင်းမြွေရေခွံအိတ်ထဲ ကျုံးထည့်ကွာ။ တို့ ရေတွေ့တဲ့အခါ ဆန်ခါ လှည့်ကြတာပေါ့'

စိုင်းလိတ်နှင့်အိုက်မောင်က ဖြုန်းများကို မြွေရေခွံအိတ်ထဲ ကျုံးထည့်လိုက်ကြသည်။ အိတ်တစ်ဝက်သာသာ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကိုပြုံးက အနီးတစ်ဝိုက်ကို တူးရွင်းဖြင့် ထိုးဆွကြည့်သော်လည်း ဖြုန်း ထပ်မံမရတော့ချေ။

ထိုနေရာမှ ဆက်လက်ထွက်လာခဲ့ကြပြန်သည်။ အတန်ငယ်သွားမိသောအခါ လူတစ်ရပ်အမြင့်လောက်တွင် ကျောက်ချပ်နှစ်ခု ဆက်နေသည်ကို တွေ့ရသည်။ ကိုပြုံးက အသေအချာကြည့်သည်။ အောက်ခြေမြေသားနှင့် ဂူနံရံကိုလည်း စူးစမ်းသည်။

ထို့နောက် ကျောက်ချပ်နှစ်ခု ဆက်နေသည့်နေရာကို တူးရွင်းဖြင့် ဆောင့်ထိုးလိုက်သည်။ ကျောက်ချပ်နှစ်ခု ဟသွားရာမှ မြေတွေ ဝေါခနဲ ထွက်ကျလာသည်။ ဖြုန်းများ ဖြစ်သည်။

တူးရွင်းဖြင့် ထပ်မံထိုးဆွလိုက်သောအခါ ဖြုန်းများ ထပ်ကျလာသည်။ ဖြုန်းများကို မြွေရေခွံအိတ်ထဲ ထည့်ကြသည်။ (၅)အိတ်ခန့် ရသည်။ ရှေ့ခရီးဆက်ခဲ့ကြပြန်သည်။

(၁၅)မိနစ်ခန့် လျှောက်မိသောအခါ ရေစီးဆင်းနေသော တစ်နေရာသို့ ရောက်ကြသည်။ ရေမှာ ခြေချင်းဝတ်မြုပ်ရုံသာသာရှိပြီး အေးမြကြည်လင်နေသည်။ ကိုပြုံးက...

'ကဲ ဒီနေရာမှာ ခဏနားကြမယ်ဟေ့။ ပြီးရင် ဖြုန်းတွေကို ဆန်ခါလှည့်ကြတာပေါ့'

ပြောရင်းမှ ကိုပြုံးက ရေကို လက်ခုပ်နှစ်ဖက်ဖြင့် ခပ်ကာ မျက်နှာသစ်လိုက်သည်။ ဖက်ပိုးများကို ရေစိုနေသောလက်ဖြင့် လေးငါးချက်ခန့် ရိုက်လိုက်သည်။ ပြီးလျှင် ရေကို လက်ခုပ်ဖြင့် ခပ်၍ သောက်လိုက်သည်။ ရေက အေးစိမ့်နေသည်။ ကျောက်ချပ်ကျောက်လွှာတွေကြားက ထွက်လာရလို့ထင့်။

'အား ကောင်းလိုက်တာကွာ။ အမောကို ပြေသွားတာပဲ'

ကျော်တင်တို့ လေးယောက်လည်း ပါလာသည့် အထုပ်အပိုးများကို ချကာ စမ်းချောင်းကဲ့သို့ စီးဆင်းနေသော ရေထဲသို့ ဆင်းကာ ရေချပ်သောက်၊ မျက်နှာသစ်ကြသည်။ ထို့နောက် ခေတ္တအပန်းဖြေ နားနေကြသည်။ ကိုပြုံးက လက်မှနာရီကို ကြည့်လိုက်သည်။

'ဆယ်နာရီခွဲရှိပြီ။ တို့ ဝင်လာတာ နှစ်နာရီနီးပါးရှိပြီ။ ကဲ စိုင်းလိတ်နဲ့ အိုက်မောင်က ဒီနေရာမှာ ဆန်ခါလှည့်၊ ငါရယ် ကျော်တင်ရယ် အိုက်စံရယ်က ရေစီးနေတဲ့အောက်ဘက်ကို သွားမယ်။ အိုက်စံ မင်း ဖြုန်းတစ်အိတ် ထမ်းလာခဲ့'

ဖြုန်းတစ်ဝက်ပါသော အိတ်ကိုမူ သူကိုယ်တိုင်ထမ်းကာ ရှေ့မှ ထွက်သွားသည်။ ကျော်တင်နှင့်အိုက်စံတို့က ကိုပြုံးနောက်မှ လိုက်သွားကြသည်။ (၁၀)မိနစ်ခန့်လျှောက်မိ၍ နောက်ပြန်လှည့်ကြည့်သောအခါ စိုင်းလိတ်နှင့် အိုက်မောင်တို့၏ မီးအလင်းရောင်ကို မမြင်ရတော့ချေ။

ကိုပြုံးက ရေစပ်တွင် ဖြုန်းအိတ်ကို ချလိုက်သည်။ နောက်ပိုးအိတ်ထဲမှ ဆန်ခါကို ထုတ်လိုက်သည်။ ဆန်ခါမှာ အပေါက်ငယ်များ ဖောက်ထားသည့် သံပြားအထူကို ပေါင်းကွပ်ထားခြင်းဖြစ်သည်။ နီးဆန်ခါကဲ့သို့ အဝိုင်းပင်ဖြစ်သည်။ ထိုဆန်ခါထဲသို့ ဖြုန်းများကို ထည့်ကာ ရေထဲတွင် လှည့်ခြင်းဖြစ်သည်။

ထိုအခါ **သဲ(ဒေသအခေါ် မှုံ့)**များသည် ဆန်ခါထဲမှ ရေထဲသို့ ကျသွားသည်။ ထို့နောက် ခဲလုံးအကြီးများကို ဖယ်ရှားလိုက်သည်။ ဆန်ခါအောက်ခြေတွင် ငုပုဆစ်ခေါ် သဲမည်းမည်းများနှင့်အတူ ရောနေသော ပတ္တမြားနီလာများ ရှိသည်။

ပတ္တမြားနှင့်နီလာမှာ ငုပုဆစ်ထက် လေးသဖြင့် ဆန်ခါနှင့် ကပ်လျက်ရှိသည်။ ထို့ကြောင့် ရေထဲတွင် ဆန်ခါလှည့်၍ မှုံ့များကုန်သွားသောအခါ မြေပြန့်တွင် ဆန်ခါကို မှောက်ချလိုက်ရသည်။

ထိုအခါ ငုပုဆစ်များက အောက်သို့ ပြန်ရောက်ကာ ပတ္တမြားနှင့်နီလာက အပေါ်ယံတွင် ပေါ်လာတော့သည်။ ထိုပတ္တမြား နီလာတို့ကို ငုပုဆစ်များကြားမှ ရွေးယူရခြင်းဖြစ်သည်။ ထောင်ကျောက် သောင်းကျောက် သိန်းကျောက်ဆိုသည်မှာ မိမိ၏ ကံတရားအပေါ်တွင်သာ မူတည်ပေတော့သည်။


* * *

ကျော်တင်မှာ ဖခင်ဖြစ်သူ ဦးစိန်ဝင်းက အတွေ့အကြုံရရန် ထည့်လိုက်၍လည်းကောင်း တစ်နည်းအားဖြင့် လူယုံအဖြစ် ထည့်လိုက်၍သာ လိုက်လာရခြင်းဖြစ်သည်။ အတွေ့အကြုံမရှိသေးသဖြင့် ကိုပြုံး သင်ပေးသည့်အတိုင်း ၊ ဆန်ခါလှည့်သော်လည်း ကိုပြုံးနှင့်အိုက်စံ ဆန်ခါလှည့်ခြင်းမှာ (၃)ကြိမ်စီလောက်ပြီးမှ သူက တစ်ကြိမ်လောက်သာ ပြီးနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ကိုပြုံးက...

'ကဲ မင်းတို့ ဆန်ခါဆက်လှည့်နေကြဦး။ ငါ ဒီအနီးအနားကို သွားကြည့်လိုက်ဦးမယ်'

ဟု ပြောကာ ထွက်ခွာသွားသည်။ ကျော်တင်နှင့်အိုက်စံက ဆန်ခါလှည့်ရင်း ကျန်ရစ်ခဲ့သည်။

သူတို့နှစ်ဦး ဆန်ခါလှည့်နေသည်မှာ နာရီဝက်ခန့် ရှိလာသည်။

'အူး ဝူး ဝူး ဝူး'

ဆန်ခါလှည့်ခြင်းအပေါ် အာရုံစိုက်နေကြစဉ် ခွေးအူသံ ရုတ်တရက် ထွက်ပေါ်လာသည်။ အိုက်စံ ခေါင်းထောင်လာသည်။ ကျော်တင်ကမူ ဘာမျှမသိ ဘာမျှ မကြားသလို သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။ ခွေးအူသံ ရပ်သွားသည်။ အိုက်စံလည်း သူ့အလုပ်သူ ဆက်လုပ်နေသည်။ အတန်ငယ် အကြာတွင်...

'အူး ဝူး ဝူး ဝူး'

ခွေးအူသံ ပြန်ပေါ်လာပြန်သည်။ ဆွဲဆွဲငင်ငင် အူလိုက်ခြင်းဖြစ်၍ အသံက တော်တော်နှင့် ရပ်မသွား။ ဒီတစ်ခါတော့ ကျော်တင်ပင် သတိပြုမိသွားသည်။ အိုက်စံက ဆန်ခါလှည့်နေရာမှ ထရပ်လိုက်သည်။ ကျော်တင်လည်း ရောယောင်၍ထရပ်သည်။

'ဘာသံကြီးလဲဗျ။ လန့်စရာကြီး ကျောတောင်ချမ်းတယ်'

ကျော်တင်က အိုက်စံကို လှမ်းပြောသည်။ ထိုစဉ် ကိုပြုံးတစ်ယောက် အမောတကောဖြင့် သူတို့အနီးသို့ ရောက်လာသည်။ ကိုပြုံးက အရေးတကြီးအသံဖြင့်...

'မြန်မြန်သိမ်းဟေ့ အခြေအနေ မကောင်းဘူး'

ပြောရင်းဖြင့် သူကိုယ်တိုင်ပင် ပြန့်ကျဲနေသော ပစ္စည်းများကို အမြန် သိမ်းလိုက်သည်။ **'မြန်မြန်လုပ်ဟေ့ ပြေးမှဖြစ်မယ်'** စကားပင် မဆုံးသေး။ လာလမ်းသို့ ပြန်လှည့်ပြေးတော့သည်။

အိုက်စံနှင့်ကျော်တင်လည်း သူ့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်ရတော့သည်။ စိုင်းလိတ်နှင့် အိုက်မောင်တို့ ဆန်ခါလှည့်ကျန်နေသောနေရာသို့ ရောက်သောအခါ သူတို့နှစ်ဦးကို အရိပ်အယောင်ပင် မမြင်ရတော့ချေ။ သူတို့လည်း ခွေးအူသံကြားပြီး ပြေးနှင့်ကြပေပြီ။

နာရီဝက်ခန့် အသည်းအသန်ပြေးပြီးနောက် စုရပ်အဖြစ် သတ်မှတ်ထားသောနေရာသို့ ရောက်ကြသည်။ စိုင်းလိတ်နှင့်အိုက်မောင်က ရောက်နှင့်နေပြီ။ အားလုံးပင် ဟောဟဲလိုက်ကာ အသက်ကို မနည်းရှူနေကြရသည်။

မြေညီတွင် ခြေပစ်လက်ပစ်ထိုင်လိုက်ကြသည်။ အိုက်စံက...

'စိုင်းလိတ် မင်းတို့ရော ခွေးအူသံကြားလိုက်လား'

ဟု မေးရာ စိုင်းလိတ်က မောဟိုက်နေသေးသောလေသံဖြင့် ပြန်ဖြေသည်။

'ကြားတယ် နှစ်ခါတောင် ကြားလို့ တို့လဲ လန့်ပြီး ပြန်ပြေးလာတာ'

'အေးကွ ခွေးအူသံသာ ပြောရတယ်။ ဘယ်လိုအသံကြီးမှန်း မသိဘူး။ ပြောရင်း ကြက်သီးထလိုက်တာ'

အိုက်မောင်က ပြောရင်း ပခုံးတွန့်လိုက်သည်။

ကိုပြုံးက...

'ငါလဲ ပထမတစ်ကြိမ် ကြားကတည်းက နောက်ကြောင်းပြန်ပြီး သုတ်ခြေတင်လာတာ။ ကျော်တင်တို့နားလဲ ပြန်ရောက်ရော။ နောက်တစ်ကြိမ် ထပ်ကြားရပြန်တာပဲကွ။ မောလိုက်တာကွာ ထို့'

ပြောရင်းမှ တံတွေးတစ်ချက် ထွေးလိုက်သည်။ ကျော်တင်ကမူ သူတို့ပြောနေကြသည်ကို ပြူးကြောင်ကြောင်ဖြင့် ကြည့်နေသည်။ ဘာအဓိပ္ပာယ်မှ ရေရေရာရာ နားမလည်လှ။ ကြောက်သလိုလိုတော့ ရှိသည်။ ရေဘူးကို ဖွင့်ကာ ရေတစ်ကျိုက်မော့လိုက်သည်။

ထိုစဉ် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကို ထပ်မံကြားလိုက်ကြရပြန်သည်။ ချက်ချင်းလိုလိုမှာပင် သူတို့ဘေးတွင် ပစ်ချထားး၍လဲနေသော ကားတာယာဖြင့် ပြုလုပ်ထားသည့် ရေပုံးမှာ တစ်စုံတစ်ဦးက လက်ကိုင်ကိုင်းမှဆွဲ၍ ပြန်ထောင်လိုက်သလို ရုတ်တရက် ပြန်ထောင်သွားသည်ကို အားလုံး မြင်လိုက်ကြသည်။ ကိုပြုံးက ရေးကြီးသုတ်ပျာဖြင့်...

'နိမိတ်မကောင်းဘူးဟေ့ မြန်မြန် လုပ် လစ်ကြမယ်'

သူတို့အားလုံးပင် မတိုင်ပင်ရဘဲ လူးတွင်းအဝသို့ အလုအယက်ပြေးကြတော့သည်။ လူးတွင်းအဝသို့ ပြန်ရောက်သောအခါ ကိုပြုံးက...



www.burmeseclassic.com

www.burmeseclassic.com

'ကျော်တင် မင်း အရင်တက်'

ဟု ပြောလိုက်သည်။ သူက ပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်နေသည်။ ကျော်တင်နောက်တွင် တစ်ယောက်ပြီး တစ်ယောက် ပြန်တက်လာကြရာ မကြာမီ လှုူးတွင်း အဝ မြေပေါ်သို့ပြန်ရောက်ကြသည်။

အားလုံးပင် မြေပေါ်၌ ခြေပစ် လက်ပစ် ထိုင်သူထိုင်၊ ကျောခင်း၍ လှဲသူလှဲ ဖြစ်ကုန်သည်။ အားလုံးပင် ထိုအခါမှ လွတ်ပြီကျွတ်ပြီ ဟု စိတ်တုံးတုံးချကာ အသက်ကို ဝဝရှူနိုင်ကြတော့သည်။

ကျော်တင်က...

'နေပါဦးဗျ ဘာဖြစ်ကြတာလဲ၊ ခင်ဗျားတို့ ပြေးလို့သာ လိုက်ပြေးရတာယ်၊ ကျွန်တော်ဖြင့် ဘာမှကို နားမလည်ဘူး'

အိုက်စံက...

'အမယ်လေး ကျော်တင်ရယ် မင်း မို့လို့ မေးရက်တယ်။ ဒီလောက် လှူး တွင်းထဲမှာ ခွေးအူတာ မင်း မကြား ဘူးလား'

'ကြားတယ်လေ'

ကျော်တင်က အူကြောင်ကြောင်ဖြင့် ပြန်ဖြေသည်။

'ဟ လှူးတွင်းထဲမှာ ဘယ်ခွေးက လာနေပြီး အူမှာလဲ၊ မင်းစဉ်းစားစမ်းပါဦး'

ထိုအခါမှ ကျော်တင်က သဘောပေါက်သလိုလိုဖြင့် ခေါင်းတစ်ချက်ညိတ်ကာ...

'အင်း ခင်ဗျားပြောတာလဲ ဟုတ်တုတ်တုတ်ပဲဗျ'

'ဘာ ဟုတ်တုတ်တုတ်လဲ'

စိုင်းလိတ်က စိတ်မရှည်ဟန်ဖြင့် ဝင်ဟောက်သည်။

'အဲဒါ မကောင်းဆိုးဝါး အချက်ပေးသံကွ၊ တို့ ထိုင်နေတုန်း လဲနေတဲ့ရေပုံး ပြန်ထောင်



လာတာရော မင်း မတွေ့ဘူးလား'

'တွေ့သားပဲ'

ကျော်တင်က ဖြေသည်။

'လဲနေတဲ့ရေပုံးကို ဘယ်သူက ပြန်ထောင်လိုက်သလဲ၊ ပြန်ထောင်တဲ့သူကို မင်း မြင်လိုက်လား'

ကျော်တင်က ပြန်စဉ်းစားလိုက်ရင်းမှ...

'ဟင့်အင်း'

ကိုပြုံးက ဝင်ပြောသည်။

'ကဲ တော်ကြပါတော့ကွာ၊ ကျော်တင်က ဘာမှ အတွေ့အကြုံရှိတာ မဟုတ်ဘူး ပြောမနေကြနဲ့။ ဒီလိုကွ ကျော်တင်ရဲ့ ဒီလှူးတွင်းထဲမှာ ခွေးအူသံ ကြားရတာက တစ်ချက်၊ ပြီးတော့ လဲနေတဲ့ရေပုံးက သူ့အလိုလို အင်း သူ့အလိုလိုပဲ ဆိုပါတော့ကွာ၊ ပြန်ထောင်လာတာက တစ်ချက်။

အဲဒါတွေက သဘာဝကျအဖြစ်တွေ မဟုတ်ဘူးလေကွာ၊ မရိုးသားတဲ့ တစ်နည်းအားဖြင့် သွေးရိုးသားရိုးအဖြစ်တွေ မဟုတ်ဘူးကွ၊ အဲဒါကြောင့် ကြောက်ပြီး ပြန်ပြေးကြရတာ'

ကိုပြုံး ပြောမှပင် ကျော်တင် သဘောပေါက်သွားကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ...

'ကျွန်တော်တို့ ဆက်နေရင် အန္တရာယ်ရှိနိုင်တာပေါ့နော်'

'မင်းကတော့လေ၊ ဆိုလေကဲလေ မန်းလေပြုလေဖြစ်နေပြီ၊ မင်းမကြောက်ရင် ပြန်ဆင်းသွားပြီး နေခဲ့ပေတော့'

စိုင်းလိတ်က ဝင်ပြောသည်။

'ကျွန်တော့်အတွက်တော့ မြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေပြီပေါ့ဗျာ'

'ဟုတ်ပါ့၊ မင်း လှူးတွင်းထဲ စ,လိုက်တဲ့နေ့မှာပဲ ဒီလိုအဖြစ်မျိုး ကြုံရတယ်ကွာ၊ ကဲ သွားကြမယ်ဟေ့'

ကိုပြုံးက ပြောရင်း နေရာမှ ထသည်။

အိမ်ပြန်ရောက်တော့ ဦးစိန်ဝင်းကို ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြကြသည်။ ဦးစိန်ဝင်းက စိတ်ပျက်လက်ပျက်ဖြင့်...

'အေး မင်းတို့ နားလိုက်ကြဦးကွာ'

ဟု ပြောရင်း စဉ်းစားခန်းဝင်နေသည်။

* * *

ညနေစာစားပြီး ဧည့်ခန်းတွင် ဦးစိန်ဝင်းတို့သားအဖ ရေနွေးကြမ်းသောက်နေကြစဉ် ဦးစိန်ဝင်းက ကျော်တင်ကို ပြောပြသည်။

'အဖေ မနေ့ညက အိပ်မက်တစ်ခု မက်တယ်ကွ၊ ထူးဆန်းတယ်လို့ အဖေ့စိတ်ထဲ ထင်နေတယ်။ အဖေက ဘယ်တုန်းကမှလဲ အိပ်မက်မက်တတ်တဲ့သူ မဟုတ်ဘူးလေ'

'ဘယ်လို အိပ်မက်မျိုးလဲအဖေ ပြောပါဦး'

ကျော်တင်က မေးသည်။

'အိပ်မက်ထဲမှာ အဖေအိပ်နေတုန်း တစ်ခု တစ်ယောက်ကနေ ဇမ္ဗူအေးဆရာတော် ဟေ့၊ ဇမ္ဗူအေးဆရာတော်လို့ အော်ပြော နေသံကို ကြားရတယ်။ ပြီးလဲပြီးရော အဲဒီဆရာတော်ကို အဖေဖူးရတော့တယ်။ အဖေ တစ်ခါမှ မကြုံမတုံဖူးတဲ့ ဘုန်းကြီး တစ်ပါးပဲ ခုတောင် မျက်စိထဲ မြင်ယောင်နေတုန်းပဲ။ အဲဒါ အိပ်ရာကနိုးတော့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

ကလဲ ဘယ်လိုကြီးမှန်း မသိဘူးဆိုပြီး အဖေလဲ တောင်တောင်ကျကျ စဉ်းစားနေမိတာ'

'အဖေ့အိပ်မက်က ထူးဆန်းသလို သားတို့ လူ့တွင်းထဲက အဖြစ်ကလဲ တော်တော်ထူးဆန်းတာပဲ နော် အဖေ'

'အေးကွ၊ ထူးဆန်းတဲ့အဖြစ်နှစ်ခုကို ဆက်တိုက်ကြုံနေရတယ်'

ကျော်တင် ထိုင်ရာမှ ထလိုက်ရင်းမှ...

'ကျွန်တော် အပြင်သွားဦးမယ် အဖေ၊ ဈေးထဲလဲ ရောက်ချင်ရောက်မယ်။ ဘာမှာဦးမလဲ'

'မမှာတော့ပါဘူးကွာ၊ သိပ်မိုးမချုပ်စေနဲ့နော်။ အသွားအလာလဲ ဂရုစိုက်ဦးနော်'

'ဟုတ်ကဲ့ပါ အဖေ'

ဟု ဆိုရင်း ကျော်တင် အိမ်ပေါ်မှ ဆင်းသွားသည်။

ကျော်တင်လည်း မိုးကုတ်မြို့ထဲ တောင်ကြည့် မြောက်ကြည့်ဖြင့် လျှောက်လာရင်း ဈေးထဲရောက်လာသည်။ လက်ဖက်ရည်ဆိုင်တွေ့သဖြင့် ဆိုင်ထဲဝင်ကာ စားပွဲတွင်ထိုင်လိုက်ပြီး လက်ဖက်ရည်တစ်ခွက် မှာလိုက်သည်။

'ပေါ့ဆိမ့်တစ်ခွက်ကွာ'

ဖွင့်ထားသော ကက်ဆက်မှ တေးတစ်ပုဒ်ကို စည်းလိုက်ကာ ညည်းနေရင်းမှ ရှေ့တူရူနံရံသို့ အမှတ်မထင် ကြည့်လိုက်မိသည်။ အလျားနှစ်ပေ၊ အနံသုံးပေခန့်ရှိ ဘုန်းတော်ကြီးဓာတ်ပုံကို မြင်ရသည်။ ကျွန်းသား ပန်းကနုတ်ပေါင်ဖြင့် မှန်ပေါင်သွင်းထားခြင်းဖြစ်သည်။ ပုံ၏အောက်ခြေသို့ ကြည့်လိုက်သောအခါ **"ဗမ္ဗူအေးဆရာတော်"** ဟူသော စာတန်းကို မြင်ရသည်။

စာသားကို ဖတ်ပြီးနောက် ကျော်တင် ကြက်သီးမွေးညင်းပင် ထသွားမိသည်။ ဖခင်၏စကားကို ပြန်လည်ကြားယောင်ရင်း ဟုတ်မှဟုတ်ရဲ့လားဟု စာကို တစ်ခေါက် ပြန်ဖတ်မိပြန်သည်။

ထိုစဉ် စားပွဲထိုးလေးက လက်ဖက်ရည်ခွက် လာချသဖြင့် ကျော်တင်က ဆရာတော့်ပုံကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

'ဟေ့ ညီလေး အဲဒီဆရာတော်က ဘယ်မှာ သီတင်းသုံးတာလဲ'

စားပွဲထိုးလေးက ဆရာတော့်ပုံကို သမင်လည်ပြန် လှည့်ကြည့်ပြီး အသံဝဲဝဲလေးဖြင့် ပြန်ဖြေသည်။

'ဪ ဒီဘုန်းကြီးလား။ မိုးကုတ်မှာ နာမည်ကြီးပဲလေ။ လူတိုင်း သိတာပဲ။ အစ်ကိုက မိုးကုတ်က မဟုတ်ဘူး ထင်တယ်'

'အေး ဟုတ်တယ်၊ အစ်ကိုက မိုးကုတ်ကို ရောက်တာ မကြာသေးဘူးကွ။ ပြောပါဦး ဆရာတော့်ကျောင်းက ဘယ်မှာရှိတာလဲ'

'ဟို ကျုပ်ပြင်ဘက်မှာလေ'

စားပွဲထိုးလေးက လက်ညှိုးထိုး၍ ဖြေသည်။

'ဒါထက် ဆရာတော်က ဘယ်လို နာမည်ကြီးတာလဲ'

'ဟိုလေ အစ်ကိုသွားမေးရင် အစ်ကို့အကြောင်းတွေကို သူ့အလိုလို ပြောမယ်။ အစ်ကို ဘယ်တော့ ဘာဖြစ်မယ်။ အဲ အဲသလိုမျိုးပေါ့။ ပြီးတော့ ဆရာတော်ပြောလို့ ကျောက်အောင်သွားတဲ့သူတွေလဲ ရှိတယ်'

'သမထပေါက်တဲ့ သဘောမျိုးပေါ့ ဟုတ်လား'

'ဟုတ်မယ် အဲသလိုမျိုးပေါ့'

စားပွဲထိုးလေးက မျက်လုံးပေကလတ် ပေကလတ်ဖြင့် ပြန်ဖြေသည်။

ကျော်တင်က နောက်ဆုံးလက်ကျန် လက်ဖက်ရည်ကို မော့သောက်လိုက်ပြီး လက်ဖက်ရည်ဖိုးရှင်းကာ ဆိုင်မှ ပြန်ထွက်လာခဲ့သည်။

*   *   *

နောက်တစ်နေ့ နံနက်စာ စားပြီးချိန်တွင် ဦးစိန်ဝင်းနှင့်ကျော်တင်တို့ သားအဖ ဆိုင်ကယ်တစ်စီးဖြင့် ကျုပ်ပြင်သို့ ထွက်လာခဲ့သည်။ ကျုပ်ပြင်တွင် တစ်ဦး, နှစ်ဦးကို မေးလိုက်ရုံမျှဖြင့် ဗမ္ဗူအေးဆရာတော်ကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြသည်။

ကျောင်းတိုက်မုခ်ဦးက ခံ့ထည်လှသလို ကျောင်းတိုက်ကြီးကလည်း ဟည်းနေအောင် ကြီးမားသည်။ ကျောင်းဝင်းအတွင်း သာသနိကအဆောက်အအုံများ၏ ထည်ဝါမှုကို ကြည့်ခြင်းဖြင့် ဆရာတော့်ဘုန်းကံမည်မျှကြီးမားသည်ကို ခန့်မှန်းနိုင်သည်။

ဦးစိန်ဝင်းတို့ သားအဖ ဟိုက်ကျောင်းပေါ် တက်ခဲ့ကြသည်။ ကော်ဇောခင်း ကြမ်းပြင်ကို ဖြတ်သန်းပြီး မှန်ကာထားသော ကြီးမားလှသည့် ဘုရားခန်းရှေ့တွင် ထိုင်ကာ ဘုရားကန်တော့ကြသည်။ ခန်းနေ ဦးပဉ္စင်းတစ်ပါး ကြွလာကာ ရေနွေးဗန်း ချပေးရင်း သူတို့နှစ်ဦးကို အကဲခတ်သလို ကြည့်ပြီး မေးလိုက်သည်။

'ဒကာကြီးတို့ ဘယ်က လာကြတာလဲ'

'တပည့်တော်က ရန်ကုန်ကပါဘုရား။ ဒီမှာ အလုပ်လာလုပ်နေတာပါဘုရား'

ဦးစိန်ဝင်းက ပြန်ဖြေသည်။

'သိပ်အဆင်မပြေဘူးနဲ့ တူပါရဲ့'

ရှေ့လ ဆက်ဖတ်ပါရန်

**မောင်အေးကြူ (စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com

# လင်မယားကွဲအောင် ခိုက်လေရှေ့သလား

စာရေးသူ အညာဒေသမှာ ရှိစဉ် အခါက အညာမှာ အိမ်သစ်တစ်လုံး ဆောက်တော့မယ်ဆိုလျှင် ရှေးလူကြီး သူမတွေနှင့် တိုင်ပင်ပြီး ရှေးထုံးရှေးနည်း တွေနှင့် လုပ်ကြ၊ ကိုင်ကြ၊ ပြောဆိုကြ တာတွေကို ခဏခဏ မြင်ရ၊ ကြားရ၊ ကြုံရပါသည်။

သို့သော် ကျောင်းသားဘဝလည်း ဖြစ်ပြီး ကိုယ်ကလည်း ကိုယ်နှင့်မဆိုင် လျှင် နေရာတကာမှာ စပ်စပ်စုစု လုပ် တတ်သူ မဟုတ်ရာ အိမ်ဆောက်ခြင်း ဗဟုသုတတွေနှင့် ပတ်သက်ပြီး ဘာမျှ ရေရေရာရာ မသိခဲ့ရပါ။

ယခုချိန်တွင် ကျောင်းမှာလည်း ပြီး သွားရာ အပြင်ဗဟုသုတပညာရပ်တွေ ကို လေ့လာဖြစ်လာရာ **၂၀၀၇ ခုနှစ်၊ ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ စာ(၁၆၉)မှ ဦးစိန် (ခေတ္တ-မြိတ်)ရဲ့ လက်သမားကို ခိုက်တဲ့ လှေကား** အကြောင်းကို ဖတ်လိုက် ရပါသည်။

ဦးစိန်၏ ဆောင်းပါးတွင် အိမ်ဆောက် လျှင် လှေကားတစ်ပုံ သိပ်အရေးကြီး ပြီး နည်းနာမကျလျှင်လည်း လက် သမား (သို့မဟုတ်) နေထိုင်သူကို ပြန်ခိုက်တတ်ကြောင်း၊ လှေကားကို အိမ်ခေါင်းရင်းက မတပ်ကောင်း ကြောင်းနှင့် လှေကားဆန်ကို (၃၊၅၊ ၇၊ ၉...)မ,ဂဏန်း အရေအတွက်သာ တပ်ရကြောင်းများကိုမှတ်သားရပါသည်။

တစ်ဆက်တည်းမှာပဲ သိပ်ချစ်ကြပြီး ကွဲကွာသွားခဲ့ကြသည့် ဇနီးမောင်နှံနှစ်ဦး နှင့် သူတို့နေထိုင်လေရာ အိမ်ကြီး၏ အကြောင်းကိုလည်း လေ့လာ ဆန်းစစ် ကြည့်မိပါသည်။

သူတို့ နေထိုင်သော အိမ်ကြီးမှာ တစ်ထပ်ပျဉ်ထောင် အိမ်ဖြစ်ပြီး တောင် မြောက် ခေါင်ပြေး တည်ဆောက်ထား သည်။

ဖော်ပြပါ အိမ်ပုံစံအကြမ်းကို ကြည့် ပါ။ အခြားအိမ်တွေလို အိမ်ခြေရင်း ဘက်မှာ လှေကားတပ်ပြီး အိမ်ခြေရင်း မှ ဧည့်ခန်းနှင့် အိမ်ခေါင်းရင်းကို ဝင်ရသလိုမျိုး မဟုတ်ပါ။

**အိမ်ခေါင်းရင်း ဝဲဘက်အခြမ်းမှာ အုတ်လှေကားကို တပ်ဆင်ထားရာ အိမ်ထဲကို ဝင်မည်ဆိုလျှင် ခေါင်းရင်းဘက် မှ ဝင်ရပြီး ဥရုတိုင်ရှေ့တွင် ဖိနပ်ချွတ်ရပါ သည်။**

**လှေကားနှင့် လွှဲရန် အရှေ့ဘက်ကို ဦးခေါင်းထားပြီး အိပ်မည်ဆိုလျှင်လည်း ကြမ်းခင်းကို ကန့်လန့်ဖြတ်၍ အိပ်ရပါ မည်။**


ပုံစံတစ်မျိုးနှင့် ထိုအိမ်ကြီးမှာ အငှား ထားသော အိမ်ဖြစ်သည်။ ဤအိမ်ကြီး တွင် သူတို့နေထိုင်လာခဲ့ရာ လေးလ လောက်အကြာမှာတော့ ဇနီးဖြစ်သူမှာ သူခင်ပွန်းနှင့် စိတ်ဆိုးပြီး မိဘများရပ်ထံ ပြန်သွားပါတော့သည်။

ခင်ပွန်းဖြစ်သူလည်း ဇနီးသည် မရှိ တော့သည့်အိမ်ကြီးမှာ ဆက်မနေလို တော့၍ တခြားတစ်နေရာသို့ ပြောင်း သွားခဲ့သည်။ ဤအခြေအနေကို ကြည့် လျှင် ဤအိမ်ကြီး၏ လှေကားကပင် လင်မယားကွဲအောင် ခိုက်လေရှေ့ သလား သံသယပွားစရာ ကောင်း တော့၏။

ထို့ကြောင့် အထောက်အထား တစ် စုံတစ်ရာ ရလိုရငြား ဤအိမ်ကြီးနှင့် ခြံချင်းကပ်လျက် အိမ်မှ အမျိုးသမီး တစ်ဦးအား အကျိုးအကြောင်း စုံစမ်း မေးမြန်းကြည့်သည်။

သူမ၏ ပြောပြချက်အရ ယခင် အိမ်ငှားများလည်း ဤအိမ်ရောက်ပြီးမှ ကစဉ့်ကလျားတွေ ဖြစ်ပြီး အိမ်ထောင် တွေ ကွဲကြတာဆိုလျှင် လေး၊ ငါး ခြောက်ဦးမက ရှိကြောင်း၊ တစ်အိမ် ထောင်တည်းမှာပင် အစ်မရော မောင်ပါ လင်မယားကွဲဖူးကြောင်း၊ တချို့လည်း မြန်မြန်ပေါင်းထုပ်နိုင်ပြီး တချို့ မှာ လုံးဝ ပြတ်စဲသွားကြကြောင်းကို လည်း မထင်မှတ်စွာ သိခဲ့ရပါသည်။

* * *




ဦးတိုက် မြင်ရပုံ

တိုက်ဆိုင်မှုဆိုသည်မှာ တစ်ခါ တစ်ခါမှာ ဆန်းကြယ်လွန်းတတ်သကဲ့ သို့ လောကီနည်းဆိုသည်မှာလည်း မယုံနိုင်အောင်ပင် ဆန်းကြယ်လွန်း တတ်ပြန်၏။

မည်သို့ပင် ဖြစ်စေ ဓမ္မနည်းအရ တော့

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံး ရှိရချေသတည်း။

* * *



ဘေးတိုက် မြင်ရပုံ

**မောင်မြင့်ရွှေ**
**(နတ်မောက်ဘူတာ)**

**မှတ်ချက်။ ။ စာရေးသူ လိပ်စာ ပါမလာပါသဖြင့် ဤဆောင်းပါး ရေးသူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ လိပ်စာပေးပို့ပေးပါရန်။**



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဝန်နီ

# တောမြို့တောင်တန်း

အစိဋ္ဌာန်စခန်းဝယ်



၄-၇-၂၀၁၂နေ့က မြို့သွားရင်း ဂန္ဓာရီဆရာ ဦးရဲဖော်ထံ ဝင်ဖြစ်ပါသည်။ ကျွန်တော့်ကို မြင်သည်နှင့် ဆရာရဲဖော်က ပျာပျာသလဲ ထွက်ကြိုပါသည်။

'လာ ဆရာရေ... ဆရာရောက်လာတာနဲ့ အတော်ပဲ။ ဆရာ့ကို ထူးထူးဆန်းဆန်း ပြောစရာရှိလို့ ဒီမနက် ဆရာ မလာရင် ကိုလှကို ခေါ်ခိုင်းတော့မယ်လို့'

ဟုလည်း ပြောပါသည်။

ထိုအခါ ကျွန်တော်က...

'ဘာများ ထူးထူးဆန်းဆန်းတွေ ပြောစရာရှိနေလို့လဲဗျ'

ဟု မေးလိုက်ရာ ဆရာရဲဖော်က...

'ထူးဆန်းတာပေါ့ ဆရာရာ။ လာ ဆရာ၊ "စံ"မှာ လက်ဖက်ရည်သောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့။ "စံ"ကို သွားကြမယ်'

ဟု ခေါ်သဖြင့် နှစ်ယောက်သား

F.35A. March, 2013.



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် ပြည်လမ်းထောင့်ရှိ "စံ" လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပါ၏။

"စံ"ရောက်သည်နှင့် ဆရာရဲဇော်က အေးအေးဆေးဆေး လက်ဖက်ရည်သောက်ကြရင်း ထူးဆန်းပါသည်ဆိုသော အကြောင်းအရာလေးကို အောက်ပါအတိုင်း ပြောပြသည်။

* * *

'ဒီလို ဆရာရေ...

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလက ကျွန်တော်နဲ့ ဦးဟန်ရှင်တို့နှစ်ယောက် ပဲခူးရိုးမ အလယ်ကြောလောက်မှာရှိတဲ့ ပေါင်းတည်မြို့နယ် စောဖြူတောင်ကို အဓိဋ္ဌာန်တစ်ခုနဲ့ ခရီးထွက်ခဲ့ကြတယ်။

အဓိဋ္ဌာန်ဆိုတာကတော့ စောဖြူတောင်မှာ (၉)ရက် သက်သတ်လွတ်စားပြီး ဥပုသ်ပြုရင်း ဉာဏ်တော်(၄) တောင် (၅)လက်မရှိတဲ့ ကျောက်ပုံစေတီလေးတစ်ဆူတည်ဖို့ပါ။

စောဖြူတောင်ဆိုတာကတော့ ဆရာသိတဲ့အတိုင်းပဲ အင်မတန် နတ်ကြီးတဲ့တောင်ပါ။ တောင်က ပေ(၁၀၀၀) လောက်တော့ မြင့်လိမ့်မယ်။ တောင်ရဲ့ "တောင်"ဘက်က မတ်စောက်ပြီး၊ "မြောက်" ဘက်ကတော့ နိမ့်လျှောပြေသွားတဲ့တောင်ပေါ့။

တောင်ပေါ်မှာ စကားကို ပေါက်ကရ မပြောရဘူး။ ဆင်ခြင်ရတယ်။ အမှားအယွင်း ဖြစ်လို့မရဘူး။ တစ်ခုခုမှားတာနဲ့ ဘေးဒုက္ခတစ်မျိုးမျိုး ကြုံရတာပဲလို့ ဉာဏ်လယ်ရွာသားတို့က ပြောကြတယ်။

"စောဖြူ"ဆိုတာက သာယာဝတီ သုံးမြို့ရှင် သတိုးနော်ရထာမင်းရဲ့ နှမတော်ပေါ့။ သုံးမြို့ရှင်မင်းမှာ ညီတော်တောင်ညိုမင်း၊ ကျောက်စောင်းမင်းနဲ့ ညီမတော် စောဖြူမယ်၊ နောက် ဝက်



လှကတော်(ခေါ်) မြစိမ်းမင်းသမီး ဆိုတဲ့ မွေးချင်း ညီတော်နောင်တော် ငါးပါးထဲက တစ်ပါးပေါ့။

အဲဒီတောင်ကြီးမှာ "စောဖြူမယ်" အခြွေအရံ အသင်းအပင်းတွေနဲ့ တစ်ပင်တိုင်မြနန်းကြီးနဲ့နေခဲ့တဲ့ တောင်ပါ။ အဲဒီ စောဖြူမင်းသမီး နေခဲ့တာကို အစွဲပြုပြီး "စောဖြူတောင်"လို့ ခေါ်တာပါ။

ရွှေလေးငပေါ်ဘက်ကနေပြီး ဉာဏ်လယ်ရွာ အဲဒီကမှ အထက်ဆိုက် ကျောက်ပြုတ်ရွာတွေကနေ ခက်ခက်ခဲခဲ သွားရတယ်။ တောင်တွေကလဲ မြင့်တယ်။ တောတွေကလဲ ထူတယ်။ ချောက်တွေကလဲ နက်တယ်။ လူသူအရောက်ကလဲ သိပ်မရှိလှဘူး။

အနီးဝန်းကျင်မှာ ရွာတွေတော့ ရှိတယ်။ ဆလိုင်းချင်းတိုင်းရင်းသားတွေ နေတယ်။ ဒါပေမယ့် တစ်ရွာနဲ့ တစ်ရွာက အနည်းဆုံး(၆)မိုင်၊ (၇)မိုင်လောက် ဝေးတယ်။ ဟိုတုန်းကဆိုတော့ ဆင်ကြီးတွေ၊ ဟင်းမျိုး(ကျား)ကြီးတွေတောင် ရှိတယ် ပြောတယ်။

ကျွန်တော်တို့နှစ်ယောက်လဲ စောဖြူတောင်ကို ရောက်တယ်ဆိုရင်ပဲ တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ တောပိုင်တောင်ပိုင်တွေကို မေတ္တာပို့၊ ဒီတောင်မှာ ကြုံတိုက်သသူများ ဖူးမြော်

ကြည်ညိုနိုင်ဖို့ မိမိတို့ တတ်နိုင်သလောက် စေတီလေးတစ်ဆူ လာတည်တာ ဖြစ်တဲ့အတွက် ခွင့်ပြုကြဖို့ အများကောင်းကျိုး ချမ်းသာအတွက် ဖြစ်လို့ ကူညီကြဖို့ ခွင့်တောင်း အကူအညီပေးဖို့ မေတ္တာရပ်ခံကြတယ်။

နောက် ရာဇဂဟေ ငါးထွေတောင် ညို ဝန်းရံခိုသည့် ပြည်တော်နဂိုရ် ရာဇဂြိုဟ်မှ ပုဂ္ဂိုလ်လေးဦး၊ ရှစ်ဦးသော အရှင် အဆပ္ပားကြောင်း (၈၀၀၀၀) ရှစ်သောင်းသော ဝိဇ္ဇာမိုရ်ဆရာကြီးတွေကိုလဲ ပင့်ဖိတ် တိုင်တည်တယ်။

ရောက်ခါစ,နေ့မှာတော့ ဘာမှ သိပ်ထူးထူးခြားခြား မတွေ့ရဘူး။ တောင်ကြောပေါ်မှာ ချေလာ ဟောက်တာ၊ မျောက်တွေ အော်တာ၊ တောင်ငှက်တွေ လန့်ပျံကြတာ ဒီလောက်ပဲ တွေ့ရတယ်။ ကျွန်တော်တို့ကလဲ အလင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းပြီး...

'သက်ဆိုင်ရာပုဂ္ဂိုလ်များ... အသင်တို့အား ဤအလင်းတိုင်နဲ့ အမွှေးတိုင်တို့ကို လှူပါတယ်။ မြတ်စွာဘုရားကို ရည်စူးပြီး တစ်ဆင့် ပူဇော် လှူဒါန်းကြပါ'

လို့ ဆိုပြီး လှူဒါန်းတယ်။

နောက်တစ်နေ့ မနက်တော့ ကျွန်တော်တို့လဲ စေတီလေးတည်ဖို့ ကောင်းမယ့်နေရာကို ရှာကြတယ်။ တောင်ကြောကြီးပေါ်မှာ နေရာရွေးရင်း လျှောက်သွားကြတယ်၊ ဒါပေမယ့် စိတ်ကြိုက်နေရာကို ရှာမတွေ့ဘူး။

မတွေ့မချင်း ရှာလိုက်တာ တစ်မနက်ကုန်ရော ဆိုပါတော့ ဆရာရယ်။ စေတီဆိုတော့ တောင်ပေါ်မှာပဲ၊ အမြင့်မှာပဲ တည်ချင်တာ။ ဒီတော့ တောင်ကြောကြီးတစ်ခုလုံး နှံ့အောင် ရှာတာပေါ့။





www.burmeseclassic.com

www.burmeseclassic.com

'မောင်ရဲရေ… တို့စိတ်ကြိုက်နေရာတော့ မရတော့ဘူး။ ဘယ်လိုလုပ်မလဲ'

လို့ ဦးဟန်ရှင်က မေးတယ်။

'ရှာကြည့်ကြသေးတာပေါ့ဗျာ၊ အဓိဋ္ဌာန်(၉)ရက် အချိန်ရပါတယ်'

အဲဒီလို ကျွန်တော်က ပြန်ပြောတယ်။ ပြောတဲ့အတိုင်း မနက်စာ စားသောက်ပြီးတာနဲ့ တောင်ပြေလျှောလျှောလေးဖြစ်သွားတဲ့ မြောက်ဘက်ကို ဆက်ရှာကြတယ်၊ သိပ်မရှာလိုက်ရပါဘူး။ ကျွန်တော်တို့ အဓိဋ္ဌာန်စခန်းချတဲ့နေရာနဲ့ ကိုက်(၅၀၀)လောက်မှာ လူတစ်ပိုက်စာခန့် ပေါင်လုံးခန့်လောက်ရှိတဲ့ မိုးမျှော်ငရုတ်ပင်ကြီးတွေ ပိုင်းပေါက်နေကြတဲ့နေရာရဲ့ အလယ်မှာ ပြောင်ချောပြီး တောင်ပူစာလေးတစ်ခုလို ဖြစ်နေတဲ့နေရာကို သွားတွေ့တယ်။

သူ့ပုံစံကိုက မို့မို့မောက်မောက်လေးမို့ စေတီပုံစံလေးနဲ့လဲ တူနေတယ်။ ဒီတော့ အဲဒီနေရာကို ကျွန်တော်တို့ နှစ်ယောက်စလုံး သဘောကျဖြစ်ပြီး ရွေးလိုက်ကြတယ်။

အဲဒီတောင်ပူစာလေးပေါ်မှာ တံခွန်၊ ကုက္ကားနဲ့ သာသနာ့အလံလေးကိုလဲ စိုက်လိုက်ကြတယ်။ ဘေးမှာ ပတ်ချာလည်ပေါက်နေတဲ့ ငရုတ်ပင်ကြီးတွေနဲ့ဆိုတော့ ကျွန်တော်တို့ တည်မယ့် စေတီလေးလဲ သိပ်ပန်းရမှာပဲလို့ တွေးပြီး ဝမ်းသာနေတာပေါ့။

တစ်ခါမှ ဒီလောက်ကြီးတဲ့ ငရုတ်ပင်မျိုးတွေကိုလဲ မမြင်ဘူးခဲ့တဲ့အတွက် ထူးတယ်လေ။ ထူးတဲ့နေရာမှာ ကျွန်တော်တို့တည်မယ့် စေတီလေးက ဆည်းလည်းသံလေး တလွင်လွင်နဲ့ ရှိနေမှာဆိုတော့ ပိုကြည်နူးစရာကောင်းမှာပဲပေါ့။ ဒီလိုတွေးပြီး ပီတိတွေလဲ ဖြစ်နေကြတယ်။



ဒါနဲ့ အဲဒီနေရာလေးမှာ တစ်နေ့ခင်းလုံး၊ တစ်ညနေလုံး နှစ်ယောက်သား ထိုင်ပြီး ၂၄ ပစ္စည်းတွေ ရွတ်ကြ။ သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပဋ္ဌာ အစရှိတဲ့ စည်းချဂါထာတွေ ရွတ်ကြ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တွေ ရွတ်ကြ၊ ဉဒါန်းဂါထာတော်ကြီးတွေ ကျူးကြ၊ ပုတီးစိပ်ကြနဲ့ လုပ်ပြီး မိုးချုပ်တော့မှ မူလနေရာကို ပြန်ခဲ့ကြတယ်။ ကျွန်တော်တို့ အဓိဋ္ဌာန်ဝင်တဲ့ရက်က လ,သာရက်ဆိုတော့ လ,လေးကလဲ နှင်းဇာပဝါကို ဖောက်ထွက်ပြီး ကြင်စစလေး သာနေတယ်။

တောင်ပေါ်ဆောင်းက အတော်အေးတယ်။ နှင်းတွေကလဲ မိုးရွာချသလိုပဲ တဖြောက်ဖြောက် ကျနေတယ်။ အဓိဋ္ဌာန်စခန်း ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့လဲ အနွေးထည်တွေ ကိုယ်စီဝတ်ပြီး မီးလှုံဖို့အတွက် မီးဖိုကြီးကို ဖိုလိုက်ကြတယ်။

'ကုသိုလ်ရေးမို့ ကြိုးစားပေ့ ကိုရဲရ… စိတ်မပျက်နဲ့'

ဦးဟန်ရှင်က အတော်ချမ်းနေတဲ့ ကျွန်တော့်ကို ကြည့်ပြီး အားပေးတယ်။ ကျွန်တော်က မီးဖိုကြီးထဲ ထင်းတုံးကြီးတွေ ထိုး,ထိုးထည့်ရင်း သူ့ကို ပြုံးပြလိုက်တယ်။ ကြိုးစားပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

အဲဒီအချိန်မှာပဲ ပိတ်ဖြူအဝတ်အစားတွေဝတ်၊ လွယ်အိတ်ကြီး လွယ်ထားတဲ့ အသက်(၆၀)ကျော်ခန့်လောက်လို့ ခန့်မှန်းရတဲ့ ခပ်ကြုလှိုလှို အဘိုးကြီးတစ်ယောက် ဝါးတောင်ဝှေးကြီး တဒေါက်ဒေါက်နဲ့ ထောက်ရင်း တောင်ကြီးရဲ့ အောက်ပိုင်းလောက်ကနေ တက်လာတာ တွေ့လိုက်ရတယ်။

ကျွန်တော်တို့ ကြည့်နေတုန်းမှာပဲ သူလဲ ကျွန်တော်တို့အနား ရောက်လာတယ်။ ပိတ်ဖြူကြီးတစ်ထည်ကိုလဲ ခေါင်းမှာ ပေါင်းထားတယ်။

အနားရောက်တော့ သူက မတ်တတ်ရပ်ပြီး ကျွန်တော်တို့ကို မကျေမနပ် ခပ်စိမ်းစိမ်း ကြည့်နေတယ်။ သူ့အကြည့်က စူးစူးဝါးဝါးမို့ ကြက်သီးမွေးညင်းတောင် ထမိတယ်ဗျာ။ ကျွန်တော်တို့ကလဲ ဘာပြောရမှန်းမသိဘူး ဆရာရေ။ ဒါနဲ့ ပြောမိပြောရာ ပြောလိုက်တာက…

'ဘလဲ… ကျွန်တော်တို့လိုပဲ ဒီစောဖြူတောင်မှာ အဓိဋ္ဌာန်လာယူတာလား။ မီးလှုံပါဦး အဘ'

လို့ ပြောလိုက်တယ်။

ဒီတော့ အဲဒီအဘိုးကြီးက…

'ငါက မင်းတို့လို သွေးသားမရှိတဲ့ လူမဟုတ်ဘူး၊ မချမ်းဘူး။ မင်းတို့သာ သွေးသားခန္ဓာခြောက်လို့ ချမ်းနေတာ'

လို့ ပြောရင်း…

'ခု…မင်းတို့ ဒီစောဖြူတောင်ကို ဘာလာလုပ်တာလဲ'

လို့ မေးပါတယ်။

'ကျွန်တော်တို့ အဓိဋ္ဌာန်ယူရင်း စေတီလေးတစ်ဆူ တည်ဖို့ လာခဲ့ကြတာပါ'

လို့ ဦးဟန်ရှင်က ဖြေလိုက်တယ်။ အဲဒီအခါ အဘိုးကြီးက မကျေမနပ်လေသံနဲ့…



www.burmeseclassic.com

www.burmeseclassic.com

'ဒီတောင်မှာ စောဖြူမယ်သခင်မ တည်သွားတဲ့ ''နိမသောင်''စေတီရှိတယ်။ မင်းတို့ ထပ်တည်စရာ မလိုဘူး။ သုံးရက်အတွင်း မင်းတို့ ဒီကပြန်ကြ။ ငါက ဒီတောင်ပိုင်ဘိုးဘိုးကြီးပဲ'

လို့ ပြောပါတယ်။ သူ့စကားဆုံးတာနဲ့ အဘိုးကြီးက နောက်ထပ် ဘာမှ ထပ်မပြောတော့ဘဲ ချက်ချင်း နောက်လှည့် ပြန်သွားပါတော့တယ်။

ကျွန်တော်တို့ နှစ်ယောက်လဲ ကျွန်တော့်အနားကနေပြီး ဝါးတောင်ဝှေးကြီး တဒေါက်ဒေါက်ထောက် ကျွန်တော်တို့ကို ကျောပေး လှည့်ပြန်သွားတဲ့ အဘိုးကြီးရဲ့ နောက်ကျောပြင်ကို လရောင်နဲ့ လှမ်းမျှော်ကြည့်ရင်း ပြိုင်တူ သက်ပြင်းမောမောလေးတွေ ချလိုက်ကာ ဆုံးဖြတ်ချက်တစ်ခုကို နှစ်ဦးစလုံး ခိုင်ခိုင်မာမာ ချလိုက်ကြပါတယ်။

ကျွန်တော်တို့ အဓိဋ္ဌာန် မအောင်မချင်း ဘယ်နည်းနဲ့မှ ကျွန်တော်တို့ နောက်ကြောင်း ပြန်မလှည့်နိုင်ဘူး။ ယောက်ျားတံခွန် လူရည်ချွန်ပဲ မိုးစွန်တမွတ် ကြယ်ကို မရ,ရအောင် ဆွတ်ရမှာပဲလေ။

အဲဒီညက ဆရာရေ...တောင်ပိုင်ဆိုတဲ့ အဘိုးကြီးလဲ ပြန်သွားပြီး တအောင့်လောက်လဲ ကြာရော လေတွေ တဝိုးဝိုးနဲ့ မတရားတိုက်တော့တာပဲ။ သစ်ပင်တွေဆိုရင်လဲ အမြစ်က ကျွတ် လဲပြိုတော့မလိုဘဲ ပြားခနဲ... ပြားခနဲနဲ့ ကျွန်တော့်စိတ်ထင်တော့ တောင်ကြီးတောင် သိမ့်ခနဲ...သိမ့်ခနဲ ဖြစ်သွားတယ်ထင်တယ်။

အခါမဲ့ကြီးမှာ ကျီးတွေကလဲ လန့်ပြီလာကြတယ်။ တအားအားနဲ့ ဆူညံနေအောင်လဲ အော်ကြတယ်။ တစ်တီတူး



ငှက်တွေကလဲ ''တစ်တီတူး''ဆိုတဲ့ အသံတွေ မိုးမွှန်သွားတာပဲ။ အော်လိုက်ကြတာ ကြောက်ခမန်းလိလိ ဆိုပါတော့။

ဒါပေမယ့် ဆရာရေ... ကျွန်တော်တို့ကတော့ ခန္ဓာကိုယ်တွေ ဘုရားလှူပြီး မီးပုံကြီးဘေးမှာ ဖြစ်ချင်တာဖြစ် ဆိုတဲ့သဘောနဲ့ တစ်ညလုံး ဝင်လေထွက်လေကို ရှုနေလိုက်ကြတာ မိုးလင်းတဲ့အထိပါပဲ။ လေကလဲ အရှေ့ဘက်က ရောင်နီပျို့ပျို့လေးတက်လာမှ ငြိမ်သွားတော့တယ်ဗျာ။

မနက်မိုးလင်းတော့ ကျွန်တော်တို့လဲ တောင်ပိုင်ကြီးဆိုတဲ့ပုဂ္ဂိုလ် ဆင်းသွားတဲ့ဘက်ကို လိုက်ကြည့်တော့ ကျွန်တော်တို့ ကျောက်ပုံစေတီလေး တည်မယ့် ငရုတ်ပင်တွေ ပိုင်းနေတဲ့ တောင်ကုန်းလေးနဲ့ ကိုက်(၂၀၀) လောက် ဝေးတဲ့နေရာမှာ ခန်းပွင့်(၅) တောင်လောက် (၃)ပင်နှစ်ခန်း ဒါး တိုက်လောက်မြင့်တဲ့ ဇရပ်လေး တစ်ဆောင်ကို တွေ့ရတယ်။

ဇရပ်ပေါ်မှာ အလွန်ကြည်ညိုစရာ ကောင်းတဲ့ တင်ပျဉ်ခွေ ကျောက်သလင်း ရုပ်ပွားတော်မြတ်တစ်ဆူကလွဲပြီး ဘာမှ မတွေ့ရဘူး။ အဲဒီဇရပ်လေးပေါ်မှာ လူနေတဲ့ အရိပ်လက္ခဏာလဲ တစ်စုံတစ်ရာ မတွေ့ရဘူး။

'ကိုရဲရေ... တောင်ပိုင်ကြီးတော့ ဒီမှာ မရှိဘူး။ ဘယ်မှာနေလဲ မသိဘူး။ ဒါပေမယ့် ညရောက်ရင်တော့ တို့တွေ ဒီဇရပ်လေး ပြောင်းနေကြမယ်။ ဒီဇရပ်လေးက နေချင်စရာလေးကွ'

ဦးဟန်ရှင်က ဇရပ်လေးကို ကြည့်ပြီး ပြောပါတယ်။ ဟုတ်ပါတယ်... ဇရပ်လေးအမိုးက ဝါးတွေကို အခြမ်းလိုက် ထပ်ပြီး မိုးထားတာ။ အကာကလဲ ဝါးတွေကိုပဲ ကာပြီး အခင်းကတော့ ပျဉ်ချပ်နဲ့ အင်သားတိုင်တွေနဲ့ ဆောက်ထားတဲ့ ဇရပ်လေးပါ။ လေလုံမိုးလုံနဲ့ နေချင်စရာလေးပေါ့ ဆရာရယ်။

ဒီလောက်မြင့်ပြီး ဒီလို ဝေးလံတဲ့ နေရာမှာ ဘယ်သူကများ လာဆောက်ထားလဲ မသိပါဘူး ဆရာရာ။ တကယ် သပ်သပ်ရပ်ရပ်လေးနဲ့ပါ။ သားသားနားနားလေးပေါ့။

ပြောရရင်တော့ ဆရာရေ ကျွန်တော်က...

''ကောင်းတယ်...ဒီမှာ ပြောင်းနေကြမယ်'' ဆိုလိုက်တာနဲ့ ညရောက်အောင် မစောင့်တော့ဘဲ ကျွန်တော်တို့မှာ ပါလာတဲ့ ပစ္စည်းတွေ ချက်ချင်း သယ်ပြီး ချက်ချင်းပဲ ပြောင်းလိုက်ကြတယ်။

ပစ္စည်းကလဲ မများဘူးလေ။ စားဖို့အတွက် ရိက္ခာထည့်လာတဲ့ ကျောပိုးအိတ်ကြီးနဲ့ အဝတ်အစား အနည်းအပါးအပြင် ကျွဲကော်ထုပ်ရယ်၊ ဘိလပ်ထုပ်ရယ် ဒါပဲ ပါကြတာ။ ပြော်... တောရှင်းဖို့နဲ့ လိုအပ်ရင်သုံးဖို့ ဓားတိုမ တစ်ချောင်းနဲ့ ပေါက်ချွန်းတစ်လက်လဲ ပါသေးတယ် ဒါပါပဲ။

အဲဒီညက ကျွန်တော်တို့ ဇရပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းမိလို့ပဲ ဆရာရေ…နှိုမ့်ဆို မလွယ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ ဖြစ်လေ့ဖြစ်ထမရှိဘဲ တခြားတိုင်းပြည်၊ တခြားနိုင်ငံတွေမှာသာကြားရတာတတ်တဲ့။

နှင်းမုန်တိုင်းကြီးတိုက်လို့ပဲ။ တိုက်လိုက်သမှ ဆရာရယ် လေတွေ တဟူးဟူး… တဝိုးဝိုးကြားမှာ နှင်းသီးနှင်းခဲကြီးတွေက မိုးတွေ ရွာနေသလားအောက်မေ့ရတယ်။ ဇရပ်ကိုလဲ တဖြောင်းဖြောင်းနဲ့ လာထိကြတယ်။

ဒီကြားထဲ တဝေါင်းဝေါင်း ဟိန်းနေတဲ့ ကျားဟိန်းသံကြီးတွေကလဲ ညံထွက်နေတယ်။ ဒါပေမယ့် ဆရာရယ် ကျွန်တော်တို့ကတော့ ခန္ဓာကိုယ်ဘုရားလှူထားကြတာမို့ သိပ်တော့မတုန်လှုပ်ကြပါဘူး။ ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ဥပေက္ခာစိတ်ပဲထားပြီး တရားပဲထိုင်မှတ်နေလိုက်ကြတယ်။

နှင်းမုန်တိုင်းကလဲ မနက်လေးနာရီလောက်ကျမှ ငြိမ်သွားတယ်။ နှင်းတွေလဲ စဲသလို ဖြစ်သွားတယ်။ ဒီတော့မှ လရောင်လေးကိုလဲ မြင်ရတယ်။ အဲဒီအခါကျမှ ကျွန်တော် အိပ်ချင်စိတ်ပေါက်လာတာနဲ့…

'ဦးဟန်ရှင်ရေ… ကျွန်တော် ခဏမှေးလိုက်ဦးမယ်ဗျာ'

လို့ ပြောပြီး တရေးအိပ်လိုက်တယ်။ ညကလဲ တစ်ညလုံး တရားထိုင်ခဲ့တာဆိုတော့ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တန်းအိပ်ပျော်သွားတော့တာပါပဲ။

အိပ်ပျော်သွားတဲ့ အချိန်မှာပဲ ထူးထူးခြားခြား အိပ်မက်တစ်ခုကို မြင်မက်တယ်။ အိပ်မက်ထဲမှာ ရောင်မျိုးစုံတောက်နေတဲ့ တိမ်တောင်တိမ်တိုက်တွေ လွင့်မျောနေတယ်။ ကျွန်တော်က



အဲဒီတိမ်တွေကို ကြည့်ရင်း စီးချင်စိတ်ပေါက်လာတယ်၊ ဒါနဲ့ပဲ တိမ်တွေပေါ်ကို ကျွန်တော် ခုန်တက်လိုက်တယ်။ ဇွေ့ခနဲဆို တိမ်တွေပေါ် ရောက်သွားတယ်။

နောက် ငြိမ့်ငြိမ့်လေး လွင့်မျောနေတဲ့ တိမ်တိုက်ကြီးတစ်ခုပေါ်မှာ ပျော်ရွှင်စွာနဲ့ စီးလိုက်သွားတယ်။ ကောင်းကင်ကျယ်ကြီးထဲမှာ တိမ်တွေကလဲ အတောမသတ် စီးပြီး လွင့်မျောနေကြတယ်။

မြေပြင်ကို ပြန်ကြည့်လိုက်တော့ မြို့တွေ၊ ရွာတွေ၊ တိုက်တာအိုးအိမ်တွေကို မြင်ရတယ်။ ကျွန်တော့်စိတ်ထဲမှာ လွတ်လပ် ပေါ့ပါးနေတယ်။ ချမ်းချမ်းမြေ့မြေ့ ဖြစ်နေတယ်။

အဲဒီအချိန်မှာပဲ ရွှေရောင်တွေ တဝင်းဝင်း တလက်လက် တောက်ပနေတဲ့ ရွှေတောင်ကြီး တစ်တောင်ဆီရောက်သွားတယ်။ တောင်ကြီး တစ်တောင်လုံး ရွှေတွေကို "အိ"ကျနေတာပဲ။ ကျွန်တော်စီးလာတဲ့ တိမ်တိုက်ကြီးက ရွှေတောင်ကြီးရဲ့ တောင်ခြေမှာ ရပ်သွားတယ်။

ကျွန်တော်လဲ ဘာရည်ရွယ်ချက်မှ မရှိဘဲ တိမ်တိုက်ကြီးပေါ်က ဆင်းပြီး ရွှေတောင်ကြီးပေါ် တက်ခဲ့တယ်။

တောင်ကြီးရဲ့ ထိပ်ပေါ်မှာ ရွှေကျောင်းကြီး တစ်ဆောင်ကို တွေ့ရတယ်။ ကျောင်းပေါက်ဝမှာ ဒေါက်ခြာကြီး ဆောင်းထားတဲ့ ရသေ့ကြီးတစ်ပါးက ကျွန်တော့်ကို ရပ်ကြည့်ပြီး လက်ယပ် လှမ်းခေါ်တယ်။

ကျွန်တော် ရောက်သွားတော့ သူ့လက်ထဲမှာ ဆုပ်ထားတဲ့ အင်းချပ်လေးကို ပေးတယ်။ ဘာစကားမှတော့ မပြောဘူး။ ကျွန်တော်လဲ အင်းချပ်လေးကို ယူပြီး ကြည့်လိုက်တယ်။ အင်းချပ်က ငွေပြားလေးမှာ ချထားတာ။ ဖြန့်ကြည့်လိုက်တဲ့အခါမှာတော့ အောက်ပါအတိုင်း တွေ့ရတယ်။

* * *

**အိပ်မက်ထဲ၌ ရသေ့ကြီးချီးမြှင့်ခဲ့သည့် သဗ္ဗသိဒ္ဓိ အင်းတော်မြတ်**

| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | ဏ္ဍာ | ဓ | ရ | ဏ္ဍာ |
| ဂ | အာ | ဒ္ဓိ | ဂ | အာ | မ္ဘံ |
| သ | မိ | ဏံ | သ | မိ | ဏံ |
| ပု | ဒိ | ပု | သံ | ရ | ဏ္ဍာ |
| ဒိ | အာ | ဒိ | ဂ | အာ | ဃံ |
| ပု | ဒိ | ပု | သ | မိ | ဏံ |

ကျွန်တော်က အင်းချပ်ကို ကြည့်ရင်း နားမလည်သလို ဖြစ်နေတယ်။ ဒါကြောင့် အင်းချပ်ကို တစ်လှည့်၊ ရသေ့ကြီးကို တစ်လှည့် ကြည့်နေမိတယ်။ ဟုတ်တယ် ဆရာ… အဲဒီအင်းမျိုး ကျွန်တော် မတွေ့ဖူးဘူး။ ရှိချင်တော့ ရှိမှာပါ။ ကျွန်တော် မတွေ့ဘူးတာကို ပြောတာ။

ဒီအင်းက ဘာသုံးရမှာလဲ၊ ဘယ်လို အကျိုးတွေ ပေးသလဲ၊ ဘယ်လို သိဒ္ဓိတွေ ရနိုင်သလဲ၊ ရသေ့ကြီးကလဲ ဒီအင်းကို ဘယ်လိုအဓိပ္ပာယ်နဲ့ ကျွန်တော့်ကို ပေးသလဲပေါ့။

အဲဒီအချိန်မှာပဲ ရသေ့ကြီးက…

'ဒကာလေး…အဲဒီအင်းကို သိဒ္ဓိစတ်ကြိမ်တဲ့နေ့အချိန်မှာ ရွှေပြား၊ ငွေပြား တစ်ခုခုမှာရေး၊ သရဏဂုံ(၃)ပါး တစ်ပါး (၃၀)စီ ရွတ်ဆောင်၊ ငါးလုံးစုံ



www.burmeseclassic.com

www.burmeseclassic.com



သော အရာခပ်သိမ်းကို ပြည့်စုံစေနိုင်၊ အောင်မြင်စေနိုင်တယ်။ သဗ္ဗသိဒ္ဓိအင်း လို့ ခေါ်တယ်။ နေ့စဉ် တစ်နေ့ တစ်အင်း ပုံမှန်သောက်သွားရင် ထွက်ရပ်အထိ လမ်းပေါက်နိုင်တယ်'

လို့ ခပ်တိုတို မိန့်ကြားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော် အိပ်ရာက နိုးသွားတယ်။ အိပ်ရာက နိုးနိုးချင်းပဲ ထူးဆန်းလှတဲ့ အိပ်မက်အကြောင်းကို ဦးဟန်ရှင်ကို ပြောလိုက်တယ်။

ဒီတော့ ဦးဟန်ရှင်က...

'မင်းအိပ်မက်က အလွန်ကောင်းတဲ့ အိပ်မက်ပဲ။ ထူးထူးဆန်းဆန်းကွာ။ အဲတော့ အချိန်ဆွဲမနေနဲ့၊ ခုမနက်ပဲ အဲဒီအင်းကို ချကွာ။ သရဏဂုံသုံးပါးနဲ့ ဥဏ်တော်သုံးပါး ဦးဆောင်အင်းပဲ။ ကောင်းကျိုးချမ်းသာတွေ ရနိုင်မှာပါ'

လို့ ပြောပြီး အင်းချဖို့ တိုက်တွန်းပါတယ်။ အင်းကိုလဲ ကျွန်တော် ကောင်းကောင်း မှတ်မိတယ်ပေါ့ ဆရာရယ်။

ဦးဟန်ရှင်နဲ့ ကျွန်တော် စကားပြောနေစဉ်မှာပဲ တစ်ဆယ့်ခြောက်နှစ်, ခုနစ်နှစ်လောက်ရှိမယ့် အစိမ်းရောင်ဝမ်းဆက်လေးတွေ ဝတ်ထားကြတဲ့ ကလေးမလေး(၃)ယောက် တောင်အောက်က တက်လာတယ်။ အားလုံးက ချောချောလှလှလေးတွေပဲ။ အသားလေးတွေကလဲ ဖြူဝင်းနေတာပဲ။

ကျွန်တော်တို့နေတဲ့ ဇရပ်နားရောက်တော့ ဇရပ်ရှေ့မှာရပ်ပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတယ်။

နောက်ပြီး...

'ဆရာလေးတို့... ဒီမှာ ကြာကြာမနေရင် ကောင်းလိမ့်မယ်။ ဒီတောင်က တောင်ပိုင်ကြီးက လူစိမ်းသူစိမ်းတွေကို သိပ်လက်မခံဘူး။ သူ သဘောမကျရင် ဒုက္ခပေးတတ်တယ်'

လို့ ခြိမ်းခြောက်တဲ့စကား ပြောပါတယ်။

ဒီတော့ ကျွန်တော်က...

'ငါတို့က နှောင့်ယှက်ရအောင် လာတဲ့သူတွေ မဟုတ်ပါဘူး။ မေတ္တာတရားရှေ့ထားပြီး အများကောင်းကျိုးချမ်းသာအတွက် ရည်ရွယ်လာကြတာပါ'

လို့ ပြန်ပြောပြီး စိတ်ထဲက အာရုံညွှတ် မေတ္တာပို့နေလိုက်ပါတယ်။

အဲဒီအခါမှာ သူတို့အထဲက အကြီးဆုံးဖြစ်ဟန်တူတဲ့ ကလေးမတစ်ယောက်က...

'ကျွန်မတို့က စိုးရိမ်လို့ပါ'

လို့ ပြောပြီး တောင်အောက်ဘက်ပြန်ဆင်းသွားပါတယ်။ ကျန်တဲ့ ကလေးမလေး နှစ်ယောက်ကိုလဲ "သွားကြမယ်"ဆို ခေါ်သွားပါတယ်။

သူတို့ပြန်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့လဲ အချိန်ဆွဲမနေတော့ဘဲ အိပ်မက်ထဲကရတဲ့ နည်းလေးအတိုင်း အင်း(၅)အင်းချ၊ တစ်အင်းကို ဘုရားလှူ၊ ကျန်(၄)အင်းကို တစ်ယောက်တစ်အင်းသောက်၊ ကျန်နှစ်အင်းကိုတော့ တစ်ယောက် တစ်အင်းဆီ ဆောင်ထားလိုက်ကြပါတယ်။

အဲဒီညမှာပဲ ဆရာရေ...

နှင်းတွေကလဲ တောင်တစ်တောင်လုံး ဝေနေအောင် ကျနေတယ်။ လ,သာတယ် ဆိုပေမယ့် လရောင်ပျောက်ခမန်း နှင်းတွေက ကျနေတာမို့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ယမန်ညကလို လေမတိုက် နှင်းမှုန်တိုင်းမကျပေမယ့် အရာအားလုံး ဝေဝေဝါးဝါး ဖြစ်နေတာကတော့ အမှန်ပဲ။

ဒါပေမယ့် နှင်းစက်နှင်းပေါက်တွေကတော့ တဖြောက်ဖြောက်ကျပြီး တောင်ညိုငှက်တွေ တစ်ခါတစ်ခါ လန့်ပြီး အော်, အော်ပုံသွားကြတဲ့ အသံတွေကိုတော့ ကြားနေရတယ်။ အစကတော့ ကျွန်တော်တို့လဲ ကြားရိုးကြားစဉ်ပဲ အောက်မေ့တာပေ့ါ။ ဒါပေမယ့် မဟုတ်ဘူး ဆရာရေ... ခဏကြာတော့ မျောက်တွေလန့်ပြီး "ကွိကွိကွကွ" အော်တဲ့အသံတွေ ညံထွက်လာတယ်။

နောက် တစ်တီတူးငှက်တွေ လန့်အော်သံ၊ ကျီးတွေ ပြိုဆင်းပြီး တအားအား အော်သံတွေပါ ပါလာတယ်။ နှင်းစက်နှင်းပေါက်သံတွေကြားမှာ သူတို့အသံတွေက အခါမဲ့ကြီး ညံလာကြတယ်။

ကျွန်တော်တို့ သတိထားလိုက်စဉ်မှာပဲ ဇရပ်ရှေ့တည့်တည့်က "ဝေါင်း... ဝေါင်း"ဆိုတဲ့ ကျားဟိန်းသံကြီးက ကြောက်ခမန်းလိလိ ထွက်ပေါ်လာပြန်တယ်။ ကျွန်တော်တို့မှာ အသင့်ပါလာတဲ့ ငါးတောင့်ထိုး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ခပ်ရွယ်ရွယ် ကျားသုံးကောင်ကို နှင်းမှုန်တွေကြားကနေ ခပ်ဝါးဝါး မြင်လိုက်ရတယ်။

ခါးကြီးတွေ တန့်န့်, ခါယမ်းရင်း သူတို့ရဲ့ တောက်ပစူးရှပြီး ကျှင်းမြောင်းတဲ့ မျက်လုံးတွေနဲ့ ဇရပ်ပေါ်ကို ကြည့်နေကြတယ်။ ဦးဟန်ရှင်က. ကျားကြီးတွေကို ကြည့်ပြီး ကျွန်တော့်ကို လက်ကုတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောင် နှစ်ယောက်သား မေတ္တာသုတ်ကို ပြိုင်တူ ရွတ်လိုက်ကြတယ်။ မေတ္တာသုတ်ရွတ်နေစဉ် မျက်စိကိုလဲ စုံမှိတ်ထားလိုက်ကြတယ်။ မေတ္တာသုတ်ဆုံးလို့ မျက်စိဖွင့်လိုက်တော့ စောစောက ကျားကြီးသုံးကောင် ဘယ်ရောက်သွားတယ် မသိလိုက်ဘူး။ ပျောက်သွားတယ်။ တောခြောက်တာလားတော့ မသိဘူး။

ဒါပေမယ့် အဲဒီအချိန်မှာပဲ တောဆင်အုပ်ကြီးတစ်အုပ် တောင်ခြေကနေ ဝါးကိုင်းတွေ၊ သစ်ကိုင်းတွေကို တဖြောင်းဖြောင်းချိုးပြီး စူးစူးဝါးဝါး အော်ရင်း တက်လာပြန်တယ်။

သူတို့ကတော့ ရပ်မနေကြဘူး။ ကျွန်တော်တို့နေတဲ့ ဇရပ်လေးရှေ့ကနေ တစ်ဖက်တောင်ကြောပေါ်ကို တက်သွားကြတယ်။ ကျွန်တော်တို့လဲ ထုံးစံအတိုင်းပဲ မေတ္တာသုတ်ရွတ်ပြီး မေတ္တာပို့နေလိုက်ကြတာပေါ့ ဆရာရယ်။ အဲဒီညက တွေ့ခဲ့ရတဲ့ ဖြစ်စဉ်တွေကတော့ တော်တော် ဆိုးဆိုးရွားရွားပါပဲ။ တော်ရုံလူဆိုရင်တော့ သွေးပျက်သွားနိုင်တယ်။

နောက်နေ့တွေတော့ ဘာမှ ထူးထူးခြားခြား မရှိတော့ပါဘူး။ ကျွန်တော်တို့လဲ အဓိဋ္ဌာန်လုပ်ငန်းတွေကို အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ပါတယ်။ တောင်ပိုင်ဘိုးဘိုးကြီးဆိုတဲ့ ပုဂ္ဂိုလ်လဲ ပေါ်မလာတော့ဘူး။

တစ်ခုထူးတာက အဲဒီနောက်ပိုင်းမှာ စောဖြူတောင်ခြေမှာ တောင်ယာလာလုပ်သူတွေလို့ ဆိုပြီး နေ့စဉ် မနက်တိုင်း ကျွန်တော်တို့အတွက် ငှက်ပျောသီး၊ မာလကာသီး၊ ပိန္နဲသီး စတဲ့ သစ်သီးတွေကို လာ,လာပို့တာပါပဲ။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ အဓိဋ္ဌာန်မပြီးမချင်းပါ။ တစ်နေ့မှ မလပ်ဘူး။

နောက်ပြီး အဲဒီလူတွေဟာ ကျွန်တော်တို့တည်နေတဲ့ ဘုရားစေတီလေးအတွက် အုတ်တို့၊ သဲတို့၊ ကျောက်တို့ကိုလဲ လိုရင် လိုသလို ရှာပေးကြပါတယ်။ သူတို့ရဲ့ကျေးဇူးကြောင့်ပဲ ကျွန်တော်တို့ရဲ့ ကျောက်ပုံစေတီလေးလဲ အခက်အခဲမရှိ အောင်မြင်ခဲ့တယ်။ သူတို့ကို တအား ကျေးဇူးတင်တာပေါ့ ဆရာရယ်။

ဒါနဲ့ပဲ ကျွန်တော်တို့ အဓိဋ္ဌာန်ပြီးမြောက်လို့ ပြန်တော့မယ်လုပ်တော့ မပြန်ခင် သူတို့ကို နှုတ်ဆက်သွားဦးမယ်ဆိုပြီး သူတို့ တောင်ယာလုပ်ပါတယ်ဆိုတဲ့ စောဖြူတောင်ခြေကို ကျွန်တော်တို့ သွားတော့ သူတို့ကိုလဲ မတွေ့ဘူး။ ဘာတောင်ယာမှလဲ မရှိဘူး။ တောင်ခြေတစ်ခုလုံးနှံ့ရောကျွန်တော်တို့ ရှာလိုက်ကြတာ တောင်ယာနဲ့ တူတာဆို ဘူးစင်တစ်ခုတောင် မတွေ့ဘူး။ နောက်ဆုံးတော့ ကျွန်တော်တို့လဲ လက်လျှော့ပြန်ခဲ့ရတယ် ဆရာရေ'

* * *

ဒီမှာတင် ဆရာရဲဇော်က သူ့စကားကို ခေတ္တရပ်လိုက်သည်။ ပြီး "စံ"မှ စားပွဲထိုးကောင်လေး လာချပေးထားသည့် "ပေါ့ဆိမ့်"ခွက်ကို အရသာခံပြီး သောက်ရင်း စကားကို မနားတမ်း ပြောလာရသည့်အတွက် မောဟိုက်သွားသမျှ အမောဖြေနေလိုက်လေ၏။

ကျွန်တော်ကလည်း ဘာစကားမျှ မပြောဘဲ အလိုက်တသိဖြင့် သူ နောက်ထပ်ပြောလာဦးမည့် စကားကို စောင့်မျှော်ရင်း ငြိမ်နေလိုက်ပါသည်။

အတန်ကြာမှ ဆရာရဲဇော်က သူ့စကားကို ပြန်ဆက်ပါ၏။

'အဲဒါကို ဆရာ့ကို ပြောပြချင်နေတာ။ ဒီဇာတ်လမ်းလေးက ဆရာနဲ့ အင်မတန်လိုက်တဲ့ ဇာတ်လမ်းလေးပါ။ ပြန်ရောက်ရောက်ချင်း ဆရာ့ကို ပြောဖို့ပဲ ဒါပေမယ့် အဲဒီအချိန်က ဆရာမရှိဘူးလေ၊ ဆရာ ပြင်ဦးလွင်ဘက် ခရီးထွက်နေတယ်ဆိုတာနဲ့ မပြောခဲ့ရတာ။ ခုမှ ဆရာ ပြန်ရောက်တယ် ကြားလို့ ဘယ်နှယ့်လဲ မထူးဆန်းဘူးလား ဆရာ'

'အေးဗျ… ဇာတ်လမ်းလေးက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အကယ်၍ ရေးဖြစ်ခဲ့ရင်လဲ စာဖတ်ပရိသတ်အတွက် သူတော်ကောင်းကို သူတော်ကောင်းတွေ စောင့်ရှောက်တဲ့ အကြောင်း တင်ပြနိုင်တာပေါ့ဗျာ'

'ဟုတ်ပါတယ် ဆရာ… နောက်ပြီး **ကျွန်တော့်အိပ်မက်ထဲမှာ ရသေ့ကြီး ချီးမြှင့်ခဲ့တဲ့ အင်းကိုလဲ ပညာရှင်တွေကို ဘယ်လိုအင်းလဲ၊ အင်းလောကမှာ အဲဒီအင်းမျိုး ရှိ,မရှိလဲ ဖြေကြားပေးဖို့ ထည့်ရေးပေးပါ ဆရာ။** အိပ်မက်ထဲမှာတော့ **သဗ္ဗသိဒ္ဓိအင်း**လို့ ရသေ့ကြီးက မိန့်ကြားခဲ့ပါတယ်။ တကယ်ဟုတ်,မဟုတ် စိတ်စွဲလို့မက်တဲ့ အိပ်မက်ပဲလား၊ ဘာလားပေါ့ ဆရာရယ်'

'စိတ်ချပါ ဆရာရဲဇော် ရေးဖြစ်အောင်လဲ ကြိုးစားပါ့မယ်။ ရေးဖြစ်ရင်လဲ ဆရာရဲဇော်ပြောတာတွေကို အကုန်ထည့်ရေးပေးပါ့မယ် စိတ်သာချ'

'ကျေးဇူးပါ ဆရာ'

**[ဤဇာတ်လမ်းလေးအား ပြောပြပေးသည့် ဆရာရဲဇော်(နက္ခတ္တဝေဒ ပညာရှင်) စာရေးဆရာ ရဲဇော် (ဇီးကုန်း)အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

**နေဝန်းနီ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မတ်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ

ယခုလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဆုငွေများနှင့် နီးစပ် ကံထူးနိုင်ကြစေရန် ၉၊ ၆၊ ၈၊ ၁ ဂဏန်းခြေများကို ဦးစားပေး ရွေးချယ်ကာ ၈၊ ၅၊ ၆၊ ၀ အက္ခရာများနှင့် တွဲဖက်၍ ကံစမ်းသင့်ပါသည်။

မိမိတို့ မွေးနှစ်အရ ကံလာဘ်ပွင့် အရောင်၊ နေ့ရက်၊ အရပ်မျက်နှာ စသည်ကို အောက်တွင်ကြည့်ပါ။





* * *

| မွေးနှစ် | အရောင် | နေ့ရက် | အရပ်မျက်နှာ |
|---|---|---|---|
| ကြွက် | အပြာ | ဗုဒ္ဓဟူး | မြောက် |
| နွား၊ ကျား | အညို | စနေ | အရှေ့မြောက် |
| ယုန် | အစိမ်းနု | ကြာသပတေး | အရှေ့ |
| နဂါး၊ မြွေ | အစိမ်းရင့် | ကြာသပတေး | အရှေ့တောင် |
| မြင်း | အနီ | အင်္ဂါ | တောင် |
| ဆိတ်၊ မျောက် | မြေဝါ | တနင်္လာ | အနောက်တောင် |
| ကြက် | ရွှေဝါ | သောကြာ | အနောက် |
| ခွေး၊ ဝက် | အဖြူ | တနင်္ဂနွေ | အနောက်မြောက် |

**ဥပမာ။ ။ ကြွက်နှစ်ဖွား**ဖြစ်လျှင် မိမိနေအိမ်၊ အလုပ်ခန်း၏ မြောက်ဘက် အရပ်ရှိ ထီအရောင်းဆိုင်တွင် ဗုဒ္ဓဟူးနေ့၌ အပြာရောင်အဆောင်တစ်ခုခု ဆောင်သွားကာ ကံစမ်းရန်ဖြစ်သည်။

ဆိုင်တည်ရာဌာနအရ ဌာနဖလအင်အား ရယူလိုပါလျှင် မြစ်ကမ်း၊ ပင်လယ်ကမ်း၊ ရေပြင်ကျယ် (ရေကန်) တို့အနီးရှိ ထီလက်မှတ်အရောင်းဆိုင်၊ လေ့ဆိပ်, သင်္ဘောဆိပ်၊ ရေယာဉ်ပေါ်၊ အပန်းဖြေကမ်းသာ စသည်တို့၌ ရောင်းချသောဆိုင်၊ အဖျော်ယမကာ၊ ဆိုးဆေး၊ ရေသန့်စသည့် အရောင်းဆိုင်များအနီးရှိ ထီဆိုင်တို့တွင် ထိုးသင့်သည်။

ပန်းချီပြခန်းများအနီးရှိ ဆိုင်(သို့မဟုတ်) ပန်းချီကားများ ဝေဝေဆာဆာ ချိတ်ဆွဲထားသော ဆိုင်များတွင်လည်း သင့်ပါသည်။

**ထီကံမြင့်ယတြာ ပြုလိုပါက** စေတီပုထိုးများ **(နေအိမ်ရှိ ဘုရားစင်၊ ဗုဒ္ဓဘုရားရှင် ကိုယ်စား ရုပ်ပွားတော်များ၊ ပရိဘောဂစေတီ (ခေါ်) ဗောဓိညောင်ပင်များ မဖြစ်စေရပါ။)**တွင် ရေသပ္ပာယ်ပါ။ သောက်တော်ရေ ကပ်လှူပါ။

မိမိတို့ မွေးနှစ်အရ ကပ်လှူသင့်သော အရပ်ထောင့်၊ ကပ်လှူရန် နေ့ရက်တို့အား အထက်တွင် ပြန်ကြည့်ပါ။

**ဥပမာ။ ။** နွားနှစ်ဖွားဖြစ်လျှင် စနေနေ့၌ လူအများကိုးကွယ်သည့် စေတီတစ်ဆူသို့ သွား၍ အရှေ့မြောက်ထောင့်အရပ်၊ တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူရန် ဖြစ်သည်။

သက်ဆိုင်ရာ ကံပွင့်အရောင်ဖြင့် ကြက်လျှာပြုလုပ်ကာ တွဲဖက် ကပ်လှူခြင်းဖြင့် အကျိုးထူး ပိုမို ခံစားရနိုင်ကြသည်။ ကြက်လျှာအခုရေ (၃)ခု (သို့မဟုတ်) (၁၃)ခု ပြုလုပ် ကပ်လှူသင့်သည်။

***ဝှယုင်းဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီကံထူးကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

"ခထာအကြာတွင် ဆံတော်ရှင်ရင်ပြင် တောင်ဘက်မုခ်ဦး ခြေတော်ရာနှင့် သိမ်တော်ရာဘက်မှ တက်လမ်းတွင် ဘုရားဖူးအုပ်စု ဝင်ရောက်လာသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။ သူတို့လက်ထဲမှာ ဆီမီးခွက်များ ကိုင်လာကြပြီး ဆံတော်ရှင် ရင်ပြင်တော်ပတ်လည်မှာ ဆီမီးခွက်များ ချ၍ မီးပူဇော် ရှိခိုး ဦးချကြပြီးမှ ရင်ပြင်တော်ကို လှည့်ပတ်လျှောက်ကြသည်။ နှုတ်ကလည်း တီးတိုး ရွတ်ဖတ်သွားကြသည်။

သို့သော် အသံ သဲသဲကွဲကွဲတော့ မကြားရပါ။ သတိထားမိသည်မှာ အမျိုးသားရော အမျိုးသမီးပါ ရှေးခေတ် အဝတ်အစားများနှင့် ဖြစ်ပြီး သူတို့၏ အရပ်အမောင်းမှာ ကျွန်ုပ်၏ အရပ်ထက် တစ်တောင်ခန့် ပိုမြင့်နေပါသည်။ ထောင်ထောင် မောင်းမောင်း ထွားထွား ကျိုင်းကျိုင်းများ ဖြစ်သည်။ ဓာတ်ပုံ ရိုက်ယူမည် စဉ်းစားမိသော်လည်း ကိုယ်ခန္ဓာမှာ လှုပ်ရှား၍ မရပေ"

**၂၀၀၇ ခုနှစ်၊ ဩဂုတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၉၇)တွင် ပါဝင်သော အောင်ဇ (LL.B)၏ ''ရခိုင်ပြည်နယ် ဆံတော်ရှင် ဘုရားပွဲသို့ ခရီးသွားမှတ်တမ်းနှင့် ကိုယ်တွေ့ ဖြစ်ရပ်ထူးများ (၄)''** ဆောင်းပါးကို ဖတ်ရင်း အိပ်ပျော်နေသော ကျွန်တော့်နှလုံးသားများ ပြန်လည် နိုးကြားလာကြသည်။ ကိုယ့်



# သံသရာတစ်ကွေ့ဝယ်

ခင်မောင်ဝင်း
(စစ်တွေ)

ပြန်လည် ဆုံတွေ့ရမည် ဆိုပါက...



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကို ကိုယ် ကြားနေရသည်ဟု ပင် ထင်လိုက်မိသည်။ ကျွန်တော့် အမူအရာသည် မည်မျှအထိပင် ပြောင်းလဲသွားလေသည် မသိ။

'နေမကောင်းဘူးလား'

မိဘမေတ္တာ စာအုပ်ဆိုင်ပိုင်ရှင် ကိုလင်းမောင်က ကျွန်တော့်ကို မေး သည်။ ခပ်လွယ်လွယ်အဖြေအဖြစ် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူ့ဆိုင်အတွင်း ဆက်လက်နေရန် မသင့်တော့ကြောင်း ကျွန်တော် ဆုံးဖြတ်လိုက်ပြီး အေးချမ်းဆိတ်ငြိမ်ရာ ကမ်းနားဘက်ဆီသို့ လျှောက်လာခဲ့ သည်။

ညနေစောင်းချိန်မို့ လူသွားလူလာ က မများလှ။ ကမ်းနားလမ်းမှ ဆက်၍ မြစ်ဝကျယ်ရှိရာ ရှုခင်းသာလမ်းဆီသို့ အရောက်တွင် သန့်ရှင်း လတ်ဆတ် သော လေနုအေးက တိုက်ခတ်လာ သည်။ သို့သော် ရင်မှအပူကိုတော့ အေးမြနိုင်စွမ်း မရှိသည်မှာ အမှန် တကယ်ပင် ဖြစ်ပါသည်။

သစ်သားတံတားကလေးပေါ် ထိုင် ရင်း မြစ်ဝကျယ်ကြီး တစ်ဖက်ကမ်းကို ငေးမောမိသည်။ မြင်ကွင်းအတွင်း ထင်ရှားစွာ ပေါ်လာသည်က မြေငူ ကျွန်း (ခေါ်) ဖရုံကာကျွန်းရှည်ကြီး။ ဒီကျွန်း ဒီတောင်စဉ်တောတန်းတွင် ကျွန်တော့်ဘဝအတွက် တစ်သက်စာ အမှတ်တရ ဇာတ်လမ်းကလေးတစ်ခု ကို ဖြစ်ပေါ်စေခဲ့သည်။

ဒီကျွန်း၏ သုံးပုံနှစ်ပုံသော အကွာ အဝေး၊ မြေငူကျွန်း၏ အနောက်ဘက် ကမ်း တောင်ထိပ်တစ်နေရာတွင် ဆံတော်ရှင်စေတီ ရှိသည်။ ဒီဇင်ဘာလ လယ် ရောက်သည်နှင့် ဘုရားပွဲတော် ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ ရှိသည်။

ကျွန်း၏ အရှေ့ဘက်ကမ်း စောမဲကျီ ရွာဆိပ်ကမ်းမှ တောင်စဉ်တောင်တန်း အထပ်ထပ်ကို ကျော်ကာ ကျွန်း၏ အနောက်ဘက်ကမ်း စေတီရှိရာသို့ သွားကြရသဖြင့် ဘုရားပွဲချိန်အတွင်း တွင် တိုး၍ မပေါက်အောင် စည်ကား လှသည်။ ထမင်းဆိုင်၊ လက်ဖက်ရည် ဆိုင်၊ ကာရာအိုကေ၊ ဇာတ်ပွဲ၊ ပစ္စည်း မျိုးစုံ အရောင်းဆိုင် စုံမှစုံ။

ထိုထိုသော အသံဗလံများကို ရှောင်ကွင်းလိုကြသော ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ပွဲတော် မကျင်းပမီ တစ်ပတ်အလိုတွင် သွားကြ မည်။ ပွဲတော်ရက်ရောက်သည်နှင့် ပြန်လာကြမည် ဟူသော အစီအစဉ်ဖြင့် ခရီးသည်တင် လိုင်းမော်တော်ကလေး ကို စီးကာ စောမဲကျီရွာကလေးသို့ ရောက်ခဲ့ကြသည်။

ထိုမှတစ်ဖန် တောအထပ်ထပ် တောင်အစွယ်စွယ်ကို ဖြတ်ကာ ဆံတော်ရှင် စေတီတော်မြတ်ဆီသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

ဆရာတော်အား ဝင်ရောက် ဖူးမြော် ကြပြီး စေတီတော် ရင်ပြင်အောက်ရှိ ဇရပ်ကလေးတွင် ကျွန်တော်တို့ အနား ယူကြသည်။ ညနေပိုင်းတွင် ပါလာ သော ရိက္ခာခြောက်များကို ချက်ပြုတ် စားသောက်ကြပြီး နေအေးအေးတွင် စေတီရင်ပြင်သို့ တက်ကြသည်။ ရင်ပြင် ကို အမှိုက်လှည်းခြင်း၊ တရားဘာဝနာ ရှုမှတ်ပွားများခြင်းတို့ ပြုကြသည်။

နောက်တစ်ရက် နံနက် ခြောက်နာ ခန့်တွင် ကျွန်တော်တို့ သူငယ်ချင်း တစ်စု စေတီရင်ပြင်တော်ပေါ်သို့ တက် ခဲ့ကြသည်။ ပင်လယ်မှ တိုက်ခတ်လာ သည့် လေကွယ်ရာအရပ်တွင် အမွှေး တိုင်၊ ဖယောင်းတိုင်များကို ထွန်းညှိ ပူဇော်ကြပြီး စေတီတော်ကို လက်ယာ ရစ် လှည့်ပတ်၍ ကြည်ညိုကြသည်။

ဆောင်းလက ဝီပြင်လှသည်မို့ ဘင်္ဂလားပင်လယ်ကျယ်ကြီးမှ တိုက် ခတ်လာသော လေနုအေးနှင့်အတူ ပိန်းပိတ်အောင် ကျနေသော နှင်းမှုန် များက ဝတ်ထားသော အနွေးထည် များကိုပင် ဖောက်ထွင်း၍ ဝင်လာသည် ခံစားရသည်။

ဘုရားစောင်းတန်းအောက် ကမ်းစပ် လယ်ကွင်းပြင် ရိုးပြတ်တောတွင်မူ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင် ကာရာအိုကေနှင့် ဇာတ်ရုံဆောက်ရေး လူအချို့ ရောက်ရှိနေကြပြီး ဆံတော် ရှင် ဘုရားပွဲ၏ သဘာဝအတိုင်း ဝါးကို တိုင်ထူ၍ ကောက်ရိုးကာ၊ ကောက်ရိုး ခင်း၊ ကောက်ရိုးမိုး တဲတန်းရှည်ကြီး ကို တည်ဆောက်နေကြသည်။

တောင်အောက်တွင် စိုက်ထူထား သော လမ်းမီးတိုင်များမှ မီးအရောင် များကို မှုန်ပျပျ မြင်နေရသည်။

စေတီရင်ပြင်ကို လှည့်ပတ် ... ရင်း အဂ္ဂါထောင့် တစ်နေရာတွင် တရားရှုမှတ်နေကြသူ သုံးဦးအနက်

www.burmeseclassic.com

ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ဦးကို ကျွန်တော် သတိထားမိသည်။ ဖြောင့်စင်းသော အရပ်အမောင်းကြောင့် မတ်မတ်ထိုင်နေသော ခန္ဓာကိုယ်သည် သာမန်လူများထက် ပိုမိုမြင့်မားနေသည်။ ယောဂီရောင်ထဘီ၊ သိုးမွေးဆွယ်တာ အင်္ကျီဖြူတွင် ယောဂီတဘက် တင်လျက် ဣန္ဒြေသိက္ခာ အပြည့် တည်ငြိမ်လှပါဘိ။

လောဘ၊ ဒေါသ ကင်းဝေးနေသည့် သူမမျက်နှာကို မြင်တွေ့ရခြင်းကြောင့် အေးချမ်းမှု ပီတိသုခကို သိသိသာသာကြီး ခံစားလိုက်ရသကဲ့သို့ ရှိသည်။ ကျွန်တော့်ခြေလှမ်းများ တုံ့နှေးသွားသည်။ သူငယ်ချင်းများကတော့ သတိပြုမိဟန် မတူပါ။ မလှမ်းမကမ်းတွင်မူ အသက်ကြီးကြီး ပုဂ္ဂိုလ်နှစ်ဦးက ပုတီးကိုယ်စီနှင့်။

သူငယ်ချင်းများက ဘုရား အာရုံပြုရန် ဆီမီးထွန်းသည့်နေရာတွင် ကျန်နေခဲ့သည်။ ကျွန်တော် နောက်တစ်ပတ် ထပ်ပတ်သည်။ သူမ ထိုင်နေဆဲ။ အသက်နှစ်ဆယ် ပတ်ဝန်းကျင်ခန့်သာ ရှိမည်။ အသားတော်က ညိုပြာညက်။

ကျွန်တော် တည်ငြိမ် အေးချမ်းလှသော သူမအလှကို ထိုင်၍ ကြည့်နေချင်သည်။ ဖြူစင်သန့်ရှင်းသော၊ ရာဂနှင့်မယှဉ်သော ဖြူစင်သည့် စိတ်ထားနှင့်ရယ်ပါ။ တရားခမ္မ အားထုတ်နေသူတစ်ဦးအတွက် အနှောင့်အယှက် မဖြစ်စကောင်း ဟူသော အသိကြောင့် ကျွန်တော် သူငယ်ချင်းများထံသို့ ပြန်ခဲ့မိသည်။ တရားရှုမှတ်မှုကို ပြုသော်လည်း အာရုံ ပျံ့လွင့်းလှချေသည်။

* * *

'မနေ့မနက်က ဘုရားရင်ပြင်မှာ တွေ့ခဲ့တဲ့



အမျိုးသမီးကလေးရဲ့ မျက်နှာဟာ သိပ်ကို အေးချမ်းတာပဲဗျာ၊ ပြီးတော့ စံယံတပ်မှဲ့ကလေးနဲ့'

မပြောပါဟု စိတ်ကို ချုပ်တည်း၍ မရသည့်အဆုံး သူငယ်ချင်းများကို ကျွန်တော် ဖွင့်ပြောမိသည်။ ကိုလှမြင့်၊ ကိုအောင်စိုးနှင့် ကိုဝင်းမောင်တို့က အလှတရားကို တန်ဖိုးထားတတ်ကြသူတွေမို့ ကျွန်တော့်စကားကို စိတ်ဝင်စားကြသည်။

ယနေ့နံနက်တွင်မူ ညိုချောမလေးကို သေချာစွာ အကဲခတ်ကြပြီး ''ဟုတ်၏၊ မှန်၏''ဟု ထောက်ခံပေးကြပါသည်။ ကျွန်တော်တို့ကိစ္စ ဆောင်ရွက်ဖွယ်ရာများ ပြီးစီး၍ ပြန်ဆင်းကြမည့်အချိန် နံနက် ခုနစ်နာရီခန့်တွင် စေတီတော် ရင်ပြင်တစ်ပတ် ပတ်ကြတော့ သူမ မရှိတော့ပေ။

* * *

'ကျွန်တော် သူ့ကို စိတ်ဝင်စားနေပြီ၊ ဒီနေ့တော့ သူ့အကြောင်း လိုက်ပြီး မေးကြည့်ရင် ကောင်းမလားလို့'

ကန့်ကွက်မည့်သူ မရှိပါ။ ကျွန်တော်တို့ စေတီရင်ပြင်ပေါ်သို့ တက်ချိန်မှာ ဝေလီဝေလင်း ဖြစ်သည်။ နာရီကြည့်တော့ ငါးနာရီ မိနစ် သုံးဆယ်တိတိ။ ကျွန်တော်တို့အဖွဲ့မှာ အအိပ်ကြူးသူများလည်း ပါကြသည်မို့ ဒီအချိန် ရင်ပြင်ပေါ် ရောက်လာသည်ကပင် ကံကောင်း။ ကျွန်တော် ညိုချောမလေးကို မြင်သာသော နေရာကလေးတွင် ထိုင်ကာ ဘုရားဂုဏ်တော်များကို ရွတ်ဆိုရင်း နာရီကို တစ်ချက်တစ်ချက် ကြည့်နေမိသည်။

ခြောက်နာရီ လေးဆယ့်ငါးမိနစ်။ သူမ ထိုင်နေသည့် အနေအထားကို စ,ပြင်သည်။ ထို့နောက် ရိုသေစွာ ဦးချ၍ အသာအယာ ထသည်။ ကံကောင်းချင်တော့ ကျွန်တော်တို့ရှိရာ ရင်ပြင်ဘက်ခြမ်းတွင် လူရှင်းနေသည်။ ရင်ပြင်မှ အဆင်းလှေကားဘက်ဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း သွားနေစဉ်...

'ဒီက ညီမက ဘယ်မှာနေလဲ'

ကျွန်တော့်အမေးကြောင့် သူမ ရုတ်တရက် လှည့်ကြည့်ပြီး တည်ငြိမ် အေးချမ်းစွာဖြင့်...

'ခြေတော်ရာနားက ရွာကပါ'

'သြော် မနက်တိုင်း တရားထိုင်ဖို့ လာသလား'

'လူတွေ အလာနည်းသေးတဲ့အချိန်ဆို လာဖြစ်ပါတယ်၊ ပုံမှန်တော့ မဟုတ်ပါဘူး'

'ဒါနဲ့ ညီမ စကားပြောတဲ့ လေသံက ရမ်းဗြဲကျွန်းကလူတွေ ပြောတဲ့ အသံမျိုးနော်။ ရမ်းဗြဲ အဆက်အနွယ်တွေနဲ့ တူတယ်'

'ဟုတ်ပါတယ်'

စကားပြောရင်း လှေကားထစ်များကို တစ်ထစ်ချင်း ဆင်းလာကြရာ ခြေတော်ရာသို့အဆင်း လမ်းခွကလေး



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်သည်။ ထိုနေရာမှတစ်ဆင့် တောလမ်းကလေးအတိုင်း ဆင်းရမည်။ ကျွန်တော် ဆက်လိုက်ရန် မသင့်။ သူမကလည်း သိနေပုံ ရပါသည်။

'သွားလိုက်ပါဦးမယ် မောင်မောင်' တဲ့။

* * *

ကျွန်တော် စေတီကုန်းတော်ပေါ်သို့ ပျော်ရွှင်စွာ ပြန်၍ ပြေးတက်သွားမိသည်။ ပြီးနောက် သူငယ်ချင်းများကို သတင်းပို့သည်။

'စကားပြောရတာ ရည်ရည်မွန်မွန်ပဲဗျ။ ရမ်းပြကျွန်းသားတွေ ပြောတဲ့ စကားလေယံ နဲ့ ပြောတယ်။ ခြေတော်ရာနားမှာရှိတဲ့ ရွာကလို့ ပြောတယ်'

ကိုဝင်းမောင်နှင့်အတူ ကိုအောင်စိုးက မျက်မှောင်ကြုတ်ပြီး စဉ်းစားဟန်ပြုလိုက်ကြသည်။

'ခြေတော်ရာနားမှာ ရွာ မရှိပါဘူး။ ဆွိုးတိုင်းရင်းသားတွေ နေတဲ့ တောင်ယာတဲ တစ်လုံး၊ နှစ်လုံးပဲ ရှိတာ။ ခွိုးမလေးများလား'

'သူကတော့ ဒီလိုပဲ ပြောခဲ့တာပဲ'

'ဒါဆို ရွာကို လိုက်လည်ချင်တယ်လို့ ပြောကြည့်ပါလား'

'ကောင်းသားပဲ'

* * *

အထာကို သိကျွမ်းနေပြီမို့ သူမ တရားရှုမှတ်၍ ပြီးဆုံးခါနီးချိန်လောက်တွင် ကျွန်တော် အဆင်သင့်ဖြစ်နေပြီ။ သူမ ထသည်နှင့် သူမအပါးသို့ ကျွန်တော် ရောက်နေပြီ။

'ညီမ တရားထိုင်ရတာ အဆင်ပြေရဲ့လား'

'ပြေပါတယ် မောင်မောင်၊ ဆံတော်ရှင် စေတီတော်မြတ်ရဲ့ အရိပ်အာဝါသဟာ အေးချမ်းလှပါတယ်'



'စကားမစပ် ညီမနာမည်က...'

'**စောနန္ဒီ**ပါ မောင်မောင်'

'ညီမ အစ်ကိုနဲ့ စကားနည်းနည်း ပြောဖို့ အချိန်ရမလား ခဏပါ။ သိချင်တာကလေးတွေ ရှိလို့'

'နည်းနည်းတော့ ရပါတယ်။ အချိန်နောက်ကျပြီးမှ ပြန်ရင် အီးယောင်နဲ့ ဘားဘာ (မိခင်၊ ဖခင်)တို့ စိတ်ပူနေကြမှာ စိုးလို့'

'ခဏလေးပါ။ ဒီစောင်းတန်းဘေးက အုတ်ခုံကလေးမှာ ထိုင်ရအောင်'

'... ...'

'အစ်ကိုက ညီမ တရားထိုင်နေတာကို မြင်ရတာ တည်ငြိမ် အေးချမ်းနေတာမို့ စိတ် အရမ်းချမ်းသာတာပဲ'

'သံသရာဝဋ်ထဲက အမြန်ဆုံး လွတ်မြောက်ချင်လို့ပေါ့ မောင်မောင်ရယ်၊ သံသရာကြောမှာ စုန်ချည်ဆန်ချည် မျောပါပြီး ဘဝမျိုးစုံမှာ ကျင်လည်နေသရွေ့ ဒုက္ခတွေ ပင်လယ်ဝေနေဦးမှာပဲ မဟုတ်လား'

'ဒါတော့ ဒါပေါ့ကွယ်။ တချို့လူတွေကတော့ ကိုယ်နဲ့ စိတ်သဘောထားတိုက်ဆိုင်တဲ့ ဘဝအဖော်မွန်နဲ့သာ နေရမယ်ဆိုရင်တဲ့ သံသရာဝဋ်ဆင်းရဲထဲက မလွတ်ဘဲနေနေ ဖွတ်ဆွဲလို့ တပေပေငယ် သေပါစေခင်ရဲ့၊ နိဗ္ဗာန အမြိုက်ခွင်ကို မလိုက်ချင် ရှန်းကန်လို့ဖဲ့ဆိုတဲ့ လူမျိုးတွေကလဲ ရှိသေးတယ်လေ'

'မောင်မောင်တို့လို လူမျိုးတွေလား ဟင်'

'ဟင်း ဟင်း'

'မောင်မောင် နှစ်တိုင်း လာသလား'

'ဒီနှစ်မှ ခုလို စောပြီး ပွဲမကျခင် လာဖြစ်တာပါ။ အရင်နှစ်တွေတုန်းကတော့ ဘုရားပွဲတော် ကျင်းပချိန်မှ လာလေ့ ရှိတယ်။ ခုတော့ လူတွေရှုပ်ရင် မျက်စိရှုပ်လို့။ ပြီးတော့ ဘုရားကို အာရုံပြုရတာကလဲ...'

'ဒီလိုအချိန် အကောင်းဆုံးပါပဲ။ ကဲ ပြန်တော့မယ်နော်'

'အင်း အခွင့်အခါ သင့်တဲ့အခါ ညီမတို့ရွာကို အစ်ကို လိုက်ပြီး လည်ချင်တယ်။ ခွင့်ပြုမယ်ဆိုရင်ပေါ့လေ'

'သန်ဘက်ခါမနက် ရွာကလူတွေ ဆံတော်ရှင် စေတီတော်မြတ်ကို ဆီမီးပူဇော်ဖို့ လာကြလိမ့်မယ်။ အပြန် လိုက်ခဲ့ပေါ့'

ကျွန်တော် ဝမ်းသာလုံးဆို့သွားခဲ့သည်။ တောလမ်းကလေးအတိုင်း တရွေ့ရွေ့ ဆင်းသွားသော သူမကို မျက်စိအောက်မှ ပျောက်သွားသည်အထိ ကျွန်တော် ရပ်ကြည့်နေမိသည်။ ရင်ထဲမှာ ဘယ်ဆီလွမ်းမိတယ် မသိပါလားကွယ်။

* * *

မည်သူ့မှာမှ နှိုးစက်နာရီ ပါမလာ၍ နံနက်စောစောနိုးရန် ကျွန်တော် ရေနှစ်ခွက် သောက်၍ အိပ်သည်။ ကံဆိုးချင်တော့ နံနက် သုံးနာရီတွင် ချမ်းချမ်းစီးစီးနှင့် ကျွန်တော် အိမ်သာသို့ ထ၍ ပြေးရတော့သည်။

နံနက် ကျွန်တော် နိုးသည်နှင့် လက်ကနာရီ ကြည့်လိုက်တော့ ငါးနာရီနှင့် နှစ်ဆယ့်ငါးမိနစ်တိတိ။ ကပျာ



www.burmeseclassic.com

www.burmeseclassic.com

ကယာ သွားတိုက်၊ မျက်နှာသစ်ကာ တစ်ဦးတည်း စေတီတော် ရင်ပြင်ဆီသို့ အပြေးအလွှား တက်လာမိသည်။

ရှေးခေတ် အဝတ်အစားများ ဝတ်ဆင်လျက် ထောင်ထောင်မောင်းမောင်း အသားညိုမောင်းသော အဆင်းရှိသည့် ကျန်းမာ သန်စွမ်းပုံရသော ယောက်ျား မိန်းမများသည် ဆီမီးခွက်များကို ကိုင်ကာ စေတီတော်အား လှည့်ပတ် ကြည့်ညိုလျက် ရှိကြသည်။

စေတီတော်အတက် ညာဘက်ရှိ စံကားပင်အောက်မှနေ၍ ထောင်ထောင်မောင်းမောင်း လူခုံထွားကြီးများကြားတွင် စောနန္ဒီကို ကျွန်တော် ရှာဖွေနေမိသည်။

ရွယ်တူ အမျိုးသမီးကလေးများ ပါရှိသော်လည်း ထူးခြားနေသော စံပယ်တင်မှဲ့ကလေးကြောင့် ကျွန်တော် အလွယ်တကူပင် ရှာဖွေ တွေ့ရှိပါသည်။

မကြာမီ အကြီးအမှူးဖြစ်ဟန်တူသူက လှေကားထစ်ဆီဘက်သို့ စ၍ ဆင်းသည်။ ကျန်လူများက နောက်မှ တန်းလျက် လိုက်ကြသည်။ စေတီတော်၏ ထီးတော်ဆီမှ ရောင်ခြည်တော်များ လင်းထိန်စွာ ကွန့်မြူးသည်။ ကျွန်တော် လက်အုပ်ချီ၍ ငေးမောနေမိသည်။ စောနန္ဒီ၏နောက်တွင် ခပ်ရွယ်ရွယ် လူကြီးတစ်ယောက်သာ ပါ၍ နောက်ဆုံး ဖြစ်သည်။

သူမ ကျွန်တော့်ကို မြင်ပုံရသည်။ ကျွန်တော့်ဘက်သို့ သမင်မျက်လုံးကလေး တစ်ချက် ဝင့်လိုက်ခြင်းကပင်လျှင် နောက်ကလိုက်ခဲ့ဖို့ ခေါ်သလို ခံစားလိုက်မိသည်။ တန်းစီကာ လှေကားအတိုင်း ဆင်း၍ တောင်ခုလတ်အရောက်တွင် ညာဘက် တောလမ်းသို့ ဆင်းကြသည်။



ဆောင်း၏ နံနက်ခင်းက မှောင်၍ကောင်းတုန်း၊ အေး၍ကောင်းတုန်း။ နှင်းတွေက ပိန်းပိတ်အောင် ကျနေတုန်း။ သို့သော် လူတစ်ယောက်စာ အကျယ်ရှိသော တောင်အဆင်းလမ်းကိုတော့ ရေးရေး မြင်ရသည်။ ဝါးတစ်ပြန်ခန့် အကွာလောက်ဆီမှ ကျွန်တော် လိုက်သွားခဲ့မိသည်။ တစ်စုံတစ်ယောက်မျှ လှည့်ကြည့်ကြသည်ကို မတွေ့မိ။

တောအုပ်အတွင်း မြောက်ဘက်အရပ်ဆီသို့ လျှောက်ကြပြီး နာရီဝက်သာသာခန့်အကြာတွင် အရှေ့ဘက်ဆီသို့ ခရီးဆက်ကြသည်။ ထူးခြားစွာ သတိထားမိသည်က သူတို့ လမ်းလျှောက်သံကို မကြားရခြင်းပင်။

ကျွန်တော် လမ်းလျှောက်စဉ် သစ်ကိုင်းခြောက်များ နင်းမိသံကိုသာ ကြားနေရသည်ဟု ထင်မိသည်။ ရောင်နီသန်းလာ၍ လှမ်းကြည့်လိုက်ရာ သူတို့လက်တွင် ဆီမီးခွက်များကို မတွေ့ရတော့ပေ။ ဆက်၍ လျှောက်လာရင်း ကျွန်တော့်ရှေ့တွင်ပင် လျှောက်နေကြသူများ တဖြည်းဖြည်း မှိန်ကာ ပျောက်ကွယ်သွားကြသည်။

ရှေ့တွင် ရုတ်တရက်ဖြစ်သော အဖြစ်အပျက်ကြောင့် ကျွန်တော် အံ့ဩသွားသည်။ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်၍ ကြည့်လိုက်မိသော်လည်း နှင်းများ ကျနေသဖြင့် သဲကွဲစွာ မမြင်ရ။ တောင်တန်းကလေးပေါ် ရောက်နေမှန်းကိုတော့ မြေပြင်အနေအထားအရ သတိထားမိသည်။

ဆက်၍ လျှောက်လာရင်း နှင်းများ ပျက်ပြယ်စ ပြုလာသည်။ နေမင်းကြီး၏ အလင်းရောင်ကလည်း ထွက်ပေါ်လာပြီကိုး။ တောင်မြောက်ကြည့်ရင်း မြောက်ဘက်တွင် တောင်ကြားလွင်ပြင်ကလေးတစ်ခုတွင် ကျေးရွာကြီးတစ်ရွာကို ထင်ရှားစွာ တွေ့လိုက်ရသည်။

စောနန္ဒီတို့ရွာ ထင်ပါရဲ့ ဟူသော အတွေးက ကျွန်တော် ထိုရွာကလေးဘက်ဆီသို့ သွက်လက်စွာ လျှောက်လှမ်းစေခဲ့သည်။ ရွာမှာ တပ်ထရံ အကာအရံ မရှိ။ ခွေးတစ်ကောင် ကြောင်တစ်မြီး မရှိ၊ လူတစ်ဖက်ခန့် တုတ်ခိုင် ဖြောင့်စင်းသော ပျဉ်းကတိုးတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသော ထရံကာ မိုးမိုး ပုံစံတူ အိမ်ကြီးများကို တွေ့ရသည်။ ရွာလယ်လမ်းအတိုင်း လျှောက်လာရင်း...

'ဟော မောင်မောင် လာပြီ၊ လာပါ အိမ်ပေါ်တက်ပါ'

'ဒါ စောနန္ဒီတို့အိမ်လား'

'ဟုတ်ပါတယ်။ အီးယောဝ် ဘာဘာ (အမေ အဖေ) အာရွှ (ညည့်သည်)လာ တယ်'

လှယမင်း၏ အသံအဆုံးတွင် အဘိုးကြီးနှင့် အဘွားကြီး နှစ်ဦးတို့ ထွက်လာ၏။ ပြုံးပြုံးရွှင်ရွှင် ကျွန်တော့်ရှေ့တွင် ဝင်ထိုင်ကြသည်။

'အဘ ဒီရွာက အိမ်ပုံစံတွေဟာ အားလုံး အတူတူပဲနော်'

'အေးကွယ့်။ မဲကျီမ ဆောက်ပေးခဲ့တာပေါ့'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'မဲကျီမလေကွယ်။ အသားမည်းလွန်းလို့တို့ တစ်ရွာလုံးကတော့ ဒီလိုပဲ ခေါ်ကြတယ်။ လူလေးတို့ ရာဇဝင်ထဲမှာတော့ မိဖုရား စောမဲကျီပေါ့ကွယ်'

'အဘ ပြောနေတာ မြောက်ဦးထီးနန်းကို စိုးစံခဲ့ပြီး ဘင်္ဂလား (၁၂)မြို့ကို အောင်ပွဲခံခဲ့တဲ့ ဘုရင်မင်းဖလောင်းရဲ့ မိဖုရား စောမဲကျီကို ပြောနေတာလား'

'ဒါပေါ့။ အဘရဲ့ တူမအရင်းပဲ။ ရမ်းဗြဲကျွန်း ကန်တိုင်းရွာကပေါ့။ သူ့ရဲ့ ဇာတ်လမ်းတော့ သိပါတယ်နော်'

'ဟုတ်ကဲ့၊ ဘာသာတရား ကိုင်းရှိုင်းပြီး စေတီပုထိုးတွေ အများကြီး ပြုပြင်လှူဒါန်းခဲ့ပါတယ်။ ဘုရားတွေ ပြုပြင်တည်ဆောက်ဖို့ ငယ်ချစ်ဟောင်း ပန်းရန်ဆရာ မောင်ရွှေသီးနဲ့ ရမ်းဗြဲသား ပန်းရန်တွေကို အလုပ် လုပ်စေခဲ့တာကို အခွင့်ကောင်းယူပြီး မနာလိုသူတွေက မဟုတ်မမှန် သွေးထိုးတဲ့ ကြားစကားကြောင့် ဘုရင်ကြီး အမျက်တော်ရှပြီး မောင်ရွှေသီးနဲ့ စောမဲကျီတို့ကို သေဒဏ်ပေးခဲ့ပါတယ်'

'ဟုတ်တယ်ကွယ့်။ သေရခါနီးမှာ ဘယ်လို အဓိဋ္ဌာန်တွေ ပြုခဲ့သလဲ'

'သူဟာ အမှန်တကယ် မဖောက်ပြန်ခဲ့ပါဘူးဆိုရင် သူ့အလောင်းဟာ ချောင်းရေကို ဆန်တက်ပါစေသားလို့ပါ'

'အင်း ဆက်ပြောပါဦး'

'သူ့သတ်သမားတွေ သတ်ထားတဲ့ အလောင်းဟာ ရေဆန်တက်သွားခဲ့ပါတယ်။ အလောင်းရပ်တဲ့ ကမ်းနားမှာ လွမ်းစေတီ တည်ထားတာကို ကန်တိုင်းရွာမှာ ကျွန်တော် ရောက်ခဲ့ဖူးပါတယ်'

'အေး သမိုင်းမှာ မပါတဲ့ နောက် အဓိဋ္ဌာန်တစ်ခုကိုလဲ လုပ်ခဲ့သေးတယ်ကွယ့်။ အဲဒါကတော့ ကန်တိုင်းရွာက



အမျိုးတွေကို ဒီတောင်ကြားလွင်ပြင်မှာ ရွာတည်ပေးပြီး ဆံတော်ရှင်ဘုရားကို စောင့်ရှောက်စေခဲ့တယ်။ နောက် အဓိဋ္ဌာန်တစ်ခု ဆိုတာပေါ့'

'… …'

'ဒီရွာကလေးကို ဘယ်သူမှ လာလို့ မရဘူး။ လာရင်လဲ မြင်မှာ မဟုတ်ဘူး။ စောနန္ဒီက လူကလေး ရွာကို လာလည်ဖို့ ဖိတ်ခေါ်ခဲ့ပြီဆိုလို့သာ'

စောနန္ဒီက ခပ်လှမ်းလှမ်းမှ ကျုံ့ကျုံ့ကလေး ကြွေရုပ်ပိုင်ကာ နားထောင်နေသည်။

'ကဲ လူလေး၊ အချိန်တွေ သိပ်ကြာနေရင် လူလေး သူငယ်ချင်းတွေ စိတ်ပူနေလိမ့်မယ်'

'… …'

ကျွန်တော် စောနန္ဒီကို လှမ်းကြည့်လိုက်သည်။ သူမ ထိုင်နေရာမှ ထကာ ဘုရားစင်ရှိရာသို့ သွားသည်။ ဘုရားစင်တွင် **မဟာမုနိ ရုပ်ပွားတော်အား ဆလိုက်မီး ထိုးထားသည့်နှယ် ဝင်းထိန်စွာ ဖူးတွေ့ရသည်။** ဘုရားစင်မှ အုတ်ခွက်ဘုရားကလေးအား ယူကာ ကျွန်တော့်ကို လက်နှစ်ဖက်နှင့် ရိုသေစွာ လှမ်းပေးသည်။

'အဲဒီ အုတ်ခွက်မှာ ပုံဖော်ထိုးတဲ့ နှစ်ကျိပ် ရှစ်ဆူပုံတော်ဟာ မဲကျီမ ဆံတော်ရှင်ဘုရားမှာ ဌာပနာဖို့ ဘဘရွာသားတွေ လုပ်ခဲ့ကြတာ။ အမှတ်တရ ဘဘ သိမ်းထားတာ လူလေးအတွက် စောနန္ဒီရဲ့ အမှတ်တရပေါ့ကွယ်'

စောနန္ဒီ အိပ်ခန်းထဲသို့ ဝင်သွားပါသည်။ အဘကလည်း စကား မဆက်တော့။ ကျွန်တော် ပြန်ချိန်တန်ပြီဖြစ်ကြောင်း သတိထားလိုက်မိသည်။ ရင်နင့်စွာပင် အဘကို ပြုံးပြကာ ရွာပြင်သို့ တစ်လှမ်းချင်း ထွက်လာပြီး တောင်ကုန်းကလေးပေါ် တက်လာခဲ့သည်။ နောက်ဆုံးအကြိမ်အနေဖြင့် ရွာကလေးကို လှည့်ကြည့်လိုက်တော့…။

* * *

'ရှာလိုက်ရတာကွာ။ ပေါက်တော စခန်းမှူးနဲ့အဖွဲ့ မင်းကို တောနင်းရှာနေတာ သုံးရက်ရှိပြီ'

'ဘာပြောတယ်'

'ဟိုကောင်မလေးကို မရလို့ ပင်လယ်ထဲပဲ ခုန်ချ သေသွားပြီလားလို့'

ကျွန်တော် ဘာမှ စကားမပြန်မိပါ။ အုတ်ခွက်ဘုရား ပုံတော်ကလေးကို ဂျာကင်အင်္ကျီ အတွင်းအိတ်အတွင်း ထည့်ကာ လက်ပိုက်ရင်း သူတို့ ပြောစကားများကိုသာ နားထောင်နေမိသည်။ ထိုနှစ်သည် ဆံတော်ရှင်ဘုရားပွဲသို့ ကျွန်တော် နောက်ဆုံး ရောက်ခဲ့သည့်နှစ် ဖြစ်ပါတော့သည်။

ခု ဆံတော်ရှင်ခရီးသွား ဆောင်းပါးကိုယ်တွေ့ ဖြစ်ရပ်ဆန်းများကို ဖတ်ရတော့ ကျွန်တော့် ရင်ခုန်သံများ မြန်လာခဲ့သည်။ အုတ်ခွက်ဘုရားကလေးအား အရိုအသေပြုရင်း သံသရာတစ်ကွေ့ဝယ် ပြန်လည် ဆုံစည်းခွင့်ရမည်ဆိုပါက စောနန္ဒီနှင့်သာ ဟု…။

**ခင်မောင်ဝင်း (စစ်တွေ)**

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပိုင်းဒေသ အမာကျေးရွာတွင် ဖျာပုံမြို့နယ်မှ တန်ခိုးကြီးစေတီတော်ကြီး လိပ်ဥကုန်း ကျိုက္ကမျှမ်စေတီတော်ပြန်လည် တည်ထားကိုးကွယ်ခြင်း မပြုမီ ဘုရားရှင်၏ ဓာတ်တော်၊ ရဟန္တာရှင်မြတ်များ၏ဓာတ်တော်များနှင့် လိပ်ဥကုန်းစေတီတော်အတွင်း ပူဇော်မည့် ရုပ်ပွားတော်များအား ဖျာပုံခရိုင်လေးမြို့နယ် ဖြစ်သည့် ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး၊ ဖျာပုံ အစရှိသော မြို့ပေါ်များနှင့် ကျေးရွာများတွင်လည်းကောင်း လှည့်လည် အပူဇော်ခံလျက် ရှိသည်။

ယခင် ဘိုကလေးမြို့နယ်ပိုင် ပင်လယ်ဝရွာကလေးဖြစ်သော အမာကျေးရွာသို့ လိပ်ဥကုန်းစေတီတော်မြတ်တွင် ထည့်သွင်း ပူဇော်မည့် ဓာတ်တော်မွေတော်များ အပူဇော်ခံရန် ရောက်ရှိလာခဲ့သည်။

ကျော်ထိန်လင်း
(အမာမြို့)

ဗရုလောကသားဘဝမှ

# ဘုရားပူးလာသူ

အမာကျေးရွာသည်လည်း သမိုင်းဝင် မွန်မြို့ဟောင်းဖြစ်သော ပျဉ်ဒရယ်မြို့နှင့် တိစပ်လျက်ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။ ပျဉ်ဒရယ်ဟူသော အဓိပ္ပာယ်မှာ ပင်လယ်ကမ်းခြေမှာ တည်သောမြို့ဟု အဓိပ္ပာယ်ရသည်။

ယခင်က ကြက်ပျံမကျ စည်ကားခဲ့သော ပျဉ်ဒရယ်မြို့သည် ယခုအခါ ပင်လယ်ရေအောက်သို့ ရောက်ရှိသွားခဲ့လေပြီ။ ပင်လယ်ဒီရေကျချိန်တွင် အုတ်လမ်းများ၊ ရေတွင်းပျက်များ၊ အိုးကွဲများ တွေ့ရှိရလေသည်။

အမာဆိုသည်မှာ အုတ်ကြီးတည်သောရွာ၊ ကဒုံကုန်းအငူပေါ်

www.burmeseclassic.com

ပြောင်းရွေ့ တည်သောရွာ၊ ရေရွာ၊ တပ်ကြပ်ကြီးတည်သောရွာဟု မွန်စကားအရ သိရှိရသည်။

အမာကျေးရွာသို့ လိပ်ဥကုန်းစေတီတော်မြတ်ကြီးတွင် ထည့်သွင်း ပူဇော်ရန် ဓာတ်တော်မွေတော်များအား စည်ကား သိုက်မြိုက်စွာ ပူဇော်ရန် ကျိုက်လတ်မြို့မှ (ပန်းတနော်)အောင်စိုးမိုး မင်္ဂလာဆိုင်းအဖွဲ့နှင့် ပူဇော် ဖျော်ဖြေသည်။

ဓာတ်တော်များ ပူဇော်ပွဲတွင် ဈေးရောင်းရန် ဒေါ်ဦးတစ်ယောက် ကဒုံကနီကျေးရွာသို့ ဈေးဝယ်လာခဲ့သည်။ ကဒုံကနီကျေးရွာသည် ရန်ကုန်နှင့် အဆက်အသွယ်ရှိသဖြင့် လတ်ဆတ်သော သစ်သီးဝလံများ ရရှိလေသည်။ ဒေါ်ဦးတစ်ယောက် ဈေးဝယ်ပြီး ကဒုံကနီရွာမှ လက်ခတ် အောက်တူနှင့် အဖော်တူမလေးတစ်ယောက် ခေါ်ကာ လှေခတ်သမားနှင့် သုံးဦးသား အမာရွာဘက်ကမ်းသို့ ပြန်လာခဲ့လေသည်။

ကဒုံကနီကျေးရွာ ချောင်းဝမှအထွက် ရာသီဥတု သာယာလျက် ရှိလေသည်။ လှေထွက်ပြီး နာရီဝက်ခန့်အကြာ မိုးသားများ တရိပ်ရိပ် တက်လာခဲ့လေသည်။ လှေခတ်သမား ဖိုးကျော် မိုးသက်လေ မိမှာစိုးသဖြင့် လှေကို ခပ်သွက်သွက် လှော်ခတ်ပြီး အမာရွာဘက်ကမ်းသို့ အမြန်ရောက်ရန် စိတ်စောနေမိလေသည်။

အမာချောင်းဝ ရောက်ခါနီးအချိန်တွင် ပြင်းထန်သော မိုးသက်လေပြင်းကြီးတစ်ခု တိုက်ခိုက်လိုက်သဖြင့် လှိုင်းလုံးကြီးများ ပင်လယ်ဘက်မှ တက်လာပြီး ဖိုးကျော်တို့ လှေကလေးအား ဝါးမြိုသွားခဲ့သည်။

ဒေါ်ဦးနှင့် တူမဖြစ်သူမှာ ရေမကူးတတ်သဖြင့် ရေအောက်သို့ နစ်မြုပ်သွားခဲ့လေသည်။ လှေသမား ဖိုးကျော်



မှာ လှေကို ကိုင်ထားပြီး ဒီလှိုင်းကြီးများ ခေါ်ဆောင်ရာ ကမ်းစပ်ဆီသို့ ရောက်သွားခဲ့လေသည်။

ထိုအချိန်တွင် အမာကျေးရွာတွင်း ဘုရားရှင်၏ ဓာတ်တော်များ၊ ရဟန္တာရှင်မြတ်ကြီးများ၏ ဓာတ်တော်များ လှည့်လည် အပူဇော်ခံနေသည့်အချိန်နှင့် ကိုက်ညီနေလေသည်။

အမာရွာ (၂)ရပ်ကွက် အမေကြီးဒေါ်ကြွယ်အိမ်နားအရောက်တွင် ဒေါ်ဦးအား ရေစိုအဝတ်အစားများနှင့် ဓာတ်တော်များအား လက်အုပ်ချီ ဖူးမြော်နေသည်ကို ဓာတ်တော် ပင့်ဆောင်လာသူများ တွေ့ရလေသည်။

အမေကြီးဒေါ်ကြွယ်မှ...

'ဟဲ့...မိဦး ရေစိုကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲ'

ဟု လှမ်းမေးရာ ဒေါ်ဦးမှ ဘာမှ ပြန်မဖြေဘဲ လူအုပ်ထဲသို့ တိုးဝင်သွားခဲ့လေသည်။

ဓာတ်တော်များ ရွာတစ်ပတ် လှည့်လည်ပူဇော်ခံပြီး ယာယီ ပူဇော်ခံမဏ္ဍပ်အတွင်းသို့ ပြန်လည် ပို့ဆောင်ပြီး ကျေးရွာတွင်း လူများ တီးတိုးပြောသံများ တစ်ဆင့်စကား တစ်ဆင့်နား ကြားရသည်။

'ဒေါ်ဦးနဲ့ သူ့တူမလေးတစ်ယောက် အမာချောင်းဝမှာ ရေနစ်သေလို့'

'မဖြစ်နိုင်တာ စောစောက အမေကြီးဒေါ်ကြွယ်တို့အိမ်ရှေ့မှာ ဓာတ်တော် ဖူးနေတာ တွေ့လိုက်သေးတယ်'

ဟု ဓာတ်တော် ပင့်ဆောင်လာသူတစ်ဦးနှင့် ရွာသားများ အချီအချ ငြင်းခုံနေလေသည်။

ထို့နောက် ရွာသားများ စုပေါင်းပြီး မော်တော်ငှားကာ အမာချောင်းဝဆီသို့ အလောင်းရှာ ထွက်ခဲ့လေသည်။

အမာချောင်းဝ အောက်နှုတ်ခမ်း သောင်ပေါ်တွင် ဒေါ်ဦးအလောင်းနှင့် မနီးမဝေးတွင် ဒေါ်ဦးတူမလေးတို့၏ အလောင်းနှင့် ယင်းတို့ ဝယ်လာသော သစ်သီးများမှာလည်း သောင်ပေါ်တွင် ပြန့်ကျဲနေလေသည်။

ဒေါ်ဦးတစ်ယောက် ဓာတ်တော်ပွဲကို အားခဲကာ ဈေးရောင်းပြီး ရလာသည့် အမြတ်ငွေအား လှူမည်ဟု စိတ်ကူးထားသော်လည်း ပရလောကသားဘဝနှင့် ဓာတ်တော်မွေတော်များအား လာရောက် ဖူးမြော်ခြင်းဖြစ်သည်ဟု ဆရာသမားများနှင့် လူကြီးသူမများ ပြောကြားသည်ကို ပြန်လည် တင်ပြလိုက်ပါသည်။

**ဝန်ခံချက်**

**[လွန်ခဲ့သော နှစ်(၂၀)ခန့်က ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ဖြစ်ပါသည်။ အမည်များ ပြောင်းလဲ ဖော်ပြခြင်း ဖြစ်ပါသည်။]**

***သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအား ဦးညွှတ်လျက်...***

**ကျော်ထိန်လင်း(အမာမြို့)**

www.burmeseclassic.com

www.burmeseclassic.com



တင်မြင့်ဦး (ချောင်းခေါင်း)
မြစ်ကြီးနား သစ်ထုတ်ရေး

u|k;/Kd

# ယခုဘဝ

Rpkyrif;(20) tawGUtBu;

တစ်လျှောက်တွင် ရေနံတူးလုပ်သား များ သီချင်းတကြော်ကြော်နှင့် တစ်နေ့တာလုပ်ငန်းကို ပျော်ရွှင်စွာ ဖြတ်သန်းလုပ်ကိုင်နေကြ၏။

စာရေးသူ၏ ရေနံတွင်းတွင် ကျင်းဆရာတစ်ဦးနှင့် နေ့စားလုပ်သား(၅) ဦးဖြင့် တူးဖော်နေကြရာ တစ်နေ့... စကားဝိုင်းဖွဲ့ကြစဉ် ရွှေမိုးက အငြိုးနှင့် ရွာချလာသဖြင့် အလုပ်စောစောသိမ်းကာ စခန်းချရာ တဲများဆီသို့ အပြေးအလွှား ပြန်လာခဲ့ကြလေတော့သည်။

စာရေးသူသည် ယခုလက်ရှိ မြန်မာ့သစ်လုပ်ငန်းသို့ ဝင်ရောက်တာဝန်မထမ်းဆောင်ရသေးမီ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်အတွင်းရှိ ပြည်လုံးချမ်းသာ ရေနံမှော်တွင် တစ်နိုင်တစ်ပိုင် ရေနံတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ရေနံတူးဖော်ခြင်း ဖက်စပ်လုပ်ကိုင်သူတစ်ဦးဖြစ်သည့် ကိုစိုးမြင့်နှင့် တွေ့ဆုံရင်းနှီးပြီး ဤဇာတ်လမ်းကို သိခွင့်ရခဲ့ပါသည်။

ကိုစိုးမြင့်ကို ရင်းနှီးသူအများက ကိုဖာလောဟု ခေါ်တွင်ကြပါသည်။ အကြောင်းမှာ ကိုစိုးမြင့်သည် ယခင်ဘဝက ယခုလက်ရှိ သဖန်းဆိပ်ရေလျှောင်တမံကြီး၏ အနောက်ဘက်တွင် ကပ်လျက်တည်ရှိသော ဖာလောဟူသော ကျေးရွာ၌ ဦးဖိုးထူးဟူသောအမည်နှင့် မိသားစုနှင့်အတူ နှစ်ပေါင်းများစွာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေး၍ နေထိုင်ခဲ့ဖူးသောကြောင့် ဖြစ်သည်။

ယခုဘဝကား လူဝင်စားဟု ခေါ်ရပေမည်။ ထို့ကြောင့် ဤဘဝတွင် စိုးမြင့်ဟူသော အမည်ရင်းမှာ ပျောက်၍ ဖာလောဟူသောအမည်ကို ရောက်ရပေတော့၏။

ထိုနေ့က ပြည်လုံးချမ်းသာ ရေနံမြေတစ်ခုလုံး မိုးတိမ်များ မည်းမှောင်နေအောင် ဖုံးလွှမ်းပြီး အေးစိမ့်စိုစွတ်နေလေသည်။ ရေနံထွက်ရာ တောင်ကြော

စာရေးသူ စခန်းချရာ တဲအတွင်းသို့ မိုးကာစကို မ,၍ ငုံ့ဝင်လိုက်သောအခါ ကိုစိုးမြင့်သည် ဆေးပြင်းလိပ်ကို လက်ကြားညှပ်၍ မိုးရွာနေသော တောင်ပြာတန်းကြီးကို ငေးကြည့်ကာ ပါးစပ်မှလည်း ပွစိ...ပွစိ လေသံတိုးတိုးဖြင့် သူတစ်ဦးတည်း စကားပြောနေသည်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်...

'ဗျို့... ကိုစိုးမြင့်တစ်ယောက်တည်း ဘာတွေပြောနေတာလဲ။ အိမ်က ကျန်ခဲ့တဲ့အစ်မကို လွမ်းနေပြီလား'

ဟု နှုတ်ဆက်မေးမြန်းလိုက်ရာ အတွေးလက်စ ပြတ်သွားသော ကိုစိုးမြင့်သည် မီးသေနေသော ဆေးလိပ်ကို ဝါးထရုံကြားညှပ်၍...

'မဟုတ်ပါဘူး ဝါ့ညီရာ... ငါ အရင်ဘဝကို သတိရမိသွားလို့ပါ'

ဟု ပြန်ပြောလေရာ စာရေးသူလည်း စိတ်ဝင်စားပြီး လည်ရှည်ဖွစ်ဖိနပ်ကို အမြန်ချွတ်၍ ကိုစိုးမြင့်အနီးသို့ ဝင်ထိုင်ကာ...

'ဟ... ကိုစိုးမြင့် ကျွန်တော် နားရှင်းအောင် အကြောင်းစုံလင်းစမ်းပါဦးဗျ။ တကယ်ပြောနေတာလား'

ဟု စကားစ,ပေးလိုက်သည်။

'ဟုတ်တယ် ဝါ့ညီ... အစ်ကိုက အရင်ဘဝက ဒီကနေ သိပ်မဝေးတဲ့ သဖန်းဆိပ်ဆည်နားက ဖာလောဆိုတဲ့ ရွာမှာ ဦးဖိုးထူးဆိုတဲ့အမည်နဲ့ လူ့ဘဝမှာ နေခဲ့ရဖူးတယ်။ အခု အဲဒီရွာမှာ အစ်ကိုရဲ့ အရင်ဘဝက သားသမီးတွေ အခုထိ ကျန်တဲ့လူတွေ ရှိသေးတယ်။ အငယ်ဆုံးလူတောင် အခုဆို အသက် (၅၀) ကျော်ရှော့ပေါ့'

'ဒါဆို သူတို့နဲ့ ဒီဘဝမှာ ဘယ်အချိန်ကစပြီး ပြန်တွေ့ကြတာလဲ ကိုစိုးမြင့်'

'အစ်ကို (၇)နှစ်သားလောက်က ဖြစ်မယ်ဟုတ်တယ်။ အစ်ကို ဒီဘဝမှာက သဖန်းဆိပ်ဆည်ရဲ့ အရှေ့ဘက်မှာရှိတဲ့ စံပြဆိုတဲ့ရွာမှာ လူလာဖြစ်တာပေါ့ကွာ။ ငယ်ငယ်ကတည်းက စကားပြောတတ်စ အရွယ်မှာကတည်းက အစ်ကိုက အတိတ်ဘဝကို မှတ်မိလို့ အခုလို တဖွဖွပြောလို့ ဖာလောက ကျန်ခဲ့တဲ့သားသမီးတွေက လာခေါ်ပြီး



ဖာလောရွာထိပ်မှာ အစ်ကို့ကို သူတို့ ပခုံးပေါ်ကချပြီး အရင်ဘဝက အိမ်ကို မှတ်မိရင် ရှေ့ကသွားဆိုတာနဲ့ အစ်ကို လဲ သွားပြလိုက်တာ ကွက်တိပဲ။

အိမ်ရှေ့ရောက်တော့ မဝင်သေးဘူး။ တစ်ယောက်က ပြောသေးတယ်။ "ကောင်လေး... မင်း အိမ်မှားနေတယ် နော်" တဲ့။ မရဘူး... အစ်ကိုက အိမ်ထဲ ဝင်ချသွားတာပဲ၊ ကောင်းကောင်း မှတ်မိတာပေါ့ကွာ။

'ဒါဆို သူတို့ ယုံကြည်လက်ခံသွားရောလား'

'အေး...ချက်ချင်းတော့ မဟုတ်သေးဘူးကွ။ သူတို့ သိချင်တာတွေ တောင်မေး,မြောက်မေး အကုန်လျှောက်မေးပြီး သူတို့ကိုယ်တိုင် မမှတ်မိ၊ မသိတဲ့အကြောင်းအရာပါ အစ်ကိုက ပြန်ပြောတော့မှ သူတို့ ကောင်းကောင်း လက်ခံသွားကြတာ ဝါ့ညီရ'

ဟု ဆိုကာ စကားခဏနား၍ ရေနွေးတစ်ခွက် ငုံ့သောက်ပြီး ဆေးလိပ် မီးညှိ၍ အားပါးတရ ဖွာနေလိုက်သေး၏။

'ဒါဖြင့် ကိုစိုးမြင့်က ဖာလောရွာကို သတိရနေတာပေါ့'

ဟု ဆိုလိုက်ရာ...

'အေး...ဟုတ်တယ်။ အစ်ကိုက အဲဒီဘဝတုန်းက အသက်(၈၀)လောက်မှာ ဆုံးပြီးတော့ ရွာရဲ့အနောက်ဘက်မှာရှိတဲ့ ညောင်ပင်ကြီးပေါ်မှာ နှစ်ပေါင်း (၂၀)လောက် တစ္ဆေဘဝအဖြစ်နဲ့ နေခဲ့ရတာတွေကို သတိရနေတယ်ဆိုရင် ပိုမှန်လိမ့်မယ်'

ဟု ပြန်ပြောလေရာ စာရေးသူမှာ ခေါင်းနားပန်းများကြီးသွားပြီး ရှေ့အနည်းငယ်တိုး၍ စိတ်ဝင်တစား နားထောင်နေမိတော့၏။ ကိုစိုးမြင့်မှ ဆက်လက်၍...

'အဲဒီညောင်ပင်ကြီးပေါ်မှာ တစ္ဆေတွေ၊ သရဲကြီးတွေ ပြည့်နေတာပဲကွ။ သရဲကြီးတွေက အမွေးအမှင်တွေနဲ့ တစ္ဆေထက်ပိုပြီး အကောင်ကြီးမားကြတယ်။ သူတို့က ညောင်ပင်ကြီးရဲ့ အမြင့်ဆုံးအကိုင်းကြီးတွေမှာ နေကြတယ်။ အစ်ကိုတို့က တစ်ဆင့်နိမ့်တဲ့ တစ္ဆေဘဝနဲ့ သေးငယ်တဲ့ သစ်ကိုင်းလေးတွေမှာ နေရတယ်'

'အဲဒီညောင်ပင်ပေါ်မှာ အမွေးအမှင်အရှည်ဆုံး သရဲကြီးတွေဟာ သက်တမ်းအကြာဆုံး နေကြရတဲ့ သရဲကြီးတွေပေါ့'

စာရေးသူမှ...

'ဒါဆို သရဲ,တစ္ဆေတွေက ဘာတွေ စားသောက်ကြတာလဲ'

ဟု မေးရာ...

ရွာနီးချုပ်စပ်က စွန့်ပစ်ထားတဲ့ အစားအစာ အကြွင်းအကျန်၊ ထမင်းသိုး၊ ဟင်းသိုးနဲ့ လူတွေရဲ့ ချွဲတွေ၊ နှပ်တွေပေါ့ကွာ။ "တစ်ခါတလေ ရွာထဲက ကလေးသူငယ်တွေကို ငိုအောင် တို့ ထားလိုက်တဲ့အခါမျိုးမှာ ကလေးရဲ့ မိဘတွေက ဟင်းထမင်းတွေနဲ့ ခေါ်စာကျွေးရင်တော့ ကောင်းကောင်းစားရတာပေါ့'

'အဲဒီလို ကလေးငယ်တွေကို ... နောက်ပြီးရင် ညောင်ပင်ပေါ်က ...ကြီးဆုံးသရဲကြီးကို ရွာထဲ... အစား



www.burmeseclassic.com

www.burmeseclassic.com

အသောက်တွေ သွားယူဖို့ ခွင့်တောင်းရသေးတယ်။ ရွာထဲကို ဝင်ပြီဆိုရင် အတီးအမှုတ်တွေနဲ့ ဝင်ရတာ ပျော်ဖို့ တောင်ကောင်းသေးတယ်'

ညနေစောင်း မှောင်ရီပျိုးတဲ့အချိန်မှာ ရွာထဲက ခွေးတွေအူရင် ငါတို့ဝင်ပြီပဲ။ သူတို့ခွေးတွေက တခွေ့သရဲကို မြင်ရတယ်ကွ။ လူတွေ ဘုန်းတန်ခိုးကြီးပုံများတော့ သူတို့စားတဲ့ထမင်းလုံး တစ်လုံးဆိုရင် ငါတို့က ပေါက်ဆိန်နဲ့ပေါက်ပြီး ကျောကုန်းနဲ့ ထမ်းသယ်ရလောက်တဲ့အထိပဲ။ ညောင်ပင်ရောက်မှ သရဲကြီးတွေကို ဝေစုပေးပြီးမှ စားရတယ်မောင်ရေ...။

နေ့ဘက်မှာ လျှောက်သွားရင်းနဲ့ အခုလို မိုးရွာတာနဲ့ကြုံရင် ပုန်းခိုစရာ အရိပ်ကို အပြေးအလွှားရှာရတာ မှတ်မိသေးတယ်။ အများကြီးတော့ မလိုဘူးဟေ့...။ ဆီးဖြူသီးရွက် သေးသေးလေးတောင် မိုးလုံတယ်ကွ။ သွားလေရာမှာ ရိက္ခာထုပ်ကလေးကတော့ ကျောကုန်းမှာ အမြဲပါပြီးသားပဲ။

တချို့တခွေ့သရဲတွေက ညောင်ရွက်တက်ခူးကြတဲ့ ရွာသားတွေထဲက လူ့ဘဝတုန်းက မတည့်တဲ့လူတွေပါရင် အပင်ပေါ်က တွန်းချတတ်တယ်။

အဲဒီ အကုသိုလ်က ဆက်ပြီးတော့ ဆင်းရဲပင်ပန်းကြီးစွာနဲ့ မကျွတ်နိုင်တော့ဘဲ သက်တမ်းရှည်တဲ့ သရဲကြီးတွေ ဖြစ်သွားကြတာ ရှိတယ်ကွ။ အစ်ကိုကျတော့ အမြဲတမ်း မဟုတ်ပေမယ့် တစ်နှစ်တစ်ခါ လူဖြစ်ချင်တဲ့စိတ်ကလေးတွေ ပေါ်လာတတ်တယ်။

အဲဒီလို လူပြန်ဖြစ်ချင်တဲ့ စိတ်ကလေး ပေါ်လာတုန်းမှာပဲ ဒီဘဝမှာ အမေဖြစ်မယ့် အစ်ကို့အမေက ဖာလောရွာက အလှူတစ်ခုကနေ သူ့ရွာကိုအပြန် နောက်ကနေ ကပ်ပြီး လိုက်ခဲ့တာ လမ်းမှာ ရွာတစ်ရွာက အသိအိမ်မှာ မိုးချုပ်လို့ ဝင်အိပ်တော့ အမေက အိမ်အဝင်မှာ တံတွေးထွေးခဲ့တာမို့ လူ တံတွေးက ဘုန်းကြီးတော့ ပင်လယ်ကြီးလို ခြားသွားလို့ အိမ်ထဲကို ဝင်မရဘူး ဖြစ်သွားတယ်။

အိမ်စောင့်နတ်က အဝင်မခံဘူး ကြိမ်လုံးနဲ့ စောင့်နေတာ။ အရေးထဲ အိမ်ရှင်ရဲ့ခွေးက ဟောင်နေလို့ ကြောက်ပြီး၊ ဝါးလုံးခေါင်းထဲဝင်ပြီး တစ်ညလုံး စောင့်နေရတာ ငါ့ညီရ... အမေကို မျက်ခြည်ပြတ်သွားမှာ စိုးလို့လေ။

မိုးလင်းလို့ အမေတို့ ခရီးဆက်မှ လိုက်ခဲ့တာ နေ့လယ်လောက်တော့ အိမ်ရောက်ရော။ အမေက အထုပ်အပိုးချပြီး ရေသောက်ဖို့ ရေအိုးစင်ကို အလာမှာ အစ်ကိုက ရေအိုးနှုတ်ခမ်းပေါ် အပြေးတက်ပြီး အမှိုက်သေးသေးလေး ယောင်ဆောင်ပြီး သောက်ရေခွက်ထဲ ခုန်ချလိုက်ရော၊ အမေလဲ ရေမော့သောက်လိုက်ပြီး၊ အစ်ကိုလဲ မှောင်မိုက်သွားတာပဲ ဘာမှ မသိလိုက်တော့ဘူး။ အခုမှ ဒီဘဝမှာ လူပြန်ဖြစ်ခဲ့ရတာပေါ့ ငါ့ညီရာ'

ဟု သူ၏ တစ္ဆေဘဝမှ အတွေ့အကြုံများကို ခံတွင်းတွေ့စွာ မနားတမ်း ပြောပြပြီးလျှင် မိုးကာတဲအတွင်းမှ ထွက်ခွာ၍ မိုးရွာနေသော လမ်းမပေါ်သို့ တရွေ့ရွေ့နှင့် ထွက်ခွာသွားလေတော့၏။

***သဗ္ဗဒါမှန်သမျှ သံသရာဝဲဩဃမှ ထွက်မြောက်နိုင်ကြပါစေကုန်သတည်း။***

---

**တင်အောင်မိုး *(ချောင်းခေါင်း)***
**မြစ်ကြီးနား သစ်ထုတ်ရေး**

---


**စာရှုသူ၊ သုတေသီနှင့်**
**စာရေးသူ**
**ဆောင်းပါးရှင်များသို့...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*
**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ပါရမီမဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။**




www.burmeseclassic.com

www.burmeseclassic.com

# အိမ်ခါးပတ်

\ aeiuqpuhkfria;



သင်နန်းဝေ့း
(ရှမ်းမြောက်)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ အမှတ်(၃၁၇)၊ စာမျက်နှာ (၁၀၂)တွင် "**အိမ်ခါးပတ် အကောင်းအဆိုး၊ အကျိုးအကြောင်း သိသမျှ တင်ပြပါရစေ**" ဆောင်းပါး ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ နောက်ထပ် လေ့လာရသမျှသော အိမ်ခါးပတ်အကြောင်းကို ရေးသား တင်ပြအပ်ပါသည်။

ရွှေပြည်သာရပ်ကွက်တွင် နေထိုင်သော ဦးစိုင်းမိသားစုအကြောင်းမှာ ဦးစိုင်းသည် ကားအငှား ဒရိုင်ဘာတစ်ဦး ဖြစ်ပါသည်။ မိဘအမွေဖြစ်သော ပျဉ်ထောင်ကာ နှစ်ထပ်အိမ်ပိုင်တစ်ဦး ဖြစ်ပါသည်။ မိသားစုမှာ (၃)ဦး ဖြစ်ပါသည်။

ဦးစိုင်းမှာ ချထီဝါသနာပါသောသူတစ်ယောက်ဖြစ်၍ လစဉ်မပျက် ထိုးသူဖြစ်ပါသည်။ တစ်နေ့မှာ ချထီပေါက်သဖြင့် အိမ်အောက်ထပ်ကို နိုင်ခဲ့လုပစေရန် အောက်ခံအုတ်တိုက်ဖြင့် အပေါ်က နဂိုပျဉ်ထောင်ကာ (အိမ်ခါးပတ်) အဖြစ်နှင့် စတင် ဆောက်လုပ်ခဲ့ပါသည်။

အိမ်ခါးပတ်အဖြစ် ပြီးစီးပြီးနောက် မကြာမီကာလအတွင်းမှာပင် အလုပ်ပင်ပန်းမှုကို အကြောင်းပြု၍ အရက်ကို နေ့ည သောက်စားမူးယစ်ကာ အမျိုးမျိုး အကြောင်းပြ ရန်ရှာနေမှုကြောင့် လင်မယားမှာလည်း မတည့်အတူနေသကဲ့သို့ အစေးမကပ်ကြဘဲ၊ တစ်အိမ်တည်းမှာပင် အတူမနေကြဘဲ အခန်းခွဲကာ နေထိုင်ကြပါသည်။

သမီးဖြစ်သူမှာလည်း မိဘများ အဆင်မပြေမှုများကြောင့် ထွက်ပေါက်အဖြစ် ယောကျ်ားနောက်လိုက်ကာ တစ်နယ်တစ်ကျေးသို့ ထွက်ပြေး တိမ်းရှောင်နေရပါသည်။ မိသားစုမှာလည်း စိတ်ဝမ်းကွဲကာဖြင့် နေထိုင်ကြရပါသည်။

နောက်တစ်အိမ်မှာလည်း "အိမ်ခါးပတ်"အဖြစ်နှင့် တွေ့မြင်ရသော မိသားစုအကြောင်းကို သိသမျှ လေ့လာ၍ တင်ပြအပ်ပါသည်။

အိမ်ထောင်ဦးစီး ဖခင်ကြီးမှာ ဝပ်ရှော့ဆရာကြီး ဖြစ်ပါသည်။ အသက်မှာ (၅၀)ဝန်းကျင်ရှိပါသည်။ သွေးချို၊ ဆီးချိုရောဂါဖြင့် အလုပ်မှ အနားယူကာ သားဖြစ်သူ ကိုအောင်လှက ဖခင်၏လုပ်ငန်းကို ဆက်လက် ဦးဆောင်ရပါသည်။

ကိုအောင်လှမှာ ဝပ်ရှော့ (ကားပြင်လုပ်ငန်း) ကျွမ်းကျင်သော်လည်း အရက်၊ ဆေးလိပ်၊ ဖဲကစားခြင်း အလွန်ဝါသနာကြီးသဖြင့် မိမိလုပ်ငန်းအပေါ်တွင် ဂရုစိုက်မှု နည်းပါးသောကြောင့် မိတ်ပျက်မှုများ ရှိပါသည်။

ကိုအောင်လှ၏ သားဖြစ်သူမှာလည်း ဉာဏ်ရည်နည်းပါး၍ ထင်ရာလုပ်တတ်သူ ဖြစ်ပါသည်။ ကိုအောင်လှမှာလည်း တစ်ခါတစ်ရံတွင် ဆေးကြောင်ကာ အော်ဟစ်ရမ်းကားခြင်းဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေပါသည်။

ထိုသို့သော အကြောင်းများက "အိမ်ခါးပတ်"တွင် နေထိုင်သောကြောင့် ဖြစ်ရသည်ကို လေ့လာ သိရှိရပါသည်။

တတိယ "အိမ်ခါးပတ်"မှာ ဒေါ်အေးမိသားစုအိမ် ဖြစ်ပါသည်။ ဒေါ်အေးမှာ အိမ်ထောင်ဦးစီး မရှိတော့သည့်နောက်ပိုင်းတွင် သားနှစ်ယောက်နှင့် နံပါတ်ဖိုး(ခေါ်)ဘိန်း အရောင်းအဝယ်ပြုလုပ်ရာတွင် ဒေါ်အေးနှင့်

စာမျက်နှာ (၂၉၆) သို့



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရ ရထားကြီး

ချိုးတင့်
(ညောင်လေးပင်)



'ဂျိန်း... ဂလိန်း... လိန်း... ဒိန်း...'

ပေါက်ကွဲမြည်ဟည်းသံကြီး ချောက်ချားထိတ်လန့်ဖွယ် ဆူညံပွက်ထသောကဗျာပါဒနှင့် အော်ဟစ်သံများသည် မီးတောက်မီးလျှံနှင့် မီးခိုးလုံးကြီးများကြားက ပေါ်ထွက်နေသည်။

မန္တလေးမြို့မှ ရန်ကုန်မြို့သို့သွားရာ မထင်မရှား ကျေးလက်မီးရထားဘူတာရုံကလေးတစ်ခုတွင် ဖြစ်သည်။

ကုန်ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိကြသည်။ တစ်စင်းမှာ မန္တလေးမှ ထွက်လာသော သစ်တင်ရထားကြီး၊ နောက်တစ်စင်းမှာ မန္တလေးဘက်သို့ ထွက်ခွာရန် ရပ်ဆိုင်းထားသော ကျောက်များ အပြည့်တင်ထားသည့် ရထားကြီး။

ထိုရထားနှစ်စင်းသည် ခေါင်းချင်းဆိုင်၍ အရှိန်ပြင်းစွာ တိုက်ကြသည်။ ထူးခြားနေသည်မှာ မန္တလေးဘက်မှ မောင်းနှင်လာသော သစ်လုံးများ တင်ထားသော ရထားကြီးပေါ်တွင် မောင်းနှင်သူ တစ်စုံတစ်ယောက်မျှမပါလာခြင်းပင် ဖြစ်သည်။

ကျေးလက် ဘူတာငယ်ကလေးမှ ရုံပိုင်ကြီးနှင့် မီးရထားဝန်ထမ်းများ၊ ရပ်သူရွာသားများသည် မီးရထားစက်ခေါင်းကြီးများကို ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။ စက်ခေါင်းနှစ်လုံးမှာ သုံးမရအောင် ပျက်စီးသွားသည်။

ဝမ်းနည်းဖွယ် ကောင်းသည်မှာ မန္တလေးဘက်သို့ ထွက်ခွာရန်ရှိသော ကျောက်ရထားကြီး၏ နောက်ဆုံးတွဲဖြစ်သော ဂတ်ဗိုလ်တွဲပေါ်တွင် မိမိ၏ နောက်ဆုံးရှူရှိုက်ရမည့် ထွက်သက်ဝင်သက်ကိုပင် မသိလိုက်ရဘဲ အသက်ထွက်သွားခဲ့ရရှာသော ဂတ်ဗိုလ်ကြီး၏ ဘဝနိဂုံးပင် ဖြစ်သည်။

ဂတ်ဗိုလ်ကြီးသည် နောက်ဆုံးတွဲပေါ်တွင် စီးကရက်ကို မွှာရှိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ထုတ် သတင်းစာတစ်စောင်ကို စိတ်အေးလက်အေးနှင့် ဖတ်နေခဲ့ရာမှ ရထားတိုက်မှုအရှိန်ကြောင့် နံရံနှင့် ခေါင်းဆောင့်မိပြီး ဦးနှောက်သွေးကြော ပြတ် သေဆုံးခဲ့ရသည်။

* * *

ထိုမီးရထားတိုက်မှု မဖြစ်မီက မန္တလေးဘူတာတွင် သစ်လုံးတင် ရထားကြီး ရပ်ဆိုင်းထားခဲ့သည်။

နံနက်ပိုင်း (၉)နာရီခွဲလောက်တွင် ဘူတာကြီးတစ်ခုလုံး ခရီးသွားပြည်သူများ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသည်။

အစုန်-အဆန် ရထားများလည်း ပုံမှန်အတိုင်း ဝင်ခြင်း၊ ထွက်ခြင်းရှိသည်။ မန္တလေးဘူတာကြီးသည် ခါတိုင်းရက်များနည်းတူ ပုံမှန်အတိုင်း သက်ဝင်လှုပ်ရှားနေသည်။

မီးရထားဝန်ထမ်းများလည်း မိမိတို့ ကျရာ တာဝန်များကို အစီအစဉ်အတိုင်း ဆောင်ရွက်နေကြသည်။

မီးရထားတစ်စင်း ထွက်တော့မည် ဆိုလျှင် မီးရထားဌာန၏ ထုံးစံအတိုင်း အဆင့်ဆင့် စီစဉ်ဆောင်ရွက်ကြရသည်။ မီးရထားစက်ခေါင်းမောင်းသူ စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ၊ စက်ပြင်၊ တွဲစောင့်၊ တွဲထိန်း၊ လက်မှတ်စစ်၊ ဂတ်ဗိုလ် စသူတို့ စုံညီရသည်။

ရထားမထွက်မီလည်း တွဲကူး၊ တွဲဆက်၊ အလံပြ၊ ဝီစီမှုတ်၊ သံချောင်းခေါက်ခြင်းနှင့်အတူ မီးရထားဥသြကို ဆွဲ၍ ထွက်ခွာရမြဲဖြစ်သည်။

မန္တလေးမှ ရန်ကုန်ဘက်သို့ ထွက်ခွာရန် ဦးတည်ထားသော ဒီဇယ်စက်ခေါင်းတပ် သစ်လုံးတင်ရထားကြီး...

ထိုရထားကြီးသည် မီးရထားတိုက်မှုကြီးမဖြစ်မီ (၉)နာရီခွဲခန့်တွင် မည်သည့် အချိန်းအချက် အဆက်အသွယ်မှမရှိ၊ အလံမပြ၊ ဝီစီမမှုတ်၊ အချက်ပေးသံချောင်း မခေါက်ဘဲ မီးရထားဥသြကို ခွဲခွဲငင်ငင်ဆွဲရင်း မန္တလေးဘူတာကြီးမှ ထွက်ခွာခဲ့ရသည်။

ထိုမီးရထားကြီးကို ခရီးသွားပြည်သူများ၊ မီးရထားဝန်ထမ်းများက သတိမပြုမိ။ အခြားသော အသံဗလံများနှင့် ရောထွေးနေခဲ့သည်။

ရထားကြီးပေါ်တွင် မောင်းနှင်သူမပါ၊ စက်ဆရာမရှိ၊ ဂတ်ဗိုလ်ဆိုတာ နတ္ထိ ထူးထူးဆန်းဆန်း ထွက်ခွာသွားသော ရထားကြီးဖြစ်သည်။ မီးရထားလောကတွင် နောင်သောအခါ '**ဂမ္ဘီရရထားကြီး**'ဟု ပြောဆိုခဲ့ကြသည်။

* * *

မန္တလေးဘူတာကြီးရှိ ဝန်ထမ်းများသည် ရထားကြီး ထွက်ခွာသွားပြီး အတန်ကြာမှ သိကြသည်။ တာဝန်ကျဝန်ထမ်းနှင့် မီးရထားအရာရှိများ၊ ရထားမောင်း၊ ဂတ်ဗိုလ်၊ တွဲထိန်း၊ တွဲစောင့်မှစ၍ မီးရထားရုံပိုင်ချုပ်ကြီးအထိ ခေါင်းမီးတောက်နေပြီ။

မောင်းသူမဲ့ ရထားကြီးသည် ဘူတာစဉ်အတိုင်း တရိပ်ရိပ် ခုတ်မောင်းပြေးသွားနေသည်။ ပုံမှန်စက်ရှိန်အတိုင်းပင် မြို့ဝင်ဘူတာများတွင် ရပ်နားခြင်းမရှိဘဲ အချက်ပေးဥသြကို ပုံမှန်အတိုင်း ဆွဲသွားသည်။

အချို့မြို့များတွင် မီးရထားလမ်းကို ကျော်ဖြတ်ရာတွင် အသုံးပြုသည့် သံလမ်းတံခါးများရှိသည်။

မီးရထား သံလမ်းတံခါးများသည် အဆက်အသွယ် မရှိသောကြောင့် ဟင်းလင်းပွင့်လျက် ကံကောင်းသည်မှာ မည်သည့်ထိခိုက်မှုမှ ထူးထူးထွေထွေ မဖြစ်ခဲ့ခြင်းပါ။

မီးရထားသံလမ်းကို ဖြတ်ဖောက်ထားသော ကားလမ်းပေါ်တွင် လူတို့သည် ဥဒဟို ကူးလူးသွားလာနေကြသည်။

မော်တော်ယာဉ်များသည် ကိုယ့်အသိနှင့်ကိုယ် စက်သတ် ရပ်ကြသည်။ ခရီးသွားများလည်း ရပ်နားစောင့်ဆိုင်းနေကြသည်။

သူတို့အားလုံးကတော့ မီးရထားသံလမ်းတံခါးစောင့်၏ တာဝန်ပေါ့လျော့မှုဟု ထင်ကြသည်။ ဘူတာရုံမှ တစ်စုံတစ်ရာ အမိန့်မရဘဲ ပိတ်ခွင့်မရှိ၍ မပိတ်လိုက်ရသော သံလမ်းတံခါးစောင့်သူမှာ အူလည်ချာလည် ဖြစ်နေသည်။

ခေါင်းကို တမြင်းမြင်းကုတ်၍ အဖြေထုတ်မရသော ပုစ္ဆာကို စဉ်းစားနေသည်။ သူကဲ့သို့ပင် မီးရထား ရုံပိုင်ကြီးလည်း ခေါင်းကုတ်လျက် တွေးရခက်ကြီး ဖြစ်နေသည်။

ဂမ္ဘီရ ရထားကြီးသည် အထက်တွင် တင်ပြခဲ့သော ကျေးလက်ဘူတာကလေးတွင်မှ မရပ်ချင်၍ မရတော့ဘဲ ရပ်ဆိုင်းသွားခဲ့သည်။

"ဂျိန်း... ဂလိန်း... လိန်း... ဒိန်း..." ဟူသော အခါမဲ့ မိုးခြိမ်းသံကြီးကဲ့သို့ ပြင်းထန်သော ထိခိုက်ပေါက်ကွဲသံကြီးနှင့်အတူ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိကြသည်။

ထိုကျယ်လောင် ပြင်းထန်သော အသံကြီးသည် ဂမ္ဘီရရထားကြီး၏ နောက်ဆုံးအသက်ငင် နှုတ်ဆက်သံပင် ဖြစ်လေသည်။

* * *

ဂမ္ဘီရ ရထားကြီးအကြောင်းသည် ထိုစဉ်က သတင်းစာ စာမျက်နှာများပေါ်တွင် ပါဝင်ခြင်း မရှိခဲ့ပါသော်လည်း မီးရထားဝန်ထမ်းများ လောကတွင်တော့မီးပမာ ပါးစပ်စကားဖြင့် ပျံ့နှံ့ပြောဆိုခဲ့သော ဆန်းကြယ်ထူးခြားသော



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။

ဂမ္ဘီရ ရထားကြီးကို မောင်းနှင်သူ မည်သူနည်း။ ဘာကြောင့် မောင်းသူမပါဘဲ ရထားကြီးထွက်ခွာသွားပါသနည်း။ သိပ္ပံနည်းနှင့် အဖြေရှာမရသော ဖြစ်စဥ်ဖြစ်သည်။

လူအများ စိတ်ဝင်တစား ဖြစ်ခဲ့ကြပါ၏။ သို့ပါသော်လည်း သတင်းတို့၏ သဘာဝအတိုင်း နှစ်ပေါင်းကြာမြင့်လာပြီဖြစ်သော ယနေ့ကာလတွင် မေ့မေ့ပျောပျောက် ဖြစ်သွားခဲ့ကြသည်။

ထိုဖြစ်ရပ်ဆန်းကို ကျွန်ုပ်သည် သိရှိခွင့်ရခဲ့သူ သက်ရှိထင်ရှား ပုဂ္ဂိုလ်ပင် တစ်ဦးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က ကျွန်ုပ်သည် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အစိုးရ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ တစ်ဦးအဖြစ် အမှုထမ်းခဲ့ဖူးပါသည်။

ကျွန်ုပ် တာဝန်ယူရသော နဝမတန်း (ခ)တွင် ကျောင်းသားကလေးတစ်ဦး ရှိခဲ့သည်။ သူ့အမည်မှာ မောင်စံမြိုင် ဟုခေါ်သည်။

သူ၏အဖေမှာ ဦးကျော်ဖံဆိုသော မီးရထားစက်ခေါင်းမိုလ်ကြီး ဖြစ်သည်။ မိခင်ကြီး၏အမည်မှာ ဒေါ်သိန်းယဥ် ဖြစ်သည်။ ထိုမိသားစုများနှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးခဲ့လေသည်။

မောင်စံမြိုင်။ မောင်စံမြိုင်သည် ပိန်ပိန်ပါးပါး မျက်လုံးပြူးပြူးနှင့် ဉာဏ်ထိုင်းသော်လည်း စေတနာကောင်းသော တပည့်လိမ္မာကလေးတစ်ဦးဖြစ်သည်။

သူသည် ပညာရေးဘက်တွင် အားနည်း၍ တတ်စွမ်းသမျှ ကူညီထိန်းကျောင်းသင်ပြပေးခဲ့သည်။ သို့ပါသော်လည်း မောင်စံမြိုင်သည် နဝမတန်းစာမေးပွဲကို (၂)နှစ်ဆက်တိုက်



ကျရှုံးခဲ့သည်။

သူ့အဖေ စက်ခေါင်းမိုလ်ကြီး ဦးကျော်ဖံသည် မောင်စံမြိုင်ကို ကျောင်းထုတ်ပြီး မီးရထားဌာန၌ အလုပ်သွင်းပေးခဲ့သည်။

အလုပ်ကြိုးစား၍ စိတ်ကောင်းရှိသော မောင်စံမြိုင်သည် သူ့အဖေကဲ့သို့ပင် စက်ခေါင်းမောင်းသူ ဖြစ်လာသည်။ နောက်တော့ မန္တလေးဘူတာကြီးသို့ ပြောင်းရွှေ့သွားရသည်။

သားဖြစ်သူ စက်ခေါင်းမိုလ်ဖြစ်ပြီး မကြာမီပင် ဖခင်ကြီး ဦးကျော်ဖံ ကွယ်လွန်သည်။ ဦးကျော်ဖံကို အရက်က အနိုင်ယူသွားခြင်းဖြစ်သည်။ လူ့ဘဝသက်တမ်း တိုတိုနှင့် အသက်(၅၀) အရွယ်တွင် လောကကြီးမှ ထွက်ခွာသွားသည်။

ဖခင်ကြီး သေဆုံးချိန်မှစ၍ မောင်စံမြိုင်သည် မိခင်ကြီးကို ကောင်းမွန်စွာ အလုပ်အကျွေးပြုခဲ့သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်ထံသို့လည်း အလည်အပတ် ရောက်လာတတ်ပါသေးသည်။

* * *

မန္တလေးဘူတာကြီးတွင် တာဝန်ကျနေသော မောင်စံမြိုင်သည် အမေ့ထံသို့ ပြန်ရောက်ခဲ့သည်မှာ (၃)ရက်ခန့် ရှိပြီ။ ရောက်ရောက်ချင်းပင် အမေ့ကို သူ ဝယ်လာခဲ့သော မန္တလေးမှ လက်ဆောင်များနှင့် စုဆောင်းထားသော လစာငွေ တစ်သိန်းကို ပေးအပ်ကန်တော့သည်။

ထူးဆန်းသော စကားကိုလည်း ပြောခဲ့သည်။ ထိုစကားကြောင့် မိခင်ကြီး ဒေါ်သိန်းယဉ်သည် အလွန်အမင်း တုန်လှုပ်ချောက်ချားခဲ့ရသည်။

'အမေ သား လူ့လောကကြီးမှာ ကြာကြာမနေရတော့ဘူးအမေ။ သားမှာ အေအိုင်ဒီအက်(စ်)ရောဂါ ရနေတာကြာခဲ့ပြီ။ သားမှာ အပြစ်တွေရှိရင် ခွင့်လွှတ်ပါ အမေရယ်၊ သား ကန်တော့ပါတယ်နော်'

မျက်ရည်များ တွေတွေကျဆင်းလျက် မိခင်ကြီးကို ကန်တော့သည်။ **(ထိုစဉ်က အေအိုင်ဒီအက်(စ်)ရောဂါ မတိုးအောင် တားနိုင်သော ဆေးကောင်းဝါးကောင်းများ မပေါ်သေးပါ။ စာရေးသူ)**

'သားရယ် မဖြစ်နိုင်ပါဘူး။ သားကို ကြည့်ရတာ နည်းနည်းပိန်တာကလွဲလို့ အကောင်းပကတိပါပဲ'

'ဟုတ်တယ် အမေ၊ သား သိပါတယ်။ သားက ကျိတ်ပြီး ဆေးကု၊ ဆေးစားနေတာပါ။ ဒါပေမယ့် ရောဂါက ကျွမ်းနေပါပြီ။

သားကိုယ်သားသိတယ်။ ဌာနဆိုင်ရာကသိရင် အလုပ်ပြုတ်ပြီး သားရော အမေပါ ဒုက္ခရောက်ကြမှာမို့ သား ကျိတ်ပြီး ဆေးကုနေတာပါ အမေရယ်'

သားရော အမေပါ ငိုကြသည်။ မောင်စံမြိုင်သည် အမေနှင့် တွေ့ပြီး၍ စိတ်လျှော့လိုက်ပုံရသည်။ အိပ်ရာထဲ ဝင်ခွေနေတော့သည်။ အရုပ်ကြိုးပြတ် အားအင် ကျဆင်းနေသည်။ မိခင်ကြီးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိနှင့်



www.burmeseclassic.com

ဝေဒနာကပွားရတော့သည်။ သူ ရောက်ပြီး (၃)ရက်မြောက်နေ့တွင်...

'အမေ သား မနက်ဖြန်(၉)နာရီခွဲမှာ သစ်တင်တဲ့ ရထားကြီးနဲ့ မွှန်လေးက ထွက်ရမှာ အမေရဲ့ သား မွှန်လေးကို ပြန်ဦးမယ်နော်'

မိခင်ကြီးက ဝေဒနာရှင် သားကို အားပေးစကားပြောရှာသည်။

'အေး အေး ပြန်ရမှာပေါ့ သားရယ်၊ လောလောဆယ် သားလေး ကျန်းမာရေးကောင်းအောင် စိတ်ကို တင်းထားပါဦးကွယ်'

မိခင်ကြီး၏ စကားသံကို မောင်စံမြိုင် မကြားနိုင်တော့ပါ။ **မိခင်ကြီး၏ စကားမဆုံးမီပင် လောကကြီးကို ကျောခိုင်းထွက်ခွာခဲ့လေပြီ။**

* * *

သားယူလာခဲ့သော ငွေတစ်သိန်းသည် သား၏အသုဘအသုံးစရိတ် ဖြစ်ခဲ့သည်။ သား၏ အလောင်းကို ပြင်ဆင်ပြီး နောက်တစ်နေ့တွင် နံနက် (၉)နာရီခွဲအချိန်က မန္တလေးဘူတာကြီးမှ မောင်းသွားမည့် ကုန်ရထားကြီးတစ်စင်း ထွက်ခွာခဲ့သော သတင်းစကားသည် ပြွန်တန်ဆာမြို့ကလေး၏ မီးရထားလိုင်းများဆီသို့ ပျံ့နှံ့ရောက်ရှိလာပါတော့သည်။

ထိုမီးရထားကြီးသည် ဘူတာငယ်လေးတစ်ခုတွင် အခြားသော ရထားကြီးတစ်စင်းနှင့် ခေါင်းချင်းဆိုင်တိုက်မိပြီး မီးလောင်ပျက်စီးသွားရပုံများကို ပြောဆိုနေကြသည်။

အကြောင်းသိ အစင်းသိဖြစ်သော မိခင်ကြီး ဒေါ်သိန်းယဉ်ခမျာ ထိုသတင်းကို ကြားရသောအခါ ပဋ္ဌာမြေလူးဆိုသော စကားကဲ့သို့ မရှုးရှဲ တမည် စိတ်ထိခိုက်ကြေကွဲခဲ့ရသည်။

သားကလေးသည် အသက်ထွက်လုဆဲဆဲတွင် မန္တလေးကိုပြန်၍ သစ်တင်ရထားကြီးကို မောင်းမည့်အကြောင်း ပြောကြားသွားခဲ့သည်ကို ပြန်လည်ကြားယောင်မိသည်။

'အမေ သား မနက်ဖြန်(၉)နာရီခွဲမှာ... (၉)နာရီခွဲမှာ သစ်တင်တဲ့ရထားကြီးနဲ့... သစ်တင်တဲ့ရထားကြီးနဲ့ မွှန်လေးက ထွက်ရမှာအမေရဲ့ အမေရဲ့... သား မွှန်လေးကို ပြန်ဦးမယ်... ပြန်ဦးမယ်... ပြန်ဦးမယ်... နော်'

ဆိုသော စကာသံများသည် ပဲ့တင်ထပ်လျက် မိခင်ကြီး၏ရင်ကို ဗလောင်ဆူရိုက်ခတ်စေတော့သည်။

'ဩော်... သား... သား... အလုပ်ကို စွဲလမ်းပြီး (၂)ခါပြန် သေရပါပေါ့လား'

ဟု စိတ်ထဲက ကျိတ်ပြောရင်း ငိုခဲ့ရရှာသည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က ကျွန်ုပ်အား ဒေါ်သိန်းယဉ်သည် ဖော်ပြပါဖြစ်စဉ်များကို ပြောပြခဲ့ပါသည်။ ယခုတော့ ချစ်တပည့် မောင် စံမြိုင်ရော မိခင်ကြီးတို့ပါ ကမ္ဘာလောကမှ တစ်နေရာသို့ ထွက်ခွာသွားခဲ့ကြပါပြီ။

ယနေ့အချိန်တွင်မူ ဂမ္ဘီရ ရထားကြီးကို မောင်းနှင်ခဲ့သူမှာ မောင်စံမြိုင်ဖြစ်သည်ဆိုသော သတင်းစကားကို ပြောကြားနိုင်သူမှာ သက်ရှိထင်ရှားဆို၍ ကျွန်ုပ်တစ်ဦးတည်းသာ ကျန်ရှိနေပါတော့သည်။

**(ချစ်တပည့်ကလေး မောင်စံမြိုင်နှင့် သူ၏မိဘများ ကောင်းရာမွန်ရာဘဝများသို့ ရောက်ကြပါစေကြောင်း မိမိ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေလိုက်ပါသည်။)**

*မေတ္တာရည်လျက်...*

**မျိုးတင့် *(ညောင်လေးပင်)***

**စာမျက်နှာ (၂၉၂)မှ အဆက်**

သားကြီးမှာ ရောင်းဝယ်နေစဉ် အဖမ်းခံရ၍ ထောင်ကျခံရပါသည်။

သားငယ်မှာလည်း နံပါတ်ဖိုးစွဲကာ နေအိမ်ရှိ ရောင်းချနိုင်သော ပစ္စည်း၊ အိမ်ထောင်ပရိဘောဂများကို ရောင်းချ နေထိုင် စားသောက်ပါသည်။ စီမံချက်အရ ဖမ်းဆီးရာတွင် သားငယ်မှာလည်း ထောင်ကျခံရပါသည်။

မိခင်ကြီးဒေါ်အေးနှင့် သားကြီးမှာ နှစ်စေ့၍ ထောင်မှ လွတ်လာချိန်တွင် ထောင်ထဲတွင် သိကျွမ်းခဲ့ရသော မစန္ဒာဆိုသော မိန်းကလေးနှင့် သားကြီးမှာ လက်ထပ်ကြပါသည်။

ကလေး တစ်နှစ်သားအရွယ်တွင် သားကြီးမှာ ပင်ပန်းသောဒဏ်ဖြင့် သေဆုံးရပြီး သားငယ်မှာလည်း ထောင်ထဲတွင် သေဆုံးကြောင်း သိရပါသည်။

ဤသို့ဖြင့် "အိမ်ခါးပတ်"တွင် နေထိုင်ကြသောသူများသည် အဆိုးကိုသာ ကြုံတွေ့ကြ၍ သတိမူမိကြစေလိုပါသည်။

အချုပ်အားဖြင့် စာရေးသူ လေ့လာသိသမျှသော အိမ်ခါးပတ်တွင် နေထိုင်ကြရသော မိသားစုဝင်များတို့သည် တိုက်ဆိုင်မှုမဟုတ်တဲ့ သတိပြု ဆင်ခြင်၍ မိမိတို့နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ကာ အဆိုးမှ အကောင်း အကျိုးအကြောင်းကို နားလည် သိရှိစေလိုသော စေတနာဖြင့် တိုက်တွန်းနှိုးဆော် ရေးသားတင်ပြအပ်ပါသည်။


***အားလုံး အဆင်ပြေ ကျန်းမာချမ်းသာကြပါစေ။***

**ခင်နှန်းထွေး(ရွှမ်းမြောက်)**



www.burmeseclassic.com

www.burmeseclassic.com









မောင်မြင့်အောင်
(မင်းရွာ)

# တစ်နေ့တာ သိဒ္ဓိ

၁၉၇၅ ခုနှစ် ဝန်းကျင်က ဖြစ်သည်။ ကျွန်တော်နှင့် အဘဆရာတော်ကြီး တို့သည် ရွာမှ ပဲခူးသို့၊ ပဲခူးမှ မီးရထားဖြင့် မန္တလေးမြို့သို့ ရောက်ရှိပါသည်။ ညရထားဖြစ်၍ နံနက်မိုးသောက်တော့ မန္တလေးမြို့ ရောက်ကြပါသည်။ ဘူတာကြီးမှ မြင်းရထားဖြင့် စိန်ပန်းရပ်ရှိ ဦးအောင်ထွန်း၊ ဒေါ်စိန်တို့အိမ်သို့ ရောက်ပါသည်။

မတွေ့ရသည်မှာ ကြာပြီဖြစ်၍ အိမ်ရှင် ဦးအောင်ထွန်း၊ ဒေါ်စိန်တို့က ဝမ်းပန်းတသာ ခရီးကြိုကြလျက် နေရာထိုင်ခင်း စီစဉ်ကြသည်။ သားချင်းလည်းတော်စပ် ငယ်ပေါင်း ရင်းနှီးပြီး သားသူတွေလည်း ဖြစ်၍ တည်းခိုနေထိုင်မှု လွတ်လပ်ပေါ့ပါး အဆင်ပြေလှ၏။ အာလာပသလ္လာပ သာကြောင်း မာကြောင်း ပြောကြဆိုကြနှင့် မဆုံးနိုင်အောင် ရှိတော့၏။

ဦးအောင်ထွန်းသည် အကူကောင်လေးတစ်ယောက်နှင့် ပန်းပဲလုပ်ငန်းလုပ်ကိုင်သူဖြစ်၏။ အလုပ်အပ်သူရှိလျှင် လုပ်၏။ အပ်သူမရှိလျှင် လေးသံများဝယ်၍ ဓားအမျိုးမျိုး၊ ကွမ်းညှပ်၊ ကတ်ကြေးတို့ ပြုလုပ်၍ ဈေးသို့ သွားရောက်ရောင်းချခြင်းဖြင့် စားဝတ်နေရေး အဆင်ပြေသူဖြစ်၏။

မင်းရွာဆရာတော်ကြီး ကြွလာသည်ဆို၍ ဦးအောင်ထွန်းအိမ်သို့ ဓမ္မမိတ်ဆွေများဖြစ်ကြသော ဦးလှအေး၊ ဦးအောင်ကြီး၊ ဦးထွန်းကြွယ်ဆိုသူ သုံးဦး ရောက်လာကြပြီး ဆရာတော်ကြီးအား ရှိခိုးလျက် ပဋိသန္ဓာရစကားဆိုကြ၏။

ဆရာတော်ကြီးနှင့် မူလကတည်းက ရင်းနှီးကြပုံရ၏။ လောကီ၊ လောကုတ္တရာအကြောင်း စုံလင်စွာ ပြောဆိုနေကြသည်ကို ကြားရ၏။ လောကီသိဒ္ဓိ အကြောင်းတွေလည်း ပါ၏။ အဂ္ဂိရတ် အကြောင်းလည်း ပါ၏။ အဂ္ဂိရတ်အကြောင်း ပြောနေရင်း ဆရာတော်ကြီးက သူ၏ခါးပန်းကြိုးမှ ခါးပန်းသီးကို (ကြေးဖြင့်ပြုလုပ်ထားသော ခါးပန်းသီး)လှည့်ဖြုတ်၍ အတွင်းတွင် ဂွမ်းဖြင့်ထုပ်ထားသော ရွှေရောင်အဆင်းရှိ ဓာတ်လုံးလေးကို ထုတ်ပြပါသည်။

'ဒါ သွပ်သေဓာတ်လုံးပဲ၊ သွပ်သေရွှေအဆင်းဆိုတာ ဒီဓာတ်လုံးမျိုးကို ပြောတာပေါ့'

ဟု ဆို၍ တစ်ယောက်တစ်လှည့် ကြည့်ကြသည်။ ရေနွေးအကြမ်းပန်းကန်ထဲထည့်၍ ရေနွေးငှဲ့ကာ သောက်ကြ၏။ ထို့နောက် ဆရာတော်ကြီးက...

'အဂ္ဂိရတ်သမားဆိုတာ ဓာတ်လုံးကောင်း တစ်လုံးတော့ ရှိရတယ်။ ဒီဓာတ်လုံးက သွပ်သေတဲ့အဆင့်ပဲ ရှိသေးတယ်။ ကိစ္စမပြီးသေးဘူး။ သွပ်အရိုင်းကို သေအောင်လုပ်၊ ဓာတ်သေကို ပြန်အသက်သွင်း။ အဲဒီအခါကျမှ သိဒ္ဓိပြီးမြောက်လို့ ခရီးပေါက်မှာ'

ဟု ပြောဆို၏။

ထိုအခါ ဦးအောင်ထွန်းသည် ထိုင်နေရာမှ ထ၍ ဘုရားကျောင်းဆောင်သို့ သွား၏။ ဘုရားကျောင်းဆောင်မှ အရာဝတ္ထုတစ်ခုကို ယူပြီး ဆရာတော်ကြီးအား ပြ၏။ ပြသော အရာဝတ္ထုကို အသေအချာကြည့်လျက် ဆရာတော်ကြီးက...

'သံကို သွန်းလောင်းထားတဲ့ ဗုဒ္ဓရုပ်ပွားတော်လေးပဲ။ ဘယ်လိုရှိပြီး ဘယ်လို





www.burmeseclassic.com

www.burmeseclassic.com

အကျိုးထူးသိဒ္ဓိတွေ ရှိတယ်ဆိုတာ ပြောစမ်းပါဦး မောင်အောင်ထွန်းရဲ့'

'ဒီရုပ်ပွားတော် ရရှိပုံကို ပြောပြရရင်တော့ အရှည်ကြီးပဲဘုရား။ တစ်နေ့တာ သိဒ္ဓိပြီးတယ်လို့ ဆိုရမှာပဲ။ တပည့်တော်အလုပ်ရုံမှာ ဖားဖိုရှိတယ်။ တူတွေ၊ ညှပ်တွေ အစုံရှိတယ်။ ဒါပေမယ့် တပည့်တော်ကမှ အဂ္ဂိရတ်ဝါသနာ မပါတာ။ ကိုယ့်စားဝတ်နေရေးအတွက် ပန်းပဲလုပ်ငန်းကိုပဲ လုပ်နေတာ၊ အရှင်ဘုရားလဲ အသိပဲ မဟုတ်လား။ တစ်နေ့တော့…'

ဟု အစချီကာ ဦးအောင်ထွန်းသည် သူ၏ **တစ်နေ့တာသိဒ္ဓိပြီး ဗုဒ္ဓရုပ်ပွားတော်အကြောင်း**ကို ပြောပြပါတော့သည်။

* * *

မှတ်သုံမိုးတို့ တစ်နှစ်တာအတွက် ကျေပွန်စွာ တာဝန်ထမ်းဆောင်ပြီးပြီမို့ လုပ်ငန်းခွင်သိမ်းကာ နှုတ်ဆက်လေပြီ။ ဟေမန္တ၏ ရှေ့တော်ပြေး နှင်းမှုန်တို့က လူသားတို့အား တိုးဝှေ့လျက် ထွေးပွေ့နှုတ်ခွန်းဆက်နေပြီ ဖြစ်သည်။

တန်ဆောင်မုန်း၊ နတ်တော်လ ပွင့်လင်းရာသီတွင် ဦးအောင်ထွန်းသည် ဆောင်းအေးအေးဖြင့် သွေးပူလေ့ကျင့်ခန်းအဖြစ် ယမန်နေ့က လုပ်လက်စ ဓားများကို အမင်းရိုက်ရန်နှင့် အသွား သ,ရန်အတွက် စတင် လုပ်ဆောင်နေ၏။ ထိုအချိန် အိမ်ရှေ့မှ လူရိပ်လှုပ်တွေ့လိုက်ရ၍ ဒေ့သည်ဝင်လာသည်ကို သိလိုက်ရသည်။

'ဆရာကြီး ရှိပါသလားခင်ဗျာ'

'ဟုတ်ကဲ့ ရှိပါတယ်၊ ဒီကို ဝင်ခဲ့ပါခင်ဗျာ'

အသက် (၅၀)ခန့် ယောက်ျားကြီးတစ်ယောက် လွယ်အိတ်လွယ်လျက်



ဝင်လာ၏။ အနီးရှိ ထိုင်ခုံတစ်ခုကို ညွှန်ပြရင်း…

'ထိုင်ပါခင်ဗျာ၊ ကျွန်တော် ဘာများ ကူညီပေးရမလဲ'

ဧည့်သည်ကြီးသည် ဦးအောင်ထွန်း ညွှန်ပြသော ထိုင်ခုံတွင်ထိုင်ပြီး လွယ်အိတ်ကို ဘေးနားချလျက်…

'တခြားတော့ မဟုတ်ပါဘူးဆရာ၊ ကျွန်တော်က စစ်ကိုင်းဘက်မှာ နေပါတယ်။ တောင်ခြေတောစပ်မှာ ထင်းခုတ်လုပ်စားသူ၊ တောင်ယာလုပ်စားသူ ဖြစ်ပါတယ်။ ကျွန်တော့်လုပ်ငန်းမှာ သုံးတဲ့ ဓားမ ပဲ့သွားလို့ ပြန်သချင်လို့ပါဆရာ'

'ရပါတယ်။ မနက်ဖြန် အင်း… သန်ဘက်ခါတော့ လာယူပါ။ အဆင်ပြေအောင် လုပ်ပေးထားပါမယ်'

'ဒီနေ့ မရဘူးလား ဆရာ'

'ဒီနေ့တော့ မရဘူးဗျ။ ဒီမှာ လက်ခံထားတာတွေ များနေလို့၊ အကူကောင်လေးကလဲ မလာတာမို့ ကျွန်တော် တစ်ယောက်တည်း လုပ်ရမှာ ကသီနေမယ်'

'ဒါဆိုလဲ ဆရာပြောတဲ့နေ့ကျမှပဲ တစ်ခေါက် ပြန်လာတော့မယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦးဆရာ'

ပြောဆိုပြီး ဓားအပ်သူ စစ်ကိုင်းသားကြီးလည်း ပြန်သွားလေ၏။ ဦးအောင်ထွန်းလည်း သူ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေ၏။ မီးလက်စဖြင့် စစ်ကိုင်းမှ ထင်းခုတ်ဓားမကြီးအား သပို့ပြင်၏။ ညနေမိုးချုပ်တွင် ပြီးဆုံးလေ၏။

သုံးရက်မြောက်သောနေ့တွင် ဓားလာရွေး၏။ အမျိုးသမီးကြီးတစ်ယောက်လည်း ပါလာ၏။ သူ၏အိမ်သူအမျိုးသမီး ဖြစ်ဟန်တူသည်။ နှစ်ဦးစလုံး ခပ်နွမ်းနွမ်းဖြစ်၏။ ချို့ငဲ့ပုံရ၏။ ဓားမကို သေချာစွာကြည့်ပြီး…

'လက်ခ ဘယ်လောက်ကျတယ်ဆိုတာ မပေးမိခဲ့လို့ အိမ်ရောက်တော့ လင်မယား ရန်ဖြစ်ရသေးတယ်ဆရာ။ ဘယ်လိုမှတော့ မအောက်မေ့နဲ့ဆရာ။ ဓားသွား သ,ခကို ကျွန်တော် တောထဲထင်းခွေရင်း ခြတောင်ပို့ တစ်ခုထဲက ရခဲ့တဲ့ သံတုံးလေး ပေးခဲ့ပါရစေ ဆရာ။

ခြသံလို့ ပြောကြတယ်။ အဂ္ဂိရတ်သမားတွေကတော့ အရမ်းကို လိုချင်ကြတယ်။ ဆရာ့အတွက် တစ်ချိန်ချိန်မှာ အသုံးဝင်မှာပါ'

'ရပါတယ်ဗျာ'

'ကျေးဇူးပါပဲဆရာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

ပြောပြောဆိုဆို ပြန်ထွက်သွားလေ၏။ ဦးအောင်ထွန်းတစ်ယောက် "ရပါတယ်ဗျာ" ဟုသာ ဆိုလိုက်ရသော်ငြား ငွေနှစ်ကျပ်ခွဲ နစ်နာသွား၏။ ဘာလုပ်ရမည်မသိသော ခြသံကို လက်ဝယ်ကိုင်လျက်။

* * *

ပန်းပဲဖိုရုံတွင် ဦးအောင်ထွန်း အလုပ်ရှုပ်နေ၏။ ဓားမီးဖုတ်သည့် နေရာကိုပြင်၏။ အဂ္ဂိရတ်ထိုးချင်စိတ် ပေါက်နေခြင်းဖြစ်၏။ အဂ္ဂိရတ်ပညာလ[…] မတတ်၊ ဝါသနာလည်းမပါ။ […] သည့် ကိုရင်ဘဝတုန်းက ဆရာဘု[…]



www.burmeseclassic.com

www.burmeseclassic.com



ကြီးလုပ်သည်ကို ကူညီပြီး လုပ်ပေးဖူး၏။

ဖိုခွဲရ၏။ မီးသွေးဝယ်ပေးရ၏။ လုံ့ဆိုက်စုံ ဝယ်ပေးရ၏။ ဓာတ်ပစ္စည်းဝယ်ပေးရဖူး၏။ လက်ချားချော်ချက်သည်ကိုလည်း တွေ့ဖူး၏။ အသေအချာ သင်ယူထားသည် မဟုတ်သော်လည်း အမြင်အတွေ့ပညာတော့ ထိုက်သလောက်ရှိ၏။

ဟင်းချက်စရာ ဝယ်လာသည့်ထဲက ချဉ်ပေါင်၊ မုန်လာ၊ ကန်စွန်းတို့ကို ကြိတ်၍ ထည့်ထိုးသည့်အခါလည်း ထိုး၏။ ခြံထဲရှိ ဂမုန်းပင်၊ ပန်းပင်တို့၏ အရွက်၊ ဥ စသည်တို့ကိုလည်း ထည့်ထိုး၏။ ဟင်းချက်စရာတွေကို ထိပါးသဖြင့် မယားကလည်း ငြူစူလာ၏။

တစ်နေ့ကို နှစ်နာရီလောက်ထိုးသည်ဖြစ်၍ ပန်းပဲလုပ်ငန်းလဲ မထိခိုက်။ ဦးအောင်ထွန်းတွင် အကျင့်တစ်ခုရှိ၏။ ထိုအကျင့်ကား တခြားမဟုတ်၊ ပန်းပဲလုပ်ငန်းလုပ်သည်ဖြစ်စေ၊ အဂ္ဂိရတ်ထိုးသည်ဖြစ်စေ မီးမှိုးသည့်အချိန်မှ စ၍ ဘုရားရှင် ဂုဏ်တော်ကိုးပါးကို အမြဲရွတ်ဆို၏။

ထို့အပြင် ပရိတ်ကြီး (၁၁)သုတ်၊ ပဋ္ဌာန်းဒေသနာများကို ရွတ်ဖတ်ရင်း အလုပ်လုပ်သည့် အကျင့်ရှိသည်။ အကျင့်ကောင်းဟု ဆိုရမည် ဖြစ်သည်။

ထင်းခုတ်သမားကြီး ပေးခဲ့သည့် ခြသံကို အဂ္ဂိရတ်ထိုးခဲ့သည်မှာ တစ်လခွဲ (၄၅ ရက်)ရှိပြီ ဖြစ်သည်။ ဒီနေ့တော့ အချိန်ကြာကြာလေး ထိုးဖြစ်သည်။

မီးလည်းပြင်း လုံလည်းရဲရာမှ ကြည်နေ၏။ ဓာတ်သားသည် အရည်ပျော်ပြီး သွဲ့သွဲ့လည်နေ၏။ ထိုအခါ ညှပ်ဖြင့် ယူ၍ ဓားသ,ရန် ပြုလုပ်ထားသည့် ရေအင်တုံထဲ လောင်းထည့်လိုက်၏။ ရှဲခနဲ အသံကြားရ၏။

ခေတ္တခဏနေပြီး ရေအင်တုံထဲ နှိုက်ယူလိုက်သည့်အခါ အံ့ဩဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်လေးအား ဖူးတွေ့ရလေ၏။ ရေအင်တုံထဲ၌ တခြား ဘာမျှမရှိ၊ ရုပ်ပွားတော်သာ ရှိ၏။

'ဒါနဲ့ထိုက်လို့ရတာပဲ။ အဂ္ဂိရတ်ဆက်ထိုးလို့မဖြစ်တော့ဘူး။ ဘုရားကို ဖူးက်ဆီးရတော့ ... ယ်။ ဒီဘုရားလေးကိုပဲ ပူဇော်ထားရမယ်'

ဟု တွေးပြီး ရေသန့်သန့်ဖြင့် ဆေး၏။ တဘက်ထောင့်စွန်း၌ ထုပ်ချည်၍ ထိုတဘက်ကို ဦးခေါင်း၌ ပေါင်းထားလေ၏။

ဦးအောင်ထွန်းသည် အလုပ်လုပ်နေသည်ဖြစ်၍ ဝတ်နေကျအတိုင်း အညာပုဆိုးကွက်အဟောင်း၊ စွပ်ကျယ်အကျီအဟောင်းဖြင့်ပင် လုံကွဲတွေကို ရှင်း၏။ တံစဉ်းတစ်ချောင်းဖြင့် အပ်ထားသော ဓားမအား မီးပေး၍ဆေးရန် အသွားကို တိုက်နေ၏။

ထိုအချိန်တွင် ခြေရင်းအိမ်မှ မစောလှနှင့် မစောမြ ညီအစ်မနှစ်ယောက် ရောက်လာ၏။ အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့်မို့ ဦးအောင်ထွန်းက "သမီးတို့ ဘယ်က ပြန်လာကြတာလဲ"

ဟု နှုတ်ဆက်လိုက်၏။

'ကျိုက်ထီးရိုးဘုရားဖူးပြီး ပြန်လာတာအဘ အဘကို လာကန်တော့တာပါ။ အဘအတွက် လက်ဆောင် ကတွတ်ယိုနဲ့ ရောက်ယိုပါလာတယ်။ သမီးတို့ ဘုရားဖူးကုသိုလ်ကို သာဓုခေါ်ပါ'

ဆိုပြီး နှစ်ယောက်သား ထိုင်ကန်တော့ကြလေ၏။

'သာဓု သာဓု သာဓုပါဗျာ။ ကဲ သမီးတို့မုန့်တွေကို အိမ်ပေါ်တက်ပြီး ဘုရားမှာ သွားလှူထားလိုက်၊ နောက်မှ အဘ စွန့်ပြီးစားမယ်'

'ပြန်ခွင့်ပြုပါဦး အဘ'

'အေးအေး ကောင်းပါပြီကွယ်'

မစောလှတို့ ညီအစ်မလည်း အိမ်ပေါ်တက်ပြီးနောက် သူတို့အိမ်သို့ ပြန်သွားကြလေ၏။ ဦးအောင်ထွန်းလည်း သူ့အလုပ် လုပ်လက်စကို လုပ်နေရင်း ကျိုက်ထီးရိုးဘုရားသို့ စိတ်ရောက်နေ၏။

ကျောက်ဖူအစွန်းပေါ်တွင် ရွှေဦးခေါင်းနှင့်တူသော ကျောက်တုံးကြီး၊ ထိုကျောက်တုံးကြီးအပေါ်၌ ရှိသော



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်။ ထိုစေတီတော်အတွင်း၌ ဌာပနာထည့် တည်ထားပူဇော်အပ်သော မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်။ အလုပ်လုပ်နေရင်းဖြင့်ပင် သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်၏ ဆံတော်စစ်တည်ရှိရာ ကျိုက်ထီးရိုးစေတီသို့ မှန်းဆ ဦးချရှိခိုးလိုက်ပါသည်။

ထိုအခိုက် နားရွက်၊ ဦးခေါင်းတို့ အေးခနဲ ဖြစ်သွား၍ မျက်စိကို ဖွင့်ကြည့်ရာ မိမိ ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ် ရောက်နေကြောင်း သိလိုက်ရသည်။

မိမိပေါင်ကို ဆိတ်ကြည့်သည်၊ ထုကြည့်သည်၊ အိပ်မက်မဟုတ်တာ သေချာ၏။ ချမ်းအေးသည့်ကြားမှ ချွေးများစို့လာ၍ ခေါင်းမှ တဘက်ဖြင့် ချွေးသုတ်ရင်း ရုပ်ပွားတော်လေးကို သတိရသွား၏။

'အင်း ဟုတ်ပြီ'

နှုတ်မှ အသံပင်ထွက်သွား၏။ ခြသံက ဖြစ်ပေါ်လာသော ရုပ်ပွားတော်၏ တန်ခိုးသိဒ္ဓိပဲ ဖြစ်ရမည်။ တန်ခိုးအစွမ်းသတ္တိတို့သည် ရဖို့ရာ ခက်ခဲသလို သိဖို့ရာလည်း မလွယ်ကူလှပေ။ ခက်ခဲနက်နဲသော တန်ခိုးအစွမ်းများကိုပင် ဂမ္ဘီရပညာရပ်ဟု ခေါ်သည်လား နက်နက်နဲနဲ တွေးနေမိသည်။

ကျိုက်ထီးရိုးဘုရား ရင်ပြင်ပေါ်၌ ဟိုဟိုဒီဒီ လျှောက်ကြည့်နေ၏။ အမှတ်တရပစ္စည်း တစ်ခုခု ဝယ်သွားချင်၏။ သို့သော် ပိုက်ဆံ တစ်ပြားမှ မပါ။ "အို ဘုရားဖူးဖို့က အဓိကပါပဲလေ"ဟု တွေးကာ စေတီအနားသို့ ပြန်ရောက်လာ၏။

ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို လေးလေးနက်နက် ကြည်ညို သဒ္ဓါဖြင့် ဦးသုံးကြိမ်ချ ရှိခိုးပူဇော်လိုက်၏။



ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပူဇော်ပြီး မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား စိတ်ညွတ်လျက် မျက်စိမှိတ်ကာ အာရုံပြုလိုက်၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မဟာမြတ်မုနိရုပ်ပွားတော်မြတ်ရှေ့သို့ ရောက်ရှိသွား၏။

ဦးအောင်ထွန်း သူ့ကိုယ်သူ ယုံကြည်သွားသည်။ ဦးခေါင်းထက်ရှိ ဓာတ်သားရုပ်ပွားတော်၏ တန်ခိုးအစွမ်းနှင့်အတူ ဗုဒ္ဓါနုဿတိ ပီတိအဟုန်ကြောင့် စိတ်ဓာတ်စွမ်းအားများ ကြည်လင်လန်းဆန်း သွက်လက်နေ၏။

အိမ်သို့ ပြန်ချင်စိတ် မရှိသေး။ သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်တိုင် ရင်ငွေ့တော်လှုံခဲ့သည့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား အားပါးတရ ရှိခိုးပူဇော်လိုက်လေ၏။

ထို့နောက် ရန်ကုန်မြို့ရှိ ရွှေတိဂုံ ဆံတော်ရှင် မြတ်စေတီတော်ကြီးအား ဖူးမြော်ချင်စိတ် ပေါ်လာသည်။ ရုပ်ပွားတော်ကြီး၏ရှေ့၌ပင် လက်အုပ်ချီလျက် ရွှေတိဂုံစေတီတော်အား အာရုံပြု စိတ်ညွတ်ရှိခိုးလိုက်လေတော့၏။

အကြားအာရုံထဲသို့ သာယာကြည်နူးဖွယ် ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ဘုရားရှိခိုးသံ၊ သာဓုခေါ်သံ၊ စကားပြောဆိုသံတို့ကို ကြားနေရ၍ ရွှေတိဂုံရင်ပြင်သို့ ရောက်နေပြီဖြစ်ကြောင်း သိလိုက်ရ၏။

ဗုဒ္ဓဘုရားရှင်၏အရိပ်၊ ဘုရားရှင်၏ မျက်မှောက်၌ နေရသည့်အလား ကြည်နူးပီတိ ဖြစ်ရ၏။ မိမိကိုယ်ကိုလည်း အံ့ဩနေ၏။ နံနက် အိပ်ရာမှ ထပြီး အဂ္ဂိရတ်ထိုး၊ (၈)နာရီခွဲတွင် ရုပ်ပွားတော်ရ၊ (၉)နာရီ ကျိုက်ထီးရိုးဘုရားဖူး။ (၉)နာရီ (၁၅)မိနစ်ခန့် မဟာမြတ်မုနိဘုရားဖူး။ ယခု (၉)နာရီခွဲလောက်ပဲ ရှိဦးမည် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်သို့ ရောက်နေပေပြီ။

အံ့ဩ ဝမ်းသာပီတိတို့နှင့်အတူ ဘုရားရှင်၏ ဆံတော်ဓာတ်ကို စိတ်က မှန်းဆ ပူဇော်ကန်တော့ပြီး လက်ယာရစ်တစ်ပတ် လှည့်လည်နေမိသည်။ စေတီတော် တစ်ပတ်လှည့်လည် ပြည့်လောက်သည့်အချိန်၌ ရဟန်းတော်တစ်ပါးသည် ဦးအောင်ထွန်းအနားသို့ ရောက်လာပြီး ပြုံးပြုံးလျက်...

'ဒကာကြီး ဒကာကြီး ဦးခေါင်းအထက်က ရုပ်ပွားတော်လေး ဖူးချင်လို့ ခေတ္တခဏပြပါ'

ဦးအောင်ထွန်း တုန်လှုပ်မှင်တက်မိသွားသည်။ "အတတ်သိနေပါလား" ရဟန်းတစ်ပါးကို မညာချင်သဖြင့် အသာတကြည်ပင် ခေါင်းပေါင်းဖြေ၍ ပြမိသည်။

ရဟန်းတော်သည် လက်ဖဝါးပေါ်တင်၍ သေချာစွာ ကြည့်၏။ ပြီးမှ **"ရော့ ဒကာကြီး ရှိရှိသေသေ ကိုးကွယ် ပူဇော်ထားပါ"** ပြောပြီး ရင်ပြင်တော်ပေါ်၌ လက်ယာရစ် အတိုင်း လျှောက်သွားလေ၏။

'အရှင်ဘုရား ဘယ်က ကြွလာသလဲ အဘယ်ကြောင့် ရုပ်ပွားတော်ကို ... သလဲ'

စသည်ဖြင့် မေးဖို့ ... သတိရတော့



www.burmeseclassic.com

www.burmeseclassic.com

၏။ ရဟန်းတော်သွားသည့်အတိုင်း လိုက်ကြည့်၏ မတွေ့။

မှလာနေရာသို့ ပြန်ရောက်လာ၏။ စေတီတော်အား ဦးခိုက်ရှိခိုးပြီး မန္တလေးသို့ အာရုံပြု၏ မရ။ မဟာမြတ်မုနိ မရ။ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားများအား အာရုံပြု၏။ စိတ်ညွတ်၏။ အာရုံ၌ ဘုရားများ စုံသွားသော်လည်း နေရာမှပင် မရွေ့၊ ခုမှ ဇောချွေးပြန်လာ၏။

ကျင့်စဉ်စခန်း ပြီးမြောက်သွားသည့် ပုဂ္ဂိုလ်တွေကများ သိဒ္ဓိတွေ ပြန်သိမ်းသွားပြီလားမသိ။ ခက်ချေပြီ၊ ငွေလည်း တစ်ပြားမှမပါ။ ဝတ်ထားသည်ကလည်း အလုပ်ရုံအဝတ်အစားများသာ။

ဗိုက်ကလည်း ဆာလာ၏။ "ဘယ်လိုလုပ်ရပါ့မလဲ" စဉ်းစား၏။ တာမွေဈေးအနီးတွင် ဦးမောင်ညွန့်၊ ဒေါ်တင်တင်ထားတို့ နေထိုင်သည်။ ကြီးပွားနေသည်ဟု ကြားသိရသည်။

ငယ်ပေါင်းတွေဖြစ်၍ ပြောမနာ ဆိုမနာ၊ သူတို့ဆီ အကူအညီတောင်းရမည်။ ရွှေတိဂုံမှ တာမွေသို့ သွားဖို့ရာ ခြေကျင်မှတစ်ပါး အခြားမရှိ။ သောက်ရေအိုးစင်မှ ရေအဝသောက်ကာ တာမွေသို့ လျှောက်ရလေတော့၏။

ဟိုမေးဒီမေးဖြင့် တာမွေဈေးထိပ်တွင် နေထိုင်သည့် ငယ်သူငယ်ချင်း ဦးမောင်ညွန့်၊ ဒေါ်တင်တင်ထားတို့ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်၍ လင်မယားနှစ်ယောက်လုံးကို အခန့်သင့်ပင် တွေ့ရလေ၏။ ဦးအောင်ထွန်းကို မြင်သည်နှင့် ဦးမောင်ညွန့်က...

'ဘယ်လိုဖြစ်လာရတာလဲ သူငယ်ချင်းရာ၊ ပေပေလူးလူးနဲ့ ခေါင်းပေါင်ကြီးလဲ ချွတ်စမ်းပါဦး'

'ပြောပြပါ့မယ်ကွာ၊ သောက်ရေတစ်ခွက် အရင်တိုက်ဦး'

ဒေါ်တင်တင်ထား ရေတစ်ခွက်ခပ်လာ၍ တိုက်၏။ ရေသောက်ပြီးမှ ဖြစ်ကြောင်းကုန်စင် ရှင်းပြလေတော့၏။ ဦးမောင်ညွန့်က...

'မင်းအဖြစ်က အဖော်လေးကို ဆန်းကြယ်တာပဲ။ ဘာမှမပူနဲ့ သူငယ်ချင်း။ အားနာစရာလဲ မလိုဘူး။ အေးအေးဆေးဆေးနေပြီးမှပြန်။ တင်တင် ရေ မင်းသူငယ်ချင်းကို ထမင်းစားဖို့ လုပ်ပါဦး'

ဒေါ်တင်တင်ထား ထမင်းစားဖို့ပြင်နေ၏။ ဦးအောင်ထွန်းက...

'ထမင်းတော့စားမယ် သူငယ်ချင်း။ အေးအေးဆေးဆေးတော့ နေလို့မရဘူး။ ငါ့အဖြစ်ကို နောက်ပိုင်းကလူတွေ ဘယ်သူမှ သိကြတာမဟုတ်ဘူး။ ဒီနေ့ည ရထားစီးလို့ရရင် ပြန်ချင်တယ်။ စီစဉ်ပေးပါ သူငယ်ချင်းရာ'

'ဒါဆိုလဲ မင်းစိတ်ချမ်းသာအောင် စီစဉ်ပေးမယ်"

ဟု ဆိုကာ ကောင်လေးတစ်ယောက်အား အဝတ်အစားတစ်စုံ၊ လွယ်အိတ်တစ်လုံး၊ ယနေ့ည မန္တလေးသို့ အဆန်ရထားလက်မှတ်တစ်စောင် ဝယ်ခိုင်းလိုက်လေ၏။

'ကဲ ရေမိုးချိုး ထမင်းစားပြီးမှ အေးအေးလူလူ စကားပြောကြတာပေါ့'

စသည်ဖြင့် ညနေတွင် သူငယ်ချင်း မောင်ညွန့်၏ အစီအစဉ်ဖြင့် အဝတ်အစားအသစ်ကိုလဲ၊ အဟောင်းတွေကို လွယ်အိတ်ထဲထည့်၊ လမ်းမှာ သုံးဖို့ ငွေ(၅)ကျပ် ပေးလိုက်သည့်အပြင် ရန်ကုန်ပြန်လက်ဆောင် မုန့်များ ဝယ်ပေးပြီး ညရထားပေါ်သို့ လိုက်ပို့ပေးသဖြင့် ဦးအောင်ထွန်းတစ်ယောက် မန္တလေးသို့ ပြန်ရောက်ခဲ့ရလေတော့သတည်း။

* * *

ဦးအောင်ထွန်း တကာယ်ကြုံတွေ့ရရှိခဲ့သော တစ်နေ့တာ သိဒ္ဓိရရှိပုံ အဖြစ်အပျက်ကို မင်းရွှာဆရာတော်ကြီးအား ပြန်လည်လျှောက်ထားနေခြင်း ဖြစ်ပါသည်။

**မောင်မြင့်အောင် *(မင်းရွှာ)***

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**

**စာတည်းမှူး**



www.burmeseclassic.com

www.burmeseclassic.com



စလင်း ဦးကျော်

*[illegible]

# ကြောင်ကျောက်ကလေး

ကျွန်တော်သည် မိတ်ဆွေအပေါင်း အသင်းများရှိသော ပွင့်ဖြူမြို့နယ်၊ ရွှေဘိုကျေးရွာ(ရွာဟောင်း)သို့ ၁၉၈၀ ပြည့်နှစ်က အလည်ရောက်ခဲ့ပါသည်။ ဆရာကြီး ဦးစံထွားအိမ်တွင် ကျွန်တော့်လို အလည်လာသော ဧည့်သည် တစ်ယောက်ကို တွေ့ရပါသည်။ အိမ်ရှင်များသည် ကျွန်တော်နှင့် ဧည့်သည်ကို မိတ်ဆက်ပေးကြပါသည်။

အိမ်ရှင်က...

'ဆရာခင်မောင်ဦး သူကတော့ ဆိပ်ဖြူမြို့နယ်ထဲကပါ။ ဆိပ်ဖြူမြို့ အနောက်(၁၃)မိုင်အကွာမှာရှိတဲ့ (...) ကျေးရွာကပါ။ သူ့နာမည်ကတော့ ကိုသူတော်လို့ ခေါ်ပါတယ်'

ကိုသူတော်သည် အေးအေးညိုညို



www.burmeseclassic.com

www.burmeseclassic.com

ခွန်အားဗလကောင်းကောင်း အရပ်မနိမ့်မမြင့် ယောက်ျားပီသသူတစ်ယောက် ဖြစ်ပါသည်။

တစ်ဖန် အိမ်ရှင်က ထပ်မံ၍...

'ကိုသူတော် ဟောဒီပုဂ္ဂိုလ်ကတော့ ဆရာခင်မောင်ဦးလို့ ခေါ်ပါတယ်။ ဂမ္ဘီရပညာရပ်တွေကို အထူး စိတ်ဝင်စားပြီး လေ့လာနေသူပါ'

ကျွန်တော်နှင့် ကိုသူတော်တို့သည် မိတ်ဆွေဟောင်းများပမာ တစ်ဦးကိုတစ်ဦး မေးထိုးကာ ရင်းနှီးတဲ့သဘောမျိုးနဲ့ အပြန်အလှန် ပြုံးပြကြပါသည်။

ကိုသူတော်က...

'ဆရာ့နာမည်နဲ့ ဆရာ့အကြောင်းကို ဆရာကြီးဦးစံထွားပြောပြလို့ သိထားတာကြာပါပြီ။ အခုမှပဲ လူကိုယ်တိုင် တွေ့ရတော့တယ်။ ဆရာနဲ့ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်။ ကျွန်တော့်ကို မိတ်ဆွေအရင်းတစ်ယောက်လို သဘောထားပါ'

ကျွန်တော်က...

'ဟုတ်ကဲ့ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်။ ကိုသူတော်အကြောင်းကိုလဲ ဆရာကြီးဦးစံထွား ပြောပြလို့ သိထားတာကြာပါပြီ။ ခင်ဗျားရဲ့ ကြောင် ကျောက်ကလေးအကြောင်းကို ဆရာကြီးပြောပြလို့ ကျွန်တော် စိတ်ဝင်စားမိပါတယ်။ အခုလို ကြုံတုန်း ဆုံတုန်း ကြောင်ကျောက်ကလေး ရရှိခဲ့ပုံနဲ့ ကြောင်ကျောက်ကလေးရဲ့ အစွမ်းသတ္တိကို ဗဟုသုတအဖြစ် သိပါရစေ'

ကိုသူတော်က...

'ဟုတ်ကဲ့ ဆရာစိတ်ဝင်စားရင် ကျွန်တော် ပြောပြပါမယ်'

ဟု ကိုသူတော်သည် ကြောင် ကျောက်ကလေးရရှိပုံနှင့် ထူးခြားစွာ အစွမ်းသတ္တိရှိပုံကို ပြောပြပါသည်။



'ကျွန်တော်က ယုန်လိုက်တဲ့ ဝါသနာ အလွန်ပါ,ပါတယ်။ ယုန်လိုက်လဲ ကျွမ်းကျင်ပါတယ်။ ယုန်လိုက်ထွက်ရင် ယုန်မရတဲ့နေ့ရယ်လို့ မရှိပါဘူး။ ယုန်လိုက်ကျွမ်းကျင်လို့ ယုန်သူတော်လို့ အများက ခေါ်ကြပါတယ်။

တစ်နေ့မှာ ရွာနဲ့ မနီးမဝေးပစ်တောဆီကို သွားပြီး ယုန်လိုက်သွားခဲ့ပါတယ်။ တောထဲရောက်တော့ ယုန်ကိုက်လမ်းကို ပထမရှာပါတယ်။ ကိုက်လမ်းကို တွေ့ရင် ကိုက်လမ်းအတိုင်း သစ်ခက်ကလေးတွေကို ထောင်စိုက်ပါတယ်။ **ယုန်စည်းတားတယ်လို့ ခေါ်ပါတယ်။** အဲသလို စည်းတားပြီး ယုန်ဖမ်းပိုက်တို့ကို 'ထောင်ပါတယ်။

ယုန်ပိုက်များကို ထောင်ထားခဲ့ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကာ အကဲခတ်လေ့လာပါတယ်။ အဲသလို လေ့လာတုန်း ကုန်းပြောင်ပြောင် ကွင်းပြင်ကလေးတစ်ခုပေါ်မှာ ကျောက်ဖြူကလေးတစ်လုံးကို တွေ့ရပါတယ်။

ထူးထူးခြားခြား တွေ့ရတဲ့ ကျောက်ကလေးကို ကောက်ယူလိုက်ပါတယ်။ ကျောက်ကလေးဟာ မန်ကျည်းစေ့ခန့် ရှိပါတယ်။ ကျောက်ကလေးရဲ့အတွင်းကို အသေအချာ စူးစိုက်ကြည့်လိုက်ရင် ကြောင်ကလေးတစ်ကောင် ထိုင်နေတဲ့ သဏ္ဌာန်ကို တွေ့ရပါတယ်။

ကျွန်တော်ဟာ ထူးခြားတဲ့ ကျောက်ကလေးကို ပါးစပ်ထဲမှာငုံပြီး ယုန်လိုက်ခဲ့ပါတယ်။ အဲဒီနေ့က ယုန်ကလေးတွေ ရခဲ့ပါတယ်။ အိမ်ရောက်တော့ ကျောက်ကလေးကို အဝတ်စကလေးရဲ့ ထောင့်တစ်ထောင့်မှာ ထုပ်ကာချည်ထားပြီး အင်္ကျီအိတ်ထဲမှာ ထည့်ထားပါတယ်။

ပထမတော့ ကျောက်ကလေး အစွမ်းကို ဘယ်သိမလဲ။ တစ်နေ့ ကျွန်တော့်မိသားစုမှာ ငွေကြေးအကျပ်အတည်း တွေ့ပါတယ်။ ကျွန်တော်ဟာ ကြံရာမရ ကျောက်ကလေးကို သတိရပြီး ရွာထဲက ပစ္စည်းများအပေါင်ခံတဲ့ ဒေါ်သူဇာထံသွားပြီး ပေါင်ပါတယ်။

'အစ်မကြီး ကျွန်တော် ငွေအသုံးလိုနေလို့ပါ။ ဒီကျောက်ကလေးကို ခေတ္တပေါင်ပါရစေ အပေါင်ခံစမ်းပါ'

'ဟဲ့ သူတော် မင်းရဲ့ ကျောက်က ဘာကျောက်မို့လို့လဲ'

'ကြောင်ကျောက်ကလေးပါ အစ်မကြီး။ မန်ကျည်းစေ့လောက်ရှိပါတယ်။ ကျောက်ကလေးရဲ့အတွင်းမှာ ကြောင်ကလေး ငုတ်တုတ်ထိုင်နေပါတယ်။ အသေအချာကြည့်ပါနော်။ "စိန်အမှောင် ကြောင်အလင်း" ဆိုသလို အလင်းရောင်မှာဆို ဝင်းလက်နေတာပဲ။ ဟောဒီမှာ ကြည့်ပါလား ကြည့်ရတာ သိပ်တင့်တယ်တာပဲ'

ဒေါ်သူဇာသည် ကိုသူတော် ပြောသည်ကို သဘောကျ၍ ပြုံးလိုက်သည်။

'သူတော် မင်းက ဘယ်လောက်နဲ့ ထားဖို့လဲ'

'တစ်ရာကျပ်လောက်ပဲ လိုတာပါ။'

(အဲဒီအချိန်က ငွေတစ်ရာသည် တန်ဖိုးရှိလှပါသည်။)

ဒေါ်သူဇာသည် ကိုသူတော်ကို ငွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကျပ် ထုတ်ပေးလိုက်ပြီး ကြောင်ကျောက်ကလေးကို ယူထားလိုက်သည်။

ကြောင်ကျောက်ကလေးကို ပေါင်ခဲ့ပြီး နှစ်ရက်ခန့်အကြာတွင် ကိုသူတော်သည် အင်္ကျီအိတ်ကို အမှတ်တမဲ့ လက်နဲ့စမ်းမိရာ ခိုးလိုးခုလုနဲ့ အလုံးကလေးတစ်လုံးကိုစမ်းမိသည်။ ခါတိုင်း အင်္ကျီအိတ်စမ်းသောအခါ ကြောင်ကျောက်ကလေးကို စမ်းမိတာနှင့် တူနေသည်။

ကိုသူတော်သည် အင်္ကျီအိတ်ထဲကို နှိုက်ကြည့်သောအခါ ကျောက်ကလေးတစ်လုံးကို စမ်းမိသည်။ အပြင်ကို ထုတ်ကြည့်သောအခါ လား လား ဒေါ်သူဇာထံ တစ်ရာကျပ်နှင့် ပေါင်ထားခဲ့သည့် သူ၏ ကြောင်ကျောက်ကလေးဖြစ်နေပါသည်။ ကိုသူတော်သည် ထူးခြားအံ့ဩဖွယ်ဝမ်းသာစွာနှင့် ဒေါ်သူဇာထံ ရောက်သွားကာ…

'အစ်မကြီး အစ်မကြီး ကျွန်တော် ကြောင်ကျောက်ကလေး ရွေးဖို့လာခဲ့တာပါ'

'ဟေ မင်း ပေါင်တာ နှစ်ရက်ရှိသေးတာ ရွေးတော့မလို့လား'

'ဟုတ်ကဲ့ ငွေသုံးလည်လို့ ကျောက်လေးကို လာရွေးတာပါ။ အရင်းတစ်ရာကျပ်နဲ့ အတိုး ဘယ်လောက်ကျပါသလဲ ခင်ဗျား'

'အေး အေး ကျောက်ကလေးကို သွားယူလိုက်ဦးမယ်'

ဒေါ်သူဇာသည် အိမ်ခန်းထဲကို ဝင်သွားပြီး အတော်နဲ့ ပြန်ထွက်မလာချေ။

ကိုသူတော်က…

'အစ်မကြီး မသူဇာ ကြာလှချည့်လားဗျ။ သေတ္တာသော့ ဘယ်နှစ်ချက်ပိတ်ထားလို့လဲ ဟားဟား'

ဒေါ်သူဇာသည် အိမ်ခန်းထဲမှ အပြင်သို့ လေးကန်သော ခြေလှမ်းများနှင့် ထွက်လာကာ…

'သူတော်ရေ မင်းကြောင်ကျောက်ကလေး ရှာမတွေ့လို့ လိုက်ရှာနေတာနဲ့ ကြာနေတာ'

'အခု တွေ့ခဲ့လား'

'ဟင့်အင်း မတွေ့ဘူး။ မင်း လာပေါင်တဲ့နေ့က သေတ္တာကလေးထဲ အသေအချာ ထည့်သိမ်းထားတာ။ အဲဒါ ဘယ်လိုလုပ်ကြမလဲ။ ငါကတော့ ကျောက်ကလေးကို ပြန်မအပ်နိုင်တော့ဘူး။ လိမ်လည်လှည့်ဖြားတာလဲ မဟုတ်ပါဘူးကွယ်'

ကိုသူတော်က…

'ကိုင်း ကိုင်း အစ်မကြီး စိတ်ဆင်းရဲမနေပါနဲ့။ တခြားက လူတွေမှတ်လို့ ကျောက်ကလေးတန်ဖိုးကို အစ်မကြီးဘဲ သင့်အောင်ကြည့်ပေးလိုက်ပါ'

'အဲဒီလိုဆို သုံးရာကျပ်ဆို သင့်မလားလို့ ကျေနပ်လားမောင်သူတော်'

'ကျွန်တော့်ဘက်က ဖြစ်ပါတယ်။ အစ်မကြီးဘက်က ဖြစ်ဖို့လိုတာပါ'

'အစ်မကြီးဘက်က ဖြစ်ပါတယ်။ မင်း ဒီလို ကျေနပ်တာကိုပဲ အစ်မကြီးက ကျေးဇူးတင်လို့ မဆုံးပါဘူးကွယ်'

ကိုသူတော်သည် ဒေါ်သူဇာပေးသော ငွေသုံးရာကျပ်ကို လက်ခံယူပြီး အိမ်သို့ ပြန်လာခဲ့သည်။ **(ကြောင်ကျောက်ကလေးကတော့ ကိုသူတော်ရဲ့ အင်္ကျီအိတ်ထဲမှာ ပုန်းနေသလိုပါပဲ။)**

ဤကဲ့သို့ ကိုသူတော်သည် ငွေကြေးလိုအပ်တိုင်း မြို့ကိုသွားပြီး ကြောင်ကျောက်ကလေးကို ပေါင်လိုက်တစ်မျိုး၊ ရောင်းလိုက်တာတစ်ဖုံ အမျိုးမျိုးစုံအောင် ပြုလုပ်ပါသည်။ ဘယ်လိုပင် ရောင်း,ပေါင်ပါသော်လည်း ကြောင်ကျောက်ကလေးသည် နှစ်ရက်ခန့်ရှိပါက သူ့အရှင် ကိုသူတော်ထံ (အင်္ကျီအိတ်ထဲ) ပြန်ရောက်လာစမြဲဖြစ်ပါသည်။

**မှတ်ချက်။ ။ လောကီရသစုံ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း** စာဖတ်ပရိသတ်ကြီးခင်ဗျား ဒီဖြစ်ရပ်မှန် ဆောင်းပါးကလေး ဖြစ်မြောက်ရန် ဆိပ်ဖြူမြို့နယ်အနောက် (၁၃)မိုင် အကွာ(…)ကျေးရွာမှ ကိုသူတော်သည် စာရေးသူ၏ ဆရာဦးခင်မောင်ဦးကို ပြောပြခဲ့ပါသည်။ စာရေးသူသည် ဆရာ၏ကိုယ်စား ခံစားကာ ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။ စာဖတ်ပရိသတ်ကြီးထံမှ ကြောက်ကျောက်အစွမ်းသိသူများမှ ဖော်ထုတ် ရေးသားစေချင်ပါသည်။

*သဗ္ဗဒါများ*

*ကျန်းမာချမ်းသာကြပါစေ။*

စလင်း၊ ဦးကျော်



www.burmeseclassic.com